
www.burmeseclassic.com




# နေနွယ်ဇင်မြင့်

## သူဆိုသူမှ အချစ်ဆုံး

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com

ပထမအကြိမ်ပုံနှိပ်ခြင်း
၁၉၈၃ ခု- ဒီဇင်ဘာလ
ချက်နှာဖုံးခွင့်ပြုချက်အမှတ်(၁၇၄၃)
စာမူခွင့်ပြုချက်အမှတ်(၀၆၀၅)



# နေနွယ်ဇင်မြင့်



# သူဆို သူ့မှ အချစ်ဆုံး

(ဒုတိယအကြိမ်)

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ဒဏ်ရာရ အသည်းနှလုံးသည်း ကျောက်သားလိုမာပြီ

ရာသီဥတုက အေးစိမ့်သိုမှောင်၏။ ဆောင်းနေသည်ပင် ငွေနှင်းထုကို မထွင်းဖောက်နိုင်ရှိချေ၏။

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် တောင်ငှဆောင် မြန်မာစာဌာနမှ လှေကားထစ်ကလေးများပေါ်သို့ ခြေဖမိုးဝင်းဝင်း ကလေးနှစ်စုံ ကြွသက်လာ၏။ နက်မှောင်သည့် သဲကြိုးလက်လက် သည် ခြေဖမိုးဝင်းဝင်း အိအိကလေးများနှင့် ပနံတင့်လှပါ၏။

တစ်လက်မခွဲ ခွာမြင့်ကလေးသည် ကိုယ်ဟန်အလှကို ပိုမိုဝင့်ကြွားစေရန် အထောက်အကူပြုမည် ထင်သည်။ အိတွဲသည့် အိရှန်ပြောင် နီညိုရောင် ထဘီလေးသည် ခြေဖမိုးပေါ်၌ ဖားလျားဝေစွာ လုပ်လီလုပ်လဲ့ ရှိနေ၏။

ခြေဆံလက်ဆံရှည်သည့် ယောက်ျားကြီးများ၏ ထွာဆိုင်ခန့်သာရှိမည့် ခါးကလေးမှာ သွယ်ပျောင်းညွတ်နိုင်သည့် အိရှန်ပြောင် နီညိုရောင် ဘလောက်စ်အင်္ကျီအောက်ဝယ် ငုပ်လျှိုးနေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကြော့ရှင်းသည့် လည်တိုင် ဝင်းဝင်းကလေး၏ အထက်မှာ ဝင်းကြည်စက်နေသည့် မျက်နှာလှလှကလေး ...

"ဟင် ... ရှင်မင်း ... ရှင်မင်း"

"အို"

အနိမ့်ပိုင်းဆီမှ မော့ကြည့်နေသူနှင့် အမြင့်ဆီမှ ငုံ့ကြည့်ရသူ နတ်မိမယ်ကလေးတို့ အကြည့်မျက်ဝန်းချင်း ဆုံတွေ့တွယ်ငြိကြသည်။ တွေ့သည့်ခိုက်မှာ တစ်စုံတစ်ခုကို အလဲအလှယ်ပြုကာ အကြည့်ကလေးများဌာနသို့ ပြန်ကြသည်။ မိန်းမလှကလေး ခြေစုံရပ်၍ မျက်လွှာချလိုက်သည်။

သက်ပြင်းမောလေး တိုးတိမ်စွာကျသည်။ နောက်ကို ရှုပ်ထွေးသွားရသော ဘဝင်မှာ ညိုရောင် မှိုင်းရောင် ဆိုးခြင်းခံရသည်။ ယင်းအရောင်များထဲတွင် အချစ်သည် အရောင်မရှိပါပဲ စွန်းထင်းလေ၏။

"ရှင်မင်း"

ဝေါဟာရနှစ်လုံးတည်းပါသည့် အမည်နာမတစ်ခုကိုခေါ်သံမှာ သံယောဇဉ် ကြိုးများစွာ ရစ်ပတ်တွယ်နှောင်လေသည်။

"တွေ့ချင်လွန်းလို့ လိုက်ရှာနေတာ ရှင်မင်းရယ်"

သြော် ... ဒီကမ္ဘာမြေကပဲ ကျဉ်းလွန်းသလား၊ တို့ကပဲ အရှောင်အပုန်း ညံ့ဖျင်းလေသလား၊ မတွေ့ကြတာ အကောင်းဆုံး မဟုတ်လားကွယ် ...

နုဖပ်စိုလက်သည့် မျက်နှာလေး မော့လာသည်။ ကြယ်နှစ်ပွင့် အပြိုင်လင်းသလို ဝင်းစက်သည့် မျက်ဝန်းတို့မှာ စိမ်းကားသွေဖည်မှုဖြင့် ဥပေက္ခာတရားကို တွေ့ရ၏။



"ရှင်မင်းရယ် ..."

မျက်ဝန်းဖြင့် စကားပြောသွားသူ ချစ်သည်းအူ၏ ရက်စက်သော အကြည့်ကို ရင်နှင့်အမျှ နားလည်လိုက်ရ၏။ လေးလံမှုန်းကြပ်မှုဖြင့် ဝင်သက်ကိုပင် မရှူပဲ အောင့်ထားလိုက်မိလေသည်။

"ရှင် ... လူမှားနေပြီ"

"သြော် ... ကွယ်"

ရင်ထဲက ချစ်သူကို မှားနိုင်ပါ့မလား၊ ဒီကမ္ဘာမှာ ဒီလိုအချစ်မျက်နှာမျိုးက ဆင်တူရှိနိုင်ပါ့မလား။ ပန်းသွေးရင့်ရင့် ပြေးသည့် အသည်းနှလုံးကို ထိပ်နှစ်ဖက်မှ စုညှစ်လိုက်သည့်နှယ် အသည်းပုံလျှားလျှား ထူထူစုစု နှုတ်ခမ်းမျိုးလေးက နှစ်ခုမရှိနိုင်ပါဘူးကွယ်။

ပြောချင်သည့် စကားတွေကတော့ ရင်နှင့်အမျှပဲ အချစ်ရယ်။ အချစ်ရပ်ဝန်းကို ကျောခိုင်းမှတော့ အချစ်မျက်နှာပြင်က ခရော်ခရွတ်။ အချစ်အငွေ့ပိုင်းဖုံမှာ အချစ်ရင်လှိုင်းလေများ တဆတ်ဆတ် မခုန်လေရှောသလား။

ရက်စက်ပါ့ မိန်းကလေးရယ် ...

"ကိုယ့်မျက်နှာကို ကိုယ်ပြန်မမှတ်မိတာမျိုးသာ ရှိကောင်းရှိမယ်၊ ကိုယ့်ရင်ထဲက ချစ်သူကို လူမှားပါ့မလားကွယ်"

"ရှင် ဘယ်လိုလူလဲ၊ လမ်းဖယ်ပါ"

"ရှင်မင်း ခြေနဲ့နင်းရမှ ကျေနပ်မယ်ဆိုရင်တောင် လာခစင်းပေးမဲ့ကောင်မှန်း မင်း သိပါတယ် ရှင်မင်း၊ ရှင်မင်းမဟုတ်ဘူးလို့ မငြင်းပါနဲ့ ကိုကို လက်မခံနိုင်ဘူး"

www.burmeseclassic.com



"ကျွန်မ လုံးဝငြင်းတယ်၊ ရှင်မင်း မဟုတ်ဘူး၊ ဖြစ်ချင်းဖြစ်ရင် သေမင်းပဲဖြစ်မယ်"

"သတ်ရက်ရင် သေရဲတယ်၊ မသေခင်တော့ ရင်ထဲက စကားတွေကို ကုန်စင်အောင် ပြောသွားရဦးမယ်"

"ရှင် ဖယ်မလား မဖယ်ဘူးလား"

"မဖယ်ဘူး၊ ရှင်မင်းကို ရှင်းစရာရှိတာတွေ ရှင်းပြရဦးမယ်၊ စကားတွေ တစ်ဝကြီး ပြောနိုင်ဖို့ ရှင်မင်း ကြိုက်တဲ့နေရာကို ရွေးပါ၊ ကိုကိုကတော့ ဒီနေရာမှာဆိုလည်း ဖြစ်တယ်"

"ရှင်မင်း မဟုတ်ဘူး၊ ရှင် လူမှားနေတာလား၊ သက်သက်မဲ့ အကွက်ထွင်နေတာလား"

"အကွက်တွေ၊ အစင်းကြားတွေသာ ထွင်တတ်ရင် ရှင်မင်းဆိုတဲ့ မိန်းကလေးကို ပိုင်နေပြီ သိရဲ့လား"

"မသိဘူး ... ဖယ်"

"မဖယ်ဘူး ..."

"ကျွန်မ စေတနာမရှိပဲ ကျွန်မအသားကို ထိရဲရက်ရင် ဆီးဖမ်းထားပေါ့၊ ကျွန်မတော့ ဆင်းလာပြီ"

"ရှင်မင်းရယ်"

ဘေးနားမှ သိုးကာသီကာ ကပ်၍ဆင်းသွားသည့် အချစ်ဆုံးသော အချစ်ဦးကို ဆီးဖက်ဆီးဖမ်း မလုပ်ရက်ပါလားကွယ်။ မင်း မကြည်ဖြူရင် လက်ဖျားချင်းတောင် မထိပါဘူးဆိုတဲ့ ကတိကို တနင့်တပိုးကြီး ပေးထားခဲ့ရတာကိုး။



မင်းစကားကပဲ မင်းဟာ ရှင်မင်း ဆိုတာ ဝန်ခံသွားပါပြီ။ မင်းပြောခဲ့တာလေ၊ မင်းမကြည်ဖြူပဲ မင်းအသားကို လက်ဖျားနဲ့ထိရင် ဓားပြလို့ သတ်မှတ်မယ်ဆို၊ ကိုယ်ယောကျ်ားပါ။ ပြီးတော့ မင်းကို သိပ်ချစ်တဲ့သူပါကွယ်။

ကိုယ် ကတိတည်ပါတယ်။

ခွာမြင့်ဖိနပ်သံပြင်းပြင်းနှင့် ဆင်းသွားသူကို ငေးကြည့်နေလိုက်ရတော့သည်။ သူ့ကို ဆွဲဖမ်းထားဖို့ ဆိုတာက သူ့အသားကိုထိပြီးမှ ဖြစ်နိုင်မဲ့လုပ်ရပ်လေ။ ခုတော့ ... ကိုယ်က သူ မကြည်ဖြူရင် ထိမှမထိရက်လေပဲ။

"ဟော ... ကြည့်၊ ဘာဖြစ်လို့ လိုက်လာပြန်တာတုံး"

"ရှင်မင်းရဲ့အသားကို ကိုကို မထိပါဘူးနော်"

"မိမိရဲ့ စိတ်ကျေနပ်မှုတစ်ခုကို တစ်ဖက်သားရဲ့ စိတ်ဆင်းရဲမှုနဲ့ရင်းမှ ရမယ်ဆိုရင် ဘာဖြစ်လို့ လုပ်တော့မလဲ"

"ကိုကို ဘေးနားက ကပ်ပါလာတာ ရှင်မင်း စိတ်ဆင်းရဲသလား၊ ဟုတ်လား"

"စိတ်ဆင်းရဲတာတော့ အမှန်ပဲ၊ ဒါပေမဲ့ ရှင်မင်း မဟုတ်ဘူး"

"ရှင်မင်း ဟုတ်ပါတယ်လို့ တစ်ခွန်းပဲ ဝန်ခံလိုက်၊ ကိုကို ထွက်သွားမယ်"

"လုံးဝ မဟုတ်ဘူး"

"ဒီလိုဆို ကိုကို တကောက်ကောက် လိုက်နေမှာပဲ"

စကားပြန် မရတော့။ သူ့ကို လုံးဝလှည့်မကြည့်တော့ပဲ ခပ်သုတ်သုတ် လျှောက်သွားတော့သည်။ သူက ထက်ကြပ်

www.burmeseclassic.com

www.burmeseclassic.com



မကြွာ လိုက်၏။ သက်သာချောင်ချိရေး လက်ဖက်ရည်ဆိုင် ကော်ရစ်ဒါသို့ ချိုးတော့လည်း မခွဲမခွာ။

မိန်းကလေးက မကြည့်ပဲ အမျိုးသားက လိုက်ကပ် နေမှန်း သိသာလွန်းသည့်ပုံစံ။ ကော်ရစ်ဒါထောင့်မှ ကျောင်းသား အချို့ သီချင်းအော်ဆိုကြသည်။

"ချစ်သူ၏အပါးတော်မြဲ … ထီးတော်မိုး … ပန်းတော်ဆက် … သက်တော် စောင့် … အ်မှုတော်ထမ်းနေ … ကိုယ်ရံတော် တပ်မှူးလေးရေ …"

"သူ"က ယဲ့ယဲ့ပြုံးမိ၏။ ရာမညဆောင်၏ အလယ် လှေကားနောက်ဘက်သို့ ရောက်လာသည်။ မိန်းမလှကလေးက ဘယ်သို့မှု မချိုးမကွေ့ပဲ ပေါ်တီကိုအောက်မှ ထွက်၏။ ဗာဒံပင် ရိပ်မှာ ဒတ်ဆန်းလော်ရဲ အနီရဲရဲကလေးတစ်စင်း။

တံခါးလေးပေါက်အနက် သုံးပေါက်က အတွင်းမှ နေ၍ သော့ချထား၏။ အပြင်မှဖွင့်၍ ရသည်က စတီယာရင်ဘေး မှ တံခါးပေါက်တစ်ခုတည်း။ မိန်းမလှလေးက သော့ကိုဖွင့်၊ လှုပ်တစ်ပြက်ဝင်ထိုင်၊ စက်ကိုးနှိုး …

"မောင်းထွက်သွားလေ ရှင်မင်း၊ ကိုကို ဒီလိုပဲ တံခါးဘောင် ကိုကိုင်ပြီး ဒရွတ်ဆွဲလိုက်ခဲ့မယ်"

သူကလည်းတကယ်လုပ်မည့်ပုံစံပါ။

"ငါသေရင် သေပစေ၊ သူ ကားတိုက်မှုနဲ့ ထောင်ကျရင် ကျေနပ်ပြီဆိုတဲ့အထိ စိတ်ဓာတ်နိမ့်ကျရင်တော့ လိုက်ခဲ့ပေါ့"

"ဟာကွာ"



တံခါးရွက်ကို ကိုင်ထားသည့်လက် ပင်စည့်ရင်းမှ မားထက်ထက်နှင့် ပိုင်းချလိုက်သည့် အကိုင်းအခက်နှယ် ပြုတ် ကျသွားရတော့သည်။ ဂူးခနဲ မောင်းထွက်သွားသည့် ကားနောက် ပိုင်းတွင် သူ့နှလုံးသားက တွယ်ကပ်ချိတ်ငြိကာ ပါသွားပြီဟု ခံစားလိုက်ရပါ၏။

နှလုံးသားမှာ ဒဏ်ရာရပြီလေ။

❀ ❀ ❀

ရက်စက်တဲ့ မောင့်အချစ်ကြောင့် သေပွဲဝင်ပါစေ။
ဗီးနပ်စ် အချစ်နတ်ရုပ်ရှေ့မှာ …
ကျွန်မ သွားသေချင်ပြီ …
နေဒဏ်, လေဒဏ်ခံမယ် ရေမကျောက်ရုပ်လို …
မောင်ရေ … ကျွန်မ အသည်းနှလုံးလည်း …
ကျောက်သားလို မာပြီ …

စိတ်နောက်ကျိရှုပ်ထွေးသည်မို့ ကားထဲမှ ကက်ဆက် ကိုဖွင့်တော့ တိုက်ဆိုင်စွာ ထွက်ပေါ်လာသည့် သီချင်းသံကြောင့် မချိပြုံးကို ယဲ့ယဲ့ပြုံးမိ၏။

ညိုမှောင်မျက်ဝန်း … သက်မဲ့ဘဝလို ကျောက်သားများ …
မတွေ့ချင် မမြင်ဘူး … ချစ်သောမောင့်အရိပ်လည်း ဝေးသွား …
ချစ်မိတဲ့ ကျွန်မအပြစ်မို့ … ထွက်သွားပါ မောင်ရယ် …
ရေမ ကျောက်ရုပ်တစ်ရုပ်ဘဝ … ဆက်ပြီးရင်ဆိုင်မယ် …

www.burmeseclassic.com

www.burmeseclassic.com



**မောင်ရေ မျှော်ပါ ... မော်ပါ ... ကျွန်မအတွက် ထည့်မတွက်နဲ့ ...**
**ဒဏ်ရာရ အသည်းနှလုံးလည်း ကျောက်သားလို မာပြီ ...**

နှလုံးသားမှာ ဒဏ်ရာရတော့ အနာဖြစ်တယ်လေ။ အနာကို မယဉ်းအောင် ဆေးကုရတော့လည်း ခံရခက်လှတယ်။ အမာရွတ် ထင်ကျန်ခဲ့တော့လည်း ထုံသွားရပြီလေကွယ်။ ကိုကို ပြောတဲ့ ရှင်မင်းထွန်း ဆိုတဲ့ မိန်းကလေးက နှလုံးသားမှာ ဒဏ်ရာရခဲ့သူပါ။ ခုတော့လည်း ... ခုတော့လည်းလေ ...

ဒဏ်ရာရ အသည်းနှလုံးက ကျောက်သားလိုမာပြီ ကိုကိုရေ။

ကိုကိုနှင့် ဆုံတွေ့ဖို့ ပတ်သက်သူက ရှင်မင်းထွန်း ဆိုပေမဲ့ စင်စစ် ဖြူနွဲ့ပြဿနာသာ ပေါ်မလာခဲ့ပါလျှင် မောမြေသို့ ရောက်မှရောက်ဖြစ်ပါ့မလား၊ သည်ဌာနေ သည်အရပ်မှာ ကိုကိုနှင့် ဆုံခဲ့ရခြင်း။

ခုတော့ ... ကိုကိုရေ ...

ဒဏ်ရာရ အသည်းနှလုံးက ကျောက်သားလိုမာပြီ။

* * *



အချစ်ဖဲပုံရိပ်ယောင်များ

ရင်ကွဲပက်လက် ခံစားရသည့်အခါမျိုးကျတော့ ပြေးဝင်ခိုမှီစရာ ရင်ခွင်တစ်ခုကို တမ်းတမ်းမွတ်မွတ် ရယူချင်မိပါ၏။

"ဒီရင်ခွင်ထဲမှာ ငိုမယ်၊ ပြေရာပြေကြောင်း ပြောလာမဲ့ တတွတ်တွတ် ချော့စကားတွေကို ဒီရင်ခွင်ထဲကနေ နားထောင်မယ်"

ဆန္ဒသာရှိသော်ငြား လက်တွေ့မှာ အကောင်အထည် မဖော်နိုင်သည့် ဘဝပါလားကွယ် ...

"ဟင် ... ရှင်မင်း"

"မမမျိုး"

ထွေးခနဲ အိဆင်းလာသည့် ရှင်မင်းထွန်း ကိုယ်ခန္ဓာလေးကို ဒေါ်မျိုးမျိုးဦး ဆီးပွေ့လိုက်ရ၏။

"ကားသံကြားကတည်းက ရှင်မင်းကားသံလို့တော့ ထင်လိုက်သား"

ကျောပြင်ကို သိုင်းဖက်ပွတ်သပ်ရင်း တစ်ခုခုတော့ ဖြစ်လာပြီမှန်း နားလည်လိုက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်မင်း ဘာဖြစ်လာသလဲ"ဟု မမေးတော့ပါ။ မေးမိလျှင် အဖြေမရမီ ရှိုက်သံတွေကို အရင်ကြားရမည်။ ရှင်မင်းရေ ... မင်းလိုပဲ ခံစားမှုပေါင်းစုံကို တွယ်ရာမဲ့ အထီးကျန် မိန်းမသားအဖြစ်နဲ့ အတိုင်းအဆမဲ့ ခံစားပြီးမှ အပျိုကြီးဖြစ်လာတဲ့ မမမျိုးပဲကွယ်၊ ခံစားချက် ပြင်းထန်ချိန်မှာ ဘယ်လိုဆက်ဆံရမယ်ဆိုတာ နောကြေနေပြီ၊ အလိုက်တသိ မမေးကောင်းလားလို့ အပြစ်တင် မစောချင်နဲ့ ရှင်မင်းရေ ...

"မမမျိုးလည်း လွမ်းနေတာ၊ ရှင်မင်းကို တွေ့ချင်နေတာနဲ့ အတော်ပဲ"

ရိုးရိုးပဋိသန္ဓာရ စကားကိုပဲ ဆိုသည်။

"ဂျက်စမင့်ဆီက စာလာတယ်၊ သူ တွဲဖက်ကျောင်းမှာ အဆင့်မြင့်တန်းပြ အဖြစ်နဲ့ အင်္ဂလိပ်စာ ပြရတယ်တဲ့"

ရှင်မင်းထွန်းက ဒေါ်မျိုးမျိုးဦး ရင်ခွင်ထဲမှာ မျက်နှာကို ဝှက်ထားဆဲပါ။ စွေသီနေသည့် မျက်ရည်စများကို ပြန်လည်သိမ်းဆည်းနေရပါသည်။

"နောက်ပိုင်း ရောက်လာကြတဲ့ အဆောင်သူတွေက ရှင်မင်းတို့လို အနေမကြာတော့ သံယောဇဉ် သိပ်မတွယ်ခင် ခွဲကြရတယ်၊ ကောင်းတော့လည်း ကောင်းသား၊ သံယောဇဉ်ငြိတော့လည်း လွမ်းနေရပြီ၊ မမမျိုးနဲ့ လာပြန်နေပါလား ရှင်မင်း၊ ခုဆို လူသစ်တွေချည်းပဲ"

စင်စစ် ... လူဟောင်းတွေကြောင့် "ဣန္ဒနီလာ"အမျိုးသမီးဆောင်ဒါဆောင်မှာ ရှင်မင်းထွန်း ပြန်မနေဖြစ်ခဲ့ရခြင်းပါ။ ရှင်မင်းထွန်း အကြောင်းကို သိထားသည့် လူဟောင်းများထဲတွင်



အချို့က မသိလိုက် မသိဘာသာ ဆက်ဆံသွားကြစေမဲ့ အချို့ကျတော့ ရှင်မင်းထွန်း၏ "ပုံစံပြောင်းဘဝ"ကို မသိမသာရှောသိသိသာသာပါ လှောင်တတ် ခနဲ့တတ်ကြသည်။

လူအမျိုးမျိုး စိတ်အထွေထွေ မဟုတ်လား။

"မမမျိုးလည်း ရှင်မင်းထွန်းတို့အုပ်စု မရှိကတည်းက အားကိုးရာ မဲ့သလိုပဲ"

ရှင်မင်းထွန်းတို့ အုပ်စုတဲ့။ ရှင်မင်းထွန်း၊ ဖြူဖြူနွဲ့နှင့် ဂျက်စမင် ခုတင်ချင်းယှဉ်ကာ တန်းစီ၍အိပ်ခဲ့ရသည့် သူငယ်ချင်းများ။ တစ်ယောက်က တက္ကသိုလ်ကျောင်းသူ၊ တစ်ယောက်က ရုံးတစ်ရုံးတွင် စာရေးမအဖြစ် အလုပ်လုပ်ရင်း လုပ်သားတက္ကသိုလ်တက်သူ။ တစ်ယောက်က ဗိုလ်ချုပ်ဈေး ဆိုင်တစ်ဆိုင်၏ အကူဈေးသည်။

ဘဝရပ်တည်ပုံချင်း ကွဲပြားပေမဲ့ အလွန်ချစ်ခဲ့ကြ၏။

"ဖြူနွဲ့ သတင်း ဘာကြားသေးလဲ ရှင်မင်း"

ရှင်မင်းထွန်း ခေါင်းခါပြသည်။

"ကြားတော့ ကြားတာပေါ့၊ အဲလေ ... ကြားရုံတင်မကပါဘူး၊ လုံးဝဥဿုံသိနေတာပါ၊ ဒါပေမဲ့ ပြောလို့မဖြစ်ပါဘူးလေ၊ ဒီကိစ္စ မမမျိုးကိုတောင် ရှင်မင်းတို့ ဖုံးထားခဲ့ကြပါတယ်"

ရင်ထဲမှာ ကျိတ်ပြောမိ၏။ သည်သို့ ပြောမိတော့ နှလုံးသား မျက်နှာပြင်မှ ခြေကွဲမှုက ဆွေးရိပ်တို့ခံစား စကားလုံးတွေက ဝင်ရောက်နေရာယူကြသည်။ မည်သို့ဆိုစေ ခံစားချက်

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်မှုကတော့ သိသိသာသာ လျော့ကျသွားရပါပြီ။ ကျေးဇူးတင်ပါတယ် မမမျိုး။

“ရှင်မင်း ... ပြန်ပြောင်းလာခဲ့ပါလားဟင်”

ဒေါ်မျိုးမျိုးဦးက ရင်ခွင်တွင်းမှ ရှင်မင်းကို ပခုံးနှစ်ဖက်မှ ညင်သာစွာ တွန်းသည်။ မျက်နှာချင်းဆိုင် အနေအထားဖြစ်အောင် လုပ်သည်။ မျက်ရည်ပွင့်တို့ ခြောက်သွေ့စပြုပေမဲ့ ရှင်မင်း မျက်နှာ ညှိုးနွမ်းဆဲပါ။ ဒေါ်မျိုးမျိုးဦး မသိကျိုးကျွံပြုနေလိုက်သည်။

“ရှင်မင်း လာနေမယ်ဆိုရင် ဟောလ်ထဲမှာ မထားပဲ မမမျိုးနဲ့ တစ်ခန်းတည်း နေကြမယ်၊ မမမျိုး အခန်းကိုက ဟောလ်ကြီးရဲ့ တစ်ဝက်တော့ ကျယ်တာပဲဟာ၊ တို့ညီအစ်မ အတူတူ ချက်စားတာပေါ့၊ မကောင်းဘူးလား”

ဣန္ဒနီလာ အမျိုးသမီးဆောင်က ပေလေးဆယ် ပေခြောက်ဆယ်ကျယ်သည့် တိုက်ခံပျဉ်ထောင် နှစ်ထပ်အိမ်ဖြစ်သည်။ မြေနီကုန်းတွင်ရှိ၍ တက္ကသိုလ်နှင့်ရော မြို့ထဲနှင့်ပါ သွားရေးလာရေး လွယ်ကူသည်။ အောက်ထပ်တွင် ဧည့်ခန်းကျဉ်းကျဉ်းနှင့် အိမ်သာရေချိုးခန်း ခပ်ကျဉ်းကျဉ်းတစ်ခုသာ ဖွဲ့စည်း၍ ကျန်နေရာများကို ဟောလ်ခန်းကြီးသဖွယ် ထားကာ ခုတင်များ တန်းစီ၍ ချထားပေးသည်။

ခုတင်တစ်လုံးနှင့် တစ်လုံးကြားမှာ စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံး ချပေးထားသည်။ စာရေးစားပွဲအဖြစ် သုံးလိုလျှင်သုံး၊ ကိုယ်ပိုင်မှန်တင်ခုံ လုပ်လိုလျှင်လုပ်၊ ခန်းမကြီး၏ တစ်ဖက်ထိပ်မှာတော့ အများသုံးနိုင်ရန် ကိုယ်လုံးပေါ်မှန်ကြီး တစ်ခု။ သည်ဘက်ထိပ်တွင် တီဗီတစ်လုံး ချပေးထားသည်။



အလယ်ကောင် လူသွားစင်္ကြံသဖွယ် ကျန်သည့်နေရာကချည်း ပေအစိတ်ကျော်ကျော် ကျန်သည်။ ခုတင်တစ်တန်း ထပ်ချလျှင် ရနိုင်ပေမဲ့ မချတော့ပါ။

ကြမ်းပြင်ပေါ်တွင် မည်သူမျှ ဖိနပ်မစီးရ၊ ချောမွတ်ပြောင်လက်နေအောင် တိုက်ပေးထားသည်။ ညဘက် တီဗီကြည့်လိုလျှင် ကြမ်းပေါ်တွင် ထိုင်ကြည့်ကြပေတော့။ အလုပ်သမားများသောကြောင့် ညဆို တီဗီကြည့်သူက များပါသည်။ စာကျက်ချင်သည့် ကျောင်းသူတစ်ချို့တလေ ကိုယ့်ခုတင်ပေါ်မှာပင် ကိုယ်လဲလျောင်းရင်း ကျက်နိုင်သည်။

အပေါ်ထပ်ကြီး တစ်ခုလုံးမှာ ဘုရားစင်၊ ဧည့်ခန်း၊ အိမ်သာ၊ ရေချိုးခန်း၊ မီးဖိုနှင့်တွဲလျက် ထမင်းစားခန်းများကို ခပ်ကျဉ်းကျဉ်းစီ ဖွဲ့ထားသည်မို့ ဒေါ်မျိုးမျိုးဦး၏ အိပ်ခန်းမှာ ရောမအကျယ်ကြီးပါ။

“ဟင် ... ရှင်မင်း”

ရှင်မင်းထွန်း ခေါင်းညိတ်မိလျက်သား ဖြစ်သွားရတော့သည်။

“ရှင်မင်းရဲ့ကား ထားဖို့ ဂိုဒေါင်တစ်ခုတော့ ခြံထဲမှာ ထပ်ဆောက်ရမယ်။ မမမျိုး ဆောက်ပေးမှာပေါ့”

မြေကွက်က ပေခုနစ်ဆယ် ပတ်လည်ခန့်ကျယ်၏။ ခြံထောင့်ကပ်၍ ပေလေးဆယ် ခြောက်ဆယ်အိမ်ကို ဆောက်သည်မို့ မြေလွတ်တွေ အများကြီး ကျန်ပါသေးသည်။ မျက်နှာစာဘက်မှာ ရောင်စုံဖူးပွင့်နေကြသည့် ပန်းတို့သည် အပျိုကြီးဒေါ်မျိုးမျိုးဦး၏ စိတ်အပန်းပြေရာ ဘဝအဖော်များ ဖြစ်ကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာလိုက်တာ ရှင်မင်းရယ်"

တစ်ယောက်နှင့်တစ်ယောက် တအားဖက်ထားမိကြပြန်သည်။ ပြီးတော့ လူချင်းပြန်ခွာ၊ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိချိန်မှာ မမမျိုးကစ၍ ပြုံးသည်။ ရှင်မင်းထွန်း ပြုံးဖြစ်သွားရပါတော့၏။

"ရှင်မင်းမှ ထမင်းမချက်တတ်တာ"

"မမမျိုးလည်း ဖြစ်ရုံသာ တတ်တာ၊ ခုခေတ်မှာ ထမင်းဟင်းကို မကောင်း ကောင်းအောင်၊ အရသာမရှိ ရှိအောင်၊ ဖွယ်ဖွယ်ရာရာ လုပ်တတ်တဲ့ မိန်းကလေး ရာခိုင်နှုန်းတော်တော် နည်းနေပြီ"

"ခုခေတ်က မိန်းကလေး ဆိုပေမဲ့ ပညာပဲဖိသင်၊ ကျောင်းပြီးတော့လည်း အလုပ်ထဲဝင်၊ ရှင်မင်းတို့ကျတော့လည်း ဆယ်တန်းအောင်ရုံနဲ့ အလုပ်လုပ်ခဲ့ရတော့ အိမ်မှုကိစ္စမှာ အချိန်ပေးရတာ သိပ်နည်းတယ်နော်"

"အရွယ်ရောက်ပြီးသား မိန်းကလေးတွေ၊ အိမ်မှာထမင်းထိုင်ချက်ရုံပဲ နေနေတဲ့ မိန်းကလေးတစ်ရာမှာ တစ်ယောက်တောင် မရှိဘူး ထင်တယ်၊ အိမ်ထောင်ကျတော့လည်း အလုပ်တစ်ဖက်နဲ့ လုပ်ကြရတာပဲလေ"

"ကိုယ့်ထမင်း ကိုယ်ရှာစားပြီး ယောကျာ်းယူကြတာ ဘယ်လောက်စိတ်ပျက်စရာ ကောင်းသလဲနော် မမမျိုး၊ အပိုအလုပ်ကြီး"

"ဟင်း ... ဟင်း ... ရှင်မင်းမှာ ဒီအတွေးလက်ကျန်တွေ ရှိသေးသကိုး"



မမမျိုးက ရယ်သည်။

"တစ်ချိန်တုန်းကတော့ အဲဒီအတွေးလက်ကျန်လေးတွေကို ဖွန့်ပယ်မိတော့မလို့ပဲ မမမျိုးရဲ့၊ ခုလည်း ရောဂါဟောင်း ပြန်ထလာလို့ မမမျိုးဆီ ပြေးလာပြီး စိတ်ကို အင်ဂျင်ချတာ"

မမမျိုး တခစ်ခစ် ရယ်သည်။ အဆွေးလက်ကျန်လေးများ အရောင်လွင့်ပြယ်ပြီမို့ ရှင်မင်းထွန်း ရယ်နိုင်ပြုံးနိုင်ဖြစ်လာသည်။

"အိမ်ရှင်မတွေဟာ အိမ်ရှင်မတာဝန်ကို သုံးပုံတစ်ပုံလောက်ပဲ အချိန်ပေးနိုင်တော့တယ်။ ကျန်တဲ့နှစ်ပုံက ယောကျာ်းနဲ့တန်းတူ စီးပွားထွက်ရှာကြရတော့ ဟင်းကောင်းကောင်း ချက်တတ်တဲ့ မိန်းမတွေ ရှားလာမယ်၊ စိတ်ကိုကလည်း သိပ်မပါတော့ဘူးလေ၊ အာရုံက တစ်ဖက်ကိုလည်း မျှနေရတာကိုး"

"မမမျိုး ... နောက်ဆိုရင် ထမင်းဟင်း ကောင်းကောင်း ချက်တတ်ခြင်းဟာ ပညာရပ်တစ်ခုအဖြစ်နဲ့ ရှားပါးသွားနိုင်တယ်နော်"

"ဒါပေါ့ ... ကျွမ်းကျင်သူ နည်းလာမယ်လေ၊ ဒီပညာရပ်ကလည်း မရှိမဖြစ်၊ လူတိုင်း ထမင်းမစားပဲမှ မနေနိုင်တာ၊ လိုလည်း လိုအပ်တယ်၊ ကျွမ်းကျင်သူလည်း သိပ်ရှားပါးလာမယ်ဆိုရင်၊ ဒါကို ဘာသာရပ်တစ်ခုအဖြစ်နဲ့ ကျောင်းတွေမှာတောင် သင်ပေးဖို့ ဖြစ်လာနိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခုလည်း ရှိသားပဲ၊ အိမ်တွင်းမှုသိပ္ပံဆိုတာ"

"ခုဟာ Co-curriculum (တွဲဖက်သင်ရိုးညွှန်းတမ်း)ပဲကွ၊ Compulsory (မသင်မနေရ အဓိကဘာသာ)မှ မဟုတ်တာ"

"ဘယ်သူမှ မဖြစ်ထွန်းတဲ့အတူတူ ချက်မနေနဲ့တော့ မမမျိုး ရေ၊ ပုံမှန်အတိုင်း ချိုင့်ဆွဲပေါ့"

"အေး ... ဟုတ်တယ်"

သည်တစ်ခါ အရယ်မှာ အဆွေးလက်ကျန် အရောင် မှိန်မှိန်ကလေးများ လွင့်ပြယ်သွားရပြီ ဖြစ်ပါ၏။ သည်လိုပါပဲ လေ၊ မလိုလားအပ်ပဲ ရောက်လာတဲ့ သောကစည့်သည်ကို ဆီးကြိုလက်မခံတာ အကောင်းဆုံးပါပဲ၊ သူက ဖွေစည့်သည်မှ မဟုတ်တာ။

"ဘယ်သူ့တာဝန်မှ အပိုမယူချင်လို့ အပျိုကြီးလုပ် နေတာသာကြည့်"ဟု ပြောလေ့ရှိသည့် အပျိုကြီး ဒေါ်မျိုးမျိုးဦးက အလုပ်သမားကိုပင် အချိန်ပိုင်းနှင့်သာ ငှားပါသည်။ ကြမ်းတိုက်၊ တံမြက်လှည်း သန့်ရှင်းရေး မိန်းကလေးက မနက်တစ်ခါ၊ ညနေ စောင်းတစ်ခါ နှစ်ခါလာ၍ လုပ်ရသည်။ အဝတ်လျှော်သည့်သူက နေ့လယ်ပိုင်း။

အဆောင်သူများ ကိုယ့်အဝတ် ကိုယ်လျှော်ချင်လျှော်၊ မလျှော်လိုလျှင် တစ်ကိုယ်စာ အဝတ်အစားများကို တစ်လဆယ့် ရှစ်ကျပ်နှုန်းဖြင့် လျှော်တောင်းထဲသို့ ထည့်ပေးနိုင်သည်။ မီးပူပါ တိုက်ရလျှင် နှစ်ဆယ့်ငါးကျပ်နှုန်း။ မမမျိုးလည်း မလျှော်ပါ။ လျှော်သည့်သူက နည်းပါသည်။ တစ်လမှ ဆယ့်ရှစ်ကျပ်ဆိုတော့ လည်း လွယ်လွယ်ကူကူ ထည့်လိုက်သူက များသည်။ မီးပူတိုက်



သူလည်း နည်းပါသည်။ အချိန်က ပိုက်ဆံထက် ပိုရှားနေကြ သည် မဟုတ်လား။

"ရေချိုးမလား ရှင်မင်း"

"ဟင့်အင်း ...၊ မချိုးတော့ဘူး၊ အဝတ်လဲစရာ မပါဘူး"

"မမမျိုးဆီက ယူဝတ်ပါလား"

"ဂျက်စမင်ပါ နှစ်ကိုယ်စာ ပေါင်းဝတ်မှ မမမျိုး အင်္ကျီ တွေ ပြည့်ပြည့်ဖောင်းဖောင်း ဖြစ်မှာ"

"ဒါ ... မမမျိုးက ရှင်မင်းထက် နှစ်ဆပိုဝတယ်လို့ စော် ကားလိုက်တာပေါ့လေ"

"အထင်ကြီးတာပါ"

"အလျှော့ကောင်းလို့ အထောင်း သက်သာတယ် မှတ် ပါ"

ရေမချိုးဖြစ်ပေမဲ့ ထမင်းစားဖြစ်သွားရသည်။ စား သောက်ပြီးစီးချိန်ကျမှ ...

"ရှင်မင်းက မမမျိုး ခုတင်ပေါ်မှာလှဲ၊ မမမျိုးက ဒီပက်လက် ကုလားထိုင်နဲ့ ထိုင်ပြီးနားထောင်မယ်၊ ကဲ ... စိတ်အင်ဂျင် လာချရတဲ့အထိ၊ ခိုက်လာတဲ့ ရင်ထဲက အဆွေးလေးတွေ ကို ဖွင့်ချပေတော့"

"ဟင် ... ရှင်မင်း ရင်ဖွင့်မယ်လို့ မမမျိုးကို ဘယ်မှာဝန်ခံ ထားလို့လဲ"

"ရှင်မင်းရယ် ... မမမျိုး အပျိုကြီးဖြစ်တာ၊ တရားသံဝေဂ ရပြီး အာသဝေါကင်းလို့ မဟုတ်ပါဘူးကွယ်" မယ်

"ဘာဆိုင်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ချိန်တုန်းက မမမျိုးလည်း ကိုယ့်ထမင်း ကိုယ်စားပြီး ယောက်ျားယူရတာ အပိုအလုပ်ကြီးလို့ မာနတက်ခဲ့သူပါ"

"အင်းလေ ... ဒါကြောင့် အပျိုကြီးဖြစ်တာ မဟုတ်ဖူးလား"

"ဟင့်အင်း ... အဲဒီမာနတွေက အချစ်မီးပြင်းနဲ့ တိုက်လို့ အရည်ပျော်ကုန်တယ်"

"ဪ"

"ကိုယ့်ထမင်းတောင် သူ့ကို အကုန်ကျွေးပစ်ချင်တဲ့အထိ မွှန်ခဲ့ဖူးတာပေါ့"

"နောက်တော့ကော"

"နေဦး ... ချစ်သူနဲ့ အတူသာဆိုရင် ထမင်းရည်လျှက်မယ်၊ အချစ်ရှိနေရင် လောကကြီးမှာ ပြည့်စုံနေပြီလို့ သိပ်ယုံခဲ့တာ၊ ဆင်းရဲတာ အဆန်းလား။ ချစ်သူ့ရင်ခွင်ရဲ့ ချိုမြိန်မှုနဲ့ ဆင်းရဲခြင်း ခါးသီးမှုကို ကြံ့ကြံ့ခံမယ်လို့ သတ္တိတွေ ကောင်းခဲ့တာ"

"နောက်တော့ ဘယ်လိုဖြစ်သွားလို့လဲ"

"မမမျိုးရဲ့မေမေက ပညာပေးပုံ တော်လွန်းလို့ ဘယ်လိုလုပ်တယ်မှတ်သလဲ"

* * *



"သမီးချစ်သူက ဘာလုပ်လဲ"

"ခုလောလောဆယ်တော့ အလုပ်မရှိသေးပါဘူး မေမေ"

"ပညာကရော"

"ဆယ်တန်း အောင်ပါတယ်"

"သူ့မိဘများကရော"

"ရုံးတစ်ရုံးမှာ အရာရှိပါ၊ အမေကတော့ အလုပ်မလုပ်ပါဘူး"

"သူ့အဖေက လခတစ်ထောင်လောက် ရသလား"

"ခုနစ်ရာ့ကိုးဆယ်ပါ မေမေ"

"မိသားစု"

"ငါးယောက်ပါ၊ သူ အကြီးဆုံးပါ၊ အငယ်တွေက ရှစ်တန်းနဲ့ ခြောက်တန်းပါ"

"မေမေတို့ အိမ်စရိတ် တစ်လဘယ်လောက်ကုန်လဲ သမီးသိလား"

"မေမေ ပြောဖူးလို့ တစ်လကို သုံးထောင့်ငါးရာလောက်ကုန်တယ်လို့ သိပါတယ်"

"ခုကိုပဲ လူနေမှုပုံစံ ကွာပြီဆိုတာ သမီး လက်ခံသလား"

"ဟုတ်ကဲ့"

"သမီးရဲ့ သူငယ်လေး အလုပ်လုပ်ရင် ဘယ်လောက်ရမယ်ထင်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ရာကျော်လောက်လို့ ထင်ပါတယ်"

"အဲဒီ နှစ်ရာကျော်ကိုရအောင် ဘယ့်လောက် စောင့်ရဦးမယ် ဆိုတာကော"

"သူ့အဖေက အလုပ်သွင်းပေးမှာပါ"

"ထားတော့၊ သူ့မိဘက သဘောတူသလား"

"တူပါတယ် မေမေ"

"သမီးတို့ကို အိမ်ပေါ်ခေါ်တင်မတဲ့လား"

"သမီး မနေချင်ဘူး မေမေ၊ သူတို့အိမ်က သစ်သားအိမ်လေး၊ ပေအစိတ် ပေငါးဆယ်ရဲ့ တစ်ခြမ်းလေးကို ငှားနေတာ"

"ဒါဖြင့် ... ဘယ်မှာနေမှာလဲ"

"သမီး မေမေတို့နဲ့ပဲ နေချင်ပါတယ်"

"အချစ်ရှိလာမှတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ရမယ်လေ၊ သမီးဘာသာ မတန်မရာ ရွေးလာတဲ့ သမက်လောင်းကို မေမေက အိမ်ပေါ်ခေါ်တင်ပြီး မထားနိုင်ဘူး ဆိုရင်ကော"

"ဒီလိုဆိုရင်တော့ သူတို့အိမ်ပဲ သွားနေရမှာပေါ့"

"နေနိုင်မယ်လား"

"ဖြစ်အောင် နေရမှာပေါ့ မေမေ"

"သူတို့က လက်ခံမတဲ့လား"

"လက်ခံမယ်လို့ ထင်ပါတယ်"

"ဟုတ်ပြီ ... စားတော့ကော ကျွေးမှာလား"



"နေ့ချင်ရင်တော့ နေပါ၊ ထမင်းတော့ အိုးခွဲချက်စားဖို့ ပြောပါတယ်၊ သူတို့ဟာနဲ့ သူတို့တောင် မပြေလည်ပါဘူး"

"သမီး စွန့်စားကြည့်ချင်တယ် မဟုတ်လား"

မေမေ့ အကြည့်စူးစူးကို ရင်မဆိုင်ရဲသောကြောင့် ခေါင်းငုံ့နေရပေမဲ့ ရင်ထဲမှာ ခေါင်းညိတ်နေမိ၏။

"စမ်းကြည့်မလား"

"ရှင် ... မေမေ"

"ခြောက်လလောက် စမ်းပြီးနေကြည့်ပါလား၊ ခြောက်လပြည့်တဲ့နေ့အထိ သမီး ခံနိုင်ရည်ရှိတုန်းဆိုရင် မေမေ ပေးစားမယ်"

"ဘယ်လိုနေရမှာလဲ မေမေ"

မျိုးမျိုးဦး မိဘအိမ်က ရွှေတောင်ကြားလမ်းထဲတွင် မြေကြီးတစ်ကေခန့်မှာ ဟိန်းမားလှသည့် တိုက်ကြီးနှင့်ပါ။ ခြံထောင့်မှာ အလုပ်သမားတန်းလျား ရှိသည်။ သွပ်မိုး၊ ပျဉ်ကာ ခပ်စုတ်စုတ်ကလေး။

"ဒီတန်းလျားဟာ သမီးကောင်လေးအိမ့်လောက် ကောင်းရဲ့လား"

မေမေတို့ တိုက်ကြီးနှင့်ယှဉ်တော့ စုတ်ချာလှပါသည် ဆိုပေမင့် မောင်တို့အိမ်တစ်ခြမ်းလေးလောက်တော့ စံချိန်မီနေပါ၏။

"တူတူလောက်ပါပဲ"

"တစ်ဖက်ခန်းမှာ မာလီ၊ ဟိုဘက်ခန်းမှာ ယာဉ်မောင်း၊ ဒီဘက်ခန်းမှာ အိမ်ဖော်၊ သမီးကို အလယ်ခန်း မေမေ ပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



မေမေက စားအိုးစားခွက်တွေ ဝယ်တင်ပေး၏။

"တစ်လစာ စားစရိတ်တော့ မေမေ ထူထောင်ပေးလိုက်မယ်၊ ပြီးတော့ သမီးကို တစ်လနှစ်ရာပေးမယ်၊ လောက်အောင်သုံး၊ နေနိုင်အောင် နေကြည့်ပေါ့၊ စမ်းကြည့်လေ၊ နေနိုင်ပါတယ် မေမေ ဆိုရင် မေမေ မတားတော့ဘူး၊ ကတိပေးတယ် တကယ်ပေးစားမယ်"

'လုပ်လိုက်လေ ကြာသလားလို့'ဟု ပြောမိလျှင် ရိုင်းရာကျမှာစိုးသောကြောင့် ပြုံးနေလိုက်သည်။ မနေနိုင်ပဲ ရှိရမလား မေမေရယ် ... ရင်ထဲမှာ ပျော်လိုက်ရပုံများ။

"မနက်ကိုးနာရီလောက်မှာ အိပ်ရာကထတော့ ကျောတွေ ရင်တွေနာပြီး ဗိုက်ကလည်း ဆာလိုက်တာ"

"ဘာဖြစ်လို့လဲ"

"ခုတင်ပေါ်မှာ ဖျာပဲရှိတယ်ကွ ရှင်မင်းရ၊ ခြင်ထောင်ကလည်း အစုတ်နည်းနည်းပါတော့ ခြင်ဝင်တယ်၊ စားစရာ အဆင်သင့် မရှိဘူး၊ ခါတိုင်းတော့ မနက်မိုးလင်းရင် ထမင်းစားခန်းစားပွဲပေါ်မှာ ကော်ဖီ၊ ပေါင်မုန့်ထောပတ်သုတ်၊ ကြက်ဥကြော်တွေက အဆင်သင့်ကိုး"

"မမမျိုး ဘာလုပ်လဲ"

"မလုပ်ချင်တော့ အိမ်ဖော်မလေးကို လှမ်းခေါ်ပြီး လမ်းထိပ်ထွက်ဟာ ချိုင့်နဲ့ ကော်ဖီသွားဝယ်ဆိုတော့ မေမေက သူ့ကို ငှားမလို့လားတဲ့၊ ဘုရား ... ဘုရား၊ ဘယ်ငှားနိုင်ပါ့မလဲ၊ သူ့လခ တစ်ရာလေ"



မမမျိုးက မျက်လုံးပြူး မျက်ဆံပြူး ပြောသည်မို့ ရှင်မင်းထွန်း ရယ်မိ၏။

"ရွှေတောင်ကြားလမ်းကနေ လက်ဖက်ရည်ဆိုင်ရှိတဲ့အထိ သွားရမဲ့ခရီးက ကုန်းကြောင်းတွေလျှောက်ဦး၊ ကားစီးဦး ဆယ်နာရီထိုးလို့ သောက်ရရင် ကံကောင်းကွ"

"ဟုတ်သားပဲ ... ဆိုင်နီးနီးမှ မရှိတာနော်"

"အိမ်ဖော်ကို ခိုင်းခွင့်မရှိဘူးဆိုတာ သိတော့ ရေနွေးအိုး ထကျိုရတယ်။ ထင်းရှူးချောင်းလေးတွေနဲ့ ဘယ်လိုမွေးရမှန်းလည်း မသိဘူးကွ၊ မီးသွေးတွေပိပြီး မီးခြစ်ဘူးလေး တစ်ဝက်ကျိုးမှ မီးတောက်ရတယ်"

"ဆယ်နာရီ ထိုးပလား"

"ထိုးပြီ၊ ထမင်းပဲ တစ်ခါတည်း ချက်စားတော့မယ် ဆိုပြီး ဆန်အိုးဖွင့်တော့ ဆန်တွေကလည်း ဆန်ကွဲသာသာပဲ ရှိတယ်။ ဟား ဟား ဟား ဟား"

မျိုးမျိုးဦး အားရပါးရ ရယ်သည်။

"ဟုတ်တယ်လေ၊ မမမျိုးရဲ့ အမျိုးသားအိမ်မှာ ဆန်ကောင်း ဝယ်မစားနိုင်တာ"

"မမမျိုး စိတ်မညစ်သေးဘူးလား"

"မညစ်သေးဘူး၊ ဆင်းရဲမှု ခါးသီးခြင်းကို စွန့်စားခန်း တစ်ခုလို ပျော်တောင် ပျော်သေးတယ်"

"ချက်ရောလား"

"အေး ... ထမင်းက ပြစ်ချွဲပြီး အစေ့မရှိဘူး၊ မွှေးနေ့ကိတ်မုန့်ကြီးလား မှတ်ရတယ် ... ခစ် ... ခစ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်းတော့ကော"

"ချက်လည်းမချက်တတ်၊ ချက်လည်း မချက်ချင်တော့ ငံပြာရည်နဲ့ ငရုတ်သီးမှုန့်နဲ့၊ ပုစွန်ခြောက်နဲ့ ကြက်သွန်ဖြူတို့ပြီး ကြိတ်တာပေါ့"

"ပျော်တာပဲလား"

"ပျော်တာပဲ၊ ခြောက်လဆိုတဲ့ အချိန်ကို ဘယ်လိုဆွဲချရမလဲလို့ အတွေးနဲ့ ပျော်ရတာ"

"နေ့တိုင်းစားသလား မမမျိုး"

"ဘယ်စားနိုင်မလဲ၊ ဝမ်းတွေသွားလို့ ဆေးခန်းသွားဖို့ မေမေက အဖော်ထည့်ပေးပေမဲ့ အိမ်ကကားနဲ့ မပို့ဘူး၊ တက္ကစီနဲ့ သွားရတယ်၊ ဒီအတွက် အသုံးစရိတ်က နှစ်ရာထဲကလေ"

"ဪ"

"ဈေးသွားရတာ သေချင်စော် နံတာပဲဟော့၊ မြေနီကုန်းဈေးကို ဘတ်စ်ကားစီးရတာ နည်းနည်း၊ ကုန်ကြောင်းကအများကြီးလျှောက်၊ ဟူး ... မလွယ်ဘူး ရှင်မင်းရေ"

"အဝတ်လျှော်တော့ကော"

"လည်သည်းတွေ တစ်ချောင်းမကျန် ကျိုးကုန်တာပဲ၊ ဒီကြားထဲ ညစ်ပတ်နေလိုက်တာ၊ မမမျိုး လက်သည်းထဲမှာ အိုးမဲရော ချေးရော"

"ခစ် ... ခစ်"

"တစ်ကိုယ်လုံးလည်း စုတ်ပြတ်နေတာပဲ၊ မောလွန်းလို့၊ ဟိုဘက်ခန်း ဒီဘက်ခန်းတွေကလည်း ညညကျ စကား



တပြောပြောနဲ့ ရယ်ချင်ရယ်၊ ရန်ဖြစ်ရင်ဖြစ် အနှောင့်အယှက်ဖြစ်တယ်ကွ၊ သူတို့ကို ဆူခွင့်မရှိဘူး၊ သူစိမ်းတွေနဲ့တွဲနေရင်၊ ဆူလို့ရမလားတဲ့"

"ဟုတ်တာပဲ"

"မေမေကလေ ယောက္ခမလောင်းရဲ့အိမ်နဲ့ ပတ်ဝန်းကျင်အနေအထား၊ လူနေမှုအဆင့်အတန်း အကုန်တူအောင်လိုက်လုပ်ပေးထားတာ၊ တစ်ခါတလေ မမမျိုး ဖိုးသိုးဖတ်သတ်လိုက်ပြီး အမောဆို့တာနဲ့ ထမင်းချက်မစားပဲ ရေသောက်နေလိုက်ရတယ်"

"ပိုက်ဆံရော လောက်ရဲ့လား"

"ရုပ်ရှင်မကြည့်၊ လက်သည်းဆိုးဆေး မဝယ်၊ ဘာတစ်ခုမှအပိုအလျှံ မလုပ်ပဲနဲ့တောင်၊ လတစ်ဝက်ကျိုးတော့ ကုန်ရော၊ ဆပ်ပြာတို့၊ အိုးတက်ဖွဲပြာတို့ကအစ ဝယ်ရတာမဟုတ်လား၊ ပိုက်ဆံမလောက်လို့ သွားတိုက်ဆေးမဝယ်ပဲမီးသွေးနဲ့ ဆားနဲ့ တိုက်ရသေးတယ်"

"မမမျိုးလည်း ဒုက္ခတော်တော်ခံတာပဲ"

"မမမျိုး အမျိုးသားကို တစ်နေ့တစ်ခါ လာလည်ခွင့်ပြုတယ်ကွယ့်၊ မေမေက အကွက်ကို စေ့နေတာ၊ ဆင်းရဲပေမဲ့ အချစ်နဲ့ ချိုမြိန်နေမယ် ထင်မှာစိုးလို့၊ အချစ်ရဲ့ ချိုမြိန်မှုကိုလည်း ခံစားပေါ့လေ၊ ဒါပေမဲ့ မဟုတ်တာတွေ မဖြစ်ရအောင် မေမေ့လူတွေကတော့ စောင့်ကြည့်နေမှာပါ၊ မေမေ့အကြောင်း သိပါတယ်။ သူနဲ့တွေ့ရတာလည်း အစေခံတန်းလျားမှာပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"သူက အားမပေးဘူးလား"

"အောင်မောင်း ... တောင့်ထားတဲ့၊ ခြောက်လပြည့်ဖို့ ဘယ်နှလ၊ ဘယ်နှရက် လိုတော့တယ်ပေါ့လေ"

"မမမျိုး အမေကလည်း တော်လိုက်တာနော်"

"ပညာပါလိုက်ပုံကတော့ ရှင်မင်းရယ်၊ အဲဒီနှစ်ရာထဲက ညနေတိုင်း သူလာလည်ရင် ထမင်းတစ်နပ် ကျွေးရသေးတယ်ဟ့"

"ဆယ့်ငါးရက်နဲ့ ပိုက်ဆံကုန်တော့ ဘယ်လိုလုပ်လဲ"

"ဝိုတာပေါ့၊ မေမေ့က အတိုးမရှိပဲ ထုတ်ချေးတယ်၊ လကုန်လို့ နိမ်လိုက်တော့ ပိုင်တော်ရော"

"မမ္မမျိုး ဘယ်နှရက် နေနိုင်လဲ"

"ဖြောက်ပါပြီ ပြောချင်တာကတော့ တစ်လမပြည့်ခင်ကတည်းကပဲ ဖွဲ့တင်းခံတာ၊ နှစ်လကျော်သွားရော ဆိုပါတော့"

"တယ်ဟုတ်ပါလား"

"မေမေရေ ... သမီး ဒုက္ခမခံနိုင်တော့ပါဘူးလို့ ငိုငိုပြောတာ၊ မေမေက အိမ်ကြီးပေါ် ပြန်မတင်သေးဘူး၊ စိတ်ညစ်ညစ်နဲ့ လူတောင်အတော်ပိန်သွားတယ်၊ လက်မှာလည်း မီးပူနဲ့ထိုးမိတာတို့၊ ဆီပူလောင်တာတို့နဲ့ အနာချည်းပဲ၊ ကိုယ်တော်ချောက ပြောသေးတယ်၊ ဘဝရဲ့ဆုတံဆိပ်တွေတဲ့"

"မမမျိုးလူက လာတဲ့အခိုက်မှာ ဝိုင်းလုပ်မသွားဘူးလား"



"ဝေးသေး၊ ထမင်းခူးကျွေးရတယ်၊ စားပြီးတော့ လက်ထဆေးတယ်လေ၊ ဒါကိုပဲ လေးငါးခြောက်ရက်တော့ ပီတိဖြာသေးတာ၊ ရက်နှစ်ဆယ်လောက်ကြာတော့ ဒေါသထွက်ရော"

"မမမျိုးမေမေပေးတဲ့ ငွေလောက်နဲ့ မိသားစုရပ်တည်နေကြရတဲ့သူတွေ အများကြီးရှိတာပဲ"

"ရှိကယ်လေ၊ မမမျိုးကျတော့ ပျော့ညံ့တယ် ပြောမလား၊ လူတန်းစား မပီပြင်တာလား၊ ဘယ်လိုပြောရမလဲ၊ မမမျိုး ဒီဒုက္ခတွေ ခံနိုင်ရည်မရှိတာ အမှန်ပဲ"

ရွှေဘုံပေါ်တွင် စံခဲ့ရသူဆိုတော့လည်း ဟုတ်မှာပဲဟု ရှင်မင်းထွန်း တွေးမိသည်။ ရှင်မင်းထွန်း ဆိုလျှင်တောင် မမမျိုးထက်ပို၍ ခံနိုင်ရည်ရှိမည်ထင်သည်။ ရှင်မင်းထွန်းတို့က မပြည့်စုံမကုံလုံခြင်းနှင့် ရင်းနှီးခဲ့ဖူးပြီ။

"အမြင့်မှာ စံချင်သူလို့ ပြောချင်ပြောတော့ အချစ်တစ်ခုတည်းအတွက် မမမျိုး ဒီလောက်မစွန့်လွှတ်နိုင်ဘူး၊ မစွန့်စားရဲဘူး၊ အေးလေ ... ဒါကြောင့်လည်း အပျိုကြီးဖြစ်တာပေါ့"

"ဘယ်တော့မှ အိမ်ပေါ်ပြန်တင်လဲ"

"သုံးလပြည့်တော့ မမမျိုး ဖျားတယ်၊ ပိုက်ဆံလည်းမရှိတော့ ဆေးခန်းလည်း မသွားနိုင်၊ ကိုယ်ပူပြီး သတိလစ်ကြောက်ပါပြီ မေမေရဲ့ချည်း အော်နေမှ လာပွေ့ပေါ်သွားပြီး ဆရာဝန်ပင့်၊ ဒရစ်တွေ ဘာတွေ သွင်းလိုက်ရတယ်"

"မမမျိုး စိတ်ကုန်သွားရောလား"

www.burmeseclassic.com

www.burmeseclassic.com



"ကြောက်သွားတာ၊ မေမေက ပြောတယ်၊ ဒီဆင်းရဲထဲမှာ ယောက္ခမ၊ ယောက်မများနှာ ကြည့်နေရတာ မပါသေးဘူး၊ သူ့အဝတ် လျှော်ပေးရတာ မပါသေးဘူး၊ အိမ်စရိတ်ထဲမှာ အိမ်လခ၊ ရေဖိုး၊ မီးဖိုး မပါသေးဘူး၊ သူသုံးမဲ့ လမ်းစရိတ်နဲ့မုန့်ဖိုး မပါသေးဘူးတဲ့"

"ဟုတ်တာပဲ"

"ကလေးရလာပြီဆိုရင် တွေးသာကြည့်တော့တဲ့၊ အင်း ... မမမျိုးလည်း ယောကျ်ားယူဖို့နဲ့ သေဖို့ တစ်ခုခုရွေးဆိုရင် သေမယ်၊ ယောကျ်ားမယူတော့ဘူး"

"ဒီလောက်တောင်ပဲလား"

"ဒါပေါ့၊ သူ့ကိုပြောတယ်၊ ကျောင်းဆက်တက်ဖို့၊ ဘွဲ့ရအောင်လုပ်ပါ၊ သူရော၊ မမမျိုးရော စီးပွားရှာနိုင်တဲ့အချိန်၊ နှစ်ယောက်ဝင်ငွေ လေးငါးခြောက်ရာလောက်ရှိမှ လက်ထပ်ရအောင်လို့"

"သဘောတူသလားဟင်"

"အမယ်လေး ... မနငွေစက်ယန္တရားက မရွှေအထက်တန်းစားက ဘာဖြစ်တယ် ညာဖြစ်တယ်ပေါ့လေ၊ ရက်စက်သလေး၊ ငွေမက်သလေး၊ အချစ်မှာသစ္စာမရှိဘူး၊ ဘာဘူးညာဘူးနဲ့ သူပြောတာတွေ မှတ်တောင်မမှတ်မိတော့ပါဘူးကွယ်"

"ဒီလိုနဲ့ ဝေးကြရတယ်လား"

"သူ မိန်းမရတယ်၊ မမမျိုးထက်သာတာ ရှာယူသတဲ့လေ၊ ပိုက်ဆံရှိသားသမီးပဲ ရပါတယ်၊ ခိုးပြေးတာ ဘာကြာလဲ၊



ဒုက္ခရောက်တော့ မိန်းကလေးမိဘက ပြန်သိမ်းသွားတယ်၊ ကောင်မလေး ကိုယ်တိုင်က မနေနိုင်တော့တာ"

"သြော် ... ဟိုမိန်းကလေး သနားပါတယ်"

"မေမေသာ ပညာမပေးရင် တစ်ခုလပ် တစ်လင်ကွာဘဝရောက်မှာ မမမျိုးပေါ့ကွယ်၊ မေမေ့ကိုကျေးဇူးတင်မိပါတယ်"

"ဆင်းရဲသားတွေလည်း အိမ်ထောင်ပြုနေကြတာပဲလို့ သူက မပြောဘူးလား"

"ဘယ်နေမလဲ ... ပြောတာပေါ့၊ တကယ်တော့ ရှင်မင်းရေ၊ ရွေးခွင့်မရလို့သာ နေရင်နေရမယ်၊ ရွေးခွင့်ရရင်တော့ အချိန်ကိုပဲဖြစ်ဖြစ် လူကိုပဲဖြစ်ဖြစ် ရွေးသင့်တာပေါ့၊ ဒုက္ခမခံဖူးတဲ့သူတွေ၊ ဆင်းရဲခြင်းကို အချစ်ရဲ့စတန်းတစ်မျိုးထင်ပြီး မိုက်ရူးရဲလုပ်ကြည့်ရင် ကြာရှည်ခံနိုင်ရည်မရှိဘူးဆိုတာ တကယ်ပဲ"

"ဒါနဲ့ပဲ အပျိုကြီးဖြစ်ရရောလား"

"မေမေ ကြည်ဖြူတဲ့သူတွေကျတော့လည်း ချစ်လို့မရဘူးကွ၊ ကံမကောင်းတော့ နှလုံးသားနဲ့ ဦးနှောက်တို့ ပေါင်းဆုံမှု မရခဲ့ဘူး"

"နှလုံးသားက ချစ်တော့ ဦးနှောက်က လက်မခံဘူး ဆိုပါတော့"

"အေး ... ဦးနှောက်က လက်ခံပြန်တော့ နှလုံးသားက မချစ်ပြန်ဘူး၊ အသက်ကလည်း ကြီးလာ၊ ဆွေမျိုးတွေကလည်း ဟိုလူနဲ့စပ်၊ ဒီလူနဲ့စပ်၊ စိတ်ညစ်တာနဲ့ အိမ်ခွဲဆင်းလာပြီး ဘော်ဒါဆောင် ဖွင့်စားနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မမမျိုးမေမေ ရှိသေးတယ်ပေါ့"

"ရှိတယ်၊ ဖေဖေရော မေမေရော မမမျိုးအောက်မှာ မောင် ညီမတွေ လေးယောက်တောင် ကျန်သေးတယ်"

"ရွှေတောင်ကြားလမ်းမှာပဲလား"

"အေး ... မမမျိုး တစ်ပတ်တစ်ခါ သွားလည်တယ်၊ ကိုယ့်လုပ်အားနဲ့ကိုယ် ရပ်တည်ရတာပဲ ပျော်တယ်၊ မေမေကလည်း ငါ့သမီးကြီး သတ္တိကို ချီးမွမ်းတယ်တဲ့"

"ဒါပေမဲ့ ဖူးစာဆိုတာ ဘယ်ပြောလို့ရမလဲနော်၊ မမမျိုး လုတုန်းပဲ ရှိသေးတာ"

"လေးဆယ်ကျော်နေပြီဟ၊ မငယ်တော့ပါဘူး၊ ဒီအရွယ်ကျမှ ကိုယ်နဲ့လိုက်ဖက်မဲ့သူဆိုလည်း မုဆိုးဖိုတွေပဲကျန်မယ်၊ ဘယ်လူပျိုကြီး လေးဆယ်ကျော် ရှိမလဲ၊ ရှိလည်းရေခဲစိမ်ကြီးတွေပဲ နေမှာ၊ သူတို့ကလည်း နှစ်ဆယ်လောက်ပဲ မှန်းကြမှာပါ"

"လူငယ်တွေ ..."

"အမယ်လေး ... မလုပ်ပါနဲ့၊ အိမ်ထောင့်ဒုက္ခ၊ ငွေရေးကြေးရေး အခက်အခဲအပြင် ကိုယ့်ကိုယ်ကိုယ် မနု,နုအောင် ပြုရပြင်ရတဲ့ ဒုက္ခတစ်ခု ပိုလာဦးမယ်"

"ရှင်မင်းလည်း မမမျိုးလို အပျိုကြီးပဲ လုပ်တော့မယ်"

"အဲဒါ အကောင်းဆုံးပဲ၊ ဒါပေမဲ့ ဒီစကားတည်မယ် မထင်ပါဘူး"

"စောင့်ကြည့်ပေါ့"



"ကြည့်မယ် စိတ်ချ၊ ဩော် ... ဒါထက် ဇော်ပြေဦး ဆိုတဲ့ သူငယ်လေးတစ်ယောက် လာပြီး ဖြူနွဲ့ကို မေးတယ် ကွယ့်"

"ဟုတ်လား၊ ဘာတွေ ပြောသွားသေးလဲဟင်"

"တွေ့ချင်တာပဲတဲ့၊ လိပ်စာမေးတယ်"

"ပေးလိုက်သေးလား"

"မမမျိုးမှ မသိတာ၊ ရှင်မင်းတို့သုံးယောက် အဆောင်က ထွက်သွားပြီး ဂျက်စမင် တစ်ယောက်ပဲ ပြန်ရောက်လာ တယ်လေ၊ ဂျက်စမင် ကျောင်းပြီးလို့ သံတောင်ပြန်ပြီးမှ ရှင်မင်း ရောက်လာတာ မဟုတ်လား၊ ရှင်မင်းကလည်း တစ်လလောက်ပဲနေပြီး ပြောင်းသွားပြန်တော့ ..."

"ကိုဟန်မော် ဆိုတဲ့သူကော ပါသေးလား မမမျိုး"

"ဟင့်အင်း ... တစ်ယောက်တည်း လာတာ"

"ရှင်မင်း သူနဲ့တွေ့ချင်လိုက်တာ"

"ဟော ... စောင့်တောင် မကြည့်ရသေးဘူး၊ ပြဿနာက စပြီလား"

"ဒါက ဖြူနွဲ့ ကိစ္စပါ"

"ခန့်ညားရောလို့ မေးသေးတယ်"

"ဟုတ်လား"

"မမမျိုးက သူတော့ ရန်ကုန်မှာရှိတယ်၊ ဒီတစ်ခါလာရင် ပြောလိုက်မယ်လို့ပဲ ပြောတယ်"

ရှင်မင်းထွန်း ရုက်စနိုး ဖြိုးသည်။ ခန့်ညား ဟိုသည်က ရှင်မင်း "ဘဝမှန်ပုံစံ"မဝင်မီက နာမည်လေ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပြောတော့၊ မမမျိုး ဘ၀ကို အကုန်လုံး ရင်ဖွင့်ပြီးပြီ၊ ရှင်မင်း ဖွင့်ဖို့ပဲ ကျန်တော့တယ်"

"ရှင်မင်း ဖွင့်ရင် ဖြူနွဲ့ကိစ္စပါ ပါလာလိမ့်မယ်"

"ပါပစေလေ၊ ပြဿနာ အခက်အခဲရှိရင် အဆင်ပြေအောင် ဝိုင်းကူကြတာပေါ့"

"ဟုတ်တယ်နော်၊ မမမျိုးရဲ့ မေမေဆီမှာ အကြံဉာဏ်ကောင်းရင်လည်း ရတယ်"

"မေမေက လက်တွေ့သမားကွ၊ တိခနဲပြတ်တဲ့ အဖြေကို ပေးလိမ့်မယ်"

"တကယ်တော့ ဖြူနွဲ့ကို အခြေခံပြီး ရှင်မင်းတို့ ဒီအဆောင်က ထွက်သွားရတဲ့ အချိန်ကစပြီး ရှင်မင်းဘ၀ကို ပြောင်းလဲပစ်မဲ့သူနဲ့ တွေ့ခဲ့ရတာပါ မမမျိုးရယ်"

❀ ❀ ❀



ကိုယ်ထွမ်းရပြီ အချစ်ရေ

မမမျိုးဆီက ညနေစောင်းကျမှ ပြန်လာခဲ့သည်။ ဆောင်းတွင်းမို့ နေဝင်သည်နှင့် ချမ်းစိမ့်လာသည်။

"အနွေးထည်ဝတ်မှပဲလေ"

သေတ္တာကိုဖွင့်တော့ ရင်ထဲမှာ လှိုက်ခနဲ ဆို့သွားရသည်။ တစ်ချိန်တုန်းက သည်သေတ္တာ၏ အပေါ်ဖုံး အတွင်းသားမှာ "သူ့"ဓာတ်ပုံ ကပ်ထားခဲ့ဖူးသည်လေ။

"ထဘီတွေထဲ ထည့်ထားခဲ့တာ ကိုကိုရယ်၊ ရှင်မင်း ငရဲကြီးမလား၊ ကိုကို ဘုန်းနိမ့်မလား၊ တစ်ခုခုပဲ ကိုကိုရဲ့"

"ရှင်မင်း ငရဲမကြီးပါဘူး၊ ကိုကိုက အပြစ်ရယ်လို့မှ မသတ်မှတ်တာ၊ ကိုကို ကပ်ပေးထားတာပဲ၊ ဘုန်းနိမ့်ရအောင်ကျတော့ကော ကိုကို့မှာ ဘယ်မှာ ဘုန်းရှိလို့လဲ"

"အို ... ယောကျ်ားတို့ဘုန်း ... တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ရေးတုန်းက အိန္ဒိယပြည်မှာ ဓာတ်စနစ်နဲ့ လူတန်းစား ခွဲတာမျိုး၊ အယူသည်းခြင်း တစ်မျိုးပဲ ရှင်မင်းရဲ့"

"မဟုတ်သေးပါဘူး ကိုကိုရာ"

"သိပ်ဟုတ်တာပေါ့၊ လူတွေက သိပ်ရယ်ရတယ်၊ ခွဲချင်တာကျတော့ခွဲ၊ မခွဲချင်တာကျတော့ မခွဲဘူး၊ ကဲ ... ကိုကို့ ပုဆိုးနဲ့ ရှင်မင်း ထဘီ တူတူရောထပ်ထားမလား"

"အို ... ဘယ်ထပ်မလဲ၊ ထိကုန်ရင် ဘယ်ကောင်းမလဲ"

"ခု ရှင်မင်းနားမှာ ကိုကို ကပ်ထိုင်နေတော့ကော ဒီပုဆိုးနဲ့ ဒီထဘီ မထိဘူးလား"

"ဟုတ်ပါရဲ့ ... ကန်တော့နော် ကိုကို၊ ဟိုဘက်နည်းနည်း တိုး"

"တိုးပါဘူး"

"တိုးပါဆို"

"မတိုးပါဘူးဆို"

"ပြောစကားလည်း နားမထောင်ဘူး"

"သိပ်ချစ်တာပဲကွာ၊ ရှင်မင်း အနားမှာထိုင်ပြီး တစ်နေရာလေးမှ ထိမနေရရင် ကိုကို မနေတတ်ဘူး"

ပြောပြောဆိုဆို ခြေဖျားကလေးချင်း လာထိပါသော ကိုကို၊ သေတ္တာမှာ သူ့ဓာတ်ပုံ ကပ်ပေးနေသည်မို့ လက်မအားသောကြောင့် ခြေဖျားချင်း ထိထားခဲ့ဖူးပါ၏။

"ခုတော့လည်း ဒီဓာတ်ပုံကို ရှင်မင်း ခွာပစ်လိုက်မိပြီ ကိုကိုရယ်၊ ရှင်မင်းလေ ကိုကို့မျက်နှာကို မမြင်ချင်ဘူး၊ ဒါပေမဲ့ ရင်ထဲမှာ မြင်နေဆဲပါရှင်"



တစ်ယောက်တည်း ဣျိတ်ဆွေးဖြင့် စကားပြောနေသည့်အခါမှာတော့ "ကိုကို"လို့ပဲ ပြောဖြစ်ပါသေးသည်။

ပလတ်စတစ်အိတ်ကလေးဖြင့် ထုပ်ထားသည့် ယုန်မွေးဆွယ်တာ ရဲရဲလေးကို ထုတ်ယူမိ၏။

"အောင်ပန်းသူ လုပ်တော့မယ်ဆိုရင် ဆွယ်တာတော့ ပြည့်ပြည့်စုံစုံရှိမှ ရှင်မင်းရဲ့"

ကိုကို တောင်ကြီးမှ ဝယ်လာပေးခဲ့ပါသော ဆွယ်တာကလေး။

"ဒီဆွယ်တာလေးဝတ်လို့ နွေးသွားရင် ကိုကို ဖက်ထားတယ်လို့ သဘောထားနော်"

"ထားပါဘူး"

"လူကိုယ်တိုင်ဖက်မှ ကြိုက်တယ်ပေါ့"

"ဟင်းနော် ... ကိုကို၊ ရှင်မင်း မကြိုက်ဘူး"

"ရှင်မင်းကလည်းကွာ"

"ကိုကိုရယ် ... ရှင်မင်းက ကိုကို့အားကိုးနဲ့ ဒီအိမ်မှာလာနေရတာ၊ ကိုကိုသာ မညှာရင် ဘယ်လိုလုပ်မလဲ၊ ရှင်မင်း မကြည်ဖြူပဲ ရှင်မင်း အသားကိုထိရင် မားပြတိုက်တာတစ်မျိုးပဲ"

"မားပြတော့ မတိုက်ပါဘူး၊ လစ်ရင်သာ တိုမှာ"

"ရှင်မင်း မကြည်ဖြူရင် ရှင်မင်း အသားကို လက်ဖျားနဲ့ မထိပါဘူးဆိုတဲ့ကတိ ပေးပါ ကိုကို၊ ရှင်မင်းတို့ အခြေအနေက ဒီလိုမှ မစောင့်ထိန်းရင် လူအများ ကဲ့ရဲ့စရာဖြစ်မှာမို့ပါ။ နော် ကိုကိုရယ် ... နော်"

www.burmeseclassic.com



ခွန်အားကြီးမားသည့် မင်းယောကျာ်းကို အပြုံးက လေးတစ်ပွင့် အချိုစကားလေး တစ်ခွန်းဖြင့် အနိုင်ယူခဲ့ပါသော ရှင်မင်းထွန်း။

"သဘော ... သဘော၊ မကတ်စေးနည်းလေး၊ တိုလိုက် ထွာလိုက်တာ လွန်ရော၊ လက်သန်းဖျားလေးချင်းတော့ ချိတ်မယ်ကွာ၊ ပေး ... လက်"

"ရော့ ... ဒီလက်သန်းလေးကို ကိုကို အပိုင်ယူ"

"ဟာ ... ရှင်မင်း လက်ပေးတတ်နေပြီ၊ ဟစ်ပို့လောက် နီးနီး လိမ္မာလာပြီပဲ"

"ကဲ ... ကဲ ... ပြောဦး၊ ရှင်မင်းကို ခွေးနဲ့နှိုင်းဦး"

ဟစ်ပို ဆိုသည်က ကိုကိုချစ်လှသည့် ချင်းခွေးကြီး၊ သူ့နာမည်အပြည့်အစုံက ဟစ်ပိုပိုတေးမတ်စ် ရေမြင်းဟု အဓိပ္ပာယ် ရပါ၏။

ရှင်မင်း တဖုံးဖုံးထုတော့ ကိုကို သဘောကျစွာ ရယ် နေလိုက်ပုံများ၊ ကိုကိုရယ် ရုပ်ရှင်ကားတစ်ခုလိုပဲ မြင်နေမိတယ်။

သည်ဆွယ်တာလေးကိုပဲ ဝတ်ဖြစ်ပါ၏။ အနွေး ဓာတ်များ အရေဖျားမှ နှလုံးသားတွင်းထိတိုင်ရောက်၏။ "မကြည့် ဖြစ်တာ ကြာပြီဖြစ်သော ဓာတ်ပုံကို ထုတ်ကြည့်ရလျှင် ကောင်း မလား"ဟု တွေးမိပြန်၏။

မွတ်သိပ်စွာ ငံ့လင့်သည့် အဓိပ္ပာယ်ဖော် မျက်ဝန်း တို့ဖြင့် လေယာဉ်ကားအထက်မှ မော့ကြည့်နေသည့် ကိုကို့ရုပ်သွင်ကို မြင်ယောင်ပြန်တော့ ရင်ထဲမှာ ကျင်ဆွားရပါ၏။

"ချစ်လျက်နဲ့ ငြင်းခဲ့ရတာပါ ကိုကို"



ဒေါသ အာဃာတ တစ်မျိုးဖြင့် အချစ်ကို ချေဖျက် ရသော် လွယ်၏။ မုန်းမျက်ခြင်းကင်းစွာ ချေဖျက်သည့်အခါ၌ အချစ်သည် မပျက်မပြယ် တည်မြဲခိုင်ခံ့စွာ ဖြစ်ထွန်းဆဲ။

"ရင်ထဲမှာ အချစ်တွေ အပြည့်အလျှံနဲ့ ခွဲရတော့ မချိမဆံ့ ပါပဲ ကိုကို၊ ကိုကို့ကို မုန်းချင်တယ် သိလား၊ မုန်းနိုင်မေ့ နိုင်ရင် ရှင်မင်း ဒီလောက် မခံစားရပါဘူး ကိုကိုရယ်၊ နောက်ပြီး ရှင်မင်းမှာသာ အစားထိုးတွယ်တာစရာ သံယော ဇဉ်တစ်ခုခု ရှိနေရင်လည်း ..."

ခုတော့ ... တွယ်ရာမဲ့ အထီးကျန် မိန်းမသား။

မိန်းကလေး ဆိုသည်ကလည်း အခက်သား။ ကိုယ့် မှာ စားဝတ်နေရေး ဖူလုံသည့်တိုင် တစ်ယောက်တည်း အိမ်တစ် လုံးနှင့်နေလို့မသင့်လျော်ပါ။

"ဒါကြောင့် ရှင်မင်း ယောကျာ်းလေးစိတ်ဓာတ် နေခဲ့တာ။ ယောကျာ်းတစ်ယောက်ရဲ့ စိတ်ဓာတ်တွေ အပြည့်အဝ ဝင်နေပြီးမှ ရှင်မင်းဘဝ ပုံစံလေးကို ကိုကို ပြန်ပြောင်း ပေးခဲ့တာ"

ရှင်မင်းထွန်း အိပ်ရာပေါ်သို့ လှဲချလိုက်မိသည်။

"အင်း ... ဒီလိုအဆောင်မှာ နေရတဲ့ဘဝက ဘယ်တော့ များမှ လွတ်မယ်မသိ"

တွယ်ရာမဲ့ အထီးကျန်မို့ မေမေ့ဆုံးပြီးကတည်းက ဣန္ဒနီလာအမျိုးသမီး ဘော်ဒါဆောင်မှာ နေခဲ့ရသည်။ သည် အဆောင်မှ ကိုကိုတို့ မောမြေကို သွားဖြစ်ခဲ့ရသည်။ အကြောင်းက ဖြူနွဲ့ကိစ္စ အဓိကပါ။ ဖြူနွဲ့ကို အကြောင်းရင်းခံ၍ သွားဖြစ်ရာက

www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်း ရင်ထဲ နှလုံးသားထဲကို ဝင်ရောက် ချဉ်းနင်းခဲ့သူက ကိုကို။

"ယောကျာ်းတစ်ယောက်လို သတ္တိမွေးထားတဲ့ မိန်းမကြမ်းလေးရဲ့ အချစ်ကို ရအောင်ယူနိုင်တဲ့ ကိုကိုရယ်"

ဂျင်းဘောင်းဘီနှင့် ရှပ်အင်္ကျီပွကြီးများကို မချွတ်တမ်းဝတ်ခဲ့သူ ရှင်မင်းထွန်း ဘဝမှ ထဘီတွေ ဘလောက်စ်တွေ ဝတ်တတ်လာအောင် ကိုကိုပဲ သင်ပေးခဲ့သည် မဟုတ်လား။ အချစ်မှာ ကိုကိုသည်သာ ရှေးဦးဆရာ၊ အချစ်ကို ကိုကိုပဲ သင်ပေးခဲ့သူပါ။

ကိုကို့ရင်ခွင်ထဲမှ လွင့်စဉ်ထွက်ပြေးလာရတော့ မူလနေခဲ့ဖူးသည့် ဌာနနီလာသို့ပင် ပြန်လာခဲ့ပါ၏။ ဝမ်းသာလှိုက်လှဲစွာ ဆီးကြိုသည့် မမမျိုး၏ သံယောဇဉ်ကြောင့် အကြင်နာရိပ်တွင် တစ်ခဏသာ ခွေးသိပ်နိုင်ခဲ့သည်။ ရှင်မင်းထွန်း၏ မူလပုံစံကို သိထားနှင့်သည့် အဆောင်သူတချို့ထဲမှာလည်း စန်းပြုံးကလေးများ ပါဝင်သည်။

မထိတထိ ပြောလာပြန်တော့ ရှင်မင်း မခံနိုင်ပါ။ အရင်ကစိတ်နှင့်သာဆို စိတ်တို ဒေါသထွက်ကာ ကိုင်ပေါက်ပစ်မည်ထင်၏။

"ဒီထဘီကို ပြန်ဝတ်မိကတည်းက တို့စိတ်မာတ်တွေ ပျော့ညံ့ခဲ့ရတာ"

မျက်ရည်ဆိုတာ ဘာရောင်လဲ... ဟု မေးယူရမည့် ရှင်မင်းထွန်း။ ခုတော့ ငိုတတ်လာချေပြီ။ မျက်ရည်ကျရသည့် ဖြစ်ရပ်များစွာကို မခံနိုင်လွန်းသည်မို့ အဆောင်ပြောင်းရ၏။ အဆောင်နေ သံသရာက ဘယ်တော့လွတ်မှာလဲ။



ယခုနေသည့်အဆောင်က စျေးလည်း တအားကြီးသည်။ တစ်ယောက်ကို တစ်ခန်းဖွဲ့ပေးထားသည်မို့ ပတ်ပတ်သက်သက် မလုပ်လိုလျှင် ကိုယ့်အခန်းကို တံခါးပိတ်ကာ မဆက်ဆံပဲ နေနိုင်၏။

"ကိုယ့်မျက်ရည်ကျတာကို လူမမြင်စေချင်ဘူးလေ"

စျေးကြီးသည်မို့ တတ်နိုင်သူများချည်းသာ။ သည်တော့လည်း ကိုယ့်မာန ကိုယ့်အထာကလေးများ ကိုယ်စီဖြင့် မေးပြော ခေါ်ထူးလောက်သာ ရှိ၏။ ရှင်မင်းထွန်း ဘဝနှင့် အံဝင်ခွင်ကျ ဖြစ်သည်။ အိပ်ရာထဲတွင် လူးလိမ့်ငိုမိသည့်အဖြစ်ကို လူမသိတော့ပါ။

ပက်လက်ကလေး ခွေခွေမ်းနေရာမှ ဘေးတစ်ဖက်သို့ စောင်းသည်။ ပါးပြင်နှင့် ခေါင်းအုံးတို့ ထိတွေ့မှု အနွေးဓာတ်ကလည်း ခွန်အားတစ်မျိုးလိုပင်။

"မငိုချင်ဘူး ကိုကိုရယ်"

မငိုချင်ပါဘူးဆိုမှ မျက်ရည်တွေက ဝဲစို့လာသည်။

"ဒီမျက်ရည်တွေကို တားဆီးနိုင်တဲ့ ခွန်အားမျိုး ရချင်မိတယ်ကွယ်"

အစစ ရှုံးရသည့်ဘဝမှာ မျက်ရည်ကိုပင် ရှုံးပါ၏။ မစီးမသွယ်စေချင်ကာမှ တားဆီး၍မနိုင်။ ပက်လက်အနေအထားသို့ ပြန်ပြောင်းတော့ မျက်ဝန်းများမှသည် နားထင်မှတစ်ဆင့် ဆံပင်ထဲသို့ဝင်သည့် လမ်းကြောင်းကတစ်မျိုး။ နားရွက်ထဲသို့ဝင်သည့် စမ်းချောင်းကတစ်ဖုံ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို တစ်ပတ်လှိမ့်ကာ မှောက်ပစ်လိုက်၏။ ခေါင်းအုံးပေါ် မျက်နှာအပ်ကာ ...

ရင်ထဲတွင် ပေါ့ရှင်းသွားသည် မဟုတ်ပေမဲ့ တစ်စိတ်တဒေသသော အပူမီးတို့ လျှံကျဖိတ်စီးသွားရသည်မို့ လက်ကျန်အဆွေးကို ခံနိုင်ရည်ရှိသည့်အဆင့်သို့ ရောက်လာ၏။

ရှင်မင်းထွန်း အိပ်ရာထက်မှ ထသည်။ မျက်နှာပြင်တစ်ခုလုံးကို တို့ပတ်ဖြင့် ပြောင်စင်အောင် ပွတ်သုတ်ပစ်လိုက်သည်မို့ အစ်သည့်မျက်ခွံများက သူ မည်သည့်ဘဝန်ကို ပင်ပန်းစွာ ထမ်းဆောင်ခဲ့ရပါကြောင်း သက်သေထူနေကြပါ၏။

"ဒေါက် ... ဒေါက် ... ရှင်မင်းထွန်း"

"ဟုတ်ကဲ့ ... လာပါပြီ အန်တီ"

အဆောင်ပိုင်ရှင် အန်တီမိမိကြီး။

"နေ့လယ်က စာလာတယ်၊ ကားသံတောင် သတိမထားလိုက်မိဘူး၊ ရော့ ... ဒီမှာ၊ ဟင် ... သမီး ဘာဖြစ်"

"ခေါင်းသိပ်ကိုက်လို့ပါ အန်တီ"

ရှင်မင်းထွန်းက စာကိုလှမ်းယူလိုက်သည်။

"ဘတ်စ်ပရို သောက်မလား၊ ကော်ဖီပူပူလေး လိုချင်ရင် လုပ်ပေးမယ်"

စေတနာပါ။ ကော်ဖီတို့ ဘတ်စပရိုတို့က အဆောင်ခတွင် အကျုံးဝင်သည့်အရာများ မဟုတ်ပါ။ ရှင်မင်းထွန်း အားနာသည်မို့ ငြင်းမိ၏။

"သောက်ပြီးပါပြီ အန်တီ၊ ခဏနေရင် ကောင်းသွားမှာပါ"

"ထမင်းချိုင့် ရောက်ပြီလား"



"ဟုတ်ကဲ့"

"စားလိုက်ဦးလေ၊ အစာမရှိရင် ပိုဆိုးနေဦးမယ်၊ ကိုယ်ပူသေးလား၊ မှန်း ..."

နဖူးသို့ထိလာသည့် လက်ဝါး၏ အနွေးဓာတ်တွင် ကြင်နာခြင်းတစ်မျိုး စွက်သည်မို့ ရှင်မင်းထွန်း ရင်ထဲတွင် နင့်သွားရပြန်သည်။ သွေးမတော် သားမစပ် သူတို့၏ အကြင်နာကလေးများ တချို့တလေသည်သာ ရှင်မင်းထွန်း အဖို့ ခွန်အားဖြစ်ရ၏။ ကြင်နာသူရှိလာမှ မျက်ရည်က ဝဲချင်ရပြန်သည်။ အို... ဒီမျက်ရည်တွေကလည်း လွယ်ပဲလွယ်နိုင်လွန်းသည်လေ။

"ကိုယ်မပူပါဘူး၊ အနွေးထည့်ဝတ်ထားတာ ကောင်းတယ်၊ အန်တီ ဘာလုပ်ပေးရမလဲ"

"ကိစ္စမရှိပါဘူး အန်တီ၊ အိပ်ပျော်အောင် အိပ်ပစ်လိုက်တော့မယ်"

"ကောင်းတယ်၊ သိပ်နေမကောင်းရင် ပြောသာပြောနော်၊ အားမနာနဲ့၊ သမီးတို့မှာ ဘယ်သူရှိတာလိုက်လို့၊ အန်တီပဲ အမေ မဟုတ်လား"

"ဟုတ်ကဲ့"

"နေလို့ဖြစ်တယ်နော်"

"ဟုတ်ကဲ့ ... ဖြစ်ပါတယ်"

"ဒါဖြင့် သွားမယ်၊ ကိစ္စရှိရင်ပြော"

"ဟုတ်ကဲ့ပါ အန်တီ"

တံခါးပေါက် ပြည့်လုနီးပါး ပိတ်ဆီးထားနိုင်သည့် အိဖိုင့်သော ခန္ဓာကိုယ်ကြီး ရွေ့လျောတော့မှ ရှင်မင်းထွန်း တံခါး

www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ပိတ်သည်။ မှောင်ရီသမ်းလာပြီမို့ မီးကိုဖွင့်၏။ ခုတင်ပေါ်တွင် ပြန်ထိုင်ကာ စာအိတ်ကိုကြည့်သည်။

"ဂျက်စမင့်ဆီက စာပဲ"

အိပ်ရာထက်တွင် လှဲချသည်။ အအေးဓာတ်က ပိုကဲလာသည်မို့ စောင်ကို ရင်ခေါင်းထိ ဆွဲတင်ကာ ခြုံ၏။ ပြီးမှ စာကိုဖတ်ဖြစ်လေသည်။

ရှင်မင်း ...

ငါ့ဆီကို ကိုနောင် ရောက်လာတယ်၊ နင့်ကို လိုက်ရှာတာတဲ့၊ နင် အဆောင်ပြောင်းနေတာ သူ မသိပုံထောက်တော့ နင် တမင်ခြေရာဖျောက်ထားတာလို့ ထင်တာမို့ ငါ မပြောလိုက်ပါဘူး။

"တော်ပါသေးရဲ့၊ ဂျက်စမင်ရယ် ကျေးဇူးတင်ပါတယ်"

ဘာမဆိုးမီ ကျေးဇူးကို အရင်တင်နှင့်မိပါ၏။ တကယ်တော့ ရှင်မင်း တမင်တကာ ပုန်းနေခြင်းပါ။ ပုန်းချင်တာကတော့ ကိုကို့တင် မဟုတ်ပါဘူးကွယ်၊ တစ်ကမ္ဘာလုံးကလူတွေ ဘယ်သူမှ မတွေ့မမြင်နိုင်တဲ့ အရပ်မှာပါ။ ဒါပေမဲ့ ဒီကမ္ဘာမြေကိုက ဘယ်လောက် ကျယ်တာမှတ်လို့နော်။

ငါ ကျောင်းတက်ဖို့ ပြန်လာတော့ ဆောင်ပန်းမှာ နင်နဲ့ဖြူနဲ့ ကျန်ခဲ့တာပဲ၊ ဖြူနဲ့ ရွာပြန်၊ နင်လည်း မမကြီးဆီပြန်၊ ဒီကတစ်ဆင့် နောက်တစ် ဆောင်ပြောင်းမှန်း ငါ သိပေမဲ့ နင်နဲ့ငါ ရန်ကုန်မှာ မဆုံဖြစ်ကြတော့ဘူး မဟုတ်လား။

နင် ရန်ကုန် ပြန်ရောက်လာတော့ ငါက ကျောင်းပြီးလို့ သံတောင် ပြန်ရောက်နေပြီ။ နင်ရေးတဲ့ စာတွေကလည်း မပြည့်မစုံဆိုတော့ နင်တို့ အကြောင်းလည်း ငါ သိပ်သိခွင့် မရဘူး။



ကိုနောင် ပြောတာ ဟုတ်သလား ရှင်မင်း၊ နင်နဲ့ သူနဲ့ ချစ်ကြတယ် ဆို။ နင်က သူ့ကို အထင်လွဲစရာ ကိစ္စတစ်ခုနဲ့ စိတ်ဆိုးပြီး ထွက်သွားတယ်တဲ့၊ အဲဒါ သူ နင့်ကို လိုက်ရှာနေတယ်တဲ့။

ငါ ယုံရမှာလား ရှင်မင်း။ ယုံလည်း မယုံဘူး။ ရင်ထဲမှာလည်း ယုံနေသလိုပဲ၊ အကြောင်းစုံကို ငါ မသိရပေမဲ့ ကိုနောင် လူကောင်းဆိုတာတော့ ငါ ယုံပါတယ်။ တစ်ယောက်တည်း ရေမျောကမ်းတင် လွင့်ချင်တိုင်းလွင့်နေရတဲ့ နင့်ဘဝကို အတည်တကျ ငါ မြင်ချင်ပြီ။

တစ်လောကလုံးကို စိတ်တိုစရာ ရှုထောင့်ကပဲကြည့်ပြီး၊ အလကား နေရင်း ဒေါသထွက်၊ ယောကျ်ားဆိုတဲ့ အမျိုးအစားကို လောကကြီးမှာ မလိုလားအပ်ပဲ အသက်ရှင်ရပ်တည်နေတဲ့ အပိုသတ္တဝါလို့ မြင်ခဲ့တဲ့ နင့်အမြင် ပြောင်းပြီဆိုရင်လည်း ...

ထစ်ခနဲရှိ စိတ်မဆိုးနဲ့တော့ပေါ့ဟယ်။ ကိုယ်က မကြိုးစားပဲ သူ့ဘာသာ ပြောင်းတာတွေ ပြောင်းကုန်ပြီ ဆိုရင်လည်း လက်ကျန်ပြောင်းသင့်တာတွေလည်း ပြောင်းပစ်ပါတော့လား။ ခုဆို ... နင့်အသက်လည်း နှစ်ဆယ် ပြည့်ပြီပဲလေ။

ငါ့သဘောကတော့ တွေ့ပြီး ဆုံရှင်းလိုက်ကြပါလား။ ပြေလည်ရင်လည်း ကောင်းဖို့ပဲ၊ သည်းခံခွင့်လွှတ်နိုင်တဲ့အဆင့် မဟုတ်တော့လည်း ခွဲရင်းပေါ့၊ ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဖြစ်ကြရတယ် ဆိုပေမဲ့ ဘုရားသခင်ရဲ့ ကြီးမားတဲ့ မဟာကရုဏာတော်ကိုလည်း မေ့မထားပါနဲ့။

ငါ့ဆီကို အကျိုးအကြောင်း ပြည့်ပြည့်စုံစုံ စာရေးပါဦး။ ငါက နင် ရန်ကုန်မှာပဲ ရှိမယ်လို့တော့ ပြောလိုက်တယ်။ လိပ်စာ အတိအကျသာ မပေးလိုက်တာ၊ ကိုနောင် ရန်ကုန်ကို လိုက်လာမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ယုံစာရင်း မဖျက်သေးဘူးဆိုရင်၊ နင့်အကြောင်းတွေ အကုန်လုံး ငါ့ကို သိခွင့်ပေးပါ။ အမြဲသတိရနေတယ်။ နင် ရန်ကုန်မှာ မပျော်ရင်လည်း ငါ့နဲ့လာနေပါ။ နင် စိတ်လေပြီး ထင်ရာတွေ ရွှတ်လုပ်မှာစိုးတယ်။ စိတ်မမြန်နဲ့ ရှင်မင်းရယ်။

နင့်ချစ်တဲ့

ဂျက်စမင်

စာဆုံးသွားသည့်တိုင် တစ်ခေါက် ပြန်ဖတ်မိသေးသည်။ ဂျက်စမင့်စာကို ဖတ်ရတော့ အနားမှာ ဂျက်စမင် ရှိနေသည့်နှယ် ခံစားမိပါ၏။

"ငါ လူတစ်ယောက်ကို ချစ်မိတာ၊ ရှက်လို့ဖုံးထားတာ ခွင့်လွှတ်တော့ ဂျက်စမင်ရေ"

မွေ့ရာထက်မှာ ဘယ်ပြောင်းညာနွဲ့ လူးလှိမ့်ရင်း ဘေးတစ်ဖက်တစ်ချက်ဆီသို့ အားကိုးတကြီး ကြည့်မိသေးသည်။ သုံးထပ်သားဖြင့် ကာရံထားသည့် အခန်းနံရံများကိုသာ တွေ့ရသည်။ ဟိုတုန်းကတော့ ဘယ်ဘက်မှာ ဖြူနွဲ့၊ ညာဘက်မှာ ဂျက်စမင်။ ခန်းမကြီးထဲမှာ တူတူအိပ်ခဲ့ကြတာတွေ။

ခုတော့ ... အရင်းအနှီးဆုံး တွယ်တာစရာဆိုလို့ ကိုယ့်အရိပ်ပဲ ရှိသည်လေ။

အားငယ်နွမ်းခွေစိတ်တို့ အတိုင်းအဆမဲ့ ဖြစ်ထွန်းပါလေ၏။

"မေမေ ဆုံးတော့ လောကထဲမှာ တစ်ယောက်တည်း ကျန်ခဲ့ပါပေါ့လား ဆိုပြီး အားငယ်လိုက်တာ"



"နောက်တော့လည်း ကိုယ့်ဘဝရပ်တည်မှုအတွက်၊ အားမာန်တွေ ကိုယ့်ဘာသာ ...းယူခဲ့ရတယ်"

"ပျော့ညံ့ခြင်းဆိုတာ ရှင်မင်းထွန်း အဘိဓာန်မှာ မရှိဘူးရယ်လို့"

"ဒီသတ္တိတွေဟာ အချစ်မှာ ပျော်ဝင်ပျောက်ဆုံးကုန်ခဲ့ရတယ်၊ အချစ်တစ်ခုကို မှတ်သိပ်ဖွာ တမ်းတမိချိန်မှာ သတ္တိတွေ ညှိုးမှိန် ဖွဲတွေလွင့်ပြယ် အားမာန်တွေပျောက်ဆုံး"

"ခုတော့လည်း အားကိုးရာမဲ့ လိုက်ရပါဘီခြင်းကွယ်"

မေမေ ဆုံးစဉ်ကနှယ် အားငယ်စိတ်နှင့် နွမ်းခွေကျသွားရပါ၏။ ထိုစဉ်ကတော့ ကိုယ့်သတ္တိတွေ ကိုယ်မွေးယူနိုင်ခဲ့၏။ ဟိုတုန်းက မြင့်မိုရ်တောင်ကြီး ပြိုခဲ့တာ၊ မှီခိုရာ အားထားရာ မိခင်ရဲ့ မေတ္တာရိပ်ကြီး ပျောက်ဆုံးတာ အဲသည်တုန်းကတောင် ဖွဲတွေ မာန်တွေ မွေးယူခဲ့သေးတာပဲ။ ခုတော့ ...။

"မေတ္တာရင်ခွင်က ဒုတိယအကြိမ် လွင့်စင်ရသူမို့၊ အားမရှိတော့ပါဘူး ဂျက်စမင်ရယ်"

အချစ်တွင် အနန္တ စွမ်းအားများ ရှိပါ၏။ သိဒ္ဓိအမျိုးမျိုးနှင့် ပြီးပြည့်စုံ၏။ အချစ်၏ ပြုပြင်ဖန်တီးမှုဖြင့် အရာရာကို ပြောင်းလဲစေနိုင်သည်။ ယင်းအချစ် ပျောက်ဆုံးလွင့်ပြယ်လေသည့်အခါမှာ ရှင်မင်းထွန်း ဆိုသော တွယ်ရာမဲ့ မိန်းမသား၏ဘဝသည် သုညအောက်တွင် ဆယ်ကမ္ဘာ။

"မေမေတို့ ဂျက်စမင်တို့ ဖြူနွဲ့တို့ကို ချစ်ရတဲ့အချစ်က လလိုအချစ်မျိုး၊ အေးမြပြီး လန်းဆန်းတယ်၊ အဆိပ်အတောက်ကင်းတယ်၊ ကိုကို့ကို ချစ်ရတာကျတော့ နေလို

www.burmeseclassic.com



အချစ်မျိုး၊ စွမ်းအားပိုများသလို ပူလောင်တယ်၊ ခုတော့ ငါ့ဘဝမှာ နေရဲ့လောင်ကျွမ်းမှုနဲ့ ညှိုးချုံးရပြီကော သူငယ်ချင်းတို့ရယ်"

နေလိုအချစ်မျိုး မပေါက်ဖွားမီက ဘဝကလေးကို ပြန်လည်ရယူချင်စမ်းပါဘိ။ လရောင်မှာပဲ အေးချမ်းငြိမ်သက်စွာ နေလိုက်ချင်စမ်းပါဘိ။ သို့ပေမဲ့ မီးကိုတွေ့ရှိလာသည့် ကမ္ဘာဦးလူသားများ၊ မီးကြောင့် လူနေမှုအဆင့်အတန်းမြင့်ကာ ကုန်ထုတ်စွမ်းအားတွေ ပိုမိုတိုးတက် လာကြရသည်။ ယင်း ... မီး၏ လောင်ကျွမ်းမှုကြောင့်ပင် လူသားတို့ အသက်အိုးအိမ်စည်းစိမ်တို့ ပျက်စီးဆုံးရှုံးရ၏။

စင်စစ် ... အချစ်ဟူသည် မီးတစ်မျိုးပါတည်း။

ရင်ထဲရှိသမျှ ဖွင့်လှစ်ကာ သည်းထန်စွာ ငိုကြွေးလိုက်မိပါတော့သည်။ တစ်ပွင့်ချင်း တစ်စက်ချင်း သက်ဆင်းရာမှ စမ်းချောင်းတစ်ခုနှယ် သွယ်ဖြာသည့် မျက်ရည်တို့က ရှင်မင်းထွန်း ဆိုသော မိန်းမသားကို အတိတ်ဆီသို့ သယ်ဆောင်သွားကြသည်။

တစ်လှမ်းချင်း တစ်ထစ်ချင်းမှသည် အတိတ်လွင်ပြင်ဆီသို့ ရှင်မင်းထွန်း အပြေးတစ်ပိုင်း ဝင်ရောက်နစ်မြုပ်ရတော့သည်။

အတိတ်နွေဦးသည် အပူရှိန် လွန်စွာလျော့ပါးနေပါသတည်း။

❀ ❀ ❀



ထိုကျွန်းက အမြိတ်လေးအရေး

မိုးရွာပုံက ချစ်စရာလေး၊ စိမ်ခဲ၍ ကောင်းရုံသာရွာသည်။ လေတွေ တဝုန်းဝုန်းတိုက်၊ မိုးကြိုးတွေပစ် ဆိုလျှင်တော့ သည်မိုးသံကို ကဗျာဆန်လှသည် မဆိုချင်တော့ပါ။ ခုရွာပုံက အချစ်ကဗျာလေး တစ်ပုဒ်နှယ်။ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြေပြေအေးအေးကလေး ဖြစ်၏။

ဦးပြေအေးက တယ်လီဖုန်းကို စားပွဲပေါ်မှသည် မျှရာပေါ်သို့ ရွှေ့လိုက်၏။ သူ့ခေါင်းအုံးအေားမှာ ဝတ္ထုစာအုပ်နှင့်။ ဒက်ဖနီဂျူမောရီးယား၏ "ရီဘက်ကာ"။

ယောက်ျားသားမို့ အမျိုးသမီးစာရေးဆရာဆိုလျှင် စက်ခဲသည်။ ယ်နစဉ်ကတော့ ဟဲရိုလ်ရော်ဘင်ဆိုလျှင် အသည်းစွဲ၏။ ခုတော့လည်း ဖတ်ရမှာ ရှက်တက်တက် ဖြစ်လာရ၏။

"အဖေလုပ်တဲ့သူက ဟဲရိုလ်ရော်ဘင်စာအုပ်ကို လက်ကြားက မချရင် သားတွေကို ဘယ်လိုထိန်းမလဲ"

သည်အတွေးကြောင့် ဟဲရိုလ်ရော့ဘင် မဖတ်ဖြစ်တာ ကြာပြီ။ စာတ်လမ်းစာတ်အိမ် ကောင်းပေမဲ့ သရေးကြမ်း၏။

www.burmeseclassic.com

www.burmeseclassic.com



ညစ်ညမ်း၏။ သည်တော့ ဆစ်ဒနီရှဲလ်ဒမ်တို့၊ အာသာဟေလီတို့ လောက်သာ ဖတ်ဖြစ်သည်။ ဇနီးသည် ဒေါ်တင်တင်လေး အပြော ကောင်းလွန်းသောကြောင့် ဂျူမောရီးယားစာအုပ်ကို ဖတ်ရန်စိတ် ကူးမိခြင်း ဖြစ်သည်။

"ရီဘက်ကာ ဖတ်ကြည့်စမ်းပါ၊ သိပ်ကောင်းလွန်းလို့ တင်လေးဆို လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက ဖတ် လာတာ၊ အကြိမ်တွေ များလွန်းလို့ အလွတ်တောင်ရ နေပြီ"

မိုးအေးအေးနှင့်ဆိုတော့ ဝတ္ထုဖတ်လို့ အကောင်းဆုံး အခြေအနေ။ ဖိတ်မိပြီဆိုလျှင်လည်း မထချင်၊ တယ်လီဖုန်း ဆို သည်ကလည်း ဆယ့်ငါးမိနစ်လျှင် တစ်ကြိမ်လောက် လာတတ် သည်။ ဖိမ်ပျက်မခံနိုင်။

အစစစီစဉ်ပြီးမှ ဦးပြေအေး အိပ်ရာပေါ်တွင် လှဲချ သည်။ ရီဘက်ကာစာအုပ်ကို ကောက်ကိုင်သည်။ ပထမစာမျက်နှာ ကို လှန်ကာရှိသေး အမြင်အာရုံတွင်းသို့ အခန်းတစ်ဆိုသည့်စာတန်း ဝင်ရုံသာ ရှိသေး ...

"ဂရင် ... ဂရင်"

"လုပ်ပြီ၊ ဒါကြောင့်မို့ ..."

သူ့အစီအစဉ် ကောင်းပေ၍သာ အိပ်ရာထက်မှ မထပဲ ကောက်ကိုင်နိုင်သည်။

"ဟုတ်ကဲ့ ... အမိန့်ရှိပါ"

"ပြေအေး လား"

"ဟုတ်ကဲ့ ခင်ဗျ"



အသက်ငါးဆယ်ကျော် ဦးပြေအေးကို "ပြေအေး" ခေါ်သူသည် အနည်းဆုံး သူ့လိုပင် ငါးဆယ်ကျော်သူ ဖြစ်ရမည်။ ခြောက်ဆယ် ခုနစ်ဆယ်ကျော်လည်း ဖြစ်နိုင်၏။

"ဟဲ့ကောင် ... ပြေအေး"

"မြတ်စွာဘုရား"ဟု တမိ၏။ သူ့အပေါင်းအသင်း မိတ်ဆွေ၊ ဆွေမျိုးအားလုံးထဲတွင် သူ့ကို "ဟဲ့ကောင်"ဟုခေါ်သူ မည်သူရှိသနည်း။

ခုနစ်ဆယ်ကျော် ရှစ်ဆယ်ကျော် ဘကြီးတွေ၊ ကြီး တော်တွေကတောင် "မောင်ပြေအေး"ဟု ခေါ်ကြ၏။ "ဟဲ့ကောင်" ခေါ်လောက်အောင် ရင့်သီးသည့်သူ တစ်ဦးတလေမျှမရှိ။ ပြီးတော့ ဦးပြေအေးတို့အသိုင်းအဝိုင်းက လူကုံထံ ရည်ရည်မွန်မွန် ချမ်းသာ ကြွယ်ဝသည့် အထက်လွှာ အသိုင်းအဝိုင်း။

ပြီးတော့ အသံရှင်က မိန်းမသား။ တိတိပပဆိုရ သော် အသက်အရွယ်အားဖြင့် ဆယ်စုနှစ်ခုပင် ပြည့်ဦးမည်မထင် ရသည့် ဆယ်ကျော်သက်ရွယ် ချာတိတ်မလေးတစ်ဦး၏ အသံဟု ခန့်မှန်းမိ၏။

တစ်ခုခုတော့ မှားပြီထင်၏။

"ဘယ်သူနဲ့ စကားပြောချင်တာလဲ ကလေးမ၊ လူမှားနေပြီ ထင်တယ်"

"ဘာ ... အူကြောင်ကြောင် လုပ်နေတာလဲ၊ ခုစကားပြော နေတာ ပြေအေး မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ် ..."

"ဟုတ်ရင် နားထောင်"

www.burmeseclassic.com

www.burmeseclassic.com



ကြောက်နေရပါလား၊ ပင်ကိုယ်သံ သြသြချိုချိုမှာ ဒေါသ၊ မာန၊ ခက်ထန်မှုများ ပြည့်လျှံကာ မာလွန်း စွာလွန်းနေ၏။

"နင့်ကိစ္စကို နင်လာရှင်းမလား၊ ငါလာရှင်းရမလား"

ဒီသူငယ်မ လွန်လွန်းပြီ။ နင်တွေ ငါတွေလည်း ပါ၏။

"မင်း သိပ်ရိုင်းပါလားကွ၊ မင်းအသက်က ခြောက်ဆယ် ကျော်ပြီး ဆယ်ကျော်သက်အသံကို ကုသိုလ်ထူးစွာ ပိုင်ဆိုင်ထားရင်တော့ ခွင့်လွှတ်ရမှာပေါ့လေ"

"ပြေအေး ... ငါ့ဒေါသကို မဆွနဲ့၊ လူမသတ်ရဲဘူး မှတ်လို့လား"

မြတ်စွာဘုရား ... ဒုတိယအကြိမ် ဘုရားတရပြန်သည်။

"နေပါဦး၊ ကျုပ်က ဘာအပြစ်တွေ ကျူးလွန်ထားလို့ မင်း ဒီလောက် ရိုင်းရိုင်းစိုင်းစိုင်း ပြောနေရတာလဲ"

"နင် လူပါးဝတာကို ဖြူနွဲ့သာ သည်းခံမှာ၊ ငါက မခံဘူး၊ နင် ခုချက်ချင်း လာခဲ့"

"နေ ... နေပါဦး၊ ဖြူနွဲ့ဆိုတဲ့ အမျိုးသမီးကို ကျုပ် ဘာလုပ်မိလို့လဲ"

"ပြေ ... အေး"

ဒေါသသံဖြင့် ကျူးအော်၏။

"ဟုတ်တယ်၊ ပြေအေးတော့ ပြေအေးပဲ"



"နင် အခုချက်ချင်း လာခဲ့၊ ဖြူနွဲ့နဲ့ လက်ထပ်စာချုပ်ကို အခုလာပြီး လက်မှတ်ထိုး၊ နင် မလာရင် ငါ လာမယ်၊ ငါလာလို့ကတော့ နင့်ကိုသက်ဖို့ လာမှာပဲ"

"ဟာ ... ကျုပ်မှာ မယားနဲ့သားနဲ့"

"ဟင် ... နင် ... နင် ... သူများသမီးပျိုကို စော်ကားတုန်းကတော့ စော်ကားပြီး"

"ဟော့ ... ဟော့ ... နေပါဦး၊ မင်း လူမှားတာ သေချာနေပြီ ကလေးမ၊ ကျုပ် ဘယ်တုန်းက ဘယ်သူ့ကိုမှ မစော်ကား ခဲ့ဘူး၊ ပြီးတော့ ကျုပ် လူကြီး၊ မင်း မိုက်မိုက်ရိုင်းရိုင်းတွေ စွပ်စွဲနေ"

"ပြေအေးဆို"

"ဟုတ်တယ်လေ၊ ပြေအေး ဆိုတိုင်း တရားခံဖြစ်ရမလား၊ မြန်မာပြည်မှာ ပြေအေးတွေ ဘယ်နှယောက်ရှိမလဲ၊ စဉ်းစားကြည့်ဦး"

"မြူခိုးဝေ စားသောက်ဆိုင်နဲ့ တည်းခိုရိပ်သာကို ဆက်နေတာ၊ အဲဒီဟိုတယ်ပိုင်ရှင် ပြေအေးကို ပြောနေတာ"

ဗုဒ္ဓေါ ... မြတ်စွာဘုရား ကယ်တော်မူပါ။

"မြူခိုးဝေ စားသောက်ဆိုင်နဲ့ တည်းခိုရိပ်သာ ပိုင်ရှင် ဦးပြေအေးတော့ မှန်တယ်"

"ဒါဖြင့် နင် ဘာလို့ မုန်လာဥ လုပ်နေရတာလဲ"

"မုန်လာဥဝေးလို့ ကော်ဖီထုပ်လည်း မဟုတ်ဘူး၊ ကျုပ် အသက် ငါးဆယ်နဲ့ငါးနှစ်အတွင်း ဘယ်သမီးပျိုမှလဲ မဖျက်ဆီးခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

အံ့သြသံမှာ ဒေါသရှိန် နည်းနည်းလျော့သွား၏။

"ကျွန်တော် သိတဲ့ ဟိုတယ်ပိုင်ရှင် ပြေအေးက အသက် နှစ်ဆယ်ကျော်လေး"

လာပြန်ပြီ။ မိန်းကလေးသံနှင့်ပေမဲ့ "ကျွန်တော်" တဲ့။

"ဒီမှာ ကလေးမ"

"ကျွန်တော် ကလေးမ မဟုတ်ဘူး"

"ကဲ ... ဒါဖြင့်လည်း ကလေးထီးရေ"

"ဦး ... လူကြီးဆိုရင် စကားကို တည်တည်တံ့တံ့ ပြောပါ"

"မင်း တစ်ချိန်လုံး ပြောချင်ရာချည်း ဇွတ်ပြောနေကာယ်။ ကျုပ် ပြောတာလည်း နားထောင်ဦး၊ မင်းတို့ လူလိမ်ခံရပြီ ထင်တယ်။ ဒီဟိုတယ်ကို ကျုပ်ပိုင်တယ်၊ နာမည်က ဦးပြေအေး၊ အသက်က ငါးဆယ်ကျော်၊ မင်းကိုလည်း ကျုပ် မသိဘူး"

ဒေါသတရှိန်ရှိန် တက်စဉ်ကတော့ တစ်ဖက်မှအသံကို သတိထားမိတန် မတူပါ။ သေသေချာချာ နားထောင်တော့မှသည်း လူကြီးသံမှန်း သိသွားပုံရ၏။ ခေတ္တမျှ နှုတ်ဆိတ်ကာ တွေဝေသွားပုံရသည်။

"ဦး တစ်စုံတစ်ယောက်ကို အကာအကွယ် ပေးနေတာ"

"စွပ်စွပ်စွဲစွဲ"

"ဦးက မန်နေဂျာလား"

"ပိုင်ရှင်"

"ပိုင်ရှင် ပြေအေးက အသက်နှစ်ဆယ်ကျော်ပဲ ရှိသေးတယ်"



"ဒီဟိုတယ်နာမည်ကို အလွဲသုံးစားလုပ်ပြီး လိမ်တာကို၊ မင်းတို့ ခံရပြီ"

"မဟုတ်ဘူး၊ အဲဒီမှာ လာစားသောက်စဉ်က မန်နေဂျာက ပိုက်ဆံတစ်ပြားမှ မယူလိုက်ဘူး"

ဦးပြေအေး စဉ်းစားရပါပြီ။ ဆွေအေး ... ဒီကိစ္စ သူ သိနိုင်သည်။

"မန်နေဂျာက ကျုပ်ညီ ဆွေအေး၊ သူလည်း အသက်ငါးဆယ်လောက်ပဲ"

"ဒါဆို ရှင်းပြီ၊ ဦးသား ပြေအေးကို ခေါ်ပေးပါ"

"ဘယ့်နှယ်လဲ သူ မဟုတ် သူ့အဖေဆိုတဲ့ စကားပုံသာ ရှိပါတယ်။ ခုတော့ မင်းတို့ အရှုပ်တော်ပုံမှာ ကျုပ်မဟုတ် ကျုပ်သား ဖြစ်နေရသလား"

ပြောမဲ့သာ ပြောရ၊ ဦးပြေအေး လေသံတော့ နည်းနည်းပျော့သွားရပါပြီ။ တစ်မိနစ်လျှင် မိုင်ပေါင်းတစ်ကုဋေနှုန်းဖြင့် ဦးနှောက်ကို အလုပ်ပေးရ၏။ သားနှစ်ကောင်အနက် တစ်ကောင်ကောင်တော့ ရှုပ်ထားပြီ ထင်သည်။

"ဦးရဲ့သား ပြေအေးကို ခေါ်ပေးပါ၊ ခန့်ညား ဆိုရင် သူ မတွေ့ပဲ မနေရဲဘူး"

"ကျုပ်သား နာမည် ပြေအေး ဖြစ်နိုင်မလားကွ၊ အဖေ ပြေအေး သားပြေအေး မှည့်ရအောင် ကျုပ်တို့မြန်မာမှာ ဝေါဟာရ ဒီလောက်မဆင်းရဲဘူး"

"မပြောတတ်ဘူး၊ ဦးရဲ့သားနဲ့ စကားပြောချင်တယ်၊ ခေါ်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မှာ သားနှစ်ယောက်ရှိတယ်၊ ဘယ်သားလဲ"

"ပြေအေး ပါတဲ့သား"

"ကျုပ်သားချည်းပဲဟာ၊ နှစ်ယောက်လုံးမှာ ပြေအေးပါတယ်"

"အဲဒီ ပြေအေး နှစ်ယောက်ထဲက လှယုတ်မာ ပြေအေး"

"ဒီမှာ သူငယ်မ"

"ကျွန်တော် သူငယ်မ မဟုတ်ဘူး"

"သူငယ်ထိး ... အဲ ... အဲ ... သူငယ်"

"မနောက်နဲ့ဗျ၊ ဒေါသထွက်လာရင် လူကြီးကို မိုက်မိုက်ရိုင်းရိုင်း ပြောရသလား ဖြစ်နေဦးမယ်"

မိန်းမသံလေးက "သူငယ်မ" မဟုတ်ပါဘူးဆိုတော့ "ယောက်ျားလျာ"ကလေး ဖြစ်နိုင်၏။

"ကျုပ်မှာ သားနှစ်ယောက်ပဲ ရှိတယ်၊ ဇော်ပြေအေးနဲ့ ကျော်ပြေအေး၊ လှယုတ်မာပြေအေး ဆိုတာ မရှိဘူး။ သားကလည်း သုံးယောက်မဟုတ်ဘူး။ တတိယသား ရှိရင်တောင် မော်ပြေအေးတို့ ဘာတို့ပဲ မှည့်ချင်မှည့်မယ်၊ ဘယ်မိဘမှ ကိုယ့်သားကိုယ် လှယုတ်မာပြေအေးလို့ မမှည့်ဘူး ... ဒါပဲ"

စကားပြောခွက်ကို ခွပ်ခနဲ ချပစ်လိုက်တော့သည်။ ဦးပြေအေး ရင်ထဲမှာ မောသွားရ၏။ စိတ်ထဲမှာ ညစ်ညူးသွားရ၏။

သားကြီးနှင့်သားငယ်၊ ဘယ်သားက ပြဿနာစခဲ့ပြီလဲ။ တစ်ဖက်မှ မိန်းကလေး၏ တိကျမာကျောသည့် လေသံနှင့် စကားအသွားအလာတို့ကြောင့် တစ်ခုခုတော့ တစ်ခုခုပဲဟု တွေးမိ၏။ ပြဿနာမရှိပဲတော့ သည်မျှအတိအကျ မစွပ်စွဲတန်ရာ၊ သည်ကိစ္စ ဆွေအေး သိနိုင်သည်။



အချစ်ကဗျာတစ်ပုဒ်နှယ် ဖွဲ့ဖွဲ့နွဲ့နွဲ့ ဇွဲရှာနေသည့် မိုးသည် ဦးပြေအေးကို အိပ်ရာထက်တွင် ဝတ္တုဖတ်ရင်း ဇိမ်ခံနေဖို့ မစွမ်းဆောင်နိုင်တော့ပြီကော။

⁂ ⁂ ⁂

"ဂရင်ရင် ဂရင်ရင် ... ရင်"

ဒေါ်တင်တင်လေး ကော်ဖီဖျော်ဆဲက တယ်လီဖုန်းမြည်သံ ကြားရ၏။ ဦးပြေအေး ကိုင်မှာပဲဟူ၍ ကော်ဖီကို ဆက်ဖျော်နေသည်။

မိုးအေးအေးမှာမို့ နက်စ်ကဖီး ခါးခါးဆိမ့်ဆိမ့်ကလေးဖြင့် ခင်ပွန်းသည်ကို ပြုစုချင်သည်။ အောက်ထပ်စားသောက်ဆိုင်မှ လှမ်းမှာလည်းရနိုင်သည်။ စားသောက်ခန်းမမှာက တရုတ်စာ ကုလားစာ မြန်မာစာ ထမင်းဟင်း အစုံအလင် အပြင် အရက်မှ လွဲ၍ အပူအအေးနှင့် မုန့်မျိုးစုံပါရသည်။

ဆင်းသွားပြီး စားသောက်လျှင်လည်း ရ၏။ သို့သော်မဲ့ ကိုယ်တိုင်ဖျော်မတိုက်လျှင် ဦးပြေအေးက မျက်နှာမျက်ချင်ချင်။

"ကိုယ့်မိန်းမလက်နဲ့ထိမှ ပိုအရသာရှိတယ်"

ညာခိုင်းမှန်း သိပေမင့် ဒေါ်တင်တင်လေး လိုလိုချင်ချင် ဆောက်ရွက်မြဲပါ။ ဇနီး၏ အယုအယကို အလွန်မက်မောသည့် ခင်ပွန်းသည်ကို ပြုစုရာ၌ ဒေါ်တင်တင်လေး ကြည်မွေ့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဂရင်ရင် ... ရင်။ ဂရင် ... ရင်"

"ကိုအေးရေ ... ဖုန်းလာနေတယ်လေ"

ဦးပြေအေးထံမှ တုံ့ပြန်သံ မကြားရ။ ဖုန်းကလည်း ထခုန်တော့မလောက် ပြင်းထန်စွာ မြည်ဆဲ။ ဒေါ်တင်တင်လေး အမည်နှင့် လိုက်ဖက်စွာ ရုအိုင့်သည့် ဝမ်းဗိုက်နှင့် ပြည့်ဖိုင့်သည့် တင်ပါးတို့ကို လေးပင်စွာ သယ်မလာရ၏။

"စောစောကပဲ အိပ်ရာပေါ် ရှိသေးတယ်"

"အိမ်သာတက်ပြီ ထင်တယ်"ဟု တွေးလိုက်မိ၏။ ဦးပြေအေးတို့က အိမ်သာတစ်ခါတက်လျှင် ဝတ္ထုစာအုပ်တစ်အုပ်ကို အနည်းဆုံး လေးပုံတစ်ပုံတော့ ပြီးအောင်ဖတ်လေ့ရှိသည်။

"ဟုတ်ကဲ့ ... အမိန့်ရှိပါ"

"ဇော်ပြေအေးနဲ့ ကျော်ပြေအေးကို ခေါ်ပေးပါ"

"အလို"

ဒေါ်တင်တင်လေး မျက်လုံးပြူးသွားရ၏။ တစ်ဖက်သံက မိန်းကလေးသံ။ သည်မိန်းကလေးက သားနှစ်ယောက်လုံးကို တစ်ပြိုင်တည်း တွေ့ချင်သတဲ့လေ။ "မြတ်စွာဘုရား" ဘယ့်နှာပါလိမ့်။

"ဘယ်သူနဲ့ တွေ့ချင်တာလဲ ကလေးမ"

"လုပ်ပြန်ပြီ၊ ကျွန်တော် ကလေးမ မဟုတ်ဘူး"

"ဟင်"

မိန်းကလေးသံက "ကလေးမ"မဟုတ်ဘူးဆိုပဲ။ အဘွားကြီးလား၊ ဆယ်ကျော်သက် အသံမျိုးလေးကို ကံထူးစွာ ပိုင်ဆိုင်ထားသည်ဆိုလျှင် "ဘယ်ဆေးတွေများ မှီဝဲထားသလဲ"ဟု ဒေါ်တင်တင်လေး မေးချင်မိ၏။ အသံကောင်းဆေးသာ စားနိုင်ခဲ့လျှင် ကိုအေး အတွက် အချစ်သီချင်းတစ်ပုဒ်လောက် "ဟစ်"ပြချင်၏။



ခုဆို ... သီချင်းမဆိုဖြစ်တာတောင် ကြာပြီ။ အသံက အက်တက်တက်ရှတတ၊ ဩတောတော ဖြစ်လာပြီမို့ တစ်ခါတစ်ရံ ငယ်မူပြန်ကာ၊ ဖီလင်အပြည့်နှင့် ဆိုမိသည့်တိုင် ခင်ပွန်းနှင့် သားနှစ်ယောက်က ဝိုင်းဟားလိုဟား။

"ဇော်ပြေအေးနဲ့ ကျော်ပြေအေးကို ခေါ်ပေးပါ"

"နှစ်ယောက်လုံး မရှိကြပါဘူးရှင်"

ကလေးမ မဟုတ်ဘူး ဆိုထားသည်ကိုး၊ ရွယ်တူတန်းတူဆိုတော့ လေးစားမှု ရှိရမည်လေ။

"ရှောင်တာလား"

အသံက မာစွာစွာမို့ ဒေါ်တင်တင်လေး စိတ်တိုစပြု၏။ သူ့အသိုင်းအဝိုင်းမှာ သူ့ကို မာရေကျောရေ ပြောမည့်သူ တစ်ဦးမျှ မရှိ။

"ဘာကိစ္စ ရှောင်ရမှာလဲ၊ ရှောင်စရာ မလိုဘူး၊ ကိစ္စရှိရင် မှာခဲ့၊ မမှာချင်လည်း ရတယ်"

မိန်းမသားဗီဇပဲလေ။ တစ်ဖက်က စွာလာတော့ ခပ်မာမာ ပြန်ပြောဖြစ်၏။

"ခန့်ညား ဖုန်းဆက်တယ်လို့ ပြောပါ။ ချက်ချင်းတွေ့ချင်တယ်လို့၊ လာချင်လာ၊ မလာရင် လိုက်လာမယ်လို့၊ သွေးထွက်သံယို မဖြစ်ချင်ရင် ကိုယ့်တာဝန် ကိုယ်လာယူလို့၊ မလာခင် ဖုန်းကြိုဆက်ပါလို့၊ ဖုန်းနံပါတ်က -----"

www.burmeseclassic.com



"ဘယ်လိုလဲ မာရေကျောရေနဲ့၊ ရိုင်းစိုင်းလှချည်လား"

"ယုတ်မာတဲ့သူအတွက် စကားလုံးရိုင်းရိုင်းနဲ့ပဲ တန်တယ်"

"ဘယ်သူလဲ ယုတ်မာတာ"

"ပြေအေး"

"ဘယ်သူ"

"ဖော်လား ကျော်လားတော့ မသိဘူး။ ကျွန်တော် သိတာကတော့ ပြေအေးပဲ၊ ခန့်ညား ဆိုရင် သူသိတယ်"

"ဘာ ... ပြေအေး၊ ဟုတ်လား"

"ဟုတ်တယ်၊ လူယုတ်မာ ပြေအေး"

"နေ ... နေပါဦး၊ ဘာတွေ ဘယ်လိုယုတ်မာတာလဲ"

"ကျွန်တော့်သူငယ်ချင်း မိန်းကလေးကို ... ... ..."

"အမယ်လေး ... ရက်စက်လှချည်လား ကိုအေးရှယ်"

ဦးဆွေအေးနှင့် စကားပြောဆို မေးမြန်းပြီး ပြန်တက်လာခဲ့သည့် ဦးပြေအေး၊ ခုတင်ခြေရင်းတွင် ခွေခွေကလေး လဲကျနေသည့် ဒေါ်တင်တင်လေးကို ပြေးပွေ့လိုက်ရပါတော့သည်။

"တင်လေး ... တင်လေး"

မိုးသည် အချစ်ကဗျာတစ်ပုဒ်နှယ် ဖွဲ့နွဲ့စွာ ရွာဆဲ။

☙ ☙ ☙



"ရယ်ရတယ်ဟ တကယ် ဟားရတယ်၊ ဟေး ... ဟေး"

သူ့ရယ်ပုံက သဘာဝတရားနှင့် ဆန့်ကျင်စွာ ပေါ်ထွက်လာသည်။ ကရင်ပတ်ဖိ မှန်ဗိုင်းကလေးထောင်ကာ မျက်ခုံးမွေးကို တစ်ပင်ချင်းနုတ်၊ ပုံကျအောင် သတိထားနေရသည့်ကြားမှ မကျေမနပ် ဖြစ်သွားရသည့် ဂျက်စမင်က မျက်ခုံးနှစ်ခုကို အတွန့်ချိုးပစ်သည်။

"နင် ရယ်ပုံကလည်း"

ဂျက်စမင်က သူ့ဘက်သို့လှည့်၍ အပြစ်တင်သည့် မျက်နှာပေးနှင့် ရှုံ့ပြ၏။

"ဘာဖြစ်လဲ"

"ဟေး ... ဟေး ... တဲ့"

"ငါ့ပါးစပ်နဲ့ ငါရယ်တာ ဟေး ဟေး ဖြစ်ချင်ဖြစ်မယ်၊ ဟား ဟား ဟီး ဟီး ဖြစ်ချင်ဖြစ်မယ်၊ ဟိုး ဟိုး ဟောင်း ဟောင်း ဖြစ်တော့ကော နင့်အပူလား"

"နင်တို့ ငါတို့ အရွယ်တွေ ရယ်ရင် ခစ်ခစ်၊ အလွန်ဆုံးမှ ခွိုးခွိုးပေါ့ဟာ"

"ဟ ... ရယ်သံမှာ ပညတ်ချက်တွေနဲ့လား"

"အေး ... မိန်းကလေးဆိုတာ အရွယ်ရောက်တာနဲ့ အပြောအဆို၊ အနေအထိုင်၊ ရယ်သံ၊ ပြောတဲ့စကားလုံးကစပြီး ရွေးရတယ်ဟ"

www.burmeseclassic.com

www.burmeseclassic.com



"တော်စမ်းပါ"

ဂျက်စမင်က ဝင့်ခနဲ ပြုံး၏။ သူ့မျက်နှာကျတော့ အိုကျသွားသည်။ သူ့ကို မိန်းကလေးအဖြစ် ပုံသွင်းခံရတိုင်း ဒေါသထွက်စမြဲ မဟုတ်လား။ ဂျက်စမင်ကလည်း "မိန်းကလေး" ဆိုသည့် အပြစ်ကို မမေ့မလျော့စေရအောင် အမြဲနှိုးဆွ၏။

"ဂျက်စမင်နော် ... နင်မို့လို့ပေါ့၊ သူများဆို ငါ မျက်ခွက်ကြီး စွတ်ထိုးမှာ"

"အဲဒီလို ရန်ဖြစ်ချင်ရင်တောင် မိန်းမဆိုတာ လက်သီးနဲ့ မထိုးဘူး၊ ပါးချတာပဲ"

"ဂျက် ... စမင်"

ဒေါသဖြင့် အော်၏။ သူ့မျက်နှာဖွေးဖွေး လက်လက်မှာ ပန်းသွေးရင့်များဖြင့် ,ရဲတက်လာသည်။

"ငါ့ကို ဒေါသဖြစ်အောင် မစနဲ့"

"နင် ဒေါသဖြစ်တယ်လား"

သူက သူထိုင်နေသည့် မွေ့ရာကို လက်သီးဖြင့်ထိုးသည်။ သူ သည်မျှခံစားရပြီ ဆိုတော့လည်း ဂျက်စမင် အလျှော့ပေးရပါဦးမည်။ သည်အဆောင်မှာ အချစ်ဆုံးသူငယ်ချင်းဆို၍ သုံးယောက်တည်းဆိုတော့ တစ်ဦးနှင့်တစ်ဦး ညီအစ်မအရင်းတွေထက် ပိုချစ်ကြသည်လေ။

"ဒါဆို ... နင် ဒီနေ့ ဒေါသဖြစ်ရတာ နှစ်ခါရှိပြီ"

"အေးပေါ့ ... မနက်ကလည်း ပြေအေးဆီဆက်တာအကြောင်းကြောင်း လုပ်နေကြတယ်၊ နင်တားလို့သာ၊ မဟုတ်ရင် ငါ သွားသတ်ပြီ"



"ဘာလုပ်မလဲ၊ သူသေတော့ကော ပြဿနာက ပိုရှုပ်ဦးမယ်၊ နင်လည်း ထောင်ကျမယ်"

"ငါ့သူငယ်ချင်းအတွက် ငါ ထောင်ထဲသွားနေရလဲ ဘာဖြစ်လဲ"

"နင်က ဘယ်ထောင်ထဲဝင်မှာလဲ ယောကျ်ားထောင်လား၊ မိန်းမထောင်လား"

"ခွေးမ ... ဂျက်စမင်၊ သေပေတော့"

သူ ဝုန်းခနဲ ခုန်ထသည်။

"ဟာ ... ကြောက်ပြီ၊ ကြောက်ပြီ၊ ရှင်မင်း ... နင့်ကိုချစ်လို့ စတာ"

ရှင်မင်း တဟားဟား ရယ်ပြန်၏။

"တကယ်မလုပ်ပါဘူးဟာ၊ နင်ကလည်း ကြောက်တတ်လိုက်တာ၊ ရှင်မင်းလို့သာ မခေါ်နဲ့"

"ဒါတော့ ... နင် ငါ့ကို သတ်ချင်လည်းသတ်၊ ရှင်မင်းထွန်းဆိုတဲ့ နာမည်လေးကို ငါ သိပ်ကြိုက်လို့ အသေခံပြီး ခေါ်မှာပဲ"

"ခေါ်ဟာ ... ခေါ်ဟာ"

ရှင်မင်းထွန်း အိပ်ရာပေါ်သို့ ဝုန်းခနဲလှဲချလိုက်တော့သည်။ ဒူးနှစ်ဖက်ကိုထောင်၊ တစ်ခုကတစ်ခုသို့ပြန်ချိတ်၊ လက်တစ်ဖက်က ရင်ဘတ်ပေါ်မှာ အခြားတစ်ဖက်က နဖူးပေါ်မှာ၊ ရှပ်အင်္ကျီပွပွနှင့် ဂျင်းဘောင်းဘီတို့ ဝတ်ထားပေမင့် ဝင်းစက်နေအောင်လှသည့် ရှင်မင်းထွန်း၏ မိန်းမသားအလှတို့မှာ နမြောတမ်းတဖွယ် ကောင်းလောက်အောင် ပေါ်လွင်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်မင်းရယ် ... မိန်းကလေးလိုများဝတ်ရင် လှလိုက်မဲ့ဖြစ်ခြင်း" ဂျက်စမင် ဖွင့်မပြောရဲသောကြောင့် ရင်ထဲမှာပင် မျိုထားလိုက်ရပါတော့သည်။

"ဒါနဲ့ ... စကားပြတ်သွားတယ်၊ စောစောက နင်ရယ်တာ ဘာကိုလဲ"

"လောကကြီးကို"

"လောကကြီးက ဘာဖြစ်နေလို့လဲ"

"ငါ့ရဲ့အုပ်ထိန်းသူဆီက စာလာတယ်လေ၊ ငါ့ကို ယောကျ်ားပေးစားမလို့တဲ့"

ဂျက်စမင် ခစ်ခနဲ ရယ်သည်။

"ကဲ ... နင်လည်း ရယ်ပြီမဟုတ်လား၊ မိန်းမပေးစားရင်မှ ဟုတ်တုတ်တုတ်"

"ခက်တော့ ခက်နေပြီ ရှင်မင်း"

ဂျက်စမင် တခစ်ခစ်ရယ်တော့ ရှင်မင်းထွန်းလည်း မနေနိုင်တော့ပဲ လိုက်ရယ်သည်။ သို့ပေမင့် ချိုလွင်သည့် ခွီးခွီး ခစ်ခစ်သံလေးများ မဟုတ်ပါ။ ဟေးဟေးဟားဟားနှင့် ယောကျ်ားစတိုင်ချိုးထားသည့် ဆယ်ကျော်သက် မိန်းမသားသံကလေးဝါတည်း။

ရှင်မင်းထွန်း ရယ်လျှင် မည်သည့်အခါမျှ အချိုးမကျတတ်။

"တကယ်တော့ ယောကျ်ားယူတယ်၊ မိန်းမယူတယ်ဆိုကာ ဟာ အလကား အလုပ်ဟာ၊ အလုပ်မရှိ အလုပ်ရှာ၊ ဒုက္ခမရှိ ဒုက္ခရှာ၊ ဟော့ ... ဂျက်စမင်"



"ဘာလဲ"

"နင့်ကော ရည်းစားရပြီလား"

"ငါက ဘွဲ့ရရင် သံတောင်ကိုပြန်ပြီး သာသနာပြုရဦးမယ်"

ဂျက်စမင်သည် ခရစ်ယာန်ဘာသာဝင် ကရင်မလေးဖြစ်ပါ၏။ မိဘမဲ့မို့ အသင်းတော်၏ ထောက်ပံ့မှုဖြင့် ရန်ကုန်တက္ကသိုလ်မှာ ကျောင်းလာတက်သည်။ အဆောင်မရသောကြောင့် "ဣန္ဒိနီလာ"အမျိုးသမီးဆောင်မှာ လာနေရင်း ရှင်မင်းထွန်းတို့နှင့် ခင်မင်ရင်းနှီးရခြင်း ဖြစ်လေသည်။

"ဒါနဲ့များ အလကားနေရင်း မျက်ခုံးမွေးနုတ်၊ နှုတ်ခမ်းနီဆိုးနဲ့"

"ဒါတော့ ... နင့်လိုမှ မည်းစိမ်းတန်း မျက်ခုံးလေးမရှိပဲကိုးဟ၊ အပြားကြီးတော့လည်း နုတ်ရတယ်"

"အပိုတွေ"

"ထားပါတော့"

"ဖြူနွဲ့ ... အိုဗာတိုင်း ဘယ်အချိန်ပြီးမလဲ"

"တစ်နေကုန် ပြောတာပဲ၊ လေးနာရီခွဲပေါ့"

သည်နေ့က တနင်္ဂနွေနေ့ပါ။ ကျောင်းပိတ်၍ ဂျက်စမင် ကျောင်းမတက်ရ။ ရုံးတစ်ရုံးတွင် လက်နှိပ်စက် စာရေးမလေးဖြစ်သူ ဖြူနွဲ့က သည်နေ့ အိုင်ဗာတိုင်ရှိသည်မို့ ရုံးသွားရသည်။

"အဆောင်မှာနေရင် အလကားနေရင်း ငိုချည်းနေလို့ တမင်တိုက်တိုက်တွန်းတွန်း လွှတ်လိုက်တာ၊ လေးနာရီနားနီးရင် နင် သွားကြိုမှာ မဟုတ်လား ရှင်မင်း"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဖြူနွဲ့ကိုပဲ သတ်ချင်တယ်"

"နင် စိတ်နဲ့လျှောက်သတ်နေတာ လူတွေများလှပြီ နင့်ကိုယ်နင် သိုင်းသမားများ မှတ်နေလား"

"သိုင်းသမား အကျော်အမော် မဟုတ်ပေမဲ့ ခြေအေးလောက်တော့ ကိုင်ပေါက်နိုင်တယ်"

"လာပြန်ပြီ၊ ဖြူနွဲ့က တရားခံခြေအေးလို့ ပြောလို့လား"

"သူပဲရှိတယ်"

"စိတ်ထင်တိုင်း လျှောက်မလုပ်နဲ့ဟာ"

"ဖြူနွဲ့ကိုက မြစိစိနဲ့ စိတ်ထင်တိုင်းသာ လုပ်ကြေးဆိုရင် သူ့ရင်ဝကို ဓားချွန်နဲ့ မွှေထုတ်ချင်တယ်"

"ဘုရားသခင် ... ဘာဖြစ်လို့လဲ"

ဂျက်စမင် ဘုရားတရာ၏။

"သူ့ရင်ထဲက အမြုတွေ ပွင့်ထွက်လာအောင်"

"ငါ ချော့မေးပါ့မယ်"

"ချော့တဲ့ အလုပ်ကိုတော့ ငါ မရဘူး။ အကြမ်းပတမ်းဆိုရင် လာခဲ့"

"နင့်တော့ ယုံပါတယ်"

ဖြူနွဲ့ ကိစ္စတွင် ဂျက်စမင်က သွေးအအေးဆုံးဖြစ်၏။ သူက လူကြီးလည်း ဆန်သည်။ အစစအရာရာကို ချင့်ချိန်ညှိနှိုင်းပြီးမှ အကောင်းဆုံးအဖြေကို ရှာချင်သည်။ မျက်ရည်တွင်တွင်ကျကာ စကားတစ်လုံးမျှ ပွင့်ထွက်မလာသည့် ဖြူနွဲ့ကိုသနားစိတ်ဖြင့် ကူညီလို၏။ သို့ပေမဲ့ ပြည့်စုံစွာ နားမလည်မီ ဆုံးဖြတ်ချက်မချချင်ပါ။ ရှင်မင်းထွန်းတို့ကတော့ လေဖမ်းဝါးရန်းချီကာ လူသတ်



ညီတကဲကဲ။ ဂျက်စမင် တားလွန်းလို့သာ။ ဖြူနွဲ့ကကျတော့ မျက်ရည်မှတစ်ပါး အခြားမည်သည့်အရာမျှ ပွင့်ထွက်မလာခဲ့။

"နင့်ဆိုင် ရောင်းကောင်းလား"

ရှင်မင်းထွန်းက တကယ်တော့ လခစား အရောင်းစျေးသည်မလေး။ သူ့ဆိုင်တွင် လက်ပွေ့အိတ်မျိုးစုံ၊ ခေါက်ထီးများ၊ ထရိုင်ဇယ် အပါအဝင် ဆွယ်တာအမျိုးမျိုးအစားစား၊ နိုင်ငံခြားဖိနပ်များ စသည့် အဖိုးတန် စျေးကြီးအလှအပပစ္စည်းတွေနှင့်သည်။ ဆိုင်ရှင်လင်မယားအနက် အမျိုးသမီးကသာ ဆိုင်ထိုင်၊ အမျိုးသားကျတော့ ပစ္စည်းကောက်၊ အဆက်အသွယ်များ ရှိရာသို့ လိုက်ရသည်။

"ကောင်းတယ်"

"ဦးအောင်စိုးသိန်းက သူ့မိန်းမကို နင်နဲ့မှ စိတ်ချတယ် ထင်ပါရဲ့"

"ကောင်စုတ် ... ငါ ထ,တီးလိုက်ရ"

"ရိုးရိုးသားသား ပြောတာပါဟယ်"

ဦးအောင်စိုးသိန်း၏ ဇနီး ဒေါ်သီရိဝင်းက အရွယ်ငယ်သည်နှင့်အမျှ လှသည်။ စင်စစ် ဦးအောင်စိုးသိန်း ကိုယ်တိုင်လည်း ငယ်ပါသေးသည်။ လက်ထပ်ပြီးစ ဇနီးမောင်နှံ၊ သားသမီးမရကြသေး။ သူတို့လက်ထပ်တော့ ဒေါ်သီရိဝင်း မိဘများက ဗိုလ်ချုပ်စျေးမှာ ဆိုင်ခန်းတစ်ခန်း ဝယ်ပေးသည်။

ဦးအောင်စိုးသိန်း မိဘများက ဆိုင်ပေါ်တင်ရန် ပစ္စည်းဝယ်ဖို့ ငွေထုတ်ပေးသည်။ သည်လင် သည်မယား လုပ်ကိုင်စားကြတော့၊ ဦးတွေ ဒေါ်တွေ တပ်နေရပေမဲ့ သူတို့နှစ်ဆယ်ကျော်

www.burmeseclassic.com

www.burmeseclassic.com



ရုံကလေးများသာ၊ အသက်အနည်းငယ်သာ ကြီးသူ ဦးအောင်စိုးသိန်းက သုံးဆယ်ပြည့်ရန် သုံးလေးနှစ် လိုသည်။

"ဆိုင်က အရောင်းသွက်တယ်၊ တစ်ယောက်တည်း မနိုင်ဘူးလေ"

"ပျော့ပျော့ပျောင်းပျောင်း မိန်းမသားချည်းနှစ်ယောက်ဆို အလစ်သမား ဘာညာ ကြောက်ရဦးမယ်၊ ယောကျ်ားလေးဆိုပြန်လည်း သူ့မိန်းမနဲ့ စိတ်မချပြန်ဘူး၊ နင့်ကျတော့ အံဝင်ခွင်ကျလွန်းတယ်"

"ဂျက်စမင် ... ငါ စိတ်တိုနေတဲ့အချိန်မှာ နင် ရန်စကားတွေချည်း ပြောနေတယ်"

"စိတ်မဆိုးနဲ့ ရှင်မင်း၊ နင့်ကို ငါ ပုံမှန်ဘဝမှန် မြင်ချင်တယ်၊ နင့်အုပ်ထိန်းသူကြီး ပြောတာ၊ နင် စဉ်းစားသင့်တယ်၊ နင့်ဘဝကို ရေမျောကမ်းတင် မမြင်ချင်ဘူး၊ အခြေတကျ မြင်ချင်တယ်၊ ငါ့စေတနာကို နင် နားလည်ဝါဟာ"

ဂျက်စမင်က သနပ်ခါးကျောက်ပြင်များ တင်ထားသည့် စားပွဲအား ကုလားထိုင်ထက်မှ ထလာသည်။ ရှင်မင်းကွေးလှဲနေသည့် ခုတင်စွန်းမှာ လာထိုင်သည်။

"နင့်ကို ငါ ချစ်လို့ပါ ရှင်မင်းရယ်"

"ဒါဖြင့်လည်း ငါ့ကိုယူ၊ လက်ထပ်ကြစို့"

"ဖြစ်ရင် တကယ်ယူပါတယ်"

"ဘာလို့ မဖြစ်ရမှာလဲ"

"အသိခေါက်ခက် အဝင်နက်နေတာပဲ ရှင်မင်းရာ"



ဂျက်စမင် စိတ်ညစ်သွားမိသည်။ ခုပဲ ဖြူနွဲ့ကိစ္စကို ကြည့်၊ ဒါတောင် ဖြူနွဲ့က မိန်းမသားပီပီ ဝိုင်းကောင်းကျောက်ဖိလေးပါ။ သို့ပေမဲ့ ပြဿနာရယ်လို့ ဖြစ်လာတော့ မိန်းမသားဟူသည် နစ်နာသည့်ဘက်ကချည်း မဟုတ်လား။ ရှင်မင်းထွန်းဆေါင်းသင်းသည်များက ဂျက်စမင်နှင့် ဖြူနွဲ့မှလွဲလျှင် သူ့ဆိုင်ရှင်ဒေါ်သီရိဝင်း တစ်ယောက်သာ မိန်းမသားပါသည်။

"နင့်ပတ်ဝန်းကျင်က ကောင်လေးတွေဟာ ငါ့မျက်စိထဲတော့ လမ်းသရဲချည်းပဲ"

"ဈေးသည်ဟာ၊ လူပေါင်းစုံနဲ့ ပေါင်းရတယ်၊ ဦးအောင်စိုးသိန်း မရှိတဲ့အချိန် ဆိုင်အထိ ပစ္စည်းလာသွင်းတော့လည်း ငါပဲ ပြောရဆိုရတာ၊ သူ့မိန်းမနဲ့ ပြောဆိုရင်လည်း ငနဲကြီးက နှာကစ်သေးတယ်"

"ဘာပဲဖြစ်ဖြစ် ရှင်မင်းရာ၊ ဖြူနွဲ့ကိစ္စကို တို့ ဘယ်လောက်အကြံရကျပ်နေသလဲ၊ နင်ပါ တစ်ခုခု ထပ်ဖြစ်ရင် ..."

"ဂျက်စမင်"

ရှင်မင်းထွန်း ခုန်ထသည်။

"နင် စော်ကားလွန်းပြီ"

ဂျက်စမင် ခေါင်းခါပြသည်။

"အမှန်ကို ဘာဖြစ်လို့ ဖုံးကွယ်ထားချင်သလဲ ရှင်မင်း၊ နင် ဟိုကောင် ကျော်သိန်းဦးနဲ့ လက်လှဲတာ နင်နိုင်တယ်ထင်လား၊ နင့်ကိုယ်နင် ဘယ်လိုထင်ထင် ဘေးလူက နင်ထင်သလို မဖြစ်ဘူး။ ပြီးတော့ ... နင် သိပ်လှပါတယ် ရှင်မင်းရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"တော်ဟာ ... ဖြူနွဲ့ကိစ္စပဲ နင့်ခေါင်းထဲမှာထား၊ ငါ့ကို မပူနဲ့၊ နုပဲ မမမျိုးက ဖြူနွဲ့ကို အကဲဝတ်လုပြီ၊ အဲဒါဘာယ် လိုလုပ်မလဲ"

"ထားပါတယ်၊ ဖြူနွဲ့က ပြဿနာဖြစ်ပြီ၊ ဝေဒနာတက် ပြီမို့ ဆေးကုရမယ် ရှင်မင်း၊ နင့်ကိုကျတော့ ကာကွယ်ဆေး ထိုးချင်တာမျိုး"

"နင်ကိုယ်တိုင်ကျတော့ကော"

"တူတူပေါ့၊ မိသားစုထဲမှာ တစ်ယောက် သွေးလွန်တုပ် ကွေး ဖြစ်ပြီဆိုရင် တစ်အိမ်လုံး ဆေးဖျန်းရမှာပဲ၊ ငါ့ကိုယ် ငါလည်း ပိုထိန်းမှာပဲ"

"ပြဿနာဖြစ်တာက ဖြူနွဲ့၊ နားပူနေရတာက ငါ"

"ရောဂါပိုးတစ်ခုဟာ တို့သူငယ်ချင်း သုံးယောက်ထဲကို ဝင်လာပြီ။ တစ်ယောက်ဝေဒနာ ခံစားရပြီ။ ဒီတော့ ကျန် တဲ့နှစ်ယောက်က သတိအနေအထားမှာ နေရမယ်"

"နင်လည်း ငါ့အုပ်ထိန်းသူကြီးလိုပဲ"

"အဲဒီလူကြီးက ငါနဲ့တူရင် နင့်ကိုချစ်လို့နေမှာပေါ့"

"တစ်ခါမှဖြင့် မမြင်ဘူးပဲနဲ့၊ ချစ်မှာမဟုတ်ပါဘူး"

"မချစ်ရင်တောင် တာဝန်သိပြီး သစ္စာရှိတဲ့သူ ဖြစ်မှာ"

"နင်တို့ဟာလေ ဘာနဲ့တူလဲ သိလား၊ သြောင်ပင်အောက် မှာ ဆိတ်ဖလူးပန်း ကောက်နေကြတယ်၊ ဘယ်တော့မှ ရမှာမဟုတ်ဘူး၊ ချယ်ရီပင်က ပိတောက်ပန်းပွင့်တဲ့နေ့ကျ ရင် ငါ ယောက်ျားယူမယ်"



ရှင်မင်းထွန်းက ရှပ်အင်္ကျီကို သေသေသပ်သပ်ဖြစ် အောင် လုပ်သည်။ ဘိုကေရှည်ရှည်ပုံစံ ဆံပင်ကို လက်နှင့်သပ် သည်။ မှန်မကြည့်ပါ။ ခုတင်ပေါ်မှ ဆင်းရပ်သည်။

"သွားမယ် ... ဖြူနွဲ့ ရုံးဆင်းတော့မယ်"

ဂျက်စမင် ခေါင်းညိတ်ပြလိုက်သည်။

"ဩော် ... ရှင်မင်း၊ နင် ဂျင်းဘောင်းဘီ ဝတ်ထားပေမဲ့ တီရှပ် ဝတ်ရဲရဲ့လားဟင်၊ အသားမှာ ကပ်နေပြီး ကိုယ်ခန္ဓာ အချိုးအစားတိုင်း ပေါ်လွင်မဲ့ အင်္ကျီမျိုး နင် မဝတ်ရဲဘူး မို့လား၊ နင် ရှပ်အင်္ကျီတောင် ပွပွကြီး ဝတ်နေတာ ဘာ ကြောင့်လဲ၊ သဘာဝကို မဆန့်ကျင်ချင်ပါနဲ့လား ရှင်မင်း ရယ်"

တရားချလိုပေမဲ့ တရားနာမည့်သူက မော်တော်ဆိုင် ကယ်သံ တဖုန်းဖုန်းနှင့်အတူ ထွက်ခွာသွားပါပြီ။

သည်မော်တော်ဆိုင်ကယ်က အောင်ပန်းမှ ဦးအောင် သွေးနောင် ဝယ်ပေးလိုက်သည့် ယာမာဟာအမျိုးအစား။

ꕥ ꕥ ꕥ

"ခန့်ညား ... တဲ့၊ တယ်လီဖုန်း လာနေတယ်၊ မိန်းကလေး ဆောင်မှာ ဘယ်က ခန့်ညား ရောက်နေသလဲ၊ ခန့်ညား ဆိုတာ ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



အဆောင်ရှင် အပျိုကြီးမမ ဒေါ်မျိုးမျိုးဦး၏ အသံက အများသို့ ညွှန်းပေမဲ့ မျက်ဝန်းက ရှင်မင်းထွန်းသို့ပဲ ကြည့်သည်။ ယောကျ်ားနာမည်မျိုးနှင့် ဖုန်းလာလျှင် ရှင်မင်းထွန်းဆီသို့ချည်းသာ။ တစ်ခါလာလျှင် နာမည်ကတစ်မျိုး။

စိုင်မြခန့်။ ဖုန်းတေဇာ။ တက်ထွန်းထိန်။ မရှိပါဘူး ပြောလည်း မရသောကြောင့် လူပုံအလယ်တွင် ချမေးတော့ ရှင်မင်းထွန်း၏ နာမည်ခွဲများချည်း ဖြစ်နေတတ်သည်။ ခုကျတော့ ခန့်ညားတဲ့။

"ကျွန်တော် မမ"

"ကောင်းတယ်၊ နာမည်တစ်မျိုးမှည့်တိုင်း အခွန်ဆောင်ရရင် မင်း ဒေဝါလီခံရပြီ၊ နာမည်ပြောင်းခနဲ့တင် မွဲတယ်"

မမမျိုးက မျက်စောင်းထိုး၏။

ရှင်မင်းထွန်းကို အစက ကြည့်မရလှပါ။ မိန်းကလေးဆောင်မှာ မင်းကို ဘယ်အခန်းထဲ ပို့ရမလဲဟု ခွတိုက်ကာ မေးခဲ့ဖူးသည်။ နောက်တော့ သူရှိနေ၍ အစစ အဆင်ပြေရ၏။ ယောကျ်ားမဟုတ်ပါပဲ ယောကျ်ားတစ်ယောက်လို အားကိုးရ၏။ ယောကျ်ားစိတ်ဝင်နေပေမဲ့ အဆောင်ရှိ မိန်းကလေးများကို အ...ခိ တော်ဖွဲ့ကာ ပိုးပန်းနေသူလည်း မဟုတ်။

ဒေါသကြီးသည်။ စိတ်တိုသည်။ သို့ပေမဲ့ သူ့ကိုယ်သူ အကောင်နှစ်ဆယ်ဝတ် ထင်နေတော့၊ အစစ သူချည်းသဘောထားကြီးပြသည်။

"နေ ... နေ ... ကျွန်တော် လုပ်မယ်"



ဤသို့ ဆိုတတ်ကာ မီတာဘောက်စ် ဖြုတ်ကြိုးပြတ်မလား၊ ဘုံဘိုင်ဝက်အူခေါင်း ချောင်ပြီး ရေတွေတရဟော စီးကျနေမလား၊ လျှပ်စစ်မီးဖို ပျက်မလား၊ အလေးအပင်တွေ မ,ချင်သလား။ ရှင်မင်းထွန်းချည်းပါပေ။

ယောကျ်ားတစ်ယောက်နှယ် အားကိုးရပြီး အန္တရာယ်မပေးနိုင်သည့် မိန်းကလေးမို့ ရှင်မင်းထွန်းကို မမမျိုး လက်မလွှတ်နိုင်တော့ပါ။

"သူရှိနေတာပဲ ခပ်ကောင်းကောင်း"ဟု ကျေနပ်ကြည်ဖြူကာ စားဦးစားဖျား ကလေးများပင် ပေးပို့တော့သည်။ အဆောင်သူများက "မမမျိုးယောကျ်ား"ဟု နောက်လျှင်တောင် စိတ်မဆိုးချင်တော့ပါ။

မောင်အလိမ္မာစားလေးတစ်ယောက် ကောက်ရထားသည့်နှယ် ...

"မင်း တော်တော်ရှုပ်နော်၊ လည်လွန်းတဲ့ဘိုး"

"မသကာ မိတ်ကပ်ပေရုံပေါ့ မမမျိုးရာ"

ရှင်မင်းထွန်းက မမမျိုး ပါးကြီးကို ဆွဲလိမ်ပစ်ခဲ့သည်။

"ဟဲ့ ... အရူးမဟုတ်၊ အကောင်းမဟုတ်"

အဆောင်သူတွေ ရယ်ကျန်ရစ်သည်။

"ခန့်ညား စကားပြောနေတယ်"

"ဟော ... နာမည်က ခန့်ညား၊ အသံက မခန့်ညားလိုက်တာ၊ မင်းမွေးတဲ့ ဂြိုဟ်က အိမ်မှာ ဟာရီကိန်း တိုက်သလိုပဲ"

"ဘယ်သူလဲ၊ မေးပြောလား"

"ဖော်ပြအေး"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... တရားခံကြီး ကိုယ်တိုင်ပေကိုး"

"မင်း မသိပဲ စွတ်ပြောမနေနဲ့၊ အိမ်မှာ ဘယ်လောက်ဖြောင်း ဆန်သွားတယ်မှတ်လဲ"

"အဲဒီမှာ ဘာဖြစ်ဖြစ် ဂရုမစိုက်ဘူး၊ ဖြူနွဲ့ကိုသာ လာ လက်ထပ်ချေ"

"တွေ့ကရာ မပြောနဲ့၊ မင်း ဖြူနွဲ့က ငါ့ကို တရားခံပါလို့ ပြောလို့လား"

"ဘာမှမပြောဘူး။ ပိုးဟပ်ဖြူလေးလို ဘယ်သူ့မှ ဒုက္ခမပေး ပဲ မျက်ရည်ကျရှာသာ တတ်တာ၊ ခင်ဗျား ... တရားဝင် လက်ထပ်မလား၊ လာသတ်ရမလား၊ ဒါပဲပြော"

"မင်းလုပ်တာနဲ့ မေမေက ဖေဖေ့ကိုမယုံ၊ ဖေဖေက သား တွေကို မသင်္ကာ၊ ညီအစ်ကိုချင်း အထင်သေး၊ တော်ဟော်ဆိုး တဲ့ကောင်"

"ကျုပ် မဆိုးဘူး၊ ဆိုးတာက ခင်ဗျား"

"ဟော့ကောင် ... မင်း ဖြူနွဲ့နဲ့ ငါ လာတွေ့မှာပါ"

"ဒီလိုရင်လည်း လုပ်ပါ၊ ဘယ်တော့လာမှာလဲ"

"မင်း ထင်သလို မဟုတ်ဘူး၊ နေဦး ... ဖြူနွဲ့ကိစ္စ လူသိ တော်တော်များပြီလား"

"ဖြူနွဲ့ပါနဲ့မှ သုံးယောက်ပဲ သိသေးတယ်၊ ကျုပ်နဲ့ ဂျက် စမင်၊ ဒါပေမဲ့ တပိန်ပိန် တလိန်လိန် မစားနိုင် မသောက် နိုင် ဖြစ်နေတာရယ်၊ ငိုချည်းနေတာရယ်ကြောင့် အကဲခတ် ကုန်ကြပြီ။ ဒါမျိုးက ကြာကြာဖုံးလို့ ရတာမှ မဟုတ်တာ"

"ဖြူနွဲ့ကို ပြောလိုက်၊ ငါလာခဲ့မယ်လို့"



"မြန်မြန်လာဗျာ၊ ခင်ဗျား တာဝန်မယူလို့ကတော့ ကျုပ်က ထောင်ထဲဝင်ဖို့ ကြောက်တဲ့လူစား မဟုတ်ဘူး"

"ထားပါတော့၊ ဒါပဲ။ ငါ နောက်နှစ်နာရီကြာရင် ရောက် မယ်"

"ခုလာတော့ ဘာဖြစ်လို့လဲ"

"ဟ ... ငါတို့ညီအစ်ကို ခုပဲ အပြင်က ပြန်ရောက်တယ်။ မင်း မွေးထားတဲ့မီးက အိမ်မှာလောင်နေပြီ။ ဖေဖေနဲ့မေမေ ကိုလည်း ရှင်းပြရဦးမယ်"

"အဘိုးကြီး အဘွားကြီး မကြည်ရင်လည်း ခင်ဗျားတာဝန် ယူရမှာပဲ"

"ဒီလောက်တောင် တာဝန်ယူစေချင်ရင်လည်း မင်းတို့တစ် ဆောင်လုံး ငါ့တာဝန်သာ ထားလိုက်တော့"

"ဟော့လူ ... ခင်ဗျား ယုတ်မာ ..."

ဇော်ပြေအား ဖုန်းချသွားပြီမို့ ရှင်မင်းထွန်း ဆွေ့ဆွေ့ ခုန်၍ ကျန်ရစ်သည်။ မကြာမီ ဇော်ပြေအား ရောက်လာမည်ဖြစ် ကြောင်းကို ဖြူနွဲ့အား ပြောရဦးမည်။ မမမျိုး ထံတွင်လည်း အရေးကြီးသည့် ဧည့်သည်မို့ တွေ့ဆုံခွင့်ပြုပါရန် ခွင်းတောင်းရပါ ဦးမည်။ မမမျိုးက ခြောက်နာရီကျော်လျှင် ဧည့်သည်လက်မခံတတ် ပါချေ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



## ယေဖြည့်ဖွေးကျောင် သစ်ရွက်ကြွေသည်

"ကျွန်တော့်သူငယ်ချင်းတွေက ကျွန်တော့်နာမည်မှာ ဖော် တစ်လုံးဖြုတ်ပြီး ပြေအေးလို့ပဲ ခေါ်ကြတယ် ဖေဖေရ"

နေရင်းထိုင်ရင်း ပြဿနာက အလုံးအရင်းနှင့် အိမ်ပေါ်တက်လာသည်။ ပြဿနာ၏နိဒါန်းအဖြစ် ဦးဆွေအေးက ဖော်ပြေအေးကို လက်ညှိုးညွှန်သည်။

"အစ်ကိုသား အကြီးကောင် ဖော်ကြီးလေ၊ တစ်နေ့ပေါ့၊ သူ့သူငယ်ချင်း မင်္ဂလာစုံတွဲနဲ့ အပေါင်းအသင်းတွေ ကျွေး ချင်တယ်ဆိုလို့ ..."

ထိုနေ့က စားကြသောက်ကြသူများမှာ ရှစ်ဦးတိတိ။ မိန်းကလေးက နှစ်ဦးတည်း။ တစ်ဦးနှင့်တစ်ပိုင်းဆိုလျှင်လည်း ရသည်။ ဖြူနွဲ့နှင့် ရှင်မင်းထွန်း။ ရှင်မင်းထွန်းကျတော့ ယောကျ်ား တစ်ပိုင်း မိန်းမတစ်ပိုင်းပေကိုး။

"အဲဒီနေ့က ယောကျ်ားလေး ခြောက်ယောက်ခွဲနဲ့ မိန်းမ လေး တစ်ယောက်ခွဲ"



"ဟေ ... လူကို ထက်ခြမ်း,ခြမ်းလို့ ရသလား"

ဦးပြေအေးက မျက်လုံးစုံပြူး၏။ ကျော်ပြေအေးက ရယ်နေသည်။ ဦးဆွေအေးက ဖော့်ကိုသာ လက်ညှိုးညွှန်သည်မို့ ကျော်က အရှုပ်ထဲမှ လွတ်နေသည်။ သူကတော့ ရယ်နိုင်ပေမည်။ ဖော့် ခမျာသာ ...

"တစ်ဝိုင်းလုံး ကျွန်တော့်ကို ပြေအေးချည်း ခေါ်ကြတယ်၊ ယောကျ်ားတစ်ပိုင်း မိန်းမတစ်ပိုင်း၊ သူ့ကိုယ်သူ ခန့်ညား ဆိုတဲ့ ဖားတစ်ပိုင်း ငါးတစ်ပိုင်းမကလည်း ပြေအေးပဲ့ ထင်သွားမှာပေါ့၊ အဲဒီနေ့မှ မြင်ဖူးတာကိုး"

"အခု ပြဿနာတက်နေတာ ဘယ်သူ"

"ဖြူဖြူနွဲ့ ... တဲ့"

"မင်းက ဒီအရှုပ်ထဲ ဘယ်လိုပါတာလဲ"

"သူ့ကောင်က ကျွန်တော့်သူငယ်ချင်း"

"ယုတ္တိရှိမှလည်း ဖြီးပါလား ကိုကိုဖော်"

"ကျော်နော် ... ငါ ထထိုးလိုက်မယ်"

ကျော်က အဆင်းမှာ ဘီးကို ဆီထိုးပေးနေသည်။ ဖော် ရှုးရှုးရှားရှား ဖြစ်တော့ သူ ရယ်နေပြန်၏။

"ဟန်မော် ဆိုတဲ့ကောင် သဘော်လိုက်မလို့တဲ့၊ မသွားခင် လက်ထပ်ကြတာ၊ အဲဒီနေ့က ကျွန်တော် သူ့ကို နှုတ်ဆက်ပွဲ ခေါ်ကျွေးတာ"

"ဒါဆို ... မင်းက"

"ဟို ... ဖားတစ်ပိုင်း ငါးတစ်ပိုင်းမက မသိပဲ စွတ်တင် နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟ … ဟန်မော်နဲ့ လက်ထပ်ပါတယ်ဆိုမှ မင်းက တရားခံဖြစ်ရမှာလား"

"ဟန်မော်နဲ့ ဖြူဖြူနွဲ့နဲ့ လက်ထပ်တာ အဲဒီမခန့်မညားကောင်က သိမှမသိတာ"

"မသိပဲ စားတဲ့သောက်တဲ့ဆီတော့ ပါလာသလား"

"ဘယ်နည်းနဲ့ ပါလာသလဲတော့ မသိဘူး"

"ဖြူဖြူနွဲ့ သူငယ်လေးက ဟန်မော် ဆိုတာ သူ မသိဘူးလား"

"မသိလို့ နေမှာပေါ့"

"မင်းဟာက မဟုတ်သေးပါဘူး"

"ဒီမှာသား … မေမေတို့မျိုးရိုးမှာ ဘယ်တုန်းကမှ သူများလက်ညှိုးထိုး မခံခဲ့ရဘူး"

တစ်ချိန်လုံး ငြိမ်၍နားထောင်နေခဲ့သူ ဒေါ်တင်တင်လေးက ဝင်ပြောသည်။

"လူရှိသေ ရှင်ရှိသေ နေခဲ့တာ မှားမိလို့ ရှိရင်လည်း စာရေးမကလေးကော ဘာဖြစ်လဲ၊ မေမေ ပေးစားမှာပါ ဖြစ်မိမှာကိုး"

"ဟာ … မဟုတ်ပါဘူးဆို၊ မေမေကလည်း"

"သားပြောနေတဲ့ ဓာတ်လမ်းက ယုတ္တိလည်း မရှိဘူး"

"မဖြစ်ပါဘူး၊ အဲဒီ ကုန်းတစ်ပိုင်း ရေတစ်ပိုင်းသတ္တဝါနဲ့ ဖြူဖြူနွဲ့ပါ ဆုံရှင်းမှ ရတော့မယ်၊ ကျွန်တော် လိုက်ရှာမယ်"



"ပြန်ကောလာဦးမှာလား သား၊ တစ်ချီတည်း ခိုးမှာဖြင့်လည်း အိမ်ကိုပဲ ခိုးခဲ့တော့၊ မေမေ့သားကို မေမေ့မျက်စိကွယ်ရာမှာ စိတ်မချဘူး"

"ခက်တော့တာပဲ၊ သေတောင် သေချင်တယ်"

"မသေခင် မိန်းမလေးတော့ ခိုးခဲ့ပါဦးလား"

"ငကျော်နော် … ငါလုပ်ရရင် သေတော့မယ်"

"မသေပါရစေနဲ့ဦး၊ မရီးမျက်နှာကို ဖူးချင်သေးတယ်"

"မင်း"

ဇော်က လိုက်ကန်သောကြောင့် ကျော် ထပြေးသည်။

အပေါ်ထပ် ဧည့်ခန်းမှတစ်ဆင့် လသာဆောင်ဘက်သို့ အထွက် …

"ဟာ … ကိုကိုဇော်ရေ၊ ကိုကို ခိုးစရာမလိုတော့ဘူး၊ ပါပဂြိုဟ်က မိန်းမတစ်ယောက် ဆိုင်ကယ်တစ်စီးနဲ့ ခြံထဲကို ဝင်လာပြီဗျို့"

ကျော့်ကို မထိုးဖြစ် မကန်ဖြစ်ရော့ပဲ ဇော်က လသာဆောင် ဝရန်တာမှ ငုံ့စီးကြည့်သည်။

"အစစ်ပဲ၊ အဲဒါပေါ့ ခန့်ညား ဆိုတဲ့ ရာဟုဂြိုဟ်"

ဦးပြေအေးနှင့် ဒေါ်တင်တင်လေးတို့ပါ ပြေးထွက်လာ ဝိုင်းကြည့်ကြလေတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဒီဘက်ကို မောင်းခဲ့ဗျို့"

မြူခိုးဝေစားတော်ဆက်နှင့် တည်းခိုရိပ်သာက သုံးထပ်အဆောက်အအုံကြီး ဖြစ်၏။ အင်းလျားကန်ကို ကျောပေး၍ ဆောက်ထားသည်။ ယင်းကျောဘက်မှ အင်းလျားကန်ကြီးကို စီးမြင်နိုင်ရအောင် ရှုခင်းလှလှ ကြည့်ခွင့်ရအောင် လသာဆောင်နှင့် ဆင်ဝင်တစ်ခု ထုတ်ထားပါ၏။

ဖော်ပြေအေးက အပေါ်မှ လှမ်းအော်သောကြောင့် ရှင်မင်းထွန်း မော့ကြည့်ကာ ရှေ့ပိုင်းအဆောင်များကို ကွေ့ပတ်၍ မောင်းဝင်လာသည်။

"မလုံးရေ ... ဆင်းခေါ်လိုက်စမ်းပါဟာ၊ လေ့ကားရှာမတွေ့ဖဲ နေဦးမယ်"

မလုံးလည်း မနေရပါဘကား။

ညော့်ခန်းမှာ လူစုံတစ်စုံ။ ရှင်မင်းထွန်းက မထိုင်သေးပဲ လက်အိတ်ကို အရင်ချွတ်နေသည်။

"ထိုင်လေဗျာ"

ပြောမည့်သာပြောရ၊ မည်သူမျှ မထိုင်ဖြစ်သေး ရှင်မင်းထွန်းကိုသာ ဝိုင်းကြည့်နေကြသည်။ ဖော်ပြေအေး ပြော ၍ ရှင်မင်းထွန်းက စထိုင်မှ အိမ်သားတွေပါ ထိုင်ဖြစ်သည်။

တော်တော်ချောတဲ့ ယောက်ျားလျာမကလေးဖဲ



တစ်ခါမြင်ဖူးထားသူ ဖော်ပြေအေးမှလွဲ၍ ကျန်လူ သုံးဦးလုံးမှာ မှတ်ချက်ချင်း ညီကြပါ၏။

"အဟဲ ... ဟဲ ဟဲ"

ရှင်မင်းထွန်းက မျက်နှာချို သွေးလိုက်၏။ သည်ဘက်က လေးဦးသားမှာဖြင့် ကြောင်စီစီ။

"ဆောရီးဗျာ၊ ကျွန်တော် မှားသွားတယ် ... ဟဲ ... ဟဲ"

ဖော်ပြေအေး သက်ပြင်းမောကြီး ကျသွားရ၏။

"ကျွန်တော် ခုပဲ လာတော့မလို့၊ အိမ်မှာလည်း ပြဿနာ ရှင်းနေရသေးတယ်"

"ဖြူနွဲ့က မြို့စိစိနိုင်လို့ ဒီလိုဖြစ်ရတာ ခွင့်လွှတ်ဗျာ"

"ဒါပေါ့၊ မှားတဲ့အခါလည်း မှားပေမပေါ့ ကိုဒိန်းဒေါင်"

"ဘာဗျ"

ကျော်ပြေအေးက ပျော်တတ်သူမို့ ဝင်နောက်၏။ ရှင်မင်းထွန်း ဒေါသက ဝုန်းခနဲ ကြွသည်။ ဒေါသထွက်သည့် အိုင် ရှပ်အင်္ကျီ ဖိုးရိုးဖားရားနှင့်ပင် လှသည့်ကောင်မလေးပေပဲ။

"ခင်လို့ နောက်တာပါဗျာ၊ ခင်ဗျားကလည်း ဒေါချည်း ပဲ"

"ရတယ် ... ရတယ်"

ပြောပြောဆိုဆို လက်အိတ်နှင့် ယပ်ခတ်နေပြန်၏။ ခါတင်တင်လေး မျက်စိထဲမှာ ကန့်လန့်ကြီးခံသည့် အမူအရာ နေ၏။ အိမ်ကိုခိုးခဲ့သားရေဟု ပြောမိတာ မှားပြီ။

"ခင်ဗျားက ပြဿနာစခဲ့တာ အစကစပြီး ပြောပေတော့၊ ကျွန်တော့်ကိစ္စပါလာမှ ကျွန်တော်ဖြေရှင်းမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြေအေးလည်း ခုမှ သက်ပြင်းမောကို ချနိုင်သည်။

"ပြောမယ် ... ဒီလိုဗျ"

မလုံးက အလိုက်သိစွာ လာချပေးသည့် ကော်ဖီကို "သောက်ပါဦး" ပြောမည့်သူ မရှိပဲ ယူသောက်နေပြန်သည်။ ဖော်ပြေအေးက စိတ်ရှုပ်နေသည်။ ကျော်ပြေအေးက ရယ်ချင်နေသည်။ ဦးပြေအေးကတော့ သဘာဝမှ ဖျော်ထွက်နေသူလေးကို သနားမိ၏။ ဒေါ်တင်တင်လေးကဖြင့် မျက်စိမှောက်နေပါသတည်း။

"ကျေးဇူး ... ဆာနေတာ၊ ခုထိ ထမင်းမစားရသေးဘူး။ ခင်ဗျားလာဖို့ ခွင့်တောင်းတော့ မမမျိုးက ခွင့်မပြုဘူးဗျ၊ အဲဒါ အကြံရခက်နေတုန်း မမမျိုးကပဲ ထမင်းစားမကောင်းဘူး ညည်းနေတော့ ခေါက်ဆွဲကြော် သွားဝယ်ပေးမယ်ဆိုပြီး လစ်ခဲ့ရတာ၊ ဖြူနွဲ့ကို ခေါ်သေးတယ်၊ မလိုက်ဘူး"

"လိုက်ပါ့မလား ဒီအချိန်၊ မိန်းမသား လမ်းထွက်ရမည့်အချိန်မှ မဟုတ်ပဲ" သမီးမရှိသည့် မိခင်က မှတ်ချက်ချသည်။

"ဖြူနွဲ့ ရည်းစားထားလိုက်တာ ကျွန်တော်တို့ လုံးဝမသိဘူး"

ရှက်ရွံ့အားနာခြင်းကင်းစွာ၊ သူ့အိမ်သူ့ရာနှယ် ပြောဆိုနေထိုင်သူကိုကြည့်ကာ အိမ်ရှင်တွေ နှုတ်ဆိတ်ကုန်ရသည်။

"ဟိုနေ့က သူ့အစ်ကိုနဲ့ သူငယ်ချင်းတွေက ကျေးမယ်ဆိုလို့ ကျွန်တော်က အဖော်လိုက်လာရတာ၊ ကိုဟန်မော်ဆိုသူ့အစ်ကိုပဲ ထင်နေတာဗျ၊ ဖြူနွဲ့ မပွင့်လင်းမှုကြောင့် ဖြစ်ရတာ၊ ခင်ဗျားကို သိပ်အားနာတာပဲ"



ပြေရာပြေကြောင်း ပြောနေတော့လည်း သူ့မျက်နှာက ချိုကြည်ဝင်းစက်နေသည်။ ပင်ကိုယ်အသားအရေက စိုလက်သည်မို့ ဖွေးနုနေပါ၏။

"ခုလည်း သူ မစားနိုင် မအိပ်နိုင်၊ တငိုငိုဖြစ်နေလို့ ချော့မေးတော့ ကိုယ်ဝန်ရှိနေသတဲ့လေ"

သည်စကားကို ဘွင်းဘွင်းကြီး ပြောချရဲသူက ပြောလေ၏။ ဒေါ်တင်တင်လေးမှာတော့ ရှိန်းခနဲ ရှက်သွားရသည်။

"ဘယ်သူနဲ့လဲ မေးတော့လည်း မပြောဘူး၊ မနက်က ရုံးမသွားခင် ကိုပြေအေးနဲ့ တွေ့ချင်လိုက်တာတဲ့၊ ဒါလေးတစ်ခွန်းပဲ ပြောတယ်၊ ဘယ်ကလဲဆိုတော့ မြူခိုးဝေတည်းခိုရိပ်သာကတဲ့၊ ပြီးတော့ နေပါစေလေ၊ တွေ့လို့လည်း မထူးတော့ပါဘူးတဲ့၊ သူ ဒီလိုပြောတော့ ကျွန်တော်က ခင်ဗျားလို့ ထင်တာပေါ့"

"ခင်ဗျားက ထင်ရာတွေ စွတ်ပြော၊ ဒီမှာဖြင့် မုန်တိုင်းမွှေတာ တစ်နာရီ မိုင်တစ်ထောင်နှုန်းလား မှတ်ရတယ်"

ဖော်ပြေအေးက ခုမှ ငပုပ်လက်က လွတ်သည့် လမင်းလို ရယ်နိုင် ပြုံးနိုင်လာသည်။

"ဟာ ... ဟုတ်ပြီ၊ အမယ်လေး ကိုအေးရယ် ဆိုတာ၊ ဒီအန်တီ မဟုတ်လား ... ဟား ဟား"

ရှင်မင်းထွန်းက ရယ်၏။ ဒေါ်တင်တင်လေးက ဒေါသမပြယ့်တပြယ် ပုံစံနှင့် ရှက်ဝဲဝဲပြုံးနေ၏။ ကျော်ပြေအေးက အားရပါးရ ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုဟန်မော်က သဘော်လိုက်သွားပြီဆို၊ အခုလေးတင် ဒီကိုလာကာနီးကျမှ ဖြူနွဲ့က တရားခံကို ပြောတာ"

"ဟုတ်တယ်၊ ဘယ့်နှယ်လုပ်ကြမလဲ"

"ဖြူနွဲ့ ပြောတော့ ကိုဟန်မော်ရဲ့ မိဘတွေကို ကိုပြေအေး"

"ဇော်ပြေအေး ... ဗျ"

"အဲ ... ကိုဇော်ပြေအေးနဲ့ ရင်နှီးတယ်ဆို၊ ဒါကြောင့် ခင်ဗျားကို တွေ့ချင်တာ၊ လက်ထပ်စာချုပ်ပြုပြီး ယောက္ခမ အိမ်ပေါ် တင်ပေးလိုက်ချင်တာပဲဗျာ"

"အို ... မိန်းကလေးမှာ ဘာတန်ဖိုးရှိတော့မှာလဲ"

ဒေါ်တင်တင်လေး နားမှာ ကြားလိုက်ရမှဖြင့် အဆန်း ချည်းဟု စိတ်ပျက်မိလေသည်။

"ဟားရတယ်ဗျ၊ ခင်ဗျားကို လာပြီးလက်ထပ်စာချုပ်မှာ လက်မှတ်ထိုးခိုင်းနေသေးတယ်၊ ကျွန်တော်က ခင်ဗျားနဲ့ ဇွတ်ပေးစားမလို့"

"ကိုယ့်သူငယ်ချင်းပဲ ကိုယ့်ဘာသာ သိမ်းပိုက်လိုက်ရော ပေါ့ဗျာ၊ ကိုခန့်ညားကလည်း"

ကျော်က ဗလာချီ ဝင်တွယ်၏။ တမင်သက်သက် "ကိုခန့်ညား" ခေါ်ပစ်သည်။

"အဲဒီလို လုပ်လို့ဖြစ်ရင် ဒီအထိ လေကုန်ခံမနေဘူး။ ခင်ဗျား ခွစကားမပြောနဲ့"

ကျော့်ကို ဒေါသဖြင့် လှည့်မာန်၏။ သူ့ကိုယ်သူ လည်း အသိသားဟု ကျော်က ခွီးခနဲ ရယ်သည်။



"ခေါက်ဆွဲကြော်တစ်ထုပ်မှာပေးပါ ကိုဇော်ပြေအေး၊ မမျိုးဖို့ ဝယ်သွားရမယ်၊ လူရင်းတွေပဲ ပိုက်ဆံမယူဘူး မဟုတ်လား"

"ဟား ဟား ... အားနာစရာကြီး၊ နေပါစေ၊ ခြောက်ကျပ် ပဲပေးပါ"

ကျော်ပြေအေး ဝင်နောက်ပြန်သည်။ သည်တစ်ခါ တော့ မိန်းမသားဗီဇက လှစ်ခနဲ ပြူသွားရသည်မို့ ရှင်မင်းထွန်းက မျက်စောင်းထိုးပစ်လိုက်တော့သည်။

"မိန်းကလေးဆိုတာ နစ်နာတဲ့ဘက်ကချည်းပဲကွယ်၊ အပြော အဆို၊ အနေအထိုင်၊ အသွားအလာ၊ အားလုံး ဆင်ခြင်ရ တယ်။ လူကြီးမိဘ မသိအောင်လည်း ဘာမှခိုးမလုပ်ရဘူး၊ ခုကိစ္စမျိုးကျတော့ မခက်လား"

စတွေ့ကတည်းက မျက်စိစပါးမွေး စူးလှသည်မို့ ဒေါ်တင်တင်လေးက ဆုံးမလိုစိတ်ကို မအောင့်နိုင်တော့ပါ။ သည် မိန်းကလေး အချိုးကမကျ၊ သည်ပုံစံနှင့်ဆို ခက်ရချည့်ဟု တွေး မိသည်။ သူ့ကြောင့် အလုံးဆို့ကာ သတိလစ် လဲကျခဲ့ရသည်မို့ သည်း အမျက်က မပြေချင်သေး။

"အဲဒီ ဖြူနွဲ့ မိဘတွေကကောကွယ့်"

"နယ်မှာပါ"

"ဟင် ... မိန်းကလေးတစ်ယောက်တည်း ရန်ကုန်ကိုလွှတ် ထားရသလား"

"တောင်သူလယ်သမားတွေ အန်တီရဲ့၊ ရွာကနေရှာ ဂုဏ်း ပါးပါး ဆယ်တန်းအောင်တော့ အလုပ်လုပ်ရင်း လုပ်ဟား ကောလိပ် ဆက်တက်ဆိုပြီး လွှတ်ထားရတာ"

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ကကော"

"လက်နှိပ်စက် စာရေးပါ"

"အို ... ဘယ်လောက်မလဲ"

"စပါးပေါချိန်မှာ ငွေပို့ပါတယ်"

"ကွယ် ... သူ့မိဘ ရင်ကျိုးလိုက်မဲ့ဖြစ်ခြင်း"

"ရှာလည်း မပြန်ရဲဘူး အန်တီရဲ့"

"ဒါပေါ့၊ သူ့မိဘတွေအစား ရင်ထဲမချိလိုက်တာကွယ်။ မှားလိုက်တဲ့ ကလေးမ"

"ကျွန်တော် ဟန်မော့် မိဘတွေနဲ့ ဆွေးနွေးပေးပါ့မယ်"

'သပွတ်အူထဲ ဝင်ရန်ကော'ဟူသည့် အဓိပ္ပာယ်ဖြင့် ဒေါ်တင်တင်လေးက သားကြီးကို တင်းတင်းကြည့်သည်။

"လက်မခံရင် ဘယ်လိုလုပ်မယ် ဆိုတာပါ ထည့်တွေးထားဦးလေ"

ကျော်ပြေအေးက လူကြီးလုပ်ကာ ဝင်ပြောသည်။

"လက်မခံလို့ ရမလား၊ ဖွတ်တင်ပေးမယ်"

"ကြည်ဖြူရင်တော့ ယောက္ခမလည်း မိဘပဲ၊ မကြည်ဖြူရင် သူစိမ်းတွေဗျ၊ ဘာ့မှတော်တာ မဟုတ်ဘူး၊ သူများအိမ်မှာ ချွေးမပါဆိုပြီး ဖွတ်တက်နေလို့ ဖြစ်မလား"

"အပျက်ဘက်က မပြောပါနဲ့ ကိုကျော်ပြေအေး၊ ကျွန်တော်သာဆိုရင် နေ့ကိုနေမယ်၊ စားကိုစားမယ်၊ အဲဒီအိမ်ပေါ်မှာတင် ကလေးမွေးပစ်မယ်"

"ယုံတယ်ဗျို့ ... ယုံတယ်"

ကျော်က ပခုံးတွန့်၍ ပြုံးသည်။



"မိန်းကလေးတွေ သင်ခန်းစာယူဖို့ပဲကွယ်၊ အဲဒီကလေးမ ရှေ့ရေးက ရင်လေးစရာကြီး၊ ဒါကြောင့် ပြောတာ၊ အန်တီတို့ ငယ်ငယ်တုန်းကများ သူစိမ်းယောကျ်ားတွေရှေ့တောင် အော်ကျယ်ဟစ်ကျယ် မရယ်ခဲ့ရဘူး၊ ရယ်သံကလေး ခစ်ခနဲထွက်ရင်တောင် အန်တီ့မေမေက ခေါင်းကို ဒေါင်ခနဲ ခေါက်တာ၊ မိန်းမဟာ မိန်းမလိုပဲနေတာ ကောင်းတယ်"

ရှင်မင်းထွန်း မျက်နှာ ကွက်ခနဲ ပျက်သည်။

"ခေတ်တွေ ဘယ်လိုပြောင်းပြောင်း မိန်းမသားဆိုတာ မြန်မာ့ရိုးရာ ထုံးစံထဲမှာ ဗိုင်းကောင်းကျောက်ဖိ နေရင် အန္တရာယ် အကင်းဆုံးပဲ"

မလုံးက ခေါက်ဆွဲထုပ် လာပို့သည်။

"ကိုယ့်ချစ်သူပဲလေ-ဆိုပြီး ဟိုခေါ်လည်းလိုက်၊ ဒီခေါ်လည်းလိုက်၊ အရေးမကြီးတန်ကောင်းပါဘူးလို့ အညာလွယ်မိကြတာ"

"ကိုဟန်မော်သာ ရှိရင် ပြဿနာမရှိပါဘူး အန်တီ"

"ဘယ်ပြောလို့ ရမလဲ၊ ယောကျ်ားဆိုတာ အလကားရရင် ယူမဲ့သူချည်းပဲ၊ ငါးကြော်မြင်ရက်နဲ့ မနိုက်ရင်ကြောင်မိုက်လို့ဆိုတယ် မဟုတ်လား၊ ယောကျ်ားနဲ့ မိန်းမဟာ ချည်သီးနဲ့ ဆား အတူမရှိအပ်တဲ့တရား၊ ချည်သီးနဲ့ဆား အတူထားတော့ လျှော့ဖျားသွားရည်ယိုတယ် ဆိုတာ"

ရှင်မင်းထွန်းက ခေါက်ဆွဲထုတ်ကို ဆွဲရင်း မတ်တတ်ထရပ်သည်။

"ကိုဇော်ပြေအေး ... ကူညီပါဦးနော်"

www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် သွားပြောပေးမယ်"

ရှင်မင်းထွန်း ဒေါ်တင်တင်လေးဘက်သို့ လှည့်ကြည့်သည်။

"ကြောင်သူတော်ကောင်းတွေလည်း ရှိမှာပါ အန်တီ၊ ဥပမာ ... ဦးတို့ ကိုဇော်ပြေအေးတို့ ညီအစ်ကိုလိုမျိုးတွေ"

ဒေါ်တင်တင်လေးက ရှင်မင်းထွန်းကို ဘဝင်မကျသလို၊ ရှင်မင်းထွန်းကလည်း သိပ်မကြည်ချင်ပါ။ ခြေလှမ်းပြင်ရင်း ငေါ့တော့တော့ ပြောဖြစ်၏။

"မထင်ပေါင်ကွယ်"

"အိုကွာ ... မင်းကလည်း ..."

ဦးပြေအေး ခုမှ စကားသံ ထွက်လာသည်။

"လက်ထပ်စာချုပ်ကိုင်ပြီး အိမ်ပေါ်တက်လာမှဲ့ ချွေးမဆိုဘယ်ယောက္ခမမှ အထင်ကြီးမှာ မဟုတ်ဘူး၊ မလွယ်ပါဘူး၊ ဒီပြဿနာ နည်းနည်းမှ မလွယ်ဘူး"

"အထင်သေးကြေး ဆိုရင် ကိုဟန်မော်လည်း မလွယ်ပါဘူး"

"တူတူပေါ့ကွယ်၊ စိတ်လိုက်မာန်ပါ အများတွေ"

"သားသမီးမကောင်း မိဘခေါင်းတဲ့ အန်တီရဲ့၊ ကိုဟန်မော်ရဲ့မိဘတွေမှာ တာဝန်အပြည့်ရှိတယ်၊ သူတို့လက်မခံရင် ရုံးကနေ တရားစွဲမယ်"

"ဖြစ်ဦးမှကိုး"

"ကလေးအဖေကိုတော့ လူသိနတ်ကြား ကြေညာပြီးသား ရမှာပါပဲ"



"သြော်ဟော် ... ကလေးအဖေကို လူသိနတ်ကြားဖြစ်အောင် ရုံးပေါ်တက်ပြရမှတော့ ဒီမိန်းကလေး ..."

"တော်ပါတော့ မေမေရယ်၊ အကောင်းဆုံးဖြစ်အောင် ကူညီကြတာပေါ့"

"မေမေက စေတနာနဲ့ပြောတာ၊ မိန်းမသားတွေ သင်ခန်းစာယူဖို့"

"ကျွန်တော် နားလည်ပါတယ် ကိုဇော်ပြေအေး၊ အန်တီက ကျွန်တော့်ကို ဆုံးမချင်နေတာပါ၊ စိတ်ချ အန်တီ၊ ကျွန်တော် အန်တီ့အိမ်ပေါ် ဘယ်တော့မှ တက်မလာဘူး၊ အဲ ... အန်တီ့မှာသာ သမီးရှိရင် ကျွန်တော် ခိုးပြေးမှာ အသေအချာပဲ၊ သွားပြီဗျို့ ကိုဇော်ပြေအေး"

ခေါက်ဆွဲထုပ်ကို ကြိုးမှဆွဲယမ်းကာ ထွက်သွားသည့် ဆောင်းဘီဝတ် မိန်းမသား ကို ဒေါ်တင်တင်လေး မျက်မှောင်ကုတ်ကြည့်ရင်း ကျန်ခဲ့သည်။

"ဒီတစ်ယောက်လည်း ဘယ်တော့ နှာခေါင်းပေါက်ကျဉ်းကျဉ်းနဲ့ ကျည်ပွေ့ကြီးကြီး တွေ့မလဲ မသိဘူး၊ သူ့ကျမှ ပိုခက်မယ်"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



ယုံရုန့်လွယ်လျက် ထည်ရန့်ခက်သတဲ့

ရှင်မင်းထွန်း ...

ထူးခြားစွာ ငြိမ်သက်နေသည်။ သူက မျောက်လွှဲကျော်တစ်ကောင်နှယ် အငြိမ်မနေတတ်သူပါ။ နေရာတကာ စပ်စပ်စုစု ပါတတ်သည်။ တစ်ဆောင်လုံးမှာ ရှိသမျှ အခက်အခဲကို သူ့တာဝန်ချည်းဟု သဘောထားခဲ့သည်။ ဟုတ်သည်လေ။ ကျန်အဆောင်သူတွေက အားနွဲ့သူ မိန်းမသားတွေကိုး။

အားကိုးအားထားဆိုလို့ သူတစ်ယောက်သာရှိသည်ဟု မှတ်ယူထားသည်။ ဘာမှလုပ်စရာမရှိလျှင် သီချင်းအော်ဆို၊ စကားကို တွင်တွင်ပြော၊ ကျယ်ကျယ်လောင်လောင်ရယ်။ သည်အကျင့်များက သူ့ဝသီ။ ခုတော့ ငြိမ်ချက်သား ကောင်းလှ၏။

"ရှင်မင်း ... ငြိမ်လှချည်လား"

ဖြူနွဲ့က ရှင်မင်းတို့ကို ကျောပေး၍ လှဲနေသည်။ ဗေဒင်မေးလျှင်မှ ပိုက်ဆံငါးကျပ်တစ်မတ် အနည်းဆုံးကုန်ဦးမည့် ဖြူနွဲ့ မျက်ရည်ကျနေမည်ဖြစ်ကြောင်း အတတ်သိနိုင်၏။ ဂျက်စမင်လည်း စိတ်ညစ်ညစ်နှင့် လှဲနေရာမှ ရှင်မင်းထွန်းကို လှမ်းမေးသည်။



သည်အချိန်က အခန်းထဲမှာ လူရှင်း၏။ မမမျိုးက အိစီ ဖွင့်ပေးသည်မို့ သွားကြည့်နေကြသူ များသည်။ ကျောင်းသူအချို့တလေကျတော့လည်း စာကျက်နေကြသည်။ ဆယ့်တစ်နာရီထိုးလျှင် မမမျိုးက မီးခလုတ်ကို ပိတ်ချတတ်သည်။ အများနှင့်ဆိုတော့လည်း ကိုယ်က စာကျက်ဖို့ ဖွင့်ချင်ပေမဲ့ မီးထိန်ထိန်ထဲ အိပ်မရသူက ရှိတတ်သည်လေ။

ခုအချိန်က ကိုးနာရီ။

"ရှင်မင်း"

"ဘာလဲ"

"ဖြူနွဲ့ အိပ်ပြီလား မေးကြည့်စမ်း"

"အိပ်မှာမဟုတ်သေးပါဘူး၊ ပြောစရာရှိရင် ပြော"

"ရှေ့လဆိုရင် ငါ ကျောင်းပိတ်မှာပဲ၊ ဖြူနွဲ့ကို သံတောင်ခေါ်သွားမယ်"

"ငါလည်း အောင်ပန်းကို သွားတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ၊ ဖြူနွဲ့ကို ငါပဲခေါ်သွားတော့မယ်"

"နင်နဲ့ ဖြစ်ပါ့မလား"

"ဂျက်စမင် ... နင့်ထက်တော့ ငါက ပိုပြီးတာဝန်ယူနိုင်မယ် ထင်တာပဲ"

"နင့် အုပ်ထိန်းသူကြီးက အထင်သေးမှာပေါ့၊ လက်ခံပါ့မလား"

"သူ လက်မခံရင် ငါ ရစရာရှိတာတွေယူပြီး တစ်နေရာရာမှာ သွားနေမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအမွေတွေ မလိုချင်ဘူးဆို"

"ပိုက်ဆံဆိုတာ အလကားနေရင်း ငမ်းငမ်းတက် တပ်မက်နေသင့်တဲ့အရာ မဟုတ်ဘူး ဂျက်စမင်၊ စားဝတ်နေရေးဖူလုံရင် ငါ့လုပ်အားမပါတဲ့ စည်းစိမ်ကို ငါမမက်မောပါဘူး၊ ဒါပေမဲ့ တစ်ခါတစ်ရံကျတော့ ဘဝရပ်တည်မှု ပြေလည်ရေးအတွက် ငွေဆိုတာ အတိုင်းအတာ တစ်ခုထိတော့ လိုအပ်တာပဲ"

"ဖြုန္ဆွဲ. လိုက်မလား မေးကြည့်ဦး"

"မေးမနေနဲ့၊ ဖွတ်ခေါ်သွားမှ ရမယ်"

"အို ... ဖြု ... ဖြုန္ဆွဲ. မလိုက်ဘူး၊ ကိုယ့်ဒုက္ခကို ကိုယ်ပဲခံမယ်၊ ဖြုန္ဆွဲ.အတွက်နဲ့ ဘယ်သူ့မှာမှ ပြဿနာမတက်စေရဘူး၊ မလိုက်ဘူး"

တစ်ဖက်သို့ စောင်းနေသည့် ဖြုန္ဆွဲ. ပြန်လှည့်လာကာ အ်ကြိတ်၍ ပြောသည်။ မျက်ရည်များက မျက်နှာပြင်အနှံ့မှာ စီးခွဲ၍နေ၏။

"နင်မလိုက်ရင် ထမ်းခေါ်သွားမယ်၊ ခုန်ချရင် သေတ္တာထဲထည့် သော့ခတ်ပြီး ခေါ်သွားမယ်"

"ငါ့ အတွက်နဲ့ နင် မလုပ်ချင်တဲ့ ကိစ္စတစ်ခု လုပ်ရမယ်"

"ဘာဖြစ်လဲ"

"နင့်ကို အောင်ပန်းသွားဖို့ အကြိမ်ကြိမ် တိုက်တွန်းခဲ့တယ်။ နင် မသွားချင်ဘူး မဟုတ်လား"



"လုပ်ချင်တယ် မလုပ်ချင်ဘူးဆိုတာ အခြေအနေ အမျိုးမျိုးရွေးချယ်ခွင့်ရရင်တော့ ဟုတ်တာပေါ့၊ ဒီတစ်ခုပဲ လုပ်စရာရှိရင် မလုပ်ချင်ဘူးလို့ ငါ ဘယ်တုန်းက ပြောဖူးလဲ၊ လုပ်သင့်ရင် လုပ်ခဲ့တာချည်းပဲ"

"သူငယ်ချင်းတို့ရယ်၊ နင်တို့က လိမ္မာသလောက် ငါကသိပ်မိုက် ... မိုက် ..."

ဖြုန္ဆွဲ. ရှိုက်၍ ရှိုက်၍ ငို၏။

"မှားပြီးခဲ့ပြီ၊ ငိုနေလို့ အမှန်မရဘူး၊ ရောက်တဲ့အဆင့်ကနေ အကောင်းဆုံးလမ်းကို ရွေးလျှောက်ရမယ်၊ ဒါပဲ ... ငိုမနေနဲ့ ဖြုန္ဆွဲ.၊ ငါက ဂျက်စမင်လိုတော့ မချော့တတ်ဘူး၊ အပေါက်ဆိုးဆိုးပဲ ပြောတတ်တယ်"

ရှင်မင်းထွန်း၏ မချိုသာသည့် စကားလုံးများနောက်ဆွယ်တွင် [illegible]နှင့်ချိုသာသည့် စေတနာ ကိန်းဝပ်တည်ရှိနေပါ၏။

"အိပ်ကြတော့၊ ငါ စာဖတ်လိုက်ဦးမယ်၊ နေ့ခင်းကတည်းက ရောက်နေတာ"

"ဘယ်သူ့ဆီကလည်း ရှင်မင်း"

"ဘယ်သူရှိရမလဲ ဂျက်စမင်၊ ဦးအောင်သွေးနောင် ဆိုတဲ့ အုပ်ထိန်းသူကြီး လာခဲ့ဖို့ မှာတာပဲ ဖြစ်မှာ"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းထွန် –

ရေးတဲ့စာတွေကို တစ်စောင်မှ မပြန်ဘူး၊ မရလို့လား၊ ဖြစ်မယ်မထင်ဘူး၊ မှတ်ပုံတင်ပြီး ပို့တာပဲ။ အောင်ပန်းကို မလာချင်လို့လား။ သားသမီးတို့ ဝတ္ထုရားမှာ "စောင့်လေမျိုးနွယ်" ဆိုတာ ပါတယ်။ မင်းက "မြေး" ဆိုပေမဲ့ သားသမီးကျင့်ဝတ်နဲ့အညီ ကျင့်သင့်တာပဲ။

တို့လည်း မင်းရမဲ့ အမွေတွေကို တာဝန်ယူထားရတာ ကြာပြီ။ မင်းဘိုးဘွားရဲ့ အမွေကို လာခံစားဖို့ထက် အလုပ်သမားပေါင်း တစ်ရာကျော်ရဲ့ စားဝတ်နေရေးအတွက် လုပ်ငန်းကြီးတစ်ခု ဆက်လက်တည်ပတ်ဖို့ မင်းဘိုးဘွားတွေ တည်ထောင်ခဲ့တဲ့အတိုင်း မင်း ဆက်ပြီးတာဝန်ယူဖို့ လိုအပ်နေပြီ။

တာဝန်ဆိုတာ သိရဲ့လား မိန်းကလေး၊ မင်းဟာ မင်းအမေရဲ့ သမီးပီပီ မာနရှိမယ်ဆိုတာ ယုံတယ်။ ဒါပေမဲ့ မင်းအမေဟာ အလွန်ကြင်နာတတ်တဲ့ အမျိုးသမီးဆိုတာ မမေ့နဲ့။

မင်းမလာရင် ဒီခြံတွေ ငါ ရောင်းပစ်ရတော့မယ်။ ဝယ်မဲ့သူ ဖြစ်ရှင်သစ်က သူ့အလုပ်သမားနဲ့ သူလာမှာ။ ဒီမျိုးဆိုတာ ကိုယ့်လူယုံနဲ့ကိုယ် လုပ်ကြတာမျိုးပဲ။ ဒီတော့ မင်းအမေ သံယောဇဉ်ကြီးခဲ့တဲ့ ခြံအလုပ်သမား တစ်ရာကျော်နဲ့ မိသားစုတွေ မင်းကြောင့် အလုပ်လက်မဲ့ ဖြစ်သွားရရင် မင်းအမေ မင်းကို ခွင့်လွှတ်မယ် မထင်ဘူး။

ဘာပဲဖြစ်ဖြစ် ရောင်းဖြစ်ရင်တော့ မင်းဆီကို ငွေထုပ်လာပို့မှာပါ။ မင်းဆီက တာကျိုးအကြောင်း ပြန်စာမလာရင် ငါ စာထပ်မရေးတော့ဘူး



ငွေထုပ်ပဲ လာပို့တော့မယ်။ ဒါပေမဲ့ မင်းသိထားဖို့က မင်း အဲဒီငွေထုပ်ကို လက်ခံယူဖို့အတွက် ငါပေးစားတဲ့သူနဲ့ အိမ်ထောင်ပြုမှ ရမှာ။

မင်း သိပြီးသားပါလေ၊ ငါ ပြောပြီးပါပြီ။ မင်းဟာ မင်းအမေဆီက ပေါင်းမာမှု အမွေကိုသာယူပြီး ကြင်နာမှုအငွေ့အသက်တွေကျတော့ တစ်စက်ကလေးတောင် ပါမလာဘူး ထင်တယ်။ လာမယ်ဆိုရင် ထိုတာကို စာရေး သံကြိုးရိုက်၊ ဖုန်းဆက်ချင်လည်း ရတယ်။

မင်းရဲ့တာဝန်ရှိ အုပ်ထိန်းသူ
အောင်သွေးနောင်

"စာရေးပုံကိုက မာရေကျောရေနဲ့"

ရှင်မင်းထွန်း စာကို ခေါင်းအုံးအောက်သို့ ထိုးထည့်သည်။

"မြို့နဲ့ အတွက်သာ မဟုတ်ရင် ခင်ဗျားဆီလည်း မလာဘူး၊ ခင်ဗျားပေးမဲ့ အမွေလည်း မယူဘူး၊ ယောက်ျားပေးစားဖို့များ စိတ်ကူးသေးသတဲ့၊ ဝေလာဝေးဗျာ၊ တွေ့မယ်၊ ခင်ဗျားနဲ့ကျုပ်ဖ်တော့ တွေ့ကိုတွေ့ကြရဦးမယ်"

ဦးအောင်သွေးနောင် ဆိုပါသည့် ပုဂ္ဂိုလ်ကြီး၏ ရုပ်သွင်ကို ခန့်မှန်း၍ ဒေါသထွက်ရင်းက ရှင်မင်းထွန်း ဆိုသည့် ရှသားတစ်ဦး၊ လူ့လောကသို့ နှမ်းပါးစွာ ဝင်ရောက်လာခဲ့ရပုံများကို ပြန်လည်မြင်ယောင်မိပါသတည်း။

လွန်ခဲ့သည့် နှစ်ပေါင်း ဆယ်စုနှစ်စုခန့်က ...။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com



မိခင်က မြေပြန့်သူ၊ ဖခင်ကရှမ်း။ ပေါက်ဖွားကြီးပြင်းတော့လည်း ရှမ်းပြည်နယ်မှာပင်။ အသားဖွေးဖွေး ပါးစုံ့ရဲရဲနှင့် "မြအေးရှင်"ဆိုသည့် မိန်းကလေးကို မြင်သူတိုင်း ငေးကြည့်ခဲ့ကြရပါ၏။

"မိဘတွေကလည်း ချမ်းသာ၊ လိမ္မော်ခြံတွေ သစ်တော်ခြံတွေဆိုတာ လက်ညှိုးထိုး မလွဲဘူး၊ စော်ဘွားမျိုးရိုးက ဆင်းသက်လာတော့ ရတနာတွေဆိုတာ အိုးတွေနဲ့ထည့်ပြီး မြေမြှုပ်ထားရသတဲ့၊ အဲဒီလို အသိုင်းအဝိုင်းက တစ်ဦးတည်းသော သမီးကလေးက လှလိုက်တာလေးက စက်စက်ယိုပါရောလား"

မြအေးရှင်ကလေးနှင့် ပတ်သက်သည့် ချီးကျူးသံများက ကလော၊ အောင်ပန်း၊ တောင်ကြီးတစ်ဝိုက်မှာ ဖိတ်လျှံနေတော့၏။

"သိမ်က သိမ်မွေ့ပါဘိသနဲ့။ ကြင်နာတတ်လိုက်တာလည်း အလွန်၊ သူ့ခြံအလုပ်သမားတွေကို သူ့မွေးနေ့တိုင်း အဖိုးတန်လက်ဆောင်တွေ လှူစေအောင် ပေးသတဲ့။ အပြောအဆိုကလေးကလည်း သိပ်ယဉ်ကျေး၊ ဣန္ဒြေလေး ဆည်ထားပုံကလည်း နန်းထိုက်စိုးထိုက်ကလေးပါပဲ"



မမေ့အကြောင်း၊ မမေ ရှေ့ထီးဆောင်းခဲ့စဉ်က ဓာတ်ပုံများသည် ရှင်မင်းထွန်းကို မမေ ပြောပြသည့်တိုင်း အိပ်မက်ဆန်ဆန် ပုံပြင်များ ဖြစ်လေ၏။

"အပျိုဖော်ဝင်တာနဲ့ ဟိုစော်ဘွားဟောင်းက စပ်၊ ဒီသူဌေးသားကစပ်နဲ့၊ တချို့များဆို မန္တလေးတို့၊ မိုးကုတ်တို့ကတောင် လာစပ်တယ်"

သည်စကားကို မမေက ဂုဏ်တစ်ခုလုပ်၍ ပြောခဲ့ခြင်းတော့ မဟုတ်ပါ။ မိန်းကလေးဟူသည် အဆင်းလှခြင်းကို အကောင်းလွန်းစွာ ပိုင်ဆိုင်ခဲ့ပါက၊ "အချင်း"ပြည့်စုံစွာ နေထိုင်ခြင်းဖြင့် တန်ဖိုးတက်ရကြောင်း နမူနာ ယူစေချင်၍ပါ။

"ဣတ္ထိ ရုပ် ခန့် ဆိုတဲ့ စကားတော့ ရှိတယ်၊ ဒါပေမဲ့ မမေ့လိုလှတဲ့ တခြားမိန်းကလေးတစ်ယောက် ...

"သူ့မိဘတွေလည်း ချမ်းသာတာပဲ ...

"သူတို့က ဆိုရှယ်ကျတာကို ခေတ်မီတယ်လို့ယူဆတော့၊ မြို့များက်နှာဖုံးတွေ၊ ရာထူးကြီးပုဂ္ဂိုလ်တွေဆိုရင် ဖိတ်ဖိတ်ပြီး ကျွေးလိုက်ရတဲ့ ထမင်းပွဲတွေ ...

"သူတို့အိမ်မှာ ပညာတတ် လူချမ်းသာဆိုတဲ့ ကာလသားတွေ အဆင်းအတက်က တယ်များသကွယ် ...

"သူ့လည်း စပ်တဲ့ဟပ်တဲ့သူတွေ ရှိပါတယ်။ ဒါပေမဲ့ အဲဒီလူတွေဟာ၊ မမေက ငြင်းပစ်မှ သူ့ဆီကို ဒုတိယလူ အဖြစ် သွားကြတာချည်းပဲ ...

"ဒီတော့ သူ့ဝမ်းထဲမှာ ခံစားရရှာပေမပေါ့၊ ပြီးတော့ သူနဲ့ မမေက ကျောင်းနေဖက် သူငယ်ချင်း ...

www.burmeseclassic.com

www.burmeseclassic.com



"မမေကတော့ သူ့ကိုသိပ်ချစ်တယ်၊ အားလည်း
သနားလည်း သနားသလိုပဲ၊ သူ့နာမည်တော့ မသိချင်နဲ့
သမီးရယ်၊ လူတစ်ယောက် မကောင်းကြောင်း ပြောပြရမှာ
နာမည်နဲ့အတိအကျ မပြောချင်ဘူး ...

"သူ့အစ်ကိုဆိုတဲ့ လူတစ်ယောက်နဲ့ မိတ်ဆက်ပေး
ပြီးတဲ့ နောက်ပိုင်းမှာ မမေ့ဘဝထဲကို အကုသိုလ်ရေ
ဝင်လာခဲ့တာပဲ သမီးရယ် ...

**ချစ်ပါရစေ ... အသနားခံသော်လည်း ငြင်းပယ်တယ် ဂုဏ်ပြိုင်
ကကွယ် ...။**

"အဲဒီခေတ်က ဂီတာခေတ် မဟုတ်သေးဘူး၊ မယ်
ဒလင်ခေတ်ပေါ့၊ ကျယ်ဝန်းတဲ့ မမေတို့ခြံကြီးကိုဖြတ်ပြီး
မမေ့အခန်းထိအောင် သီချင်းသံ လွင့်ပျံလာတယ်
ကတည်းက နှင်းတောထဲမှာ ရင်ကွဲမလောက် အော်နေပြီ
မမေ သနားခဲ့တယ်"

**မူးစောက် အကြောင်းတရားရယ် ... ချစ်ဒုက္ခ ဖန်လာတယ်၊ ဆင်
ချစ်ရဲ့သားနဲ့ ... တစ်ဖက်သား ရှုံးအောင် ပြုရက်လေတယ် ... စင်သစ္စော
ဖွင့်ပြောလို့ရယ် ... ချစ်တဲ့အရေးကို စေ့စေ့တွေးသင့်တယ် ... ထားခဲ့
နှိုင်းလို့ရယ် ...**

"ယောက်ျားတစ်ယောက် ဖွံ့ကြီးပြီဆိုရင် အားနဲ့
မိန်းမသားတွေ ခံနိုင်ရည် ရှိခဲ့သားပဲ သမီးရယ် ...

"သနားတတ်ခြင်းဟာ မိန်းမသားတွေရဲ့ ချွတ်ယွင်း
ချက်လေ ...



"အိမ်ထောင်တစ်ခုကို တည်ဆောက်တော့မယ်ဆိုရင် အချစ်တစ်ခုတည်းနဲ့ ပြီးပြည့်စုံခြင်း မရှိဘူးဆိုတာ အဲဒီတုန်းကတော့ ငယ်လို့ သဘောမပေါက်ခဲ့ဘူး ...

"အချစ်မှာ အချစ်ရှိနေရင် တစ်လောကလုံး သာယာမယ် ထင်ခဲ့တာ ...

"မမေ့ သူငယ်ချင်းဟာ မမေ့ကို ဖြစ်ချင်ရာနဲ့ ဖြစ်စမ်းဆိုပြီး ချောက်တွန်းချင်ရဲ့ သက်သက်နဲ့ အောင်သွယ်ခဲ့တာတော့လည်း မဟုတ်ပါဘူးကွယ် ...

"မမေနဲ့ ယှဉ်တိုင်း ဒုတိယလူ ဖြစ်ရတဲ့အတွက် နာကြည်းမှု ခံစားချက်ကတော့ သူ့ရင်ထဲမှာရှိမယ်၊ ပေါ့ပေါ့နေ ပေါ့ပေါ့တွေးပြီး အရှည်ကို ဝိုင်းကြည့်ပေးနိုင်တဲ့ အသိဉာဏ်မျိုးကျတော့လည်း သူ့မှာလည်း ဘယ်ရှိမလဲ၊ လူငယ်ပေကိုး ...

"မမေ ချမ်းသာတာ သိတော့၊ သူ့ဆွေမျိုးနီးစပ်ထဲက လူသားတစ်ယောက်၊ ကောင်းစားသွားစေချင်တာလည်း ပါမယ်ပေါ့လေ ...

"ဆယ်ကျော်သက်တွေ ဆိုတာ လူကြီးမိဘ မသိအောင် ခိုးလုပ်ရတဲ့ ကိစ္စတစ်ခုကို စွန့်စားခန်းကြီးလို ထင်ကြတယ်၊ ဒီလိုမျိုးကိစ္စမှာ ကူညီပေးရရင် ကိုယ့်ကိုယ်ကိုယ် စစ်သူကြီးမဟာဗန္ဓုလလောက် အရေးပါ အရာရောက်သွားပြီလို့ ထင်တတ်ကြတာလည်း တစ်ကြောင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ကူညီခံ ပုဂ္ဂိုလ်ကလည်း၊ ကူညီသူကို ကျေးဇူးရှင်ကြီးတစ်ဆူလို အထင်ကြီး၊ ကိုးကွယ်တတ်ကြတာလည်း တစ်မျိုး ...

"မိုက်မဲရာ ကျနေပါရော့လားရယ်လို့ တွေးခေါ်နိုင်တဲ့ အသိဉာဏ်ကလည်း ဘယ်သူ့မှာမှ မရှိ"

ဆယ်တန်း မအောင်သောကြောင့် စိတ်လေကာ ရှမ်းပြည်နယ်ဘက်သို့ လွင့်စင်လာသူတစ်ဦးအတွက်၊ မဏိမေခလာ လုပ်ချင်မိသည့် မေမေ။ ငါ ကယ်တင်လိုက်မှ သူ့ဘဝ အခြေကျရှာတော့မည်ဟူသည့် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိသော မေမေ၊ နွဲ့နပဲကြီးစွာ တောင်းခံလာသည့် အချစ်တစ်ခုကို သနားစိတ်နှင့် ညွတ်ကျသွားရခြင်းဖြင့် မိုက်မှားမိခဲ့သော မေမေ။

"သမီးဘွားဘွား ချော့လိုက် ခြောက်လိုက်၊ ငိုလိုက် ဆူလိုက်၊ အကျိုးအကြောင်းနဲ့ ရှင်းပြလိုက် အမျိုးမျိုးဆုံးမခဲ့ပေမဲ့ ...

"သိတယ် မဟုတ်လား၊ သမီးဘိုးဘိုးက သိပ်ပြတ်တယ်၊ သူ့တစ်သက်မှာ ဘယ်လိုအမှားမျိုးကိုမှ မလုပ်ခဲ့ဘူးတော့ သူများမှားရင်လည်း ခွင့်မလွှတ်ဘူး ...

"မေမေ့ကို ချက်ချင်း အိမ်ထောင်ချဖို့ စီစဉ်တယ်၊ ဖေဖေ ပေးစားတဲ့သူနဲ့ အခု လက်ထပ်မလား၊ ဟိုကောင်နဲ့ လိုက်သွားမလား၊ အဲဒါကို တစ်ထိုင်တည်း ဆုံးဖြတ်တဲ့"

မိဘနှင့် သားသမီး မာနချင်းပြိုင်ရာတွင် ရှုံးခဲ့သော အမှားတစ်ခုပါတည်း။



"မေမေကိုယ်တိုင် သမီးရှင် ဖြစ်လာတော့ မေမေသာဆိုရင် မေမေ့သမီးကို ဘယ်လိုလုပ်မယ် ထင်သလဲ ...

"ဖြတ်ခိုင်းမယ်၊ မှားကြောင်းပြောမယ်၊ ပြောဆိုဆက်ဆံခွင့်ကိုပါ ပိတ်ပစ်မယ်၊ အဖျားကျဖို့ ဆေးခါးကြီး တိုက်ရမှာပဲ သမီးရယ် ...

"အမိုက်မှောင် ဖုံးနေတဲ့သူကို အမြင်မှန်နဲ့ အလင်းရနေသူက အမိန့်တစ်ခုနဲ့ ချုပ်ကိုင်ဖို့ပဲရှိတယ်၊ ရွေးချယ်ခွင့် လမ်းမပေးရဘူးကွယ်၊ မိုက်နေတဲ့သူ အခွင့်အရေးရရင် လမ်းမှားကိုပဲ ရွေးတော့မပေါ့ ...

"ဒါကို မိဘဆိုတဲ့ အရှိန်အဝါနဲ့ ဗိုလ်ကျတယ်လို့ လူငယ်တွေ ထင်ကောင်းထင်မယ်၊ အရှည်ကောင်းဖို့အတွက် ဆိုရင် ဗိုလ်ကျသင့်ရင် ကျပေးရမယ်၊ ခုတော့ ... မေမေက မိဘနေရာ ရောက်ပြီကိုး ..."

မေမေ့သူငယ်ချင်း ဒေါ်နီနီ ဆိုသူတစ်ယောက် ရှိပါသေးသည်။ ဒေါ်နီနီ ခမျာ လူပွေတစ်ဦးနှင့် ကံဆိုးစွာ ကြုံကြိုက်ရ၏။ သမီးလေးတစ်ဦး မွေးခဲ့သည်။ သမီးဖခင် ကိုလူပွေက မိန်းမဖြောက်သောက်ယူကာ ပြန်မကြည့်တော့ပါ။

သမီးကလေး အရွယ်ရလာတော့ ဒေါ်နီနီ သဘောမတူနိုင်သည့်သူနှင့် ချစ်ကြိုက်မိကြပြန်၏။

"ငါ့သမီးကို ရနိုင်ပြည် ပို့ပစ်လိုက်ပြီ။ ဗိုလ်ကျပြီး ဖွတ်ခွဲရတာ အရှည်ကောင်းဖို့ပဲ၊ နောက် သူ လင်ကောင်းသားကောင်းရရင် ဖွတ်ခွဲခဲ့တဲ့ ငါ့ကို ကျေးဇူးတင်မယ်၊ ငါ့တုန်း

www.burmeseclassic.com



က ငါ့မိဘ စိုလ်မကျခဲ့လို့ ခွတ်မလုပ်ခဲ့လို့ ခုဆို ငါ့မိဘကို သားသမီး ကိုင်တွယ်တာ ပျော့ညံ့တယ်လို့ ငါ မြင်နေရပြီ"

ဤသို့ ပြောခဲ့ဖူးပါ၏။

ဖေဖေသည် မေမေ့ကို ချစ်ရှာပါသည်။ သားကျွေးမှု မယားကျွေးမှုအတွက် လက်ကြောမတင်း၊ အချစ်တစ်ခုကို ရအောင် ယူရုံမှတစ်ပါး အခြားနေရာမှာ ဖွဲကိုမသုံး။

"သူနဲ့ကိုယ်နဲ့ တစ်ယောက်မျက်နှာ တစ်ယောက် ထိုင်ကြည့်နေရုံနဲ့ ဝမ်းမဝဘူး၊ ခါးမလှဘူး"

မေမေ ပြောခဲ့သည့် စကားများ။

"အချစ်ဆိုတာ မျက်စိနဲ့ မမြင်ရဘူး၊ ဒြပ်မရှိဘူး၊ ခံစားမှု သဘောတရားလေး သက်သက်၊ ဒါပေမဲ့ စွမ်းအားသိပ်များတယ်၊ တန်ခိုးကြီးတယ်ဆိုတာ မေမေ ဝန်ခံပါတယ်၊ အဲဒီ တန်ခိုးတွေ စွမ်းအားတွေထဲမှာ အဝတ်အစား၊ ထမင်းနဲ့ တဲပုတ်ကလေး တစ်လုံးတလေမှ မပါလေတော့ ...

"သင်္ခါရသဘောတရားနဲ့ ပြုပြင်ဖန်တီး ပြောင်းလဲနေတဲ့ လောကကြီးမှာ အချစ်ကကော တည်မြဲနေမတဲ့လား၊ လောကမှာ ဘယ်အရာမှ မမြဲဘူး ...

"ဘယ်ဟာမှ မမြဲတဲ့အထဲမှာ အချစ်တစ်ခုတည်းက ကြံ့ကြံ့ခံပြီး မြဲနေနိုင်ပါ့မလား သမီးရယ်"

စိန်ပုံပေါ်မှမေမေ၊ သွေးပြီးသား အဆင်သင့် သနပ်ခါးကိုလူး၊ သူများလျှော်ပေးသည့် ထဘီကိုဝတ်၊ ခြေမွေးလက်မွှေးမီးဟပ်ခြင်းပင် မခံခဲ့ရသူက ထမင်းအိုးတစ်လုံး ကိုယ်တိုင်ချက်ရ



သည်ကာ ထားပါတော့။ မိန်းမသားပဲလေဟု ဖြေနိုင်၏။ ထမင်းချက်ချိန်တန်လို့မှ အိုးထဲမှာ ဆန်မရှိ၊ ပုံးဝေးလို့ ပုလင်းလေးနှင့်ဆီမရှိ၊ ဝယ်ခြမ်းစရာ အသပြာက နတ္ထိ။

ပညာလေး မတောက်တစ်ခေါက်တတ်သည့် ခင်ပွန်းသာ စားလောက်ရုံ ဝင်ငွေကလေးဖြင့် ပြည့်စုံအောင် မရှာနိုင်ခဲ့ပါ။

"အချစ်အတွက် စွန့်စားခြင်းတစ်မျိုးပဲဆိုပြီး ဆင်းရဲဒုက္ခကို ခံမယ်ဆိုတဲ့ မိုက်ရူးရဲစိတ်ဟာ တစ်နှစ်ကနှစ်နှစ်၊ နှစ်နှစ်က သုံးနှစ် ကြာလာတော့ နောင်တတွေ ရပြီလေ၊ အဲဒီတော့လည်း ဘဝက မြင်မရအောင် ပျက်နေပြီ"

"မေမေ့ သူငယ်ချင်းကကော ဖေဖေ့ညီမ ဝမ်းကွဲ ဆိုတာလေ"

"သူ့ကျတော့ မိဘပေးစားတဲ့သူနဲ့ အိမ်ထောင်ကျတယ်လေ၊ ခုဆို ဘာကတော်ကြီးမှန်းတောင် မသိဘူး ဖြစ်နေပြီ"

"မေမေ့ အမျိုးတွေပဲဆို၊ သူတို့က နည်းနည်းပါးပါး မကြည့်ဘူးလား မေမေ"

"ဆွေမျိုးသားချင်းကို ထောက်ပံ့တယ်ဆိုတာ စေတနာရယ်၊ တတ်နိုင်မှုရယ်၊ နှစ်မျိုးဆုံမှ ကူညီနိုင်တာ၊ စေတနာဘယ်လောက်ရှိရှိ ကိုယ့်ဝမ်းမှကိုယ် အနိုင်နိုင်ဆိုလည်း မကူညီနိုင်ဘူး၊ ကိုယ်မှာက အလျှံပယ်ပေမဲ့ စေတနာ မစေ့ဆော်ရင်လည်း မကူညီဖြစ်ဘူး၊ နောက်ပြီး ... ဆွေမျိုးဆိုပေမဲ့ ဝမ်းကတော်တော်ကွဲနေပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေနဲ့ အိမ်ထောင်ကျပြီး ရန်ကုန်ပြောင်းခဲ့တာပေါ့ ဟုတ်လား မေမေ"

"အင်း"

"ဖေဖေ့ဘက်က မိဘတွေကော၊ သမီးသက်တမ်းမှာ တစ်ခါမှ မတွေ့ဖူးဘူး"

"ရှိမှ မရှိကြတော့တာ၊ သမီးဖေဖေက အဲဒီကတည်းက တစ်ကောင်ကြွက်၊ ဟိုဆွေမျိုး၊ ဒီဆွေမျိုး မ,စမှုနဲ့ ဆယ်တန်းအထိ သင်ဖူးတာ၊ မေမေ့သူငယ်ချင်းအိမ် ရောက်လာတုန်းကလည်း အဲဒီအိမ်မှာ ထမင်းစား ကျွန်ခံသာသာ နေခဲ့ရတာ"

"ဖေဖေ ဆုံးတော့ သမီး ဆယ်နှစ်သမီးနော်"

"အရက်လေ ... စီးပွားရေးမကောင်းလို့ စိတ်ညစ်တာကို အကြောင်းပြပြီး အရက်သောက်တာဟာ မေမေ ခွင့်မလွှတ်နိုင်တဲ့ ပြစ်မှုပဲ သမီး၊ အရက်သောက်လို့ ပိုက်ဆံတွေ ဝင်လာမယ်ဆိုရင် မေမေပါ ဝိုင်းသောက်မှာပေါ့"

"အရက်ကြောင့် ရောဂါရတာလား မေမေ၊ သမီး သိပ်မမှတ်မိဘူး။

"အရက်သောက်တယ်၊ မူးတယ်၊ ရမ်းတယ်၊ အမူးပြေတော့ ငိုတယ်၊ မေမေကို တတွတ်တွတ် ချော့တယ်၊ ညနေကျ ပြန်သောက်၊ အဲဒီ သံသရာမှာ လည်ရင်း အသည်းခြောက်တဲ့ရောဂါနဲ့ ဆုံးတယ်"

"မေမေက မသောက်ဖို့ မပြောဘူးလား"



"ပြောပြီကော၊ ငိုငိုပြီးတော့ကို ပြောတာ၊ စိတ်ညစ်လို့တဲ့၊ စိတ်ညစ်လို့ အရက်သောက်တယ်ဆိုတဲ့မှုကို မေမေ နည်းနည်းမှ အထင်မကြီးနိုင်ဘူး၊ မမာတော့လည်း မေမေ ပြုစုပါတယ်၊ မေမေ သမီးဖေဖေကို ချစ်ပါတယ်၊ ဒါပေမဲ့ ..."

"ဘာဖြစ်သလဲ မေမေ"

"မသေရင်လည်း ကွဲမှာပဲ"

"ဘာဖြစ်လို့လဲဟင်"

"လင်နဲ့မယား ကွဲကွာကြဖို့ အချက်တွေထဲမှာ မိန်းမက ယောက်ျားကို အထင်သေးလာတာဟာ အခိုင်လုံဆုံးအချက်ကိုးကွယ့်"

"မေမေက ဖေဖေ့ကို အထင်သေးတယ်လား ဟင်"

"ပညာမတတ်လို့ ဝင်ငွေနည်းတာကို အထင်မသေးပါဘူး၊ ယောက်ျားဖြစ်ပြီး ပျင်းတာကို အထင်သေးတယ်၊ သမီးဖေဖေက သူများကားကို အငှားဆွဲတယ်၊ ကားမောင်းရတာ ပင်ပန်းတယ်ဆိုပြီး လမ်းဘေးသစ်ပင်ရိပ်မှာ ထိုးဆိုက်ပြီး အိပ်ချင်အိပ်နေတာ"

"ဩော်"

"ကလေး နေမကောင်းလို့ ဆေးရုံသွားရအောင်ဆိုရင် အိပ်ရေးပျက်တယ်ကွာဆိုပြီး မလိုက်ဘူး၊ ကလေးဆေးရုံ ပြစ်ပုလွေနာဒ္ဓာနဆိုတာက အဝေးကြီး သွားတန်းစီရတာ"

ဩော် ... မေမေ ပင်ပန်းလိုက်မဲ့ဖြစ်ခြင်း။

"ဆင်းရဲရင် ဝီရိယပိုပြီး ထုတ်ရတယ်၊ ဒါမှ တော်ရုံကျမယ်၊ ကိုယ်က သူဌေးဆိုလည်း ဓိမ်နဲ့နေပေါ့လေ၊ ဝီရိယ

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ မထုတ်ချင်၊ ဆန်မရှိလို့ စိတ်ညစ်တာနဲ့ အရက်သောက်တယ်ဆိုတာ၊ လူပျော့၊ လူညံ့၊ ယောကျ်ားဖျင်း၊ ယောကျ်ားညံ့တို့ အလုပ်"

"အဲဒီကတည်းက မေမေ စက်ချုပ်တာပေါ့နော်"

"စက်လည်းချုပ်တယ်၊ ကြုံရာအလုပ် လုပ်တာပဲ၊ ကမာရွတ်လှည်းတန်းတစ်ဝိုက်မှာ စပယ်ပန်း သီနိုင်ရင်တောင် ထမင်းစားလို့ ရပါတယ် သမီးရယ်"

ရှင်မင်းထွန်းတို့ ငယ်စဉ်က စံပယ်ဖူးကလေးများ သီခဲ့ရသည်ကို အမှတ်ရလိုက်၏။

"ဖေဖေက မေမေ့ကို ရှင်မ ... ရှင်မနဲ့ ခေါ်တာတော့ သမီး မှတ်မိပါတယ်"

"ရှင်မ ဆိုတာ၊ အိမ်ရှင်မဆိုတဲ့ အဓိပ္ပာယ်နဲ့ ခေါ်တာမဟုတ်ဘူး၊ မေမေ့ နာမည်ထဲက 'ရှင်'ကိုယူပြီး နောက်က'မ' တစ်လုံး ထည့်ခေါ်တာ၊ အချစ်ပြိုင်ပွဲ ကျင်းပရင်တော့ သမီးဖေဖေ တံခွန်စိုက်မှာပါ၊ သိပ်ချစ်တာကလွဲပြီး ဘာအရည်အချင်းမှ မရှိတဲ့သူကို ဘယ်လိုမိန်းမသားက ကြာရှည်အထင်ကြီးနေမလဲ"

"မေမေ့ မိဘတွေကလည်း ပစ်ထားတယ်နော်"

"ပြောပြီကော... မေမေ့ ဖေဖေက သူသေရင်တောင်အသုဘလာမပို့နဲ့တဲ့"

"ခုကော ..."

"ဖေဖေ ဆုံးရှာပြီ၊ မေမေ မသွားခဲ့ပါဘူး၊ ရင်ကွဲပက်လက်ကျလာတဲ့ မျက်ရည်တွေနဲ့ပဲ မှန်းပြီး ကန်တော့လိုက်ပါတယ်"



"ဘွားဘွားကော"

"ရှိသေးတယ်၊ သမီးဖေဖေ ဆုံးကြောင်း ကြားတော့ ပြန်ခေါ်တယ်"

"ဘာလို့ မသွားတာလဲ မေမေ"

"မေမေ့ဒုက္ခကို မေမေ ဖန်တီးခဲ့တာပဲလေ၊ မေမေ့ထိုက်နဲ့ မေမေ့ကံ ရှိပါစေတော့"

ဩော် ... မေမေကလည်း မေမေ့မာနနှင့် မေမေ ပါပေ။

"သမီးဖေဖေကို မေမေက သိက္ခာချ၊ မကောင်းပြောသလိုဖြစ်နေတယ်၊ ဘာပဲဖြစ်ဖြစ် အဖေဟာ အဖေပဲ၊ သမီးစိတ်ထဲမှာ မကွက်နဲ့နော်"

"ဟုတ်ကဲ့ပါ မေမေ"

"သမီးအလှည့်ကျရင် လူရွေးမမှားဖို့ သိသင့်သိထိုက်လို့ မေမေ ပြောထားတာ"

ဘဝခရီးတစ်ခုကို ဆင်းရဲပင်ပန်းစွာ လျှောက်လှမ်းရရှာသူ မေမေသည် ဇရာမတိုင်မီမှာပင် တစ်ဦးတည်းသောသမီးလေး ရှင်မင်းထွန်းကို လူ့ဘဝတွင် အထီးတည်းချန်သွားပါလေပြီ။

"သမီး ဆယ်တန်းအောင်တာတောင် သိမသွားရှာပါလား မေမေရယ်"

မေမေ ဆုံးပြီးကတည်းက ရှင်မင်းထွန်း ကျောက်ပြင်နှင့် သနပ်ခါးတုံးများကို ပယ်ခဲ့သည်။ ရှပ်အင်္ကျီနှင့် ဘောင်းဘီကိုသာ မက်မောစွာ ဝတ်တော့သည်။ အထီးကျန်ဘွယ်ရာမဲ့ မိန်းမသားအဖြစ် ဘဝကို ရင်မဆိုင်ချင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"နောက်လှည့်ကြည့်လို့မှ ကိုယ့်အရိပ်ပဲရှိတဲ့ ဘဝမှာ ဟိုလူကစော်ကားချင်၊ ဒီလူကစော်ကားချင်နဲ့မို့ အားနွဲ့သူပါရှင် လုပ်မနေနိုင်ဘူး"

ရှင်မင်းထွန်း ကျောင်းဆက်မတက်တော့ပါ။ ဆယ့်ခြောက်နှစ်သမီးနှင့် အလုပ်လုပ်ခဲ့ရသည်။ အတန်းပိုင်ဆရာမ၏ မောင် ဦးအောင်စိုးသိန်း၏ ဗိုလ်ချုပ်ဈေးဆိုင်တွင် အကူဈေးသည် ဖြစ်ခဲ့ရ၏။ ဆရာမ၏ ထောက်ခံမှုဖြင့် အလုပ်ရခဲ့ခြင်းပါ။ သည်ကစ၍ "ဏ္ဍနီလာ"မိန်းကလေးဆောင်မှာ ယောကျ်ားလျှာကလေး အဖြစ်သာ နေခဲ့သည်။ ဘဝခရီးက ကြမ်းသည်မို့ စိတ်ကြမ်းလူကြမ်း ဖြစ်ခဲ့သည်လည်း အမှန်ပါ။

နှစ်နှစ်ဟူသော ကာလအတွင်းတွင် မိန်းမချင်း အချစ်တော်မဖွဲ့ခြင်း၊ မိန်းမယူချင်စိတ် မရှိခြင်းမှလွဲ၍ ယောကျ်ား စိတ်အပြည့်အဝနီးပါး တကယ်ဖြစ်လာရသည်။

"ငါ့ဘဝက ဒီလိုနေမှ လုံခြုံမယ်ထင်လို့ ဒီလိုနေခဲ့တာ၊ ကြာတော့လည်း ဒီအဖြစ်မှာ ပျော်နေပါပြီဟယ်။ မိန်းမထဘီ ပြန်ဝတ်ရရင်တောင် ဘဝပျက်သွားမလား စိုးရိမ်နေရပြီ"

ဂျက်စမင်တို့က အစက သိပ်အပေါင်းအသင်းမလုပ်ချင်။ ယောကျ်ားလျှာဆိုတော့လည်း ခပ်လန့်လန့်၊ ရှင်မင်းထွန်း ရှင်းပြတော့မှ သနားစိတ်နှင့် တကယ်ခင်မင်သွားကြတော့သည်။

"ငါ ဘောင်းဘီမဝင်ခင်က ရည်းစားစာ အပေးခံရရင် တစ်ကိုယ်လုံး ကုန်လှုပ်ချောက်ချားလောက်အောင်ကို လန့်တယ်"



"ဘာဖြစ်လို့လဲဟ"

"ယောကျ်ားတွေ ချစ်တတ်ပုံကို သိပ်ကြောက်တယ်။ အချစ်ခံရမှာ သိပ်ကြောက်တယ်၊ တကယ်တော့ တစ်မိသားနဲ့ တစ်မိသား၊ သူစိမ်းတွေ၊ တဏှာစိတ်နဲ့ ချစ်ကြတာ မကောင်းပါဘူးဟာ"

"ကြည့်စမ်း ... ရှင်မင်း၊ နင့်ပါးစပ်ကလည်း ကြမ်းလိုက်တာ"

စကားရိုင်းရိုင်း ပြောလျှင်တောင် မျက်နှာတွေ တွတ်တွတ်ရဲတတ်သည့် ဖြူနွဲ့ပါ။

"ငါ့ထမင်းကို ငါရှာစားရတဲ့ဘဝမှာ စကားလုံး ရွေးမနေနိုင်ဘူးဟ၊ ဘွင်းဘွင်းပဲ၊ နားလည်ရင် ပြီးရော"

"တပ်မက်တယ်တို့ ဘာတို့ သွယ်ဝိုက်ပြောလည်း ရသားနဲ့"

"စိတ်မရှည်ဘူးဟာ"

ဝါးခနဲ ရယ်မိကြလေသည်။

"တချို့လူတွေကျတော့ လူကငြိမ်းတယ်လေ၊ အိမ့်ဝေယျာဝစ္စဆိုလည်း အခိုင်းအစေနဲ့ မဟုတ်လား၊ ပြောချင်တာ ချပြောနိုင်ဖို့ စကားလုံး ရွေးနိုင်တယ်။ စိတ်ရှည်တယ်။ ပျော့ပျောင်းနူးညံ့ ချိုသာတယ်ပေါ့ဟာ"

"ရှင့်မင်းရယ်၊ နင့်စိတ်က လက်တစ်ဆစ်တောင် မရှိပါဘူး။ စကားပြောရင် လက်သီးပါလိုပါ၊ မျက်လုံးပြူးလိုပြူးနဲ့ မဆဲရုံတစ်မယ် ရှိပါတယ်"

"ခုတော့ မဆဲသေးပါဘူး၊ နင်တို့ ရည်းစားမထားကြနဲ့ဦး၊ ရည်းစားထားရင်တော့ အဆဲပဲ၊ မိုးမွှန်ပြီသာမှတ်"

"ကြောက်နေရပါလား"

www.burmeseclassic.com

www.burmeseclassic.com



အဆဲခံရမှာ ကြောက်သောကြောင့် ဖြူနွဲ့တစ်ယောက် ဟန်မော်နှင့် ချစ်မိခြင်းကို မြှုပ်ထားလေရောသလား။

မေမေ့အကြောင်း တွေးမိရာမှ ဖြူနွဲ့အကြောင်း ပြောဖြစ်၏။ ဖြူနွဲ့အကြောင်း ပြောဖြစ်ရာမှ ဦးအောင်သွေးနောင် ထံသို့ စိတ်ရောက်ပြန်၏။ မေမေ ပြောခဲ့သည့် အမည်နာမများ တွင် ဦးအောင်သွေးနောင် ဟူ၍ တစ်ခါမျှမပါဝင်ခဲ့ဖူးပါ။ ပြီးတော့ ဤပုဂ္ဂိုလ်သည် မေမေ မရှိတော့သည့် နောက်ပိုင်းကျမှ ဆက်သွယ် လာသူလည်း ဖြစ်သည်။ ဘွားဘွား လွှဲအပ်ခဲ့သည့် အမွေထိန်းတဲ့။ သူ့ကိုယ်သူ အုပ်ထိန်းသူတဲ့။

"ဒီပါချမ်းမြ" စံအိမ်ကြီးပေါ်က မေမေ ဆင်းလာပြီး သည့် နောက်ပိုင်းမှ တွင်ကျယ်လာသည့် လူတစ်ဦးလား ...

ဦးအောင်သွေးနောင်နှင့် စတင်ကာ အဆက်အသွယ် ဖြစ်ခဲ့ပုံက ရှင်မင်းထွန်းထံ လာရောက်ပတ်သက်ခဲ့ပုံက ...။

* * *



ကြိုနှင့်တော့ ချယ်ရီမြေ

"စာလာတယ်ဟေ့ ... ရှင်မင်းထွန်းတဲ့၊ ထူးထူးဆန်းဆန်း"

သည်အဆောင်သို့ ရောက်ခဲ့သည်မှာ တစ်နှစ်ကျော်ပြီ။ ရှင်မင်းထွန်းဟူ၍ စာတစ်စောင်မျှ မလာခဲ့ဖူးပါ။

"ယောကျ်ားလက်ရေးကွ"

အဆောင်ဖော် သူငယ်ချင်းတွေက ဝိုင်းစကြသည်။ ရှင်မင်းထွန်း နားရွက်ဖျားတွေ ရဲတက်လာသည်အထိ ရှက်မိ၏။ သူ့တွင် ယောကျ်ားလေး သူငယ်ချင်းများ ရှိသော်ငြား စာတစ်စောင် ပေတစ်ဖွဲ့ ရေးရလောက်အောင် ကိစ္စအထူးမရှိ။

"ဘယ်အခြောက်တစ်ယောက်က တို့ ရှင်မင်းကို ပိုးတယ် မသိ"

မကြားစေချင်သလိုလိုနှင့် ကြားအောင် ပြောသူက ပြော။

"ကဲ ... ဟာ"

www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းထွန်း စာအိတ်ကို ထက်ပိုင်းခွဲဆုတ်ပစ်လိုက်တော့သည်။ ရှင်မင်းထွန်းတို့ ဒေါ်သက ထွက်ချင်လွန်း၍ တံခါးဝမှာ ပြုံနေသည်။ စိတ်ကလည်း လက်တစ်ဆစ်လေ။

"ဟယ် ... လုပ်တော့မယ်၊ ပေး ... ငါ့ကို"

ဂျက်စမင် ဝင်လုသည်။ စာရွက်များကိုထုတ်၍ ကျောဘက်မှ စက္ကူတစ်ခု ပိုးကပ်ကာ ပြန်ဆက်တော့မှ ...

ရှင်မင်းထွန်း

မင်းကတော့ ငါ့ကို သိမယ် မဟုတ်ဘူး၊ ငါ့နာမည်က အောင်သွေးနောင်တဲ့။ မင်းမိစင်ကလွဲလို့ သားထောက်သမီးခံ ဆွေမျိုးရင်းချာမရှိတဲ့ မင်းအဘိုးအဘွားများရဲ့ စီးပွားရေးကိစ္စ အဝဝမှာ ငါ့အဖေက လုယုံရိုးပါတော့။

ဖေဖေ အသက်ကြီးတော့ မေမေ့နေရာမှာ ငါ အစားဝင်ရတယ်။ မင်းရဲ့မိစင် ဆုံးတဲ့သတင်း ကြားတယ်၊ အဲဒီအချိန်မှာ မင်းဘွားလေးအိပ်ရာပေါ်မှာ ပက်လက်မလာနေတာကတော့ ကြာပြီ။

မင်းအမေ ဆုံးတာကို မုံးဖိထားရတယ်။ မင်းအဘွားကတော့ မင်းအမေ ရှိသေးတယ် ထင်နေတယ်။ သူ့စီးပွားဥစ္စာ အကုန်လုံး မင်းရဲ့ရှေ့နေရှေ့ရပ် စာချုပ်စာတမ်းနဲ့ လွှဲတယ်။ မင်းအမေကို ပေးခဲ့ချင်ပေမဲ့ မုဆိုးမဘဝမှာတောင် ပြန်မလာခဲ့တဲ့ မင်းအမေရဲ့ မာနကို စိုးရိမ်ပြီး မင်းကိုပဲ ပေးခဲ့တယ်။

အသက်ထွက်အံ့ဆဲဆဲမှာ မိဘမေတ္တာကို ပြသွားခဲ့တယ်။

ခု မင်းအဘွားလည်း ဆုံးရှာပြီ။ ဓနဥစ္စာတွေ မင်းကို လွှဲပြောင်းပေးဖို့ တာဝန်ရှိလာတယ်။ မင်း အောင်ပန်းကို လာခဲ့ပါ။ မင်းအဘွားရဲ့ ရှေ့နေနဲ့ ခြွင်းချက်တစ်ခုတော့ ပါတယ်။



မင်းမိစင်ဟာ အိမ်ထောင်ရေးမှာ လူရွေးမှားခဲ့တယ်။ မင်းဟာ အိမ်ထောင်ဖက်ကို မှန်ကန်စွာ ရွေးချယ်နိုင်မှ မင်းအနေနဲ့ အကျိုးခံစားခွင့်ပြုနိုင်မယ်တဲ့။

လောလောဆယ်မှာ ငါ့ကို မင်းရဲ့အမွေထိန်း အုပ်ထိန်းသူလို့ သဘောထားပါ။

အောင်ပန်းကို ပြန်လာပြီး ငါတို့ အုပ်ထိန်းမှုအောက်မှာ လာနေပါ။ မင်း လူကောင်းတစ်ယောက်ယောက်နဲ့ အိမ်ထောင်ကျတဲ့နေ့မှာ ရှိပစ္စည်းအကုန်လုံး မင်းလက်ထဲ ရောက်မယ်။ အကျိုးအကြောင်း စာပြန်ပါ။

အောင်သွေးနောင်

"ဟာ ... ကော်တာပဲ ... ကော်ပြီကွ၊ ရှင်မင်း ထီပေါက်ပြီ"

ဂျက်စမင်က ဝမ်းသာအားရ ထခုန်၏။

"ဘာဖြစ်နေတာလဲ"

ကာယကံရှင်၏ မျက်နှာက စူပုပ်ပုပ်။

"ပျော်နေတာ"

"အလကား ... မေမေ မဆုံးခင်ကတော့ မပေးပဲနဲ့ မေမေ မှခံစားမသွားရတဲ့ စည်းစိမ်ကို ငါ မမက်မောဘူး"

"ဟင် ... ကိုယ့်ဘိုးဘွား အမွေပဲဟာ"

"ခေါက်ထား"

ပထမ စာတုန်းက ဂျက်စမင် ဖတ်ပြသော ကြားလိုက်ရသည်။ ရှင်မင်းထွန်း လက်နှင့်ပင် ကိုင်မဖတ်ခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းထွန်း

ဘာလို့ စာမပြန်တာလဲ၊ မင်း ရန်ကုန်မှာ အလုပ်လုပ်နေကြောင်း ငါတို့ ကြားတယ်။ မင်းအလုပ်က မက်စရာမှ မရှိတာ ထွက်ခဲ့ပါ။ တို့ ဟဲတိုး လေဆိပ်မှာ လာကြိုနေမယ်။ လာမဲ့ရက်ကို ကြိုပြောပါ။

မင်း ပိုင်ဆိုင်ခဲ့စားရမဲ့ အမွေအနှစ်ကို ဘာဖြစ်လို့ လာမခံစားသလဲ။ မင်းမှာ ဆန္ဒတစ်မျိုးမျိုး ရှိနေရင်လည်း ပြောပါ။ မင်းကို အများဆုံး အတတ်နိုင်ဆုံး ဂရုစိုက်ပေးဖို့ မင်းဘွားအေဆီမှာ ငါ ကတိပေးလိုက်ရတယ်။

မင်းဘွားအေက မင်းရဲ့အိမ်ထောင်ရေးကို စိတ်အပူဆုံးပဲ။ မင်းမိခင်လည်း မရှိတော့မှ ရန်ကုန်မှာ ဘာလို့နေမလဲ။ ငါ့ကို ဆွေမျိုးလို့၊ ညီအစ်ကို မောင်နှမလို့၊ သူငယ်ချင်းမိတ်ဆွေစစ်လို့၊ အဝဝ တိုင်ပင်နိုင်တယ်။ မင်း စာ ပြန်ဖို့ကောင်းပြီ။

အောင်သွေးနောင်

"ဖွီး ... လေသံကိုက အထက်စီးနဲ့၊ သူ့ကိုယ်သူ တာဝန်ရှိ ပုဂ္ဂိုလ်ကြီးတစ်ဆူလုပ်လို့၊ အဲဒီအဘိုးကြီးဟာ နှုတ်ခမ်းမွေး ကားကားကြီးနဲ့ ရှမ်းကြီးပဲ ဖြစ်မှာပဲ၊ ဟား ဟား"

သည်စာကိုတော့ ရှင်မင်းထွန်း ကိုယ်တိုင်ဖောက်ဖတ် ဖြစ်သည်။

"နင်နဲ့ မခွဲချင်ပေမဲ့ သူ့ဆီသွားနေရင် နင့်ဘဝ ချမ်းချမ်း သာသာ ဖြစ်မှာမို့ ငါ တိုက်တွန်းချင်တယ်"

စကားနည်းလှသည့် ဖြူနွဲ့ပင်လျှင် တိုက်တွန်း၏။ ဂျက်စမင်ကဆို တွန်းမလွှတ်ရုံ တစ်မယ်ပါ။



"ဘာလဲ ... ငါ့ကို မကြည့်ချင်ဘူးလား၊ ဒါဆို အဆောင် ပြောင်းမယ်"

"ဒေါသက ထွက်ပြီဟယ်၊ တို့က စေတနာနဲ့"

"မသွားချင်ပါဘူးဆို၊ နောက်တစ်ခါ ထပ်မပြောကြနဲ့"

"အကျိုးအကြောင်းတော့ စာပြန်ပါဟာ"

"မပြန်ဘူး၊ ငါ စိတ်မဝင်စားဘူး"

"မထိုးပဲပေါက်တဲ့ သိန်းဆုကို သွားမထုတ်ပဲနေတာ၊ နင့်လို လူစားမျိုးပဲ"

"ဟာ ... ဂျက်စမင်၊ ငါ သိပြီ"

"ဘာတွေ သိပြန်တာလဲ"

"ငါ့မှာ သွားရေးလာရေး ခက်တယ်ဟ၊ မော်တော်ဆိုင် ကယ် တစ်စီးလောက် ဝယ်ပေးပါလို့ လှမ်းတောင်းလိုက်ရင် မကောင်းဘူးလား၊ သူ ဘာပြန်ပြောမလဲ သိရအောင်၊ ရလည်းအမြတ်၊ မရတော့ ခုံရင်း"

"မဆိုးပါဘူး"

"လုပ်ကြည့်လေ"

စိတ်မြန်သည့် ရှင်မင်းထွန်းက ချက်ချင်း စာထရေး သည်။

ဦးအောင်သွေးနောင်

အောင်ပန်းကိုလာဖို့ စိတ်မပါသေးဘူး၊ လူကြီးမင်းမှာ စေတနာရှိ ရင်၊ လုပ်ပိုင်ခွင့်လည်း ရှိတယ်ဆိုရင် မော်တော်ဆိုင်ကယ်တစ်စီး လိုချင်တယ် ဗျို့၊ ဆန္ဒရှိရင် ပြောပါဆိုလို့ ဆန္ဒကို ဖွင့်ပြောလိုက်ပါတယ်။

ရှင်မင်းထွန်း

www.burmeseclassic.com



“ငါ်သာဆိုရင် ဝယ်မပေးဘူး၊ ပူဆာတဲ့သူက စေတနာရှိအောင်မှ မရေးပဲ”

ဂျက်စမင်က နှာခေါင်းရှုံ့၏။

“မပေးလည်း မပူပါဘူးဟာ”

နောက်တစ်နေ့ ဗိုလ်ချုပ်ဈေးစာတိုက်မှပင် စာကို ထည့်လိုက်သည်။ နှစ်ပတ်အကြာတွင် ဣန္ဒနီလာ ရွှေ့သို့ လူနှစ်ယောက်နှင့် ဆိုင်ကယ်တစ်စီး ရောက်လာသည်။

“ဟ ... ဟ ... ဟိုပုဂ္ဂိုလ်ကြီးဆီက ထင်တယ်၊ ဖြူနွဲ့ လုပ်ပါဦး၊ နင်ထွက်တွေ့ဟာ၊ ငါမရှိဘူး ပြောလိုက်”

“နင်မရှိပဲ ပေးခဲ့မလားဟ၊ လက်လွှတ်စပယ်ကြီး မတွေ့တွေ့အောင် ထိုင်စောင့်မှာပေါ့”

“နင်ပဲ ရှင်မင်းထွန်း လုပ်လိုက်ဟာ”

“ဟော့အေး ... ငါ ကြောက်တယ်”

“ဂျက်စမင်”

“ငါက ပါးရိုးကားကားနဲ့ ကရင်မျက်နှာ သိပ်ထင်ရှားတယ်ဟ၊ ဘယ်ဖြစ်မလဲ”

“ငါက ရှင်မင်းလောက်မှ အသားမဖြူတာ”

“ရှင်မင်း လိုတော့ စိုလက်မနေဘူးပေါ့၊ ဒါပေမဲ့ နင့်အသားက မညိုပါဘူးဟာ၊ မျက်နှာသွယ်တာချင်းလည်း ဆင်တယ်”

“နေပါဦး၊ နင့်ဘာသာ ထွက်တွေ့တော့ ဘာဖြစ်မှာမို့လဲ”

“မတွေ့ချင်ဘူးကွ၊ ဟိုမှာလည်း သွားမနေချင်ဘူး၊ ငါလိုချင်တာလေး နည်းနည်းပါးပါးရရင် တော်ပြီ၊ လောဘလည်း မကြီးချင်ဘူး၊ ငါ့ကို ငါမှန်း မသိစေချင်ဘူး”



“တို့ထွက်တွေ့တော့ နင် မဟုတ်မှန်း မသိပဲ နေမလား”

“မသိနိုင်ဘူး ထင်တယ်၊ ငါ မှတ်ပုံတင်လုပ်တဲ့ အရွယ်တုန်းက မှတ်ပုံတင်အတွက်ရိုက်တဲ့ ဓာတ်ပုံကို မေမေက သူတို့ဆီ ပို့ထားတာ၊ ဆယ့်နှစ်နှစ်သမီး လိုင်စင်ပုံကလေး မြင်ဖူးထားတာပဲ”

“နင် ... ဒီမှာရောက်နေတာတောင် စုံစမ်းနိုင်သေးတာပဲ”

“အိုး ... ဒါက လွယ်ပါတယ်၊ တို့သားအမိ ငှားနေခဲ့တဲ့ အိမ်မှာ လာမေးသွားတာ နေမှာပေါ့၊ ငါ ဒီကိုပြောင်းပြီ ဆိုတာ အဲဒီနည်းနဲ့ သိမှာ”

“မော်တော်ဆိုင်ကယ် တစ်စီးလုံးကို မသေချာပဲ ပေးခဲ့မှာလားဟ”

“မပေးလဲနေဟာ”

ရှင်မင်းထွန်းတို့ လောဘနည်းပုံက ခပ်ပြတ်ပြတ်ပဲ။

“ကဲပါဟယ် ... ဖြူနွဲ့ပဲ သွားလိုက်ပါ”

ဂျက်စမင်က တိုက်တိုက်တွန်းတွန်း လွှတ်ရသည်။ ရှင်မင်းထွန်းတို့က မလုပ်ဘူးဆို မလုပ်ရေးချမလုပ် ဆိုသည့်အထဲမှာလေ၊ ဖြူနွဲ့ ခမျာ မနေသာပဲ၊ မျက်နှာပူပူနှင့် ထွက်တွေ့ရတော့သည်။

“ဟို ... ကျွန်မ ရေချိုးခန်းထဲ ရောက်နေတာနဲ့ နည်းနည်းကြာသွားပါတယ်”

အသက်ငါးဆယ်နီးပါးနှင့် သုံးဆယ်ကျော်အရွယ် အသားဖြူဖြူ ရှမ်းအမျိုးသားဟု ထင်ရသူနှစ်ဦးက ဖြူနွဲ့ကို စူးစိုက်ကြည့်ကြသည်။ ဖြူနွဲ့ ခမျာ မလုံလိုက်သည့်ဖြစ်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



"ကလေးမက ရှင်မင်းထွန်းနော်"

"ဟုတ် ... ဟုတ်ကဲ့ပါ"

"စာရေးတုန်းက ဘာမှ ပြည့်ပြည့်စုံစုံလည်း မရေးဖူး။ အမွေထိန်းတွေက စိတ်ပူနေကြတယ်"

"ကျွန်မ ... ကျွန်မ ... မအားလို့ပါ"

"ဗိုလ်ချုပ်ဈေးမှာ ဆိုင်ထွက်တယ် ဟုတ်လား"

မြတ်စွာဘုရား သည်အထိ သိကြသည်ပဲ။

"ဟုတ် ... ဟုတ်ကဲ့"

"ငွေရေးကြေးရေး၊ ဘာညာ အခက်အခဲရှိရင် ပြောပါ။ နည်းနည်းပါးပါးတော့ ထုတ်သုံးခွင့် ရှိပါတယ်၊ အားလုံးကို လွှဲဖို့သာ ကလေးမဘွားအေ ဆန္ဒနဲ့ညီမှ"

"ကိစ္စမရှိပါဘူး။ လိုတော့ ပြောပါ့မယ်"

"မော်တော်ဆိုင်ကယ်နဲ့ မိန်းမသား၊ သိပ်တော့အဆင်မပြေဘူးလို့ ဦးအောင်သွေးနောင်က ပြောတယ်၊ မသကာ ကားဆိုရင် ဟုတ်တုတ်တုတ်တဲ့"

"ဟို ... ကားက သိပ်တန်ဖိုးကြီးလို့ပါ"

"အင်းလေ ... ကလေးမက ဗိုလ်ချုပ်ဈေးထွက်ရင် ဒီဆိုင်ကယ် စီးမှာလား"

"ဒါ ... ကျွန်မ မဆုံးဖြတ်ရသေးပါဘူး၊ စီးချင်လည်းစီးဖြစ်မယ်ပေါ့၊ ရန်ကုန်မှာ မိန်းကလေးတစ်ချို့ မော်တော်ဆိုင်ကယ် စီးနေကြပါပြီ။ သွားရေးလာရေးကလည်း ခက်ခဲတယ်လေ"



"ဟုတ်တယ် ... ဟုတ်တယ်၊ လိုင်းကားတွေကလည်း အလွန်ကျပ်တာ"

အသက်ငါးဆယ်ခန့် လူကြီးက ဝင်ပြော၍ လူငယ်က နှုတ်ဆိတ်နေသည်။ စူးရှသည့် မျက်ဝန်းများကတော့ ဖြူနွဲ့ တစ်ကိုယ်လုံးကို ဓာတ်မှန်ရိုက်စက်ကဲ့သို့ အရိုးအကြောတွေထိ ထွင်းဖောက်ကြည့်နေသလား မဆိုနိုင်။

"ကားက တန်ဖိုးကြီးလွန်းတော့ ဝယ်နိုင်သူ ရှားပါတယ်၊ မော်တော်ဆိုင်ကယ်ဆိုလည်း အလုပ်ကဖြစ်တော့ မိန်းမသားရယ် ဘာရယ် မဟုတ်ပဲ စီးကြရတာပါပဲရှင်"

"အင်းပေါ့လေ၊ ဦးတို့ဆီမှာ တချို့ မိန်းမသားပေမဲ့ မြင်းစီးတဲ့အခါ စီးသလိုပေါ့၊ ခြံတွေကကျယ်၊ ကားနဲ့လည်း အတွင်းထဲထိ မဝင်နိုင်တဲ့အခါ မြင်းကို သုံးကြရတယ်"

"ကျေးဇူးတင်ပါတယ် ဦး"

ပြန်ပါတော့ဟု နှင်သည့်သဘောဖြင့် စကားစကို ဖြတ်၏။

တစ်ဖက်ကလည်း လူကြီးပဲ နားလည်သည်ပေါ့။

"ဦးအောင်သွေးနောင်တော့ ရန်ကုန် ဆင်းမလာအားဘူး၊ ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး"

"အောင်ပန်းမှာ လာနေဖို့ စိတ်ကူးမရသေးဘူးလား"

"မရသေးပါဘူး"

"ကလေးမမိခင် မဆုံးခင် ကလေးမဘွားဘွားက ပြန်လာနေဖို့ လှမ်းခေါ်သေးတယ်၊ ကလေးမ သိလား"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ဟင့်အင်း၊ ကျွန်မ မသိပါဘူး"

"မမရှင်က ပြန်မလာပဲ၊ သူ့သမီးခက်ပုံပဲ ပို့လိုက်တယ်"

"ဩော်"

"မာနတွေက အပြိုင်ကြီးကြတဲ့ မျိုးရိုးပဲလေ"

"ကိုယ့်ဒုက္ခကို ကိုယ်ပဲခံချင်တဲ့ သဘောလည်း ဖြစ်ချင်ဖြစ်မှာပေါ့ရှင်"

"အိမ်ထောင်ပြုဖို့ အစီအစဉ်များ ရှိပြီလား"

"ရှင် ... ဟို ... ကျွန်မ"

"လူကြီးတွေက မေးခဲ့ခိုင်းလို့ မေးခဲ့ရတာပါ။ ဘာရက်စရာရှိလဲ"

"လောလောဆယ်တော့ မရှိသေးပါဘူး"

"ကိစ္စရှိရင် အစစ တိုင်တိုင်ပင်ပင် လုပ်ပါတဲ့"

"ဟုတ်ကဲ့ပါ"

"ဦးတို့ သွားမယ်၊ နေထိုင်မကောင်း ဖြစ်ရင်လည်း မှာပါ"

"ကောင်းပါပြီ"

သူတို့နှစ်ယောက် ထပြန်သွားမှ ...

"ဟင်း"

ဖြူနွဲ့ ခများ အလုံးကျရှာသည်။

"ဟော့ ... ဟော့ ... ဖြူနွဲ့၊ နင် ရုပ်ရှင်မင်းသမီးလုပ်ရင် ပထမဆုံးကားမှာ အကယ်ဒမီ ရမယ်"

ရှင်မင်းထွန်းက ညှော်ခန်းထဲသို့ ခုန်ပေါက်ဝင်လာသည်။



"ငါနဲ့ ဂျက်စမင် ခန်းဆီးကြားက ချောင်းကြည့်နေတာ"

"ရှင်မင်းရယ် ... ငါမှာဖြင့် ဇောချွေးတွေတောင် ပြန်လို့"

"ပိုင်ပါတယ်ဟာ"

သူငယ်ချင်း သုံးယောက်သား ဖက်ကာ ဝါးခနဲ ရယ်မိကြလေသည်။ မဟုတ်တာ တစ်ခု လုပ်ခွင့်ရလျှင်ပင် စွန့်စားခန်းတစ်ခုနှယ် ထင်တတ်ကြသည့် အရွယ်တွေလေ။

❀ ❀ ❀

"ဒီပိုက်ဆံအိတ် သေးသေးလေး သုံးရှာငါးဆယ်တော့ များတယ်ဗျာ၊ လျှော့ပါဦး"

ကုတ်ကတ်ဆစ်နေတော့ ရှင်မင်းထွန်း စိတ်မရှည်ချင်တော့ပါ၊ လာဆစ်နေသည့်လူ၏ ပုံကိုလည်း ကြည့်ပါဦး။

ဆံရှည်ကုပ်ဝဲက တွန့်တွန့်ကောက်ကောက်နှင့် ပခုံးသားကို မထိတထိ တညီတည်း ရှည်ကျနေသည်မို့ အလှအပမဖြစ်တော့ပဲ ပိုသီပတ်သီ ဖြစ်နေတော့သည်။ တင်ထားသည့် နေကာမျက်မှန်က အနည်းဆုံး ငါးရာတော့ တန်မည်။ နိုင်ငံခြားပစ္စည်းဆောင်းနေသူမို့ ရှင်မင်းထွန်း တန်းခနဲသိ၏။

သားမွေးကော်လာတပ် သားရေဂျာကင်က ထောင်ကျော်၊ ဂျင်းဘောင်းဘီက လေးရာပဲထား၊ စီးထားသည့် ဖိနပ်ကို ငုံ့ကြည့်ဖြစ်သည့်တိုင် အကောင်းစားပဲ ဖြစ်မည်။ သူ့တစ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



လုံး အဖိုးတန်တွေ ဖုံးထားပေမဲ့ အဆီတဝင်းဝင်းထကာ ညိုပြောင်သည့် အသားအရေ၊ နှုတ်ခမ်းမွေး ငုတ်စိတိုတို့ကို ဘယ်ဘက်ကမျှ ကြည့်၍မရ။

ဟုတ်လှပြီ အထင်နှင့် စွတ်တင်ကာ ဖောဖောသီသီ ဝတ်စားဆင်ယင်ထားပါလျက် "မဟုတ်"သည့်ပုံစံ၊ တီတီပပဆိုရှေ ပါမှ ဂျင်ဂလိတိုက်ဂေါ။

"ဒီပိုက်ဆံအိတ်ကို သေးတယ်ဆိုရင်၊ ဆု(တ်)ကေ့စ်ကြီး စလင်းကြိုးတပ်ပြီး လွယ်ပေတော့"

မမသီရိဝင်းသာ ရှိလျှင်တော့ စိတ်ရှည်ချင် ရှည်မည်။ ရှင်မင်းထွန်းတို့ကတော့ တိုလှပြီ။ အလျားတစ်ပေခွဲ၊ အမြင့်ဆယ် လက်မရှိသည့် အိတ်ကြီး၊ သည့်ထက် ကြီးလျှင်လည်း ကိုင်၍မလှ တော့ပါ။ ဒါတောင် မိချောင်းသားရေက အတုမို့၊ အစစ်သာဆို သည်အရွယ်အိတ်မျိုး ယိုးဒယားဘက်မှာတောင် သုံးထောင်ကျော် မည်။

"အိတ်ကြီးတယ် သေးတယ် ဆိုတာ ကိုင်မဲ့လူပေါ်မှာ မူတည်တာပဲဗျ"

ဝယ်သူက စောဒက တက်၏။

"ဟုတ်တာပေါ့၊ အရပ်ဆယ်ပေ ကိုယ်အလေးချိန် ပေါင် ခုနစ်ရာကျော် အမျိုးသမီးအတွက် ဆိုရင်တော့ ဒီလောက် အိတ်ဟာ လက်ထဲတင် ပျောက်နေမှာ၊ ဒီဆု(တ်)ကေ့စ် ကြီးသာ ဝယ်သွားပါဗျာ၊ ကျွန်တော် စလင်းကြိုး တပ်ပေး လိုက်ပါမယ်"



မျက်နှာကို အချိုသာဆုံးပုံစံချိုးကာ ရှင်မင်းထွန်း ခွတိုက်ပြော၏။ သူ့မျက်နှာပေးနှင့် သူ့စကားကို သူ့ဘာသာ သဘောကျကာ ကျိတ်ပြုံးမိသေးသည်။

"တစ်ရာ့ငါးဆယ် ထားဗျာ"

"ဟော့လူ... ဒါမျိုး သုံးဖူးရဲ့လား"ဟု မေးလိုက်ချင် တော့၏။ ဆိုသည့်ဈေးက လေးရာ့ငါးဆယ်၊ လျှော့ရင်းလျှော့ရင်း ဖြင့် သုံးရာ့ငါးဆယ်သို့ ရောက်လာပြီ၊ သည်အိတ်က ဝယ်ဈေးပင် သုံးရာ့အစိတ်၊ သည့်ထက်ပိုလျှော့ရလျှင် မမသီရိဝင်း ပြန်လာပါက မှုန်ပုန်ညှို လုပ်လိမ့်မည်။ ကိုယ်ကပဲ ကြားဖြတ်ဘုံးသလို အထင်ခံ ရနိုင်၏။

"မရဘူး"

တိုတိုပြောကာ ရှင်မင်းထွန်း သူ့အိတ်ကို ကောက် သိမ်းသည်။

"နှစ်ရာပေးမယ်ဗျာ"

"သုံးရာလေးဆယ့်ကိုးကျပ်နဲ့ ကိုးဆယ့်ငါးပြားလည်း မရ ဘူး"

"ဒီလိုဆို ဒီအိတ်ကော"

နောက်တစ်လုံး ကောက်ကိုင်ပြန်သည်။

"အဲဒါ ငါးရာ"

နှစ်ရာနှင့် ရောင်းနိုင်သည့်အိတ်ကို တမင်ပိုပြော သည်။

"ဟိုဟာကော"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ထောင်"

"ဒီဥစ္စာ"

"နှစ်ထောင်"

"ဟိုဘက်က"

"ငါးထောင် မလျော့ဘူး"

"ခင်ဗျားအိတ်တွေက ရွှေချထားသလား"

"စိန်စီထားတယ်"

"ဘယ်မှာလဲ စိန်"

"လူကြီးလူကောင်းတွေမှ မြင်နိုင်တယ်"

"ဘယ်လိုဈေးသည်လဲ၊ ဒီအပြောမျိုးနဲ့တော့ ပိုင်ရှင်မဖြစ်နိုင်ဘူး"

"ဒါဖြင့်လည်း ပိုင်ရှင်လာမှဝယ်"

"ခင်ဗျား ဂျာကင်ချွတ် ရောင်းမလား"

ဆောင်းလယ်မို့ အေးစိမ့်စိမ့် ရှိသည်နှင့် သည်နေ့မှ ဂျာကင် ဝတ်လာမိ၏။ အမျိုးအစား မကောင်းလှပါ၊ တစ်ရာငါး ဆယ်ပဲ ပေးရသည်။

"ဝတ်ထားတဲ့ဂျာကင် ချွတ်ရောင်းရမလောက်အောင် မဖြစ်သေးဘူး၊ ဒီပိုက်ဆံအိတ်တွေ မဝယ်နိုင်ရင် ခင်ဗျားဂျာကင်ကို ချွတ်လဲသွားရင် ရတယ်"

"ထမင်းငတ်မှ လဲတာပေါ့"

ထိုအခိုက် ဝယ်နေကျဖောက်သည် တက္ကသိုလ် ကျောင်းသူတစ်စု ရောက်လာ၏။



"ကိုတေဇာကြီး ... ဆွယ်တာပုံဆန်းတွေ ဝင်သလား"

သူ့ကို ယောကျ်ားမဟုတ်မှန်း မသိပဲ နေမည်မဟုတ်။ သူ့ပုံစံက ယောကျ်ားလျာမို့ ယောကျ်ားလို ဆက်ဆံလျှင် ပိုကြိုက် မည်အထင်နှင့် သက်သက်မဲ့ ချွဲကြကြောင်း နားလည်၏။ သူက သူ့နာမည်ကို ဖုန်းတေဇာဟု ပြောထားဖူးသည်လေ။

"သိပ်ဝင်တာပေါ့၊ ညီမလေးတို့ မျက်နှာနုနုလေးတွေ့ ဆိုရင် လိုက်မှလိုက်"

"တို့ ကိုတေဇာကြီးကလည်း ချွဲမှချွဲနော်"

သည်အပြောကလေးများကို ရှင်မင်းထွန်း ဘယ် မိသည် အံမှန်ပါ။ အစတုန်းကတော့ မေမေ မရှိသည့်နောက် ကိုယ့်ဘဝကိုယ် လုံခြုံမှုအတွက် ယောကျ်ားပုံစံကို တမင်ဖမ်းယူ ခဲ့ခြင်း ဖြစ်၏။ နောက်တော့ သည်ပုံစံမှာ အထာကျသွားရသည်။ လွတ်လပ်မှုရှိသည်။ မိန်းကလေးစစ်စစ်လို ထိန်းရသိမ်းရသည့် ပညတ်ချက် နည်းသည်။

ယောကျ်ားစိတ် အတော်များများ တကယ်ပင် ဝင် လာခဲ့ရသည်။ မိန်းမပိုးသည်အထိ မဖြစ်မိပေမဲ့ မိန်းမလှနုနုငယ် ငယ်ကလေးများနှင့် တွေးရောယှက်တင် နေရ ပြောရသည်ကို သာယာမိလာ၏။

စောစောက ပုဂ္ဂိုလ်ကို လှည့်ပင်မကြည့်တော့ဘဲ မိန်းကလေးများနှင့်သာ စကားတွေ ဖောင်လောက်အောင် ပြော၏။ မျက်နှာကို အချိုသာဆုံး ပြုံးထားသည်။ စိတ်ထဲက ရွှင်ကြည်သည် မို့လည်း အပြုံးက မိုးဆန်းပန်းနှယ် လန်း၏။

www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါး မိတ်ကပ် ကင်းသည့် ပင်ကိုယ် နှဖပ်စို လက်သော မျက်နှာကလေးမှာ နားစွက်ဖုံးရုံသာရှည်သည့် ဘိုကေ ပုံစံလေးနှင့် လှချင်တိုင်း လှနေတော့သည်။

"ကိုတေဇာကြီးက အရမ်းချောတာပဲ"

ဆွယ်တာဆစ်ရင်းမို့ မြှောက်ပင့်သည် ဆိုနိုင်ပြား ပြောသည့် မိန်းကလေးတွင် ခံစားချက်အမှန် ဖြစ်ထွန်း၏။ မိန်းကလေးပီပီသာ ဝတ်လိုက်ရရင် တကယ်လှမယ်ဟုလည်း တွေးမိသည်။

"ယူသွားဗျာ၊ အလကားပဲတင်းနဲ့ပဲ ယူတော့"

ဝယ်နေကျများမို့ ဈေးကိုလည်း သိပ်ပိုမဆို၊ မိနစ်ပိုင်းအတွင်း အရောင်းအဝယ်တည့်ကာ ဆွယ်တာသုံးထည်ရောင်းလိုက်ရသည်။

"ဩော် ... ခင်ဗျား ရှိသေးသကိုး"

စောစောက ပုဂ္ဂိုလ်ကြီးက ရပ်မြဲရပ်ဆဲ။

"ကိုတေဇာတဲ့လား၊ ခင်ဗျားက မိန်းကလေးတွေကျတော့ တစ်မျိုး"

"တစ်ဦးမေတ္တာ တစ်ဦးမှာတဲ့"

"ခင်ဗျားက ကျုပ်ကျတော့ မေတ္တာမရှိဘူး ဆိုချင်သပေါ့လေ"

"ကိုယ်ချင်းစာကြည့်ပေါ့ဗျာ"

"စောစောကအိတ် သုံးရာပေးမယ်"

"အခုတစ်ခါတည်း ယူသွားရင် သုံးရာငါးဆယ်၊ လျှော့ဆစ်ပြီး ဈေးမတည့်မှ တစ်ခေါက်ပြန်လာရင် လေးရာ



တစ်ပြားမှ မလျှော့တော့ဘူး၊ ကြိုက်မှယူ၊ မယူချင်လည်း ရတယ်"

ရှင်မင်းထွန်းက သူ့ပစ္စည်းများကို နေသားတကျ ပြန်စီသည်။လှည့်၍ပင် မကြည့်တော့။ သို့သော်မဲ့ သတိတော့ထားနေရသည်။ မတော် တစ်ခုခုကို လစ်သွားလျှင် မခက်လား။

"ကဲ ... ကဲ ... ပေးဗျာ။ သုံးရာငါးဆယ်နဲ့ပဲ ယူလိုက်ပါ့မယ်"

"သိပ်တောင် မရောင်းချင်ဘူး"

"ခင်ဗျားတောင်းတဲ့ဈေးပဲ"

"စိတ်မရှည်တာနဲ့ အမြန်ဆုံး လျှော့ချပစ်တာ၊ တကယ်တော့ သုံးရာ့ခုနစ်ဆယ့်ငါးလောက်နဲ့ ရောင်းချင်တာ"

"ယူမယ်၊ ခင်ဗျား ထပ်တင်ချင်တဲ့ဈေးလည်း ပေးမယ်။ ဆိုင်ရှင် မရှိခင် ခင်ဗျားမှာ ပေါ့ကက်မန်းနီး အစိတ်ရတာပေါ့"

"ဟော့လူ ... ခင်ဗျား ဘာစကားပြောတာလဲ"

"စေတနာနဲ့ပါဗျ"

"အဲဒီလိုသာ လုပ်တတ်ရင် တစ်ဆိုင်ခွဲထောင်နိုင်ပြီ သိလား၊ ဒါ ကျုပ်ဆရာမရဲ့မောင်/ ပိုင်တဲ့ဆိုင်၊ သစ္စာမရှိတဲ့အလုပ်ကို ဘယ်တော့မှ မလုပ်ဘူး"

"ကြိုက်ပြီ၊ ခင်ဗျားကိုတော့ သိပ်ကြိုက်သွားပြီ"

"ဘာလုပ်ဝါးဝတာလဲ"

ရှင်မင်းထွန်း မျက်ဝန်းတို့ ဒေါသဖြင့် ဝင်းဝင်းတောက်၏။ စိန်နှစ်ပွင့်လား ထင်မှတ်များရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဓာတ်ကို ပြောတာပါ၊ ခင်ဗျားကလည်း ယောက်ျားချင်း ဟာကို ကိုတေဇာကလည်း"

ပြောပြောဆိုဆို တစ်ရာတန်လေးရွက် ထုတ်ပေးသည်မို့ ရှင်မင်းထွန်း အိတ်ကို လှမ်းပေးလိုက်ရတော့သည်။ စိတ်ထဲမှာ နည်းနည်းလေးမျှ မခံချင်ပါ။ သက်သက်ရှိမှန်း သိ၏။ ကိုတေဇာ အခေါ်ခံရတာချင်းတူတူ သည်လူခေါ်တာတော့ ဘဝင်မကျပါ။

မကောင်းတတ်၍ အစိတ်တန်နှစ်ရွက် ပြန်အမ်းရ၏။

"ခုနစ်ဆယ့်ငါးကျပ်ဆို"

"ပြောပြီးတဲ့စကားတစ်ခွန်းကို ဘယ်တော့မှ မဖျက်ဘူး"

ဝယ်သူက တဟဲဟဲရယ်၏။

"စိတ်မဆိုးပါနဲ့ဗျာ၊ ကျွန်တော်က ဆိုင်မှာ ခပ်ကြာကြာလေး နေချင်လို့ပါ။ တမင် စကားကိုဆွဲပြီး ပြောနေတာ"

ရှင်မင်းထွန်း ပြန်မပြောတော့ပါ။

"ကျွန်တော်က ဦးမင်းထွန်း ဒေါ်မြအေးရှင်တို့ရဲ့ သမီး ရှင်မင်းထွန်း ဆိုတဲ့ မိန်းကလေး ပြန်လာတဲ့အထိ စောင့်ကြည့်ချင်လို့ပါ"

"ဘာ"

"မစောင့်တော့ပါဘူးလေ၊ တွေ့မယ်လည်း မထင်ပါဘူး"

သည်လူ ဘယ်လိုလူလဲ၊ ဘယ်ကလဲ။

"သွားပါဦးမယ် ကိုတေဇာ၊ ရှင်မင်းထွန်း လာရင်သာ မြင်ဖူးသိဖူးချင်လို့ လာကြည့်တယ် ပြောလိုက်ပါ"



"ဟော့လူ"

ပြောပြောဆိုဆို ခြေလှမ်းကြဲကြီးများဖြင့် ထွက်သွားလေပြီ၊ ပြေးလိုက်ရန်က ဆိုင်စောင့်လည်းမရှိ။ ဘေးဆိုင်အပ်ချင်လည်း သည်လူ့ကို ရှာတွေ့တော့မည် မဟုတ်။

ရှင်မင်းထွန်း ဆွေ့ဆွေ့ခုန်၍ ကျန်ရစ်ပါသတည်း။

ဦးအောင်သွေးနောင်တို့ဆီကလူ ဖြစ်နိုင်တယ်၊အတွေးတော့ ဒေါသထွက်လိုက်ရသည့် ဖြစ်ခြင်းရယ်လေ။

✽ ✽ ✽

"လောကကြီးမှာ ဆန္ဒမပြင်းပေမဲ့ လိုအပ်ရင် လုပ်ရတာပဲ သမီးရေ"

မေမေ့စကားများက အလွန်မှန်ပါ၏။ ဦးအောင်သွေးင် ဆိုသည့်သူထံသို့ မသွားလိုပဲ သွားဖြစ်တော့၏။ လူပုံယ်မှာ ခင်ပွန်းမရှိပဲ ကိုယ်ဝန်ဆောင်ပြရသည့်အထိ မြန်မာသမီးများ မဝံ့ရဲကြပါ။ ဖြူနွဲ့ ကိစ္စကြောင့် သွားဖြစ်သည်လည်း င်၏။

"မေမေ့ကို သမီးဘွားဘွားက ပြန်ခေါ်ပါတယ်၊ ဒါပေမဲ့ မသွားချင်တော့ဘူး၊ လူဆိုတာ မိုက်မိရင် ပြစ်ဒဏ်တော့ ခံထိုက်တယ် မဟုတ်လား၊ မိဘမျက်ရည်ကျပြီးမှ ပြုခဲ့တဲ့ အိမ်ထောင်ရှင် မေမေ့အဖြစ်က စည်းစိမ်နဲ့ မဟန်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



တစ်လောကလုံးမှာ သည်အမေနှင့် သည်သမီး ထိန်ဝှက်ခြွင်းချန်စရာ မရှိ။ နှလုံးသားဖွင့်၍ ဆက်ဆံခဲ့ကြသည့် သားအမိ။

"မေမေ မရှိတဲ့အခါ၊ သမီးကတော့ သွားသင့်တယ်၊ သမီးက လောကကြီးကို အပြစ်မဲ့စွာ ရောက်လာတဲ့ သမီးပဲ၊ စည်းစိမ်နဲ့ တန်ပါတယ်"

"မသွားချင်ပါဘူး မေမေရာ"

"လိုအပ်လာရင်ပေါ့လေ၊ သမီးမှာ အဖေ့ဘက်က ဆွေမျိုးလည်း အားကိုးစရာ ရှိတာမှ မဟုတ်တာ၊ သမီးကို အမွေမတိုက်တွန်းချင်ပေမဲ့ မေမေ့မှာ သွားစေချင်တဲ့ ဆန္ဒရှိကြောင်းတော့ ပြောခဲ့ချင်တယ်၊ သမီး ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ပဲ လုပ်ပါ"

"တစ်ခါမှ မမြင်ဖူးကြတဲ့ ဆွေမျိုးတွေ ခင်မယ်လည်း မထင်ပါဘူး"

"ဟုတ်ချင် ဟုတ်မှာပေါ့၊ ဆွေမျိုးသာဆို သမီးဘွားဘွား တစ်ယောက်ပဲ အရင်းအချာ ရှိတာ၊ ကျန်တာတွေကလည်း ဝေးပါတယ်၊ ဘာပဲဖြစ်ဖြစ် အမွေစား အမွေခံကတော့ သမီးတစ်ယောက်ပဲ ရှိတယ်"

"မလိုချင်ပါဘူး မေမေရာ"

"တပ်မက်စွဲလမ်းနေဖို့လည်း မလိုဘူး၊ ရရင်လည်းယူပေါ့ သမီးရယ်၊ ခုလောလောဆယ် မေမေရှိနေတုန်း သမီးကို မလွှတ်တာကတော့ သမီးနဲ့ မခွဲနိုင်လို့ပဲ၊ မေမေမရှိတဲ့အခါ လိုအပ်မယ်၊ ဟိုကလည်း လိုလိုချင်ချင် ရှိမယ်ဆိုရင်



မေမေ လွှတ်ချင်တယ်၊ ဒါပေမဲ့ သွားချင်မှလည်းသွား၊ မေမေ့သမီးလေး ဆင်းဆင်းရဲရဲ ဖြစ်နေမှာ စိုးတာတစ်ခု ပါပဲ"

"ခုတော့ သွားဖြစ်တော့မယ် မေမေရေ"ဟု တမလွန်သို့ လှမ်းပြောချင်သည်။ မေမေ မှာခဲ့ဖူးသည်ကလည်း တစ်ကြောင်းပေါ့လေ။

တကယ်တမ်း သွားကြတော့မည် ဆိုတော့ မမမျိုးကစ၍ မျက်ရည်ကျသည်။

"ရှင်မင်းရယ် ... ငါတော့ အားလျော့တာပဲ"

ဂျက်စမင့် ကျောင်းပိတ်ရက်နှင့် ဆုံသည်မို့ ဂျက်စမင်ကလည်း အဖော်လိုက်မည်။ ကျောင်းဖွင့်တော့ ပြန်လာ။ ရှင်မင်းထွန်းနှင့် ဖြူနွဲ့က နေခဲ့ကြ။ ဖြူနွဲ့ မွေးဖွားပြီးတော့မှ ဆက်နေချင်လည်းနေ။ ပြန်လိုကပြန်။ ဖြူနွဲ့ ခမျာ လက်ရှိအခြေအနေနှင့် ရွာသို့မျှ မပြန်ရဲရှာ။ သည်မှာ ဆက်နေလို့ကလည်းမဖြစ်၊ ပြေးစရာမြေမှ မရှိပါပဲလေ။

"ကိုဇော်ပြေအေး ဆီတော့ အကျိုးအကြောင်း ပြောခဲ့ရင်ကောင်းမယ်"

ဂျက်စမင်က လူကြီးဆန်၏။

ရှင်မင်းထွန်းက စိတ်တိုတတ်၏။ ဖြူနွဲ့က အေးဆေးသလောက် မြို့စိကာ ပြဿနာရှာရယ်လို့ ဖြစ်တော့ သူ့က အလျှင် ...

"ဘာလုပ်မှာလဲ"

"ကိုဟန်မော် ပြန်လာရင်"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေနဲ့၊ မိန်းမနှစ်ယောက်ကို တစ်ရက်တည်းခြေ
လက်ထပ်တဲ့သူ၊ ဘာမက်နေရဦးမှာလဲ"

ရှင်မင်းထွန်း ဒေါသထွက်ရပြန်၏။

ရှင်မင်းထွန်းတို့ တောင်းဆိုမှုဖြင့် ဇော်ဖြေ
ဟန်မော့် မိဘအိမ်သို့ လိုက်သွားစဉ်က ...

"ဒုက္ခပဲကွယ်၊ ဟန်မော်တို့ လုပ်လိုက်မှဖြင့် ဒီမှာလည်
ချွေးမတစ်ယောက် အိမ်ပေါ်မှာလေ"

ဖြစ်ပုံက ...

ဟန်မော့် မိဘက နွမ်းပါးသည်။ သားသမီးတွေ
တစ်ပြုံကြီး။ ဟန်မော်က အကြီးဆုံး။ ဆယ်တန်းကို သုံးနှစ်ဆ
ဖြေမှ အောင်သည်။ တက္ကသိုလ်သို့ မပို့နိုင်။ ရုံးတကာ့ရုံး အလု
ရှာသည် မရ။

ခေတ်အမီဆုံး အလုပ်က သဘော်သား။

သည်အလုပ်ကလည်း ရဖို့မလွယ်ပါ။ ပေးတန်ထေ
ကျွေးတန်ကျွေး၊ ခွဲ့တန်ခွဲ့။ မပေးမကျွေး မခွဲ့နိုင်သည့် မိဘတို
ပေးကျွေးခွဲ့နိုင်သည့် သမီးရှင်တစ်ဦးက တာဝန်ယူကာ လိုက်ပေး
သူ့သမီးနှင့် ပေးစားရမည်။ သည်သမီးကလည်း ဘယ်လောက်
အထိန်းအကျောင်းရ ခက်နေသည်မသိ။

ဟန်မော် ခေါင်းညိတ်၏။ အလုပ်လည်းရ၊ မိန်းမ
လည်းရ။ ကိုယ့်ဘက်က နစ်နာစရာ တစ်စက်ကလေးမျှမရှိ
သည်တုန်းကတော့ ဟန်မော် ကိုယ်တိုင် လိုလိုချင်ချင်ပါ။

အလုပ်ကိုစောင့်ရင်း အချိန်တွေပိုတော့ ဟန်မော်
တို့က တောင်သွား မြောက်သွား။ တက္ကသိုလ်ရှိ သူငယ်ချင်းများ



ထံလည်းရောက်၊ လုပ်ငန်းခွင် ဝင်နေကြသည့် သူများထံလည်း
ရောက်၊ ဤနည်းအားဖြင့် ရုံးတစ်ရုံးမှာ ဖြူနွဲ့ကို တွေ့ရခြင်း
ပါ။

"အတွေ့နောက်ကျလိုက်တာကွာ"

သူ့အမိပွာယ်နှင့်သူ ပြောတော့ သူငယ်ချင်းတွေက
ဝိုင်းရယ်ကြသည်။

"လိုက်ကွာ၊ အတွေ့နောက်ကျပြီးမှ 'အရနောက်မကျစေ
နဲ့"

ယောကျ်ားလေးတွေ မဟုတ်လား။ ကန့်ကွက်မည့်သူ
မရှိ။ ဝိုင်းမြှောက်ပေးကြသူချည်း။ ဖြူနွဲ့ စားပွဲမှာ သွားထိုင်ကာ
စကားပြောဖြစ်သည့်နေ့ကဆို ကွန်ဂရက်ကျူလေးရှင်း ဆိုကာ
လက်ဆွဲနှုတ်ဆက်လိုက်ကြသည်မှ ဟန်မော့် လက်မောင်းအောင့်
ယူရော။

"ဒီကောင့် အစွမ်းအစတော့ အထင်ကြီးသွားပြီကွ၊ ဘာမှ
မကြာလိုက်ဘူး"

"ကြာပါ့မလား၊ သူ့မှာ ဘာအလုပ်ရှိတာလိုက်လို့၊ မိန်းမ
ပိုးတာတစ်ခုတည်း ဇောက်ချလုပ်တာကိုး"

"မိန်းမတွေကလည်း သူတို့အတွက် အချိန်များများပေးရင်
တယ်ကြည်၊ ငါတို့တော့ လက်ဖက်ရည်သောက် ဆင်းတာ
ကြာရင်တောင် အရာရှိက မျက်နှာညိုတော့ ရည်းစားစကား
ကို ခွဲတမ်းနဲ့ တစ်နေ့နည်းနည်းပဲ ပြောနိုင်တယ်"

"အဲဒီလိုဆို ဘယ်တော့မှ မရဘူးမှတ်"

"အေးကွ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုထူးကျော်ကြီး ကြည့်ပါလား၊ အိုဗာတိုင်ဆင်းဆင်းပြီး အိုဗာတိုင်ခနဲ့ မိန်းမကို မျက်နှာလုပ်မပယ့်ဆိုပြီး အားခဲထား တာ အိုဗာတိုင်ခထုတ်တဲ့နေ့မှာပဲ အိမ်ပြန်ရောက်တော့ မိန်းမက မရှိတော့ဘူး"

"ဟေ ... ဘယ်ရောက်သွားလဲ"

"နောက်မီးလင်းသွားတာ"

"ဟေ"

"အေး ... စာတစ်စောင် ရေးထားခဲ့တယ်၊ မောင်က အလုပ် မှာ ပျော်တယ်တဲ့၊ အလုပ်ပဲ လုပ်နေပါတော့တဲ့၊ ခင်က တော့ တစ်ယောက်တည်း ပျင်းနေရလို့ ပျော်အောင်ထားမဲ့ သူနဲ့လိုက်သွားပြီတဲ့"

"ဟော့ကောင်တွေ ... တော်တော့"

ကိုထူးကျော်ကြီးက ဒေါသဖြင့် ထအော်သည်။

"မိန်းမဆိုတာ နှစ်ဆယ့်လေးနာရီမှာ သူ့အတွက် နာရီနှစ် ဆယ်လောက် သုံးပေးရင် ကြည်နေတာပဲ၊ ဟန်မော်တို့ ကောင် ခဏလေးနဲ့စွံတာ ဘာဆန်းမလဲ"

ဖြူနွဲ့ ရုံးသွားမည့်ကားဂိတ်မှစောင့်၊ ရုံးအထိ ဓာတ်စီး ကားတူတူလိုက်စီး၊ အလုပ်ထိုင်လုပ်နေသူနားမှာ အရှက်မရှိ မျက်နှာ ပြောင်တိုက်၍ ငုတ်တုတ်ထိုင်။ သည့်ထက်ပိုမိုစွမ်းဆောင်ချင်သေး လျှင် ဖြူနွဲ့ကိုမှ မရပါက သေရပါတော့မည်ဟူ၍ မျက်ရည်လေး တစ်စက်နှစ်စက် ညှစ်ချ။ ထုတ်ပြ။

ရုံးအဆင်း ကပ်ပါလာခဲ့၊ အဆောင်နားနီးမှ အချော သမားအိုက်တင်နှင့် ငေး၍ကျန်ခဲ့။ ယမနေ့သားကို ထုထားသည်



ပန်းပုရုပ်မှ မဟုတ်ပဲ။ ဖြူနွဲ့ သနားစိတ်ဖြင့် အညာလွှယ်မိ၏။ မှားလေစွ။ 'မှားမှန်းကို သိရချိန်ကျတော့ ပြဿနာက မိုးကိုမီး လောင်နေပြီ။

ဟန်မော်တို့က နာမည်နှင့်လိုက်ဖက်စွာ ဟန်ဖြင့်မော် နိုင်သူ။ သဘော်လိုက်ရကာနီးတော့ ဖြူနွဲ့မှာလည်း ပြဿနာနှင့် မို့ ချက်ချင်း လက်ထပ်ဖြစ်၏။ သူ မလွဲမသွေ လက်ထပ်ရမည့် မိန်းကလေးထက် နှစ်ရက်စောကာ ဖြူနွဲ့ကို ရုံးမှာသွား၍ လက် မှတ်ထိုးသည်။ တစ်ရက်ခြားပြီးတော့ နောက်တစ်ယောက်။

ရုံးမှ သူငယ်ချင်းများထံမှာ ...

"ဘာပဲဖြစ်ဖြစ် ဖြူနွဲ့ကို မယားကြီးဖြစ်အောင် လုပ်ပေးခဲ့ပါတယ်၊ နှစ်ရက်ကြီးများတောင် စောတာပဲ"ဟု ပြော ခဲ့သတဲ့လေ။ သည်သတင်းများကို ဖော်ပြေအေး ထံမှတစ်ဆင့် ပြန်ကြားရတော့ ဖြူနွဲ့ အမိုက်မ ဘာလုပ်စရာ ရှိပါသေးတော့ သနည်း။

မိဘရင်ခွင်သည် ချမ်းမြေ့ရိပ်မြုံပေမဲ့ သည်ရိပ်မြုံကို အရှက်ထုပ်ဖြင့် မီးမရှို့လိုတော့ပါ။

"နင် ဒီအကြောင်းတွေ နင့်လူဆီ စာရေးသေးလား ဖြူနွဲ့"

ဖြူနွဲ့ ခေါင်းခါသည်။

"ငါ မျက်ခွက်ကို လက်သီးနဲ့ ထွပ်ထိုးလိုက်ရ"

ရှင်မင်းထွန်း ဒေါပွပြန်၏။ ဖြူနွဲ့ မျက်ရည်ကျသည်။

"ငို ... ငို ... ကလေးက မျက်လုံးပြူးကလေးနဲ့ မွေးလာ တော့ အမယ်လေး ကိုဟန်မော်နဲ့ တူလိုက်လေခြင်းဆိုပြီး ကုန်းနမ်းဦး"

www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ ရှင်မင်း၊ ဖြူနဲ့ စိတ်ဆင်းရဲရတဲ့အထဲ နင်ကလည်း ဖိဆူနေတာပဲ"

"ဖော်ပြေအေးကိုလည်း ပြောမနေနဲ့၊ သူ့ဖိုးအေအထိ မှာခဲ့တော့ကော ထူးမှာမို့လား၊ လုပ်မနေနဲ့"

သို့ပေမဲ့ ဂျက်စမင်ကတော့ ပြောဖြစ်အောင် ပြောခဲ့မည်။ အကျိုးအကြောင်းလေးတော့ စုံလင်စွာ သိထားမှ ဖြစ်မည်ဟု ကျိတ်တွေးသည်။ နောက်ပိုင်းကိစ္စ ဟန်မော် ပြန်လာလျှင် ပေါင်းချင်သည့်သူနှင့် ပေါင်းပါစေ။ သူ့အဖေနှင့် သူ့ကလေးဆိုလည်း ကောင်းတာပဲဟု တွေးမိ၏။

"ကဲ ... ငါ ... ဦးအောင်သွေးနောင်ဆီ စာရေးလိုက်တော့မယ်"

* * *



ဝန်းနူးရောင်အချစ်တွင် မငွေတင့်

"တောက် ... ဝုန်း"

"ဝုတ် ... ဝုတ်"

ဒေါသဖြင့် တောက်တစ်ချက် ပြင်းထန်စွာအခေါက် စားပွဲမျက်နှာပြင်ကို လက်သီးနှင့်အထိုး ခြေရင်းမှာ ဝပ်နေသည့် ခွေးကြီးဟစ်ပိုက လန့်ဖျပ်ကာ ထဟောင်သည်။

"သူ့အမေနဲ့ တစ်ချိုးတည်း၊ ထင်ရာစိုင်းလိုက်ပြန်ပြီ၊ ဟင်း"

ခုနေခါ အနားမှာသာ ရှင်မင်းထွန်းရှိလျှင် လည်မျိုကိုညှစ်၍ သတ်မိမည်ထင်၏။ မော်တော်ဆိုင်ကယ် ဝယ်ပေးရန် စာတိုလေးတစ်စောင်မှလွဲ၍ အကျိုးအကြောင်း ပြည့်ပြည့်စုံစုံ စာတစ်စောင်မျှ မရေးခဲ့၍ မျှော်လိုက်ရသည့်စာ။

မဖြစ်တန်ကောင်းဘူးရယ်လို့ စိတ်ချလက်ချ ထားခဲ့မိသမျှ၊ ခုတော့ ...

ရောက်လာသည့်စာက

www.burmeseclassic.com



ဦးအောင်သွေးနောင်သို့ ...

လူကြီးမင်း ကျေးဇူးကြည်ဖြူသည့်သူနှင့် လက်ထပ်မှ အမွေအရရှိကို ရမည်ဟု ဆိုသော်လည်း မေတ္တာသက်ဝင်မိသူ ရှိလာခဲ့ပါ၍ ရုံးတွင်လက်မှတ် *ထိုးကာ လက်ထပ်လိုက်ပါပြီ။*

ခင်ပွန်းသည်က ယခုအခါတွင် နိုင်ငံရပ်ခြား သင်္ဘောသားအဖြစ် ခရီးထွက်သွားပါသည်။ အခိုက်အတန့်အားဖြင့် ဦးအောင်သွေးနောင် ထံတွင် လာရောက်ခိုလှုံချင်ပါသည်။ ဘွားဘွားသာရှိလျှင် မကြာမီ မြစ်တစ်ယောက် မွေးသန့်စင်တော့မည့် မြေးမလေးကို ကြင်နာစွာ ဆီးကြိုမှာပဲဟု ယုံကြည်ပါသည်။

ကျွန်မနှင့်အတူ သူငယ်ချင်းနှစ်ယောက် ပါလာပါမည်။ လာကြိုစရာ မလိုပါ။ အောင်ပန်းမြို့ တွင် ဘွားဘွား၏ "ဒီပါချမ်းမြေ့" ခြံဝင်းကြီးကို လူတိုင်း သိမည်ဖြစ်ပါ၍ လွယ်ကူစွာ ရှာဖွေရောက်ရှိလာနိုင်ပါသည်။ ဒုက္ခမရှာပါနှင့်။

ငွေပိုငွေလျှံက မရှိသည့်အတွက် ဦးအောင်သွေးနောင် ဝယ်ပို့ထားသည့် မော်တော်ဆိုင်ကယ်ကို စရိတ်စက အစသုံးစွဲရန် ထုခွဲရောင်းချလိုက်ရပါသည်။ ဘွားဘွား၏ စည်းမျဉ်းများမှ ဖောက်ဖျက်မိသူမို့ ပစ္စည်းဓနအနေနှင့် ဦးအောင်သွေးနောင်တို့ ဆန္ဒရှိသည့်အတိုင်းသာ ဖြစ်စေချင်ပါသည်။

အခိုက်အတန့်အားဖြင့် ခိုလှုံလိုသည့်ဆန္ဒသာ ရှိပါသည်။

ကျန်းမာပါစေ

ရွှင်မင်းထွန်း

စာရွက်ကလေးများမှာ ဒေါသအရှိန်အဟုန်ကြောင့် မွမွကြေသွားရပါတော့သတည်း။

* * *



•

"ကိုနောင် ... ခြံဝမှာ မိန်းကလေးသုံးယောက် ရောက်နေတယ် ခင်ဗျ"

အိုက်ခမ်း ပြောလိုက်ကတည်းက သိလိုက်ပြီ။

"ဗိုက်ကြီးသည်တစ်ယောက် ပါတယ်မဟုတ်လား"

ဒေါသဖြင့် ခပ်ရိုင်းရိုင်းပင် မေးမိသည်။

"ဟုတ်ကဲ့ ... သူတို့စီးလာတဲ့ကားတော့ ပြန်ထွက်သွားပြီ၊ ဒီအချိန်ဆို ဟဲဟိုးလေဆိပ်ကနေ ကားနဲ့ဆင်းလာတာထင်တယ်"

"သွားဖွင့်ပေးလိုက်ကွာ၊ ဟစ်ပိုလည်း ကြိုးချည်လိုက်ဦး၊ တော်ကြာ ခွေးဆွဲတာနဲ့ ဗိုက်ပြုတ်ကျလို့ လက်သည်ခေါ်စရာမလိုပဲ ဖြစ်သွားမယ်"

အိုက်ခမ်း ဟဲခနဲတစ်ချက်ရယ်ကာ ပြေးထွက်သွားတော့သည်။ သည်သို့မှ မပြေးလျှင် ခြံဝနှင့်အိမ်မကြီးက အသွားအပြန် နာရီဝက်နီးပါး ကြာနိုင်သည်။

"ဘယ့်နှယ်လုပ်ရပါ့"

ရောက်လာကြပြီ။ ဒုက္ခဖြစ်မှ ပြေးလာဖော်ရသည့် သူငယ်မ။ ငါ ရိုက်သတ်လိုက်ရ။ ဆွေဂုဏ်၊ မျိုးဂုဏ်ကို သူ့အမေကလည်း ဖျက်ခဲ့ပြီးပြီ။ သူ့သမီးထိ လိုက်ဖျက်လေ။ ဗိုက်ထဲက ကလေးလက်ထက်ကျ ပိုလို့တောင် ဆိုးဦးမလား။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သကြောင့် အငြိမ်မနေနိုင်။ ဧည့်ခန်းကျယ်ကြီး အတွင်းမှာ ဟိုလျှောက်သည်လျှောက်၊ ထိုင်ရမလို၊ ထရမလို၊ စနှာရားကြီး သွားတီးနေရမလား၊ ဒေါ်သဖြစ်တိုင်း ဆောင့်နင်းမိသည်မို့ ခန်းလုံးပြည့် ခင်းထားသည့် မွေးရှည်ကော်ဇောကြီးက အမွေးတွေထောင် တုံးကုန်ပြီ ထင်ရ၏။

"ဟေ ... ဒါ ဘာလုပ်ကြတာလဲ"

ဧည့်ခန်းမကြီးအတွင်းသို့ အိမ်ဖော်အလုပ်သမား မိန်းကလေးတွေ စုပြုံရောက်လာ၏။

"မေမေကြီး မြေးမလေး ရောက်လာပြီလို့ အိုက်ခမ်းက ပြောသွားလို့"

"အဲဒါ ဘာဖြစ်လဲ"

"ဟို ... အရင်ပြောထားတဲ့နည်းနဲ့ ကြို ... ကြိုရမလားလို့"

ဟင်း ...။ သက်ပြင်းမောကြီး ကျယ်လောင်စွာချ၏။ ပြောထားခဲ့ဖူးသည်ပဲလေ။ ရှင်မင်းထွန်း လာလျှင် ပင်တိုင်စံမင်း သမီးကလေးတစ်ပါး ကြွလာသည့်နှယ် ရံရွေတော်များစွာ ခြံရံ၍ အခမ်းအနားနှင့် ကြိုဆိုဖို့၊ သည်သို့ရောက်လာမည့် အရေးကိုလည်း အမျှော်ကြီး မျှော်ခဲ့ရဖူးသည်လေ။

ခုတော့ ...

"နေပစေ၊ သွားကြတော့၊ ကိုယ်လုပ်စရာရှိတာ လုပ်ကြ၊ ခေါ်မှလာ၊ မခေါ်ရင် မလာနဲ့၊ သွား ... သွားကြ"

မောင်းထုတ်တော့လည်း မျက်စိသူငယ်နှင့် ထွက်သွားကြရပါ၏။ မေမေကြီး မရှိကတည်းက သည်အိမ်မှာ သူက ဩဇာအရှိဆုံးပုဂ္ဂိုလ်ပဲလေ။ သူနိုင်သမျှ လုပ်ရုံပဲပေါ့။



"ဟော့ ... အခန်းတွေတော့ ရှင်းထားတယ် မဟုတ်လား"

"ဟုတ်ကဲ့ ... အပေါ်ထပ်မြောက်ဘက်ဆောင်မှာ တစ်ယောက် အိပ်သုံးခန်း"

အင်း ...၊ မပေါ့မပါးကြီးနဲ့ အပေါ်ထပ်နဲ့ အောက်ထပ် ဆင်းလိုက်တက်လိုက်နဲ့ ဖြစ်ပါ့မလား။ စေတနာတွေ ဘယ်ချောင်ဘယ်ကြားမှ ထွက်ပြူကြပြန်သည်မသိ။

"အောက်ထပ် ပင်မဆောင်မှာ အခန်းပို မရှိလို့လားဟ၊ နင်တို့ကလည်း"

"ပင်မဆောင်က လူဝင်လူထွက်များလို့၊ လူစိမ်းတွေနဲ့မဆုံ စေချင်ဘူးလို့ ကိုနောင်ပဲ ပြောခဲ့တယ်လေ"

ဟုတ်သားပဲ။ ဒေါ်မြအေးရှင် သမီး ဗိုက်တစ်လုံးနဲ့ ရောက်လာသည်ကို လူသိမခံချင်။ မြောက်ဘက်ဆောင်မှာပြင်ဖို့ သူပဲ မှာထားပြီးမှ ...

"ဟုတ်သားပဲ၊ အေး ... အေး၊ သွားကြတော့"

တော်တော် မြန်မာဆန်နေကြပြီဖြစ်သည့် ရှမ်းမြန်မာ အပြားမကလေးများမို့ သူတို့ မြန်မာစကားကိုပဲ ရေလည်စွာပြောတတ်ကြပါ၏။ သူတို့အစ်ကိုကြီး ရှင်မင်းထွန်း ရောက်လာမည်ဆိုသည့်စာ ရကတည်းက ဂနာမငြိမ်သည်ကို သတိထားမိကြသည်။ ဒေါ်ပိုတိုလာသည်။ ဒေါ်သဖြင့် အော်ဟစ်နေတတ်၏။

သည်လိုလုပ်ဟု ပြောပြီးမှ ပြင်ခိုင်းလိုခိုင်း။

"တို့ ဘာဘက ပြောတော့ မေမေကြီးမြေးမလေးဟာ ကိုနောင်နဲ့ လက်ထပ်ရမှာဆို"

"ငါလည်း ကြားဖူးတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့်များ ကိုနောင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသလား မသိပါဘူးဟာ"

နိုးနိုးခစ်ခစ် ရယ်သံလေးများထိ သူ ကြားလိုက်ရ၏။ အစုတ်ပလုတ်မလေးတွေ အတင်းပြောတာ တိုးတိုးသက်သာမပြောဘူး၊ ဒေါ်သက မဆိုင်ရာသို့ မဲကျတော့၏။

သူ ခေါက်တုံ့ခေါက်ပြန် လျှောက်ပြန်သည်။ သည်နေ့ကျမှ ညည့်ခန်းက ကျဉ်းလွန်းနေရသည်။ လျှောက်မည်မကြာသေး၊ ညည့်ခန်းက ဆုံးနေတော့ သုံးခေါက်၊ လေးခေါက်၊ ငါးခေါက်။

"ကိုနောင်"

"ဟေ"

ညည့်ခန်းတံခါးမကြီးမှ လသုံးပွင့်ထွက်၏။ အိုက်ခမ်းက ရှေ့ဘက်မှ ပုပုကွကွနှင့် ရပ်နေသည်။

"မင်း သွားတော့ အိုက်ခမ်း"

အိုက်ခမ်း ချာခနဲ လှည့်ထွက်သွား၏။ လသုံးပွင့်ကို တစ်ပွင့်စီ တစ်ပွင့်စီ တစ်ပွင့်စီ သေသေချာချာ ကြည့်မိပါသတည်း။

"ဟာ"

ဘောင်းဘီဝတ် မိန်းကလေးမျက်နှာပေါ်တွင် စူးစိုက်သည့်အကြည့် တန့်နား၏။ နဖပ်စိုလက်သည့် အသားမှာ သနပ်ခါးပေါင်ဒါမှုန့် တစ်စက်မရှိ။ ဆံပင်မည်းမည်း ကုပ်ဝဲမရှိတရှိလေးက မဟူရာပန်းကော်တွေလား။ စိမ်းညိုကာ သွယ်တန်းသည့် မျက်ခုံးသေးသေးလေးက မနုတ်မသင်ပဲ အချိုးကျစွာ လှ၏။



ကော့ရွှန်းသည့် မျက်တောင်များ စိုမှောင်ကာ ရှေ့သို့ထိုးထွက်နေသည်။ မျက်ဝန်းအစုံက စကားသံတွေ ထွက်ကျလာတော့မလား ထင်ရအောင် လက်ဖြာ၏။ နှုတ်ခမ်းရဲရဲကလေးအလည်း နှလုံးပုံဖော်ပြီးမှ အထက်နှင့်အောက် ဖိညှစ်လိုက်သလို ရှုထုစုစုကလေးဖြစ်၏။ ကျန်းမာရေးကောင်းသောကြောင့် ဆေးတော့ပဲ နီထွေးသည်။

ဩော် ... နှမြောစရာ ကောင်းလိုက်သည့် အလှကလေး။

"လာပါ ... လာပါ၊ ထိုင်ကြပါ"

"ပါ"တွေ တစ်ထွေးကြီးနှင့် ပျူငှာမိ၏။ စောစောကဒေါ်သက်တို့ ယတစ်ပွင့်၏ အလှရိပ်မှာ ကြက်ပျောက် ငှက်ပျောက်ပျောက်ကုန်သည်။ သုံးယောက်လုံး မိန်းမလှလေးများချည်းပါလား။

ဆိုဖာဆက်တီများပေါ်သို့ ပွေ့တင်မိတော့မလောက် ညက်နူးစွာ နေရာထိုင်ခင်း ပေးမိပါ၏။

"ဖုန်းဆက်လိုက်ရောပေါ့ကွယ်၊ ကြိုမှာပေါ့"

မိန်းမလှလေးသုံးယောက် ငြိမ်ချက်သား ကောင်းသည်။

"လေယာဉ်ပျံနဲ့ လာသလား"

"ဟုတ်တယ်"

မေးခွန်းထုတ်သူက ထုတ်သည့်တိုင် ဖြေမည့်သူသောကြောင့် ရှင်မင်းထွန်း ဝင်ဖြေရင်း ဖြူနွဲ့ကို ခြေပျားချင်းသောတို့သည်။ "ပြောပါတော့လားဟ"ဟူသည့် အဓိပ္ပာယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်မင်းထွန်း ဆိုတာ"

"ကျွန် ... ကျွန်မပါ"

ဖြူနွဲ့က ဖြေသည်။

"ဩော် ... အားလုံးပဲ ပျော်ပျော်ပါးပါး နေကြပါနော်။ အားနာစရာ မရှိပါဘူး၊ ကိုယ့်အိမ်ကိုယ့်ရာ ပြန်လာတာပဲ။ ကဲ ... ရှင်မင်းထွန်းက ကျွန်တဲ့သူတွေနဲ့ မိတ်ဆက်ပေးဦး မှပေါ့"

အပျိုဖိုက်ဟု ခေါ်လေ့ရှိသည့် ပထမဆုံး ကိုယ်ဝန်မို့ ဖြူနွဲ့ ဝမ်းဗိုက်သားမှာ မစူမပုံ့လှသေးပါ။ ခါးကလေးကတော့ တုတ်ခဲ့နေရပါပြီ။ ကိုယ်ဝန်ဆောင်အင်္ကျီကို မဝတ်ပဲနေလျှင် နေနိုင်သေးသော်ငြား၊ ရှင်မင်းထွန်းက "ဝတ်ခဲ့"ဟု အမိန့်ချ၍ဝတ်ရသည်။ ဖြူနွဲ့ ရှက်ကိုးရှက်ကန်း ဖြစ်နေသည်။

"သူ ... သူက ဂျက်စမင်တဲ့၊ တစ်ဆောင်တည်းနေတဲ့ အချစ်ဆုံးသူငယ်ချင်းပါ၊ ရာဇူးမှာ တတိယနှစ် ဖြေခဲ့ပြီး ပါပြီ"

"ဟုတ်ကဲ့ ... ကျွန်မ ဂျက်စမင်ပါ"

ဂျက်စမင်က တည်ငြိမ်စွာ ပြောဆ၏။

"သူကတော့ ဟို ... ကျွန်မတို့ အဆောင်ကပါ၊ အရင်းနှီးဆုံး သူငယ်ချင်းပါပဲ၊ ခန့် ... ခန့်ညားတဲ့"

"ဩော် ... တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျာ"

ဂျက်စမင်တုန်းက တည်တည်ရယ်၊ သူ့ကျမှ ပြုံးဖြီး ကြီးမို့ မိန်းမသားဗီဇနှင့် မျက်စောင်းကြီး ပိတ်ထိုးပစ်လိုက်ချင်သား။ မိန်းမသားဆန်သွားမှာ စိုးလို့သာ။ ရှင်မင်းထွန်း ခပ်တည်



တည် ကြည့်နေလိုက်သည်။ ဆိုဖာပေါ်တွင် ပြေလျော့စွာ ထိုင်နေလျက်က ဒူးတစ်ချက် နှန့်လိုက်မိသေး၏။

ဟိုလူကြီး မျက်နှာတစ်ချက် ပျက်သွားသည်ကို သတိထားလိုက်မိသည်။ ပျက်ပစေ ... တမင်နှန့်တာ။

"ကျွန်တော်က ရဲသွေးနောင်ပါ၊ အစ်ကိုကြီး ဦးအောင်သွေး နောင်ရဲ့ညီပါ"

"ဟုတ်ကဲ့"ဟု ဆိုကြ၏။ "သူ" အောင်သွေးနောင် ဆောတ်သည့်အတွက် အံ့ဩပုံမရကြပါလေ။

"ဦးအောင်သွေးနောင်က"

ဖြူနွဲ့က သူ့ပုံစံအတိုင်း မလှုပ်တလှုပ်မို့ ရှင်မင်းထွန်း ... လောလောဆယ်တော့ ခန့်ညားပေါ့လေ။ ခန့်ညားဟန်ပင် ဆင်မေးရသည်။ စိတ်ထဲမှာတော့ ဖြူနွဲ့ကိုပဲ ကျိန်ဆဲမိလေသည်။

"နင့်ကို ရှင်မင်းထွန်း လုပ်ပြီးသွားမှာ၊ မော်တော်ဆိုင်ကယ် လက်ခံထားလိုက်တုန်းကလည်း နင်ပဲ၊ စာထဲမှာလည်း နင့်ကို ရှင်မင်းထွန်း အဖြစ်ပဲ ရေးထားတာ၊ ဟိုကျရင် နင်က အစစဦးဆောင်နော်၊ မရဲတရဲ လုပ်မနေနဲ့ ကြားလား"

ဤသို့မှာခဲ့ပါလျက် ...

"ငါက နေရာတကာ ဝင်ပြောဆို လုပ်နေရင် ငါ့ကို မျက်စိနောက်တာနဲ့ နင်ပါရောပြီး ကန်ချမ်နေရဦးမယ်"

ဤသို့ဆိုခဲ့ပါလျက် ...

"နေရမှာက အနည်းဆုံး ငါးလခြောက်လတော့ ကြာမှာ၊ နင် မြို့စီမြို့စီ လုပ်မနေနဲ့၊ နင်က လူရင်းလုပ်ပြီးနေမှဖြစ် မှာ"

www.burmeseclassic.com

www.burmeseclassic.com



သည်သို့ ပြောခဲ့ပါလျက် ...

"အစ်ကိုကြီးက ခြံထဲမှာ အနေများပါတယ်၊ ဘယ်နေ့ရောက် မယ်ဆိုတာ ကြိုမသိတော့လည်း ဆီးမကြိုနိုင်ဘူးပေါ့ခင်ဗျာ"

မေးသူက ခန့်ညားမို့ ခန့်ညားကိုပဲ ကြည့်ဖြေသည်။ ရဲသွေးနောင်၏ အကြည့်ကို ခန့်ညား မကြိုက်ပါ။ လူလူချင်းရှိ ချင်သည့် ပုံစံမျိုးလား။ လောင်ချင်တာလား။ လှောင်ချင်တာလား မသိ။ ခန့်ညားနှင့် မျက်ဝန်းချင်းဆုံတိုင်း ပြုံးစိစိ။

"ကျုပ်ဟာကျုပ် ယောက်ျားပုံစံ နေချင်နေမယ်၊ ခင်ဗျား လှောင်စရာမလိုဘူး" ဟု နေရင်းထိုင်ရင်း အံ့ပွင့်ချင်မိ၏။ မလုံသည့် အိုးပေကိုး။

ရဲသွေးနောင်က ဆင်စွယ်နှစ်ခု အလယ်မှာ ငွေဓောင်း ကြီးကို ထုတော့ မိန်းကလေးသုံးဦး ဝင်လာကြသည်။ ဧည့်သည် သုံးဦးကို ပြုံးတုံးပြုံတဲ ကြည့်သည်။

"ဧည့်သည်တွေ ခရီးပန်းလာတာ မသိဘူးလား၊ စားဖို့ သောက်ဖို့လုပ်လေ၊ နေဖို့အခန်းတွေလည်း ပြပေါ့၊ နင်တို့ ဟာက ပြောမှ သိကြတော့မှာလား"

"ဟောတော့" ဟု ဆိုမိကြ၏။ ကိုနောင် ဘယ်လိုဖြစ် တာလဲ၊ စောစောကတစ်မျိုး ... ခုတစ်မျိုး။

"ဟုတ်"

နောက်ဘက်မှ "ကဲ့" သံပင် မထွက်နိုင်။ ရှင်မင်းထွန်း ဘယ်သူဖြစ်မလဲဟု အတွေးရကျပ်နေကြသည်။ ကိုယ်ဝန်သည် လည်း မဖြစ်နိုင်။ ယောက်ျားလျာကျတော့ ဝေလာဝေး၊ ဟိုဘက်က မမလှလှကလေး ဖြစ်မယ်ဟု ဂျက်စမင်ကိုသာ ထင်ကြသည်။



ဒါပေမဲ့ ယောက်ျားလျာမလေးက အလှဆုံးဟုလည်း စိတ်ဝမ်းလက်ညီ မှတ်ချက်ချမိကြ၏။

"သွားကြလေဟာ"

"ဟုတ်ကဲ့"

မကြာမီ ဗန်းကြီးဗန်းငယ် အသွယ်သွယ်နှင့် စားစရာ မျိုးစုံ ရောက်လာတော့သည်။ ဂျက်စမင်က ဣန္ဒြေရစွာ စားသောက် ၏။ ဖြူနွဲ့က စားမည့်သာ စားရ မျိုမကျသည့်ပုံစံနှင့် တို့ကနန်း ဆိတ်ကနန်း၊ ခန့်ညားသာလျှင် ဆာဆာနှင့် တီးပစ်သည်။

ရဲသွေးနောင် ဆိုသည့်သူက သူတို့သုံးဦးစလုံးကို ဖျော့ာလိုက်သည်မှာ ခွဲ့မကျွေး၍ တစ်မည်ပါတည်း။

* * *

"တွေ့လား၊ ခန့်ညားတို့ တွေးကြည့်လိုက်ရင် ပြေးကြည့် တာထက် မှန်သေးတယ်"

ဟူသည့် အဓိပ္ပာယ်ဖြင့် ခန့်ညားက ဂျက်စမင်ကို လက်မထောင်ပြလိုက်၏။ ဦးအောင်သွေးနောင် ဆိုသည့် ပုဂ္ဂိုလ် ကြီးကို စိတ်ကူးထဲမှာ ပုံဖော်ကြည့်ရာ၌ ခန့်ညား အတွေးက သွက်တိဝင်နေ၏။

အသက်က လေးဆယ်ကျော်၊ အသားဖြူဖြူ မျက်နှာ ပြားပြား၊ နှာခေါင်းလည်း ပြားသည်၊ နဖူးကကျယ်ကျယ်၊ မေးရိုး က ခေါ်မသာကားသည်၊ မျက်နှာပြင်ကလည်း ဝိုင်းသည့်ဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



လုရသည့်အထဲ ဝဖိုင့်သောကြောင့် ပါးစုံ့ရဲရဲကြီးများပါ ထွက်နေ၏။ ဖိုးလမင်းကြီးနှယ် ဖြူဝိုင်းဝိုင်းကြီး ဖြစ်နေ၏။

ရဲသွေးနောင်နှင့် ညီအစ်ကိုသာဆို ရုပ်ချင်းက နည်းနည်းလေးမျှ မဆင်ပါ။ ဦးအောင်သွေးနောင်က သဘောကောင်းပုံရသည်။ အစစအရာရာအတွက် ပေါ့ပေါ့နေ၊ ပေါ့ပေါ့တွေး ပျော်တတ်ပုံလည်းရ၏။ သာမန်ထက် ထူးခြားသည့် အမူအကျင့် အတွေးအခေါ်စသည်များ ဦးအောင်သွေးနောင်၏ ရုပ်သွင်တွင် မပေါ်ပါ။

"အစစ အဆင်ပြေရဲ့လား ရှင်မင်းထွန်း"

"ဟုတ်ကဲ့"

"ခင်ပွန်းသည်က သဘောလိုက်သွားတယ်၊ ဟုတ်လား"

"ဟုတ်ကဲ့"

"မိန်းကလေးဆောင်မှာ မမာမချာကြီးနဲ့ဆိုတော့ နေဖို့မသင့် လျော်ပေဘူးပေါ့လေ၊ ကိုယ်က ရိုးရိုးသားသား အိမ်ထောင် ကျပေမဲ့ အဆောင်အနေအထားမှာ အမြင်မတင့်တယ်ဘူး ဟုတ်စ"

"ဟုတ်ကဲ့ပါ အန်ကယ်လ်"

"စာရေးဘာလေးများ လာရဲ့လား၊ အောင်ပန်းလိပ်စာပေး ထားခဲ့ရဲ့လား"

ရဲသွေးနောင်က မီးလင်းဖိုမှာ မီးဖြည့်နေသည်။ ဂျက်စမင်က ခေါပုပ်တုံးကလေးများကို မီးနှင့်ကင်ကာ တစ်ယောက် စီကို လှမ်းပေးနေသည်။ ဖြူနွဲ့နှင့် ခန့်ညားတို့က ဂျက်စမင်လှမ်း ပေးသည့် ခေါပုတ်ကို စောင့်ယူစား၏။



"သွားတာလည်း၊ သိပ်မကြာသေးလို့"

စင်စစ် ဟန်မော်ကို စိတ်နာသည့် ဖြူနွဲ့က သူမ လိပ်စာကို ခြေရာဖျောက်ခဲ့ပါပြီ။

"ရှင်မင်းထွန်းကို ကြည့်ရတာ အမြဲစိတ်ညစ်နေသလိုပဲ၊ ပျော်ပျော်နေမှပေါ့ဗျာ၊ ကျွန်တော်တို့ဟာ ညီအစ်ကိုမောင်နှမ တွေပဲပေါ့၊ မဟုတ်ဘူးလား"

ရဲသွေးနောင် ဝင်ပြောရင်း ခန့်ညားဘက်သို့ ဝေ့ဝဲ ကြည့်၏။ "အားပေးပါဦး"ဟူသည့် သဘောနှင့်ပါပေ။

"သူက သိပ်အားငယ်တတ်တယ် ကိုနောင်၊ ကျွန်တော်တို့ အားလုံး ဝိုင်းဝန်းဖေးမ နေကြရပါတယ်"

ခန့်ညား စကားက အမှန်ဖြစ်ပါ၏။ ရဲသွေးနောင် ကို တစ်အိမ်သားလုံးက ကိုနောင်ဟု ခေါ်သည်မို့ ခန့်ညားတို့ အုပ်စုကလည်း ကိုနောင်ဟုပင် ခေါ်ကြလေသည်။

"အဲ ... အခေါ်အဝေါ်နဲ့ ပတ်သက်ပြီး ကျွန်တော် တစ်ခု ပြောချင်တယ်ဗျ၊ ခင်ဗျားဘို့ စိတ်ဆိုးမှာလည်း စိုးတယ်"

"ဘာပြောချင်တာလဲ ကိုနောင် ... ပြောပေါ့၊ ကိုနောင် တို့ကို အားကိုးတစ်ခုနဲ့ လာနေကြရတာ၊ ကျွန်မတို့က ဘယ်လိုစိတ်ဆိုးမလဲ"

ဂျက်စမင်က ဝင်ပြောလေ၏။

"ရှင်မင်းထွန်းနဲ့ ဂျက်စမင်တို့ နာမည်တွေက ခေါ်ရခွယ် တယ်ဗျ၊ အသက်တွေအားဖြင့်လည်း ကျွန်တော့်ထက်ငယ် ကြတော့ ဒေါ်တပ်စရာလည်း မလိုဘူး၊ မမတပ်ပဲလည်း ခေါ်လို့ဖြစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုနောင် သည်စကားကို ပလွှင်ခံပြီ ဆိုကတည်းက ခန့်ညားက ပခုံးတွန့်ပြသည်။

"ကျွန်တော့်ကို အခေါ်ခက်နေသလား ကိုနောင်"

"သိပ်ခက်တာပေါ့၊ ကိုခန့်ညား ခေါ်ပြန်ရင်လည်း ရွဲ့ရာ ရောက်မယ်၊ မခန့်ညား ခေါ်ပြန်ရင်လည်း ခင်ဗျားက ကြိုက်မှာမဟုတ်ဘူး"ဟု ပြောချင်ပေမဲ့ ခေါင်းကိုသာ ညိတ်ပြသည်။ သူ့နှုတ်ခမ်းက ပြုံးနေသည်။

"ဘာခက်စရာရှိလဲ သူတို့လိုပဲပေါ့၊ ရှေ့က ဘာမှမတပ်ဘဲ ခန့်ညားဟာ ခန့်ညားပဲပေါ့"

"ဒီလိုဆိုတော့လည်း ရိုင်းရာကျမလားလို့၊ နှစ်လုံးထဲဆိုတော့ သံပြတ်လို ဖြစ်နေတယ်"

"သုံးလုံးခေါ်ရမှ စိတ်ချမ်းသာမယ်ဆိုရင် ကျွန်တော့်မှာ နောက်ထပ် နာမည်အပိုတွေ ရှိပါသေးတယ်၊ ခိုင်မြဲခန့်တဲ့ ဖုန်းတေဇာ တဲ့"

"ဟောဗျာ ... ဘာကိစ္စ နာမည်တွေ ဒီလောက်ပေါများနေရပါလိမ့်"

ဦးအောင်သွေးနောင် ပြောရင်း ရယ်၏။

"နာမည်မဲ့တာ အခွန်ဆောင်ရတာမှ မဟုတ်ပဲ အန်ကယ်"

"အင်း ... ဟုတ်သားပေါ့၊ နာမည်ကိစ္စက ကိုနောင် ပြောသလို အန်ကယ်တို့မှာလည်း ခေါ်ဖို့ပြောဖို့ အခက်အခဲရှိတယ်ကွယ့်၊ ခေါ်စေချင်တဲ့ နာမည်ကို ပြောပြမှ သိရမှာပဲ"



ခန့်ညားနှင့် စကားပြောပါလေတိုင်း နာမည်မပါစေရပဲ လွတ်အောင် ကြည့်ပြောနေရ၏။ သူတို့အဖို့ ဤလည်းတစ်ဒုက္ခဖြစ်ဟန်တူ၏။ ခန့်ညားက ဟက်ခနဲ ရယ်သည်။

"ခန့်ညားဟာ ... ခန့်ညားပဲပေါ့"

"ကောင်းပြီ ခန့်ညား၊ ခန့်ညားဟာ ခန့်ညားပဲပေါ့"

ရဲသွေးနောင်က ရယ်၍ပြောသည်။

"ခန့်ညားက စိတ်ဓာတ်ထက်ပုံရတယ်၊ ရှင်မင်းထွန်းတို့ ဂျက်စမင်တို့နဲ့ မတူဘူး"

"သူလား ... ထက်ရုံမကဘူး၊ စိတ်ကလည်း တိုသေး"

ခန့်ညားက ဗလာချီ ခွပ်ရကောင်းလားဟူသည့် အဓိပ္ပာယ်ဖြင့် ဂျက်စမင့်ကို မျက်လုံးပြူးပြသည်။

"အားလုံးထဲမှာ ရှင်မင်းထွန်းကတော့ အပျော့ဆုံး၊ ဒါကြောင့် မို့လို့လဲ သူအရင်ဆုံး အိမ်ထောင်ကျတာ နေမှာ"

"ဘာဆိုင်လဲဗျ"

ရဲသွေးနောင် စကားကို ခန့်ညား လက်ခံလိုပုံမရပါ။

"များသောအားဖြင့်ပေါ့ဗျာ ... စိတ်ထက်တဲ့ သူတွေဟာ အပျိုကြီး လူပျိုကြီး ဖြစ်တတ်တယ်လို့ စိတ်ပညာစာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်၊ မှန်များနေသလားလို့၊ ခုဆို ခန့်ညားတို့ ဂျက်စမင်တို့က ညှိသည်တွေ၊ ညှိသည်တွေလည်း ကိုယ့်ဘာသာနေတတ်အောင် ကြည့်နေရတော့တယ်၊ ရှင်မင်းထွန်းက အိမ်ရှင်ဖြစ်ပြီး မထုံတက်သေးနဲ့"

"အိမ်ရှင်က ကိုနောင်တို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်မလဲ၊ ဒါ ရှင်မင်းထွန်း အိမ်ပဲ"

"အဲ ... အိမ်ဆိုလို့ စကားစပ်မိလို့ မေးရဦးမယ်၊ တကယ်တော့ ရှင်မင်းထွန်းက မေးချင်တာပါ။ သူက စကားကို ချွေတာရေး ကျင့်နေလို့"

"မေးပါ ခန့်ညား၊ မေးနိုင်ပါတယ်၊ ဘယ်သူမေးမေး သိရဖို့က အဓိကပဲဟာ"

"ရှင်မင်းထွန်းက အိမ်ထောင်ပြုလိုက်ပြီဆိုတော့ ပစ္စည်းရေးကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လိုဖြစ်မလဲ"

"ဒါ ... အမွေထိန်းတွေနဲ့ ရှေ့နေတွေ ညှိရဦးမဲ့ကိစ္စဗျ။ ဘာပဲဖြစ်ဖြစ်၊ ခရုဆံကျွတ်တော့လည်း မဖြစ်စေရပါဘူး"

"ကျွန်တော့်ကို ရှင်မင်းထွန်းရဲ့ အကျိုးဆောင်အနေနဲ့ ယူဆပေးဗျာ၊ သူ့အတွက်ပါပဲ၊ မဆိုင်ပဲ လောဘထွက်တာတော့ မဟုတ်ပါဘူး"

"အာ ... ခန့်ညား ... ကျွန်တော် ယုံပါတယ်"

တကယ်တမ်းကျတော့ ဦးအောင်သွေးနောင်နှင့် ရှင်မင်းထွန်းတို့ နှစ်ဦး သီးသန့်သက်ဆိုင်သည့် ကိစ္စပါ။ ခုတော့ ဦးအောင်သွေးနောင်ကလည်း ရယ်ပြနေဖို့ပဲ တတ်သည်။ ဖြူနွဲ့ကျတော့ ရှင်မင်းထွန်း အမည်ကို ခံယူထားပါလျက် နှုတ်နည်းလွန်းသည်။

သူက စိတ်ဓာတ်ကလည်းမရဲ၊ သူ့သောကနှင့်သူ၊ ပင်ကိုယ်ကလည်း ပွင့်လင်းသူ မဟုတ်။ လောလောဆယ်မှာ ငိုမနေတာပဲ တော်လှပြီ။ ထာဝရ စိတ်ဆင်းရဲနေရသူ မဟုတ်လား။



သီးသန့်သက်ဆိုင်သူ နှစ်ဦးလုံး စကားနည်းကြသူချည်းဆိုတော့၊ ခန့်ညားနှင့် ရဲသွေးနောင်တို့ပဲ ပြောဆိုတိုင်ပင်နေရတော့သည်။

'တကယ်လို့ ရှင်မင်းထွန်းက စည်းမျဉ်းနဲ့ မညီညွတ်တော့လို့၊ အမွေအနှစ်ကို ပြည့်စုံစွာ မရဘူး' ဆိုပါတော့"

"အင်း"

"ဒါဖြင့် ဘယ်သူရမလဲ"

"ကိုနောင်"

ဝင်ဖြေသူက ဦးအောင်သွေးနောင်ပါ။

"ဟင်"

အံ့သြခြင်းများ ဖြစ်ထွန်းကြ၏။

"အန်ကယ်ရေးခဲ့တဲ့ စာထဲမှာ ရောင်းပြီး လှူပစ်မယ်ဆို"

"ဩော် ... ခန့်ညား ဒီစာကို ဖတ်ရတယ်ကိုး"

"မဖတ်ရပဲ ရှိပါ့မလား ကိုနောင် ... သူ"

ဖြူနွဲ့သို့ မေးငေါ့ပြ၏။

"သူ့ပုံစံလည်း မြင်တဲ့အတိုင်းပဲလေ၊ ကျွန်တော်တို့ပဲ အစစ တိုင်ပင်ရတာ"

"အဲဒါက ရှင်မင်းထွန်း ဒီကိုလာစေချင်လို့ စိတ်ပေါက်ပေါက်နဲ့ ရေးခဲ့တာပါ။ တကယ်တမ်းကျတော့ စာချုပ်ထဲမှာ ပါတဲ့အတိုင်း လုပ်ရမှာပေါ့"

"ကိုနောင်က ဘယ်လိုပတ်သက်လို့ ရနိုင်တာလဲ၊ ဒါ ... ကျွန်တော် သိချင်ရုံသက်သက် သဘောရိုးနဲ့ မေးတာပါ။ ကိုနောင် ရမယ်ဆိုတာကို မကျေနပ်လို့ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



“ကိုနောင်က ဦးစောရန်နောင်ရဲ့ မြေးလေ”

“ခင်ဗျာ ... ဦးစောရန်နောင် ဆိုတာက”

“ဦးစောရန်နောင် ဆိုတာ ဒေါ်မြအေးရှင်ရဲ့ အဖေ”

“ဒါ ... ဒါဖြင့်၊ ကိုနောင်နဲ့ ...”

“ကိုနောင်နဲ့ ရှင်မင်းထွန်းတို့က မောင်နှမပေါ့၊ ကိုနောင်က ဦးစောရန်နောင်ရဲ့ တူမက မွေးတဲ့သား၊ အနီးစပ်ဆုံး ဆွေမျိုးဆိုလို့ ဒါပဲကျန်တယ်”

သူနှင့် ဆွေမျိုးပါဆိုသည့် ကိုနောင့်ကို ခန့်ညားရင်ထဲမှာ ခင်သွားတော့သည်။ ဆွေနည်းမျိုးနည်း ဘဝမှာ နေရသူလေ၊ ဆွေတစ်စ မျိုးတစ်စ စပ်သည်ဆိုလျှင်တောင် တွယ်တာရလှပါပြီ။ ခုတော့ ညီအစ်ကို၊ အဲလေ ... အမှန်ကို ဝန်ခံရဲသည့် သတ္တိရှိလျှင်တော့ မောင်နှမ နှစ်ဝမ်းတည်း ကွဲသေးသည်။

“အန်ကယ့်ကျတော့ကော မြေးပဲမဟုတ်ဘူးလား”

“အန်ကယ်က ကိုနောင်နဲ့ ညီအစ်ကိုဆိုပေမဲ့ မွေးစားသားပဲ ခန့်ညား၊ အမွေစား အမွေခံလည်း မဟုတ်ဘူး”

“ဩော်”

ရဲသွေးနောင်ကို အကဲခတ်၍ ရသလောက်ဆိုရသော် သူတို့သုံးဦးလုံးကို ဂရုစိုက်ပါသည်။ မောင်နှမ နှစ်ဝမ်းကွဲပါသေးသည့် ရှင်မင်းထွန်း၊ သူတို့ သိထားသည့်အတိုင်း ရှင်မင်းထွန်းအဖြစ်ကို ခံယူထားသည် ဖြူနွဲ့၊ ထိုမိန်းကလေးအပေါ်တွင် မေတ္တာပိုသည့် ကျွမ်းဝင်ရင်းနှီးမှုပျို့သည့် အမူအရာလည်း မပြပါလား။



နှမလုပ်သူက ကိုယ်လေးလက်ဝန်ကြီးနှင့်မို့များ မျက်နှာပူနေလေရော့သလား။ ယောက်ဖတော်ကိုပဲ မကြည်ဖြူ ဖြစ်လေသလား၊ ဖြူနွဲ့ အိမ်ထောင်ရေးကိုလည်း တိတိပပ မမေး။

ဘယ်လိုတွေပါလိမ့်။

ခဏတဖြုတ် ရောက်လာသည့် ညှော်သည်ကို ညှော်ဝတ်ကျေပြနေသည့် အသွင်ပဲ ပေါ်ပါ၏။

“ဒါထက် အန်ကယ်၊ ကျွန်တော် ကြားဖူးသလောက် ဗုဒ္ဓဘာသာဝင်တွေမှာ သေတမ်းစာနဲ့ အမွေလွှဲနိုင်တဲ့ ဥပဒေထုံးတမ်း မရှိဘူးလားလို့”

“ဟုတ်ပါတယ် ခန့်ညား၊ ခန့်ညားတို့က လူငယ်တွေမို့ လူကြီးတွေအကြောင်း သိပ်မသိဘူးထင်တယ်၊ မမရှင်ကလည်း သူ့သမီးကို ရှင်းမပြခဲ့ဖူး ထင်ပါရဲ့”

“ခင်ဗျာ ... အန်ကယ်က မေမေ့ကို ရှင်မင်းထွန်း မေမေကို မမရှင်တဲ့လား”

“အန်ကယ်တို့က သစ္စာရှိ အလုပ်သမားတွေပဲ ခန့်ညားရယ်၊ မမရှင်ကို သွေးမစပ်ပေမဲ့ အစ်မရင်းလို ခင်ခဲ့ပါတယ်”

“ဩော်”

“ကိုနောင်ပဲ ရှင်းပြလိုက်ပါလေ။ မမရှင်ရဲ့ အမေအကြောင်းကို အဲ ... ကိုနောင့် ဘွားလေးအကြောင်း”

“ဒီလို ခန့်ညားရဲ့၊ ဆွေစဉ်မျိုးဆက်တွေ အကြောင်းတော့ ကျွန်တော်က ပြောချင်ပါတယ်၊ အမွေခန်းတွေကျတော့ မပြောချင်ဘူးဗျာ၊ ခင်ဗျားတို့ အန်ကယ်ပဲ ပြောခိုင်း”

www.burmeseclassic.com



ရဲသွေးနောင်က မီးလင်းဖိုနားမှ ထလာခဲ့သည်။ ကိုယ်ဝန်ဆောင်မလေး ဖြူနွဲ့ကို တစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ ဂျက်စမင်။ နောက်ဆုံးကျမှ ခန့်ညား။ အားလုံးကို တစ်ယောက်စီ ပြုံးပြပါလေသည်။

"မမရှင် အိမ်ထောင်ကျတော့ ကျွန်တော် ငါးနှစ်သားပဲ ရှိသေးတယ်၊ ကျွန်တော်ကလည်း မမရှင်လို့ပဲ ခေါ်တယ်၊ အသက်ချင်းကတော့ ဆယ့်လေးနှစ်လောက် ကွာမယ်၊ တော်စပ်တာကတော့ တူဝရီးဆိုပါတော့"

တစ်အိမ်လုံးတွင် ရှိသမျှလူအားလုံး မိဘနှစ်ပါးမှလွဲ၍ မမရှင်ပဲ ခေါ်ကြရသည်။ မြအေးရှင်ထက် အသက်ကြီးသူများ ပါဝင်လင့်ကစား အိမ်ကြီးရှင်သခင်မလေးမို့ မမရှင်သာခေါ် ဖြစ်ကြလေသည်။

"မမရှင်ရဲ့အမေ ရှင်မင်းထွန်း ဘွားဘွားက ဒေါ်မြလေးနွယ်တဲ့၊ အင်္ဂလိပ်နာမည်က ဒေါ်ကက်သရင်း၊ သူဟာ ခရစ်ယာန်ဘာသာဝင်ပဲ"

"ဟင်"

သည်အကြောင်းများကို ခန့်ညား မသိခဲ့ပါ။ မေမေသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူ ဖြစ်ပါလျက် ဘွားဘွားကျတော့ ခရစ်ယာန်ဘာသာဝင် ဆိုပါလား။

"ကွယ်လွန်ချိန်ထိ ခရစ်ယာန်ဘာသာကိုပဲ သက်ဝင်ယုံကြည်သွားတဲ့သူပါ၊ ခရစ်ယာန်ဘာသာ ထုံးတမ်းစဉ်လာအတိုင်း ဝတ်ပြုကိုးကွယ်ခြင်းတွေလုပ်ပြီး ကျွန်တော်တို့ သင်္ဂြိုဟ်ခဲ့ကြပါတယ်"



"ဪ"

ကာယကံရှင်ပါဟု အသိပေး ကြော်ငြာထားသည့် ဖြူနွဲ့က အာရုံစိုက်၍ နားထောင်နေပါသည်။ သို့ပေမဲ့ သူ့မျက်နှာများက မေးမှိန်ဖျော့တော့ကာ စိတ်ဝင်စားခြင်း ကင်းနေသည်။ သူနှင့်စာလျှင် ဂျက်စမင်ကမှ အားတက်သရော ရှိသေး၏။ ခန့်ညား ကျတော့ မျက်ဝန်းအစုံ လက်လက်ဖြာနေ၏။

သူကမှ ကာယကံရှင် အစစ်ပေကိုး။

"မမရှင် ကျတော့ ဗုဒ္ဓဘာသာ ဖြစ်တယ်၊ အဖေဘက် လိုက်တယ် ဆိုပါတော့၊ မေမေကြီး ကိုယ်တိုင်က နှစ်သက်ရာဘာသာထဲကိုဝင်ဖို့ ခွင့်ပြုတယ်၊ ဒီဝါချမ်းမြစံအိမ်ကြီးမှာ တစ်အိမ်လုံးက ဗုဒ္ဓဘာသာတွေ၊ ဘုရားရှိခိုးကြ၊ ဆွမ်းကပ်ကြ၊ ဥပုသ်စောင့်ကြဆိုတော့ မဲများရာနိုင်တဲ့ သဘောလည်း ပါမယ်ထင်တယ်"

တနင်္ဂနွေနေ့တွင် ဘုရားရှိခိုးကျောင်းသွားသည့်သူက တစ်ဦးတည်း။ ဖေဒါမြလေးနွယ် တစ်ဦးတည်းရယ်ပါ။ ညောင်ရေအိုးလဲ၊ သောက်တော်ရေကပ်၊ ဆွမ်းတော်ကပ်၊ ဆီမီးဖယောင်းတိုင်ပူဇော်၊ အမွှေးတိုင်ပူဇော် စသည့် လုပ်ငန်းများကျတော့ တစ်အိမ်လုံးက နေ့စဉ်ဆောင်ရွက်နေကြသည်။ အမြင်များတော့လည်း များရာစုသို့ စိတ်ပါမိဟန် တူပါ၏။

"ဒါကြောင့် မေမေကြီး သေတမ်းစာရေးခဲ့တာဟာ ကျား ဝင်တယ်လို့ ဆိုနိုင်ပါတယ် ခန့်ညား၊ နောက်တစ်နည်း ဗုဒ္ဓဘာသာ ထုံးတမ်းဥပဒေနဲ့ ကြည့်မယ်ဆိုရင်လည်း ..."

www.burmeseclassic.com

www.burmeseclassic.com



ရဲသွေးနောင်က ခန့်ညားကိုပင် ဦးတည်ပြောဆိုနေသောကြောင့် ရင်ထဲမှာ မလုံမလဲ ဖြစ်လာရသည်။ ဖြူနွဲ့ကို လှမ်းကြည့်တော့ မျက်တောင်များ စင်းချကာ နားထောင်နေသည်။ ရဲသွေးနောင်ကိုပင် မကြည့်ပဲ ကြမ်းပြင်ပေါ်မှ ကော်ဇောမွေးပွကြီးတွေပဲ သဲသဲမဲမဲ ကြည့်နေသည်။

ခက်တယ် ဖြူနွဲ့၊ နင့်ကြောင့် အလိမ်တွေ ပေါ်ကုန်မယ်၊ နည်းနည်းပါးပါးများ စိတ်ဝင်စားပါတော့လား။

တယ်လီပသီနည်းဖြင့် စကားပြောနိုင်သည့် စွမ်းအားကို တဒင်္ဂပဲဖြစ်ဖြစ် ခန့်ညား ရချင်မိ၏။

တကယ်ဆို နင့်ပြဿနာ အခက်အခဲကို ကူညီဖြေရှင်းပေးချင်တာက အဓိက အကြောင်းပဲဟာ။ ဖြူနွဲ့ အစုတ်ပလုတ်ရေ ... ကော်ဇောပေါ်မှာ ဟန်မော့်မျက်နှာ ထင်နေသလား။

"မမကြီး တစ်ဦးတည်းပိုင် ပစ္စည်းတွေ၊ တစ်ဦးတည်းသော အမွေခံ မြေးမလေးပဲ ရဖို့ရှိတာပေါ့၊ ရှင်မင်းထွန်း မရှိတော့ဘူးဆိုမှ အနီးစပ်ဆုံး ဆွေမျိုးအဖြစ် ကျွန်တော် ရှိတာပါ၊ ကျွန်တော် မတော်မတရား လောဘမျိုး မထွက်ပါဘူး ခန့်ညား"

"ဟုတ်ပြီလေ၊ မမကြီး ... အဲ ... ဒေါ်မြလေးနွယ်က သေတမ်းစာသဘောမျိုး ရေးထားခဲ့ပြီ၊ ရေးပိုင်ခွင့်လည်းရှိတယ်၊ သူ့စာထဲမှာလည်း ရှင်မင်းထွန်းက အန်ကယ်ဦးအောင်သွေးနောင်တို့ သဘောတူကြည်ဖြူတဲ့ သူနဲ့မှဆိုတော့"



နှုတ်ဆိတ်ကာ နားထောင်နေသည့် ဂျက်စမင်က သူလည်း နည်းနည်းပါးပါး ဝင်ပြောဖို့လိုပြီဟု ထင်၏။ သူငယ်ချင်းနှစ်ယောက်က ဝိုင်းဝန်းကူညီဟန်ကို ပြပေးရာရောက်မှ အဆင်ပြေမည် မဟုတ်လား၊ ကာယကံရှင်ဟု ပြောထားပါသည့် မိဖြူနွဲ့တို့က အသက်မှ ရှိသေးရဲ့လား မသိ။

"ရှင်မင်းထွန်း အိမ်ထောင်ကျပြီးသွားပြီ ဆိုတော့ လုံးဝမရနိုင်တော့ဘူးပေါ့၊ ဟုတ်လား အန်ကယ်"

ဦးအောင်သွေးနောင်က ရဲသွေးနောင်သို့ လှမ်းကြည့်၏။ ရဲသွေးနောင်က သက်ပြင်းမောကို ချသည်။

"ခုဖြစ်နေတဲ့ပုံစံက အမွေတွေဟာ ကျွန်တော့်ဘက်ကို မြားဦးလှည့်နေတယ်၊ အဲဒါကို ကျွန်တော် စိတ်ညစ်တာ၊ တကယ်ပဲ တရားဝင်ပိုင်ဆိုင်ခွင့် ရရင်တောင် ကာယကံရှင်ကိုပဲ ပြန်ပေးချင်ပါတယ်ဗျာ၊ ကိုယ့်လုပ်အားနဲ့ မဟုတ်ပဲ အချောင်ရတာမျိုးနဲ့၊ ဘုံပေါ် တက်မစံချင်ဘူး၊ ဒါ ... သစ္စာစကားပါ ခန့်ညား"

ဒုက္ခာ ... ကာယကံရှင်ဟုလည်း ဝန်ခံမထားပါ၊ လောလောဆယ် မေးခွန်းထုတ်သူကလည်း ဂျက်စမင်၊ ဘယ်လိုလဲ ဦးရဲသွေးနောင်၊ ခင်ဗျား ဘယ့်နှယ် ကျုပ်တော့ကို လှည့်ဖြေရတာလဲ၊ စိမ်းညို့တဲ့ ခင်ဗျားမျက်လုံးတွေဟာ ဓာတ်မှန်ရိုက်စက်တွေလား၊ ခင်ဗျား ကျွန်တော်တို့ ဖွင့်ခဲ့တဲ့ ဇာတ်လမ်းကိုများ သိနေပလား၊ သိတယ်ဆိုရင်တော့ ...၊ ဖြူနွဲ့ အစုတ် အမွေရာမပိုင်လို့ပဲ၊ အင်းလေ ... သူ့ခများမလည်း ဘယ်မှာလာပြီး ပိုင်နိုင်အောင် သရုပ်ဆောင်နိုင်ပါ့မလဲ၊ သူ့ဒုက္ခနဲ့ သူကိုး။

www.burmeseclassic.com

www.burmeseclassic.com



"ချီးကျူးပါတယ် ကိုနောင်၊ ဒါပေမဲ့ ရှင်မင်းထွန်း"

ဖြူနွဲ့ကို မေးငေါ့ပြရသေး၏။

"သူကလည်း သူ့ယောက်ျားကို လွမ်းဖို့နဲ့ ကလေးကို ကောင်းကောင်းမွန်မွန် မွေးနိုင်ဖို့ကလွဲပြီး ဘာမှ စိတ်ဝင်စားပုံ မရဘူး"

"ရှင်မင်းထွန်းတော့ ကျွန်တော် လေးလေးစားစား ချီးကျူးတယ်၊ တကယ်ပဲ"

"ဘာဖြစ်လို့လဲ"

"လောဘမရှိလို့"

"ကြားလား ... ရှင်မင်း၊ နင့်ကို ပြောနေတာ ကြားရဲ့လား"

ခန့်ညားက ဖြူနွဲ့ကို တံတောင်ဆစ်နှင့် လှမ်းတွက်သည်။

"ကြားပါတယ်၊ ကိုယ်နဲ့ ဘယ်လိုမှမဆိုင်တဲ့ ပစ္စည်းတွေလို ခံယူထားပြီးသားမို့လည်း အေးဆေးနေတာပါ ဆိုတာကို ပြောပြပါလား ခန့်ညား ... ဟင်"

"ဘာဖြစ်လို့ အဲဒီလို ခံယူထားတာလဲ ရှင်မင်းထွန်း"

ဦးအောင်သွေးနောင်က ဝင်မေးသည်။

"ကျွန်မရဲ့ အိမ်ထောင်ရေးဟာ ဘယ်လိုအိမ်ထောင်ရေးမျိုး ဆိုတာ ခန့်ညားတို့ ဂျက်စမင်တို့ အသိဆုံးပါ၊ အသက်ရှင် ရပ်တည်နေသရွေ့ ပျော်ရွှင်မှု ဆိတ်သုဉ်းနေရတော့မဲ့ အိမ်ထောင်ရေးမျိုးပါ"

သြော် ... ဖြူနွဲ့။ သူ့ခံစားမှုနဲ့ ပတ်သက်လာတော့လည်း ပြောတတ်လွန်းပါပေ့။



"ကျွန်မ ... ကျွန်မ ... လူရွေးမှားခဲ့တယ်လို့ ပြောရမလား၊ ဦးနှောက် သိပ်မသုံးပဲ ဆုံးဖြတ်ချက် မြန်ခဲ့တယ်လို့ ပြောရမလား၊ သတ္တိကို နေရာလွဲမှားစွာ အသုံးချခဲ့တာတော့ အမှန်ပါပဲရှင်၊ ကံကိုတော့ ယိုးမယ်မဖွဲ့ချင်ပါဘူး၊ ကျွန်မ မိုက်တာပါ"

ဖြစ်မှဖြစ်ရလေ ဖြူနွဲ့ရယ်၊ ခုတော့ နင် နောင်တတွေ ...ပြီပေါ့၊ အပြစ်ကင်းမဲ့ပေမဲ့ လူ့လောကကို မလိုလားအပ်စွာ ...လာမဲ့ကလေးကို မွေးဖွားဖို့အတွက် အယောင်ဆောင်မိခို ...မျိုးနဲ့ ရေမျောကမ်းတင် ဖြစ်နေရတာကို ဝမ်းနည်းနေပြီ ...

အစက တိုင်ပင်ပါတော့လား။ ရက်တိုတိုလေးထဲ ... အမှားတစ်ခုကို ဒီလောက်ပဲ ရဲရဲတင်းတင်း ကျူးလွန်ပစ်ရ ...။ နင့်ကိုပဲ ငါသတ်ချင်တယ်၊ နင့်ကောင် ဟန်မော်ဆိုတဲ့သူ ...ပါစေလို့ ငါ ကျိန်ဆဲချင်တယ်၊ ဖြူနွဲ့ရေ ...

ခန့်ညားထံမှ "တက်"ခေါက်သံတစ်ချက် ထွက်လာ ...။ အားလုံးက အလန့်တကြား လှမ်းကြည့်သည်။ ခက်တော့ ...ပဲ၊ ဖြူနွဲ့ အမွေတွေနဲ့လွဲရလို့ နင်က မဆီမဆိုင် စိတ်ဆိုး ...ဆိုး ဖြစ်နေတဲ့ပုံ ပေါ်နေတယ်၊ စိတ်တိုပြီဆိုရင် ထိန်းကို ...ထိန်းနိုင်ဘူး၊ ဂျက်စမင် ကျိတ်၍ အပြစ်တင်ကာ ရဲသွေးနောင်ကို ...မ်းကြည့်မိ၏။ မလုံမလဲ တစ်ချက်ပြုံးပြကာ ...

"ခန့်ညားက သိပ်စိတ်ဆိုးနေတာ ကိုနောင်ရဲ့၊ ကြံပြ... သူ ..."

ဖြူနွဲ့ကို လက်ညှိုးထိုးပြရပြန်သည်။

www.burmeseclassic.com



"သူ့အကြောင်းကို ပြည့်ပြည့်စုံစုံ ပြောရဦးမယ်၊ ဒီကိစ္စတွေ ခန့်ညား အသိနောက်ကျလို့၊ မဟုတ်ရင် လူသတ်မှုနဲ့ သူ ထောင်ထဲရောက်နေပြီ"

ဖာဖာထေးထေး ဝင်ပြောရလေ၏။

"ဩော် ... အိမ်ထောင်ရေးကံ မကောင်းရှာပဲကိုး"

ရဲသွေးနောင်က ဖြူနွဲ့ကို ကြင်နာစွာကြည့်၍ ပြောသည်။

"ကျွန်မတို့ သူငယ်ချင်းတွေက သိပ်ချစ်ကြတော့ တစ်ယောက်ကိစ္စဆိုရင် အားလုံးက ခံစားကြရပါတယ်"

"ဒီထဲမှာ ခန့်ညားကတော့ တစ်ကမ္ဘာလုံးကိစ္စ သူ့ကိစ္စချည်းပဲ ထင်ပါရဲ့"

ရဲသွေးနောင်က ပြုံးစစနှင့် ပြောသည်။

"ဘာလဲ ...ခနဲ့တာလား၊ ကြင်နာတတ်တဲ့ နှလုံးသားရှိတဲ့ လူတိုင်းဟာ ခံစားတတ်ကြတာချည်းပဲဗျ၊ သူများကိစ္စမို့ ကိုယ်နဲ့မဆိုင်ဘူး ထင်နေရင် အင်မတန် အတ္တကြီးမားတဲ့ လူသားပေါ့"

ခန့်ညား စိတ်တိုမိပြန်၏။

"နှလုံးသားရှိရင်လည်း အဲဒီနှလုံးသားနဲ့ စာနာပါလား ခန့်ညား"

"စာနာလို့ပေါ့ဗျ"

"ခင်ဗျားက အချစ်ကိုကျတော့ မျက်စိလျှမ်းနေတာကိုး"

"ဘာဆိုင်လို့လဲ"



"သူ ... ရှင်မင်းထွန်းမှာ အချစ်ဖြစ်ထွန်းတယ်လေဗျာ၊ အချစ်ဆိုတာ သတ္တိကို ပေါက်ဖွားစေတာပဲ"

"ခင်ဗျားပြောတဲ့ အချစ်က သတ္တိအလွဲကြီး ပေါက်ဖွားလာတာကျတော့ကော"

"အဲဒီတော့လည်းမှားသွားတာပေါ့၊ အမှားကို မတော်တဆ ကျူးလွန်လိုက်မိရင် မှားမှန်းသိတဲ့နေ့ကစပြီး ပြင်ယူရုံပေါ့ဗျာ၊ အပြစ်တင်မနေပါနဲ့"

"ခင်ဗျား သက်သက် မင်္ဂလာယူပြီး ရွေပြည်အေးတရား ဟောတာ"

"ထားပါတော့၊ ကျွန်တော် ပြောချင်တာက မှားတဲ့သူက မှားသွားပြီ၊ ဆက်မမှားဖို့ရယ်၊ မမှားသေးတဲ့သူတွေလည်း မမှားမိဖို့ရယ်"

"ခင်ဗျားလောက်တော့ ကျွန်တော်ရော ဂျက်စမင်ရော အသိဉာဏ် ရှိကြတာချည်းပဲ မှတ်ပါ"

"ဟာ ... ဒီလို မဆိုလိုပါဘူး၊ ကျွန်တော် အပြောအဆို မကျွမ်းကျင်လို့ ဖြစ်ပါလိမ့်မယ်၊ ပိစ် ... ပိစ် ..."

ရဲသွေးနောင်က လဏ်ညှိုးနှင့် လက်ခလယ်ကို ထောင်ပြသည်။ ဦးအောင်သွေးနောင်နှင့် ဂျက်စမင်တို့က ရယ်ကြသည်။ ရဲသွေးနောင် ကျတော့ ပြုံးပြုံးကြီးပါ။ ဖြူနွဲ့ကတော့ ညှိုးနွမ်းဆဲ။ ခန့်ညား မျက်နှာကြီးသာလျှင် စူပုပ်နေတော့သည်။

စိတ်ဆိုးလည်း လှနေတဲ့ ယောကျ်ားလျှာမလေးရေ၊ မင်းရင်ထဲမှာ စစ်မှန်တဲ့ သတ္တိမျိုးနဲ့ အချစ်တစ်ခု ဖြစ်တည်းစေချင်တယ်ကွာ။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက စကားကို ရဲရဲသွေးနောင် ဖွင့်ပြောရဲပါမည်တဲ့လား။ ထေးစွ။ ကိုင်ပေါက်လိုက်လို့ ခါးရိုးကျိုးသွားလျှင် အခက်။ သူ့ဟာ ကွန်မြူးခါးပတ်နက် ဆိုပဲ။

* * *



မင့်တင့် အချစ်ဖွင့် ဝန်းနှုတ်ရောင် မရင့်တရင့်

ရန်ကုန်သူများအဖို့ အောင်ပန်းမှာ နွေဆိုလျှင်တောင် ချမ်းချင်ချင်ပါ။ ခုတော့ ဆောင်းဝင်ကာစရာသီ။ အလှူပ်အရှားနည်းပါးကာ သိက်မဲ့ကျောက်ရုပ်တစ်ရုပ်နှယ် ငြိမ်သက်နေတတ်သည့် ဖြူနွဲ့ ခမျှာ အနွေးထည် အထပ်ထပ်ဝတ်လျှင်စတ်၊ မီးလင်းဖိုမှာ လှုံချင်လှုံ၊ သူက အချမ်းဆုံး ဖြစ်နေတတ်ပါ၏။

ဂျက်စမင်ပင်လျှင် ဆွယ်တာနှစ်ထပ်လောက်တော့ ဝတ်ထားရသည်။ ခန့်ညားကတော့ ချွေးတွေစို့နေရ၏။ သူ ဒေါ်သီရိဝင်းတို့ဆိုင်မှာ ဝင်စကတည်းက ဦးအောင်စိုးသိန်း မြှောက်ပေးသောကြောင့် ကွန်မြူးသင်တန်း တက်ခဲ့ဖူးသည်။

အဆက်မပြတ် လေ့ကျင့်မှုကိုလည်း လုပ်သည်။ အောင်ပန်း ရောက်တော့လည်း သူ့အတွက်ပေးထားသည့် အခန်းထဲတွင် လေ့ကျင့်မှုကို မပျက်စေရပါ။ "ဒီပါချမ်းမြ့"စံအိမ်ကြီးတွင် အဆောင်ဆောင် အခန်းခန်းတွေ ပေါများလှသည်မို့ ရန်ကုန်ဧည့်သည်သုံးဦးကို တစ်ယောက်တစ်ခန်း ပေးထားနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ... ဒေါက် ... ခန့်ညား"

"ဘယ်သူလဲ၊ ဝင်ခဲ့လေ"

"ငါ ... ဂျက်စမင်"

ဂျက်စမင်က စေ့ရုံစေ့ထားသည့် အခန်းတံခါးကို တွန်း၍ဝင်လာသည်။

"နင် ... ညညလည်း ပိတ်မထားဘူးလား၊ ဒီလိုစေ့ရုံပဲလား"

"အေး"

"ဂျက်ထိုးပိတ်ထားရောပေါ့ဟယ်၊ နင်ကလည်း ..."

"ဘယ်သူ့ ကြောက်ရမှာလဲ"

"ပြောနိုင်မလား အန္တရာယ်ဆိုတာ၊ ပြီးတော့ ... နင်က"

'မိန်းကလေးဆိုတာ သတိရဦး'ဟု ဆက်ဆိုချင်ပါလျက် စောစောစီးစီး ရန်ဖြစ်မှာစိုးသည်မို့ မပြောဖြစ်တော့ပါ။ မျက်ဝန်းအကြည့်ကသာ မိန်းမသားပါဟု ဖွင့်ဟလှစ်ကျူးနေသည့် အမို့အထွားတို့ထံ ဝေ့ဝဲပြလိုက်သည်။ ခန့်ညား မျက်နှာ ရဲခနဲ ရှက်သွားရ၏။

"ငါ ရေချိုးလိုက်ဦးမယ်"

ရှက်ကိုးရှက်ကန်း ပြောလေသည်။

"စောစောစီးစီးကြီးဟာ"

"ငါ့ ကစားထားတာ ချွေးထွက်နေတယ်"

"ဒါဖြင့်လည်း မြန်မြန်လုပ်"

"ဘယ်တုန်းက ကြာဖူးလို့လဲ"

အိပ်ခန်းနှင့်တွဲလျက် ရေချိုးခန်းထဲသို့ ခန့်ညား အဝတ်အစား အပြည့်အစုံနှင့်ပင် ဝင်သွားသည်။ မည်သူ့ရှေ့မှ



မျှ သူ အဝတ်မလဲပါ။ သူ့အဖြစ်က ထဘီရင်ရှားထားသည်ကိုလည်း လူတွေ့မခံချင်။ ပုဆိုးကို ခါးမှာဆီးလို့လည်းမဖြစ်၊ ပုဆိုးကိုပဲ ရင်ရှားတော့ကော ကြည့်လို့မှ မကောင်းလေပဲ။

"ရေနွေးပိုက်ပါ ဖွင့်နော်"

လူကြီးဆန်သည့် ဂျက်စမင်က နေရာတကာ ပူပင်ပါလေ၏။ ရေတဗွမ်းဗွမ်းသံကို ငါးမိနစ်ခန့်သာ ကြားရပြီး ဝတ်စုံပြည့်နှင့်ပင် ခန့်ညား ပြန်ထွက်လာသည်။

"မြန်သားပဲ"

"ငါ အဝတ်လဲမလို့၊ ထွက်ဦး"

"ရှုပ်လိုက်တာဟာ၊ တကတည်း၊ ငါက နင့်ကို ပြစ်မှားမှာတဲ့လား၊ ဒီမှာ ပြောစရာရှိလို့ လာစောင့်နေတာ"

"နောက်မှပြောဟာ၊ နှစ်မိနစ်တည်း"

ဂျက်စမင် ပြန်ထွက်ပေးရ၏။ သည်တစ်ကြိမ်တော့ ခန့်ညား တံခါးကို ဂျက်ထိုး၍ ပိတ်လေသည်။

"ရပြီ ... ဝင်ခဲ့တော့"

"ရှုပ်ကို ရှုပ်တယ်"

ဂျင်းဘောင်းဘီနှင့် ရှပ်အင်္ကျီတစ်ထပ်၊ ဂျင်းဂျာကင်တစ်ထပ် ထပ်ဝတ်ထားသည့် ခန့်ညားကို ဂျက်စမင် ငေးကြည့်ရပါ၏။ ဘိုကေအရှည်စားဟုသာ ခေါ်နိုင်မည့်ဆံပင်က မိန်းမသားနှင့် မလိုက်ဖက်လှပါ။ မိန်းမသားတို့ ထားလေ့ရှိသည့် ပုံစံအကျိုက်တိုနေသည်။

ရေချိုးပြီးခါစမို့ သန့်စင်ဝင်းကြည်နေသည့် မျက်နှာနုနုလေးက ဖွေးအိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်လှချည်လားဟာ၊ ငါ့ကို ကြိုက်လား"

"အေး"

"မိန်းမကစပြီး ရည်းစားစကား ပြောတာ နင် တစ်ယောက်ပဲ ရှိသေးတယ်"

"ကြိုက်လည်း ကြိုက်တယ်၊ ချစ်လည်း ချစ်တယ်၊ ငါတို့ လက်ထပ်ကြရအောင်လေ"

"သွား … ခွေးမ၊ အပေါ်မ"

ခန့်ညားး ရှက်ကိုးရှက်ကန်း ရယ်သည်။ ဂျက်စမင်ကလည်း တခစ်ခစ် ရယ်နေသည်။

"ဘာပြောမလို့လဲ ပြောလေ"

ခုတင်ပေါ်တွင် နှစ်ယောက်ယှဉ်၍ ထိုင်ကြသည်။

"တို့ ဒီမှာ ဘယ်လောက်ကြာကြာ နေဖြစ်မလဲ"

"ဖြူနွဲ့ မွေးပြီးတဲ့ အထိပေါ့"

"ပြီးတော့ကော"

"ဖြူနွဲ့ ရွာပြန်ချင်ပြန်၊ ရန်ကုန်ပြန်ချင်ပြန်ပေါ့၊ ကျောင်းဆက်တက်ပေါ့"

"ဘယ်မလဲ ပိုက်ဆံ"

ဖြူနွဲ့ အလုပ်မှ အပြီးထွက်ခဲ့ရပါ၏။ မီးဖွားခွင့်ကို တရားဝင် တင်ရဲသူ မဟုတ်။ လစာမဲ့ခွင့်ကို အကြာကြီးယူပြန်လျှင်လည်း ပြန်ဝင်သည့်အခါ မျက်လုံးပေါင်း သောင်းခြောက်ထောင်၏ စပ်စုခြင်းအကြည့်ကို အိုးမလုံသည့် ဖြူနွဲ့ မခံနိုင်ရာ။ ခဲရာခဲဆစ် ရှာထားရပါသည့် အလုပ်တစ်ခုကို လက်လွှတ်ဆုံးရှုံးခဲ့ရပြီ။



"ဟန်မော် ဆိုတဲ့ကောင်ပဲ သတ်ချင်တယ်၊ ဒီသောက်ရူးမကလည်း ခုမြင် ခုကြိုက်၊ ခုတစ်ခါတည်းပုံပြီး ယုံပစ်လိုက်တာပဲ"

"မထူးတော့တဲ့ ကိစ္စကို ပြောမနေနဲ့တော့ဟာ၊ နောက်ပြီး ကလေးကိုရော ဘယ်လိုလုပ်မှာလဲ"

"ခက်တယ် … ကလေးတစ်ယောက်နဲ့ ရွာပြန်သွားရင်လည်း ရှမ်းပြည်နယ်ထိအောင် လာမွေးရတဲ့ အဓိပ္ပာယ် ဘယ်မှာရှိတော့မလဲ"

"မွေးစားတယ် ဆိုရင်ကော"

"စေတီအချွန်ကြီး ငုံပြောတောင် ဘယ်သူယုံမှာလဲ"

"ဟုတ်တာပဲ"

"သူ့ဘိုးအေဘွားအေတွေဆီ ပို့လိုက်ဟာ၊ ဖြူနွဲ့က ဘာပြောမလဲ"

"ဘာမှ မပြောဘူး"

"ကောင်းတယ်"

"ငါ့သဘောကတော့ နင်နဲ့ ဒီမှာ ထားခဲ့ချင်တာပဲ"

"ဗုဒ္ဓေါ … ဒုက္ခာ"

ခန့်ညားက မျက်လုံးပြူး၍ ပခုံးတွန့်ပြသည်။

"ဒီမှာထားခဲ့လို့တော့ နင့်မှာ ဘယ်လိုမှ သိက္ခာမဲ့နိုင်ဘူးလေ၊ ဖြူနွဲ့ ကိုယ်ဝန်ကို လူတိုင်းမြင်နေတာ၊ နင့်ကလေး မဟုတ်မှန်း လူတိုင်းသိတယ်"

"ကောင်စုတ်မ၊ စကားပြောရင် ရိုးရိုးပြော"

www.burmeseclassic.com



"အေးပါဟာ ... နင်ကလည်း၊ ဦးအောင်သွေးနောင်တို့က ဆက်ပြီး လက်ခံထားပါ့မလားပဲ ပူရတယ်"

"ဖြူနွဲ့ပါ နေနိုင်ရင်တော့ ကောင်းတာပေါ့၊ ဒေါ်မြအေးရှင်ရဲ့ သမီးနဲ့မြေးအဖြစ် ဆက်နေကြ၊ ငါနဲ့ကလေးနဲ့ ကျန်ရစ်ခဲ့ရမယ်ဆိုရင် ဘယ်လိုပြောမလဲ"

"ရန်ကုန်ကို ကျောင်းသွားတက်မယ်၊ ကလေးထားခဲ့မယ်၊ နင်က ကလေးထိန်းအဖြစ် နေခဲ့မယ်"

"သြော် ... တော်တော်ကောင်းတဲ့ အစီအစဉ်ပါလား၊ တော်ပါပေတယ်၊ ဒေါ်ဂျက်စမင် ... အာဂဦးနှောက်ဟဲ့"

ခန့်ညား အော်ရယ်သည်။

"ဖြူနွဲ့ အတွက် ကျောင်းစရိတ်ပါ နည်းနည်းပါးပါးထောက်ရင် ကောင်းမယ်နော်"

ဂျက်စမင်က ထပ်တွန့်တက်နေပြန်၏။

"ထောက်မလားဟ၊ ဒီမှာ ဘယ်လောက်ကြာကြာ တင်ကျွေးထားမယ်မှန်းတောင် မသေချာဘူး၊ ခုဆို အမွေက ကိုနောင်ပဲ ရတော့မှာ"

"ဒါက ဖြူနွဲ့ကို ရှင်မင်း ထင်နေလို့ပဲ ဥစ္စာ၊ ငါတို့အရွေးထပြီး ဘယ်လိုစီစဉ်မိတယ် မသိဘူးဟာ၊ နင်သာ ရှင်မင်းမှန်း ဖွင့်ပြောလိုက်ရင် ကိစ္စက သိပ်ကိုပြေလည်မှာ"

"ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ ရှင်မင်းထွန်း အစစ်က ယောက်ျားမှ မရသေးတာ၊ အပျိုပဲဟာကို၊ အမွေရနိုင်ခွင့် ရှိသေးတာပဲ"

"အိမ်ထောင်မကျသေးဘူးလို့ ပြောစမ်းပါ"



"တူတူပဲ"

"ဂျက်စမင်နော် ... ခုတလော နင်တစ်မျိုးကို ဖြစ်နေတယ်"

ဟုတ်တော့ ဟုတ်သည်။ ဂျက်စမင်သည် ခန့်ညားကို မိန်းမသားအဖြစ် သိသာစေရန် တစ်နည်းမဟုတ် တစ်နည်းဖြင့် အစဖော်ပေးနေသည်။ တောင်မရောက် မြောက်မရောက်၊ ဟိုမကျ သည်မကျ ပုံစံကို အစကတည်းက မကြိုက်ခဲ့ပါ။ ပြောမရသောကြောင့် ကြည့်နေခဲ့ရသည်။

"အဲဒါကိုထားဦး၊ ပြဿနာတစ်ခုကို ပြတ်အောင် အရင်ပြောရရင် နင်ပဲ ရှင်မင်းထွန်း ဆိုတာကို ဝန်ခံလိုက်ရင် နင်ဟာ ဒီအိမ်မှာ အရှင်သခင်ဖြစ်ရော၊ နင့်သူငယ်ချင်းဖြစ်တဲ့ ငါနဲ့ ဖြူနွဲ့ကို ဘယ်နှနှစ်ကြာကြာ တင်ကျွေးထားခွင့်ရှိတယ်"

"ဆက်ပါဦး မဟာဦးနှောက်"

"နင့်သူငယ်ချင်းရဲ့ ကလေးကို နင်က တာဝန်ယူထားမယ်၊ နင့်သူငယ်ချင်း ဖြူနွဲ့ကိုလည်း နင် စေတနာရှိရင် သူ့အရင်အလုပ်လုပ်တုန်းက ရတဲ့လခလေး နှစ်ရာကျော်ဆိုတဲ့ အတိုင်းအတာကို နင်ထောက်ပေါ့"

"မဆိုးပါဘူး"

"ဒါကြောင့် ဖြူနွဲ့ကို ဖြူနွဲ့ အဖြစ်ဝန်ခံ၊ နင် ရှင်မင်းဆိုတာ ပြောပြလိုက်တော့"

"အင်း ... ခုတစ်မျိုး တော်ကြာတစ်မျိုး၊ သုံးလမှာ ရှတစ်ခါချိုး ဆိုတာလို၊ ခုစာကလေးကြော်၊ ခုဆီထမင်း၊ ခုတင်ကြော ရင်ကြောတင်း၊ ယုံလိမ့်မယ် စောင်းနေ၊ မော်တော်

www.burmeseclassic.com



ဆိုင်ကယ် ထွက်ယူတုန်းက ဖြူနွဲ့ ဆိုတာ သဖိရသေးရဲ့လား"

"မယုံရင် စုံစမ်းပစေပေါ့ဟာ၊ အမှန်ကို ပြောတာပဲ"

"ဖြူနွဲ့ကို ရှင်မင်း အဖြစ်နဲ့ လာမယ်ဆိုတုန်းက၊ နင်ပဲ သဘောတူခဲ့ပြီးမှဟာ၊ ခုမှ လာအပြစ်တင်မနေနဲ့"

"အဲဒီကတည်းက အလကားနေရင်း ဘာလို့ မဟုတ်တာ လုပ်မလဲလို့ ငါ တားခဲ့သေးတာပဲ"

"ဖြူနွဲ့ကို ရှင်မင်းထွန်း အဖြစ် ဟန်ပြထားမယ်၊ အမွေ ကိစ္စနဲ့ ပတ်သက်ပြီး သူတို့အတွင်းသဘောကို ငါလေ့လာနိုင်အောင် ငါက ဘေးလူအဖြစ်နေမယ်လို့ အဲဒီကတည်းက ကလည်း ရှင်းပြပြီးသား"

"ဂဏိုဂဏျောင် များလွန်းလို့ မတူချင်ပဲ တူခဲ့ရတာ၊ မော်တော်ဆိုင်ကယ် ထွက်ယူထားတာလည်း ဖြူနွဲ့ ဆိုတော့ နင့် အကြံအစည်ကို မတတ်သာလို့ လက်ခံခဲ့ရတာ"

"မသိဘူးဟာ၊ ငါ အောင်ပန်းမှာလည်း ကြာကြာမနေနိုင်ဘူး၊ ဗိုလ်ချုပ်ဈေးထဲမှာ ဆိုင်ထွက်ရတာ ပျော်တယ်"

"အဲဒီကိစ္စ မပြီးမပြတ်နဲ့ပဲ နင့်ခေါင်းထဲ ထည့်ထားဦး၊ နောက်တစ်ခု ပြောဦးမယ်"

"ဒီမနက်ကို နင် လျှာရှည်နေပါတယ်"

"ရှည်ခွင့်ရှိလို့ ရှည်ရတာပေါ့၊ နင် စိတ်ဆိုးချင်လည်းဆိုး၊ စောစောက ငါပြောမဲ့ဟာကို ဆက်ပြောရဦးမယ်"

"ပြောပေါ့ ... ပြော၊ လျှာညောင်းလို့ သေတဲ့မသာ မရှိဘူး၊ ပြောသာပြော"



"နင့်ဘဝအမှန်က ခန့်ညား မဟုတ်ဘူး၊ ရှင်မင်းထွန်း"

"အဲဒါ ဘာဖြစ်လဲ"

"ဗိုလ်ချုပ်ဈေးမှာ ဆိုင်ထွက်၊ ရတဲ့လခနဲ့ မလောက်မင သုံး၊ ဒီလို တစ်သက်လုံး နေသွားလို့ နာရေး ဖျားတာ ဘယ်မလဲ ပိုက်ဆံ"

"ဆေးရုံတွေ ရှိတယ်"

"ဟဲ့ ... ခတ်စာဖိုး၊ ဆေးဖိုး၊ လူနာစောင့်ခ၊ ဟိုဟာလေး ဒီဟာလေးခိုင်းဖို့ အာယားတွေပေးဖို့ မုန့်ဖိုးပဲဖိုးလေး"

"ကဲ ... ကဲ ... တခြားဟာ ဆက်ပြော"

"နင် အသက်ကြီးလို့ မရှာနိုင် မဖွေနိုင်တော့ နင့်ကို ဘယ်သူလာကျွေးမလဲ"

"သေပစေဟာ"

"ဒုက္ခဆိုတာ ရင်မဆိုင်ရခင် အပြောလွယ်သလောက် လက်တွေ့ကြုံလာမှ မျက်ရည်နဲ့မျက်ခွက် ဖြစ်မယ်၊ ကိုယ် ခန္ဓာ ယိုယွင်းနေတဲ့သူတွေ၊ အရေဖျားရောဂါလို နာတာရှည် ရောဂါကြီးနဲ့ လူတွေတောင် ဖြစ်ရာဘဝမှာ အသက် ကလေးတော့ ရှည်ချင်တာပဲ၊ သေချင်တဲ့သူ ဘယ်သူမှ မရှိဘူး"

"နင် မှန်တယ်ပဲထားပါ၊ ဆက်ပြော"

"နင် ... ရှင်မင်းထွန်း ဘဝနဲ့ ဒီပါချမ်းမြေမှာ ဆက်နေထိုင်ခြင်းဟာ နင့်ဘဝအတွက် အစစအရာရာ စိတ်ချလက်ချ အနည်ထိုင်ဖို့ပဲ"

"နင်တို့ ဖြူနွဲ့တို့ကျတော့ကော"



www.burmeseclassic.com

www.burmeseclassic.com



"ဖြူနဲ့က လုပ်ပုံမဟုတ်လို့ ဒုက္ခရောက်နေပေမဲ့ သူ့မှာ မိဘရှိတယ်၊ ငါက မိဘမဲ့ဆိုပေမဲ့ အသင်းတော်မှာ အုပ်ထိန်းသူတွေရှိတယ်၊ နင်သာ တစ်ယောက်တည်း"

ပြောပြီးမှ သနားသွားရသည်။ ရှင်မင်းထွန်း မျက်နှာက ညှိုးကျသွားရပါပြီ။

"ဒါကြောင့် ရသင့်ရထိုက်တဲ့ စည်းစိမ်မှာ လုံခြုံစွာ စံစားပါလို့ ငါ ပြောချင်တာပါ ရှင်မင်းရယ်"

လေပြေအေးနှင့် ပြန်ချော့ပြန်သည်။ မမှိုင်စဖူး မှိုင်ကျသွားသည့် သူငယ်ချင်း၏ ပခုံးတစ်ဖက်ကို လက်လှမ်းတင်မိ၏။ ဤသို့ တုတ်ထိုးအိုးပေါက် ပြောချလိုက်လျှင် ရှင်မင်းထွန်း ခံစားရမည်မှန်း မသိမဟုတ်၊ သိပါ၏။ သည်သို့ခံစားရမှလည်း နားဝင်ကောင်းဝင်မည်။ လှည့်ပတ်ပြောဆို နေလို့ကတော့ လိုရင်းသို့ ရောက်နိုင်မည် မဟုတ်ပါ။

အတွေးချော်မဲ့ရောဂါ ဝင်နေလို့ တုတ်ပြပြီး ဆေးတိုက်တယ်လို့ပဲ သဘောထားတော့ ရှင်မင်းရေ ...။

ယောက်ျားစိတ်နှင့် လူကြမ်းစိတ်ကြမ်း အတွေးကြမ်းခဲ့ပါသော ရှင်မင်းထွန်း မိန်းမသားဗီဇဖြင့် အားယော်ဝမ်းနည်းမိလေသည်။ သဘာဝတရားကို လိမ်ညာ၍ မရပါ။ မိန်းမသည် မိန်းမသားဗီဇနှင့်ပါပဲ၊ ရှင်မင်းထွန်း ငိုင်သွားပြီမို့ ဂျက်စမင်က နားဝင်တုန်း ဖိပြောရန် အားမွေးရပါ၏။ မပြောရက်ပေမဲ့ ကိုယ်မှ မပြောလျှင် ရှင်မင်းထွန်း ဆိုသည့် ခွတီးခွကျ မိန်းမသားက အသိခေါက်ခက် အဝင်နက်မည့် အမျိုးအစား။



"နင် ဒီစည်းစိမ် ဒီလုပ်ငန်းကြီးကို စံစားချုပ်ကိုင်ရတော့မယ်ဆိုတော့ နင် ဘယ်လောက်ပဲ တော်တယ် တတ်တယ်ထား၊ နင်မနိုင်ပါဘူး ရှင်မင်း၊ တစ်နေ့နေ့မှာ နင် အဖော်လိုလာမယ်"

ရှင်မင်းထွန်း ခေါင်းငုံ့လျက် တွေနေသည်။

"လူဆိုတာ တစ်ဦးတစ်ယောက်တည်း နေလို့ဖြစ်တဲ့သတ္တဝါ မဟုတ်ဘူး၊ ဒီလိုသာ နေခဲ့ကြရင် လူသားဆိုတဲ့ သတ္တဝါဟာ၊ သမိုင်းဦးဘုံမြေခေတ်ကတည်းက မျိုးဆက်တုံးခဲ့ပြီ။ ဒီကမ္ဘာကြီး ဖြစ်ထွန်းပြီး၊ လူဦးရေ သန်းပေါင်းလေးထောင်ကျော် လာစရာ အကြောင်းမရှိဘူး"

"တစ်ယောက်တလေ အိမ်ထောင်မကျတာနဲ့တော့ လူမျိုးဆက် မတုံးနိုင်ပါဘူးဟာ"

သည်စကားတစ်ခွန်းတော့ ပြန်ပြောမိ၏။

"ငါက သဘာဝကို ပြောတာ၊ နင် အဖော်ကိုတော့ တမ်းတမိမှာပါ၊ ရှင်မင်း ... နင် မငြင်းပါနဲ့"

မငြင်းဖြစ်ပါ။

"အဖော်ဟာ ကိုယ့်ဘဝရဲ့အဖော် ဖြစ်ရမယ်၊ နင့်မှာက ဆွေမဲ့မျိုးမဲ့ တစ်ကောင်ကြွက်၊ ကိုနောင်တို့က ဝမ်းကွဲရတဲ့ အထဲ အမွေခွဲဖို့ ပြိုင်ဘက်ဖြစ်နေသေးတယ်၊ ဘယ်လောက်ထိ စိတ်ချယုံကြည်ရမယ်ဆိုတာ မသိနိုင်ဘူး"

"နင့်စကား မှန်ပါတယ်"ဟု ရင်ထဲမှာ ထောက်ခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင့်အဖော်ဟာ မိန်းမသားတစ်ယောက် ဆိုရင်၊ ထားပါတော့၊ ငါတို့ ဖြူနွဲ့တို့ နင့်နားမှာ ဘယ်လောက်ကြာကြာ နေနိုင်မလဲ၊ လူတိုင်းဟာ ကိုယ့်ဘဝကိုယ် ဖန်တီးနေရတာ"

ကိုယ်ကချည်း လူတတ်ကြီးလုပ်၍ စီမံခန့်ခွဲခဲ့သူ ရှင်မင်းထွန်း သူများပြောစကားကို ငြိမ်၍နားထောင်ဖြစ်သည်မှာ သူ့ဘဝတွင် ဤတစ်ကြိမ် ပထမဆုံးပါ။

"ရှင်းရှင်းပြောရရင် လင်ရယ် မယားရယ်မှ တကယ့်အဖော်မွန် ရှင်မင်း၊ နင် မိန်းမယူလို့မှ မဖြစ်ပဲ"

"ဂျက်စမင်"

ဒေါသဖြင့် အော်မိ၏။

"ငါ့စကားကို နင် ဒေါသဖြစ်မယ်၊ နင့်နားမှာ တစ်သက်လုံး မနေနိုင်ပါဘူး ဆိုလို့ ရက်စက်တယ် ထင်ချင်ထင်မယ်၊ ငါ သူငယ်ချင်းကောင်း တစ်ယောက်အနေနဲ့ အမှန်ကို ဝတ္တရားရှိလို့ ပြောတာ၊ နင့်ကို ချစ်လို့ပြောတာ"

မေမေ့ မျက်နှာကို ကွက်ခနဲ ပြေးမြင်သည်။

"လောကကြီးမှာ တစ်ယောက်တည်းပါလား မေမေရေ" ရင်ထဲမှာ ဆို့နင့်လာသည်။ ဂျင်းဘောင်းဘီ ဝတ်ထားပေမဲ့ မျက်ရည်ဝဲချင်လာမိ၏။

"မိန်းမယူလို့မှ မဖြစ်တာ၊ ယောက်ျားပဲ ယူရမယ်၊ ဒီတော့ နင့်ရဲ့ မိန်းမသားဘဝအမှန်ကို အမှန်အတိုင်း နင် ရင်ဆိုင်တော့လို့ ငါ တိုက်တွန်းတယ် ရှင်မင်း ... ဒါပဲ၊ ဒီကိစ္စလည်း နင့်ခေါင်းထဲ ထည့်ထားပါ"



ဂျက်စမင် ထိုင်နေရာမှ ထသည်။ ရှင်မင်းထွန်း၏ လက်တစ်ဖက်ကို ဆွဲယူ၍ထူသည်။ ရှင်မင်းထွန်း ဘာကြောင့်များ ငြင်းမိလိုက်ပါသနည်း။ ဂျက်စမင်ကို အားပြု၍ ထရပ်၏။

"ဒီအချိန်ဆို ကော်ဖီဝိုင်းမှာ လူစုံပြီ၊ တို့ကို စောင့်နေကြတော့မှာ၊ နောက်တောင်ကျနေပြီ၊ အားနာစရာကြီး"

ပြောပြောဆိုဆို ဂျက်စမင် ရှေ့မှထွက်တော့ လက်တွဲလျက်က ရှင်မင်းထွန်း လိုက်လာမိခဲ့သည်။

"ငါပြောတဲ့ ကိစ္စနှစ်ခုကို နင့် ခေါင်းထဲမှာ ထည့်ထားနော်၊ မမေ့နဲ့ ရှင်မင်း"

လှေကားမကြီးမှဆင်း၍ စကြံကိုအကွေ့ ကော်ဖီဝိုင်းတွင် ရဲသွေးနောင်က ဖြူနွဲ့အား စကားတွေ အားရပါးရ ပြောနေသည်ကို လှမ်းတွေ့လိုက်ရပါသည်။

"ဖြူနွဲ့ ... နင့်မှာသာ အဲဒီဗိုက်ကြီး မရှိရင် ကိုနောင်နဲ့ ပေးစားပြီး နင်တို့ကို ငါ တစ်သက်လုံး အားကိုးသွားချင်တယ်ဟယ်" ရင်ထဲမှ အတွေးဆုံးတော့ ဟန်မော့်ကို ဒေါသထွက်မိပြန်သည်။

"တောက် ... ဟန်မော့်ကိုပဲ သတ်ချင်တယ်"နှင့် ပျော့ပျောင်းမှုများ အရောင်ပြောင်းကာ မှေးမှိန်ရပြန်ပြီ။ ဂျက်စမင် သူဆွေးနွေးခဲ့သမျှ သွားပြန်ပြီဟု သိလိုက်ရပါ၏။ ရှင်မင်းထွန်း မျက်နှာက စောစောပိုင်းကဖြင့် နွမ်းနွမ်းနယ်နယ်၊ ခုကျတော့ မေးရိုးကြီးများပင် တင်းနေ၏။ ဒေါသထွက်ချိန်မှာပင် လှသူမို့ ယောက်ျားအဝတ်အဆင်များနှင့် ခန့်ခန့်ညားညားကြီး လှနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်မို့လည်း သူ့ကိုယ်သူ ခန့်ညားလို့ ခေါ်တာ ထင်ပါရဲ့ ...။

* * *

"ရှင်မင်းထွန်းတို့ ဘယ်တွေလျှောက်လည်ချင်သလဲ"

"ဟင့်အင်း ... ဘယ်မှ မလည်ချင်ပါဘူး"

ဖြူနွဲ့ကတော့ ထုံးစံအတိုင်းပါ။ မလှုပ်မယှက် ငြိမ်သက်စွာ ကျိတ်ဆွေးနေချင်ရှာသည်။ သူမအဖို့ ပျော်စရာ ပါးစရာလည်း မရှာလိုပါ။ မည်သည့်အရာတွင်မှလည်း ပျော်နိုင်မည် မထင်ပါ။ ကိုယ့်ဘဝကိုယ် နာကြည်းရင်း ချစ်သူကို တမ်းတ၍သာ နေချင်ပါ၏။

"ဂျက်စမင်ရော"

"ကျွန်မကတော့ ရောက်တုန်းရောက်ခိုက်၊ တောင်ကြီးရော ကလောရော နဲ့အောင်သွားလိုက်ချင်တာပဲ၊ ဒါပေမဲ့ သူ မပါပဲလည်း မသွားချင်ဘူး"

ဖြူနွဲ့ကို လက်ညှိုးထိုးပြသည်။

"သူလည်း ဘယ်ခရီးမှ ပင်ပင်ပန်းပန်း သွားနိုင်မယ်မထင်ဘူး၊ ဒီတော့ ကိုနောင်တို့ ခြံတွေထဲကို သက်သက်သာသာ သွားလို့ရရင်တော့ သွားချင်ပါတယ်"

"ဘာဖြစ်လဲ၊ ငါ့ကို ထားခဲ့ပြီး သွားကြပါလား"

ဖြူနွဲ့က နွမ်းနယ်စွာ ပြောသည်။



"သွားမယ်ဆိုရင်တော့ ရွှေညောင်-ညောင်ရွှေ-အင်းလေး ထိလည်း သွားနိုင်တာပဲ"

ရဲသွေးနောင်က လိုက်ပို့ချင်ပုံ ပေါ်၏။

"ခန့်ညားရော"

"ရှင်မင်းထွန်း မပါပဲ သွားရရင်လည်း ပျော်မှာမဟုတ်ဘူး၊ ခြံတွေထဲလောက်ဆို တော်ပါပြီ"

ခန့်ညားက ချင်းခွေးကြီး ဟစ်ပိုဗိုတေးမတ်စ်ကို ကျောသပ်ခေါင်းသပ် လုပ်နေသည်။ ခွေးသခင်နှင့် စကားပြော တိုင်း ဘုကျရပေမဲ့ ခွေးကြီးနှင့်တော့ အဖွဲ့ကျ၏။

"ခန့်ညားနဲ့ ဟစ်ပိုကတော့ သတင်းလွှေ့လွှေ့ ပေါင်းဖက် တွေ့နေကြပြီ"

ဂျက်စမင်က ပြောတော့ ရဲသွေးနောင် ဟက်ခနဲ ရယ်သည်။

"ဘာရယ်တာလဲ"

ရဲသွေးနောင်က ခန့်ညားကို လက်ညှိုးနှင့် လက်ခ လယ်ထောင်ပြကာ ပိစိ ... ပိစိ ... ဟုပြော၏။ ပြီးမှ ...

"ခြံထဲကျတော့ အတွင်းပိုင်းထိဆို ကားမပေါက်ဘူးဗျ၊ မြင်းနဲ့သွားတာ ပိုကောင်းတယ်"

"မြင်းကျတော့ ကျွန်မတို့ မစီးရဲဘူးရှင့်"

ဂျက်စမင်က ပခုံးလေး တွန့်ပြသည်။

"ခန့်ညားတော့ စီးရဲမှာပါ"

"တစ်ခါမှ မစီးဖူးပေမဲ့ စီးကြည့်ချင်တယ်"

"ယုံပါတယ်၊ ခင်ဗျားတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ … ဘာစကားလဲ"

"ဟိုး … ဟိုး … ဒေါ်သဆိုတာ ဘရိတ်နင်းထားရတယ်။ ခင်ဗျားကလည်း ခင်လို့နောက်တာကို"

"ကိုနောင်နဲ့ ခန့်ညားတို့တော့ တွေ့ရင် ရန်ဖြစ်ဖို့ပဲ၊ တစ်ယောက်ကလည်း အစသန်၊ ခန့်ညားကလည်း ဆတ်ဆတ်ထိမခံဘူး"

"နင့်လူက စကားပြောရင် ခနိုးခနဲ့"

"ဟာ … ခန့်ညား၊ ဒီလိုမဟုတ်ပါဘူး"

"ဟဲ့ … ဘယ်က ငါ့လူရမှာလဲ"

ငြင်းဆိုသံနှစ်ခုက ပြိုင်တူထွက်လာသည်။ ဂျက်စမင် မျက်နှာကလေးရဲနေ၍ ရဲသွေးနောင်က ရယ်နေသည်။

"ဖြည်းဖြည်းမှ သွားကြတာပေါ့၊ ကျွန်တော်တို့က ဒီမှာကြာဦးမှာပဲ၊ အင်းလေ … ခင်ဗျားတို့က နင်မချရင်ပေါ့"

"ကြံကြံဖန်ဖန်ဗျာ၊ ဘယ့်နှယ်နင်ချရမှာလဲ၊ တစ်သက်လုံးနေပါ"

"တစ်သက်လုံးတော့ မနေနိုင်ဘူးရှင့်၊ ကျွန်မက ကျောင်းမဖွင့်ခင် ပြန်ရမှာ"

"ရှင်မင်းထွန်းလည်း သူ့ယောကျ်ားလာခေါ်ရင် လိုက်မယ်ထင်တယ်၊ ကျွန်တော် တစ်ယောက်သာ လူပို ဖြစ်နေတာ"

"ဒါဆို … ခင်ဗျားတစ်ယောက်တည်း နေခဲ့ပေါ့"

"ပြောတော့လွယ်တယ်၊ စားဖို့က ခင်ဗျားတို့ ကျွေးထားလို့ ဟုတ်ပါပြီ၊ ပါလာတဲ့ အဝတ်တွေ စုတ်ကုန်တဲ့အခါ၊



နောက်ပြီး တိုလီမိုလီလေးတွေ ဘာတွေ ဝယ်ချင်ခြမ်းချင်တဲ့အခါ ပိုက်ဆံမရှိဘူးဗျ၊ အလုပ်မှ မရှိတာ"

"ခန့်ညား ကြွားနေပြီဗျို့၊ ဒေးပြတိုက်ဦးမှပဲ"

သည်တစ်ကြိမ်တော့ ခန့်ညား ရယ်လေသည်။

"ရှင်မင်းထွန်း … မေမေကြီးထားခဲ့တဲ့ စာချုပ်စာတမ်းတွေ ကြည့်ချင်ရင် ပြောနော်၊ အချိန်မရွေးပဲ"

"အို … ကြည့်လို့ ဘာထူးမှာလဲ"

"ကျွန်တော်တို့ ပြောစကားနဲ့တင် ယုံနေရတာ ဘယ်ကောင်းမလဲ၊ ကျွန်တော်က ပြတော့ ပြချင်ပါတယ်။ မျက်နှာပူစရာတွေ ပါနေလို့၊ ရှင်မင်းထွန်းတို့ တောင်းဆိုလာမှပဲ ပြတော့မလားလို့"

"ဘာတွေပါနေလို့ မျက်နှာပူရမှာလဲ၊ ရှင်မင်းထွန်း အိမ်ထောင်ရေးက ခင်ဗျားတို့ ကြည်ဖြူတဲ့ အိမ်ထောင်ရေး မဟုတ်ရင် အမွေတွေ ခင်ဗျားရမယ်၊ ဒါမဟုတ်လား၊ အဲဒါ သိပြီးသားပဲ"

ခန့်ညားက ဝင်ပြောခြင်း ဖြစ်ပါ၏။

"ဒါတင်မကသေးဘူး။ ရှင်မင်းထွန်းကို သူ ခွင့်ပြုခဲ့တဲ့လူကလွဲရင် ဘယ်သူနဲ့မှ မယူရဘူး၊ ယူရင် ခွင့်မပြုဘူး၊ အဲဒါလည်းပါတယ်"

"ဘယ်သူနဲ့ယူဖို့ မှာခဲ့တာလဲ"

"ဘာလို့ ပြောတော့မလဲ ခန့်ညား၊ ရှင်မင်းထွန်းက အိမ်ထောင်ကျခဲ့ပြီပဲ"

"သိရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဂျက်စမင်က ဝင်ပြောသောကြောင့် ခန့်ညားက တံတောင်ဆစ်နှင့် လှမ်းတွက်လိုက်လေ၏။ ဘယ်သူနဲ့ ရှိရမလဲ၊ သူနဲ့မို့လို့ နေမှာပေါ့ဟု တွေးမိသည်။ မောင်နှမနှစ်ဝမ်းကွဲတည်း ကွဲသေးတယ်လည်း ဆိုသေးရဲ့၊ သာကီဝင်စိတ် ပေါက်နေကြသလား မသိဘူးဟု ဒေါသထွက်မိပြန်သည်။

"ဟာ ... ခန့်ညား ကြည့်ရတာ ကျွန်တော်နဲ့လို့ ထင်သွားပြီ ထင်တယ်၊ မျက်နှာကို တင်းလာတာပဲ၊ မလုပ်ပါနဲ့ အချောင်သက်သက် ရဲသွေးနောင် ဆိုတဲ့ပုဂ္ဂိုလ် ဒီလောက် မဖွံ့ပါဘူး"

လက်ဝါးတကာကာနှင့်ငြင်းနေသောကြောင့် ခန့်ညား မျက်နှာထား နည်းနည်းလျော့ကျသွားသည်။

"ဦးအောင်သွေးနောင်နဲ့ ဖြစ်ရမယ်"

ဂျက်စမင်ရော ခန့်ညားပါ တွေးမိကြလေ၏။

"အဘွားတို့များ ရက်စက်ပါပေရဲ့" သည်အတွေး ကျတော့ ခန့်ညား တစ်ယောက်တည်း တွေးမိသည်။

ကိုယ့်မြေး ရှိလှမှ နှစ်ဆယ်နီးပါးဆိုတာ မတွေးမိ ရှာသလား၊ လေးဆယ်ကျော်ကြီးနဲ့ ပေးစားပစ်ခဲ့တာ သက်သက်မဲ့ မေမေ့ကို ကလဲ့စားချေချင်တာ ဖြစ်ရမယ်။

သည်အတွေးဝင်တော့ ခန့်ညား မျက်နှာ ရှုပ်ပုပ်ပုပ် ဖြစ်လာပြန်သည်။ ညိုလိုက်စူလိုက်နှင့် မျက်နှာအရောင် အမျိုးမျိုး မျက်နှာပေး အမျိုးမျိုး ပြောင်းသည့်တိုင် ကြည့်ကောင်းနေသည့် ခန့်ညား၊ မိန်းကလေးအဝတ်အစားနှင့်ဆို ဘယ်လိုနေမလဲဟု ရဲသွေးနောင် တွေးကြည့်နေမိတော့သည်။



ချောချောလှလှလေးနဲ့များ ယောက်ျားစိတ် ပေါက် ရတယ်လို့ကွာ၊ ပန်မည့်သူ မရှိပဲ မည်သူ့ဦးခေါင်းထက်တွင်မျှ နေရာမယူပဲ အချိန်တန်လျှင် ကြွေလွင့်သွားရှာတော့မည့် အလှ လေးတစ်ပွင့်ကို ရဲသွေးနောင် နမြောမိပါသတည်း။

※ ※ ※

တစ်နေရာရာသို့ သွားရန် စီစဉ်တိုင်း ဖြူနွဲ့ကငြင်း သည်ချည်းပါ။ ဖြူနွဲ့သည် ထမင်းစားချိန်မှလွဲလျှင် သူမအိပ်ခန်း တွင်း၌သာ လဲလျောင်းနေတတ်ပါ၏။ ဂျက်စမင်နှင့် ခန့်ညားတို့ က အတင်းခေါ်မှ ခြံထဲသို့ ဆင်းလျှောက်တတ်သည်။

သူ့ကျန်းမာရေးအတွက် တစ်နေ့လျှင် တစ်ခါတော့ ခြံတစ်ပတ်လျှောက်ရန် ဇွတ်ခေါ်ရပါ၏။ ဖြူနွဲ့ကို ညှာတာသော အားဖြင့် ဂျက်စမင်ရော ခန့်ညားပါ မည်သည့်နေရာမျှ မသွားဖြစ် ခဲ့ကြပါ။

"နင်တို့လည်း ငါ့နားမှာ လူနာစောင့်တွေလို လုပ်နေရတာ နဲ့ ဘယ်မှ မရောက်ဖြစ်ဘူး၊ ငါ့သူငယ်ချင်းတွေကို ငါ ကျေးဇူးလည်း အရမ်းတင်၊ အားလည်း သိပ်နာတာပဲ"

ဒီပါချမ်းမြသို့ ရောက်ခဲ့ကြသည်မှာ တစ်ပတ်တိတိ ရှိပါပြီ။ သည်တစ်ပတ်အတွင်းမှာ ဦးအောင်သွေးနောင်နှင့် တစ် ရက်ပဲ ဆုံရသည်။ ရဲသွေးနောင်က အိမ်မှာနေ့တိုင်းရှိနေ၏။ နံနက်ခင်းအစာ၊ နေ့လယ်စာ၊ ညနေစာများကို အဖွယ်ရာဆုံး စီမံကျွေးမွေးပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဝတ်ကျေတန်းကျေ မဟုတ်ပါပဲ၊ စေတနာအပြည့်အဝဖြင့် ဧည့်ခံနေကြောင်း သိသာထင်ရှားသည်။ ဤအိမ်တွင် စီမံခန့်ခွဲသူ အမျိုးသမီးလူကြီးပိုင်းထဲမှ မရှိပါ။ အိမ်ဖော်မိန်းကလေးများသာ ရှိပါသည်။ ခိုင်းမှ လုပ်တတ်သည့်သူများဖြစ်၍ ဟင်းမျိုးစပ်ရာတွင်တောင် ရဲသွေးနောင် ပါဝင်သည်။

ကော်ဖီဝိုင်းတွင် ရဲသွေးနောင်နှင့် ခန့်ညားတို့ အုပ်စု လေးယောက်သား ဆုံမိကြခိုက် ...

"ကျွန်တော်လည်း ရှင်မင်းထွန်းတို့အုပ်စု ကြိုက်တတ်မယ်ထင်တာလေးတွေ ကောင်းနိုးရာရာ ကြည့်ပြီး စီမံရတာပဲ အဆင်ပြေရဲ့လား မသိဘူး"

"ပြေပါတယ် ကိုနောင်၊ ကျေးဇူးတင်ပါတယ်၊ တကယ်ပါ"

ဤသို့ ချောမွေ့စွာ ပြောသူက ဂျက်စမင်ပါ။ ဖြူနွဲ့က ကျောက်ရုပ်နီးပါး ငြိမ်နေတတ်ကာ၊ ခန့်ညားကျတော့ ရဲသွေးနောင်နှင့် စကားပြောဖြစ်တိုင်း စိတ်တိုဒေါသထွက် ဖြစ်သည်ချည်းပင်။

"စားချင်တာရှိရင်လည်း ပြောပါ၊ အားမနာပါနဲ့"

"ရပါတယ်၊ အခု စားနေရတာတွေကလည်း အလျှံပယ်ပါ"

"ကိုယ်တိုင် ဈေးထွက်ဝယ်ချင်ရင်လည်း ရတယ်နော် ဒီမှာ ငါးရက်တစ်ဈေးဆိုတော့ ဈေးနေ့ကျရင် စုံတတ်ပါတယ်"

ထိုအခိုက် အိမ်ဖော်မလေး နန်းအိက စာအိတ်အညိုရောင် ခပ်ရှည်ရှည်တစ်လုံးကိုင်၍ ဝင်လာသည်။

"ကိုနောင့် အတွက်တဲ့"



"အေး အေး ... ထားခဲ့"

ရဲသွေးနောင် လှမ်းယူကြည့်သည်။ ပြီးတော့ ဖြူနွဲ့ထံသို့ လှမ်းပေးသည်။

"ခင်ဗျားတို့ အန်ကယ်ဆီက"

"အန်ကယ်က ဘယ်မှာသွားနေတာလဲ ကိုနောင်"

ဖြူနွဲ့က အိတ်ညိုရှည်ကို လှမ်းယူသည်။ ဂျက်စမင်က မေးခွန်းထုတ်၏။

"မြို့ထဲမှာ အိမ်တစ်လုံး ရှိသေးတယ်။ လိမ္မော်ရော၊ သစ်တော်ရော အဲဒါတွေက နှစ်ကြီးပင်တွေ ဆိုပါတော့၊ ရာသီအလိုက် စိုက်တဲ့၊ အာလူးတို့ ပန်းနှမ်းတို့လည်း ရှိသေးတယ်။ စောင့်ကြည့်မဲ့သူ မရှိရင် အလေအလွင့် များတယ်"

"ကိုနောင်ကရော ဘာတာဝန်မှ မယူရဘူးလား" ဟု ဂျက်စမင် မေးချင်ပုံရပါ၏။ ဟုတ်သည်လေ၊ သူက တစ်နေ့တစ်နေ့ အိမ်မှာချည်း။

"စာလည်းပါတယ် ရှင်မင်းထွန်း၊ ဖတ်ကြည့်ဦးလေ"

ပေးလျှင် ယူထားလိုက်သည့် ဖြူနွဲ့ပါပေ။ သူ့စိတ်ကူးက အခန်းပြင်ရောက်ကြမှ ခန့်ညား လက်သို့ အပ်လိုက်မည်။ ရှင်မင်းထွန်းသို့ပေးသည့် စာအိတ်ဆိုတော့ သူနှင့်မဆိုင်ပါ။ ဆိုင်သူက ခန့်ညား မဟုတ်လား။

ဖတ်ကြည့် ဆိုနေမှတော့ ဖတ်ရပါ၏။ ရဲသွေးနောင်ရှေ့တင်မို့ ခန့်ညား ထံသို့ လှမ်းပေးလျှင် ကောင်းသည်မထင်။ စာရွက်ကို ဆွဲထုတ်လိုက်တော့ ရာတန်များချည်း အထပ်လိုက်ပါလာသည်ကို တွေ့ရ၏။

www.burmeseclassic.com



ရှင်မင်းထွန်း

ခြံထဲမှာ အလုပ်များနေလို့ အန်ကယ်လည်း ဒီပါချမ်းမြေကို မရောက်နိုင်ဘူး၊ ဈေးသွားချင်သွား၊ ဝယ်ချင်တာ ဝယ်နိုင်အောင် အသေးသုံးအဖြစ် ငွေသုံးထောင် ပေးလိုက်ပါတယ်။

ရှင်မင်းထွန်း ရောက်လာပြီ ဆိုကတည်းက ရွှေနေရွှေ ရပ်တွေနဲ့ စာချုပ်စာတမ်းတွေ ပြဖို့ရှိပါတယ်၊ အန်ကယ့်ဘက်က ဝတ္တရားမကျေသလို ဖြစ်နေရတာ ခွင့်လွှတ်ပါ။ အန်ကယ်လည်း ခြံထဲမှာ အလုပ်လုပ်၊ ဒေါ်မြလေးနွယ်ရဲ့ ရှေ့နေကြီး ဦးမိုင်းလုံထူးလည်း အမှုကိစ္စတစ်ခုနဲ့ မန္တလေးထိ ဆင်းနေရတာ၊ ခုထိ ပြန်မရောက်သေးတာရယ်၊ ရှင်မင်းထွန်းကို ပြသစရာတွေ နှောင့်နှေးကြန့်ကြာနေရပါတယ်။

ဦးမိုင်းလုံထူး ပြန်ရောက်ရောက်ချင်း လာခဲ့ပါမယ်။

အောင်သွေးနောင်

"ဘာတဲ့လဲ"

"ပိုက်ဆံသုံးထောင် ပေးလိုက်တယ်တဲ့ ကိုနောင်"

သူ့ကို တိုက်ရိုက်မေးမှ ဖြူနွဲ့ ဖြေဖော်ရ၏။

"ဘာလုပ်ဖို့တဲ့လဲ"

ခန့်ညားက မျက်ခုံးနှစ်ခုကို အတွန့်ချိုး၍ မေး၏။ ဖြူနွဲ့က စာကို ခန့်ညားထံ လှမ်းပေးသည်။ ဂျက်စမင်ပါ ခေါင်းချင်းပူး၍ ဝင်ဖတ်သည်။

ဖြူနွဲ့က ခံစားချက်ကင်းသည့် မျက်နှာနှင့်။ ဂျက်စမင်နှင့် ခန့်ညားတို့ကျတော့ အတွေးနက်သည့်ပုံစံ။ အမွေကိစ္စ၊ သူတို့ပြောသမျှသာ ကြားနေရသည်။ ပေးသင့်သည်များကို ထိမ်ချန်ကာ မုန့်ဖိုးပဲဖိုးလောက်နှင့် ကိစ္စပြီးစေမလို့လား။



ဦးအောင်သွေးနောင်ကို မည်သည့် အတိုင်းအတာထိ ယုံကြည်ရမည်နည်း။ ရဲသွေးနောင်ကိုကော ...

ရဲသွေးနောင်က ကော်ဖီကိုပဲ ငုံ့သောက်နေသည်။ ဂျက်စမင်နှင့် ခန့်ညားတို့ မျက်လုံးချင်း စကားပြောကြသည်ကို မသိချင်ယောင် ဆောင်နေ၏။

"ကျွန်တော်လည်း ခြံထဲမရောက်တာ ကြာပြီ၊ ဒီနေ့သွားမလို့၊ လိုက်ကြဦးမလား"

ဂျက်စမင်က ခန့်ညားကို မျက်စပစ်ပြသည်။

"ဘာနဲ့သွားမှာလဲ"

"ခင်ဗျားတို့ လိုက်ရင်တော့ ကားနဲ့သွားရမှာပေါ့၊ ကားမပေါက်တော့တဲ့နေရာကနေ ဆင်းလျှောက်"

"လိုက်မလား"

ခန့်ညားက ဖြူနွဲ့ကို လှမ်းမေးတော့ ဖြူနွဲ့ ခေါင်းခါပြ၏။

"နင်ကလည်း ... သူ ဒီလောက်ဖေးဖေး ကားမှမစီးသင့်တာပဲ"

"နင်ရော"

"ငါ သူနဲ့နေခဲ့မယ်၊ နင် လိုက်သွားပါလား ခန့်ညား"

"ငါတစ်ယောက်တည်းတော့ ပျင်းတာပေါ့ဟ"

"လိုက်ခဲ့ပါလား ခန့်ညား။ ဗဟုသုတဖြစ်တာပေါ့၊ ရှင်မင်းထွန်းက ပျော့နွဲ့နွဲ့နဲ့၊ ဒီခြံတွေ သူလွှဲယူရရင် ခင်ဗျားလို သူငယ်ချင်းတစ်ယောက်ကို အားမကိုးလို့ ရမလား"

www.burmeseclassic.com

www.burmeseclassic.com



"သူ ရကော ရနိုင်လို့လား"

"ရနိုင်တဲ့အထိ ကျွန်တော် ဆောင်ရွက်မှာပါ"

"လိုက်သွားပါ ခန့်ညား၊ နင်က ပင်ပန်းခံနိုင်တယ်၊ ငါ သူ့ကို တစ်ယောက်တည်း မထားချင်လို့သာ နေခဲ့ရမှာ"

"ထားခဲ့လေ ရပါတယ်၊ ဘာဖြစ်တာမှတ်လို့"

ဖြူနွဲ့က ဝင်ပြော၏။

"ဘာမှတော့ မဖြစ်ဘူး၊ ဒါပေမဲ့ နင့်ကို တစ်ယောက်တည်းသာ ထားရက်ရင် ငါတို့ ဒီအထိတောင် ပါမလာပါဘူး"

ဂျက်ကီမှုမှင်က ခပ်မာန်မာန်လေး ပြောတော့ ဖြူနွဲ့ ငြိမ်ကျသွားပြန်၏။

"နင် လိုက်သွားလေ၊ ငါ သူနဲ့နေမယ်"

"အမယ်လေးဟဲ့ ... ခန့်ညား၊ နင်က ပေါက်ပေါက်ရောက်ရောက် ထက်ထက်မြက်မြက်သာ ရှိတာ၊ နေထိုင်မကောင်းရင် ဘာလုပ်တတ်လို့လဲ၊ နင့်လိုလူမျိုးက ခြံထဲမှာ အသုံးတည့်ချင်တည့်မယ်၊ အိမ်မှာတို့ လူနာနားမှာတို့များဆို လူပို"

"ကောင်းပြီ၊ ကျွန်တော် လိုက်မယ်"

"မြင်းနဲ့ တွောက်လျှောက်သွားမလား"

"ခင်ဗျား ခွတိုက်မေးပြန်ပြီ၊ တစ်ခါမှ မစီးဖူးတာ ဖြစ်မလားဗျ၊ စီးစေချင်ရင် အရင်သင်ပေးဦး"

"နှစ်ယောက်တစ်ကောင်စီးလို့ ရပါတယ်"

"ဘာလုပ်မလဲ၊ သူများအားကိုးနဲ့"



"ကားနဲ့ပဲ သွားကြတာပေါ့၊ ခြံထဲရောက်မှ မြင်းစီးသင်ပေးမယ်၊ အဲဒီမှာလည်း မြင်းတွေရှိတယ်"

"သင်မယ်၊ ပြောထားပါပေရဲ့ ဆရာတော့ သိပ်မလုပ်နဲ့"

"ဟောဗျာ ... ခုမှပဲ တပည့်ကောင်း ရတော့တယ်"

ရဲသွေးနောင်က သဘောကျစွာ ရယ်လေ၏။

✿ ✿ ✿

"ခန့်ညား မောင်းမလား"

"ခုကတည်းက အထာပြပြီ"

"ဟ ... ဘာလုပ်မိလို့လဲ"

"ကားပိုင်ရှိတဲ့ လူတန်းစား မဟုတ်မှန်း ခင်ဗျား မသိဘူးလား၊ ဘယ်ကလာ မောင်းတတ်မှာလဲ"

"သင်မလား"

"ကားမောင်းတာတော့ ရန်ကုန်မှာသင်လည်း ဖြစ်တာပဲ"

"မြင်းကျတော့ကော ရန်ကုန်မှာသင်လို့ မရဘူးလား"

"ရတဲ့နေရာတွေ ရှိပေမဲ့ စရိတ်မတတ်နိုင်ဘူးဗျ၊ ကားမောင်းသင်တာက သုံးရာလောက်နဲ့ ပြီးတယ်"

"ကြိုက်တယ်ဗျာ ခန့်ညား၊ ခင်ဗျားစကားပြောလိုက်ရင် ဘွင်းဘွင်းကြီး"

"ဒီလိုပဲ ပြောတတ်တယ်"

www.burmeseclassic.com



"သိပ်ကောင်းတဲ့ အကျင့်ပဲ"

"မြှောက်မနေနဲ့၊ ကျွန်တော်က အမြှောက်ကြိုက်တာ မဟုတ်ဘူး"

"ဟောဗျား ... တစ်ခါတလေများ ကျွန်တော့်ကို အကောင်းထင်စမ်းပါဗျာ"

ခန့်ညား ပြန်မပြောပဲ မြဲနေလိုက်တော့သည်။ လမ်းဘေးတစ်လျှောက် မမြင်ဖူးသည့် မြင်ကွင်းဆန်းများမို့ ငေးကြည့်ကာ လိုက်ပါလာသည်။ ကောင်ဆယ်ကားပြာကြီးကို ရဲသွေးနောင်က မောင်းကာ ခန့်ညားက ဘေးမှထိုင်လိုက်လာခြင်းဖြစ်၏။

ရဲသွေးနောင် စကားတွေ အများကြီး ပြောနေပါသေး၏။ ဒီဥစ္စာ ဘာညာစသည်ဖြင့် ခရီးစဉ်တစ်လျှောက် သရုပ်ဖော်ပြသွား၏။ သို့ပေမဲ့ ခန့်ညား နားထဲသို့ မဝင်ပါ။

ခန့်ညားသည် ပုထုဇဉ် ...

ကောင်ဆယ်ကားပြာကြီး မောင်းနေသည့် ရဲသွေးနောင်၏ နေရာတွင် အစားဝင်လိုစိတ် ဖြစ်လာရပါ၏။ ငါ့အဘွား ပစ္စည်းတွေဟူသည့် အတွေးက ဘယ်ချောင်ကြိုချောင်ကြားက ပေါ်လာမှန်း မသိ။ အမွေကို မမက်ပါဘူး၊ မယူချင်ပါဘူး ပြော ခဲ့စဉ်က သူ့စိတ်ရင်း အမှန်နှင့်ပါ။

စည်းစိမ်ဥစ္စာပဲ မည်သူမတပ်မက်ပဲ နေမည်နည်း။ ငွေဆိုသည်ကလည်း လူသားတို့ သည်းခြေကြိုက် ဓာတ်စာပင်။ သို့ပေမဲ့ သည်စည်းစိမ်ဥစ္စာ ရွှေငွေများကို ရယူခံစားဖို့အတွက် "လွတ်လပ်မှု"တစ်ခုနှင့် လဲရမည်ဆိုလျှင် ခန့်ညား မလဲနိုင်။



မရချင်နေပစေတော့။ သူတို့စိတ်တိုင်းကျဲ ဖန်တီးရမည့် အိမ်ထောင်ရေး အချုပ်အချယ်တွင်းမှာဖြင့် သည်စည်းစိမ်ကို မခံစားလိုပါ။ ကိုယ့်လုပ်အားလည်း ဆယ်ပြားဖိုးမပါပဲနဲ့ဟူ၍ လောဘဇော်သမျှ ဖြတ်ချထားနိုင်ခဲ့၏။

ခုတော့ ... ပုထုဇဉ်ပီပီ စိတ်ကူးထဲတွင် ခံစားကြည့်လိုက်မိ၏။ ဖြူနွဲ့ ကိစ္စကြောင့် ခေတ္တလာရောက်ခိုလှုံမိရာမှ အစားအသောက် အနေအထိုင်၊ အသုံးအဆောင် အကောင်းစားများချည်းကို အလျှံပယ်စွာ နေ့စဉ်တွေ့မြင်လာရတော့ ...

"ရှုပ်တယ်၊ ဦးအောင်သွေးနောင်ကြီးကိုယူမှ ရမယ်ဆိုလည်း မယူတော့ပါဘူးဟယ်၊ ယောကျ်ားဆို ဘယ်ယောကျ်ားမှ မယူချင်ရတဲ့အထဲ"

ကိုယ့်အတွေးနှင့်ကိုယ် ခန့်ညား ခေါင်းယမ်းမိ၏။ တပ်မက်မှုကလေးများ အရိပ်အရောင် ပြလာသည့်အတွက် ကိုယ့်ကိုယ်ကိုယ် ဆုံးမရ၏။

"ကိုနောင် ရမှာပဲလေ၊ သူကလည်း သူစိမ်းမှ မဟုတ်တာ၊ သွေးမျိုးမဲ့တဲ့ ဘကြီးမှာ မောင်နှမမှ နှစ်ဝမ်းတည်း ကွဲသေးတာပဲ"

'မောင်နှမ'ဟူ၍ တွေးမိတော့ ရင်ထဲမှာ အမျိုးအမည်ဖော်ပြတတ်သည့် ဝေဒနာတစ်မျိုးကို ခံစားရသည်။ "ညီအစ်ကို"ဟူ အဘယ်ကြောင့် မတွေးမိပါသနည်း။ နေရင်းထိုင်ရင်း ရှက်သလိုလို အလိုမကျသည့် ဝေဒနာပါ ရောပြွမ်းခံစားမိလေ၏။

"လိမ္မော်ခြံက သီးစပြုပြီ။ တချို့လည်း မှည့်နေပြီ၊ ခါရံစံစမတ်အမီ ရန်ကုန်ကို ပို့နိုင်ရင် ပိုက်ဆံသိပ်ရတာ"

www.burmeseclassic.com



ရဲသွေးနောင် ပြောသမျှ မကြားတစ်ချက် ကြားတစ်ချက်နှင့် ခေါင်းကိုသာ တွင်တွင်ညိတ်ရင်း တစ်ယောက်တည်း အလိုမကျ၊ မကျေနပ်နိုင်သည့် ဝေဒနာတို့ ဖိစီးနေရ၏။

"လိမ္မော်ခြံကို အရင်သွားမယ်၊ သစ်တော်တွေက မဆွတ်ရသေးဘူး"

မည်သည့်တာဝန်မျှ မရှိပဲ သည်မှာ အလကားကြီး နေရသည်နှင့်စာတော့ ဗိုလ်ချုပ်ဈေးမှာ ဆိုင်ထွက်ရသည်ကို မျော်၏။ အကူဈေးသည်ဘဝ ဝင်ငွေဖြင့် ခြိုးခြံသုံးစွဲရသည်နှင့် စာပြန်တော့ ရဲသွေးနောင်၏ လက်ရှိအခြေအနေမျိုးကို ရယူချင်မိ၏။

ယောကျ်ားမယူပဲကော ဒီစည်းစိမ်ကို မခံစားသင့်ဘူးလား၊ အတွေးများက သပွတ်အူနှယ် ယောက်ယက်ခတ်ကြသည်။

ကိုယ့်ပစ္စည်း ကိုယ့်ရှာစာမှ မဟုတ်ပဲ၊ ရှာဖွေစုဆောင်းခဲ့သူ ဥစ္စာရှင်က သူပေးချင်သည့်သူကို ပေးခဲ့ခြင်းသည် တရား၏။ ရယူခံစားမည့်သူ အပေါ်မှာ သူ ချမှတ်ချင်သည့် စည်းမျဉ်းများကို ချမှတ်နိုင်သည်ပဲလေ။

"အိမ်ထောင်ရေးနဲ့ ပတ်သက်ပြီး စည်းကမ်းချခဲ့တာဟာ မေမေ့တုန်းက မကျေနပ်ခဲ့သမျှ မြေးလက်ထက်မှာ သက်သက်အကျပ်ကိုင်တာ"

ရင်ထဲမှ အတွေးလှိုင်းလုံးများ ကြီးထွားသည်ရှိ အသံထွက်မလာသည့်တိုင် နှုတ်ခမ်းလေး တလှုပ်လှုပ် တဲ့ဖြစ်လာသည်အထိ အတွေးနက်ရပါ၏။

"ဟော့ ... တစ်ယောက်တည်း ဘာတွေပြောနေတာလဲ"



သူ့ပခုံးကို ဖျတ်ခနဲ ပုတ်ခြင်းခံရတော့မှ တွန့်ခနဲဖြစ်သွားရ၏။ ကြည့်စမ်း ... 'ဒါ ... သက်သက် စော်ကားတာ'။

"ဘာလုပ်တာလဲ"

"ဘာတွေ ပြောနေတာလဲ"

"ပခုံးကို လာပုတ်တာကို မေးတာ"

"ဟာကွာ ... တရင်းတနှီး ပုတ်လိုက်မိတာပါ"

"တော်ရုံရင်းနှီးရင် ကောင်းတယ်"

"ဆောရီးကွာ ... ဆောရီး"

ရဲသွေးနောင် ပခုံးတွန့်၍ ပြုံးပြ၏။ ညီအစ်ကိုချင်းအဲ ... မောင်နှမချင်းပဲ ထားပါ၊ ပခုံးပုတ်ရုံနှင့် ငါအဘယ်ကြောင့် ဆတ်ဆတ်ထိမခံ ဖြစ်မိပါသနည်း။ ခန့်ညား မျက်နှာ ရှုပုပ်နေတော့သည်။

"ရောက်ပြီကွ၊ ဒီနေရာကနေစပြီး ကုန်းကြောင်းလျှောက်ရမယ်၊ မြင်းနဲ့သွားမလား"

"ခြေထောက်ပါတယ်"

"သြော် ... သြော်"

လိမ္မော်ခင်းတွေက တစ်မျှော်တစ်ခေါ်ကြီးပါ။ မျက်စိတဆုံး လှမ်းမြင်နေရသည်။ အပင်ကြို အပင်ကြားက ဝင်လျှောက်မှ ခြံတဆုံးသို့ ရောက်နိုင်မည်။ ထို့ကြောင့် မြင်းနှင့်သွားမလား မေးခြင်းဖြစ်မည်။

ကားရပ်ရာနေရာမှ ယာဘက်တစ်လျှောက် လိမ္မော်ဝင်များ၊ ဝဲဘက်မှာတော့ နေကြာမန်းခင်းကြီး။

"နန်းထွေးရေ"

www.burmeseclassic.com

www.burmeseclassic.com



လူသူမနီး တောကြီးမျက်မည်းထဲမှာ အောင်ခေါ်နေရသလား၊ ခန့်ညားက ရဲသွေးနောင်ကို အူကြောင်ကြောင် လှည့်ကြည့်မိ၏။

"နန်းထွေး"

"ဘယ်မှာ လူရှိလို့လဲ"

"နေကြာခင်း အနောက်မှာ"

"ဟုတ်သားပဲ"

အိမ်ကလေးတစ်လုံး။

"လာပြီ ကိုနောင်"

ဆယ့်လေးငါးနှစ်အရွယ် မိန်းကလေးတစ်ယောက် အပြေးထွက်လာ၏။

"ကားသံကြားပါတယ်လို့ ထင်လိုက်သား"

"အေး ... ကားထားခဲ့မယ်"

"ဟုတ်ကဲ့"

"သူက နန်းအိ ညီမလေး၊ ဟော့ ... နန်းထွေး။ ဒါရန်ကုန်က ဧည့်သည်"

"အစ်မ ရှင်မင်းထွန်းလား ကိုနောင်၊ တအားလှတယ်နော်"

နန်းထွေးက ခန့်ညားကို ခြေဆုံးခေါင်းဆုံး အစုံအဆန် ကြည့်လေရာ သူ့ခေါင်းကလေးပါ ငုံ့ချည်မော့ချည်ဖြစ်နေ၏။

"မဟုတ်ဖူးဟ၊ ဒါ ... ငါ့ဧည့်သည်"



"အစ်မရှင်မင်းထွန်းက သူ့ထက် ပိုလှလား"

"ပြောတတ်ဘူး"

"ကိုနောင် အားကြီးဆိုးတာပဲ၊ ဒီအစ်မလောက် ဘယ်သူမှ မလှဘူးထင်တယ် အစ်ကို၊ ဘိုမလေးလိုပဲ"

ခန့်ညား အသားတွေတဆတ်ဆတ် တုန်သည်အထိ ဒေါသထွက်မိ၏။ သူ့ကို မိန်းမသားအဖြစ် ပွင့်လင်းရဲတင်းစွာ ဆက်ဆံရဲသူ တစ်ဦးမျှမရှိသေးဘူး မဟုတ်လား။ သို့ပေမဲ့ သည်မိန်းကလေးက ကလေးသာသာ၊ ရင်ထဲရှိသမျှ တော်၏မတော်၏ မစဉ်းစားပဲ ပြောချပြန်တုံ၏။ ငယ်ပေါင်းကြီးဖော်လည်းမဟုတ်၊ အတွေးအခေါ် ဗဟုသုတ ဆင်ခြင်နိုင်းဆမှုတို့လည်း ပြည့်ဝဟန်မတူ။

ရှိစေတော့ ... သည်ကလေးနှင့် ပြိုင်ပြောနေလျှင် ကိုယ်အလွန် ဖြစ်ဦးမည်။

"သွားစို့"

ရဲသွေးနောင်က အလိုက်သိရှာ၏။

"ဘိုမလေးလိုပဲ၊ ဘောင်းဘီဝတ်တာ အရမ်းလှတယ်နော့၊ ခေါ်ပုတ်စားဖို့ ယူသွားပါဦးလား"

"တော်ပြီဟာ"

ရဲသွေးနောင်က လက်ဝါးကာပြခဲ့သည်။ ခန့်ညားက တစ်ခွန်းမျှ ပြန်မပြောခဲ့ပါ။ ခွင့်လွှတ်ခြင်းနှင့် ဒေါသတို့ သူ့ရင်ထဲမှာ အပြိုင်ကြဲနေသည်။ လမ်းတစ်လျှောက် ခန့်ညား မျက်နှာ မှိုင်းမှုန်နေသည်ကို တစ်မိနစ်လျှင် တစ်ကြိမ်ခန့် စိုက်စိုက်ကြည့်တတ်သည့် ရဲသွေးနောင် သတိထားမိ၏။

www.burmeseclassic.com



ရဲသွေးနောင် မျက်နှာမှာ အပျော်တစ်ခုဖြင့် ပြုံးနေသည်။ အသားဖြူသူမို့ အအေးဒဏ်ကြားမှာ ပါးတွေ နှုတ်ခမ်းတွေအပေါ်တွင် ပန်းနုသွေး ဖြတ်ပြေးနေသည်။ ရင်ထဲမှာတော့ ကော ...။

* * *



ကိုယ့်ရင်ထဲမှာ ဘယ်သူလဲ

ကိုယ်စီကိုယ်ငှ အလုပ်လုပ်နေကြသူများကို တွေ့ရ၏။ အလုပ်မရှိလျှင် မနေတတ်၊ ဗီဇကိုက အငြိမ်မနေတတ်သူမို့ လက်ရှိအခြေအနေမှာ ခန့်ညား ပျင်းမိ၏။ သူလည်း တစ်တပ်တစ်အား ဝင်လုပ်ချင်သည်။ တစ်ခြံလုံး တွေ့သမျှလူတွေထံမှ "ကိုနောင် ... ကိုနောင်"အသံကို မိုးမွှန်အောင် ကြားရ၏။

"အင်း ... ဒီစည်းစိမ်[illegible] သူ တပ်မက်မှာပဲလေ"

ကိုယ်ရထားသည့် အခွင့်အရေးတစ်ခု၊ ပြီးတော့ သည်အခွင့်အရေးကလည်း နည်းနည်းနောနောကြီးမဟုတ်၊ အဘယ်သူသည် အခြားသူထံ ဝကွက်၍ အပ်ချင်ပါမည်နည်း။

ဒေါ်မြလေးနွယ် အချုပ်အကိုင်နှင့် စည်းကမ်းကန့်လန့်နားတွေ ချထားခဲ့သည် ဆိုခြင်းမှာ ဟုတ်မှဟုတ်ပါ့မလား။ ထွင်လုံးတွေ မဖြစ်နိုင်ဘူးလား။ ဒီလိုမပေးချင်လျှင်လည်း ရှင်ခင်းထွန်း ဆိုသည့် လူတစ်ယောက်ကို တကူးတက လိုက်ရှာလှမ်းခေါ်နေစရာ မလို၊ မြို့နေလိုက်လျှင် အပြီးသား။

www.burmeseclassic.com



"ခင်ဗျားကို ဘယ်လိုနားလည်ရမလဲ ကိုနောင်"

ဦးအောင်သွေးနောင် ခေါင်းဆောင်သလိုလိုပေမဲ့ ရဲသွေးနောင် အခရာမှန်း အသိသာကြီး။

"ဦးစိုင်းလုံထူး ဆိုတဲ့သူက တရားနည်းလမ်းအတိုင်း ဖြစ်စေချင်ပြီး တိုက်တွန်းလို့သာ ငါ့ကိုလှမ်းမှာတာများ လား"

ဦးစိုင်းလုံထူးနှင့် မတွေ့ရသေး။ သည့်နာမည်ကို လည်း မနက်က ကော်ဖီဝိုင်းတွင်မှ ကြားရ၏။ တစ်ပတ်အတွင်း မည်သူမျှ ထည့်သွင်းသုံးနှုန်းခြင်း မရှိ။ ဦးစိုင်းလုံထူးနှင့် တွေ့ချင် မိလာ၏။

"ဘာဖြစ်လို့ ဒီအတွေးတွေ ဝင်လာရသလဲ"

အမွှေအနှစ်များ အပေါ် တပ်မက်စိတ် ဝင်လေ သလားဟု ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်မိ၏။ မေမေရှိစဉ်ကဆို လျှင် ...

"သမီးဘွားဘွားက မေမေ့ကို အမွေပြတ် စွန့်လွှတ်တာ၊ မေမေ နည်းနည်းလေးမှ မကျေမနပ် မခံစားရဘူး၊ စွန့် လွှတ်သင့်လောက်အောင် မေမေက မိုက်ခဲ့တာ"

သည်သို့ ပြောခဲ့သည်မို့ သည်အမွှေအနှစ်များသည် မိမိနှင့်မဆိုင်ဟုလည်း တွက်နိုင်၏။

"သူ့ရှာစာ၊ သူ့ပစ္စည်း သူပေးချင်တဲ့သူ ပေးပစေတော့၊ ဖြူနွဲ့ မွေးမွှားပြီးရင် တို့ပြန်မယ်"

ဤသို့ တွေးမိတော့ ရင်ထဲတွင် ငြိမ်းချမ်းခြင်း ဖြစ် ရ၏။ ပင်ကိုယ်ကပင် မတော်မတရား လောဘထွက်တတ်သူ



မဟုတ်ပါ။ သို့ပေမင့် ပုထုဇဉ်မို့ တစ်ခါတစ်ရံတော့လည်း စိတ် တစ်မျိုး ပြောင်းမိသည်ပေါ့။

"အေးလေ ... ဖြစ်ချင်ရာဖြစ်၊ ရချင်ရ မရချင်နေ၊ ဘယ်သူ နဲ့မှလဲ တွေ့မနေချင်တော့ပါဘူး။ ဂျက်စမင် ပြောနေကျ စကားလို ဘုရားသခင် အလိုတော်အတိုင်းပဲ"

ရဲသွေးနောင်၏ ယောက်ျားကြီး ခြေလှမ်းကြီးများ ကို မခံချင်စိတ်ဖြင့် မီအောင်လျှောက်ရသောကြောင့် ခန့်ညား အပြေးတစ်ပိုင်း ဖြစ်နေရသည်။ ရဲသွေးနောင်က သတိထားမိပုံ မပေါ်ပါ။ စကားတပြောပြောနှင့် လျှောက်မြဲလျှောက်၏။ လီမွှော် ခြံအကြောင်း ရှင်းပြနေခြင်း ဖြစ်ကောင်းဖြစ်မည်။

ခန့်ညား နားထဲ မဝင်တစ်ချက် ဝင်တစ်ချက်ပါပဲ။

တစ်နာရီခန့် အပင်ကြို အပင်ကြား လီမွှော်သီးခူး ဆွတ်သူများအကြား ကွေ့ပတ်လျှောက်ပြီးမှ အိမ်တစ်လုံးသို့ ရောက်၏။

"ဒီမှာလည်း အိမ်တစ်လုံးပါလား"

"ကျွန်တော်နေတာ"

ရဲသွေးနောင်ကို ဖျတ်ခနဲ လှည့်ကြည့်မိ၏။

"ဟိုအိမ်ကြီးမှာ မနေဘူးလား"

"အမွှေခံ သခင်မက ကြွမလာတော့ တစ်ခါတစ်ရံတော့ သွားကြည့်ရတာပေါ့ဗျာ"

"ခင်ဗျားက ဒီအိမ်လေးမှာ တစ်ယောက်တည်းလား"

"သက်မွှကြင်သူ ဇနီးမယားကိုမှ အဖော်လို့တွက်ရင်တော့ တစ်ယောက်တည်းပဲ၊ တပည့်လက်သားတော့ ရှိတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား လူပျိုဖြစ်ကြောင်း ကြော်ငြာတာပေါ့လေ"

"ဒီလောက်ကြော်ငြာတာတောင် စွံမှ မစွံသေးတာ"

"ခင်ဗျား ကျောင်းတုန်းက အတွဲလေးဘာလေး မရှာခဲ့ဘူးလား"

"မန္တလေးတက္ကသိုလ်မှာ မိန်းကလေးဆောင် သွားမလည်ဖူးဘဲ အင်မတန် ရိုးသား အေးဆေးသော ယောကျ်ားလေးဆိုလို့ ကျွန်တော့် တစ်ယောက်တည်းပဲ ရှိမယ်"

"ကြွားပြန်ပြီ ... လူမြင်တာနဲ့ ဘွဲ့ရပြီးသားလို့ အကဲခတ်မိပါတယ်"

"ဘွဲ့မရသေးဘူးဗျ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ပဋ္ဌင်းမတက်ဖြစ်သေးလို့"

ရဲသွေးနောင် ရယ်နေသည်။

သည်လူ အရယ်အပြုံးနှင့် ချိုသာသော မျက်နှာထားတော့ တော်တော် မုံးပေါလအော ထားနိုင်သူပဲ။

"ဒါ အသက်နှစ်ဆယ် မပြည့်သေးဘူးလို့ ဆိုလိုချင်တာလား"

"ကျော်ပါပြီဗျာ၊ နှစ်ဆယ့်ခြောက်နှစ်တောင် ရှိပြီ။ ကျောင်းပြီးတော့ နှစ်ဆယ့်နှစ်နှစ်မှာ"

"ခင်ဗျား ကျွန်တော့်ထက် အများကြီး ပိုကြီးတာပဲ"

မိမိထက် ခုနစ်နှစ်နီးပါးကြီးသည့် လူတစ်ယောက်ကို "ခင်ဗျား"နှင့် ပြောရသည်ကို အားနာသလိုလို ဖြစ်မိလေ၏။

"ခန့်ညား အသက်အလွန်ဆုံးရှိမှ ဆယ့်ရှစ်ပေါ့"



"ပြည့်ခဲ့ပြီ၊ ဆယ့်ကိုးထဲမှာ"

"သိပ်ငယ်တာပဲ"

"ငယ် ... ဘာဖြစ်လဲ"

"လူဆိုတာ ငယ်လေ အပြစ်ကင်းလေပဲ၊ အသက်ကြီးလေ အပြစ်တွေ များလာလေ။ အပြစ်ဆိုတာလည်း လုပ်မိကြတာပဲလေ"

"ခင်ဗျားမှာ အပြစ်တွေ တော်တော်များနေပလား"

"ခန့်ညား ထက်တော့ ပိုမှာပေါ့"

"အန်ကယ် ဦးအောင်သွေးနောင်လောက်တော့ မများသေးဘူး ထင်တယ်"

ရဲသွေးနောင်ထံမှ အဖြေထွက်မလာပါ။ အိမ်ကလေးပေါ်သို့ တက်ကြလေ၏။

အမျိုးသား အမျိုးသမီး လေးငါးဦးခန့် သူတို့နောက်မှာ ပါလာသည်။ လိမ္မော်သီးအလုံးထွားထွားကြီးများကို ဇန်းနှင့် ထည့်ကာ ရှေ့မှာလာချပေးကြသည်။ ပြီးတော့ ရဲသွေးနောင်ကို နှုတ်ဆက်ပြောဆိုကာ အနားတွင် ဝင်ထိုင်ကြလေ၏။

"ဒါ ရန်ကုန်က ဧည့်သည်လေ"

ခန့်ညားကို ပြုံးတုံးပြုံးတဲ ဝိုင်းကြည့်ကာ ရှမ်းလို ပြောကြသောကြောင့်၊ ခန့်ညား နားမလည်ပါ။

"စားကြည့် ခန့်ညား၊ ခင်ဗျားတို့ ရန်ကုန်ဈေးထဲမှာ ဝယ်စားရတဲ့ အရသာနဲ့ ဘယ်တူပါ့မလဲ"

"သူတို့ ဘာတွေပြောနေကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားက လိမ္မော်သီးတစ်လုံးကို ကောက်ယူကာ ခွာသည်။ ရဲသွေးနောင် ပြုံးစိစိလုပ်နေသည်။

"သူတို့ ဘာတွေပြောနေကြတာလဲဗျ၊ ကျွန်တော့် အကြောင်းပဲ ဖြစ်ရမယ်"

"သိချင်လား"

"သိချင်လို့ မေးတာပေါ့ဗျ"

"အမှန်အတိုင်း ပြောရရင် ခင်ဗျား စိတ်ဆိုးလိမ့်မယ်၊ နားထောင်ကောင်းအောင်၊ စိတ်မဆိုးအောင် ညာပြောရမလား"

"သဘောပဲ"

ခန့်ညား စိတ်တိုတိုနှင့် လိမ္မော်ခွံကို ဗန်းထဲပစ်ထည့်၏။

"သဘောဆိုရင်တော့ အမှန်အတိုင်းပဲ ပြောမယ်၊ ခင်ဗျား သိပ်လှတာပဲတဲ့"

"ဟာဗျာ"

ခန့်ညား မျက်နှာကြီး ရဲတက်သွားရ၏။

"ရှမ်းမင်းသမီးလေးနဲ့ တူတယ်တဲ့၊ ရန်ကုန်သူတွေ ဒီလိုပဲ ဘောင်းဘီဝတ်သလားတဲ့၊ ဒီလူတွေက ရန်ကုန် မရောက်ဖူးကြဘူး၊ ရှမ်းရိုးရာဝတ်စုံလေး ဝတ်လိုက်ရင် မဟာဒေဝီ ဖြစ်မဲ့ရုပ်မျိုးလေးတဲ့"

"တော်တော့"

ခန့်ညား ရှက်လည်းရှက်၊ ဒေါသလည်းထွက်၊ ရှက်ဒေါသဖြင့် ရဲသွေးနောင်၏ ပခုံးကို လက်သီးနှင့် ဝစ်ချက် လှမ်းထိုးသည်။ ရဲသွေးနောင် ရယ်နေလေသည်။



"သူတို့ပြောတဲ့အတိုင်း ပြောရတာ၊ နောက်ပြီး ..."

"တော်တော့ဗျာ၊ မပြောနဲ့တော့"

ခန့်ညား ခေါင်းငုံ့ကျသွားရပါတော့သည်။ ဘောင်းဘီဝတ်ကာ ဘိုကေညှပ်ထားပေမဲ့၊ မိန်းမသားအလှတို့ကို လုံခြုံစွာ ဖုံးဖိထားပေမဲ့ ငါ့ကို ယောက်ျားလို့ ဘယ်သူမှ မသတ်မှတ်ပါလားဟူ၍ ကြေကွဲစွာ တွေးမိပါတော့သည်။

"ဟော ... ခင်ဗျား စိတ်ဆိုးသွားသလားတဲ့၊ တောင်းပန်ပေးပါတဲ့၊ ခင်ဗျား သိပ်လှလို့ သိပ်ချစ်သွားကြတယ်တဲ့ဗျ၊ ပြောနေပြန်ပြီ။ ဟင် ... ခန့်ညား၊ ဘာပြန်ပြောရမလဲ"

လိမ္မော်တစ်မြွာကို ပါးစပ်ထဲမှာ ခပ်ကြာကြာ ဝါးရင်း တည်ငြိမ်မှုကို အရင်ယူရပါ၏။

"ကျေးဇူးတင်ပါတယ်လို့ပဲ ပြောပေးပါ၊ စိတ်မဆိုးပါဘူးလို့၊ ဒါပေမဲ့ ဒီလိုပြောတာ ကျွန်တော် မကြိုက်ဘူးလို့"

ရဲသွေးနောင်က စကားပြန်လုပ်တော့ အားလုံးပြုံးပြုံးရွှင်ရွှင် ဖြစ်သွားကြသည်။ စောစောက တွေ့ခဲ့သည့် နန်းထွေးတို့အရွယ် ကောင်မလေးတစ်ယောက်က ခန့်ညားနားမှာ လာကပ်ထိုင်သည်။

"စိတ်မဆိုးဘူးနော့၊ မမ တအားလှတယ်"

"ဟင် ... သူတို့ မြန်မာစကား တတ်တာပဲ"

"မတတ်ပဲ နေမလားဗျ၊ ဒေါ်မြလေးနွယ်က မြန်မာပဲ၊ ရှမ်းစကားနဲ့ ပြောရတာကို ပိုပြီး အားသန်တာပဲရှိတယ်၊ မြန်မာစကားတော့ တတ်ကြတာချည်းပေါ့"

"ဒါနဲ့များဗျာ၊ ခင်ဗျားက စကားပြန် လုပ်ခိုင်းသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားသာ ရှမ်းစကားတတ်ပါလျှင် ရဲသွေးနောင် ပြောသည့် စကားများထဲတွင် အဲဒီမမကို မမ ... မမနဲ့ခေါ်ပြီး တအားလှတယ်ဆိုတာ မြန်မာလို ပြောစမ်းဟု ခိုင်းလိုက်ကြောင်း သိရကာ ခန့်ညား ဆွေ့ဆွေ့ခုန်အောင် ဒေါသထွက်ပါလေမည်။

နားမလည်တော့လည်း စိတ်ဆိုးရမှန်း မသိပါ။ သူ့နားကပ်ကာ မမ ခေါ်နေသည့်အတွက်တော့ အခံရခက်နေ၏။

"ကျွန်တော် နာမည် ခန့်ညား၊ ခန့်ညားပဲခေါ်ပါ၊ မမ မခေါ်ပါနဲ့"

ပြောဖြစ်အောင်ပြောတော့ သူတို့တွေ ဝိုင်းရယ်ကြလေ၏။ ခန့်ညား အနေအထိုင်ခက်ကာ မျက်နှာတွတ်တွတ် ရဲပါလေသတည်း။

"အန်ကယ်က ဒီမှာ မရှိဘူးလား"

"သစ်တော်ခြံမှာ"

စကားကို ဖွတ်ပြောင်းပြောတော့မှ အနေရအထိုင်ရ သက်သာသွားပါ၏။

"ဒါဖြင့် ဒီခြံမှာ ဘယ်သူမှ လူကြီးထဲက မရှိဘူးပေါ့"

"ခါတိုင်းတော့ ကျွန်တော် အမြဲလိုလိုနေတာပဲ၊ ကျွန်တော် ဒီပါချမ်းမြကို ပြန်ကြည့်တဲ့အခိုက်နဲ့ ခန့်ညားတို့ ရောက်လာတာနဲ့ သွားကြို့တော့ ညေ့်ဝတ်မကျေမှာစိုးလို့ မပြန်ဖြစ်တာ၊ ခင်ဗျားအန်ကယ်တောင် တစ်နေ့ပဲ လာတွေ့နိုင်တာ မဟုတ်လား"

"စိတ်ချရရဲ့လား"



"အားလုံးဟာ သစ္စာရှိ လူယုံတွေချည်းပါပဲ၊ သူတို့ကို စီစဉ်ညွှန်ကြားဖို့ ဦးစိုင်းစံအေး ဆိုတာ ရှိတယ်၊ ရှင်မင်းထွန်းမေမေ ဒေါ်မြအေးရှင် ရှိတုန်းကဆို မမရှင်ကို သူပဲ ချီပိုးထိန်းကျောင်းလာခဲ့ရတာ၊ အခု အသက်မသကာရှိလှမှ ငါးဆယ်ပေါ့"

"ဩော်"

မေမေသည် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် လူ့ဘဝကို ကျောခိုင်းခဲ့ရသူပါ။ ဖေဖေကော ဘာထူးပါသနည်း။ ဖေဖေက တော့ အရက်ကြောင့် ရောဂါဖြစ်၍ ဆုံးရသည်။ မေမေ့ကျတော့ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲခြင်း ဒဏ်ဖြင့် အရွယ်မတိုင်မီ ကွယ်လွန်ခဲ့ရခြင်းပါ။ မေမေ ဆုံးတော့ ခန့်ညား ဆယ့်ခြောက်နှစ်ကျော် ကျော်ကလေး၊ သည်တုန်းက မေမေ့အသက် သုံးဆယ့်ရှစ်နှစ်ပဲ ရှိသေးသည်။

ခုနေ မေမေရှိလျှင် လေးဆယ်၊ မေမေ့ကို ချီပိုးထိန်းကျောင်းခဲ့သူ ကိုယ်တိုင် အသက်ကြီးလှပြီဟု မဆိုနိုင်သေးပါ။ ငါးဆယ်ဆိုသည်မှာ ကျန်းမာရေးသာကောင်းလျှင် သန်တုန်းမြန်တုန်းပါပဲ။

"အပင်တွေဆီ လျှောက်ကြည့်မလား ခန့်ညား"

"တော်ပါပြီ"

သူတို့တွေကြားထဲ ရောက်လျှင် မိမိကို မိန်းမသားအဖြစ် "မမ" "မမ"နှင့် ဆက်ဆံကြလျှင်အခက်။ သည်တော့ သည်လူတွေကြားထဲ မသွားတာ အကောင်းဆုံး မဟုတ်လား။ သူတို့ကိုလည်း အပြစ်မဆိုချင်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရိုးသားအေးဆေးသော သူတို့က အလိုလိုက် အကြိုက်ဆောင်ဆိုသည့် ပါးရေနပ်ရေမျိုး မရှိကြ။ ရိုးရိုးဘွင်းဘွင်း အရှိကိုအရှိအတိုင်း ပကတိဖြူစင်စွာ ပြောဆိုဆက်ဆံသည်ပဲလေ။ မိမိသာလျှင် သဘာဝကို ဆန့်ကျင်၍ ...

အို ... တော်ပြီ၊ ငါ ဒီလိုတစ်ခါမှ မတွေးခဲ့ဖူးပါဘူး။

"ဒါဖြင့် ... ဒီမှာ ခဏနေခဲ့မလား။ ကျွန်တော် နည်းနည်းပါးပါး လျှောက်ကြည့်လိုက်ဦးမယ်"

"ရတယ်လေ ... သွားပေါ့၊ ဘယ်တော့လောက် ပြန်မလဲ"

"အဲ ... ဟုတ်ပါရဲ့၊ ခန့်ညား ထမင်းစား နောက်ကျတော့မှာပဲ၊ ဒီမှာစားသွားမလား၊ မဖြစ်သေးပါဘူး၊ ဒီမှာဆို ခန့်ညားအတွက် အဆင်ပြေမှာ မဟုတ်ဘူး၊ ခဏပဲ ... ခဏပဲ၊ ကျွန်တော် ချက်ချင်းပြန်လာခဲ့မယ်"

မိမိအတွက် ဂရုတစိုက်ရှိပုံကို ကျေးဇူးတင်လိုက်မိပါ၏။ အိမ်ပေါ်မှ လှေကားခနဲ ခုန်ဆင်းကာ လုပ်စရာရှိသည်များကို ညွှန်ကြားရန် အပြေးအလွှား ထွက်သွားသူကို ခန့်ညား လှမ်းကြည့်လိုက်မိ၏။

အရပ်အမောင်း မြင့်မားကာ ရှမ်းသွေးပါသူမို့ အသားဖြူဝင်းသည်။ အရပ်မြင့်ပြီး အသားဖြူပြီ ဆိုကတည်းက ယောက်ျားတစ်ယောက်အနေနှင့် အတော်အတန် ကြည့်လို့ကောင်းနေပါပြီ၊ မျက်နှာကျက မည်သို့ပင်ဖြစ်စေ။

မျက်ခုံးက အပြားကြီးကာ စိမ်းညိုနေသည်။ မျက်အိမ်ကျယ်ကာ မျက်ဝန်းနေပုံ လှ၏။ နှာတံက ပေါ်လွင်လှသည်



မဟုတ်ပေမဲ့၊ အပြားစားထဲတွင်လည်း မပါ၊ ကျန်မာရေးကောင်းသူမို့ နှုတ်ခမ်းတို့က သွေးရောင်ဖြင့် ရဲ၏။ ခြုံငုံ၍ဆိုသော် ငေးယူရလောက်အောင် အလှဆုံးမဟုတ်ပေမဲ့ ယောက်ျားတစ်ယောက်အနေနှင့် ဆိုရသော် လူချောစာရင်းဝင်၏။

အရပ်မြင့်သော်ငြား ပိန်သွယ်သူ မဟုတ်၊ အိဖိုင့်ခြင်းလည်းမရှိ၊ အရိုးအသားအကြောတို့က အနေတော် ဖွဲ့စည်းထားသည်။ သန်မာထွားကျိုင်းသူဟု ခေါ်နိုင်၏။ ဤသို့သော ယောက်ျားပီသကာ ခန့်ချော ချောသူက ပုဆိုးကိုပင် ဝတ်ထားသည်။ နိုင်ငံခြားပုံစံ ဘောင်းဘီဝေး၍ ရှမ်းဘောင်းဘီပင် မဝတ်ပါ။ မိမိကသာ ဂျင်းဘောင်းဘီကြီးနှင့်ပါတကား။

"ဘောင်းဘီဝတ်မှ ယောက်ျားဖြစ်တာမဟုတ်ဘူး၊ ယောက်ျားဟာ ဘယ်လိုနေနေ ယောက်ျားပဲလေ၊ ဘောင်းဘီဝတ်လိုက်ရုံနဲ့လည်း ယောက်ျားဖြစ်မသွားနိုင်ဘူး၊ သူတို့အမြင်မှာ ငါဟာ ခေတ်ဆန်တဲ့ မိန်းမသား ... အို ..."

အတွေးစကို တိခနဲ ဖြတ်ချပစ်လိုက်တော့သည်။

※ ※ ※

မမမျိုးထံမှ စာရောက်လာ၏။ မမမျိုးကို ရှင်မင်းထွန်း အမှေ့ကိစ္စအတွက် သွားရမည်ဖြစ်ကြောင်း၊ ဂျက်စမေ်နှင့် မြို့နဲ့တို့ အဖော်လိုက်ကာ ပျော်သလောက် နေကြမည်ဖြစ်ကြောင်း လိပ်စာပါ အသိပေးထားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်း ... ဖြူနွဲ့ ... ဂျက်စမင် ...

အမွေကိစ္စ ပြီးပြီလား၊ နေကောင်းကြရဲ့လား၊ မသွားခင်ကတည်းက ဖြူနွဲ့က ပျော့တော့တော့ ဖြစ်နေလို့ စိတ်ပူတယ်၊ ဖြူနွဲ့ အလုပ်က ထွက်မရသေးဘူးလား၊ ဂျက်စမင်ရော ကျောင်းတွေဖွင့်ကာနီးမှ ပြန်လာမှာလား ရှင်မင်းကတော့ အောင်ပန်းသူ လုပ်တော့မယ် ထင်တယ်။

အကျိုးအကြောင်း စာလည်းမရေးကြဘူး၊ နေမိန့်တယ်ဟား ရေးကြဦးလေ၊ အကြောင်းထူးတော့ မရှိပါဘူး၊ ဂျက်စမင့် စာတစ်စောင်ထည့် ဒီစာအိတ်ထဲမှာ ထည့်ပေးလိုက်တယ်၊ မမမျိုးလည်း နေကောင်းတယ် စာရေးကြဦးနော် ...

မမမျိုး

စာက တိုတိုပဲဖြစ်၏။ ဖြူနွဲ့ အလုပ်မှ ခွင့်ယူသွားသည့် သဘောလောက်သာ ပြောထားခဲ့သောကြောင့် အလုပ်မှ အပြီးအပိုင် ထွက်လာကြောင်း မမမျိုး မသိသေးပါ။ ဂျက်စမင့်စာသည် သံတောင်မှလာသောစာ ဖြစ်၏။ ကျောင်းပိတ်ရက်တွင် သံတောင် မပြန်ပဲ သူငယ်ချင်းများနှင့် ခရီးထွက်မည်ဟု ဂျက်စမင်က သံတောင်သို့ စာလှမ်းရေးထားသည်။ ယင်းကိစ္စ ဖြစ်ဟန်တူ၏။

"ဘယ်က စာလဲ ဂျက်စမင်"

"စစ္စတာဂျိုဆက်ဖင်း ရေးလိုက်တာထင်တယ်၊ သူ့လက်ရေးပဲ"

ဂျက်စမင်က စာကို ဖောက်ဖတ်၏။ သူငယ်ချင်းများနှင့် ခရီးထွက်ခွင့်ပြုကြောင်း၊ ငွေလိုလျှင် မှာပါဆိုသည့် အကြောင်းနှင့် ဒီဇင်ဘာလဆန်းလျှင်ဆန်းချင်း ပြန်လာဖို့အကြောင်းများပါသည်။



"ဒီစာဟာ တို့ထွက်လာစ ကတည်းက ရောက်တာဖြစ်မယ်ဟ၊ မမမျိုး မေ့နေလို့ ခုမှ ပို့ဖြစ်တယ်ထင်တယ်"

ဂျက်စမင်တို့အုပ်စု ဒီပါချမ်းမြေတွင် တစ်လတိတိ ကြာခဲ့ပါပြီ၊ တစ်ပတ်အထိသာ ရဲသွေးနှောင် လာနေပြီး နောက်ပိုင်းရက်များတွင် တစ်ပတ်မှာ တစ်ခါပဲ လာရောက်တွေ့ဆုံ၏။ အိမ်ကြီးတစ်အိမ်လုံးမှာ အိမ်ဖော်တွေကလည်း အထူးလေးစားအရေးပေးသည်မို့ သူတို့သုံးဦးတည်း မင်းမှု နေရသလို ဖြစ်နေပါ၏။

"ငါ ပြန်တော့မှ ဖြစ်မယ်"

ဂျင်စမင့် စကားက နည်းလမ်းကျသည်မို့ မတားသာ၊ သုံးယောက်တည်းမှ တစ်ယောက်ပဲ့ထွက်မည် ဆိုတော့ ဖြူနွဲ့ မဆိုထားနှင့် ခန့်ညားပင်လျှင် အားငယ်ချင်ချင်။

"ခုမပြန်လဲ ကျောင်းဖွင့်ရင် ပြန်ရမှာပဲ၊ နည်းနည်းစောတာ တစ်ခုပါပဲဟယ်"

မျက်နှာလေးတွေ ကွက်ခနဲ၊ ကွက်ခနဲ ကိုယ်စီ ကျက်သွားကြသည်မို့ ဂျက်စမင်လည်း စိတ်မကောင်း။ သူများမြို့ရွာ သူများအိမ်မှာ စွန့်စွန့်စားစား လာနေကြရသည့် အဖြစ်မို့ အဖော်များလျှင် အန္တရာယ်ကင်းသည်သာ။

"အေးလေ ... နင် ပြောတာမှန်ပါတယ်"

"ငါ့ကြောင့် ရှင်မင်း"

ဖြူနွဲ့ စကားတစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည့် သည်နာမည်ကို သည်အိမ်တွင် ခေါ်လို့မှ မဖြစ်ပဲလေ။

"ခန့်ညားပါရောပြီး ဒုက္ခရောက်နေရတာ၊ သူငယ်ချင်းတို့ရယ် ... နင်တို့ ကျေးဇူးကို ငါ တစ်နေ့ ဆပ်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေ အပေါင်းအသင်းဆိုတာ ဒုက္ခဖြစ်တုန်း ကူညီမှ မိတ်ဆွေစစ်ပဲဟာ၊ နင် ရည်စားထားလိုက်တာ တို့မသိဘူး အဲဒီတုန်းကများ သိခွင့်ရလို့ ကြိုသိပြီး၊ ကူညီမိရင်တောင် အဲဒီအကူအညီက စစ်မှန်သော အကူအညီ မဟုတ်ဘူး"

"နင်တော့ မုန့်လိုက်စားပါသေးတယ်"

ဂျက်စမင်က ခန့်ညားကို ပြောသည်။

"အဲဒီတုန်းကသာ မင်္ဂလာမုန့်မုန့် သိရင် ဘယ်စားမလဲ ဝေးသေး"

"ကဲ ... ဒီအကြောင်းတွေ တော်တော့၊ ငါ ပြန်ဖို့ ... လုပ်ကြဦး၊ ကိုနောင်များ ဒီနေ့ လာမလားပဲ"

"ပိုက်ဆံ ယူသွားဦးလေ ဂျက်စမင်"

"ဘာလုပ်ဖို့လဲဟ"

ဦးအောင်သွေးနောင် ပေးသည့် ငွေသုံးထောင် ... ဖြူနွဲ့က ခန့်ညားကိုပဲ ပေးထားသည်။

"ပိုက်ဆံဆိုတာ သုံးဖို့ပေါ့ဟ၊ ဘာလုပ်ရမှာလဲ၊ မုန်းရင် ... ရင် ရှုလို့ရတယ်"

"နေပစေ၊ ငါ့မှာ နည်းနည်းပါးပါး ရှိပါသေးတယ်"

"တစ်ထောင် ယူသွားလေ၊ သုံးယောက်ကို သုံးထောင် ... ထားတာ၊ ခွဲတမ်းအတိုင်း ပါ့ဟ"

"မယူချင်ပါဘူးဟာ၊ ဖြူနွဲ့ မွေးဖို့စရိတ် ထားဦး"

"နှစ်ထောင်တောင် ကျန်သေးတာပဲ၊ ယူသွားဆို မယူ ... ငါ ဆွဲဆုတ်ပစ်မှာ"



ခန့်ညား တကယ်လုပ်မည်မှန်း သိသောကြောင့် ဂျက်စမင် ယူရ၏။ ခန့်ညားတို့က သည်လို စေတနာကောင်းသည်။ စေတနာသာချိုလျက် အပြောကမချိုတတ်။ သူ့စေတနာကို ငြင်းလျှင်လည်း စိတ်ဆိုး၏။ သူ ပြောလျှင် နားထောင်မှ ကြိုက်သည်။ သူပြောသည့် စကားများကလည်း တစ်ဖက်သားအတွက် စေတနာစကားများ ဖြစ်တတ်ပါသည်။

ဘာပဲဖြစ်ဖြစ် အကြောင်းမသိသူများ အဖို့တော့ အပေါင်းရ အသင်းရခက်လျက် ခွကျကာ ဘုပြောတတ်သည့် စိတ်ဆတ်သူတည်း။

ဂျက်စမင် ပြန်သွားပြီးနောက် ခန့်ညားနှင့် ဖြူနွဲ့တို့ ကမ္ဘာလေးသည် တိတ်ဆိတ်ခြောက်သွေ့၍ ကျန်ရစ်ခဲ့၏။ ဖြူနွဲ့က အသက်ရှုရန်ပင် သတိရရဲ့လားဟု မေးယူရလောက်အောင် ငြိမ်သက်၏။ ခန့်ညားအဖို့ အဖော်မရှိချေ။ ပျင်းပျင်းရှိလျှင် တစ်ပိုနှင့် ဆော့ခြင်းဖြင့်သာ အပျင်းဖြေရ၏။

"ပျင်းတယ်ဟာ၊ ခြံထဲဆင်းပြီး ဘောလုံး ကန်ပစ်ချင်တယ်"

စာဖတ်ဝါသနာပါသူမို့သာ တော်တော့သည်။ ဤအိမ်ကြီးမှာ စာကြည့်ခန်း သီးသန့်ထား၍ စာအုပ်အမျိုးအစား စုံလင်စွာရှိပါ၏။ တွေ့သမျှစာအုပ် အကုန်လောက်နီးနီး ဆွဲဖတ်ပြီး မျက်စိညောင်းညောင်း ရှိသည်နှင့် ဖြူနွဲ့နားသို့ သွားထိုင်ကာ စကားပြောဖြစ်သည်။

"ကိုနောင် ဘယ်နေ့လာမလဲ"

www.burmeseclassic.com



ဖြူနွဲ့ မျက်နှာကို ဖျတ်ခနဲ တစ်ချက်ကြည့်မိ၏။ ပကတိ ရိုးသားသည့် မျက်နှာလေးမို့ ခန့်ညား ဘုမသိ ဘမသိ ဖြစ်ရတော့ပါ။

"ငါ ပျင်းတယ်ဆိုတာနဲ့ နင့်မေးခွန်းကလဲ"

"အကောင်းပြောတာပါဟာ"

"သိတယ်၊ နို့မို့ဆို ဆွဲထိုးပြီ"

"နင့်မှာ အဖော်မရှိလို့ ပြောတာ"

"သောကြာနေ့ညနေမှ လာမှာပေါ့"

"ခါတိုင်းလိုပဲ နေမယ်ထင်တယ်နော်"

"သောကြာ၊ စနေ၊ တနင်္ဂနွေ သုံးညဆက်တိုက် ဒီမှာ အိပ်မယ်၊ တနင်္လာနေ့မနက် အစောကြီး ထပြန်မယ်"

"နင့်ကို သိပ်အားနာတယ်"

"လာပြန်ပြီလား ဒီစကား"

"ငါ့ကြောင့် နင် မနေချင်တဲ့ နေရာမှာ နေရတယ်"

"မပြောနဲ့ဟာ"

"နင် ပျင်းနေပြီ"

"ဘာဖြစ်လဲ"

"ငါက နင် ဖြစ်နေတော့ အမွေတွေလည်း မရတော့ဘူး"

"ဒီအမွေတွေက ရစရာလမ်းကို မရှိတာ"

"ဘာဖြစ်လို့လဲ"

"သူတို့ ပေးစားတဲ့သူနဲ့ ယူမှတဲ့"

"ဘယ်သူနဲ့တဲ့လဲ"

"သိဘူး"



"ယောက်ျားပေါ့"

"အေးပေါ့၊ ငါနဲ့ ဖြစ်မလား"

ဖြူနွဲ့ မျက်နှာမှာ ပြုံးရိပ်သမ်းသွားရ၏။

"ဟော ... ကားသံကြားတယ်"

"ဟုတ်တယ်ဟ"

စိတ်မြန်သော ခန့်ညားက လသာဆောင်ဘက် ထွက်ကြည့်သည်။ ဂျစ်ကားတစ်စီး၊ ရဲသွေးနောင် စီးနေကျကား မဟုတ်ပါ။ ဘယ်သူ့ကားပါလိမ့်။

"ဟင်"

လိမ္မော်ခြံတွင် တွေ့ခဲ့ဖူးသည့် ဦးစိုင်းစံအေး ကားပေါ်မှ အရင်ဆင်းသည်။

"အိုက်ခမ်း"

အော်ခေါ်သံ ကြား၏။ အိုက်ခမ်း အိမ်ထဲမှ ပြေးထွက်သည်။

"ဟောဗျာ"

ဦးစိုင်းစံအေးနှင့် အိုက်ခမ်းတို့နှစ်ယောက်ပေါင်းကာ ရဲသွေးနောင်ကို ပွေ့ချီကြ၏။

"ဘာဖြစ်လို့ပါလိမ့်၊ ဟော ... ဒီမိန်းမက ဘယ်ကလဲ"

အမျိုးသမီးတစ်ယောက်လည်း ဆင်းလိုက်လာသည်။ ခန့်ညား ဖြူနွဲ့ အခန်းသို့ ပြေးဝင်လာ၏။

"ဘာဖြစ်လို့လဲ၊ ဘယ်သူလဲ"

ခန့်ညား အမူအရာက ရေးကြီးသုတ်ပျာမို့ ဖြူနွဲ့က ဆီးမေး၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုနောင်ကွ၊ ဘာဖြစ်တယ် မသိဘူး၊ ငါ အောက်ထပ် ဆင်းကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆို စကြိုတစ်လျှောက် ပြေးသွား၏။ လှေကားမှ နှစ်ထစ်ကျော်စီ ခုန်ဆင်းသည်။ ဖြူနွဲ့ကတော့ သူ လှမ်းနိုင်ရုံ အင်အားနှင့် ခပ်ဖြည်းဖြည်းပင်။

"ကိုနောင် ဘာဖြစ်လို့လဲ"

"တအားဖျားတယ်"

ဦးစိုင်းစံအေးက ခါးတိုင်း ရဲသွေးနောင် အိပ်လေ့ရှိသည့် အခန်းတွင်းသို့ မွေ့ဝင်သွားသည်။

ခ်နဲ့ညား နောက်က ကပ်လိုက်ပါသွားလေသည်။

"ဆေးရုံတင်မှပေါ့"

နှစ်ဝမ်းတည်းကွဲသေးသည့် သွေးသားပါလားဟူသည့် သံယောဇဉ်ဖြင့် စိတ်ပူစွာ ပြောမိသည်။

"ဒီမှာ ဆရာဝန် ပါလာပြီ"

ဩော် ... ဒီအမျိုးသမီးက ဆရာဝန်မပေးကိုး။ သက်ပြင်းကျသွားရသည်။ ရဲသွေးနောင်ကို ခုတင်ပေါ်သို့ တင်ကာ စောင်ခြုံ၍ နေသားတကျ လုပ်ပေးပြီးသည်နှင့် ဆရာဝန်အမျိုးသမီးက လက်ကောက်ဝတ်သွေးကို စ,စမ်းသည်။

"ရေနွေး"

အမိန့်ဆန်သည့် လေသံမဆုံးမီ အိုက်ခမ်း လှစ်ခနဲ ထပြေးယူသည်။ ခနဲ့ညားက ရဲသွေးနောင် ခြေရင်းဘက် ခုတင်ပေါ်မှာ သွားထိုင်မိ၏။



"ဟိုမှာက ရာသီဥတု ပိုကြမ်းလို့ ဒီကို ခေါ်လာရတာ၊ နောက်ပြီး ဒေါက်တာနန်းကေသီကလည်း မြို့ထဲတင်နေတာ၊ လာကြည့်ရတာလည်း အဆင်ပြေတယ်"

ဆေးထိုးနေချိန်မှာ ဦးစိုင်းစံအေးက ရှင်းပြသည်။

"အဖျားက တစ်ရှောင်းတောင်၊ သတိလစ်တဲ့အထိ ပစ်ထားကြတာတော့ မကောင်းပါဘူး"

ဒေါက်တာနန်းကေသီ၏ မျက်နှာ သုန်မှုန်နေသည်။ ဆူပူမာန်မဲသလို အပြစ်တင်၏။

"သူက ရတယ်တဲ့၊ တော်နေကြာ ကောင်းသွားမှာပဲ ဆိုလို့"

အလို ... ဒေါက်တာနန်းကေသီ ပုံစံက လူနာကြည့်ရုံ သက်သက် ဆရာဝန်ပုံစံထက် သက်ဆိုင်မှု၊ ပတ်သက်မှုကိုပါ ပြသလိုလို။

"ည,ညကျရင် နှင်းထဲထွက်ထိုင်တယ် ဒေါက်တာရဲ့"

"အဲဒါကို မတားကြဘူးလား"

"ကိုနောင့်ကို ဘယ်တုန်းက ဘယ်သူ တားလို့ ရဖူးလို့ လဲ"

အမူအရာအားဖြင့် ချောင်ပေမဲ့ ဦးစိုင်းစံအေး လေသံ နည်းနည်းများ တင်းသလားဟု ခနဲ့ညား တွေးမိလေ၏။

"ကေသီ သတိမရမချင်း မပြန်ဘူး ဦးစိုင်းစံအေး၊ ကေသီ အတွက် ဒရင်းဘက်ဒ်တစ်ခု ဒီအခန်းထဲမှာ ချပေးပါ"

ဘယ်လိုလဲ၊ သာမန်ရင်းနှီးမှုအဆင့်တော့ မကပြီ။ အိုက်ခမ်း ပြေးထွက်ပြန်၏။ စိတ်ဓာတ်တော့မညှိထင်သည်။ ခနဲ့ညား

www.burmeseclassic.com



ရင်ထဲတွင် မေးခွန်းပေါင်းစုံ ဖြစ်ထွန်းရ၏။ အဖြေမရှိသည့်မိုးခေါင်းကို ဘယ်ညာယမ်းမိခိုက် အခန်းဝမှာ ဖြူနွဲ့ ရပ်နေသည်ကို တွေ့လိုက်ရသည်။

"လာလေ ဝင်ခဲ့လေ၊ ကိုနောင် သတိမရဘူး"

ခန့်ညား လှမ်းခေါ်မှ ဖြူနွဲ့ မလှုပ်တလှုပ် ဝင်လာသည်။

"ဪ … အဲဒါ ရှင်းမင်းထွန်းလေ ဒေါက်တာ၊ ကိုနောင့်နှမ"

ဒေါက်တာနန်းကေသီ ဖျတ်ခနဲသာ တစ်ချက်ကြည့်သည်။

"ဒါက ခန့်ညားတဲ့၊ ရှင်မင်းထွန်း သူငယ်ချင်း"

ဖြူနွဲ့တုန်းကထက် အချိန် ပိုတိုတောင်းစွာ ကြည့်သည်။ မျက်ဝန်းသည် ခန့်ညားထံမှ ရောက်လိုက်ရဲ့လား မသိ။

"ဒေါက်တာနန်းကေသီလေ ရှင်မင်းထွန်း၊ ကိုနောင်နဲ့ ငယ်သူငယ်ချင်းပဲ"

ဖြူနွဲ့ ရှေ့သို့ တိုးလာကာ ပြုံးပြပေမဲ့ သူ့အပြုံးကို ဆီးကြိုမည့်သူ မရှိပါ။ အိုက်ခမ်း ဒရင်းဘက်ဒ်တစ်ခုကို ခေါက်ထမ်းကာ ဝင်လာသည်။

"ဘာစားမလဲ မမ၊ ထမင်းစားပြီးပလား"

"မစားရသေးဘူး၊ ထမင်းပွဲ -ဒီထဲပဲ ပြင်ယူလာခဲ့ပါ၊ ထမင်းစားပြီးရင် ဖရု(တ်)ဂျူ့စ်တစ်ခုခု ရချင်တယ်"

လွန်လွန်းပြီ၊ အာဏာရှာနာတွေ၊ ဂိုက်တွေဆိုက်တွေ၊ ဩဇာမာလကာတွေ များလွန်းပြီဟု ထင်၏။ အိုက်ခမ်းကလည်း



ပြားပြားဝပ်နေသည်။ ဤနေရာတွင် 'လူ'ဇီဇ နိုးကြသည်။ လူဆိုသည်မှာ လူသားအင်မတန်ဆန်၏။ ကိုယ့်အိမ်၊ ကိုယ့်ရွာ၊ ကိုယ့်ဆွေမျိုးသားချင်းဆိုသည့် အတ္တစွဲကလည်း ငုတ်တုတ် ထထိုင်သည်။

ခန့်ညား ခံပြင်းစိတ်ဖြင့် အံကြိတ်မိသည်။ ဤသို့ စီမံခန့်ခွဲနေသူသည် မိမိသာ ဖြစ်ရမည်ဟု တွေးလိုက်မိ၏။ စင်စစ် မိန်းမသားဇီဇနှင့် ခံပြင်းစိတ် ဖြစ်မိသည်ဟုဆိုလျှင် ပိုမှန်မည်။ မိန်းမဟူသည် မိခင်မျိုး မဟုတ်လား။ ကိုယ့်လက်ကိုယ့်ခြေ ဖြစ်ချင်စိတ်တို့က ဖိသိပ်၍ မရတော့။

ရင်ထဲ ရှိလျှင် မြို့မထားနိုင်သည့် ခန့်ညားပဲလေ။

"ကိုအိုက်ခမ်း … ဘာဟင်းတွေရှိလဲ၊ ဧည့်သည်အတွက် လုလုဝပ ဖြစ်ပါ့မလား"

ဖြူနွဲ့ကိုလည်း သတိမရတော့။ ဖြူနွဲ့ နင်ပြောလေဟူသည့် အဓိပ္ပာယ်မျိုးနှင့် ခါတိုင်းလို မျက်စပစ်ဖို့၊ လက်တို့ဖို့ စိတ်ကူးထဲသို့ ရောက်မလာပါ။ သည်အိမ်ကြီးနှင့် သည်ယောကျ်ားနှင့် ပတ်သက်မှုပြလွန်းသူကို တမင် ဧည့်သည်ဟု ခေါ်ပစ်၏။

"ဖြစ်ပါတယ် ခင်ဗျ"

အိုက်ခမ်း လှည့်ပြေးရန်ပြင်သည်။ အိုက်ခမ်းတို့က ရိုးရိုးသားသား လမ်းလျှောက်တတ်ပုံ မပေါ်ပေ။

"နန်းအိတို့ကို ပြောလိုက်ဦးနော်၊ အချိုးတကျ ဖြစ်ပစေ"

ရှင်မင်းထွန်း သူငယ်ချင်းဆိုသူက ဇွက်ပြပြနေသည်မို့ ယခုမှ သတိထားမိဟန်ဖြင့် ဒေါက်တာနန်းကေသီက ခန့်ညားကို စေ့စေ့ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားတို့က ဝင်းလက်စိုတောက်သည့် မျက်ဝန်းကို ဒီဂရီကုန် ပြန်လွှတ်သည်။ အကြည့်နှစ်ခု ဆုံမိ၏။ ချိုကြည်မှု ကိုယ်စီကင်းသည်။

"နင်ကလည်း ကိုယ့်အစ်ကိုကို နည်းနည်းပါးပါး နှိပ်ပြုပေးပါလားဟယ်၊ တယ်ညံ့တာပဲ"

ဖြူနွဲ့ အရှောင် အဟောက်ခံရ၏။ မလှုပ်တလှုပ်နှင့် ရှေ့တိုးလာကာ ခုတင်စွန်းတွင် မဝံ့မရဲ ထိုင်သည်။ ဒေါက်တာနန်းကေသီက ကုလားထိုင်တစ်လုံးပေါ်မှာ။

"ဘာလို့ နှိပ်မှာလဲ၊ နှိပ်တာ ဘာမှ အကျိုးမရှိဘူး"

"စိတ်ကျေနပ်မှု ရတာပေါ့"

"နောင်က သတိမှ မရတာ"

နောင်တဲ့၊ စကားစစ်ထိုးပွဲတွင် ခန့်ညားရှုံးနိမ့်သွားရတော့သည်။ တုံ့ပြန်စကားကို မဆိုမိပါ၏။ နောင် ... ဆိုသည့်ခေါ်သံက နားထဲတွင် ကန့်လန့်ခံကာ ဦးနှောက်ကို ဆူဝေစေသည်။ ဖြူနွဲ့တို့က အေးဆေးငြိမ်သက်ပေမင့် အကင်းပါးသည်။ အတွေ့အကြုံကလည်း ရင့်ပြီလေ။ ခန့်ညား ရင်ထဲမှ ခံပြင်းမှုကို နားလည်သည်မို့ စောင်ခြုံပေါ်မှနေကာ တောင်စမ်းစမ်း မြောက်စမ်းစမ်း လုပ်နေသည်။

အိုက်ခမ်းနှင့် နန်းအိတို့အဖွဲ့ ဗန်းကြီးဗန်းငယ်နှင့် ဝင်လာသည်မို့ ဒေါက်တာနန်းကေသီ ခန့်ညားကို မကြည့်တော့ပါ။ စားစရာများတင်သည့် စားပွဲသို့ ထသွားသည်။

ခန့်ညားက ဖြူနွဲ့ကို လက်ကုပ်သည်။ လက်မအဝိုင်းဖြင့် ဖြူနွဲ့ပေါင်ကို တတို့တည်း တို့ရ၏။ ဖြူနွဲ့က လက်အကွင်း



အဝိုင်းကလေးကို လာကိုင်သည်။ ခန့်ညား မျက်လုံးပြူးပြသည်။ ဖြူနွဲ့က မျက်စပြန်ပစ်၍ မေး၏။ စိတ်တိုတို့နှင့် ပေါင်ကို ဆွဲဆိတ်မှ ...

"ဘာလဲ"

တိုးတိုးလေး ပြန်မေးသည်။

"ပိုက်ဆံ"

တိုးတိုးလေးပင် ပြန်ပြောရသည်။ အခန်းကြီးက ကျယ်သည်မို့ တစ်ဦးနှင့်တစ်ဦးလည်း လှမ်းကြပါသည်။ ခုချိန်မှာ အနီးကပ်ဆုံး ရှိနေသူသုံးဦးက ရဲသွေးနောင်၊ ခန့်ညားနှင့် ဖြူနွဲ့သာ။ ဦးစိုင်းစံအေးလည်း ကုလားထိုင်တစ်လုံးပေါ်တွင် သွားထိုင်နေပြီ။ အိုက်ခမ်းတစ်ယောက်သာ ကျန်၍ နန်းအိတို့အဖွဲ့လည်း ပြန်ထွက်သွားပြီ။

"ပိုက်ဆံ ... ပိုက်ဆံဟ"

"ရှိတယ်လေ၊ အဲဒီပေါ်ထပ်က အခန်းထဲမှာ နှစ်ထောင်"

ခန့်ညား မျက်လုံးပြူးကာ အံကို ကြိတ်ပြရပြန်သည်။

"နားမလည်ဘူး"

"ခြေကြွ၊ ခြေကြွ"

ဖြူနွဲ့က သူ့ခြေထောက်ကို သူ ငုံ့ကြည့်ကာ ကြွကြည့်၏။

"ဘာဖြစ်လို့လဲ"

"ငါ ဆဲလိုက်ရ"

သွားကို တင်းတင်းစေ့ကာ ဒေါသမြဲတိုင်း ပြူးပြဲပြနေသည့် ခန့်ညားကို ဖြူနွဲ့ ရယ်ချင်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာလေ ... ခြေကြ၊ ဘယ်လောက်လဲမေး၊ နလပိန်းတုံးရဲ့၊ နင်က နမတော်တယ်ဟ"

ခုမှ ဖြူနွဲ့ ခေါင်းတညိတ်ညိတ်လုပ်၏။

"ဒေါက်တာ"

"ဟင် ... နောင် ... ဘာဖြစ်လို့လဲ"

ပျာပျာသလဲနိုင်ပုံကို ကျေးဇူးမတင်ဘဲ ခန့်ညားမျက်စိနောက်မိ၏။

"ကိုနောင် ဘာမှ မဖြစ်ပါဘူး၊ ဒေါက်တာကို ကျေးဇူးတင်တဲ့အကြောင်း ပြောမလို့ပါ"

"သြော် ... ဒါလား"

နန်းကေသီက ပိုင်နိုင်စွာပြုံးပြ၏။

"ကိစ္စမရှိပါဘူး ရှင်မင်းထွန်း၊ ယု့အစ်ကို တော်နေကြာ သတိရမှာပါ၊ မမကလည်း သူ့ သတိမရမချင်း စောင့်မှာပါကွယ်"

လုပ်လိုက်ဟ။ သူ့ကိုယ်သူ မမတဲ့၊ ပြီးတော့ ယု့အစ်ကိုတဲ့၊ တယ်လည်း မဏ္ဍာပ်တိုင် တက်ပြနေပါလား၊ ဒေါက်တာနန်းကေသီ ဆိုတဲ့ အမျိုးသမီးရေ ... ကျုပ်အစ်ကိုကို ခင်ဗျားကြိုက်နေသလား။

စင်စစ် မမဟု သုံးပေမဲ့ အပြစ်မဆိုသာပါ။ နန်းကေသီသည် ကိုနှောင်နှင့် မတိမ်းမယိမ်း၊ ငယ်သည်ဆိုလျှင်တောင် တစ်နှစ် နှစ်နှစ်ပေါ့။ အစ်မအရွယ်ပါပဲ။ သို့ပေမဲ့ အစ်မခေါ်လိုက်လျှင် ရှိသေနေရဦးမည်လေ။ ခုကိုပဲ'ကွယ်'တွေဘာတွေနဲ့ အပေါ်စီးကြီးကနေ လွှန်လွှန်းလှပြီ။



"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် မမ၊ ခြေကြွနဲ့ ဆေးဖိုးလေး တဆိတ်အမိန့်ရှိပါ"

"ခုနေခါ ထမင်းငတ်နေတယ် ဆိုရင်တောင် နှောင့်ကိုကုသပေးရတဲ့အတွက်တော့ ပိုက်ဆံ မယူပါဘူးကွယ်၊ ရှင်မင်းထွန်းက ခုမှ ရောက်လာတဲ့ ညီမမို့ မမရဲ့ ခင်မင်မှုကို မသိဘူးထင်တယ်၊ ကြုံတဲ့အခါ ဒီက ဦးစိုင်းစံအေးတို့အိုက်ခမ်းတို့ကို မေးကြည့်၊ နှောင့်ကိုလည်း မေးနိုင်ပါတယ်၊ ဟုတ်လား"

မြိန့်မြိန့်ကြီးပြုံးပြကာ ပြန်လှည့်သွား၏။

ခံလိုက်။ ဒီအေမကို ဆွဲဆောင့်ချင်ပြီး နောက်မှ ပေါ်ထင်ရှေကြာပင်လို့ အပြောခံလိုက်ရတာကို နာရမှန်းမသိ။ လှှာတိုမှုဖြင့် စွဲချက်တင်ကာ ကြိမ်ဒဏ်အချက်နှစ်ဆယ်လောက်ရိုက်ချင်သည်။ နင့်ဗိုက်ထဲက ကလေးကို သနားလို့သာ၊ နင့်ကို ငါ ကန်ပစ်ချင်တာ။

ခံစားမှုမျိုးစုံဖြင့် မျက်နှာပေးအမျိုးမျိုး လုပ်ပြနေသည့်ခန့်ညားကို ဖြူနွဲ့ ငေးကြည့်မိသည်။ စိတ်လှုပ်ရှားလှချည်လား၊ သြော် ... အရေးကြီးတော့လည်း သွေးနီးကြပါ၏။ သူ့အစ်ကိုနေထိုင်မကောင်းဖြစ်တော့ ခန့်ညားတို့ မျက်စိမျက်နှာပျက်။

သည်အမေ့တွေ မလိုချင်ပါဘူး၊ မရချင်ပါဘူး ... ဟူ၍ ပေယျာလကန် ပြောခဲ့သမျှ သူစိမ်းတစ်ယောက်က ပိုင်ပိုင်နိုင်နိုင်း ပြောဆိုရုံနှင့် ခန့်ညား ဆွေ့ဆွေ့ခုန်နေသည်။

ပိုက်ဆံဆိုတာ သည်းခြေကြိုက်၊ ကိုယ့်တွင်းထဲကရေ ဘယ်သူခပ်တာ ခံချင်ပါ့မလဲ။ သူ့ခမျာ ရချင်ရှာမှာပါပဲ။ ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်းထွန်း လုပ်ထားရတာနဲ့ သူ့ဆန္ဒတွေ အကောင်အထည် မပေါ် ဖြစ်ရရှာတော့မယ်။

ဟုတ်တယ်။ ကိုနောင် နေကောင်းလာရင် မှတ်ဖို့ တင်တွေ့ထုတ်ပြပြီး ငါ ရှင်မင်းထွန်း မဟုတ်ကြောင်း ပြောလိုက်တော့မယ်၊ ငါ့မှာ တာဝန်ရှိတယ်။

အတွေးများကြောင့် ဖြူနွဲ့ မျက်တောင်များ စင်းကျနေသည်။

"နင်ကလည်း အိပ်ငိုက်နေရလား"

ခန့်ညားး ကျိတ်ဆူမှ အတွေးစပြတ်ကာ ယောင်ယမ်း၍ ခေါင်းခါမိတော့သည်။

* * *

"ချွေးတွေရွှဲနေပြီ၊ အင်္ကျီ လဲရအောင်"

"ဟာ ... နေပါစေ"

"ဘယ့်နှယ် နေပါစေရမှာလဲ၊ ဟိုမှာ ဆရာဝန်မက အိပ်စောင့်နေတာ၊ ဒီက လက်ထောက်လေ၊ သူနာပြုပေါ့"

ဖြူနွဲ့ကိုတော့ ကိုယ်ဝန်နှင့်မို့ အအိပ်နိုင်းလိုက်ပါပြီ။ ခန့်ညားက ခုတင်ပေါ် ထိုင်၍ ငုတ်တုတ်စောင့်သည်။ စောစောကတည်းက အဆင်သင့် ထုတ်ယူထားသည့် ရှပ်အင်္ကျီတစ်ထည်ကို မြှောက်ပြသည်။

"တွေ့လား ... အဆင်သင့်ပဲ"



မျက်နှာသုတ်ပဝါ အသေးစားလေးဖြင့် မျက်နှာပြင်ကို ပွတ်တိုက်ပေးသည်။ ရှပ်အင်္ကျီရင်ဘတ်ထဲသို့ နှိုက်ကာ ဆျာနှင့် ရင်ဘတ်ကို ချွေးတွေ သုတ်ပေးသည်။

"နေပါစေကွာ"

ခန့်ညားက ဟိုတွန်း သည်လှည့် ခိုင်းတိုင်း အလိုက်သင့် လုပ်ပေးရင်းက ရဲသွေးနောင် နေပါစေ တွင်တွင်ပြောသည်။

"ထနိုင်ရဲ့လား"

ခန့်ညား ပွေ့ထူ၏။ မိန်းမသားပီပီ နွဲ့နှောင်းနေသူဟုတ်။ ကျားကျားလျားလျားပုံစံမှ အံဝင်ခွင်ကျ ဖြစ်နေပြီမို့ ခံ့ထူပေးနိုင်သည်။

"နေပါစေကွာ"

"လုပ်ပြန်ပါပြီ ... ချွတ်"

"ဟော ... နောင်"

နန်းကေသီ ဒရင်းဘက်ဒ်ပေါ်မှ ကျုံးထသည်။ ငုတ်တုတ်ဖြစ်နေသည့် ရဲသွေးနောင်၏ နဖူးကို လာစမ်းသည်။

"ကိုယ်ပူချိသွားပြီ၊ ဘယ်တုန်းက သတိရလာလဲ၊ ကေသီ မေးခနဲ ဖြစ်သွားတာ"

ပြောချင်ရာပြော မရွေးချော။ ခန့်ညားက ရှပ်အင်္ကျီ ကြယ်သီးများ ဖြုတ်နေပြီး နန်းကေသီက ခုတင်စွန်းမှာ ဝင်ထိုင်သည်။ ခန့်ညားကတော့ ရဲသွေးနောင်ဘေးမှာ ဒူးထောက်ကာ ငိုကပ်စွာ ထိုင်ပြုစုနေ၏။

"ရော့ ... ကမ္ဗန်းကတန်းဝတ်၊ ချမ်းသွားဦးမယ်"

www.burmeseclassic.com



ပြောလည်းပြော၊ လုပ်လည်းလုပ်။ လူနာပြုစုရေး… ခန့်ညားတို့ ကျွမ်းကျင်နေတော့သည်။

နီးနီးကပ်ကပ် အနေအထားနှင့် ပိုင်စိုးပိုင်နင်း လုပ်… သည့် ယောကျ်ားလျာမလေးကို နန်းကေသီ မျက်စိနောက်ကောင်း နောက်မည်။ အတွေးထဲမှာကျတော့ …

သူ့ပုံစံက အချိုးမကျ။ ဘောင်းဘီ ဝတ်ထားသည့် မိန်းမသား။ သူ ဘယ်လိုပဲ ယောကျ်ားစိတ်ပေါက်ပေါက် သွေးသား မတော်စပ်သည့် ဖိုနှင့်မ၊ မနီးစပ်စကောင်းသည့် ဆန့်ကျင်ဘက် အမျိုးအစား။

"ကော်ဖီပူပူ သောက်မလား ကိုနောင်"

"ကောင်းသားပဲ၊ ဗိုက်ထဲက နည်းနည်းဆာချင်တယ် အိုက်ခမ်းကို ပြောပါလား … ဘယ်မလဲ"

ခုမှ သတိရသည့် နမိုးနီးယား ကိုယ်တော်ကြီး… လည်း စကားတွေ သွက်လွန်းသည်။ ဆရာဝန်တစ်ယောက်… ရှိနေတာ တိုက်ရမလား ဆိုတာလေးများ မေးဖို့ တိုင်ပင်ဖို့ သတိမရကြ။

"အဆင်သင့်ရှိတယ်"

ငုတ်တုတ်ဖြစ်နေသည့် ရဲသွေးနောင်ကို ကျောဘက်… လည်း သိုင်းပွေ့သည်။ လက်တစ်ဖက်က ရင်ဘတ်ကို တွန်း… ဖြည်းဖြည်းလှဲသည်။ စောင်ခြုံပေးခဲ့ပြီးမှ ခန့်ညား ခုတင်ပေါ်… ဆင်းသည်။ မညင်သာလိုက်သည်မှ ခုတင်ခများ တကျွိကျွိအော်… ကျန်ရစ်၏။

"စောစောကတည်းက ဓာတ်ဘူးနဲ့ ထည့်ပြီးသား"



နန်းကေသီရော ရဲသွေးနောင်ပါ မနိုးကြစဉ်ကတည်းက သူ့ အဆင်သင့် လုပ်ပြီးသား။ ယောကျ်ားလျာဆိုပေမင့် ကိုယ့်အမေကို ပြုစုခဲ့ဖူးသူ၊ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်ဝန်ကိုယ်ထမ်းရသူမို့ ခန့်ညားတို့က စိတ်သာပါပစေ၊ အောက်သက်က အလွန်ကျေ။

"ရော … ဒေါက်တာလည်း သောက်ပါဦး"

တမင်တကာ ညှော်သည်ကြီးတဆူ လုပ်ပစ်ကာ ကော်ဖီတစ်ပန်းကန် သွားပေးသည်။

"ဟင့်အင်း… အိပ်ရာက နိုးလာတာ၊ သွားမတိုက်၊ ပါးစပ်မဆေးနဲ့"

ဆရာဝန်အမျိုးသမီးက ခေါင်းယမ်း၍ ငြင်းသည်။ ခန့်ညား ဘာမျှ ပြန်မပြောတော့။ ရဲသွေးနောင် ခုတင်ပေါ်သို့ ပြန်တက်သည်။

"ကိုနောင် ထနိုင်လား"

မှားပြီ … ကော်ဖီပန်းကန်တစ်ဖက်နှင့်မို့ လက်မအား။ အကယ်ဆို ကော်ဖီပန်းကန်ကို ချထားခဲ့ဖို့ ကောင်းသည်။ ခုတော့ နန်းကေသီက မ,ထူပေးနေပါပကော။

ငါ့အစ်ကို … ဆိုသည့် စိတ်ဖြင့် ခန့်ညား ရင်ထဲမှာ ခံတင်းသည်။ ရဲသွေးနောင် ပုံစံကျတော့ ခန့်ညားကို အားနာနေပုံရသည်။

"နွေးနွေးလေးပဲ … သောက်"

ခန့်ညားက ပန်းကန်ကို ကိုင်၍ တိုက်ရန် ပြင်၏။

"နေဦး … တင်ပရေချာ ယူရဦးမယ်၊ ကော်ဖီသောက်လိုက်ရင် အာပူသွားတော့ အမှန်ကို မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောတာ ဟုတ်နေပြန်တော့ ငြိမ်ခံလိုက်ရပြန်၏။ ဘတပြန် ကျားတပြန်ပဲကွ ... ဟု ကိုယ့်ဘာသာ ကျိတ်ပြုံးမိသေးသည်။ မိမိ အစ်ကိုနှင့် သည်အမျိုးသမီးတို့၏ ရင်းနှီးမှုအကိုင်းအတာက အဘယ်မျှ နက်ရှိုင်းသနည်း ဆိုတာကိုတော့ ခန့်ညားမသိပါ။

သို့ပေမဲ့ ... ဤသို့ မာကျောကျော ဘဝင်လေဟာသည့် ပုံစံမျိုးနှင့် အမျိုးသမီးကို၊ မိမိ အစ်ကိုနှင့် မနီးစပ်စေချင်။ ကိုနောင့် ရည်းစားဆိုလျှင်တောင် အိမ်ထောင်သာကျကြည့်၊ ကိုနောင်တို့ အနိုင်ခံလိုက်ရမည့်ဖြစ်ခြင်း။

"ဟန်ဒရက်အင်ဝမ်းပဲ ရှိတော့တယ်၊ ဆေးတစ်လုံး ထပ်သောက်ရမယ်၊ နောင် ... နေသာထိုင်သာ ရှိရဲ့လား"

ဆေးလုံးကို သူ့လက်နှင့်သူ၊ ကိုနောင့်ပါးစပ်ထဲလာထည့်တော့ ... ဘယ်လိုအမျိုးသမီးလဲ၊ သူစိမ်းတွေ ရဲတင်းလှချည်လား။ အလိုမကျပေမဲ့ လိုက်လုလို့ မဖြစ်တော့ပြီမို့ ကြည့်နေလိုက်ရတော့သည်။

ကိုနောင့်ကို ကော်ဖီတိုက်ရင်း ရင်ထဲမှာ ပီတိတစ်မျိုး ဖြစ်ထွန်းမိသည်။ အထီးကျန်ဘဝမှ တွယ်တာစရာကို ရှာဖွေတွေ့ရှိသည့်နှယ်ပါ။

အမွေတွေ ခွဲမပေးချင်လည်း နေပါ ကိုနောင် ... သည်မိန်းမနဲ့ ကင်းကင်းနေပြီး၊ ကိုနောင့်ကို စိတ်ချမ်းသာမှု ပေးနိုင်မည့် မိန်းမကို ယူရင် ခင်ဗျားတို့အိမ်မှာ ကျန်ထော်ကူတွေ တုမတွေ ထိန်းပေးချင်တယ်ဗျာ ... ရင်ထဲက စေတနာ ပဲ့ပဲလေ။



"နေသာရဲ့လား"

"ကောင်းသလောက်တောင် ဖြစ်သွားပါပြီး ပင်ပန်းနေမှာပေါ့၊ သွားအိပ်လိုက်ပါလား ခန့်ညား"

အကြင်နာစကားပေမဲ့ ခန့်ညား စိတ်တိုမိ၏။

သူတို့နှစ်ယောက်တည်း ဒီအခန်းထဲမှာ ထားခဲ့လို့ သင့်တော်ပါ့မလား၊ ဒီလူနာကလည်း အမဲခြောက်များ စားချင်သလားမသိ။

"ရတယ် ... မေမေ့တုန်းကဆို"

စကားမှားသွားပြီ။

"ဩော် ... ခန့်ညားအမေကို ပြုစုဖူးတယ်လား"

"လှူပဲဗျ ... အမေမရှိဘဲ မွေးမလား၊ အမေရှိရင် ပြုစုဖူးမှာပဲပေါ့"

ရဲသွေးနောင် ပြုံးပြသည်။ မချိသွားဖြဲကလေး၊ သူ့ခမျာ ... စောစောကဆို သတိပင် မရ။ ခုမှ သတိရကာစမို့ နုံးခွေနေဟန်တူ၏။

"ပင်ပန်းလိုက်တာ ခန့်ညားရယ်"

ယောကျ်ားစင်စစ်ကြီးကမှ စကားပြော နူးညံ့သေးသည်။ 'ရယ်'တို့ 'နော်'တို့ဖြင့် ချိုကြည်နွဲ့၏။ ခန့်ညားတို့ကတော့ ပြောလိုက်လျှင် အနုအနွဲ့မပါ။ တုံးတိတိကြီးများသာ။

"နောင် ... ပြန်အိပ်လိုက်ဦး၊ အားနည်းနေတာ"

နန်းကေသီ ဖေးမမည့်ဟန် ပြုတော့၊ ရဲသွေးနောင်က ရတယ်ဟုဆိုကာ သူ့ဘာသာ လှဲအိပ်သည်။ ကောင်းလေစွ။

www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားက ကော်ဖီပန်းကန်ကို စားပွဲပေါ်သို့ သွားတင်သည်။ သူ့အတွက် တစ်ပန်းကန်ငှဲ့ကာ မှုတ်သောက်၏။ သွားမတိုက် ပါးစပ်မဆေးရသေးသူကို မပေးတော့ပါ။ ဆာရာဝန်နှင့် လူနာကို ခပ်လှမ်းလှမ်းမှသာ ကြည့်နေလိုက်သည်။ နန်းကေသီက ရင်ဘတ်ထိ စောင်ဆွဲခြုံပေးမည်လုပ်တော့ ရဲသွေးနောင် သူ့ဘာသာ ခြုံနှင့်သည်။ သိပ်ကောင်း။

နန်းကေသီက ဝွမ်းကပ်တစ်ထပ် ထပ်ခြုံပေးနေသည်ကို ကော်ဖီနောက်ဆုံးအကျိုက်သောက်ရင်း မျက်မှောင်ကြုတ်ကာ ကြည့်ပစ်လိုက်တော့သည်။

"ကိုနောင်နဲ့ သမီး ရည်းစားလား၊ ဒီမိန်းမက အတင်းကြိုက်နေတာလား၊ တစ်ခုခုတော့ တစ်ခုခုပဲ"

ရင်ထဲမှာ သဘောမတူလိုက်သည့် ဖြစ်ခြင်းရယ်။

ဏ ဏ ဏ



## ချယ်ရီဝင်အောက်မှ ပီယောက်ပွင့်သည်

သည်နေ့ ... ရဲသွေးနောင် ထမင်း စ,စားသည်။

"ကိုနောင်"

ဘာလဲဆိုသည့် ပုံစံနှင့် ရဲသွေးနောင်က မေးဆတ်ပြသည်။ လူကတော့ အိပ်ရာပေါ်မှာပဲ။ စောစောတုန်းက အနွေးထည်နှစ်ထပ်ဝတ်ကာ ထမင်းစားခန်းတွင် ဖြူနွဲ့တို့ ခန့်ညားတို့နှင့် အတူ ထမင်းထိုင်စားခဲ့သည်။ အိပ်ရာထဲ ပြန်ရောက်တော့ ခုတင်ခေါင်းရင်းမှာ ခေါင်းအုံးများခု၍ ခပ်မှီမှီ ထိုင်နေသည်။

ခန့်ညားက ထုံးစံအတိုင်း ခုတင်စွန်းမှာ တင်ပါးလွှဲ။

"စကားများများပြောရင် မောမလား"

"ဘာတွေ မေးမလို့လဲ၊ ရပါတယ်၊ အဖျား ကျသွားပြီဟာ"

"မေးချင်တာက တစ်ခုတည်းပါ၊ ဒါပေမဲ့ ကိုနောင်က အရှည်ကြီး ဖြေရမယ်"

"မေးလေ ... နေဦး၊ မမေးခင် တစ်ခုပြောဦးမယ်"

"ပြော"

"ကျွန်တော် ဖျားလိုက်တာ ကံကောင်းသွားတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ... ဒေါက်တာနန်းကေသီရဲ့ အပြုအစုတွေ ခံလိုက်ရလို့လား"

"ဖွတ် ... ခန့်ညားနဲ့ ကျွန်တော်နဲ့ ကြည်သွားလို့ ပိစိဖြစ်သွားလို့"

"ဘယ်တုန်းက မကြည်လို့လဲ"

"ခန့်ညား ကျွန်တော့်ကို မကြည်ပါဘူး၊ မျက်နှာချင်းဆိုင်လိုက်ရင် ဘုကျတာချည်းပဲ"

"ကျွန်တော်က စိတ်ဆတ်လို့ပါ၊ ကိုနောင် ဖျားတော့ အရမ်းစိတ်ပူတယ်၊ သိတယ် မဟုတ်လား၊ ကျွန်တော်က ဆွေမျိုးမရှိ၊ ဒီတော့ ရှင်မင်းထွန်း အားကိုးနဲ့ မှီခိုနေရတော့ ကိုနောင်တို့ကို ခင်ပါတယ်"

"ကျေးဇူးလည်းတင်၊ အားလည်းနာ၊ ခန့်ညားက အရမ်းဝင်ပန်းသွားတယ်နော်၊ ပိန်တောင်သွားတယ်"

"အမယ် ... ကျားကိုးစီးစားလို့ မကုန်နိုင်ပါဘူး"

သူ့လက်မောင်းကို ကွေးကာ၊ ကာယမောင်တွေ ကိုယ်ဟန်ပြသလို လုပ်ပြသောကြောင့် ရဲသွေးနောင် သဘောကျရယ်သည်။

သည်မိန်းကလေးနှယ်၊ မရှုးမနှမ်းနှင့်၊ မိန်းကလေး ပီပီသသလေးများဆို ဘယ်လောက်ကောင်းလိုက်မလဲ၊ သူ့ရုပ်ကလေးက ချောပါဘိသနှင့်။

"ဟော့ ... စကားတွေ လျှောက်လွှဲမနေနဲ့၊ ဒီကမေးမှာ"

"မေးလေ"



"ဒေါက်တာနန်းကေသီနဲ့ ကိုနောင်နဲ့ ဘယ်လို ပတ်သက်ခဲ့သလဲ၊ ပတ်သက်နေသလဲ၊ ပတ်သက်ဦးမှာလဲ"

"ဟား ... ဟား ... မေးခွန်းက အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် စုံသွားတာပဲ"

"အဲဒီ အမျိုးသမီးကို ကျွန်တော် ကြည့်မရဘူးဗျ"

"ဘာဖြစ်လို့လဲ"

"ကွယ်ရာပြောတော့ အတင်းဖြစ်မှာပဲ၊ သူက ကိုနောင့်ကို ဆက်ဆံတာ ရဲတင်းလွန်းတယ်"

"သူက ခေတ်ဆန်လို့ပါ"

"စီးစီးပိုးပိုးနဲ့ သူ့အိမ်ကျုံနေတာပဲ"

"စီးပိုးတာ မဟုတ်ပါဘူး၊ ရင်းနှီးတာပါ၊ ဦးစိုင်းစံအေးတို့ အိုက်ခမ်းတို့ကို သူက ရဲရဲတင်းတင်း စီမံတာမျိုးပါ"

"မဟုတ်ပါဘူး၊ ဘဝင်မြင့်တာ၊ မာကျောတာ"

"မာတယ် ပြတ်တယ်လို့ ပြောရင် ရမလား မသိဘူး၊ စိတ်သဘောထားတော့ မဆိုးပါဘူး"

"ဪ ... ခင်ဗျားက ကာကွယ်တယ်ပေါ့လေ"

"ခန့်ညားက ဘယ်လို မြင်လို့လဲ"

"ကိုနောင်နဲ့ အရမ်းခင်တာပဲလား၊ အောင်ပန်းကပဲပေါ့"

"အောင်ပန်းကပဲ၊ ဆွေကြီးမျိုးကြီးထဲက၊ ပိုက်ဆံလည်း နည်းနည်းပါးပါး ချမ်းသာတယ်"

"အရမ်းခင်သလား ဆိုတာလည်း ပြောဦးလေ"

"တစ်ချိန်တုန်းကတော့ ခင်ရုံတင်မကခဲ့ဘူးပေါ့လေ"

"ဟင် ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကျွန်တော်က သူ့ကို ချစ်တယ်လို့ ပြောခဲ့ဖူးတယ်"

"ဪ"

"အင်းလေ ... ချစ်တယ်လို့ ထင်ခဲ့မိတာပါ၊ အချစ်ရိုးမ တောင်ကြီးကို မမြင်ဖူးတော့လည်း ခြတောင်ပို့ကို မြင့်လှပြီ ထင်ခဲ့တာမျိုးပေါ့"

"ဒါဖြင့် ကိုနောင့်ရည်းစားပေါ့"

"ဟိုတုန်းကတော့ ဟုတ်တယ်"

"ခု မဟုတ်တော့ဘူးလား"

"သူ့မှာ ယောကျ်ားရှိတယ်"

"ဟင် ... သူ့ယောကျ်ားက ကိုနောင့်ကို ညအိပ်ညနေ လာပြုစုတာ မတားဘူးလား"

"သူ့ယောကျ်ားက နိုင်ငံခြားမှာ"

"ဟာ ... ယောကျ်ားကွယ်ရာမှာဆိုရင် ပိုပြီးတောင် ဆင်ခြင်ရဦးမှာ"

"သူတို့က ကွဲသွားပြီလို့ ပြောရမလား၊ ဟိုက နိုင်ငံခြားကို အပြီးထွက်သွားတာ၊ သူက မလိုက်ဘဲ ကျန်ခဲ့တယ်"

"ကလေးရော"

"မရှိဘူး၊ သူ့မိဘတွေနဲ့ အောင်ပန်းမှာ နေခဲ့တယ်"

"ဘာလို့ လိုက်မသွားတာလဲ"

"ကေသီဟာ ခေတ်ဆန်တယ်၊ မာနကြီးတယ်၊ အမြင့်ကိုပဲ မှန်းတယ်၊ ဒါပေမဲ့ ချိုးကျူးစရာလေး တစ်ချက်က ကိုယ့်မြေကိုယ့်ရေကိုတော့ တစ်သက်တာ မခွဲခွာနိုင်ဘူးတဲ့"



"ဪ"

"ကျွန်တော့်ဘက်က ဆင်ခြင်ရမဲ့ အပိုင်းတွေ အများကြီး ရှိပါတယ်၊ ကျွန်တော် နေထိုင်မကောင်းရင် သူ့ကို ဘယ်တော့မှ မပြောဘူး၊ ဟိုနေ့ကတော့ သူက ခြံထဲကို လာလည်တုန်း တအားဖျားနေတာနဲ့ ကြုံလို့ သူ တင်ခေါ်လာတာ၊ ဂျစ်ကားက သူ့ကား"

"ခြံထဲကို ဘာလာလုပ်တာလဲ"

"လာလည်တာ"

"ကိုနောင့်ကို ပြန်ကပ်ချင်ပုံရတယ်"

"အိုက်ခမ်းတို့ကလည်း ဒီလိုပဲ ပြောတယ်၊ ဒါပေမဲ့ ..."

"ဘာဖြစ်လဲ"

"သူ့ကို ချစ်တယ်လို့ ထင်ခဲ့တာ၊ ငယ်နုစဉ်က နီးစပ်မှု ကြောင့် စိတ်ကစားတာမျိုးပါ၊ အခု ချစ်လို့မရတော့ဘူး"

"ကိုနောင် ... လန့်သွားပြီလား"

"လန့်တာရော၊ နောက်ပြီး သူ့ကို ချစ်လို့ မရတော့ဘူးလို့ ပြောပြီကော"

"ဒါပဲ၊ ကိုနောင်တို့တွေ အပျိုဆိုရင် ငမ်းငမ်းတက်ကြပြီ၊ ဟိုက တစ်ခုလပ် ဖြစ်သွားလို့ မဟုတ်လား"

"မဆိုင်ဘူး ထင်တယ်၊ သူနဲ့ ကျွန်တော်နဲ့ဟာ အသွင်မတူဘူး၊ ဒါလည်း အဓိကတော့ မဟုတ်ပါဘူး၊ ဆယ်ကျော်သက်အရွယ်မှာ အချစ်ဆိုတာကို စိတ်ကူးယဉ်ပြီး လက်တည့်စမ်းကြည့်ချင်တတ်တာပဲ၊ တကယ်ဆိုတော့ ဆယ်ကျော်သက်ရဲ့ ဆုံးဖြတ်ချက်ဟာ အသက်အရွယ်ရလာတဲ့

www.burmeseclassic.com



အခါထိအောင် မနိုင်မြဲတတ်ပါဘူး၊ သူ့ကို ချစ်တယ်ဆိုတာ အပေါ်ယံတိမ်တိမ်ကလေး၊ စိတ်ကူးယဉ်ခဲ့တာပါ”

“သူက ပြန်ဆက်မယ် ဆိုရင်ကော”

“အလိမ္မာနဲ့ ရှောင်ရမှာပေါ့၊ ဒီနေရာမှာ ယောကျ်ားဖြစ်ရတဲ့အတွက် အခွင့်အရေး ဆုံးရှုံးရတယ်”

“ကြံကြံဖန်ဖန်”

“ဟုတ်တယ်၊ မိန်းကလေးဆိုပါတော့၊ ယောကျ်ားလေးတစ်ယောက်က ချစ်ပါတယ်လို့ လာပြောရင် ငြင်းရမှာအားနာစရာမရှိဘူး၊ ရန်တွေ့မလား၊ ပါးရိုက်မလား၊ လူမှုရေးရှုထောင့်က ခွင့်လွှတ်တယ်၊ ယောကျ်ားလေးကျတော့”

“ဘာဖြစ်လဲ”

“ကျွန်တော် ငယ်ပါသေးတယ်လို့လည်း ပြောလို့မဖြစ်၊ စဉ်းစားပါရစေဦးဆိုလည်း အားနာစရာ”

“ဟား … ဟား”

ခန့်ညားက အထိန်းအကွပ်မဲ့ ခွက်ထိုးခွက်လန်ရယ်သည်။

“ရန်တွေ့တာတွေ၊ လက်သီးနဲ့ ထိုးလွှတ်တာတွေသာလုပ်လိုက်ရရင် လူမှုရေးအမြင်မှာကိုက ခွင့်လွှတ်စရာမဟုတ်တော့ဘူး၊ ဟုတ်တယ်၊ တကယ် အားနာစရာ ကောင်းတယ်၊ ဒါကြောင့် ယောကျ်ားလေးဖြစ်တိုင်း ကောင်းတာမဟုတ်ဘူး ယောကျ်ား ဖြစ်ရတဲ့အတွက် ဆုံးရှုံးလက်လွှတ်ရတာတွေအများကြီး”

“ထူးထူးဆန်းဆန်း ကြားရတယ်ဗျာ”



ခန့်ညား ဆက်ရယ်နေသည်။

“မိန်းကလေးလည်း မိန်းကလေးမို့ အခွင့်အလမ်း ပိတ်ဆို့တာတွေ ရှိသလို ယောကျ်ားလေးလည်း ယောကျ်ားလေးမို့ နစ်နာတာတွေ ရှိတယ်၊ ဥပမာ … ယောကျ်ားလေးနဲ့ မိန်းကလေး နှစ်ယောက်တည်း ရှိနေတုန်း အလေးအပင်သယ်ဖို့ ကိစ္စပေါ်လာရင် မိန်းကလေးက အကြော့သား၊ ယောကျ်ားလေးက ထမ်းပေတော့၊ သူက ဘာလို့ ယောကျ်ားဖြစ်နေသေးလဲ၊ မညာမဖြစ် ညာရရော၊ ယောကျ်ားဖြစ်တိုင်းကောင်းတာ မဟုတ်ဘူးလို့၊ ဒါကြောင့် ပြောတာ”

“ကိုနောင်ပဲ ကတ်သီးကတ်သတ် တွေးတတ်တယ်”

“ရှင်မင်းထွန်း အပေါ်ထပ်မှာလား”

မဆီမဆိုင် မေးခွန်းကြောင့် ခန့်ညား မျက်ခုံးနှစ်ခုအတွန့်ကျိုးသွားသည်။ အရုပ်ဆိုးသူများ မျက်နှာထား စူပုပ်သွားလျှင် သရဲသဘက်နှယ် အကြည့်ရဆိုးသွားတတ်၏။ လှသည့်သူများကျတော့ ရှုံ့မဲ့ထားလျှင်တောင် အလှပုံစံတစ်မျိုး ဖြစ်ထွန်း၏။

တော်တော်လှတဲ့ ကောင်မလေး … ဟု ရဲသွေးနောင်တွေးလိုက်မိ၏။

“ဘာလုပ်မလို့လဲ”

“ကျွန်တော်နဲ့ ခန့်ညား ဒီအခန်းထဲမှာ နှစ်ယောက်တည်းကြာသွားပြီ၊ လူမှုရေးရှုထောင့်အရပေါ့ဗျာ၊ ခန့်ညားကိုအားနာလို့”

“ဟာ … ခင်ဗျား … ခင်ဗျား”

ခန့်ညား ယောင်ယမ်းကာ ခုတင်ဖွှန်းမှာ ထသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုနေဘောင် နေကောင်းတာနဲ့ ရန်ဖြစ်ချင်စွာဘဲ"

"မဟုတ်ဘူး ခန့်ညား၊ အမှန်ကို ဘယ်လိုညာပြီး သိရမလဲ၊ ကျွန်တော် ခန့်ညားကို အားနာ"

"တော်ပြီ ကိုနေဘောင်၊ ကျွန်တော် ဒေါက်တာနန်းကေသီ မဟုတ်ဘူး"

ခန့်ညား မျက်နှာ တွတ်တွတ်ရဲကာ မျက်ရည်တွေ ဝဲတက်လာသည်။ ရင်ထဲမှာ ဆွေ့ဆွေ့ခုန်၏။ ရှက်လည်းရှက်၊ ဒေါသလည်းထွက်၊ ရက်စက်စွာ အထင်သေးနိုင်ရန်ကောဟု ခံပြင်းနာကြည်းစိတ်ဖြင့် ဆတ်ဆတ်ခါ တွေးမိသည်။ ခုတင်ဘေးမှာ ခြေစုံရပ်ကာ တစ်ကိုယ်လုံး တုန်လာသည်။ တစ်သက်နှင့်တစ်ကိုယ် မခံရပ်နိုင်အဖြစ်ဆုံး။

"ခင်ဗျား သိပ်ရိုင်းတဲ့လူ"

လူမမာ နာလန်ထသော မဟုတ်လျှင်တော့ ကိုင်ပေါက်ပစ်မိမည်ထင်သည်။ ခုတော့ ခန့်ညား ချာခနဲ လှည့်အထွက် ...

"ဟော့"

လူမမာက ခုတင်ထက်မှ ခုန်ထကာ လက်ကိုဖမ်းဆွဲထား၏။

"ဒီလို မဟုတ်ဘူး ခန့်ညား၊ စိတ်မဆိုးနဲ့"

ခန့်ညား အားကုန် ဆွဲဆောင့်ရုန်း၏။ မလွယ်။

"လွှတ် ... စကားနဲ့ စော်ကားရရင် တော်တော့၊ ကိုယ်ထိလက်ရောက် လုပ်မလာနဲ့"

မှိမှိ စကားတွေက မိမိ မိန်းမသားဖြစ်ကြောင်း ဝန်ခံရာ ရောက်သွားမှန်း သတိမထားလိုက်မိပါ။ ကြိုးစား၍သာ



ရုန်းကန်သည်။ မလွတ်ပါလား။ ဒါတောင် ကိုယ်က ကျန်းကျန်းမာမာကြီး၊ ဟိုက သည်နေ့မှ ထမင်းစ,စားရသူ။

ယောက်ျားသည် ယောက်ျားခွန်အားနှင့်ပေပဲ။

မိန်းမသားဟူသည် ဘောင်းဘီဝတ်ရုံ၊ ရှပ်အင်္ကျီဝတ်ရုံ၊ ကျွန်တော် ခင်ဗျား ပြောရုံနှင့် ယောက်ျားခွန်အားတွေ ပြည့်စုံမလား၊ ယောက်ျား ဖြစ်မလာပါလား။ မိန်းမသားဟူသည် အားနွဲ့မျိုး။

"ဒီလို အထင်လွဲပြီး ထွက်သွားရင် မလွှတ်နိုင်ဘူး"

လူချင်း ယှဉ်ရပ်နေရာမှ ခန့်ညား လက်နှစ်ဖက်လုံးကို မြဲမြဲစွာ အုပ်ထားသည်။

"ခင်ဗျား အထင်သေးတတ်လှချည်လားဟင်"

"မဟုတ်ဘူး၊ အဲဒီသဘောနဲ့ ပြောတာ မဟုတ်ဘူး"

"ကျွန်တော် ... ကျွန်တော် ... ခင်ဗျားကို အနီးကပ် ပြုစုတာ ကိုယ့်အစ်ကိုဆိုပြီး"

ခန့်ညား ရုန်းကန်အော်ဟစ်ကာ ခေါင်းကို ဘယ်ညာယမ်းသည်။

"မင်း စေတနာကို နားလည်တယ်၊ ဒီကောင့်ရင်ထဲက ဘယ်လိုဖြစ်နေသလဲ၊ မင်းသိလား၊ မင်းအတွက် ပြောတာ"

"ဟင့်အင်း ... ဟင့်အင်း ... ကိုနေဘောင် ... ကျွန်တော်"

လက်နှစ်ဖက်ကို မြဲမြဲစွာ ဆုပ်ကိုင်ထားရာမှ ပခုံးနှစ်ဖက်သို့ ပြောင်းဆုပ်သည်။ သည်တော့မှ ပို၍ ရုန်းမရ။

"မင်းကို ... မင်းကို"

"ကိုနေဘောင် ... ကျွန်တော် ရှင်မင်းထွန်း၊ ခင်ဗျား ညီမနှစ်ဝမ်းတည်း ကွဲသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မင်းက ရှင်မင်းထွန်းတဲ့လား၊ ညီမ တော်တယ်တဲ့လား"

အဆုပ်အမြဲကို မလျှော့ပေမဲ့ လေသံက လျော့ကျသွားသည်။

"ဟုတ်တယ်၊ ခင်ဗျား ညီမ၊ ကိုယ့်အစ်ကိုမို့ ကျွန်တော် နီးနီးကပ်ကပ် ပြုစုတာ၊ ခင်ဗျား မိုက်ရိုင်းတဲ့စိတ်တွေ မမွေးနဲ့၊ မိုးကြိုးပစ်လိမ့်မယ်"

"မင်းက တို့ညီမဆိုတော့ မိန်းကလေးပေါ့"

"ခင်ဗျား သိရဲ့သားနဲ့၊ တစ်ဖက်သား မကြိုက်တာကို ပြောချင်ရတာလဲ"

သူ့ညီမအဖြစ် လက်ခံသည့်ပုံစံမို့ ရှင်မင်းထွန်း အကြောက်အလန့် ပြေသွားရ၏။ အရှန်းအကန် လျှော့သည်နည်းတူ လေသံလည်း အထန်အမာ လျော့သွားရသည်။

"မင်းထက် ခုနစ်နှစ်စောပြီး ထမင်းစားလာတာပဲကွာ၊ ဘယ်သူဟာ ရှင်မင်းထွန်း၊ ဘယ်သူဟာ ဖြူနွဲ့ဆိုတာ တို့ မသိဘဲနေမလား"

"ဟင် ... ဖြူနွဲ့ဆိုတဲ့ နာမည်လည်း သိတယ်"

ရှင်မင်းထွန်း အံ့သြစွာ မော့ကြည့်သည်။

"တို့တွေဟာ မောင်နှမပဲ၊ မောင်နှမဆိုတာ တစ်ခန်းထဲမှာ နှစ်ယောက်တည်း ဘယ်နှနာရီကြာကြာ ဘာဖြစ်လဲ၊ အေး အေးဆေးဆေးထိုင်"

ပြုံး၍ပြောကာ ရှင်မင်းထွန်း ပခုံးကို ဖိချထိုင်ခိုင်းသည်။ ရှင်မင်းထွန်း မေကာတ်ကတ် လုပ်နေသည်။



"ရှင်မင်းထွန်း အမည်ခံထားတဲ့ ဖြူနွဲ့ကို အနားမှာ ခေါ်ထားစရာ မလိုဘူးလေ"

သူ့အပြုံးက ပီတိရွှန်းကာ ကြင်နာမှုများဖြင့် လက်လက်ဖြာနေ၏။ ရှင်မင်းထွန်း မော့ကြည့်ရင်းက ပြန်ပြုံးမိလျက်သား ဖြစ်သွားရသည်။ ခုတင်စွန်းမှာ ပြန်ထိုင်ချသည်။

ဒီကမ္ဘာမှာ တွယ်တာစရာ သွေးသားဆိုလို့ အနီးစပ်ဆုံးဆွေမျိုး၊ ဒီအစ်ကိုတစ်ယောက်တည်းရယ်လေ။

"မောသွားတာပဲကွာ"

ရှိသွေးနောင် ခုတင်ပေါ် ပြန်တက်ကာ ခေါင်းအုံးကို ပြန်မှီသည်။

"သေသွားရင် အေးရော"

ရှင်မင်းထွန်း နှုတ်ခမ်းစူ၍ ပြောမိသည်။

"ညီမလေးကို မိန်းမသားအသွင်အပြင်နဲ့ပဲ မြင်ချင်တယ်"

"ခင်ဗျား တမင်လုပ်တာပေါ့"

"ကိုယ့်အစ်ကိုကို ကိုကိုလို့ခေါ်"

ရှင်မင်းထွန်း ပြုံးမိပြန်၏။ ရင်ထဲမှာ ကျိတ်ကာ 'ကိုကို' ဟု ခေါ်ကြည့်မိသည်။ ပြီးတော့ ရှက်ကိုးရှက်ကန်းဖြင့် မျက်နှာလေး ရဲသွားရ၏။ မေမေကလွဲရင် ကိုကို့ကို ဒုတိယ အချစ်ဆုံးပဲလေ။

ဖေဖေဆုံးတော့ ဆယ်နှစ်သမီး။ မေမေသည်သာ တစ်ဦးတည်းသော အချစ်ဆုံး ဖြစ်နေခဲ့သည့်ဘဝ။ မေမေ မရှိတော့ ချစ်ရမည့်သွေးသား ဘယ်မှာနည်း။ ကိုကို တစ်ယောက်တည်းရယ် ပါ။

www.burmeseclassic.com

www.burmeseclassic.com



"တခြားနည်းနဲ့ ပြောရောပေါ့ ကိုနောင်ရယ်၊ မောင်နှမချင်း မျက်နှာပူရအောင်"

ကိုကိုဟု ခေါ်ရန် နှုတ်မရဲသေးပါ။

"ရှင်မင်း ကိုကို့ကို ချစ်လား"

"ချစ်ပါတယ်၊ ချစ်စရာဆိုလို့ ဒီအစ်ကိုတစ်ယောက်တည်း၊ အစတုန်းက မချစ်မိသေးပါဘူး၊ ကိုနောင် ဖျားမှ ထို ဒေါက်တာ နန်းကေသီကို ယောက်မ မတော်ချင်တာကစပြီး ကိုယ့်အစ်ကိုကို ဒီလောက်ချစ်ပါလားလို့ တွေးမိတယ်၊ မပြောကောင်း မဆိုကောင်း တစ်ခုခု ဖြစ်သွားမလားလို့ အရမ်း စိတ်ပူမိသေးတယ်"

ရှင်မင်းထွန်း ရှက်ကိုးရှက်ကန်း ပြောနေသည်။

"ကိုကိုကလည်း ရှင်မင်းကို သိပ်ချစ်တာ၊ ဒီနေ့ကစပြီး ကိုကို့ ပြောစကား နားထောင်ရမယ် ဟုတ်လား"

"ဒါတော့ ပြောတဲ့စကားပေါ်မှာ မူတည်တယ်"

"ထဘီဝတ်ရမယ် ဆိုရင်ကော"

"ဟာ ... မဝတ်ချင်ပါဘူး"

"ကိုကို့ကို ချစ်တယ်ဆို"

"ချစ်တာက တခြား"

"ကိုကို မြိုမထားနိုင်တော့ဘူး ရှင်မင်းရယ်၊ တကယ်တော့ ကိုကိုဟာ ရှင်မင်းနဲ့ ဘာမှ မတော်စပ်ပါဘူး"

"ဟင် ... ဒါဖြင့်"

ရှင်မင်းထွန်း ဖြုန်းခနဲ ထရပ်သည်။ ရဲသွေးနောင် တို့ကလည်း မြန်ပါပေ့။ လက်တစ်ဖက်ကို ဖမ်းဆွဲထားပြန်ပြီ။



"အေးအေးဆေးဆေး ထိုင်နားထောင်ပါကွယ်၊ ပြောစရာတွေ ကလည်း အများကြီး၊ ရှင်မင်းက မိန်းမသားပေမဲ့ ကိုကိုက နာလန်ထဆိုတော့ ရှင်မင်း ရုန်းတာကန်တာနဲ့ သိပ်မောတာ ပဲ"

"ဒါဖြင့်ရင် လွှတ်ပါလား"

"ရှင်မင်း ငြိမ်ငြိမ်ထိုင်နားထောင်မယ်လို့ ကတိပေးမလား"

"ပေးတယ် ... လွှတ်"

"တည်စေနော်"

"အင်းပါ"

ရှင်မင်းထွန်း လက်ကို လွှတ်ပေးတော့ ပြန်ထိုင်ချ ရပြန်သည်။

"ရှင်မင်းထွန်းနဲ့ ကိုကိုနဲ့ အမျိုးမတော်ပါဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ ကိုကိုက ဦးစောရန်နောင် ပထမအိမ်ထောင်ရဲ့ တူမက မွေးတဲ့သား"

"ဟင်"

"မေမေကြီး ဒေါ်မြလေးနွယ်က နောက်အိမ်ထောင်၊ ရှင်မင်းက မေမေကြီးရဲ့ မြေးဆိုတော့"

"ဪ ..."

သည်လိုဆိုတော့လဲ သွေးဘယ်စပ်ပါ့မလဲလေ။

"ကိုကို ... ရှင်မင်းကို ချစ်တယ်၊ ညီမလေးလို ချစ်တာမဟုတ် ဘူး၊ လက်ကိုင်အိတ် ဈေးလာဆစ်ကတည်းက သူ့ကိုယ်သူ တေဇာ ဆိုတဲ့ နှုတ်သီးကောင်းလျှာပါး ယောကျ်ားလျာမ လုလုလေးကို ချစ်ခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



"အို ..."

ရှင်မင်းထွန်း ခေါင်းငုံ့ကျသွားရတော့သည်။ သည်တုန်းက ဆံပင်အရှည်ကြီးနှင့် လမ်းသရဲလား၊ လမ်းပြိတ္တာလားထင်ရမည့်ပုံစံကြီးက ကိုကိုဆိုပဲ။

"ရင်ထဲမှာ တစ်ခါမှ မဖြစ်ထွန်းခဲ့ဖူးတဲ့ အချစ်မျိုးပါ၊ ရှင်မင်း ယုံစေချင်တယ်၊ ရှင်မင်းကို ကိုကို တကယ်ချစ်တာပါ၊ ဒါကြောင့် ကေသီနဲ့အကြောင်းကို ဝန်ခံတာပေါ့ ရှင်မင်းရယ်"

ရဲသွေးနောင် လှမ်းမဆွဲနိုင်ခင်မှာ ရှင်မင်းထွန်း လှစ်ခနဲ ထပြေးပါလေတော့သတည်း။

⁂

နေမထိ ထိုင်မသာ ...

ဤစကားက ကွက်တိဝင်နေသည်။ မည်သို့မျှ နေ၍မရ၊ ဆောက်တည်ရာမရဘဲ ခုတင်ပေါ်တွင် ဘယ်ပြောင်းညာပြောင်း လူးလိမ့်နေမိသည်။ ခေါင်းအုံးကြီးကို တအားလည်း ဖက်ပြီးပြီ၊ အခန်းထောင့်သို့လည်း ပစ်ပေါက်ပြီးပြီ၊ ပက်လက် မှောက်လျက် ကွေးကွေး၊ ဆန့်ဆန့်၊ အတည့်၊ စောက်ထိုး အိပ်ရာထက်တွင်လည်း ပုံစံစုံပြီ။

ထထိုင်တော့ကော သက်သောင့်သက်သာ ဖြစ်မလာပါ။ ခုမှ တကယ့်ကို နေမထိထိုင်မသာ၊ ရင်ထဲမှာ ပြောင်းဆန်လွန်း



လှသည်။ ဟာရီကိန်းမုန်တိုင်းသည် ရှင်မင်းထွန်း ရင်တွင်းကလီစာများပေါ်တွင် ဗဟိုပြုပါသတည်း။

"သိပ်ဆိုးတဲ့ ကိုနောင်၊ ခင်ဗျား ... ဗျာ ... မပြောဘဲနေပါတော့"

ဒေါသထွက်မိသည်လည်း အမှန်ပါ။ ဒေါသပင်လှယ်တွင်းဝယ် ရက်စိတ်က ပေါလောမျောသည် ဆိုတော့ မခက်လား၊ ကိုနောင် ပြောခဲ့သည့် စကားများကို မကြားခဲ့ရလျှင် ဘယ်လောက်ကောင်းမလဲ။

သောင်းဘီနှင့် ရှပ်အင်္ကျီကို ဝတ်ခဲ့သည့် နှစ်နှစ်သုံးနှစ်အတွင်းမှာ သည်စကားမျိုးကို သည်တစ်ကြိမ်သာ တိတိပပကြားမိရ၏။ ယောကျ်ားလေးသူငယ်ချင်းများနှင့် တရင်းတနှီးနေထိုင်ပြောခဲ့စဉ်က အချို့ ရီသဲ့သဲ့ လုပ်ချင်ကြ၏။ ရှင်မင်းထွန်းတို့က ဝုန်းဒိုင်းကြဲပစ်လိုက်သည်သာ။

အစမပျိုးရသေးသည့် နိဒါန်းတစ်ခုသည် မှုန်ဝါးစွာ လွင့်ပြယ်သွားခဲ့ရသည်။ ခုတော့ ...

"တစ်ဖက်သားကို ဒုက္ခပေးတဲ့နည်းတွေထဲမှာ ခင်ဗျားနည်းက အထိရောက်ဆုံးပါပဲ ကိုနောင်"

ခုတင်ခြေရင်းဘက်မှာ အခေါက်လိုက် ဖြစ်နေသည့် ဂွမ်းကပ်ကြီးကို ဝုန်းခနဲ ကန်ချပစ်လိုက်တော့သည်။

"အမေ့ ... လန့်လိုက်တာ၊ ဘာဖြစ်နေသလဲ ခန့်ညား"

ဖြူနွဲ့က အခန်းဝမှာ၊ လက်ကလေးနှစ်ဖက်ကို ရင်ညွှန့်တွင် စုံဖိထားသည်။ ရှင်မင်းထွန်းက မျက်ရိုးအကြည့်ရောက်သည်ဆိုရုံကလေး တစ်ချက်ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"လုပ်မနေနဲ့၊ ရှင်မင်းထွန်း ဘယ်သူလဲဆိုတာ သိသွားပြီ"

ခုတင်ပေါ် ငုတ်တုတ်ထိုင်ကာ ဒူးနှစ်ဖက်ထောင်၊ လက်နှင့် ပြန်ပိုက်၊ ဖြူနွဲ့ကို ကျောပေးနေလိုက်မိ၏။

"ဟောတော့"

ဖြူနွဲ့ ကမန်းကတန်း ဝင်လာကာ ခုတင်စွန်းမှာ ဝင်ထိုင်သည်။

"ဘယ်သူပြောတာလဲ"

"ဘယ်သူမှ မပြောဘူး"

"ငါတောင် စိတ်မလုံတာနဲ့ ဖွင့်ပြောတော့မလို့ စိတ်ကူးနေတာ၊ နင့်ကို မတိုင်ပင်ရသေးလို့"

"အဲဒီလူက လူလည်ပဲ"

"ကိုနောင်လား"

"ဘယ်သူ ရှိဦးမလဲ"

"ရှက်စရာကြီးဟယ်"

"ဘာကို ရှက်တာလဲ"

"ငါ ... ငါလေ သူ့ညီမဆိုပြီး လိမ်ထားတာ၊ ဘယ်လောက် ရှက်စရာ ကောင်းသလဲ၊ နေပါဦး၊ သူက သိတယ်လို့ ဖွင့်ပြောသလား ... ဟုတ်လား"

"ဒါပေါ့ဟ"

"ဘယ်တုန်းက သိတာလဲ"

"ဒီအောင်ပန်းကို မရောက်ခင်ကတည်းကပဲ"

"ဟင် ... ဒါနဲ့များ၊ တို့ပြောတဲ့အတိုင်း ရောယောင်နေကယ် ဆိုတာ ဒီလူ ဘယ်ရိုးမလဲ ရှင်မင်းရဲ့"



"ဘယ်လို မရိုးတာလဲ"

"ငါက အိမ်ထောင်ကျပြီးနေပြီ၊ အဲဒါ ရှင်မင်းထွန်း ဆိုတော့ သူက အမွှေမပေးဘဲ နေလို့ရတယ်လေ၊ ချော်လဲတုန်း ရောထိုင်နေတာပေါ့"

ဟုတ်သားပဲ၊ ဒီအတွေးက ဘာဖြစ်လို့များ မဝင်ခဲ့ပါလိမ့် ...

"ဦးစိုင်းလုံထူးနဲ့လည်း ခုထိ မတွေ့ရသေးဘူး၊ ငါတို့ ရောက်တာ နှစ်လရှိပြီ"

ဖြူနွဲ့လို မထုံတက်တေးကမှ တွေးတတ်သေးသည်။ သိပါပြီ ကိုနောင်၊ ခင်ဗျား ကျွန်တော်ဟာ ရှင်မင်းထွန်း ဆိုတာ တစ်နေ့တော့ ပေါ်မှာပဲဆိုပြီး ချစ်တယ် လုပ်ပစ်လိုက်တာပေါ့၊ ရက်စက်ပါပေ့ဗျာ၊ ဒီကမ္ဘာမှာ ခင်ဗျားလောက် ဉာဏ်သွားတဲ့သူ ရှိသေးရဲ့လား၊ ဒီလောက် ကွက်ကျော်မြင်ရင် ကျားထိုးရောပေါ့၊ ခင်ဗျားဟာ ကျားဗိုလ်၊ ကျားဗိုလ် ဆိုတာ ဘယ်သတ္တဝါကို မှည့်လေ့ရှိတဲ့ နာမည်မျိုးဆိုတာ သိတယ် မဟုတ်လား ...

"ခု ... သူက သိတယ် ပြောတာလား"

"အေး ..."

"ပြီးတော့ ဘာပြောသေးလဲ"

သည်မေးခွန်းက ရင်ထဲသို့ လုံးခဲ၍ဝင်၏။ ပိုက်ထားသည့် ဒူးနှစ်လုံးက ရင်ညွန့်ကို ဖိသည့်အနေအထားပေမင့် ငြိမ်သက်မှုကိုမရ၊ ရင်ထဲမှာ လှုပ်ရှားလွန်းသည်။ ဒူးနှစ်လုံးပေါ် မျက်နှာကို မှောက်ချလိုက်မိတော့သည်။

"ဟင် ... ဘာပြောလို့ နင်က ဒီလောက် ခံပြင်းနေရတာလဲ"

www.burmeseclassic.com



ရှင်မင်းထွန်း မလှုပ်ပါ။ ဖြေသံလည်း ထွက်မလာ။

"ပြောစမ်းပါဦး၊ ဒီလူ အကောက်ဉာဏ်ဆင်ရင် သူ့လက်ထဲမှာ၊ သူ့အရိပ်မှာ တို့တွေ ခိုလှုံနေရတာ အန္တရာယ်ကင်းမလား ရှင်မင်း၊ ငါက အရေးမကြီးဘူး၊ နင့်အတွက်"

"ဘာဖြစ်လဲ၊ ငါက ဘာဖြစ်နေလို့လဲ"

လာပြန်ပြီ တစ်ယောက်၊ ငါ့ဘာသာငါ ယောကျ်ားဖြစ်ဖြစ်၊ မိန်းဖြစ်ဖြစ် နင်တို့အပူပါသလား၊ ငါ မိန်းမဆိုတာ ဘာကိစ္စ ဒီလောက် ထင်ပေါ်စေချင်နေကြတာလဲ၊ တယ်လည်း စပ်စုပြီး မဆိုင်တဲ့အပေါက် ဂလိုင်နဲ့ ခေါက်ချင်တဲ့လူတွေ။

ရှင်မင်းထွန်း မျက်နှာ ဒေါသဖြင့် ရဲနေ၏။

"နင်က အမွေခံပဲ၊ နင့်အတွက် အသက်အန္တရာယ်တွေ ဘာတွေ"

"ဖူး ..."

မရှုမိဘဲ အောင့်ထားသည့် အသက်ကို ခုမှ တအားရှိုက်သွင်းကာ တစ်ဝကြီး ပြန်မှုတ်ထုတ်ဖြစ်သည်။

"ဂျက်စမင် ရှိရင် သိပ်ကောင်းမှာပဲဟာ၊ သူက တွေးလည်း တွေးတတ်၊ ပြောလည်း ပြောတတ်၊ လူကြီးလည်းဆန်တယ်"

ဖြူနွဲ့ အားငယ်စွာ ပြော၏။

"ငါက လူကြီးမဆန်လို့လား၊ ငါကကော ကလေးလား"

"နင်က စိတ်တိုဖို့ပဲ သိတယ်"

"သေတော့ကော အဆန်းလား၊ လောကကြီးမှာ မသေတဲ့သူ ဘယ်သူရှိလို့လဲ"



"လူတိုင်း သေကြပေမဲ့၊ မလွဲမရှောင်နိုင်ပေမဲ့ လူတိုင်း ကြောက်ကြတာပဲ"

"သေရင် အေးတယ်"

"နင့်ထက်ပိုပြီး သေချင်တဲ့သူက ငါပါ၊ ဒါပေမဲ့ တကယ်လမ်းကျကျ သေမှမသေရဲတာ၊ သေကို မသေချင်တာပါလေ၊ သေချင်ရင် အလွယ်လေး၊ အဲဒီအလွယ်လေးကို ဘယ်သူ လုပ်လို့လဲ"

"နားငြီးတယ်ဟာ၊ တော်တော့"

ဖြူနွဲ့ကို ပိတ်အော်ပစ်လိုက်တော့ ဖြူနွဲ့ မျက်နှာ ငယ်လေးနှင့် ဖြစ်သွားရ၏။

"ဘာပြောသေးလဲဆိုတာ ပြောဦးလေ၊ တို့ ဘာဆက်လုပ်ကြမယ်လို့ နင် စိတ်ကူးလဲ"

"ဘာမှ မကူးဘူး"

"ဒါဆို ... နင်က ဘာဖြစ်နေတာလဲ"

ဟုတ်သားပဲ၊ ငါ ဘာဖြစ်နေသလဲ၊ စိတ်ဆိုးတယ်၊ ခံပြင်းတယ်၊ မကျေနပ်ဘူး၊ အဲဒါ အနီးစပ်ဆုံး ခံစားချက်တွေပဲ၊ တိတိကျကျလည်း မဟုတ်ဘူး၊ တောက် ... ခုနေများ အုတ်ခဲလေး လုံးလောက်ထပ်ပြီး ခွဲချလိုက်ရရင် ...

ရှင်မင်းထွန်း ထိုင်ရာမှ ဝုန်းခနဲ ထသည်။ ခုတင်ထက်မှ ဆင်း၍ ပြတင်းဝမှာ သွားရပ်သည်။ စိမ့်ခနဲ ဖြစ်သွားရသည့် အအေးလှိုင်းက ရင်ထဲသို့ စူးနစ်စွာ ဝင်၏။ ပွက်ပွက်ဆူနေသည့် ဦးနှောက်မှာ အရှိန်လျော့ကျသွားပါ၏။ သို့ပေမဲ့ ရာခိုင်နှုန်းအလွန်နည်းပါးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမရှင်မင်းထွန်းတို့၊ ကိုနောင် ထမင်းစား စောင့်နေပါတယ်"

နန်းအိ အသံက ပိတ်ထားသည့် တံခါးရွက်ကို ထွင်းဖေါက်၍ ဝင်လာသည်။

"ဖြူနွဲ့ သွားစားကွာ၊ ငါ မစားတော့ဘူး"

"ဟာ … နင်မပါဘဲ ငါ စားရဲမလား"

"ရှိကြီးခိုးပါရဲ့ဟယ်၊ ငါ ပြောတဲ့အတိုင်း လုပ်စမ်းပါ"

"ငါ ကြောက်တယ်"

"ဖြူနွဲ့"

ရှင်မင်းထွန်း သံပြတ်နှင့် ခေါ်သည်။

"နင် ငါ့ကို … သနားရင် ချစ်ရင် …"

"ရှင်မင်းရယ် … မချစ်ဘဲနေမလား၊ ပြီးတော့ နင့်ကို အစစအရာရာ အားကိုးနေရတာပါဟာ"

"ဒါဖြင့်ရင် နင်တစ်ယောက်တည်း သွားစားပါ၊ ငါ မလာဘူးလို့ ပြောလိုက်ပါ၊ ခေါ်လို့မရဘူး၊ မစားတော့ဘူး ပြောတယ်လို့၊ သွားပါဟယ်၊ ငါ့ကို သနားရင် တစ်ယောက်တည်းထားခဲ့ပါ"

အသံတွေက တုန်ယင်လိုက်လှဲလာသည်။ အဓိပ္ပာယ်မဲ့စွာ ဝဲလာသည့် မျက်ရည်စတွေကြောင့် ရှင်မင်းထွန်း မျက်ဝန်းတွေ ပိုလက်လာသည်။ ဖြူနွဲ့ ငေးကြောင်စွာ စိုက်ကြည့်မိ၏။ နားလည်နိုင်စွမ်းကို အလှမ်းမမီပေမဲ့ သည်သူငယ်ချင်း၏ စကားကိုတော့ နားထောင်ရပါမည်။



"သွားပါ့မယ်၊ ငါ မေးလည်း နင် ဖြေမှာ မဟုတ်ဘူး၊ ဒါပေမဲ့ မေးချင်တယ်၊ နင် ဘာဖြစ်နေသလဲလို့"

အဖြေကို မစောင့်ဘဲ ဖြူနွဲ့ လေးကန်စွာ ထွက်သွားသည်။ ညင်သာနေးကွေးခြင်းက ဖြူနွဲ့ ဝသီပါ။ ကိုယ်ဝန်နှင့်မို့ လည်း အရွေ့နှုန်း ပိုနည်းသည်။ သည်တစ်ကြိမ်တော့ လျှောက်လှမ်းရွေ့လျားမှုန်းပင် မသိသာအောင် အနေးဆုံး ဖြစ်နေရပါတော့သည်။

"နင် ဘာဖြစ်နေသလဲတဲ့"

ဟုတ်ပါရဲ့ ငါ ဘာဖြစ်တာပါလိမ့်။ အဖြေမရှိသော ပုစ္ဆာများတွင် မိမိကိုယ်ကို နားမလည်နိုင်ခြင်းက အဆိုးဆုံးပါတည်း။

ရှင်မင်းထွန်း အိပ်ရာပေါ်သို့ ဖြစ်ကတတ်ဆန်း လှဲချသည်။ ပက်လက်မှသည် ဘေးစောင်း၊ ထို့နောက် အခြားတစ်ဖက်သို့ ပြောင်းပြန်၏။ ဝမ်းလျားမှောက်ကြည့်သည့်တိုင် ရင်ခုန်နှုန်းက မလျော့။ ပက်လက်လှန် အနေအထားသို့ အပြောင်းမှာ။

"ရှင်မင်း"

ဖြူနွဲ့ ပိတ်မထားခဲ့သည့် တံခါးဝမှာ သူ ကိုနေစင်။ သူ့ကို 'ကိုကို'ဟု ခေါ်ပါဆိုသည့် ရဲသွေးနောင်။

"ထမင်းလာစားပါ ညီမရယ်၊ ကိုကို့အတွက် ဒီလောက် မခံစားပါနဲ့၊ ရှင်မင်းကို သနားတယ်၊ ကိုကို မကြည့်ရဲဘူး၊ ကိုကို မှားသွားပါတယ်ကွယ်"

ညွတ်နူးသံမှာ ခယလွန်းနေတော့၏။ ရှင်မင်းထွန်း ဖျတ်ခနဲ လှမ်းကြည့်မိသည်။ ဘာကြောင့်ရယ် မဟုတ်။ ကြည့်လိုက်

www.burmeseclassic.com



မိခြင်းပါ။ လူ့သဘာဝအတိုင်း အသံတစ်ခုကို ကြားသည့်အခိုက် အသံလာရာသို့ မျက်ဝန်းရောက်မိခြင်းပါ။ ဖျတ်ခနဲ ကြည့်ပြီးလျှင် မျက်ဝန်းကို ချက်ချင်း ပြန်သိမ်းဖို့လည်း ရည်ရွယ်ချက်ရှိပါသည်။

စိတ်သည် အလွန်လျင်မြန်၏။

စိတ်၏ အလျင်နှုန်းကို အသံကလည်း မမီ။ အရူ အရာ၊ စကား ဘာမျှ မမီပါ။ တစ်စက္ကန့်ခွဲမျှသော အကြည့်ကာလကို မျက်ဝန်းအာရုံ ဖြတ်သန်းကျော်လွှားခိုက် ချက်ချင်း ပြန်သိမ်းဖို့ သတိရလိုက်ခြင်းဖြစ်၏။ သိမ်းရန်လည်း ဆုံးဖြတ်ပြီးသားဖြစ်သည်။

သို့ပေမဲ့ ...

ဆန္ဒတစ်ခု ပြင်းပြပြီဆိုလျှင် ကိုယ်နှုတ်အမူအရာကို စောင့်စည်းထိန်းသိမ်းနိုင်ခဲ့ပါဘိခြင်း။

ဆုံသည့် မျက်ဝန်းများ တွယ်ငြိ နှောင်တဲကြ၏။ ကိုယ့် မျက်ဝန်းကို ကိုယ် ပြန်မသိမ်းနိုင်။ ကြိုးစားကြည့်သေးသည်။ မရ။ အချစ်ရှည်တို့ဖြင့် စေးထန်းနေသည့် ကိုနောင့် မျက်ဝန်းမှ ရှင်မင်း မျက်ဝန်းတို့ ရုန်းထွက်ရန် မစွမ်းနိုင်ရှာ။ ပင့်ကူအိမ်တွင် ကပ်ငြိကျရောက်သည့် ပိုးဖလံနှယ်ပါတကား။

ဖလံပိုးပေမို့ မီးမြင်လျှင် တိုးချင်လေရော့သလား။

ရှင်မင်းထွန်း အကြောက်လန့်ဆုံးသော ခံစားမှုတစ်ခုသည် နှလုံးသားကို ခွဲထွက်ကာ ရင်ခွင်အနှံ့ မင်းမူပါလေပြီ။

“ကိုကို”

“ရှင်မင်း”



ခြေထောက်တွေက ဘယ်လို လှမ်းသွားကြသလဲ သတိမထားလိုက်မိပေမဲ့ အထွေးအပွေ့တစ်ခု လမ်းခုလတ်မှာ ကြုံ၏။ အဖျားဒဏ်ဖြင့် ပိန်ချွက်သည့် ပါးပြင်က မို့ဖောင်းသည့် ပါးပြင်နှင့် ထိစပ်သည်ဆိုတော့ ရွှေနှစ်ပြားကို ဂဟေသားသည်နှယ် အခြားမထင်နိုင်သော တစ်ပြေးညီအချစ်နှစ်ခု ဖြစ်ထွန်းပါလေ၏။

“ချစ်လားဟင် ရှင်မင်း”

သိလိုက်ပေမဲ့ ကြားချင်သည်။ သိပြီးပေမဲ့ မေးချင်သည်။ တစ်ဖက်လူကျတော့ ဖြေချင်လွန်းလျက် ဖြေရန်ရှက်၏။ အချစ်နှင့် ကြုံဖူးသူတိုင်း ခံစားကြရသည့် ဝေဒနာတစ်မျိုးပဲလေ။

“သိပ်ချစ်တာပဲ ရှင်မင်းရယ်၊ ကိုကို့ကို ယုံပါ”

ယုံပစ်လိုက်ပြီ ကိုကိုရယ်။ မစူးမစမ်း မဆင်မခြင်၊ အကြောင်းကြောင်းတို့ကို ရှင်မင်း ဘာမျှမသိချင်တော့ဘဲ ယုံလိုက်ပြီ ကိုကိုရေ ...။

ꩤ ꩤ ꩤ

www.burmeseclassic.com

www.burmeseclassic.com



## အချစ်သိသင့်သည့် ထိုထိုအကြောင်းများ

"ဟော့ … နောင်"

အသံကြားကတည်းက မည်သူ့ခေါ်မှန်း သိလိုက်ပြီး သားပါ။ သို့ပေမဲ့ လှည့်မကြည့်မိအောင် စိတ်ကို တင်းထားလိုက်သည်။ သူမကို ရဲသွေးနောင် အကြောက်ဆုံး။ လူချင်း မတွေ့လိုက်နှင့် တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် …

"နောင် … နောင် … နောင်ဗိန်နောင်, ရှမ်းကလေး နောင်ဗိန်နောင်"ဟု၍ လူကြားသူကြားမရှောင် စတတ်၏။

"ပိုက်ဆံ ဘယ်လောက်ပါသလဲ"

ပြောပြောဆိုဆို အင်္ကျီအိတ်ထဲ လှမ်းနှိုက်လိုနှိုက်။ သည်ကကောင်ကလည်း ယမနေ ပုန်းပုရုပ်မဟုတ်၊ သက်ရှိထင်ရှား ယောကျ်ားသား၊ ငယ်စဉ်တောင်ကျေးဘဝက လည်းမင်းဖက်ကာ ကြီးပြင်းခဲ့သည်တော့ မှန်ပါ၏။ ကိုယ်စီကိုယ်ငှ အရွယ်တွေ ရလာပြီဆိုတော့ ဆင်ခြင်ထိန်းသိမ်းခြင်း တာတမံကို ခိုင်မြဲစေသည်က မိန်းမသား မဟုတ်လား။



သည်မိန်းမသားက မကြာခဏ တမံကျိုးတတ်၏။ တမင်များ ချိုးပစ်နေရော့သလား။

"ကိုနောင်နော် ပြောထားပါပေရဲ့၊ နန်းကေသီနဲ့များ ကြိုက်ကပြီဆိုတဲ့အသံကို မကြားပရစေနဲ့"

မေမေကြီးကိုလည်း မော့မကြည့်ရဲအောင် ချစ်ကြောက်ရှိသေသည်။ မေမေကြီး ရာဇသံကလည်း ပြင်းပါဘိ။

"သူများတကာတွေလို အိမ်ပေါ်က ခေါင်းနဲ့ဆင်းသွားလို့ ပြောမှာ မဟုတ်ဘူး၊ မင်းရော နန်းကေသီကိုပါ နှစ်ယောက်လုံးကို သတ်ပြီးမှ ငါ စက်တိုင်တက်မယ်"

သည်လိုဆိုတော့ မခက်လား။

"ဟေး … နောင် ခေါ်နေတယ်ဟ"

ကြောင်တောင်တောင် စာတာတာ အသံလေးက ပိုမိုနီးကပ်လာသည်။

"ဟော့လူ … အမျိုးသမီးတစ်ယောက် ခင်ဗျားကို ခေါ်နေတယ်"

မကြားချင်ယောင် ဆောင်ကာမှ စေတနာ့ဝန်ထမ်း အမှုတော်ထမ်းချင်သူက လောကွတ်ဝင်ချော်နေသည်။ 'ခေါ်ခေါ်ဗျာ၊ မကြားချင်ယောင် တမင်ဆောင်နေတာ'ဟု ပြန်ပြောလို့ မကောင်း။ ပြောတော့ ပြောလိုက်ချင်သား။ တကယ်ပြောဖြစ်သည်က …။

"ဟုတ်လား"

သိပြီးသားကြီးကို ခုမှ သိသလို ဟန်ဆောင်ရာ၌ ရင်ထဲမှာ လှိုင်းထန်သွားသည်။ မပိရိသည့် အလိမ်အညာတွေကြောင့်လား၊ သည်မိန်းကလေးကြောင့်လား။

www.burmeseclassic.com

www.burmeseclassic.com



"ခေါ်လိုက်ရတာဟာ နားကလည်း ပင်းပါ့"

လူလယ်ကောင်မှာ နှုတ်ခမ်းရှုံ့၍ ခြေတစ်ဖက် ဆောင့်ပြသည်။ နန်းကေသီတို့က သည့်နှယ် မိန်းကလေးပါ။

"ဘာလာရှုပ်တာလဲ"

"ဟွန်း ... ကြိုဆိုပုံကလည်း မသင်းလိုက်တာ၊ တကယ်ဆို ဘာစားမလဲ ကေသီလို့ မေးပါလား"

"မမေးပါဘူး၊ နင် ဘာစားချင်လဲဆိုတာ သိသားပဲ"

ရဲသွေးနောင်က နှာခေါင်းရှုံ့ကာ ပြော၏။

"သွားပြီ၊ ဒီနေ့တော့ လွဲပါပြီ"

"ဘာနဲ့ လွဲတာလဲ၊ နင့်ရည်းစားနဲ့လား"

နန်းကေသီက လှချင်းယှဉ်ကာ လျှောက်လိုက်လာရင်း မေးသည်။

"ပဲဒံပေါက်နဲ့"

"ဩော် ... ဒေါ်အမာဆိုင်ကလား"

"အေး ... ခုလည်း ပဲဒံပေါက်စားမလားလို့၊ နင် လာရင်တော့ မစားရသေးပါဘူး"

"သိပ်သေချာတာပေါ့၊ လာ ဦးပြုံးဆိုင်ကို လိုက်ခဲ့၊ မြီးရှည်စားမယ်၊ အခု သုံးနာရီခွဲဆိုတော့ အတော်ပဲ၊ နင် လိုက်လို့ရပြီ"

အမျိုးသမီး စားသောက်ဆိုင်များသို့ သုံးနာရီခွဲနှင့် ငါးနာရီခွဲအတွင်းသာ ယောကျာ်းလေးများ ဝင်ရောက်စားသောက်ခွင့် ရှိပါ၏။



"ကေသီရာ ... နင် ဆေးကမို့လို့ပဲ၊ မာဇူးများ ကျွမ်းနေလိုက်တာ၊ သူ့အိမ်သူ့ရာလား မှတ်ရတယ်"

"ငါက ငါတို့ဆေးထက် မာဇူးမှာ ပိုကျွမ်းသေးတယ်၊ ဘာဖြစ်လို့လဲ သိလား၊ နင် ရှိလို့"

သည်ရင်းနှီးမှုလေးများကို ရဲသွေးနောင် တကယ် ကြောက်မိပါ၏။ ရင်ထဲက အလကားနေရင်းလည်း လန့်နေသည်။ လန့်စိတ် ကြောက်စိတ်နှင့် အတူ သာယာမှုကလေးများလည်း ဖြစ်ထွန်း၏။ မခက်ဘူးလား။

သူ့ကို ဝေးဝေးရှောင်ချင်သည်။ တွေ့သည်ခိုက်မှာ မိန်းမူး၏။ ရှောင်ချင်သည်က ဆန္ဒ ဘဝမှာပင် နိဂုံးချုပ်ကာ အကောင်အထည် ပေါ်မလာခဲ့ပါ။

လက်တွေ့မှာတော့ နန်းကေသီက သူ့လက်မောင်းသားကို မသိမသာလိုလို၊ သိသိသာသာလိုလို ရှပ်အင်္ကျီစကို ဆွဲသလိုလိုနှင့်၊ အသားဆိုင်များဆီသို့ မထိ၏သို့ ထိ၏သို့။ ဆိုကြပါစို့ ကလူသည့်နှယ်၊ မြူသည့်နှယ်၊ သည်သို့တစ်ကြိမ် တွေ့ထိမိတိုင်း ယင်းနေရာ အသားပြင်မှာ တစ်စုံတစ်ခုသော ဒြပ်စွန်းစာစ်ခု ကပ်ငြိနေသည့်နှယ် ခံစားနေရသည်။

မည်သို့ဆိုစေ ... စိတ်အထင်အာရုံထဲမှ ဒြပ်ပစွန်းလေးကိုပင် တွယ်တာမိလေသည်။ ဆန္ဒဟူသည်မှာ ဖြစ်မြောက်ခဲ့သားပဲလေ။ နန်းကေသီနှင့် ပခုံးစွန်းချင်း ထိလုနီးပါး တိုးကပ် ယှဉ်လျှောက်မိပါပြီ။

ဦးပြုံးဆိုင်မှာပင် မြီးရှည် စားဖြစ်ကြ၏။

"သောကြာညနေ ပြန်မှာလား"

www.burmeseclassic.com

www.burmeseclassic.com



အစာစားရင်း စကားပြောခြင်းပေမဲ့ နန်းကေသီ စားဟန်က သေသပ်၏။ ပါးစပ်တွင်းသို့ သွင်းသည့်မုန့် ပမာဏ က သေးသည်။ နှုတခမ်းနှစ်လွှာကို ကြွေလုဆဲဆဲ နှင်းဆီပန်းကြီး နယ် တအား ပွင့်အာသွားသည်အထိ ဖွင့်ရန်မလို။ လှရုံပဲ ဖွင့်သည်။ နှင်းဆီငုံလေးပေါ့လေ။ ပြီးတော့ ပါးစပ်စေ့၍ ဝါးသည်။

"မေးနေတယ်"

"ဟင် ... ဘာ ... ဘာလဲ"

နန်းကေသီက မျက်စောင်းထိုး၊ ဆွဲဆိတ်၊ တစ်ကိုယ်လုံးခါ၍ရယ်သည်။ အသံလေးကျတော့ မချိုမချဉ်အောင်၊ မနွဲ့နွဲ့အောင် ခိုးခိုးခစ်ခစ် ထုတ်တတ်လိုက်ပုံများ။

ဖမ်းစားလိုက်ကွ၊ အချစ်ကဝေ ပညာသည်လေးရေ။

"သောကြာညနေ ပြန်မှာလား"

"ကေသီရော"

"ပြန်မှာပေါ့"

"တို့က စနေမှာ ကျူတိုရီယယ်တစ်ခု ရှိတယ်"

အမှန်ကို ဝန်ခံရပါမူ လောလောဆယ် အချိန်စာရင်းကိုလည်း မေ့နေပါသည်။ ကျူတိုရီယယ် ရှိ မရှိ မသေချာပါ။ နန်းကေသီနှင့်အတူ မပြန်ဖြစ်အောင် ပြောလိုက်ခြင်းသာ။

အချစ်ကဝေ ပူးကပ်ခြင်း ပယောဂ ဝေဒနာသည်ခမျာ သီလသမာဓိနှင့် ပြည့်စုံသူ ဆရာ၏ ဆေးကြိမ်လုံးကိုတော့ လန့်ရပါသည်။ မေမေကြီးကို မေ့ထားနိုင်ပါ့မလား။ မေမေကြီး မကြိုက်သည့် အလုပ်ကို မန္တလေးတက္ကသိုလ်တွင် ခိုးကြောင်ခိုးဝှက် လုပ်ဖြစ်သော်လည်း အောင်ပန်းထိ တူတူပြန်ရပါ့မတဲ့လား။



"ကေသီနဲ့ တူတူ မပြန်ချင်ဘူးပေါ့"

"မဟုတ်ပါဘူး"

"နောင်က သိပ်စိမ်းတာပဲ၊ ကေသီ ခင်သလို မခင်ဘူး"

"မဟုတ်ပါဘူးဆို"

'နင်' 'ငါ' ပြောရာမှ 'ကေသီတွေ''တို့တွေ' ဖြစ်ကုန်၏။

"ကေသီကတော့ ငယ်သူငယ်ချင်း ကျောင်းနေဖက်ရယ်လို့ ကေသီမှာ ချစ်စရာကော ဘယ်သူ ရှိတာလိုက်လို့"

"ခင်ပါတယ်ဟာ"

"ဒါဖြင့် စနေနေ့မှာ ကျူတိုရီယယ် ရှိတယ်ပဲ ထားပါ၊ ကေသီ တစ်ညစောင့်မယ်၊ နောင် ပြန်ရင် ကေသီကို ဝင်ခေါ်၊ အဆောင်မှာ ခွင့်စောင်းပြီးသား၊ ငြင်းမနေနဲ့"

"မဖြစ်ဘူးထင်တယ်"

"ဘာလဲ ... ချေးကိုင်တာလား"

"တို့ကို မေမေကြီးက ကားလွှတ်ကြိုပေးမှာ မဟုတ်ဘူး၊ မန်းတောင်ကြီးနဲ့ လိုက်ရမှာ"

"ပိုတောင် ပျော်စရာကောင်းသေးတယ်"

"သူငယ်ချင်းတွေလည်း ပါမယ်"

"အထီးတွေလား၊ အမတွေလား"

"အထီးတွေ"

"ဒီမှာ နောင်"

www.burmeseclassic.com

www.burmeseclassic.com



ရုပ်အကျီစ မကတော့ပါ။ လ ်မောင်းသားကို ရဲရဲဆုပ်၍ ဆွဲခါသည်။ မြတ်စွာဘုရား ... အသားနှစ်ခု ဆုံတွေ့ရာမှ ပိတ်စခံပေမဲ့ ယင်းပိတ်စသည် လျှပ်စစ်ဓာတ် လျှောက်စီးနိုင်ဟန်တူသည်။ ကျင်ခနဲ ဖြစ်သွားရ၏။ ရင်ထဲကျတော့ တလှိုက်လှိုက် တဖိုဖို၊ တဒိန်းဒိန်း၊ တဒိုင်းဒိုင်း။

ဓာတ်လိုက်ခြင်းတစ်မျိုးပဲလေ။

"နောင်ဟာ လိမ်တဲ့ညာတဲ့ အလုပ်ကို ကျွမ်းကျင်သူ မဟုတ်ဘူး၊ အလိမ်အညာ မပီရိဘူး၊ သိလား"

ကျေးဇူးပြု၍ လက်ကို လွှတ်ပေးပါ။ ကျုပ် ရင်တွေ ခုန်လွန်းလို့ဟူ၍ ပြောချင်သည့် ဆန္ဒ ဖြစ်ထွန်းပါ၏။ သို့ပေမဲ့ မပြောဖြစ်ပါ။ ယောကျ်ားဆိုတော့ ခက်သားပဲလေ။

"မုသားတွေ ပြည့်ဝပြီး လက်ာမချောတဲ့ ဝါကျတွေကို ဘာလို့ ရွတ်မလဲ၊ သူများတွေက လက်ာချောအောင် မုသားဆိုကြတာ၊ နောင့်ကျတော့ ပေါ်တင်ကြီး"

သူကော ... ရင်ခုန်နေသလား၊ အကဲခတ်ကြည့်မိသည်။ မထင်။ ပကတိ တည်ငြိမ်စွာ ပြောနေ၏။ အသားချင်းထိတာကို၊ ဝါးရုံပင် လေတိုး၍ ဝါးကိုင်းချင်း ငြိတာလောက်တောင် လေးနက်ဟန် မပြ။ ခင်ဗျားတို့ မိန်းမတွေ တော်ပါတယ်။ တစ်ဖက်သားရဲ့ လက်မောင်းသားကို ခံစားချက်မဲ့စွာ ကိုင်နိုင်ပါပေတယ်။

"စနေဖြစ်ဖြစ်၊ သောကြာဖြစ်ဖြစ် နောင် ပြန်ရင် ကေသီ လိုက်ခဲ့မယ်၊ ဒီပါချမ်းမြစ်အိမ်က စီးတော်ယာဉ်နဲ့ပဲ ဖြစ်ဖြစ် တောင်ကြီးမန်းနဲ့ပဲ ဖြစ်ဖြစ်"



နန်းကေသီက လက်ကို လွှတ်၍ မုန့်ကိုလည်း လက်စသတ်သည်။

"မခေါ်ချင်မှန်းသိလေ လိုက်လေပဲ၊ မမကြီးက ကေသီနဲ့ နောင်နဲ့ အရောမဝင်စေချင်တာလည်း သိတာပဲ၊ မမကြီး မကြိုက်တာလည်း လုပ်ချင်တယ်၊ နောင်နဲ့လည်း တူတူသွား တူတူစားနေချင်တယ်၊ နောင့်ကို အရမ်းခင်တယ်"

'ဗုဒ္ဓေါ'ဟု တမိလေသည်။

"မမကြီးက ကေသီ့ကို ကြည့်ရမဘူး၊ မျက်စိထဲမှာ ရှုပ်ယှက်ခတ်တယ်၊ ကေသီ့ကို ဏ္ဍာန္ဓေမရှိတဲ့ မိန်းကလေးလို့ သတ်မှတ်တယ်၊ ဒီမှာနောင် ... ကေသီ နောင့်ကို ခင်တာ အရမ်းခင်တာထက် ပိုပြီး နန့်ကြောဆွဲတာ မဟုတ်ဘူး သိလား"

သည်လိုကြီး ပြောတော့၊ ရဲသွေးနောင် အားနာမိလေသည်။

"မဟုတ်ပါဘူး ကေသီ"

"ခုခေတ်က ခြေတစ်လှမ်း၊ ကုဋေတစ်သန်း စံချိန်နဲ့ လူလားမြောက်ကြရတာ မဟုတ်ဘူး၊ နောင် သိရဲ့လား"

"သိပါတယ်"

"သူငယ်ချင်း အပေါင်းအသင်းဆိုတဲ့အထဲမှာ အထီးရော၊ အမရော ပါမှာပဲ၊ ထီးချင်ထီး၊ မချင်မ၊ ကိုယ်မှာ အန္တရာယ်ကင်းပြီး အဆိပ်အတောက် မဖြစ်စေမဲ့သူဆိုရင် တရင်းတနီး ပေါင်းသင်းတာပဲ၊ အဲဒါ ကေသီ့ ခံယူချက်"

"ကေသီ တို့ကို အထင်ကြီးနေပြီ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ရဲသွေးနောင်က ပိုက်ဆံ ထုတ်ပေးတော့ ကေသီက ဖွတ်ဝင်ရှင်းသည်။ မုန့်ဆိုင်မှ ထကြသည်။

"နောင်က အဆိပ်မရှိပါဘူးကွယ်"

'ကွယ်'ဆိုသည့် အသံက ညှို့သက်စွာ ချိုသည်။

"မထင်နဲ့ ကေသီ၊ တို့က ယောက်ျား"

"သိသားပဲ"

ယောက်ျားဆိုသည်က လူထဲကလူပေမဲ့ လူတစ်မျိုး မဟုတ်လား။ မိန်းမသားများနှင့် မတူသည့်လူ။ အဆိပ်ကင်းပါသည်ဟု မြှောက်ပင့်ခြင်း ခံရသည်ကို မကျေနပ်သည့် အမျိုးအစား။ ဒေါသမာန်နဲ့ အဆိပ်အတောက်နဲ့ကွ၊ ထိရင် ပေါက်ချလိုက်မဲ့ မြွေပွေးဟေ့ ... ဟူ၍ မာန်စွယ်ကို တယ်ပြချင်တတ်သည်။ 'အဆိပ်မရှိ'ဆိုသည့်စကားကို 'စော်ကားခြင်း'တစ်မျိုးဟု မြင်သည်။

ကော်ရစ်ဒါ တစ်လျှောက်မှာ ယှဉ်တွဲလျှောက်တော့ လူချင်း မသိမသာ ကွာနေသည်။

"ကေသီ့ကို ကလက်တယ်လို့ မမြင်ပါဘူး၊ တကယ်ပါ။ ဒါပေမဲ့ ..."

"ဘာဖြစ်လဲ"

"တရင်းတနှီး ပုတ်လား ခတ်လား လုပ်တိုင်း တို့ ရင်ထဲက အဆိပ်တွေ ထ,ထဆူတာယ်"

"ခစ်"

ကေသီက သဘောကျစွာ ရယ်၏။

"လူတွေကို ဘယ်သူ ဖန်ဆင်းသလဲ နောင်"

"သိဘူး"



ရဲသွေးနောင် စိတ်တိုစွာ ဖြေ၏။

"တစ်ယောက်ယောက်တော့ ဖြစ်မှာပေါ့၊ အဲဒီ ဖန်ဆင်းရှင်ဟာ ယောက်ျားဖြစ်မဲ့လူသားကို နပ်တစ်ခု ကြပ်မပေးလိုက်ဘူးထင်တယ်"

"ဘာဖြစ်လို့လဲ"

"ကေသီ ... နောင့်ကို ခင်တယ်လေ၊ ရင်ထဲမှာလည်း အရမ်းရင်းနှီးတယ်၊ ဒီတော့ တရင်းတနှီး နေတာပေါ့"

"နေလေ ... စကားပြောရင် လက်မပါကြေး"

"ပါတော့ ဘာဖြစ်လဲ၊ ဟောဒီ အုတ်ထရံကြီးကို ထိတာနဲ့ နောင့်အသားကို ကိုင်တာ၊ ကေသီ့ရင်ထဲမှာ အတူတူပဲ၊ ဘယ်နေရာက ဘာအဆိပ်မှ ထ,မဆူဘူး၊ နောင်တို့သာ ဝက်အူချောင်ပြီး ဝရုန်းသုန်းကား ဖြစ်ချင်တာ၊ အဲဒါ ... ယောက်ျားတွေရဲ့ ပျော့ညံ့ချက်"

"သိရင်လည်း"

"သိတော့ ဘာဖြစ်လဲ၊ မထိနဲ့လို့ ပြောမလို့လား၊ ထိပစေ၊ ဘယ်သူ နစ်နာမလဲ"

"မိန်းမသားတွေက သိရင် ဆင်ခြင်ရမယ်၊ တကယ်တမ်းကျ ဘယ်သူ နစ်နာမလဲ"

"မိန်းမသားတွေချည်း ပုံချတာတော့ ဘယ်ကောင်းပါ့မလဲ"

"လွယ်ရင် သူကြွယ်တောင် မနေဘူး ခိုးချင်တာပဲ"

"ပစ္စည်းအပြစ်လား၊ သူခိုးအပြစ်လား နောင်"

"ပစ္စည်းကို ဖန်ပြမထားရင် သူခိုးမျက်စိ မကျဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ငါးပါးသီလမှာ သူ့ဥစ္စာ မခိုးရဆိုတဲ့ သီလပဲပါတယ်၊ ကိုယ့်ဥစ္စာ သူခိုးမမြင်စေရဆိုတဲ့ သိက္ခာပုဒ် မပါဘူး"

ခက်ပါ့ ...မရွှေနန်းကေသီ၊ ခင်ဗျား အတွေးအခေါ်တွေက ခေတ်ရှေ့မှာ မိုင်ပေါင်းတစ်ကုဋေ ပြေးနေပြီဟု ပြောချင်သည်။

မေမေကြီးက ...

"ကလေးမက ခေတ်ဆန်လိုက်တာ လွန်ပါရော၊ အနေအထိုင်ကလည်း ရဲတင်း၊ ဝတ်လိုက်၊ စားလိုက်ရင်လည်း မျက်စိထဲ အမြင်မတော်၊ ကလက်တက်တက်နဲ့ နည်းနည်းမှ ကြည့်မရဘူး"

ဟု အပြတ် ဝေဖန်ဖူး၏။ ထိုစဉ်က ရဲသွေးနော်ကိုယ်တိုင် ဆင်ခြေတက်ခဲ့ဖူးပါသည်။

"ခေတ်မီတာပါ မေမေကြီးရာ"

"ဟဲ့ ... ခေတ်ဆိုတာ လူတွေကြောင့် ဖြစ်တာ၊ ကလက်တက်တက် ဝတ်ကြစားကြလို့ ကလက်တဲ့ ခေတ်ဖြစ်တာ၊ ဘာနဲ့ တူသလဲဆိုတော့ ပန်းပွင့်လိုပဲ၊ လိပ်ပြာတွေ မနား,နားချင်အောင် ဝတ်ရည်ချိုတွေ၊ ရနံ့တွေ၊ အဆင်းတွေနဲ့ ဖြားယောင်းနေတာ"

"အယ်လောက်ပဲ ဖြားယောင်းပစေ၊ လိပ်ပြာက သွားပြီး မစားသုံးပဲ နေရင်ကော"

"နေနိုင်မလားဟဲ့၊ ဝတ်ရည်ဆိုတာ လိပ်ပြာရဲ့ အစာပဲ၊ ဝတ်ရည်မသောက်ရရင် လိပ်ပြာသေမှာကို မင်းကော ထမင်းမစားဘဲ နေနိုင်လို့လား"



"ဒီလိုဆိုလည်း ပန်းပွင့်မှာ အပြစ်မရှိပါဘူး မေမေကြီး"

"အဲဒါက ပန်းပွင့်တွေ လိပ်ပြာတွေကို၊ လိပ်ပြာကလည်း တစ်ပွင့်ပြီးတစ်ပွင့် ကူးပြီး ဝတ်ရည်စုပ်မှာပဲ၊ ဘယ်ဥပဒေနဲ့ တရားစွဲမလဲ၊ မင်းတို့က လူ၊ ယောက်ျားလေးတောင် ရည်းစားတွေ တစ်ယောက်ပြီး ထားနေရင် နာမည်ပျက်တာပဲ"

ဟုတ်သားပေါ့။

"ဇန်းတစ်ပွင့် ညှိုးသွားရင် ခူးတာပဲလို့ ဘယ်သူမှ မကဲ့ရဲ့ဘူး၊ မိန်းကလေးတစ်ယောက် မသေခင်၊ ဘဝညှိုးရင် လူတွေတံတွေးခွက်မှာ ပက်လက်မျောရော"

ဒါလည်း ဟုတ်တာပဲ ဟု တွေးမိပြန်သည်။

"သူ့အတိုင်းအတာနဲ့သူပဲ၊ သူ့နိုင်ငံ၊ သူ့ယဉ်ကျေးမှုနဲ့သူ မြန်မာပြည်မှာ မိန်းကလေးတွေ အဝတ်အစား လော်မာရင်၊ အနေအထိုင် ရဲတင်းရင်၊ လူအထင်မကြီးဘူး၊ ဘယ်သားရှင်မှလဲ ဒီလို မိန်းကလေးကို ချွေးမ မတော်ချင်ဘူး"

အသိုင်းအဝိုင်းနှင့် နေရသည့် လူသားဆိုတော့လည်း အဖွဲ့အစည်း အဝန်းအဝိုင်း၏ ထုံးစံဓလေ့မှ လွဲထွက်၍ မရနိုင်ပါ။ မိမိကိုယ်တိုင် နန်းကေသီနှင့် ပွန်းတီးရင်းနှီးရာ၌ မိန်းမူး၏။ ထိုသာယာမှု အပေါ်တွင် 'အချစ်'တစ်ခု ဖြစ်ထွန်းလာမှာကျတော့ ကြောက်နေသည်။ ထို့ကြောင့်လည်း အတတ်နိုင်ဆုံး ကင်းရှင်းစွာ နေခဲ့ပါ၏။ မကင်းရှင်းနိုင်အောင် ကြုံရသည့်အခိုက်မျိုးကျတော့ ရင်ထဲမှာ ဆူသည်။

ခက်တော့ ခက်နေပြီ။

www.burmeseclassic.com



"မိန်းမဖြစ်ရတာ သိပ်နစ်နာတယ်နော်၊ နစ်နာတဲ့ အပိုင်းက ချည်းပဲ၊ ကိုယ်ဟာ့ကိုယ် လှချင်လို့ လှလှပပ နေရင်တောင်၊ တစ်ဖက်သားကို ဇန်းပြသလိုဖြစ်ရတာ၊ တစ်ခါတစ်ခါတော့ မိန်းမလာဖြစ်တဲ့ ဘဝကို ကေသီ အသည်းနာတယ်"

ရဲသွေးနောင် ကေသီ့ကို ဖျတ်ခနဲ တစ်ချက်ကြည့်သည်။ ပကတိကြည်စင်သည့် မျက်ဝန်းနှင့် တန်းခနဲ တိုး၏။ ခြော် ... မလုံမလဲ မရိုးမသား ဖြစ်နေတာက ငါ ပါလား။

"ကေသီက ခေတ်ပညာတတ်တယ်၊ ခေတ်မီတယ်"

"ခေတ်ရှေ့ပြေးနေတယ်လို့ ပြောပါလား နောင်၊ အနောက်ဆန်တယ်လို့ စွပ်စွဲချင်စွပ်စွဲဦး"

"စွပ်စွဲမှာ မဟုတ်ဘူး၊ ပြောချင်တာပဲ ကေသီ၊ အတွေးတွေက ရူးရူးရဲရဲ ဖြစ်နေသလားလို့"

"မှန်ကောမမှန်ဘူးလား နောင်"

"မှန်တယ်ပဲ ထားပါဦး၊ ဒီအမှန်ကို လက်ခံသူက ကေသီ တစ်ယောက်တည်း၊ ကေသီ့ရင်ထဲက ရိုးသားမှုကို နားလည်မဲ့သူက တို့တစ်ယောက်တည်း၊ ခက်တယ် ကေသီ၊ တို့က မြန်မာပြည်မှာ နေနေတာ၊ ဒီတိုင်းပြည်က ဟာဝိုင်ယီလည်း မဟုတ်ဘူး၊ ဆန်ဖရန်စစ်စကိုလည်း မဟုတ်ဘူး"

"သူငယ်ချင်းအချင်းချင်း ယောက်ျား၊ မိန်းမ မခွဲခြားဘဲ ပွင့်လင်းရင်းနှီးစွာ ဆက်ဆံတာကို မျက်စိမနောက်ဘဲ ကြည့်နိုင်တဲ့ခေတ်ကို ရောက်စေချင်တယ်၊ နောင်တို့ ယောက်ျားတွေလည်း အဆိပ်တွေ မဆူကြေးလေ"



"ဘယ်တော့မှ ရောက်မှာ မဟုတ်ဘူး ကေသီ၊ တို့တိုင်းပြည်က အပူပိုင်းဇုံထဲမှာပါတယ်၊ အဆိပ်ရည်ပဲဖြစ်ဖြစ်၊ အရည်ဆိုတာ အပူပေးရင် ဆူစမြဲ"

"အင်း ... ကေသီ အင်မတန် ချစ်ခင်တဲ့ နောင်နဲ့တောင် ရဲရဲတင်းတင်း ရင်းရင်းနှီးနှီးနေဖို့ ခက်ပြီ"

"နားလည်ပါ ကေသီရယ်၊ လူမှာ ယောက်ျားရှိယ်၊ မိန်းမရယ်လို့ နှစ်မျိုးနှစ်စား ကွဲပြားနေကတည်းက ကေသီ့ အယူအဆတွေ အတွေးအခေါ်တွေ တည်မြဲဖို့လမ်း မရှိဘူး"

"ကေသီ့ကို အထင်သေးတဲ့အထဲမှာ နောင်လည်း ပါတယ်လား"

"[illegible]စကတော့ ပါချင်ပါသလိုလိုပဲ ကေသီ"ဟု ပြောချင်မိပါ၏။ မိမိက မြန်မာပြည်က ယောက်ျားသားပေးကိုး။ မြန်မာ့ယဉ်ကျေးမှု မျက်စိနှင့် ကြည့်တော့ ကေသီ့ အနေအထိုင်ကို ကလက်သည်ဟုပဲ မြင်ခဲ့သည်။

သာယာစိတ်ဖြင့် တိမ်းမူးမိ၏။ သည်သို့ ညွတ်မိသည်ကိုလည်း မိမိကိုယ်မိမိ မကျေနပ်ပါ။ တိမ်းမူးရာမှ အချစ်ဖြစ်ထွန်းလာမှာကိုပင် ကြောက်ခဲ့သေးသည်။

ယောက်ျားဟူသည် ကိုယ်တိုင်က နွံလူးကျွဲတမျှ ညစ်ချင်သလောက် ညစ်နေပါစေ။ ကိုယ့်ချစ်သူကျတော့ မြူတစ်မှုန်မျှ မတင်စေလို၊ ပြစ်မျိုးမဲ့မထင် ဆိုသည့် အမျိုးကိုမှ မြတ်နိုးချင်ကြသည် မဟုတ်လား။

"ဘာလို့ မဖြေတာလဲ နောင်၊ ဟင် ... ကေသီ့ကို အထင်သေးသလား"

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကေသီရယ်၊ တို့က ငယ်ပေါင်းတွေ"

"ဒီတော့ ဘာဖြစ်လဲ"

"ကေသီ့ကို နားလည်နိုင်တယ်လေ"

ဒါတောင် ခုတဒင်္ဂကျမှပါကွယ် ဆိုသည့်စကားကို ရင်ထဲမှာ ပြောမိ၏။ အစကဆို ဒီမိန်းကလေး ငါ့ကို လိုက်ကြိုက်နေတယ် ...' ဟုပင် ထင်ထားမိပါသတည်း။

"မိန်းကလေးက တရင်းတနှီး နေရင် သူတို့ကို ကြိုက်လို့ အခွင့်အရေးပေးတာပဲဆိုပြီး ဘဝင်မြင့်ချင်တဲ့စိတ်၊ နောင်တို့ ယောကျ်ားတွေမှာ ဘယ်တော့မှ ကွယ်ပျောက်ပါ့မလဲ"

"စိတ်ချ ... နောက်ထပ် ဘုရားငါးဆူ ထပ်ပွင့်ချိန်ထိ မပျောက်ဘူး"

"ကေသီဟာ ယောကျ်ားဆိုရင် ဒီလို ဖြစ်မယ်မထင်ဘူး"

"မဖြစ်သေးလို့ တွေးတဲ့အတွေးပဲ ကေသီ"

"ရှိုးတယ်၊ မိန်းမဖြစ်ရတာ သိပ်ရှုံးတာပဲ"

နန်းကေသီက မျက်နှာလေး ရှုံ့၍ ညည်းသည်။

"ကေသီက ပွင့်လင်းတယ်၊ ရင်ထဲမှာရှိရင် မြိုမထားတတ်ဘူး၊ နောင့်ကို ကေသီ ခင်တာက အရမ်းခင်တာ၊ ချစ်လည်း ချစ်တယ်၊ အဲဒါ ... သူငယ်ချင်းလိုနော်၊ နောင့်ကို ေ ၊သံ နောက်ပိုးနေတာ မဟုတ်ဘူး"

"ဟာကွာ"

ရဲသွေးနောင် အားနာလွန်းစွာ ရှက်သွားမိ၏။

"သိနိုင်ဘူး၊ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေမှာစိုးလို့ ကြို ပြောထားရတာ၊ ကဲ ... ပြော၊ ဘယ်နေ့ ပြန်မှာလဲ"



"စနေနေ့ခင်းပဲ ပြန်ဖြစ်မယ်"

"ကေသီ့ကို ဝင်ခေါ်ဖြစ်အောင် ခေါ်နော်"

"အင်းပါ"

"သူများ အထင်မသေးရုံကလွဲပြီး ထူးခြားတဲ့ အကျိုးကျေးဇူး မဖြစ်ထွန်းရင် ကိုယ့်ကိုယ်ကိုယ် အချုပ်ချမထားချင်ဘူး နောင်ရေ"

ပြောရင်းဆိုရင်းပင် ရဲသွေးနောင်၏ လက်ဖျားကို ဆွဲခါ၍ နှုတ်ဆက်ကာ ထွက်သွားလေတော့သည်။

ရဲသွေးနောင်၏ ရင်ထဲ့တွင် လျောင်လှုပ်၍ ကျန်ခဲ့ ပါသတည်း။

❀ ❀ ❀

"ဒီဟာမကို ကားနဲ့ တင်ခေါ်လာခဲ့တယ် ဟုတ်လား၊ အမယ်လေး မွေးရကျိုးနပ်အောင် တယ်လည်း နားထောင် လိုက်ပါလား ကိုရွှေနောင်"

မေမေကြီးက ရင်ဘတ်ကို စုံထု၏။ ရဲသွေးနောင်မှာ ဦးစောရန်နောင်၏ မြေးဆိုပေမဲ့ ဒေါ်မြလေးနွယ် မျက်စိရှေ့မှာပင် ကြီးပြင်းခဲ့ရပါ၏။ ယခုတိုင် စားဝတ်နေရေး ကျောင်းစရိတ်ကအစ ဒေါ်မြလေးနွယ်က ကုန်ကျခံသည်။ သူ့မိဘတွေက ကလေးကများ ဝင်ငွေမနည်းပေမဲ့ အလျှင်မမီရုံ အမြဲပြေးအလွှား။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ယောက်ကိုတော့ မေမေကြီးက လက်ကတုံးတောင်ဝှေးမွေးစားသားနှယ် ခေါ်ထားသည်။ ဒေါ်မြအေးရှင်မရှိကတည်းက ဒီသားတစ်ယောက်ကိုပဲ မဲ၍ ချစ်ခဲ့ရသည်လေ။

"မဟုတ်ဘူး မေမေကြီးရယ်၊ ကေသိက မေမေကြီး ထင်သလို ကလက်တာ မဟုတ်ပါဘူး"

ကေသီ့ ပြောစကားများဖြင့် တစ်နာရီခန့် ဆင်ခြေတက်ပြမိသည်။

"အေး ... မင်း ပြောတာတွေ သူ့စိတ်အမှန်ပဲလို့ ထားဦး၊ ဘယ်သူမှ လက်မခံတဲ့ အတွေးအခေါ်ပဲ၊ သူ့သဘာဝနဲ့သူဟဲ့၊ ယောကျ်ားက စွပ်ကျယ်ဝတ်တယ်၊ မိန်းမက ဘော်လီဝတ်တယ်၊ အဲဒါကို အဝတ်အစားချင်း အတူတူပဲဆိုပြီး လဲဝတ်လို့မရဘူး ဦးရဲသွေးနောင်ရေ၊ မှတ်ထား ... မှတ်ထား"

ရဲသွေးနောင် ဟီးခနဲ ရယ်မိ၏။ ကေသီ နေပုံထိုင်ပုံ ရဲလွန်းတာလည်း အမှန်။ သူ့ကိုဆိုလျှင် ဆွဲလိုဆွဲ၊ ဆိတ်လိုဆိတ်၊ သူ့ကို ငါးခုတ်တုံး တစ်ခုနှယ် ထင်တိုင်းကြံ၏။ အကြံခံရသူက လျှင်မြန်ကြောပေါ် ခြေစုံရပ်ရသလို ဖြောင်းဆန်၏။ ခက်သည်။ ကေသီ့ အပြစ်လား၊ ရဲသွေးနောင် အပြစ်လား။

အင်း ... ကေသီ့ကိုပဲ နားဝင်အောင် ပြောရမယ်။ ချိတ်ချိတ်ချင်းမှ ချိတ်မိတယ်ဆိုပေမဲ့ လာချိတ်ရင်လည်း ချိတ်ခဲ့တာပဲ ဒေါ်ကေသီရေ ...

"ဒီမှာ ကိုနောင်၊ ဒီမိန်းမကို မင်း ကြိုက်များနေသလား"

မကြိုက်ပါ။ အမှန်ဆုံး စကားတွေပဲလေ။

"ဟင့်အင်း ... ရည်းစားထားဖို့ မကြိုက်ပါဘူး မေမေကြီး"



"ဘာလုပ်ဖို့များ ကြိုက်နေသေးသတုန်း၊ မင်းစကားက"

"သူ့စိတ်နဲ့သူ့အတွေးအခေါ်က ပတ်ဝန်းကျင် မျက်စိထဲ မဝင့်ဆံ့ပေမဲ့ ကျွန်တော် လက်ခံနိုင်ပါတယ်"

"ဒါဖြင့် သူငယ်ချင်းတော်ဖို့ ကြိုက်တယ်ပေါ့"

"အမှန်ကို ဝန်ခံရရင် သူငယ်ချင်းလည်းမတော်ချင်ပါဘူးဗျာ"

"ဒါဖြင့် ဘာလို့ ပေါင်းနေသေးလဲ"

"ငယ်သူငယ်ချင်းဖြစ်ပြီး နေပြီ၊ သူ့မှာအပြစ်မရှိဘဲ ဘယ်လိုခွဲခွာရမလဲ"

"နေပါဦး၊ သူငယ်ချင်းမတော်ချင်တာက ဘာဖြစ်လို့လဲ၊ သူ့အယူအဆကို လက်ခံနိုင်တယ်ဆို"

"လက်ခံနိုင်တာက တစ်ပိုင်းပါ"

"နောက်တစ်ပိုင်းကကော"

"သူနဲ့ သူငယ်ချင်းဖြစ်ပြီး ခင်နေတော့ သူက တရင်းတနှီးနေတယ်၊ ပြောတယ်"

"ဘုရား ... ဘုရား ... အဲဒီဒဏ်ကို မင်း မခံနိုင်ဘူးပေါ့၊ မင်း ရင်ထဲမှာ မုန်တိုင်းတိုက်ပြီပေါ့ ဟုတ်လား"

ရဲသွေးနောင် 'ဟုတ်ကဲ့' မဆိုပေမဲ့ မျက်လွှာချသွားသည်။ ယောကျ်ားကောင်းတစ်ယောက် ဖြစ်ချင်လွန်းသူမို့ ရသည့် အခွင့်အရေးတိုင်း မယူချင်သူပါ။ ကေသီနှင့် ပတ်သက်၍ ရင်မှာ လှုပ်ရှားရပါလေတိုင်း တစ်ခါမျှ မသိဖူး၊ မပတ်သက်ခဲ့ဖူးလျှင် ကောင်းလေစွ ... ဟု တွေးမိမြဲ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုလည်း အပြစ်မဆိုသာ။ အပြစ်မရှိသူကို အလကား နေရင်း မခေါ်မပြောဘဲနေလို့ ကောင်းမလား။ ဒါတောင် တတ်နိုင်သလောက် ရှောင်ခဲ့မိသေးသည်လေ။

"ငနောင်"

"ခင်ဗျာ"

မေမေကြီး ဒေါသတွေ တအားထွက်နေမှန်း သိလိုက်ပါ၏။ ခေါ်ပုံကိုက 'ငနောင်'တဲ့။

"ပြောထားချင်ပါရဲ့၊ မင်း ဝေးဝေးရှောင်ပါ၊ တော်တော်ကြာ မချစ်ဘဲနဲ့ စွဲသွားလိမ့်မယ်၊ ငါ ပြောတာ နားလည်လား"

သိပ်နားလည်သည်ပေါ့။

"ချစ်ရင်စွဲတယ်၊ မုန်းရင်လည်း စွဲတယ်တဲ့"

"ဟာ ... မုန်းတဲ့သူကို ဘယ်လိုစွဲမလဲ မေမေကြီးကလည်း"

"သူ့ကို မုန်းလိုက်တာ၊ အမြင်ကတ်လိုက်တာနဲ့ ဒေါသတွေ တထွက်တည်းထွက်နေတာလည်း၊ စွဲလမ်းခြင်းတစ်မျိုးပဲ"

ဟုတ်ပေသားပဲလေ။

"သူငယ်ချင်း ... သူငယ်ချင်းနဲ့ တရင်းတနှီးနေလည်း အဲဒါလေး အကျင့်ပါပြီး စွဲသွားတာပဲ၊ မစွဲမိစေဖို့ ဝေးဝေးကရှောင်ပါ။ ဒါပဲ ပြောလိုက်မယ်၊ သွားတော့"

ရဲသွေးနောင် ခြေလှမ်းတွေက နှေးကန်နေရ၏။ သူ့အခန်းသူရောက်တော့ အဝတ်အစားပင် မလဲနိုင်ဘဲ အိပ်ရာပေါ် ပစ်လှဲမိသည်။ ခြေထောက်တစ်ချောင်းက ခုတင်ပေါ်မှာ၊ တစ်ချောင်းက ကြမ်းပြင်မှာ၊ လက်နှစ်ဖက်က ခေါင်းရင်းသို့ ပစ်ထားသည်။ ခြင်ထောင်အမိုးမှာ နှန်းကေသီ။



"ငါ ... သူ့ကို ချစ်နေတာလား"

မချစ်ဘူးဟု ထင်မိ၏။ ရင်ခုန်မိခြင်းသည်သာ ချစ်ခြင်းဆိုလျှင် သူနှင့် ပတ်သက်၍ ရင်ခုန်ခဲ့ရသည်က အကြိမ်ကြိမ်မို့ အဖန်တလဲလဲ ချစ်မိပြီဟု ဆိုနိုင်သည်။

"ရင်ထဲမှာ စွဲပြီး အသည်းနှစ်အောင် တမက်တမော ချစ်ရတာမျိုးတော့ မဟုတ်ဘူးကွယ်"

ချစ်မိမှာတောင် ကြောက်နေသေးသည် မဟုတ်လား။

"ကြိုက်ကော ကြိုက်နေသလား"

စင်စစ် အချစ်နှင့်အကြိုက်မှာ ခြားနားချက် များစွာရှိ၏။ မိမိ အချစ်ဆုံးသူတွင် မကြိုက်နိုင်သည့် အချက်တို့ များစွာတည်ရှိနိုင်သည်။ သို့ပေမဲ့ ချစ်နေသည်သာ။

အချို့ကျတော့ ကြိုက်သည်။ သူ့စိတ်သူ့သဘော သူ့အလှကလေးများကို ကြိုက်၏။ သို့ပေမဲ့ မချစ်မိ။ နန်းကေသီကျတော့ ချစ်မိမှာပင် စိုးကြောက်၏။ မကြိုက်စရာတွေကလည်း အများကြီးရှိ၏။ ထို့ကြောင့် အတတ်နိုင်ဆုံး ဝေးလံစွာ နေကြည့်သည်။ အဆက်အဆံ ဖြတ်ပစ်ဖို့ကျတော့ သူ့မှာ အပြစ်မရှိဟု ထင်သည်။

သူက လာလာပတ်သက်တော့လည်း သာယာမိသည်။ သည်သာယာမှုက၊ ရင်မှာ စွဲငြိသွားမှာစိုးသည်။ နန်းကေသီသည် မိမိလက်ထပ်ကာ သေတပန်သက်တစ်ဆုံး ချစ်သွားရမည့်သူ မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမဖြစ်ရတာ အရှုံးချည်းပဲတဲ့ ကေသီရေ၊ တို့လည်း ယောက်ျားဖြစ်နေရလို့ ဆုံးရှုံးတာပဲ၊ လောကမှာ အရှုံးနဲ့ အမြတ်ကတော့ ဒွန်တွဲနေမှာပါကွာ"

စိတ်ရှုပ်ထွေးနောက်ကျိစွာ အိပ်ပစ်လိုက်လေတော့သည်။

❀ ❀ ❀

"ဟဲလို"

"အင်း"

"ကေသီ့ကို ဝင်ခေါ်နော်"

"ဟာ ... ဆောရီးပဲကွာ၊ တို့က ဒေါ့ဂျစ်နဲ့ဆင်းမှာ"

"ချယ်ဂါရီနဲ့ဆိုတော့ ဘာဖြစ်လဲ"

"သစ်တော်သီးတွေပါမယ်"

"အဲဒါတွေ မိုက်ဆာရင် နိုက်စားလို့တောင် ရသေးတယ်။ သူက ကိုယ့်ကို ပြန်စားမှာမှ မဟုတ်တာ၊ ဘီလူးတွေဆိုရင်လည်း ကြောက်ရရဲ့"

"ပဲ့တာပေါ့၊ ဘယ်ကောင်းမလဲ"

"တောင်ကြီး–မန်းကားတွေ ကျတော့ကော ဘယ်လောက် စတိုင်ထွားမှာမို့လဲ"

"ပွဲရုံတစ်ရုံဝင်တစ်ရုံထွက်နဲ့မို့ပါ"



"မခေါ်ချင်ရင် ရှင်းရှင်းပြော နောင်၊ ကေသီက ဘွင်းဘွင်း သမားဆိုတာ သိသားနဲ့"

"မဟုတ်ပါဘူး"

"ဘာလဲ မေမေကြီးက မခေါ်စေချင်လို့ မခေါ်ရဲဘူးလား"

"မဟုတ်ပါဘူး"

'ဟုတ်တယ်'ဟူ၍ အဘယ်ကြောင့် မပြောလိုက်မိပါသနည်း။ ဟုတ်တယ်ဆိုလျှင် မည်သို့ဖြစ်သွားမည်နည်း။ အမေက ငယ်သေးတယ်တဲ့ရှင် ဆိုသည့်အဖြစ်ကို ရောက်သွားမှာစိုးသည်။ ယောက်ျားမဆန်မှာ စိုးသည်။ ပျော့ညံ့ရာ ရောက်မှာစိုးသည်။ အဲဒါ ... အဲဒါ ယောက်ျားဖြစ်နေရတဲ့အရှုံးပဲ ကေသီရေ။

"ခေါ်တော့ ခေါ်ချင်တယ်၊ ဒါ့ပေမဲ့ သစ်တော်သီးတင်တဲ့ ကြီးနဲ့၊ ပြီးတော့ ပွဲရုံတွေကို အရင်သွားရမယ်၊ ဒါကြောင့် ကေသီ့ကို အားနာတယ်၊ ဒီလိုလား"

ပြောတော့ ... ပြောတော့ ရှေ့ကျိုးညီဟုသာ ဆိုချင်ပါတော့သည်။ ကိုယ် ပြောရမည့်စကားကို သူကချည်း ပြောသည်။ ရဲတင်းသလောက် နှုတ်ကလည်း သွက်ပါ့။ သြော် ... ငါသာ မိန်းမဆိုရင် ဝေးဝေးရှောင်ဖို့ အားနာစရာ မရှိဘူး။ ယောက်ျားဖြစ်နေရတဲ့ ဒုက္ခကွယ့်နော်။

"ဟုတ်တယ်၊ ဒီလိုပဲ"

"သေချာတယ်နော်"

"သေချာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သေသေချာချာ ဝင်ခေါ်ပေတော့၊ ကောသီ လိုက်မယ်၊ ဒါပဲ"

ရဲသွေးနောင် တယ်လီဖုန်းကို မချဖြစ်သေးဘဲ ငိုင်နေမိ၏။ ကျောင်းက သူငယ်ချင်းတွေ ပြောလေ့ရှိသော 'ငေါင်' ဆိုသည့် စကား၏ အဓိပ္ပာယ်ကို အစက နားမလည်ခဲ့ပါ။

"ငေါင်တယ်ဆိုတာ ဘာဖြစ်တာကို ပြောတာလဲ"

သည်လိုမေးစဉ်က ဝိုင်းဟားခြင်းခံခဲ့ရ၏။

"အူကြောင်ကြောင် ငူတူတူနဲ့၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ၊ အဖြေမရှိ၊ အကျဉ်းအကျပ်ဖြစ်ပြီး ကျန်ခဲ့တာကို ပြောတာ"

"ဟာ ... စကားတစ်လုံးတည်းက အဓိပ္ပာယ်တွေ ဒီလောက်တွင်ကျယ်ရသလား၊ မဟုတ်သေးဘူး၊ ငါ လက်တွေ့သိချင်လို့ မင်းတို့ ငေါင်ရင် ငါ့ကို ပြောကြစမ်း"

"ကိုယ်ပိုင်ခံစားချက်ကို မင်းသိအောင် ဘယ်လိုလုပ်ပြောရမလဲဟ၊ တုံး ..."

သည်တုန်းကတော့ 'တုံး'ပါ။ 'ငေါင်'၏ အဓိပ္ပာယ်ကို မသိ။ ငေါင်မှမငေါင်ဘူးပဲ။ ခုတော့ သိပါပြီ။

ရဲသွေးနောင် ငေါင်၍ ကျန်ရစ်ပါသတည်း။

"ဘာတဲ့လဲ၊ ဝေါနဲ့တင်လှည့်ပါတဲ့လား"

မေမေကြီး ဘယ်အချိန်က အနားသို့ ရောက်နေသည်မသိ။ ရဲသွေးနောင် ခေါင်းငုံ့ကျသွားသည်။ မေမေကြီး မကြိုက်သည့် အလုပ်ကို ရှောင်ရှားချင်စိတ်ရှိရိုး အမှန်ပါ။

"ငြင်းတော့ ငြင်းပါသေးတယ်"



မေမေကြီး ဆန္ဒရှိသလို ပြတ်ပြတ်တောက်တောက်ကြီး ပြောချဖို့ကျတော့ အားနာစရာ ကောင်းလွန်းသည်။ တစ်ဖက်က မိန်းမသား၊ ကိုယ်က ယောကျာ်း။

"သားသမီးများ ပညာကလေးစုံကာနီးတော့ လူကြီးသူမကို ဘယ်နေရာမှ မသွင်းတော့ဘူး၊ ဘာပြောစကားမှ နားမထောင်တော့ဘူး၊ အင်းလေ ... ဘွဲ့ရခါနီးပြီကိုး၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တော့မှာကိုး"

"ဟာ ... မေမေကြီး၊ ကျွန်တော် ဒီသဘောနဲ့ မဟုတ်ပါဘူး"

"မဟုတ်ရင်လည်း ဟုတ်လိုက်ပေတော့၊ ရင်ဝကို စုံကန်ပြီးထွက်သွားတော့ ကိုနောင်၊ မင်းကို ရင်ခွင်ထဲထည့်ထားနိုင်တာမှ မဟုတ်ဘဲလေ၊ ဒီလိုပါပဲ"

ခေါ်မြလေးနွယ်၏ ဒေါသများ ဝမ်းနည်းသည့်ဘက်သို့ ကူးပြောင်းသွား၏။

"သမီးလေး တစ်ယောက်တည်း ရှိခဲ့တုန်းကလည်း ဒီလိုပဲ၊ ခုသားတစ်ယောက်ရယ်လို့ ပုံပြီးချစ်ရတာ ကိုနောင်၊ ဒီပုံစံပဲ လာပြန်ပြီ"

"မေမေကြီး စကားကို ကျွန်တော် ပစ်ပယ်တာ မဟုတ်ပါဘူးဗျာ၊ သူက လာလာပြီး ပတ်သက်နေတော့လည်း အားနာလို့"

"တကယ်တော့ မေမေကြီးလောက် ကံဆိုးတဲ့လူ ဒီကမ္ဘာမှာ ရှိမယ်မထင်ပါဘူးကွယ်၊ သားသမီးတွေကို ရင်ခွင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ ထည့်ပြီး ချစ်ချင်တယ်၊ မိဘမေတ္တာကို အပြည့်အဝဆုံး ပေးချင်တယ်၊ ဒါပေမဲ့ ဘယ်သား၊ ဘယ်သမီးကမှ အသိအမှတ် မပြုကြဘူး”

“မဟုတ်ပါဘူးဗျာ၊ မေမေကြီးရဲ့ မေတ္တာတွေ၊ ကျေးဇူးတွေ ကျွန်တော် ဘယ်တော့မှ ပြန်ဆပ်လို့ မကုန်နိုင်ပါဘူး”

“အချိန်တန်တော့ ရင်ဝကို စုံကန်ကြတာပဲလေ”

“မကန်ပါဘူး မေမေကြီးရာ”

“ငါဟာ သားသမီးတွေကို ချစ်သာချစ်တတ်ပြီး မဆုံးမတတ်တဲ့ မိဘမျိုး၊ အချစ်တွေ အစွမ်းကုန် ပေးပေမဲ့ သားသမီး သိအောင် မပြတတ်တဲ့မိဘမျိုး၊ ကိုယ်ညံ့လို့ ကိုယ်ခံရတာပဲ သဘောထားလိုက်ပါတယ်”

“စိတ်မကောင်း မဖြစ်ပါနဲ့ မေမေကြီးရယ်”

“သွားပါ ကိုနောင်၊ လာလို့ခေါ်ရင် သွားလိုက်ပါ၊ နင်တဲ့ အခါကျတော့လည်း ပြန်လာပေါ့၊ စိတ်ချမ်းသာသလို လုပ်ပါ၊ မေမေကြီး တားလို့မှ မရနိုင်တော့တာလေ”

ဒေါ်မြလေးနွယ် ငိုနေသလားဟု ရဲသွေးနောင် မော့ကြည့်သည်။ အသံတွေကသာ တုန်ယင်လှိုက်လှဲနေသည်။ မျက်ဝန်းများကသာ ရီဝေနေသည်။ မျက်ရည်တစ်စက်မကျ။ ဩော် ... မေမေကြီး၊ မမရှင်အတွက် ငိုရလွန်းတော့လည်း မျက်ရည်တွေ ခန်းခဲ့ပြီ ထင်ပါရဲ့လေ။

“သမီးတစ်ယောက်ကတော့ မာနကြီးလိုက်ပုံများကဖြင့် ယောက်ျားဆုံးတာတောင် ပြန်မလာခဲ့ဘူး”



ရဲသွေးနောင် မမရှင်၏ ရုပ်သွင်ကို မှန်းကြည့်မိသည်။ ကွဲကွာကြသည်မှာ နှစ်ပေါင်း ကြာပြီဖြစ်ပေမဲ့ မှတ်မိနေပါသေးသည်။ မမရှင် အိမ်ထောင်ကျတော့ ရဲသွေးနောင်က ကလေးပဲ ရှိသေးသည်။ သို့ပေမဲ့ ဒီပါချမ်းမြေ့အိမ်ကြီး၏ ငရဲခန်းနှယ် ကြေကွဲဖွယ် အကောင်းဆုံးဖြစ်ရပ်၊ တစ်အိမ်သားလုံး ငိုကြွေးနေကြပုံများကို မှတ်မိနေပါသေးသည်။

“ကံကိုလည်း ယိုးမယ်ဖွဲ့ မနေတော့ပါဘူး၊ ကိုယ်ညံ့လို့ ကိုယ်ခံရတာပဲလေ”

“မေမေကြီး”

လှမ်းခေါ်ပေမဲ့ မထူးတော့ဘဲ ဒေါ်မြလေးနွယ် ကျောခိုင်းထွက်သွားခဲ့ပါပြီ။ ထိုနေ့က နန်းကေသီကို ဝင်မခေါ်ဖြစ်ခဲ့ပါ။

*** 

နန်းကေသီ ခေတ်မီရုံမက ရဲသွေးနောင် စကားနှင့် ဆိုရပါမူ ခေတ်ရှေ့က မိုင်ပေါင်းကုဋေလောက် ကြိုပြေးနေသည့် မိန်းကလေးပဲ၊ သိသမှ သိပ်သိပေါ့။

“သူ့ဘွားအေကြီးတားလို့ ဝင်မခေါ်တာ”

ဒေါသဖြစ်လွန်းစွာ အံကို ကြိတ်မိ၏။ ငယ်သူငယ်ချင်း၊ သူ့ကိုလည်း ကိုယ်က မိန်းမနောက်ပိုး လုပ်နေသူ မဟုတ်။ သည်ကြားထဲ ဘွားအေကြီးက သည်လောက်အဖြစ်သည်းပြနေတော့ သည်ကိစ္စက နန်းကေသီ၏ မာနကို ထိပ်တိုက်တွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နန်းကေသီတို့က ပါးလိုက်တာမှ လှစ်လို့။ သူနှင့်ပတ်သက်ကာ ရဲသွေးနောင် စိတ်ကစားမှန်း သိသည်။ ကိုယ်က စိတ်မကစား၊ စိတ်ကစားနေတာက ရဲသွေးနောင်၊ ကိုယ့်ဘက်က ကျတော့ ခင်တာပဲရှိသည်။ ခင်သည်လေ၊ ရဲသွေးနောင်က လူအေး၊ လူရိုး၊ သဘောကောင်း၊ သူငယ်ချင်းများနှင့် ပေါင်းလျှင် အနစ်နာခံတတ်သေးသည်။

ပြီးတော့ စာကလည်း တော်လိုက်သေးသည်။ ဆယ်တန်းအထိ နန်းကေသီကသာ ရဲသွေးနောင်ထံမှ စာမေးခဲ့ရ၏။ စာမေးပွဲအောင်တော့လည်း ရဲသွေးနောင်က 'ဒီ'ပိုများသလို အမှတ်လည်း သာခဲ့သေးသည်။

"ဆရာဝန်မလုပ်ပါနဲ့ ကိုနောင်၊ မေမေကြီးရဲ့ လက်ငုတ်စီးပွားရေးတွေမှာ ဘယ်သူမှ မရှိဘူး၊ သူများနဲ့တန်းတူ ဘွဲ့လေးတစ်ခုရပြီးရင် တော်ပြီပေါ့၊ ဆရာဝန်ဖြစ်သွားရင် ဒီခြံတွေ အကုန်ရောင်းပစ်ဖို့ပဲ ရှိတော့တယ်"

ဒေါ်မြလေးနွယ် တားသောကြောင့် လူတကာမက်ကြသည့် 'ဆေးတက္ကသိုလ်'နှင့် လွဲရရှာ၏။ သည်ကတည်းက ရဲသွေးနောင်ကို သနားပြီး သူ့အဘွားကြီး အမြင်ကျဉ်းရကောင်းလားဟုဆိုကာ ဒေါ်ပွမိခဲ့သည်။

"မေမေကြီး ပြောတာမှန်တယ် ကေသီရဲ့၊ တို့ ငြင်းလို့ မဖြစ်ဘူး၊ မေမေကြီးကို သနားတယ်"

ကိုနောင်ကိုက လိမ္မာလွန်းအားကြီးလို့ ဘွားအေကြီးက နေရာတကာ လိုက်ချုပ်ချယ်နေတာဟု မြင်သည်။ ကေသီတို့ကတော့ ခေတ်လူငယ်ပေကိုး။



"နောင်ဟာ ဘွားအေရဲ့ မေတ္တာကွန်ယက်ကြီးမှာ အကျဉ်းကျနေတာ သိလား"

သည်တုန်းက ရဲသွေးနောင် ရယ်နေခဲ့၏။

"ဒီပါချမ်းမြ စံအိမ်ကြီးဟာ နောင့်အတွက် အကျဉ်းစခန်းကြီး"

နန်းကေသီက သည်လိုမြင်သည်။ ခုမှပိုမြင်၊ ပိုမခံချင်။ လူငယ်စိတ်ဖြင့် မာနကလည်း ကြွ၏။ ရဲသွေးနောင်ကို မေတ္တာဒုက္ခိတတစ်ဦးနှယ် သဘောထားကာ သည်ဒုက္ခတွင်းမှ ဆယ်တင်ချင်မိ၏။ ယောကျ်ားလေးရှင် ဖြစ်ပါလျက် အဖြစ်သည်းပြနေသည့် ဒေါ်မြလေးရှင်ကို မခံချင်သည်ကလည်း ပါသည်ပေါ့လေ။

"ဒီဘွားကြီး ဆွေ့ဆွေ့ခုန်သွားအောင် လုပ်ပြမယ်"

ကိုယ်ကမှ ချစ်မနေဘဲ၊ ကိုယ်အနေသာကြီးဟု မတွေးပါ။ ကိုယ့်ကိုယ်ကိုယ် လူစွမ်းကောင်း သဘောထားကာ ကယ်တင်ရှင်မဏိမေခလာအဖြစ် အစွမ်းအစ ထုတ်ပြလိုက်ချင်သည်။

"သိကြရောပေါ့ ဒေါ်မြလေးနွယ်ရေ"

လူဆိုသည်မှာ ကိုယ့်ဘက်ကသာ ကိုယ်ကြည့်တတ်သည့် အမျိုးအစား မဟုတ်လား။ သူ့ဘက်ကိုယ့်ဘက် မျှတွေးတတ်သည့် သူက ခပ်ရှားရှား။ သည်ကြားထဲ အသက်က ငယ်၊ မိုက်ဆဲရှိ၊ ခေတ်ကလည်း ဆန်ပါပေ့ဆိုသည့် ဆရာဝန်လောင်းမလေးမို့ မိုက်ရူးရဲလုပ်သည်ပဲဆိုဆို၊ ရဲသွေးနောင် အပေါ် ရင်မခုန်ပါသည့် အချစ်တစ်ခု ပေးလှူလိုက်ချင်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



နန်းကေသီသည် ...

ရေလာ၍ မြောင်းပေးခြင်း မဟုတ်။

ရေလာစေချင်လွန်းသည်မို့ ဖောက်သည့်မြောင်းက ဆင်ခြေလျော။ သည်တော့လည်း ရေဆိုသည်မှာ မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းမြဲ။ ယောက်ျားတို့ထံမှာ အချစ်နှစ်မျိုးရှိ၏။

ကျောက်ဆောင် ကျောက်သားနှယ် ခိုင်မြဲသည့် အချစ်ကတစ်မျိုး။

မြင့်ရာမှ နိမ့်ရာသို့ လွယ်ကူစွာ စီးဆင်းတတ်သည့် ရေနှင့်တူသော အချစ်ကတစ်မျိုး။ ကျောက်သားလို အချစ်မျိုး မဖြစ်ထွန်းမီ ရေနှင့်တူသော အချစ်သည် ဖြစ်ထွန်းနိုင်၏။ တစ်ပြိုင်တည်းလည်း ဖြစ်ပေါ်နိုင်၏။ လက်လှမ်းမီနေသော ပန်းတစ်ပွင့်ကို မခူးဘဲနေသူက ခပ်ရှားရှားပဲလေ။ မဆွတ်မီက ညွတ်ပြနေသည့် ပန်းတစ်ခိုင်ကို မမွှေးမကြူပဲ မည်သူနေမည်နည်း။

ရဲသွေးနောင်နှင့် နန်းကေသီတို့ အကြားတွင် ရေနှင့်တူသော အချစ်တစ်ခု ဖြစ်ထွန်းသည်။ မြင့်ရာမှ နိမ့်ရာသို့ သဘာဝကျစွာ စီးဆင်းလာသည့် ရေအလျင်တွင် အနှစ်ပြည့်ဝကာ ခိုင်မြဲလှပါသည့် မေတ္တာတည်းဟူသော အချစ်ဓာတ်မျိုး၊ ပြည့်ဝ ပျော်ဝင်ခြင်း ကင်းပါသတည်း။

* * *



မိန်းမကြိုက်တော့ မျှော်လိုက်ရတာ ...

ယောက်ျားကြိုက်တော့ စိုက်စိုက်လာ ...

သည်စကားပုံက ခုခေတ်တွင် ယိုယွင်း၏။ မြန်မာယဉ်ကျေးမှုခြုံလွှာကို လုံအောင် မခြုံလိုသူများ သည်စကားပုံကို ဖျက်ဆီးကြ၏။ သို့ပေမဲ့ မပျက်မယွင်း ဣန္ဒြေရှိစွာ တည်ဆဲအစဉ်အလာတစ်ခုကတော့ ကျန်ပါသေးသည်။

ချစ်ရေးကို ယောက်ျားသားများကသာ စတင်ဆိုကြခြင်းပါတည်း။ သည်ကိစ္စမှာတော့ မြန်မာမိန်းကလေးတို့ သိက္ခာတင်ဆဲပါ။ နောင်မည်သို့သော ကာလသို့ ကျရောက်သည့်တိုင်လည်း ဆက်လက် မြဲစေသင့်သော စောင့်စည်းအပ်သည့်အရာဖြစ်ပါ၏။

မိန်းမသားများ ချစ်စကားကိုတော့ စတင်မဆိုလိုက်ပါလေနှင့်၊ အစစဆုံးရှုံးနိမ့်ကျရသည့် မိန်းမဘဝ၏ တန်ဖိုးသည် သုညအောက်သို့ ဆယ်ကမ္ဘာ ရောက်သွားပါလိမ့်မည်။

နန်းကေသီသည် မာရှူးသို့ စိုက်စိုက်လာတတ်ပေမဲ့ သုညအောက် ဆယ်ကမ္ဘာသို့ မဆင်းခဲ့ပါလား။

"ကေသီ ... တံခါးမလော၊ ဦးပြုံး မြီးရှေ့ပဲလား"

"ဒေါ်အမာပဲဒံပေါက်ပဲ လိုက်ရှာပါမယ်လေ"

"မြီးရှေ့စားလေ"

www.burmeseclassic.com

www.burmeseclassic.com



"နောင် ကြိုက်တာပဲ စားချင်တယ်"

သံယောဇဉ်တို့ အမြစ်တွယ်သည် မတွယ်သည်အပထား သမီးရည်းစား ဟုတ်သည်လေ။ ချစ်သူမောင်နှံဟူ၍ တင်စားရန်ခက်သည့် သူတို့စုံတွဲကို သမီးရည်းစားဟူ၍ပဲ သမုတ်ရပေမည်။ သမီးရည်းစားဘဝမှာ ကယုကယင် အကြင်နာလေးများဖြင့် ပျော်စရာရှိကြသည်ပဲ။

"ကေသီ၊ တို့ကို တကယ်ချစ်ရဲ့လား"

ဤမေးခွန်းက လူသားအလွန်ဆန်၏။ ကိုယ်က တကယ်ချစ်ချင်မှ ချစ်မည်။ တစ်ဖက်ကတော့ စွဲနစ်သည့် အချစ်မျိုးကိုပဲ ခံယူရရှိချင်သည်။

"ငယ်ငယ်ကတည်းက ချစ်လာတာပဲ နောင်ရယ်၊ ကေသီတို့ဟာ ငယ်ပေါင်းကြီးဖော်တွေ"

"မဟုတ်ဘူးလေ၊ ခုက တစ်မျိုး"

"ခုက တစ်မျိုးဆိုတဲ့မေးခွန်း ကေသီ့ကို မမေးခင် နောင့်ကိုယ်နောင်ရော သေသေချာချာ မေးမိရဲ့လားဟင်"

'မမေးရဲလို့ မမေးမိပါဘူး ကေသီ'ဟု ... အမှန်ကိုဖြေရမှာ အားနာမိပါ၏။ အစကတည်းက ညွတ်လွန်းသည့် မိန်းကလေးရယ်လို့ အားနာစွာ ချစ်ရေးဆိုမိခြင်းပဲလေ။

"နောင်လည်း ကေသီ့ကို တကယ်မချစ်ပါဘူး၊ ခင်တာပါ၊ ချစ်တယ်ဆိုရင်တောင် မိတ်ဆွေအပေါင်းအသင်းလိုပဲ ချစ်မှာပါ၊ မညာပါနဲ့ နောင်ရယ်"

ရဲသွေးနောင် နှုတ်ဆိတ်နေ၏။



"ကေသီက ရင်ထဲမှာရှိရင် မြှုမထားတတ်ဘူး၊ ပွင့်ပွင့်လင်းလင်း သမားပဲ၊ ကေသီ အမှန်ကိုဖြောရင် နောင် စိတ်မဆိုးနဲ့နော်"

ရဲသွေးနောင် ခေါင်းညိတ်ပြ၏။

"ဘာလို့ ဆိုးရမှာလဲ၊ မဆိုးပါဘူး"

"နောင့်ကို ကေသီ ချစ်ပါတယ်၊ အဲဒါ ... သူငယ်ချင်းလို၊ မောင်နှမလို သံယောဇဉ် တကယ်အမြစ်တွယ်တာပါ၊ ဒါပေမဲ့ ..."

"ချစ်သူတစ်ယောက်လို မချစ်ဘူးပေါ့၊ ဟုတ်လား ကေသီ"

"ကေသီ လက်ထပ်မှပဲ အဲဒီလူကို ချစ်သူလို ချစ်တော့မယ်"

"ဟင် ..."

"ဟုတ်တယ် နောင်၊ အိမ်ထောင်ရေးကို ကေသီ အသိဉာဏ်ပြည့်ဝစွာ ဆုံးဖြတ်ချင်တယ်"

"ဪ ..."

"ကေသီ့မှာ ပညာဥစ္စာ ဘာမှ မလိုပါဘူး နောင်၊ မိဘတွေမရှိတော့တဲ့အခါမှာ ဥတစ်လုံးတစ်ကောင်ကြွက်လို ဖြစ်မဲ့ကေသီ့အတွက် ခင်ပွန်းဆိုတဲ့ အရိပ်ကောင်းကောင်းတစ်ခုပဲလိုပါတယ်"

သူ့ဒဿနနှင့်သူတော့ ဟုတ်သားပဲလေ။

"ကေသီ့ ဦးနှောက်က လက်မခံတဲ့သူမျိုးကို ကေသီ ရွှန်းစားစွာ မချစ်ချင်ပါဘူး"

"တို့ကိုရော"

www.burmeseclassic.com

www.burmeseclassic.com



"ကေသီ ထင်ပါတယ်၊ နောင်ဟာ လူကောင်းပဲလေ၊ အရိပ်ကောင်းတစ်ခု ဖြစ်နိုင်မဲ့သူပါ၊ အကြောင်းတိုက်ဆိုင်စွာ လက်ထပ်ဖြစ်ကြရင်တော့ နောင့်ကို ကေသီနှလုံးသားပါ မုံပြီး ချစ်ပါ့မယ်"

"ဒါဖြင့် တို့ကို ကေသီ လက်ထပ်မယ်၊ မထပ်ဘူးဆိုတာ မဆုံးဖြတ်ရသေးဘူးပေါ့"

"မညာကြေးဆိုရင်တော့ ဟင့်အင်းပဲ"

"ဘာဖြစ်လို့လဲ"

"နောင့်ထက် ပိုမိုကျယ်ပြန့်တဲ့ အရိပ်ကောင်း တစ်ခုခုကို ကေသီ ထပ်တွေ့နိုင်သေးတာပဲ၊ အပြန်အလှန် ပေးဆပ်ရမဲ့ အချစ်ကိစ္စမှာ ကေသီ့ဘက်က ပေးနိုင်တာတွေ အများကြီး ရှိနေတဲ့ဟာ၊ လောဘကြီးချင်တာပေါ့ နောင်ရဲ့"

သူ့ဘက်က ပေးနိုင်တာတွေ အများကြီး ရှိပါတယ်တဲ့။

ဟုတ်သည်လေ။ ဤကမ္ဘာမှာ အလှဆုံးဟု သရုပ် မဆောင်နိုင်ပေမဲ့ အသားဝင်းဝင်း၊ ပါးရဲရဲ၊ အရပ်အမောင်း အချိုးအဆက်ပြေပြစ်ကာ ဆရာဝန်မတစ်ဦး ဖြစ်လာဦးမည့်သူ ပြီးတော့ မိဘကလည်း ပြည့်ပြည့်စုံစုံ၊ သိန်းပေါင်းများစွာ မချမ်းသာ သည့်တိုင် လူကုံထံ အသိုင်းအဝိုင်းမှာတော့ စာရင်းဝင်၏။

"ကေသီ့ အတွေးအခေါ်က လက်တွေ့ မကျဘူးလား ဟင်"

"ကျပါတယ်"



"ခုချိန်ထိတော့ နောင့်ကို ရွေးဆုံးကထားပါတယ်၊ နောင်က လက်ထပ်ချင်တယ် ဆိုရင်ပေါ့၊ နောင်ကလည်း လက်ထပ်ဖို့အထိ ရည်ရွယ်ချင်မှ ရည်ရွယ်မှာပါ"

"ကိုယ် ရည်ရွယ်ပါတယ် ကေသီ၊ အကြောင်းတစ်ခုခုနဲ့ တို့နှစ်ယောက်ရဲ့ ကမ္ဘာလေး ပျက်မသွားဘူး ဆိုရင်ပေါ့"

ရဲသွေးနောင်တွင် ဤဆန္ဒ အမှန်ပင် ရှိပါသည်။ သူက လူကောင်းပဲ။ မိန်းမသားတစ်ဦးအပေါ်တွင် တိမ်းမူးစိတ်ဖြင့် ညွတ်နူးမိသည်ပဲထား၊ ကိုယ်ကတော့ စွန့်ပစ်သူ မဖြစ်ချင်ပါ။ ဤမျှ ရက်စက်နိုင်သည့် နှလုံးသား မရှိပါ။

"မမကြီး ရှိတာပဲလေ နောင်"

"မမကြီးဆိုတဲ့ အဟာန့်အတားတစ်ခုကြောင့် ကေသီ့ကို ရှောင်ဖို့ ကြိုးစားခဲ့ပြီးပါပြီ၊ မရဘူးလေ၊ ဒီတော့ အဟာန့် အတားကြောင့်တော့ မပျက်တော့ဘူး"

"နောင်က ကေသီ့လောက် လူလားမမြောက်သေးဘူး"

"ဘာဖြစ်လို့"

"နောင် ကေသီ့ကို ဘာဖြစ်လို့ ချစ်ရေးဆိုဖြစ်တယ်ဆိုတာ နောင့်ကိုယ်နောင် သိရဲ့လား"

"ချစ်လို့"

"တိမ်းမူးညွတ်နူးခြင်းကို အချစ်လို့ မတင်စားချင်နဲ့ နောင်၊ အချစ်ဆိုတဲ့ အဓိပ္ပာယ် သိပ်ပေါ့သွားလိမ့်မယ်"

"အတူတူပဲပေါ့၊ ဘာထူးလဲ"

www.burmeseclassic.com

www.burmeseclassic.com



“သိပ်ထူးတယ်၊ နောင်ဟာ အသက်နှစ်ဆယ် ပြည့်ပြီးပြီ၊ မကြာခင်လည်း ဘွဲ့တော့မယ်၊ ဒီအရွယ် ယောကျာ်းလေးဟာ အချိန်တန်တော့ ထမင်းဆာသလို အချစ်ကို ဆာလာပြီ ပေါ့ နောင်”

“ထားပါတော့”

“ကေသီက ဘေးနားမှာပြင်ပြီးသား ထမင်းပွဲကြီးလို ဖြစ်နေတာကိုး နောင်ရယ်၊ ဟင်းမျိုးကလည်းစုံပါ့ပေ၊ နောင့်စားပွဲမှာ ဝင်ထိုင်စားမှာပေါ့လေ၊ စားပါဦးလို့တောင် ဖိတ်ခေါ်စရာ မလိုဘူး ထင်ပါတယ်၊ ဝမ်းကလည်း ဟာလှပြီဆိုတော့”

“အချစ်နဲ့ ပတ်သက်လာရင် ကေသီက တိမ်တိမ်ကလေး သိပ်တွေးတာပဲ”

“မှားပြီ နောင်၊ အလေးအနက် တွေးတတ်လွန်းလို့ ခပ်တိမ်တိမ် အရာလေးတွေကို သဘောပေါက်ထားပါ၊ နောင်တို့သာ တိမ်တိမ်လေးတွေးလို့ နက်ရှိုင်းတဲ့အရာကို မမြင်တာ”

“တို့က ကေသီ့ကို လေးလေးနက်နက် မချစ်ဘူးလို့ ဆိုချင်တာလား”

“ဆိုကို ဆိုတာ”

“ဒို့လို မလေးနက်တဲ့ အချစ်မျိုးနဲ့ လူတစ်ယောက်ကို ကေသီ ဘာဖြစ်လို့ လက်ခံသလဲ”

“နောင့်ကို သူစိမ်းတွေအားလုံးထဲမှာ အချစ်ဆုံးလို့သာ ပြောခဲ့ပါတယ်၊ ရင်ကွဲမလောက် ချစ်နေပါပြီလို့ တစ်ခါမှ မပြောခဲ့ဖူးပါဘူး”



“ဒါဖြင့် တို့နဲ့ တွဲနေတာ ကေသီ့မှာ မနစ်နာဘူးလား၊ ကေသီက မိန်းကလေး”

“နစ်နာသင့်သလောက် နစ်နာပါတယ်၊ ဒီအတွက် ကေသီ မိုက်မဲမိတယ်လေ၊ နောင့်မေမေကြီးကို စိတ်တိုလို့”

“ဩော် ... ဖြစ်မှဖြစ်ရလေ ကေသီရယ်”

“ဒါပေမဲ့ နောင်ဟာ အရိုဝ်ကောင်းတစ်ခုပဲလေ၊ အဆင် ချောသွားခဲ့ရင်လည်း နစ်နာမှု မရှိနိုင်တော့ဘူးပေါ့”

“အဆင်မချောခဲ့ရင်ကော မေးမဲ့သာ မေးရတာ၊ မိန်းကလေး တစ်ယောက်ကို ချစ်တယ်လို့ ပြောပြီးမှ တို့ဘက်ကတော့ စပြီး မဖျက်ပါဘူး၊ ကေသီ အဲဒါ ယောကျာ်းကတိပါ”

“ကျေးဇူးတင်ပါတယ် နောင်၊ တကယ် ပြောတာပါ”

နန်းကေသီ တဒင်္ဂအားဖြင့် ငေးသွားမိသည်။ ပြီးတော့ သက်ပြင်းမောကလေး တိုးတိမ်စွာချသည်။ ရဲသွေးနောင်က ကေသီ့ ဆို တိမ်းမူးစွာ စိုက်ကြည့်မိ၏။ သည်မျက်နှာကလေးလှသည်။ သူတော့ အမြဲ ကြည့်နေချင်သည်။ ကိုယ်ပိုင် အလှကလေးတစ်ခု အဖြစ် မူပိုင်ရေးစွတ္တြိ လုပ်ချင်သည်။ ပြီးတော့ ... ပြီးတော့ သည် မိန်းကလေးနှင့် နီးကပ်စွာ ရှိနေရခြင်းမှာ သာယာသည်။ သည်လောက်ပါပဲ။

ကိုယ့်ခြံထဲကပန်း သူများခူးမှာ မနာလိုစိတ်ဖြင့် [illegible]မ်းဖြစ်သည် ထင်ပါရဲ့။ ကေသီရေ ... မင်းကို သနားတယ်၊ တို့ [illegible]ားသွားပြီးလားကွယ်။

“မိန်းကလေးတစ်ယောက်ဟာ၊ သူ့အိုးနဲ့သူ့ဆန်၊ [illegible] တော့ ချစ်သူခင်သူတွေ ရှိမှာပါ နောင်၊ ဒါပေမဲ့ [illegible]ချောင်

www.burmeseclassic.com



ချောင်နဲ့ ချက်ရင် ထမင်းမပျော့ဘူး၊ ကော့ကော့စင်းစင်းနဲ့ ထမင်းလှတယ်လေ"

"ဒီတော့ ... ထမင်းလှစေဖို့ အိုးကြီးကြီး ရှာချင်တယ်လား ကေသီ"

"ရှာကို ရှာရမယ် နောင်၊ မိန်းကလေးတွေ မလွဲမသွေ ဆောင်ရွက်သင့်တဲ့ အလုပ်ပဲ"

"ကေသီ့ သီအိုရီ မဆိုးပါဘူး"

"ဒီတော့ တစ်ယောက်က လာချွဲရုံနဲ့ ပစ်ယုံလိုက်ရင် အဲ ... ငါ့မှာ ဆန်တစ်ပြည်ပဲရှိတာ၊ ရှစ်လုံးဝင်အိုးဆို တော်ပြီပေါ့လို့ သဘောထားလိုက်ရင် အိုးကျပ်တယ် နောင်ရဲ့"

"ကေသီက အချက်အပြုတ် ပညာလည်း ကျွမ်းကျင်သား ပဲ"

"ဆန်တစ်ပြည်ရှိရင် ဆယ်လုံးဝင်အိုး ရှာရတယ်"

"ကေသီ ထမင်းချက်တတ်တယ်လား"

"တော်ရုံ အထင်သေးပါလား နောင်၊ ကေသီဟာ မိန်းမ ပါ"

"အထင်ကြီးပါတယ် ကေသီ၊ တကယ် ပြောတာပါ၊ မိန်းကလေးတိုင်းသာ ကေသီလောက် အသိဉာဏ်ပြည့်စုံ ရင်"

"ချစ်တယ်လို့ ပြောလာတဲ့ ယောက်ျားတစ်ယောက်ကို အမိအရ ဖမ်းဆွဲစရာ မလိုပါဘူး၊ စောင့်ကြည့်၊ ရွေးချယ်၊ ဒါမိန်းမသားတွေရဲ့ အလုပ်"



"အဖြေမရတာနဲ့ စိတ်ပျက်ပြီး ပြန်လှည့်သွားရင်ကော"

"လွယ်လွယ်ဖွဲလွယ်လွယ်သွားရင် မကျိစရာမရှိပါဘူး၊ တကယ် ချစ်တဲ့ ယောက်ျားတစ်ယောက်ဟာ၊ ဒီမိန်းကလေး အိမ် ထောင်မကျမချင်းတော့၊ ရစ်ဝဲရစ်ဝဲ ရှိနေမှာပါ၊ ပူစရာ မဟုတ်တာ"

"အဲဒီ တရစ်ဝဲဝဲတွေထဲက ခေါင်းခေါက်ရွေးမယ်ပေါ့"

"ရွေးရမှာ မိန်းမသားအလုပ်ပဲ၊ အဘကိုးစရာ ရှာမှတော့ မရွေးရင် တကယ် အားကိုးလောက်တဲ့သူကို တွေ့မလား နောင်ရဲ့"

"ဒီလိုဆို ကေသီ နားမှာ တရစ်ဝဲဝဲတွေ အများကြီး နေမှာပေါ့"

"များပါတယ်၊ အားလုံးကို စောင့်ကြည့်နေပါတယ်၊ ဒါပေမဲ့ ကေသီပြောခဲ့ပါပြီ။ သူစိမ်းတွေထဲမှာ နောင့်ကို အခင်ဆုံး လို့"

"ဒီလောက်နဲ့တော့၊ ကိုယ့်ကို ဒီလောက် တရင်းတနှီး မနေသင့်ဘူး၊ ကေသီ ... ကေသီအိုးကောင်းတွေ နောက် ဆုတ်ကုန်မှာ စိုးရတယ်"

"အဲဒီတစ်ချက် ကေသီ မှားတယ်၊ မေမေကြီးကို မခံချင် စိတ်နဲ့ နောင့်ကို ခေါင်းညိတ်လိုက်မိတာ"

"ကေသီ နောက်ဆုတ်ချင်သလား"

"ဟင့်အင်း ... ခုချိန်ထိတော့ မဆုတ်ချင်သေးပါဘူး"

"ဒါဖြင့်လည်း ပျော်ပျော်ပေါ့နော် ကေသီ"

www.burmeseclassic.com

www.burmeseclassic.com



"ပျော်ပါတယ် နောင်ရဲ့၊ ကေသီ့ဘဝ ရှေ့ဆက်ရမဲ့ ခရီးဒါတွေကို ဒီလောက် အမြင်ရှင်းရှင်း တွေးနိုင်တဲ့ ကေသီ့မှာ စိတ်ညစ်စရာ မရှိပါဘူး"

ရဲသွေးနောင်က သူ့လက်ကိုင်ပဝါကို ကေသီ့ထံ လှမ်းပေးသည်။ ကေသီက ယူ၍ နဖူးမှာ စို့သီးနေသည့် ချွေးစများကို သုတ်ပြီး ပြန်ပေးသည်။ ပြီးတော့ ပြုံးပြ၏။ သူ့အပြုံးက ချိုကြည်သည်။ သည်လို တယုတယ ကြင်နာမှုလေးများကျတော့ လူတိုင်း သာယာစွာ ခံစားတတ်ကြသည်ပဲလေ။

"ကေသီဟာ ခေတ်မီတာ၊ ရင်းနှီးပွင့်လင်းတာပဲ ရှိမယ်၊ အပေါစား မဆန်ပါဘူး နောင်၊ နောင့်ကိုသာ ဆွဲလားယမ်းလား ပုတ်ပုတ်ခတ်ခတ် ဆက်ဆံတာ၊ ကေသီ့ အသားကိုတော့ ဘယ်သူ့အထိမှ မခံပါဘူး"

"ယုံပါတယ် ကေသီ"

မယုံဘဲရှိမလား၊ ကိုယ်ကလည်း ချစ်တယ်ဟု ပြောပြီးပြီ။ သူကလည်း ပြုံး၍ ခေါင်းညိတ်ပြီ။ ပွင့်လင်းရဲတင်းစွာ ဆွေးနွေးကြသည်က တကဏ္ဍ၊ သမီးရည်းစား အဆင့်သို့တော့ ရောက်ပြီးပြီ။ သို့ပေမဲ့ ရုပ်ရှင်မလိုက်၊ ရေနီမြောင်းဘက် နှစ်ယောက်တည်းမသွား။ ဘယ်ချောင်ကြိုချောင်ကြားမှ တူတူမဝင်၊ မုန့်ဆိုင်မှာ အတူတူစား၊ ကော်ရစ်ဒါမှာ ယှဉ်တွဲလျှောက် …

သည်ထက်ပိုသော မည်သည့် အခွင့်အရေး တစ်စုံတစ်ရာကိုမျှ ရဲသွေးနောင် မရခဲ့ပါ။ သည့်ထက်ယုံရဦးမလား။ မှဲ့စွန်းအထင်းမခံသည့် မိန်းကလေးအဖြစ် အထင်ကြီး လိုက်မိပါသည် နန်းကေသီ။



"ဖြစ်သင့်တာက နောင့်ကိုပါ ခေါင်းမညိတ်ဘဲ၊ ကြိုးရည်းစားရင်းထဲ သွင်းထားသင့်တာ၊ ဒါပေမဲ့ စိတ်တိုတာနဲ့ ရည်းစားထားမိတယ်၊ ဒီကမ္ဘာမှာ ကေသီလို မိန်းမသားတော့ ရှိမယ် မထင်ဘူး"

ပြောပြီးတော့ ခိုးခိုးခစ်ခစ် ရယ်သည်။ သူ့အသံက ချိုလွင်၏။ သူ့ဟန်က ကြော့ရှင်း၏။ သည်အလှအပ ကလေးများအပေါ်တွင် ယစ်မူးမိသူမှာကော အပြစ်ရှိသည်ဟု ပြောနိုင်မတဲ့လား။ ရဲသွေးနောင်က ယောကျ်ားပဲလေ။

"ကေသီ ပြန်မယ် နောင်"

"ကိုယ် လိုက်ပို့ရမလား"

"ဟိုတစ်ခါ နောင် လာကြိုတုန်းကတောင်၊ ခြံဝက ထွက်စောင့်နေတာပဲ နောင်ရယ်"

"ကေသီ အဆောင်ရဲ့ ဧည့်ခန်းထိ တို့မလာစေချင်ဘူးပေါ့ဟုတ်လား"

"အင်းလေ"

"ရွှေလိပ်ပြာ ပိတုန်းတွေနဲ့ ဆုံမှာ စိုးတယ်ပေါ့"

ရဲသွေးနောင် ဝန်တိုစွာ ပြောမိ၏။ နန်းကေသီက တခစ်ခစ် ရယ်သည်။

"ဘယ်ဆိုးလို့လဲ၊ နောင်က သဝန်တွေ ဘာတွေတိုလို့၊ တကယ်ချစ်တတ်ဖို့ နီးစပ်လာပြီ"

"လျှောင်တာလား ကေသီ"

"ဝမ်းသာတာပါ နောင်ရာ"

"ကေသီနဲ့ ချစ်ရတာ တစ်မျိုးကြီးပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"တစ်မျိုးဆို နောင့်အချစ်က ရင်ထဲနှလုံးသားထဲက မချိ မဆံ့ ပွင့်အန်ကျတဲ့ အချစ်မျိုး မဟုတ်၊ ကေသီကလည်း မိန်းမသားတွေထဲမှာ တစ်မျိုးကြီးကို နောင်ရဲ့"

"တို့ကို မယုံဘူးလား ကေသီ"

"လောလောဆယ် တဒင်္ဂအားဖြင့် ယုံပါတယ်၊ ထာဝရ အတွက်တော့ စောင့်ကြည့်ပါမယ်လို့ ပြောပြီးပြီပဲ၊ တဒင်္ဂ ဆိုတာလေးတွေ များလာပြီး သံကွင်းများလို အချင်းချင်း ဆက်မိသွားတော့လည်း ထာဝရဆိုတဲ့ သံယောဇဉ်ကြိုးကြီး ဖြစ်သွားတတ်ပါတယ်၊ အဲဒီလိုဖြစ်ဖို့ ကေသီ ဆုတောင်းပါ တယ်၊ သွားမယ်နော် နောင်"

"ဘယ်တော့တွေ့ဦးမှာလဲ၊ တို့ လာခဲ့ရမလား"

"ဟင့်အင်း ... အောက်မေ့တဲ့ အချိန် ကေသီ လာခဲ့မှာ"

"တို့ကကော မအောက်မေ့ရတော့ဘူးလား"

"နောင်က အမြဲ အောက်မေ့နေမဲ့လူပဲ"

"ဟုတ်တယ် ... အမြဲ ... အမြဲ"

အမှန်ကို ဆိုမိခြင်းပါ။ ချစ်ကြပြီဟူ၍ ပွင့်လင်း ပြီးသည့်နောက်ပိုင်း အမြဲတမ်း ဆုံတွေ့နေချင်သည်။ ကြင်နာ ယုယနေချင်သည်။ မပွင့်လင်းမိကတော့ မပွင့်ရသေးလို့လေ၊ ခုချိန်ကျတော့ ကိုယ်ပိုင်ပစ္စည်းလေးတစ်ခုမို့ ကိုယ့်အပါးဝယ် အမြဲ ရှိနေစေချင်ပါ၏။

"မွေးလွန်းတော့ ညှီ၊ နမ်းလွန်းတော့အီတဲ့။ ချစ်သူတွေပဲ ဖြစ်ဖြစ်၊ အို ... လောကကြီးမှာ ဘယ်အရာမဆိုပါ၊ ဗုံးပေါလ အောဆိုတာ ဘာမှမကောင်း၊ မရှိမရှားလေးပဲကောင်းတယ်"



"တက္ကသိုလ်တွေမှာ အချစ်ဗေဒသာ ပြဋ္ဌာန်းရင်၊ ဒေါက်နန်း ကေသီ ပါမောက္ခဖြစ်မှာပဲ"

"အစစ်ပေါ့၊ ကေသီ့ကို ပေါ့ပေါ့တိမ်တိမ်လေးလို့ ပြောချင် သေးသလား၊ အငြိမ်တန် အလေးအနက်ထားတဲ့ သူပါ နောင်ရယ်၊ အလွယ်တကူ လုပ်လိုက်မိတာဆိုလို့ နောင့်ကို ခေါင်းညိတ်မိတာလေး တစ်ခုတည်း"

"ကေသီ ... ဒါပဲ ပြောနေတာပဲ"

"တကယ်တော့ တရစ်ဝဲဝဲ စာရင်းထဲ သွင်းထားဖို့ပဲ ကောင်းတာ"

"ကေသီ့မှာ နှလုံးသားရှိရဲ့လား"

"ဒီလိုမမေးနဲ့လေ၊ ကိုယ်က ရင်ခွင်ဖွင့်မှ တစ်ဖက်က နှလုံးသားကို ရမှာပဲပေါ့"

"ဖွင့်ထားတာပဲ ဒီရင်ခွင်ကြီး"

ရဲသွေးနောင်က လက်သီးလက်မောင်းတန်းတော့ မလောက် စိတ်လိုက်မာန်ပါဖြင့် ရင်ကော့ပြ၏။

"ထင်တာပါ နောင်ရယ်၊ ခုတော့ နောင် စိတ်ဆိုးမယ်၊ နောင် တစ်နေ့ကျရင် ကေသီ့ကို ကျေးဇူးတင်ချင်တင်နေမှာ၊ ချစ်တဲ့စိတ်နဲ့ သာယာတတ်ပါတယ်၊ သာယာရုံနဲ့တော့ ချစ်မလာပါဘူး၊ နောင်ရေ ... ကေသီ သွားပြီ။ ပြောရင် စကားက မဆုံးတော့ဘူး"

ရဲသွေးနောင် ရပ်ကျန်ရစ်ခဲ့ပါ၏။ ဒုတိယအကြိမ် ငေါင်မိခြင်းပေပဲလား။ မန္တလေးတက္ကသိုလ်အဝင်ဝ ဆယ့်ခြောက်

www.burmeseclassic.com

www.burmeseclassic.com



ထစ်သော လှေကားများကို နန်းကေသီ ပုံပန်းကျစွာ လှမ်း၍ ဆင်းသွားသည်။

"အိမ်ထောင်သည်ယောကျ်ားတွေ လှေကားသုံးထစ်ဆင်းရင် လူပျိုဖြစ်သတဲ့၊ ကေသီတို့က အပျိုဘဝနှင့် ဆယ့်ခြောက် ထစ်သော လှေကားကို ဆင်းသွားတော့ ဘာဖြစ်မလဲ၊ ဩော် ... ကေသီ ... မင်း ရင်ထဲမှာလည်း ဦးနှောက်တွေပဲ ရှိတယ် ထင်ပါရဲ့၊ နှလုံးသား ရှိမယ် မထင်ပါဘူးလေ"

⁂ ⁂ ⁂

"အဲဒါပဲကွာ၊ သူက ငါ့ကို အဲဒီလိုတဲ့"

ရင်ထဲမှာ ခိုးလိုးခုလုတော့ အမှန်ဖြစ်ရပါ၏။ ထို့ကြောင့်မို့ သူငယ်ချင်းများကို ရင်ဖွင့်မိ၏။

"မင်းအမျိုးသမီးဟာ မဟန့်ပါဘူး၊ ခြံမြင်ခင်က ခုန်ပို့ ကြဲနေတဲ့ နွားမလိုပဲ ... ခွီးမှပဲ"

သက်ဦးက ရွံ့မဲ့၍ပြောသည်။

"နေဦး၊ ကိုယ့်ဘက်ကချည်း ကိုယ် မစဉ်းစားနဲ့ကွ"

သန်းထိုက်က မှန်ဘီလူးတမျှထူကာ၊ အတွင်းမှ မျက်အိမ်ကို မမြင်ရတော့လောက်အောင် ဖြစ်နေသည့် မျက်မှန်ကို မ,တင်၍ ပညာရှိဟန်ဖြင့် ဝင်ပြော၏။

"ပုလင်းဖင် ပါလာရင်တော့ ကိစ္စတွေရှည်ပြီ"



သူ့မျက်မှန်က ထူလွန်းသည့်ကို အစွဲပြုကာ သူ့ကို ပုလင်းဖင်ဟု ခေါ်ကြသည်။

"မှန်ဘီလူးဆိုရင် အဆင့်အတန်း မြင့်နေဦးမယ်၊ ပုလင်းဖင်ပဲ ကောင်းတယ်"ဟု တညီတညွတ်တည်း ဆုံးဖြတ်ကာ ကင်ပွန်းတပ်ထားကြခြင်းပါ။

"အကောင်းပြောမလို့ကွ"

သန်းထိုက်က အရာရာမှာ အလေးအနက် တွေးတတ် လွန်း၏။ မည်သူက မည်သည့် စကားကိုဆိုဆို 'နေဦး ... ဒီလို ပြောတာ အဲကြောင်းရှိရမယ်'ဟူ၍ ခုနစ်စင် အမျှင်တွေးတတ်သည်။

"မိန့်တော်မူဟေ့"

သက်ဦးက စိတ်မရှည်ချင်။ ရဲသွေးနောင်ကတော့ နားထောင်နေသည်။

"မိန်းကလေးဘက်က ကြည့်ရင် နန်းကေသီ မမှားဘူး"

"ဒါဖြင့် မင်းကြီးတော်ကြီး မှားသလား"

သက်ဦး သက်သက်မဲ့ ခွတိုက်ပြောသည်။

"အစတုန်းကတော့ လူကောင်းကို၊ ခုမှ အရက်သောက် တတ်လာတော့လည်း မတတ်နိုင်ဘူး"

"ဟ ... ဘာတွေ လာပြောနေတာလဲ"

"ငါ့ဘကြီးက ခုဆို နေ့ရောညပါ သောက်နေပြီ"

"ဘာဆိုင်လဲဟ"

"ငါ့ ကြီးတော်ကြီး အမှားဆို"

"သေပါတော့ ပုလင်းဖင်ရယ်၊ နင့်လည်ပင်းကို ပုလင်းဖင် နဲ့ လှီးပြီးသေဟဲ့ ... ဟား ... ဟား"

www.burmeseclassic.com

www.burmeseclassic.com



သက်ဦး အော်ရယ်တော့ ရဲသွေးနောင် ပြုံးမိသည်။ ခုမှ သန်းထိုက် သဘောပေါက်သွားကာ သူပါ ရယ်ရသည်။

"မင်းက ခွတိုက်ပြောပေမဲ့ ငါ့ဘကြီးကလည်း အရက်တွေ သောက်နေတော့"

"ဒါကြောင့် ပုလင်းဖင် ပါလာရင် အရစ်တွေ ရှည်ကုန်ကာ"

ရယ်လို့ဝမှ ဆက်ဆွေးနွေးဖြစ်ကြ၏။

"နန်းကေသီရဲ့ စကားကို ငနောင့် ရှုထောင့်ကနေ ကြည့်ပေးရတော့ မခံချင်စရာပဲ၊ ဒီလို အတွေးအခေါ်မျိုးနဲ့ ငါတို့လည်း မကြိုက်ဘူး၊ ဒါပေမဲ့"

"ဘာလဲ ယောက္ခမ တော်ချင်သလား"

"ပိုတောင် ဝေးသေးတယ်၊ ဒါပေမဲ့"

"လက်ထပ်ဖို့တော့ ရည်ရွယ်တယ်ပေါ့"

"မဟုတ်ဘူး၊ ဒါပေမဲ့ ..."

"ဟော့ကောင် မင်း ဒါပေမဲ့တွေ တော်တော့"

"ငါက ဆက်ပြောမလို့ဟာ၊ မင်းကချည်း ကြိုမေးနေတာကိုးကွ ... တကတည်း၊ နွားရှေ့ထွန်ကျူး ... အဲ ... မှားသွားတယ်"

ဥပမာ အပေးကောင်းသောကြောင့် သန်းထိုက် နွားဖြစ်သွားရ၏။ သက်ဦး အော်ရယ်ပြန်သည်။

"ပြော ... ပြော ... ဖြတ်မမေးဘူး"

"ဒါပေမဲ့ ..."

သန်းထိုက် သူ့မျက်မှန်ကို မ,တင်နေပြန်သည်။



"စိတ်မရှည်ဘူးကွ၊ အရေးဆို ပုလင်းဖင်ကြီး တမခနဲ့"

"အေးပါ ... ဒါပေမဲ့"

ရဲသွေးနောင် ရယ်မိပါတော့သည်။ စောစောက မရယ်နိုင် မပြုံးနိုင်ပါ။ သူငယ်ချင်းတွေနှင့် တွေ့မှ စိတ်လက်ပေါ့ပါးသွားရတော့သည်။

"ငါ့မှာသာ နှမတစ်ယောက်ရှိရင်"

"စိတ်ချ၊ မင်းကို ကြောက်တာနဲ့တင် မယူတော့ဘူး၊ စကားတစ်ခွန်း ပြောမယ်ကြံရင် ပုလင်းဖင်မလိုက်၊ ဒါပေမဲ့လိုက်၊ သည်းညည်းမခံနိုင်ဘူး"

"နေပါဦးကွာ၊ ငါ့မှာသာ နှမတစ်ယောက်ရှိရင် ဒီလို အတွေးအခေါ်မျိုး ဝင်စေချင်မှာပဲ၊ မိန်းကလေးဘက်က ကြည့်ပေးရရင် ဒီလို စွေးနိုင်မှ တန်ကာကျတယ်၊ ဒီတော့"

"ဟော့ ... ဟော့ ... ဆက်ပြော၊ ဆက်ပြော"

မျက်မှန်းကိုင်းကို မ,ရန် လက်ကြီးမြှောက်တက်လာပြန်သောကြောင့် သက်ဦးက လက်ကို ဖမ်းဆွဲထားလိုက်သည်။

"အေးပါ၊ နန်းကေသီကို စိတ်မဆိုးထိုက်ဘူး"

"ပြစမ်းပါဦး၊ စာကို ဖတ်ကြည့်ရအောင်"

ရဲသွေးနောင်က အကျိုးအကြောင်းပြောပြီးပေမဲ့ နန်းကေသီထံမှ စာကို မဖတ်ရသေးသည့် သက်ဦးက စာကို တောင်း၏။ ရဲသွေးနောင်က သူ့စပို့ရှပ်အကျီအိတ်ထဲမှ ထုတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နောင် ...

ကေသီ ပြောခဲ့သလို သူစိမ်းတွေထဲမှာတော့ နောင့်ကို အချစ်ဆုံး တကယ်ပါ နောင်၊ အဲဒီ သူစိမ်းတွေထဲက အရင်းနှီးဆုံး ဘဝအဖော်အဖြစ် ခင်ပွန်းတစ်ယောက် ရွေး ရတော့မယ်ဆိုတဲ့အခါမှာ ...

အိုးကြီးလေ၊ ဆန်ချောင်လေ၊ ထမင်းလုပေါ်မို့၊ ပြီးတော့ ပင်စည် ထွားလေ၊ အမှီခိုင်လေ၊ အရိပ်ကျယ်လေမို့ ဒေါက်တာကျော်စောထွန်း လက်ထပ်ဖို့ တောင်းဆိုလာတာကို ကေသီ လက်ခံလိုက်ပါပြီ ...

သူ့မိဘတွေကလည်း ကြည်ဖြူ၊ သူကလည်း စုံမက်၊ ကေသီ လိုချင်တဲ့ အရည်အချင်းတွေလည်း ပြည့်စုံ၊ လက်ထပ်ဖြစ်တဲ့သူကိုပဲ ကေသီ ချစ်တော့မယ်လို့ ပြောခဲ့ပြီးသားလည်း ရှိတယ်လေ နောင် ...

နောင် နားလည်မှာပါနော်၊ ကေသီ့ဘဝ ရွေးရေး အတွက် အိုးကောင်း ရွေးရမှာ ဘယ်အိုးကိုမှ ဈေးမဆစ်သေးဘဲ ဈေးမေးရုံ မေးထားခဲ့တယ် စိတ်ကြိုက်တွေ့တော့ ဝယ်တယ်ပေါ့ နောင်ရယ်၊ ဒါကိုပဲ ကေသီ့ကို နားမလည် နိုင်သူတွေက ကဲ့ရဲ့ကြတယ်လေ ...

နောင် တစ်ယောက်တော့ ကေသီ့ကို နားလည်နိုင်မယ်လို့ ထင်ပါ တယ်၊ အဲ ... နောင်နဲ့ တွဲမိကြတာကတော့ နောင့်ကို ခင်လည်း အချစ်ဆုံး မေမေကြီးကိုလည်း ခွတိုက်ချင်၊ နောင့်ဘက်ကလည်း ကေသီ့ခဲ့ ဆုံကြရတာ တိမ်းမူး ...

ကေသီ ပြောခဲ့သလို ဆတ်ဆတ်ခဲ့သော့ အမှား တစ်ခုပဲ နောင်၊ ဒါပေမဲ့ ကေသီ နောင့်တမပါဘူး၊ ဒေါက်တာကျော်စောထွန်း ဖွင့်ပြောပြပါသေးတယ်၊ ရုပ်ရှင်တစ်ပွဲတောင် အတူတူ မကြည့်ဖြစ်ခဲ့ကြ ဆိုတော့လည်း သူ မကျေနပ်စရာ မရှိပါဘူးတဲ့ ...



ကေသီ့လောက် လူလားမမြောက်ချင်သေးတဲ့ နောင်က ကေသီ့ကို မုဆိုးတစ်ပိုင်း၊ မိန်းမရှိုင်းတို့၊ ဒေသဂီရိလို မျက်နှာများတဲ့ မိန်းမတို့ ဒေါသ စကားတွေ ဆိုချင်လည်း ဆိုပါ။ ကေသီ စိတ်မဆိုးပါဘူး၊ တကယ်တော့ နောင့် အဖို့လည်း အသည်းကွဲခန်းမှ မဟုတ်ဘဲကွယ် ...

ကေသီ့ရဲ့ အသက်ထက်ဆုံး သူစိမ်းတွေထဲမှာတော့ နောင့်ကို အချစ်ဆုံးပါပဲ။ ဒေါက်တာ ကျော်စောထွန်းကို နောင့်လောက် မချစ်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူးနော်၊ သူ့ကို တကယ်အရမ်းတအားချစ်လိုက်တော့မှာ၊ သူက သူစိမ်း မဟုတ်တော့ဘူးလေကွယ်၊ သူစိမ်းစာရင်းမှာ မဝင်တော့ဘူး ...

သူငယ်ချင်းလို မောင်နှမလို အချစ်ဆုံးသူစိမ်းတွေ လို တစ်သက်လုံး နေသွားကြမယ်နော်၊ အဲဒီဆက်ဆံရေး မျိုးကို ဒေါက်တာကျော်စောထွန်းက လည်း နားလည်စွာ ခွင့်ပြုတယ်တဲ့ နောင်ရေ ...

ကေသီ စိတ်စေတိုရင် လာဖြစ်အောင် လာပါ။ ငယ်သူငယ်ချင်း အချစ်ဆုံး သူစိမ်းတွေပဲဟာနော်၊ နောင် နားလည်မယ် ထင်ပါတယ် ...

နန်းကေသီ

"ရှင်းနေတာပဲ၊ မင်းထက်သာလို့ ဟိုဆရာဝန်ကို ယူတယ်၊ သူ့ကို ခွင့်လွှတ်ပါပေါ့လေ၊ ဆရာဝန်လောင်းသာဆိုတယ်၊ မြန်မာစာအဓိကတွေထက် စကားပိုတတ်သေးတယ် ... တောက်"

သက်ဦးက ခံပြင်းမှုကို ပြသည်။

"သက်ဦး ... မင်း မှားနေပြီ၊ နန်းကေသီမှာ အပြစ်မရှိဘူး၊ သူ့စကားတွေနဲ့ သူ့စာကို မိတ္တူကူးပြီး၊ ငါ့နမဝမ်းကွဲတွေ လေ့လာဖို့တောင် ပေးချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း မဟာဝိဇ္ဇာတက်မှ စာတမ်းတင်ပေါ့၊ ပုလင်းဖင်ရဲ့"

"ခွင့်ပြုချက်သာရရင် သိပ်တင်တာပေါ့"

ပြောပြောဆိုဆို သူ့မျက်မှန်ကို မ,တင်ပြန်သည်။

"ငနောင့် အဘွားကြီးကို ရွဲ့ချင်တာနဲ့ ရည်းစားတော်ပစ်လိုက်တာ တစ်ခုပဲ အမှားရှိတယ်ကွ၊ ဒီတစ်ခုတလွဲရင် နန်းကေသီ မမှားဘူး၊ သူတို့ မိန်းကလေးဆိုတာ ဒီလိုပဲ ရွေးရမယ်၊ ဒီလိုပဲ တွေးပြီး ဒီလိုရွေးတဲ့အခါမှာ သူ့လက်တစ်ချက် အဆွဲမခံတာလည်း မှန်တာပဲ"

"သူ့ကျတော့ ကြိုက်သလောက် ဆွဲခဲ့တာဟ"

ရဲသွေးနောင် မခံချင်စွာ ပြောသည်။

"မင်း ရှူးသလားကွာ၊ တချို့လူတွေ ဒီလိုပဲ စကားပြောရင်း ခြေပုတ်လက်ပုတ် ပြောတတ်တယ်၊ ငါ့အခေါ်ဆို စကားပြောရင် ငါ့ပေါင်ကို တဖျပ်ဖျပ် ရိုက်တာ၊ စကားလည်းဆုံးရော ပေါင်ကို ပူထူပြီး ရဲကျန်ရစ်ခဲ့တယ်"

"စကားပြောရင် မင်းအမျိုးတွေ ဆွဲမထည့်စမ်းပါနဲ့ကွာ"

"ဒီလို ခြေပုတ်လက်ပုတ် ပြောတတ်တာလေး တစ်ခုပဲ မှားတယ်လို့ ဆိုရမယ်၊ မပုတ်မခတ်ဘဲ ပြောတတ်ရင် ပိုကောင်းတာပေါ့လေ"

သက်ဦးလို သန်းထိုက်က သွေးမဆူပါ။ တည်ငြိမ်ရင့်ကျက်မှုကို ပြသည်။

"သူ့စရိုက်နှင့်သူ လက်ဆွဲလိုက်၊ ထုရိုက်လိုက် လုပ်တာကို မင်းက ဖီလင်တက်တာ မင်းအလွန်"

"ငနောင်က ယောက်ျား"



"သိသားပဲ၊ မင်းရော ငါရော ငနောင်ပါ၊ မျိုးတူအုပ်စုတွေပဲ"

ရဲသွေးနောင် ရယ်ချင်လာမိပြန်၏။ သန်းထိုက်သည် စကားပြောလျှင် တမူတော့ ထူးတတ်ပါ၏။

"ယောက်ျားမှ သူစိမ်း၊ သွေးမတော်ဘူး၊ မင်းနဲ့ မင်းအခေါ်က ဘာအရေးလဲ၊ ဒီမှာက အပျိုနဲ့ လူပျို"

"ဒါကြောင့် အဲဒါလေးတစ်ခု မှားတယ်လို့ ပြောတာပေါ့"

"မင်းပြောတဲ့ ဒါလေးတစ်ခု အမှားဆိုတာကလည်း ဟို ... တင်ကောက်တဲ့မိန်းမ၊ ကျန်တာတွေ အကုန်စင်းလုံးချောလှပြီး တင်ကလေးတစ်ခု ကောက်တာပဲရှိတယ် ဆိုတာလိုကျနေပြီ"

"မင်းတင်က ဘယ်လောက် ကောက်လို့လဲ"

"ဘယ်ကလာ ငါ့တင်ရမှာလဲ"

"အေးပါ ... မင်းပြောတဲ့ မိန်းမရဲ့တင်"

"အဲဒီ မိန်းမက ရုပ်ချော၊ သဘောကောင်း၊ ပိုက်ဆံရှိ ရုပ်ပါအရည်အချင်းတွေ ရှိပါလျက် တင်ကလေးတစ်ခု ကောက်နေလို့ ယောက်ျားမရဘူးတဲ့"

"ဟာ ... ဒါလေးတစ်ခုတော့ ခွင့်လွှတ်နိုင်ဖို့ ရှိတာပေါ့"

"ဟ ... ကောက်ထားလိုက်တာက တင်ပါးကနေ ကောက်တက်သွားလိုက်တာ နဖူးလာချိတ်နေ ... ဆိုပဲ"

ရဲသွေးနောင် ခွက်ထိုးခွက်လန် ရယ်မိတော့သည်။ သက်ဦးလည်း သူ့စကားကိုသူ သဘောကျကာ တဟားဟား ရယ်၏။ သန်းထိုက်ကဖြင့် မရယ်ဘဲ မျက်မှောင်ကုတ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ ဒါ ဒဏ္ဍာရီဖြစ်ရမယ်"

"လူပြက်တွေ ပြက်တာဟ၊ ရယ်စရာပါဆိုမှ ဒဏ္ဍာရီဖြစ်ရမယ် လာလုပ်နေသေး"

"ဪ ... ဒီလိုလား ... ဟား ... ဟား"

သန်းထိုက် အခုမှ အော်ရယ်သောကြောင့် နောက်ကျသော သူ့အဖြစ်ကို ပြန်ရယ်ကြရပြန်သည်။

"မင်း ပြောတဲ့ အမှားလေးတစ်ခု ဆိုတာက နဖူးလာချိတ်နေတော့လည်း တို့ကောင်ကြီး ခံရခက်မှာပေါ့ကွ"

"နေပါဦး၊ မင်းက အခု ဖီလင်တွေ အရမ်းတက်နေသလား၊ အသည်းဟက်တက် ကွဲသလား"

"ဒီလောက်တော့လည်း မဟုတ်ပါဘူး"

ရဲသွေးနောင် စဉ်းစဉ်းစားစားဖြေ၏။ အမှန်ကို ဝန်ခံရပါမူ အသည်းတော့လည်း ဟက်တက်မကွဲပါ။

"ဘာပဲဖြစ်ဖြစ် ခံပြင်းတာပေါ့ဟ၊ လုပ်ပုံက"

"မီးလောင်ရာမှာ လေပင့်ရင်တောင် မီးရှိန်ပြင်းတတ်တာ၊ သက်ဦး မင်းလုပ်ပုံက ဓာတ်ဆီဖျန်းသလိုပဲ"

"မင်းပဲ မဟာပညာကျော် ပုလင်းဖင်၊ ဘယ်လို လုပ်မလဲ၊ ရေဖျန်းစမ်းပါဦး၊ မီးငြိမ်းအောင်"

"အလွယ်လေး"

"အေးလေ၊ အဲဒီအလွယ်လေးကိုပဲ လုပ်စမ်းပါ၊ ခုလောလောဆယ် ဒီကောင်က ကျောင်းမတက်နိုင်၊ ထမင်းမစားနိုင်နဲ့"

"ဒေါ်သွေးချည်း နင်းကန်ထွက်နေတာပါ သက်ဦးရာ"



အဆွေးသမားကြီးတစ်ဦးလို့ အပြောခံရတော့လည်း ရဲသွေးနောင် ရှက်ချင်ချင် ဖြစ်၏။ သည်လိုရှက်တတ်သည်ဆိုကတည်းက ခံစားမှု မပြင်းထန်လို့ပဲဟု ကိုယ့်ကိုယ်ကိုယ် သဘောပေါက်မိလေသည်။

"ဒီမှာ နောင်၊ မင်း အဘွားက သားရှင် ဖြစ်ရက်နဲ့ ဘာညာဂွဂွလုပ်တော့ နန်းကေဒီ မခံပြင်းဘဲ နေမလား"

"ပြင်းသမို့ ငါ့ကို မပွင့်မွင့်အောင် လာဖွင့်သွားတာပါဆို"

"အေး ... မင်း အခုခံရတာ မင်းအဘွားရဲ့ အကြွေးကို ဆပ်ရတာ၊ ခု ကြွေးကျေသွားပြီ၊ ပြီးပြီပေါ့။ လာ ... ကြွေးကျေတဲ့ အထိမ်းအမှတ် အဖြစ် ငါတို့ကို ပဲဒ်ပေါက်ကျွေး"

"ဟုတ်တယ် ... မှန်တယ်၊ ဒီအဆိုကို ထောက်ခံတယ်၊ ဒီနေရာကျတော့ ပုလင်းဖင်တို့က ပညာရှိပီသပါပေတယ်၊ မောင်မင်းကြီးသား ကောင်းစားဦးမယ်"

သက်ဦးက အားတက်သရော ထောက်ခံ၏။ သန်းထိုက် ပခုံးကို ပုတ်ကာ ...

"ငါ့တူကြီး လိမ္မာတယ်"

"အေး ... လက်ကျန် အဒေါ်အပျိုဆိုလို့ ခြောက်ဆယ်ကျော် တစ်ယောက်ပဲ ရှိတယ်"

"ဒါဖြင့်လည်း ကန်တော့ဆွမ်းပါပဲ"

စားသောက်ဆိုင်များဆီသို့ သုံးယောက်သား ထွက်လာခဲ့ကြသည်။ ဦးပြုံးမြီးရှည် ဆိုင်ရှေ့ရောက်တော့ ဟိုဘက်သို့ကို တမ်းတမိလိုက်ပါသေးသည်။ သည်ဆိုင်မှာ အတူတူထိုင်၊ မုန့်တူတူ

www.burmeseclassic.com

www.burmeseclassic.com



စားကြ၊ ကိုယ့်လက်မောင်းကို ဆွဲကာဆွဲကာ စကားပြောတတ်သည့် မိန်းမလှလေးတစ်ဦး ကိုယ့်ထံမှ ထာဝရ ဖယ်ခွာချေပြီကော။

လွမ်းမောခြင်း ဝေဒနာကို နှမြောတသစွာ ခံစားရသည်ကိုတော့ ဝန်ခံလိုပါ၏။

"အင်းလေ... သူ့မင်္ဂလာဆောင်ကို သွားနိုင်ဖို့ ငါ ကြိုးစားရမယ်"

သုံးလေးရက်ခန့် ထမင်း မျိုမကျခဲ့ပေမဲ့ ယခုတော့ ဒေါ်အမာ၏ ပဲဒ်ပေါက်သည် လည်ချောင်းဝမှ ရှောရှောရှူရှူ ဆင်းပါပြီလေ။

* * *

"ကိုနောင်"

"ခင်ဗျာ ... မမကြီး၊ ကျွန်တော် ဘာလုပ်ပေးရမလဲ"

"မမရှင်ကို မှာပေးရမလား"ဟု မေးချင်မိ၏။ သို့ပေမဲ့ မမေးရဲပါ။ မှည့်ရွှန်းယော်ကာ ကြွေလုလု သစ်သီးကြွေတစ်လုံးနှယ်။ ရောဂါဝေဒနာကို ခံစားနေရရှာပါသည့် မမကြီးကို သနားလွန်းလှသည်။ မမကြီး ကြွေကွဲ ဝမ်းနည်းရမည့် မေးခွန်းဆိုလျှင် မမေးချင်ပါ။

အကယ်၍သာ မမရှင်ကို မှာစေချင်သည့်ဆန္ဒသာ ရှိနေခဲ့ပါလျှင် ခြေကျင်ပဲ ပြေးရပြေးရ ခေါ်ပေးချင်မိပါ၏။ သူ့အမေနှင့် သူ့သမီး ဘဝ၏ နိဂုံးအချိန်များတွင် ဆုံစေချင်သည့် စေတနာတို့ အတိုင်းမသိ ဖြစ်ထွန်းမိပါ၏။



ခုပဲကြည့်လေ... မမကြီး ပတ်ဝန်းကျင်တွင် ပြုစုယုယမည့်သူတွေ ဝိုင်းဝိုင်းတော့လည်ပါ၏။ အခြွေအရံကလည်း ပေါပါ၏။ ခြွေခဲ့သူမို့လည်း ရံမည့်သူ များလှသည်။ သို့ပေမဲ့ လခစားအလုပ်သမားများနှင့် ဆမဖေကြီးဘက်မှ ဆွေမျိုးနီးစပ်တွေ ရှိနေကြပါသည်။

"သားကို တစ်ခုမှာခဲ့ချင်လို့ပါ"

မှာခဲ့ချင်သည် ဆိုကတည်းက မမကြီး စိတ်လျှော့လေပြီ။

"ပြောပါ မမကြီး"

ဦးလေး၏ နောက်အိမ်ထောင်မို့ သွေးမတော်သားမစပ်ငြား ခင်မင်လေးစားရင်းစွဲရှိသူမို့ ရဲသွေးနောင်၏ မိခင်သည် ကျိုက်၍ ရှိုက်နေရှာပါသည်။

"ဟိုဟာမကို မမကြီး ပြန်ခေါ်ခဲ့သေးတာ သိတယ်မဟုတ်လား"

မမကြီးဆိုလိုသည့် ဟိုဟာမ ဆိုသည်မှာ မမြအေးရှင် ဖြစ်ပါ၏။ သမီးလေးတစ်ယောက်ပေမို့ ရွေလို ဥထားခဲ့သည်။ မရမရှိစေရ။ မကျေမနပ် မဖြစ်စေရ။ လက်ညှိုးညွှန်ရာ ရေဖြစ်၊ စေတလုံးပိုင်ရှင်နီးပါး၊ ဖူးဖူးမှုတ်၍လည်း ထားခဲ့၏။ မမကြီးတို့ စိတ်ပြတ်ပြီဆိုတော့ 'သမီး'ခေါ်ရန်ဝေးစွ၊ မြအေးရှင်ဆိုသည့် အမည်ကိုပင် မသုံးတော့။

"ဟုတ်ကဲ့ ... ကျွန်တော် သွားခေါ်ပေးရမလား"

ဒေါ်မြအေးနှယ် ခေါင်းယမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ယောက်ျား မရှိတော့တာတောင် ပြန်မလာဘဲ ဆင်းဆင်းရဲရဲ နေတဲ့ မာနကြီး တစ်ခွသားနဲ့ဟာကွယ်၊ သူ့နာမည် မာနရှင်"

"ရှက်တာတို့၊ ဒုက္ခမပေးချင်တာတို့ ဖြစ်မှာပါ မေမေကြီး"

"ရှိပစေလေ၊ ထားပါတော့၊ သူ့မှာ သမီးတစ်ယောက် ရှိတာရော သိလား"

"ဟုတ်ကဲ့၊ ကိုစိုင်းအောင်တို့ ရန်ကုန်ဆင်းပြီး မမရှင်ကို ခေါ်တုန်းက တွေ့ခဲ့ပါတယ်တဲ့"

"မအေ့သွေးသာ ပါရင်တော့ ဒီကောင်မလေးလည်း အိမ်ထောင်ရေးမှာ ထော်လော်ကန့်လန့် လုပ်ဦးမှာပဲ"

"လုပ်မယ် မထင်ပါဘူး ခင်ဗျာ"

"မေမေကြီးဟာ သမီးတစ်ယောက်ရဲ့ အိမ်ထောင်ရေးကို စိတ်တိုင်းကျ မစီမံနိုင်ခဲ့ဖူး၊ ညံ့တဲ့အမေဆိုပါတော့"

"သူ့ကံနဲ့ သူ့အကျိုးပေးနဲ့ ဖြစ်ကြရတာပါ"

"သားတစ်ယောက်နဲ့ မြေးတစ်ယောက်ကိုတော့ မေမေကြီး ဖန်တီးခဲ့ချင်တယ် သားရယ်၊ နောက်ဘဝကပဲ သာရ ခေါ်ရ ခေါ်ရ"

"မဟုတ်တာ မေမေကြီးရယ်၊ တော်နေကြာဆို နေကောင်းလာမှာပါ"

ရဲသွေးနောင် မိခင်က မျက်ရည်ကို ကျိတ်သုတ်ရင်း အသံကို ထိန်း၍ ဝင်ပြော၏။ ဒေါ်မြလေးနွယ် ခေါင်းခါပြသည်။

"ငါ့သား လိမ္မာမယ် ဆိုရင်လေ"

"ပြောပါခင်ဗျာ၊ ကျွန်တော် နားထောင်နေပါတယ်"



"မေမေကြီးရဲ့ မွေးစားသားနဲ့ မြေးမလေးကို"

"ခင်ဗျာ"

"ရွှေနေရွှေ့ရုပ်တွေနဲ့တော့ စာချုပ်စာတမ်းတွေ ဘာတွေ လုပ်ပြီးပြီး လိမ္မာစေချင်တယ် သားရယ်"

မေမေကြီး သဘောထားကို နားလည်လိုက်သည်မို့ ရဲသွေးနောင် ခေါင်းငိုက်စိုက် ကျသွားတော့သည်။ မြင်တောင်မမြင်ဖူးပါသည့် အမျိုးသမီးတစ်ဦးကို တစ်သက်တာ အဖော်မွန်အဖြစ် မည်သို့ စဉ်းစားရပါမည်နည်း။

သူစိမ်းတွေထဲမှာ အချစ်ဆုံးပါ ဆိုသည့် ကေသီ အပေါ်မှာတောင် သာယာတိမ်းမူးမိရုံသာ။ သူ လက်ထပ်တော့ မခံစားဘဲ မနေနိုင်ခဲ့ပါ။ ခံစားခဲ့ရသည်က အမှန်ပါ။ သို့ပေမဲ့ ဝေဒနာ မရှည်ကြာခဲ့။ ပြီးပြီးပျောက်ပျောက်ပါပဲ။

"နန်းကေသီလည်း သူ့ယောက်ျားက နိုင်ငံခြားကို ထွက်သွားပြီဆိုတော့"

"စိတ်ချပါ မေမေကြီး၊ ကျွန်တော်နဲ့ သူနဲ့ လုံးဝအဆက် အသွယ် မရှိပါဘူး"

"ဘာပဲဖြစ်ဖြစ် ရှင်မင်းထွန်းလည်း ကံကောင်းစေချင်တယ် ကွယ်"

"ကတိပေးလိုက်ပါ သားရယ်၊ မေမေကြီး စိတ်ပြေပြင့် အောင်"

ရဲသွေးနောင် မိခင်က သူ့သားကို လက်တို့၍ ကျိတ်ပြောသည်။ ကတိတစ်လုံးကို လွယ်လွယ်ပေး၊ မထိန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့ မခက်လား၊ ကတိမပျက်ပဲ ထိန်းဖြစ်အောင် ထိန်းရမည်ဆိုလျှင်လည်း အိမ်ထောင်ရေးက အဆင်ပြေဦးမှကိုး။

ယောကျ်ားနှင့် မိန်းမဟူသည် ချဉ်သီးနှင့် ဆားသဖွယ် မနီးစပ်အပ်သည့် အမျိုးအစားများဖြစ်၏။ နီးစပ်လျှင် တစ်စုံတစ်ခုသော ခံစားချက် ဖြစ်ထွန်း၏။ ယင်းအတွေးကြောင့် ကေသီ လက်ထပ်ပြီးသွားသည့် နောက်ပိုင်းမှာ မိန်းမမှန်သမျှကို စေ့စေ့ပင် မကြည့်တော့။

နီးစပ်မှုရှိက သည်ဒဏ်ကို ခံချင်မှခံနိုင်မည်။ သည်တော့ ပြဿနာဆိုလျှင် ဝေးဝေးကရှောင်တာ အကောင်းဆုံး။ သည်သို့ နေခဲ့သည်ပင် နှစ်နှစ်ကျော် သုံးနှစ်။

"ပြောလိုက်လေ ကိုနောင်၊ ကိုယ့်ကျေးဇူးရှင် စိတ်ချမ်းသာအောင်"

မျက်နှာရိပ် မျက်နှာကဲနှင့် တချို့ကပြော၏။ တချို့ကျတော့ နားနားကပ်ကာ တိုးတိုးပြော၏။ ခုချိန်ခါ မမေကြီးဆန္ဒကို ဆန့်ကျင်မိလျှင် တစ်ဆွေလုံး တစ်မျိုးလုံး၏ ဝိုင်းဝန်းကဲ့ရဲ့စရာ ဖြစ်တော့မည်။

တကယ်ဆိုတော့ မမေကြီး၏ နောက်ဆုံး အချိန်များကို စိတ်ကျေနပ်စွာ ကုန်လွန်စေချင်သည့် စေတနာလည်းဖြစ်၏။ ကိုင်း ... ဖြစ်ချင်ရာ ဖြစ်စေတော့။

"စိတ်ချပါ မမေကြီး၊ မမေကြီး ဖြစ်စေချင်တာတွေ ကျွန်တော် အကုန်လုပ်ပါ့မယ်"

"ကျေးဇူးတင်ပါတယ် သားရယ်"



"ဟာ ... မမေကြီး၊ မမေကြီး ကျေးဇူးတွေဟာ ကျွန်တော့်အပေါ်မှာ"

ဒေါ်မြလေးနွယ် လက်ကာပြသည်။ စကားဆက်မပြောတော့ပါ၊ ရင်ဘတ်တစ်ခုလုံး လှိုင်းထအောင် မောနေရှာ၏။ ဆရာဝန်များ သူနာပြုဆရာမများ ဆေးစွမ်းကောင်းများဖြင့် နေ့ရောညပါ ဂရုစိုက်ကြပါလျက် အသိုင်းအဝိုင်း အခြွေအရံတွေ ဝိုင်းဝိုင်းလည်စွာ ပြုစုကြပါလျက် နောက်တစ်ပတ်အကြာတွင် မမေကြီး ဆုံးရှာပါ၏။

သြော် ... မြတ်စွာဘုရားတောင်မှ မလွန်ဆန်နိုင်သည့် မရဏာခရီးပေပဲ၊ မမေကြီး ဘာသာရေးအရဆိုရပါမူ သခင်ခရစ်တော်၏ မေတ္တာရင်ခွင်မှာ ငြိမ်းချမ်းစွာ အိပ်ပျော်နားခိုရှာပါပြီ။

"မမေကြီးရဲ့ ဘာသာအရလည်း ကုသိုလ်ကောင်းမှုတွေ ပြုပေးခဲ့ပါတယ်၊ ကျွန်တော်တို့ ပြုသမျှကုသိုလ်တွေ အားလုံးကိုလည်း အမျှဝေလိုက်ပါတယ်၊ မမေကြီးရယ်"

ယူကျုံးမရ ကြေကွဲဆို့နစ်စွာ ငိုရှိုက်သံများ မစဲပေမဲ့ သည်ငိုသံများ အကြားဝယ် ဒေါ်မြလေးနွယ်၏ သွေးသားအရင်းအချာ၏ ငိုသံဟူ၍ တစ်စွန်းတစ်စမျှ မပါဝင်သည့်မို့ ပို၍ယူကျုံးမရ ဖြစ်ရပါ၏။

"မမေကြီးက တားခဲ့လို့ အကြောင်းမကြားတော့ဘူး၊ မမရှင်ရေ ခွင့်လွှတ်ပါတော့"

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



"မမရှင်က ဆုံးသွားပြီကွ၊ အသေစောလိုက်တာကွာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘဝဒဏ်က ကြမ်းလွန်းလို့ မခံနိုင်ရှာဘူး ထင်ပါရဲ့"

"သြော် ... ဖြစ်မှ ဖြစ်ရလေ"

ဦးစိုင်းလုံထူး ရန်ကုန်ဆင်း၍ စုံစမ်းရာမှ အပြန် သတင်းဆိုးကို ကြားရခြင်းပါ။

"ကိုနောင်နဲ့ ပေးစားမယ်ဆိုတဲ့ ကောင်မလေးကလည်း ပြဿနာကွ"

"ခင်ဗျာ ... ဘာဖြစ်နေလို့လဲ တာတေလန်လေးလား"

"တာလေလန်သလား မလန်သလားတော့ မဆိုနိုင်ဘူး"

"သိပ်အရုပ်ဆိုးနေသလား၊ မမရှင်နဲ့ တူရင်တော့ လှရမှာပေါ့"

"လှပါတယ်၊ စက်စက်ကို ယိုပါရောလား"

"ဒါဖြင့် ... ဘယ်လို ဖြစ်နေလို့လဲ"

"ယောက်ျားလျာ ဖြစ်နေလို့ဟ"

"ဗုဒ္ဓေါ"

"ချို့တော့ချို့တဲ့ရှာတယ်၊ ဆယ်တန်းအောင်ပြီး ကျောင်းဆက် မတက်နိုင်ရှာဘူး"

"သနားစရာပဲ"

"အားကိုးရာလည်း မရှိဘူးကွ"



"ဒီဘဝမျိုးမှာ ယောက်ျားလျာ ဖြစ်နေတော့လည်း တစ်မျိုးကောင်းတာပေါ့ ဦးလေးစိုင်းလုံ၊ မဟုတ်ရင် အန္တရာယ်က အများသား"

"မင်းနဲ့ ဘယ်လို ပေးစားရမလဲ"

"ပုံစံကလည်း ကြွစောင်းကြွစောင်းနဲ့ ထောင့်မကျိုးဘူး"

"ယောက်ျားလျာကိုး၊ ဒီလိုပဲ နေမှာပေါ့"

"ထက်ထက်မြက်မြက်တော့ ရှိပုံရတယ်"

"ရုပ်က တော်တော်ချောသလား"

"ဟ ... သူ့အဖေကလည်း အသုံးသာမကျတာ၊ လူက လူချော၊ မမရှင်တို့ လှတာမက်ပြီး ညစာခက်သွားတာ၊ ဒီကောင်မလေး မလှရင် ဘယ်ကောင်မလေး သွားလှတော့မလဲ"

"အသားဖြူလား"

ကိုစိုင်းအောင်က ဝင်မေးသည်။

"ဖြူပြီးကြွရောင်လက်နေပုံက ထိရက်စရာတောင် မရှိဘူး"

"ကိုယ်လုံးကိုယ်ပေါက်ရော"

"ဘောင်းဘီရှည်ကြီး တကားကားနဲ့တောင် လှတယ်ဟ"

"ဟောဗျ ... သူက ဘောင်းဘီနဲ့လား"

ရဲသွေးနောင် ပါးစပ်အဟောင်းသား ပွင့်ရသည်။

"ဘောင်းဘီနဲ့မို့ တော်သေးတာပေါ့၊ နိုင်ငံခြားက တီးချစ်လေးလိုလို ဘာလိုလို၊ ပုဆိုးကြီးနဲ့ဆို ပုံပျက်ပြီ"

"ကိုနောင်တော့ ... ထိပေါက်ပြီးမှ လက်မှတ်ပျက်ပြီကွ၊ ဟေး ... ဟေး"

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုင်းအောင် ကွမ်းငုံထားလျက် ရယ်သည်မို့ ပလုပ်ပလောင်းသံကြီး ထွက်လာသည်။

"ဒီပုံဆိုရင်တော့ မလွယ်ဘူး၊ ကျွန်တော် ရန်ကုန်ဆင်းသွားရင် ကောင်းမလား"

"သွားကြည့်မလို့လား"

"ဒါပေါ့"

"သွားကြည့်ရင် ကြိုက်ပြီးပြန်လာမှာ သေချာတယ်"

"ရုပ်ချောတာလေးတစ်ခုနဲ့တော့ ဒီလောက်မဖြစ်ပါဘူးဗျာ၊ ကျွန်တော် လူလားမြောက်ပါပြီ"

"အေးလေ ... ဘာပဲဖြစ်ဖြစ် ကိုယ်ယူရမဲ့ မိန်းကလေးကို မြင်ဖူးအောင်တော့ ကြည့်သင့်တာပေါ့၊ ဒါပေမဲ့ မလွယ်ဘူး မောင်ရေ၊ သူ့ပုံစံက မိန်းမသားယူချင်ယူမှာ၊ ယောကျ်ားတော့ ယူမယ်မထင်ဘူး"

"ကျွန်တော်က ငြင်းပစ်ချင်တာ၊ ဦးလေးစိုင်းလုံရဲ့"

"ဒါဆို ... မင်း အမွေတွေ လွတ်ပြီ"

"လွတ်တာက အကြောင်းမဟုတ်ပါဘူး၊ ကျွန်တော် အသက်ပဲ အစိတ်ရှိပြီ၊ ဘွဲ့ရယောကျ်ားလေးပဲ၊ လုပ်ကိုင်စားနိုင်ပါတယ်၊ မေမေကြီး ဆန္ဒကို မပယ်ရှားချင်လို့"

"ဆိုပါတော့၊ ဟိုသူငယ်မက သရဲသဘက်လောက်အကျည်းတန်နေရင်ကော"

"မေမေကြီး ဆန္ဒ ..."

"လုပ်မနေနဲ့ ပုံဆိုးကြီးသာဆို မင်း ငြင်းမဲ့ကောင်ပါကွာ၊ ခုတော့ ပုံကမိတယ်၊ လူကသာ ပြဿနာ"



"သွားကြည့်မယ်ဗျာ"

"အေး ... ဆင်ဖြူရှင် တရဖျား၊ နတ်သမီးနဲ့ တွေ့သလို ရူးပြီး ပြန်လာမှာ မြင်ယောင်သေးတယ်"

"အဲဒီလောက် ညွှန်းတော့လည်း ပိုကြည့်ချင်လာပြီ၊ ကေသီနဲ့ ဘယ်သူ ပိုလှသလဲ"

"နန်းကေသီလည်း တော်တော်လှပါတယ်၊ ရှင်မင်းထွန်းနဲ့ ယှဉ်တော့ နန်းကေသီဟာ မျောက်အိုမကြီး ဖြစ်သွားလိမ့်မယ်"

"ဒါတော့ ပိုပြီဗျာ"

"မယုံရင် သွားကြည့်၊ သွားကြည့်၊ မေဓမ်ကြီး သေတမ်းစာကြီးပါ တစ်ခါတည်းပြလိုက်၊ ငါ့လူကို ကိုင်ပေါက်လိုက်လို့ ခါးရိုးကျိုးမလာရင် ငါ့ခေါက်ကို လာဖြတ်၊ လောင်းရဲတယ်ဟေ့"

သြော် ... မမြင်ဘူးခင်ကတည်းက သတင်းတွေ ထူးလွန်းလို့ ရင်ခုန်နှင့်ပါပဲကော ရှင်းမင်းထွန်းရယ် ...

* * *

"ရှင်မင်းထွန်း"

ရဲသွေးနောင်၏ အိပ်ခန်း၊ မှန်တင်ခုံ၏ မှန်ပေါ်မှာ မြေဖြူခဲဖြင့် ရေးမိ၏။ ဘာကြောင့်လဲ ...

"ရင်ထဲမှာ ငြိပြီကလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



ကေသီနှင့်တုန်းက နီးစပ်မှုတစ်ကြောင်း၊ မေမေကြီး ပြောလွန်း၍ အားနာသောကြောင့်တစ်ကြောင်း၊ သာယာတိမ်းမူးမိသည်ကလည်း တစ်ကြောင်း။

ရှင်မင်းထွန်းကျတော့ ...

ကိုယ်လက်ထပ်ရမည့် မိန်းကလေးဆိုသည့် အသိစိတ်အပေါ်မှာ သံယောဇဉ်တွယ်နှင့်၏။ ရုပ်ကလေး သိပ်လှတာလည်း အဓိကအချက် ဖြစ်ပါမည်။ ပြီးတော့ ... တွယ်ရာမဲ့ မိန်းမသားဘ၀ကို အကူဈေးသည်အဖြစ် ရုန်းကန်နေရတာလေးတွေ၊ တကယ်တော့ သည်အချက်များသည် အပေါ်ယံအကြောင်း များသာပါလေ။ သူ့ကို မြင်မြင်ချင်း ရင်ထဲမှာ ရှိုက်ဖိုကာ စွဲငြိသွားမိသည်သာ အဓိက။ ရှင်မင်းထွန်း အချစ်ကိုသာ ရခဲ့ပါလျှင် အခြားမည်သည့်အရာများကိုပဲ စွန့်လွှတ်ရ၊ စွန့်လွှတ်ရ။

အချစ်ဟူသည် ဖိတ်ခေါ်ကျွေးမွေးသုတ်သင်ထားဆမဲ့ မြဲချင်မှမြဲတတ်သည်။ မဖိတ်မခေါ်ပါပဲလည်း ရောက်လာတတ်၏။ ကုမုဒြာသည် လရောင်နှင့် ကြုံခိုက်မှာ ဖျတ်ခနဲ ပွင့်ပါသတည်း။

"ရှေးဘ၀က ရေစက်ထင်ပါရဲ့ ရှင်မင်းရယ်"

သည်မိန်းကလေးအား မေမေကြီး သေတမ်းစာကို ဖြုန်းခနဲ ထုတ်ပြ၍ မဖြစ်။ သူကတောင် ရှင်မင်းထွန်း ဘ၀မှ ဖုန်းတေဇာ ဖြစ်နေတော့ ကိုကလည်း အမွေထိန်းပုဂ္ဂိုလ်အတု တစ်ဦးဖန်ဆင်း။

"နာမည် ဘယ်လိုပေးမလဲ၊ ငါက ရဲသွေးနောင်၊ ရှင်မင်းရဲ့ အချစ်ကို တစ်နေ့နေ့မှာ အောင်မြင်စွာ ရယူနိုင်မယ်ဆို တဲ့ အတိတ်နိမိတ်နဲ့ အောင်သွေးနောင်၊ အဲဒါ ကောင်းတယ်"



"မင်းကို ချစ်တယ် ကလေးရယ်"

"မေမေကြီး ခင်ဗျား... ရှင်မင်းထွန်း အချစ်ကို ရယူဖို့ မကြိုးစားနဲ့လို့ မှာခဲ့ရင်တောင် ခုချိန်မှာတော့ ကျွန်တော် မေမေကြီး စကားကို နားမထောင်နိုင်တော့ပါဘူး"

"ဩော် ... မမရှင်သာရှိရင်၊ ဒီထက်လွယ်ကူ အဆင်ပြေ လိမ့်မယ် ထင်ရတာပဲ"

"ယောက်ျားလျာ မလေးရေ၊ မင်း ကြိုက်အောင် ငါက ထဘီများ ဝတ်ပြရဦးမှာလားကွယ်"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



ကိုကိုရေ ချစ်မိပြီ

"ယုံပါတယ် ကိုကိုရယ်"

ဘောင်းဘီဝတ် အမျိုးသမီးက သွယ်နွဲ့စွာ မှိုနေတော့ ရှမ်းက သိပ်အဆင်မပြေလှပါ။ သို့ပေမဲ့ ကိုကို ပျော်သည်ပင်။

"ဒါ ... ရှင်မင်းရဲ့ အမွေထိန်းရှေ့နေကြီး ဦးစိုင်းလုံထူးလေ"

ကိုကို ခေါ်လာပြတော့လည်း ခေါင်းညိတ်လိုက်ရသည်။ မတွေ့ရလျှင်လည်း အရေးမကြီးပါ။ ကိုကို့ကို ယုံသည်ဟု ပြောခဲ့ပြီပဲ။

"စည်းစိမ်ဥစ္စာဆိုတာ ခံစားသင့်မှ ခံစားရတာပါ၊ ဆင်းရဲတာလည်း ရှင်မင်း ဘဝမှာ မဆန်းပါဘူး၊ မချမ်းသာချင်လည်း နေပါစေ"

ချစ်မိပြီ ယုံမိပြီ ဆိုတော့ လောကကြီးတစ်ခုလုံး အချစ်မှအပ အခြားအရာတိုင်း မှေးမှိန်ဖျော့တော့ကုန်၏။



"ပိုက်ဆံဆိုတာ ရှာယူရင် ရပါတယ်၊ အချစ်ဆိုတာက ဖွေရှာပေမဲ့လည်း တွေ့ခဲတယ်၊ မဖွေမရှာပဲလည်း ရင်ထဲမှာ လာရောက်နားခိုတတ်တယ်၊ ဒီစည်းစိမ် ဒီအမွေတွေထက် ကိုကို့ကို ပိုချစ်ပါတယ်"

ရှင်မင်း အထပ်ထပ် ပြောခဲ့ပေမဲ့ ကိုကိုက ဝတ္တရားရှိလို့ဟု ပြောခဲ့သည်။ စာချုပ်စာတမ်းများကို ရှင်မင်း ဖတ်ရှုခွင့်ရသည်။

"အစကတည်းက ဘာဖြစ်လို့ မပြခဲ့သလဲလို့ ရှင်မင်း တွေးမိမှာပဲ၊ ဦးစိုင်းလုံထူးကို ဒီနေ့ဒီရက်ထိ ရှင်မင်းနဲ့ ဆုံမပေးတာ ရှင်မင်း သံသယဝင်မှာပဲ"

"မဝင်ပါဘူး ကိုကို"

"ခုတော့ ရှင်မင်း တွေ့တဲ့အတိုင်းပဲလေ"

ဦးမင်းထွန်း+ဒေါ်မြအေးရှင်တို့၏ သမီး ရှင်မင်းထွန်းဆိုသော မိန်းကလေးသည် ဦးစောရန်နောင်၏ တူမမှ မွေးသောသား ရဲသွေးနောင်နှင့် လက်ထပ်ပါမှ အမွေအစုစုကို ခံစားရရှိမည်ဖြစ်ကြောင်း၊ ဤသို့ မဟုတ်လျှင် ရှင်မင်းထွန်း ခံစားခွင့်မရသည့် အမွေများကို ရဲသွေးနောင်အားသာလျှင် လွှဲပြောင်းပေးရမည်ဖြစ်ကြောင်းများ။

"အဲဒါ ကိုကို မျက်နှာလည်းပူတယ်၊ နောက်ပြီး ရှင်မင်းဆီက အချစ်ကိုလည်း အရောင်မဆိုးဘဲ ရချင်တယ်"

"အမယ် ... ရှင်မင်းကို အထင်သေးလိုက်တာ၊ အမွေရဖို့ အတွက်နဲ့တော့ဖြင့် ဘယ်လိုလူမျိုးကိုမှ အရောင်ဆိုးပြီး မချစ်ပါဘူး၊ ဆင်းရဲတာ ဆန်းသလား"

www.burmeseclassic.com

www.burmeseclassic.com



အလေ့အကျင့် ဆိုသည်က ဖျောက်နိုင်ခဲသားလေ။ ရှင်မင်း ဒေါ်သထွက်ချင်ချင် ဖြစ်လာရ၏။ အပြောအဆိုလည်း မာကျုတ်တိုတောင်းလာသည်။ ချစ်သည့်အကြောင်းကို သွယ်နှဲ့ဖွာမို့၍ ပြောတတ်သော ယောက်ျားလျှာ လူထွက်မလေး ဒေါ်သဖြစ်ချင်တော့၊ နှုန့်မှုတွေ ပျောက်ကုန်ရ၏။

"ငါ့တူမတို့ ဒီလိုအဆင်ပြေတာတွေ့တော့ ဦးလေးတို့လည်း ဝမ်းသာရတယ်၊ ဒါပေမဲ့ ကိုနောင် အားကြီး သဘောကောင်းတယ်"

"ကိုကိုက မေမေကြီး သဘောတူခဲ့တာ သူနဲ့ မဟုတ်ပါဘူးတဲ့ ငြင်းသေးတယ် ဦးလေးရဲ့"

"သူက ငါ့တူမကို ကြောက်နေတယ် ထင်ပါရဲ့"

ဦးစိုင်းလုံထူးက ရှင်မင်းကို ငါ့တူမဟု ရဲရဲတင်းတင်း ခေါ်တော့ ရဲသွေးနောင် ပြုံးစိစိ ဖြစ်နေသည်မို့ ရှင်မင်းထွန်းက ဆွဲဆိတ်နေရသည်။

"ရှင်မင်းထွန်းက သူ့ကို လက်မခံရင်၊ အမွေတွေ သူ အကုန်ရမယ် မဟုတ်လား၊ သူ တရားဝင် လွှဲယူပြီးရင် ရှင်မင်းထွန်းကို သူ့ စေတနာ သူ့ဆန္ဒအလျောက် အကုန် ပြန်လွှဲပေးမတဲ့၊ ဦးလေးတို့နဲ့ တိုင်ပင်ပြီးသားကွယ်"

"ဩော်"

"ဒါပေမဲ့ ... ငါ့တူမကိုလည်း သူက ရချင်သေးတာကိုး"

ရဲသွေးနောင်က တဟဲဟဲ ရယ်၍ ရှင်မင်းထွန်း ရှက်ပြုံးပြုံးနေရသည်။



"ဘွားအေက စီမံခဲ့လို့ ယူရတာမျိုး မဖြစ်စေဘဲ သမီးရည်းစားဖြစ်ချင်လို့၊ ပိုးပါရစေဦးတဲ့၊ ဦးလေး မလာပါနဲ့ဦးဆိုလို့ဟေ့၊ တစ်လွဲတော့ မထင်နဲ့ သိလား"

ဦးစိုင်းလုံထူးက ရယ်၍ပြောသည်။

"မိန်းမပိုးလည်း ကျွမ်းကျင်သားပဲ၊ အလုပ်တင် ကျွမ်းကျင်သလားမှတ်တယ်"

"ဟာ ... ဦးလေး၊ ကျွန်တော် ပိုးတောင် မပိုးရသေးဘူး၊ ဖျားသွားတာနဲ့ သူက လာပိုးတာ ... ဟေ့"

ရှင်မင်းထွန်းက ဆွဲဆိတ်သည်မို့ ထအော်သည်။

"အေး ... အေး ... ဦးလေးတို့လည်း အရမ်းပျော်တာပဲ၊ စိုင်းအောင်ကို အမည်ခံခိုင်းပေမဲ့ တူမအတွက် တကယ့်အမွေထိန်းအစစ်က ဦးလေးနဲ့ ကိုနောင်ကွ"

"ဟုတ်လား၊ ရှင်မင်းက ဦးအောင်သွေးနောင်ပဲ ထင်နေတာ"

ဒေါ်မြလေးနွယ်က ကိုနောင့်ကို ယောက်ျားဘက်က မြေး ဆိုပေမဲ့ သူ့ကို 'မေမေကြီး'၊ သူ့သမီးကို 'မမရှင်'ဟု ခေါ်မှ ကြိုက်တတ်သည်။ အပေးအကမ်း ရက်ရောသည့်နည်းတူ အရိအသေ၊ အခအယမ်းကျတော့လည်း ကြိုက်တတ်သည်။

"မေမေကြီးရဲ့ အသိုင်းအဝိုင်းက လူတွေ အားလုံးဟာ ရှင်မင်းမေမေကို မမရှင်ပဲ ခေါ်ကြရတယ်"

"ဩော် ... မေမေ့ထက် ကြီးတဲ့သူတွေကရောပဲလား"

"ကြီးတဲ့သူရော၊ ငယ်တဲ့သူလည်း ဘယ်လောက်ပဲ ငယ်ငယ် ကိုကိုနဲ့ဆို ဆယ်နှစ်ကျော်ကွာတာ၊ ပြီးတော့ ဝပ်ကြကြေး

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် တုဝရီးဆီနေအထားမှာ၊ ဒါပေမဲ့ မမရှင်ပဲ ခေါ်ရတယ်"

"ဘာဖြစ်လို့လဲဟင်"

"ဘာရယ်မဟုတ်ဘူး၊ စည်းမျဉ်းသတ်မှတ်ချက်တစ်မျိုးပေါ့လေ၊ မမကြီးကဆိုရင် အသေးအဖွဲကလေးက စပြီး စည်းနဲ့ဘောင်နဲ့ လှုပ်ရှားစေချင်တာ"

သည်လို မိခင်မျိုးက အိမ်ထောင်ရေးမှာ ကိုယ့်သဘောနှင့်ကိုယ် ဖွတ်လုပ်သွားသူကို စိတ်နာမည်ဆိုလည်း နာထိုက်ပါပေသည်။

"လုပ်ငန်းတွေက ခုလည်း ကိုနောင်ပဲ ဦးစီးလုပ်နေတာဆိုတော့ အစစ အဆင်ပြေသွားတာပေါ့လေ၊ ဒါပေမဲ့ မမကြီး ဆန္ဒအတိုင်း တရားဝင်တော့ နာမည်လွှဲ စာချုပ်ချုပ်တာတွေ လုပ်ရဦးမှာပေါ့"

"မလုပ်လည်း ဖြစ်ပါတယ် ဦးလေး"

"ဟာ ... ဘယ်ဟုတ်မလဲ၊ တာဝန်က တာဝန်ပဲ တူမရဲ့၊ ခက်တာက လက်ထပ်ပြီး တစ်လကြာမှာမှ လွှဲပြောင်းခွင့်ရှိတယ်လို့ သေတမ်းစာထဲမှာ ဆိုထားပြန်ရော"

"ဦးလေးစိုင်းလုံ လွှဲတာမလွှဲတာက အဓိက မဟုတ်ဘူးနော်၊ လက်ထပ်ဖို့ကတော့ မြန်မြန်ပဲ"

ရဲသွေးနောင်က ရှင်မင်းထွန်းကို လှည့်ကြည့်၍ ပြုံးပြသည်။ ရှင်မင်းထွန်းက မိန်းကလေးဆန်စွာ မျက်စောင်းထိုးဖြစ်သွားရသည်။



"ဦးလေးကလည်း တိုက်တွန်းချင်တာ၊ ဒီတာဝန် ပြီးသွားရင် ဦးလေးစားပွဲမှာ ဖိုင်တစ်ခု ရှင်းတာပဲ၊ ဖိုင်တွဲတွေ ရှုပ်လှပြီကွ"

ဦးစိုင်းလုံထူးကလည်း ပျော်တတ်ပုံရသည်။

"အန်ကယ်ဦးအောင်သွေးနောင်က ဘယ်ကဏ္ဍက ပါလဲ ဟင်"

"တကယ်တော့ အောင်သွေးနောင် ဆိုတာမှ မရှိဘဲ"

"ဟင် ... ဦးလေးဦးအောင်သွေးနောင် ဆိုတာ ရှိပါတယ်"

"သူ့နာမည်က စိုင်းအောင် ငါ့တူမရဲ့၊ ကိုနောင်က သူ့နာမည် သွေးနောင်နဲ့ စိုင်းအောင်ရဲ့နာမည်က အောင် တစ်လုံးယူပြီး ဦးအောင်သွေးနောင် လုပ်ထားတာကွ၊ သူက ဇာတ်ဆရာ"

"ဘာလို့ အဲဒီလို လုပ်တာလဲ ကိုကို"

"ရှင်မင်းကို အမွေထိန်းလုပ်တဲ့လူက ရည်းစားစကားပြောရရင် ဖီလင်အောက်လို့၊ ဦးစိုင်းအောင်ကို ဦးအောင်သွေးနောင် လုပ်ထားတာ"

"ကြည့်ပါလား"

သြော် ... ဒါကြောင့် ဦးအောင်သွေးနောင်က ကိုကို့ကို ခုလေးစားတဲ့ပုံစံ ဝင်နေရတာကိုး။

"ဒါဖြင့် ဟိုပိုက်ဆံသုံးထောင်ကို ကိုကို ပေးတာပေါ့"

"ရှင်မင်းက ပိုက်ဆံမရှိဘူးဆို"

"လျှို့ဝှက်သဲဖို ဒါရိုက်တာ လုပ်ပါတော့လား၊ သူ သိပ်ပြီး အကွက်စေ့အောင် စီစဉ်နိုင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဈေးစပ်တဲ့ဘဝမှာ ရှင်မင်းကို ရအောင်ယူနိုင်တာကြည့်"

"ဘယ်သူက ယူမယ်ပြောလို့လဲ"

"ဥပဒေသမားရှေ့မှာ နှုတ်ကျွံပြီးနေပြီလေ"

"ဘွာတေး"

"ရမယ် ... အားကြီးကြီး"

"ဦးလေးစိုင်းလုံ့ ဓာတ်လမ်းကို မရှုပ်ရှုပ်အောင် လုပ်တတ်တဲ့သူကို ရှင်မင်း မကျေနပ်ပါဘူးနော်"

"ဒုက္ခပဲ ... ငါ့စားပွဲမှာ ဖိုင်တွဲတွေ ရှုပ်လှပြီကွာ"

သုံးယောက်သား ရယ်မိကြတော့သည်။ အရှိန်ပြင်းစွာ ဖြစ်ထွန်းခဲ့ရသည့် အပျော်ကလေးများပဲလေ။

ꧬ ꧬ ꧬ

ခုမှ ဖြူနွဲ့မှာ ပို၍ အဖော်မဲ့နေရတော့သည်။

သို့ပေမဲ့ ဖြူနွဲ့ ကျေနပ်ပါ၏။ တစ်ယောက်တည်း ကျိတ်ဆွေးကလေးနှင့် တွေးနေခွင့်ကို အပြည့်အဝရပါပြီ။ ပြီးတော့ သူငယ်ချင်း ရှင်မင်းထွန်း ဘဝအတွက်လည်း စိတ်ချလက်ချ ဖြစ်သွားရရှာ၏။

"ဂျက်စမင့်ဆီ စားရေးလိုက်မယ်နော်"

"ဟင့်အင်း ... ငါ ရှက်တယ် မရေးနဲ့၊ ရေးရင် နင်နဲ့ ငါနဲ့ မခေါ်ဘူး"



သူ့ စိတ်ဆိုးလျှင် တကယ်လုပ်ချင်လုပ်မှာ၊ ဖြူနွဲ့ မရေးရဲတော့ပါ။

"သူ သိရင် ပျော်မှာပေါ့ဟာ"

"သူများ ပျော်ဖို့ ငါက ရှက်ပေးရမှာလား"

"နင်ဟာလေ ခုထိ ခွကျတုန်း"

ရှင်မင်းထွန်းထံမှာ အရင်က မတွေ့ခဲ့ဖူးသည့် ရှက်ရယ်လေးများ မြူးပျံ့နေသည်။ ရှက်ကိုးရှက်ကန်း ရယ်ကာ ပြေးထွက်သွားပုံက မငြင်သာလွန်းသည်မို့ ဖြူနွဲ့ သက်ပြင်းမောတစ်ခုကို ချလိုက်မိသည်။

"ခုထိ ဘောင်းဘီဝတ်နေတာက ခက်တယ်"

တစ်ယောက်တည်း ကျိတ်ညည်းနေရတော့သည်။

ရှင်မင်းထွန်း လှေကားမှ တဝုန်းဝုန်း ပြေးဆင်းသွားသည်။ ရဲသွေးနောင်က ခြံထဲမှာ စောင့်နေမည်။ ဆင်းခဲ့ဟု နှုန်းအိနှင့် အမိန့်တော်မြွက် အပို့လွှတ်လိုက်သည်လေ။

"ဟိတ် ... ကိုကို"

သူက အားနွဲ့သူနှင့် မတူဘဲ အားနွဲ့သူကို ခြောက်လှန့်သည့်ပုံစံ ဝင်နေသည်။

"ဟာ ... အနွေးထည်လည်း မဝတ်ခဲ့ဘူး"

ရဲသွေးနောင်က ဆူသလို မာန်သလို ပြောသည်။ သူကိုယ်တိုင် ရှပ်အင်္ကျီတစ်ထပ်၊ လက်ပြတ်ခေါင်းစွပ်ဆွယ်တာ တစ်ထပ်၊ အပေါ်မှာ ဂျာကင်တစ်ထပ် ဝတ်ထားသည်။ ပုဆိုးအစား ရှမ်းဘောင်းဘီ အထူစားနှင့်။

"ချမ်းမှ မချမ်းတာ"

www.burmeseclassic.com

www.burmeseclassic.com



ရဲသွေးနောင် ထိုင်နေသည့် ခုံတန်းအစွန်းမှာ ရှင်မင်းထွန်း ဝင်ထိုင်သည်။ ထင်းရှူးပင်နှစ်ပင်ကြားမှာ သွယ်တန်း၍ ရိုက်ထားသည့် ခုံရှည်မို့ တော်တော်ကလေး ကျယ်ပါ၏။

"ခြံထဲမှာဆိုတော့ အေးတယ် ရှင်မင်းရဲ့"

"မအေးပါဘူးဆို"

"ကိုကိုတောင် အထပ်ထပ် ဝတ်ထားတာ"

"ရှင်မင်းလည်း အထပ်ထပ်ပဲ"

"ဂျင်းဂျက်ကက်လေး တစ်ခုတည်း"

"အောက်မှာ အထပ်တွေ အများကြီး"

ပြောပြီးမှ ရှက်သွားရ၏။ ပါးစုံလေး ရဲတက်လာသည်။ ရှင်မင်းထွန်း အကျီဝတ်လျှင် အတွင်းခံဆော်လီက စည်းနှောင်းဖိနှိပ်ထားသလောက် တင်းကျပ်သည်။ သူ့အပေါ်က စွပ်ကျယ်ချည်းနှစ်ထပ် ဝတ်လေ့ရှိ၏။ စွပ်ကျယ်ပေါ်မှ ဂျင်းဂျက်ကက်ဖြစ်ဖြစ်၊ ရိုးရိုးရှပ်အကျီဖြစ်ဖြစ် ထပ်ဝတ်တော့လည်း ကြယ်သီးများကို စေ့ငှစွာ တပ်မြဲ။ ရဲသွေးနောင်က မချိမချဉ် ပြုံးပြနေသည်။

"ဘာပြုံးတာလဲ"

"ပြုံးတာ လိုင်စင်ယူရဦးမှာလား"

"သွား ..."

မျက်နှာလေးက နှွဲ့နေသည်။ မျက်စောင်းဝဲဝဲတို့ နှုတ်ခမ်းစူစူတို့ကလည်း မိန်းမဆန်နေသည်။ သို့ပေမဲ့ ခြေထောက် လှမ်းပုံ၊ လက်သွားပုံ၊ ထိုင်ပုံတို့က မနှွဲ့။



"ဒီဘက်တိုးပါလား၊ ဘာဖြစ်လို့ အဝေးကြီးမှာ သွားထိုင်နေရတာလဲ"

"ထိုင်ချင်လို့"

"ရှင်းတယ်"

ရဲသွေးနောင်ကပင် နေရာရွှေ့လေသည်။

"သိပ်မကပ်နဲ့"

"ဟုတ်ကဲ့"

ရှင်မင်းထွန်း ပြုံးလျှင် အလွန်လှပါ၏။

"ရှင်မင်း"

"ဘာတုံး"

"ဟ ... တယ်လည်း သာယာနာပျော်ဖွယ်ပါလား"

မိန်းမသားဗီဇကို ဖျောက်၍ ယောက်ျားလျာလို နေလာခဲ့သည်က သုံးနှစ်ခန့်ရှိပြီဆိုတော့ သူ့အမူအရာ၊ သူ့အပြောအဆိုတို့က ယောက်ျားပုံစံမှာ တော်တော်ကလေး နေသားကျနေခဲ့ပြီ။ ခုလို ချစ်သူရှိလာမှ မိန်းမသားဗီဇကလေး ပြန်ပေါ်လာရ၏။

သည်တော့ ယောက်ျားပုံစံကလည်း မပျောက်သေး။ မိန်းမပုံစံနှင့်လည်း နွဲ့ချင် ခရာချင်။ ရှင်မင်းထွန်း ရုပ်သာ သည်လောက်လှမနေလျှင် ခွတီးခွကျ ပုံစံကြောင့် ရယ်စရာအလွန် ကောင်းနေပါလိမ့်မည်။

ခုတော့ ဘယ်လိုနေနေ လှသူမို့သာ။

"ကိုကို့အချစ်က ဖားတစ်ပိုင်း၊ ငါးတစ်ပိုင်းလေးဆိုတော့"

"ကိုကိုနော်၊ ပိတ်ထိုးပစ်လိုက်မှာ၊ မပြောနဲ့"

"ဆွဲဆိတ်လိုက်မယ်လို့ ပြောပါလား"

www.burmeseclassic.com

www.burmeseclassic.com



"ဆိတ်တဲ့အခါလည်း ဆိတ်သားပဲ"

"အမြဲဆိတ်မှပေါ့၊ ဘယ်နှယ့် ပိတ်ထိုးရမယ်လို့"

"ရှင်မင်းလက်က အုတ်ခဲလေးလုံး အသားလေး ကျိုးတယ်၊ သိလား"

"ကြောက်နေရပါလား"

ရှင်မင်းထွန်း လက်ချောင်းလေးများကို ဆွဲကြည့်တော့ လက်ခုံပေါ်မှ အဆစ်ကလေးများ ညိုကြမ်းနေသည်။

"လက်သည်းအရှည်ထားပြီး ဆိုးပါလားကွာ"

"ဈေးထုတ်ရတာ ဖျင်းစရာကြီး"

"ကိုကို့အချစ်ကတော့လေ"

ရဲသွေးနောင် ရယ်နေသည်။ ရဲသွေးနောင်က လူချင်း မသိမသာ ပူးကပ်လာတော့သည်။ သူ့ပခုံးမှာ ရှင်မင်း ခေါင်းမှီလေသည်။

"ထဘီဝတ်ပါလား ရှင်မင်းရယ်"

"ရှင်မင်းမှာ ထဘီ မရှိဘူး"

"ဟင် ... တစ်ထည်မှကို မရှိတာလား"

"ရေလဲလောက်ပဲရှိတယ် ကိုကိုရဲ့၊ သားသားနားနားဆို တစ်ထည်မှ မရှိဘူး"

"ဟိုတုန်းက လက်ကျန်တွေရော"

"ဟောင်းတာလဲ ဟောင်း၊ တချို့ကျတော့ အဆောင်ပြောင်း တုန်းက လိုအပ်တဲ့ ရေပုံးရေခွက် ပလတ်စတစ်ပစ္စည်း တွေနဲ့ လဲပစ်လိုက်တယ်"

"ကြည့်စမ်း ... လူတေလေး"



"အမယ် ... ကိုကိုက ဘိန်းစားကျင့် ဘိန်းစားကြဲလို့ ပြော ချင်တာပေါ့လေ"

"မဟုတ်ဘူးလား"

"ကိုယ့်မှာ အသုံးမတည့်တော့တဲ့ ပစ္စည်းတွေကို လိုအပ်နေတဲ့ ပစ္စည်းတွေနဲ့ သုံးရတာ၊ ဘယ်လောက် ပျော်စရာကောင်း လဲ"

"ပေးရတာက အများကြီး၊ ရတော့နည်းနည်းလေး ဖြစ်မှာ ပေါ့၊ လာလဲတဲ့သူကိုယ်တိုင်က မမြတ်ရင် လုပ်မလား"

"မြတ်ပစေပေါ့၊ ရန်ကုန်မှာ ဒီလိုပဲ လုပ်ကြတာ အဆောင် ဆို ဖောက်သည်ကိုဖြစ်လို့၊ တချို့ကျတော့ အသစ်ပေါ်တိုင်း၊ အဆင်ဆန်းတိုင်း ဝတ်ချင်တယ်လေ ကိုကိုရဲ့၊ အဟောင်း ဈေးနဲ့ ချရောင်းသေးတယ်"

"ကိုကို့သဘောဆိုရင် စေတနာနဲ့ ပေးချင်ပေး၊ မပေးရင် တော့ ဟောင်းစုတ်တဲ့အထိ ဝတ်မှာပဲ"

"တစ်ယောက်တစ်မျိုးပေါ့ ကိုကိုရာ"

"နက်ဖြန် တောင်ကြီး သွားရအောင်"

"ဘာလုပ်ဖို့လဲ"

"ရှင်မင်းဖို့ အင်္ကျီတွေ ထဘီတွေနဲ့ ဘရာစီယာ"

"အိုး ..."

ရှင်မင်းထွန်းက စုံတွန်းပစ်သည်။

"ရှင်မင်းကို မိန်းမအဝတ်အစားနဲ့ မြင်ချင်တယ်ကွာ၊ ဘောင်းဘီကြီး တကားကား၊ ရှပ်အင်္ကျီတဖားဖားနဲ့ ကိုယ် လုံးကို ပျက်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပါလား၊ ဘာတွေ လျှောက်ပြောနေတာလဲ"

"ရှင်မင်း ... ကိုကို့ကို ချစ်လား"

"ချစ်မှန်းသိရက်သားနဲ့"

"ဒီလိုဆို မိန်းမအဝတ်အစားနဲ့ ပြန်နေပါတော့ကွာ၊ ကိုကို တောင်းပန်ပါတယ်၊ ကိုကို့ကို ချစ်ရင် ကိုကို့ပြောစကား နားထောင်နော်"

"ဒီလိုပဲ ဝတ်နေကျ ဖြစ်နေပြီ၊ ပြောင်းရမှာ ရှက်စရာကြီး"

"ရှင်မင်းနဲ့ ကိုကိုနဲ့ မင်္ဂလာဆောင်တော့ကော ဘီးဆံထုံးနဲ့ ဂျင်းဘောင်းဘီနဲ့ ... ဟား ... ဟား"

ရဲသွေးနောင် ခွက်ထိုးခွက်လန် ရယ်သည်။

"မဆောင်ဘူးပေါ့"

"ဧည့်ခံပွဲ မလုပ်တောင် ရုံးမှာတော့ လက်မှတ်ထိုးရဦးမှာပဲ"

"မထိုးဘူးပေါ့"

"မိန်းကလေးတစ်ယောက်ကို ထုံးတမ်းစဉ်လာ တရားဝင် ဆောင်ရွက်ပေးချက်မပါပဲ ကိုကို ယူရက်ပါ့မလား။ ရှင်မင်း ရယ်"

ဟုတ်သားပဲ၊ ဒီတိုင်းကြီး တူတူနေဖို့က မိန်းမသားတို့ လက်သုံးစကားလည်း အရှိသား၊ ဟင်းရွက်ကန်စွန်း မဟုတ်ဘူး တဲ့ ...

"ကိုကိုက ရှင်မင်းကို ဂေါ်ဖီထုပ်လို အာလူးလို သဘော မထားချင်ဘူး"

"ဟင်းရွက်ကန်စွန်းပါ"

"ဒီမှာတော့ ဂေါ်ဖီထုပ်နဲ့ အားလူးက ပိုပေါ်တယ်"



"ရုံးမှာ လက်မှတ်ထိုးတာ ဘောင်းဘီနဲ့သွားတော့ ဘယ်သူက တရားခွဲမှာလဲ"

"မလုပ်နဲ့၊ ယောကျ်ားချင်း ခိုးလာရမလားဆိုပြီး တရား သူကြီးက ထောင်ချပစ်မှာဗျ"

ရှင်မင်းထွန်း တခစ်ခစ်ရယ်သည်။ အရင်တုန်းက ဆို သည်လို ခစ်ခစ်သံမျိုးထွက်အောင် မရယ်တတ်ခဲ့။ တဟား ဟားပဲ အော်ရယ်ခဲ့သည်ချည်း။ သည့်နှယ် ချိုကြည်လွင်သည့် ခစ်ခစ်တက် ရယ်သံလေးများကို မည်သို့မည်ပုံ တတ်ကျွမ်းသွား မှန်း သတိမထားမိလိုက်ပါ။

အချစ်၏စွမ်းအားတွေပါပဲ။

"နော် ... ရှင်မင်း"

ကိုကို့ပခုံးတွင် ပါးမို့ရင်း အပျော်လွန်အပြုံးနှင့် ခေါင်းညိတ်ပြလိုက်မိပါသတည်း။

"သိပ်ချစ်တာပဲ ရှင်မင်းရယ်"

"ယုံပါတယ် ကိုကိုရယ်"

"ရှင်မင်း အပေါ် ချစ်တဲ့အချစ်မျိုး အရင်ကလည်း မချစ် ခဲ့ဖူးဘူး၊ နောင်လည်း ဘယ်တော့မှ ချစ်မိမှာ မဟုတ် ဘူး"

"အမယ် ... သူ့နန်းကေသီကြီး ယောကျ်ားယူသွားလို့ များ"

"အဲဒီအကြောင်းတွေ ရှင်မင်းကို ပြောပြီးသားပဲ၊ ထပ်ပြော ရမလား"

www.burmeseclassic.com



"ရေနှုးမလို့ပေါ့လေ၊ အနံ့တသင်းသင်းလေး ထွက်လာလည်း ရှုရှုမနည်းဘူးပေါ့"

"ကြည့်စမ်း ... ပြောတတ်လိုက်တဲ့ ကောင်မလေး၊ ကေသီလည်း ချေးခြောက်ဖြစ်၊ ကိုကိုလည်း ချေးနံ့ရှူ ကျည်ဆံတစ်တောင့်နဲ့ ငှက်နှစ်ကောင်ပစ်တာ"

"သြော် ... ငှက်ဖြစ်ရင်တောင် ကျည်ဆံတစ်တောင့်တည်းနဲ့ သေချင်တယ်ပေါ့"

"ရှင်မင်းနဲ့ ကိုကိုကမှ နှစ်ခုပေါင်းမှ တစ်ချောင်းဖြစ်တဲ့ အိကြာကွေး"

"စကားမလွှဲနဲ့နော်"

"မလွှဲပါဘူး၊ ကိုတေဇာ ဆိုတဲ့ ဖားတစ်ပိုင်း ငါးတစ်ပိုင်း မလေးဆီမှာ ပိုက်ဆံအိတ် ဈေးလာဆစ်တုန်းက ကေသီ ယောက်ျားမရှိတော့ပါဘူး၊ ဒါပေမဲ့ ကိုကို သူ့ကိုမချစ်တော့ဘူး၊ ရှင်မင်းကိုပဲ အဲဒီကတည်းက ချစ်သွားတာ"

"ရုပ်ဖျက်လာတာပေါ့လေ၊ သူ့ကိုယ်သူ တောပုန်းကြီးစံဖဲ မှတ်နေသလား မသိဘူး"

"မမကြီး သဘောတူခဲ့တဲ့ ကောင်မလေးတော့ မြင်ဖူးအောင် ကြည့်မယ်ဆိုပြီး သွားတာ၊ တွေ့မှတွေ့တော့ ကုန်းတစ်ပိုင်း ရေတစ်ပိုင်း"

"ဒါပဲ ပြောနေတာပဲ"

"မြင်မြင်ချင်း ချစ်လည်းတအားချစ်သွားတယ်၊ စိတ်လည်း ညစ်သွားတယ်"

"ဘာဖြစ်လို့လဲ"



"ဟ ... ကိုယ်ယူရမဲ့ မိန်းမက ယောက်ျားလျှော် ဆိုတော့ ဘယ်သတို့သားလောင်းက ပျော်ရွှင်မှာလဲ"

"မေမေကြီး စီမံလို့ မလွှဲသာမရှောင်သာမို့ပေါ့လေ"

"ဝေးသွားတယ်၊ အသားမည်းနည်း နှာခေါင်းပြဲပြဲ သွားခေါခေါကြီး ဖြစ်နေစေချင်တာ၊ သိလား"

"မယူချင်ဘူးပေါ့လေ"

"မယူချင်တာ အမှန်ပဲ ရှင်မင်း၊ အမွေခံသတို့သမီးမို့ ငွေမက်ပြီး ယူရာလည်းရောက်မှာ စိုးတယ်"

"အဲဒီအသားမည်းမည်း နှာခေါင်းပြဲပြဲကြီးက ကိုကို့ကိုယူမယ်ဆိုရင်ကော"

"သူက ကြိုက်တယ်၊ ယူမယ်၊ ကိုကိုက ငြင်းမယ်ဆိုရင်၊ ဒီအမွေတွေကို သူ ခံစားခွင့်ရှိတယ်၊ ကိုကိုနဲ့ မဆိုင်တော့ဘူး"

"သြော်"

"ဒါကြောင့် ကိုကို ဘယ်လိုမှ လက်မခံနိုင်တဲ့သူ ဖြစ်ပါစေ ဆုတောင်းနေတာ၊ ဆုတောင်းက မပြည့်ဘူးကွ၊ မြင်မြင်ချင်း ရင်ထဲမှာ တစ်မျိုးပဲ ရှင်မင်းရယ်၊ နှစ်ပေါင်းများစွာ ကွဲကွာနေရတဲ့ ညီမအငယ်ဆုံးလေးကို ပြန်တွေ့ရသလို ရင်ထဲမှာ သံယောဇဉ် တွယ်တယ်"

"ဒါဖြင့်လည်း မောင်နှမ တော်ကြမယ်လေ"

"ကိုကိုက တော်ချင်ပါတယ်၊ ဦးစိုင်းလုံ ဖိုင်တွဲတွေရှုပ်နေတာ သနားလို့"

www.burmeseclassic.com



"မယူချင်နေပေါ့"

ရှင်မင်းထွန်း နှုတ်ခမ်းစူကာ ထရပ်သည်။ မြေကြီးကို ဖနောင့်တစ်ချက်ဆောင့်ကာ စိတ်ကောက်ပြ၏။ မူနွဲ့ဟန်များက အချိုးမကျသေးသည်မို့ ရဲသွေးနောင် အော်ရယ်မိလေသည်။

"လှောင်တာပေါ့လေ"

"သိပ်ချစ်လို့ အလကားနေရင်း အူမြူးနေတာပါကွာ"

ရှင်မင်းထွန်း လက်ကိုဆွဲကာ အားယူ၍ ထရပ်သည်။ လူချင်းယှဉ်မိတော့ ပခုံးတစ်ဖက် လှမ်းဖက်မိ၏။

"ဟင့်အင်း"

"သူငယ်ချင်းကလည်းကွာ၊ ယောကျ်ားချင်းပဲ"

သက်သက်စနေမှန်း သိသည်မို့ ရှင်မင်းထွန်း စိတ်မဆိုးနိုင်တော့ပါ။ ကိုကို့ခါးကို ပြန်လည်ဖက်ကာ ယှဉ်လျှောက်လာခဲ့ကြတော့သည်။

"အေးပြီ ... အိမ်ထဲဝင်ကြစို့"ဟူ၍ မည်သူကမျှ ဖွင့်မပြောပဲ၊ ဆန္ဒချင်း ညီနေကြသည်။ အချစ်တူပြီမို့ စိတ်တူ၊ သဘောတူ၊ အတွေးများလည်း တူကုန်ကြပါပြီ။ နှလုံးသားချင်း စကားပြောကြပြီလေ။

"လက်ထပ်ချင်ပြီ ရှင်မင်းရယ်"

"ရှင်မင်းက ငယ်နေသေးတယ်၊ ခုမှ ဆယ့်ကိုးနှစ်"

"ကိုကိုက ကြီးနေတာ ခက်တယ်၊ နှစ်ဆယ့်ခြောက်နှစ် ကြီးများတောင် ကျော်ပြီ"

"ကျော်ပစေလေ"



"အသက်သုံးဆယ်လောက်မှဆိုရင် ကိုကို့အသက် ငါးဆယ်မှာ သားကြီးက နှစ်ဆယ်"

"စိတ်ကူးကလည်း ယဉ်ပြန်ပြီ"

"ကိုကို အဘိုးကြီး မဖြစ်ခင်မှာ လူလားမြောက်လာတဲ့ သားသမီးတွေကို အုပ်ထိန်းရမှ၊ မဟုတ်ရင် တက်လူတွေက အဘိုးကြီးဆို ပြီး ပမာမခန့် လုပ်ချင်တာ၊ နောက်တောင် ကျနေပြီ ရှင်မင်းရဲ့၊ မနက်ဖြန် လက်ထပ်မယ်"

"မိန်းမအင်္ကျီဝတ်ရဲဖို့ အရှိန်ယူရဦးမယ်"

"အဟင်း ... ထဘီမြဲပါ့မလား"

"ဆယ့်ခြောက်နှစ်ထိ ဝတ်ခဲ့တာပါနော်"

ဧည့်ခန်းသို့ရောက်တော့ မီးလင်းဖိုနားမှာပဲ ဖြူနွဲ့ ငြိမ်သက်စွာ ထိုင်နေသည်ကို အရင်ဆုံး တွေ့ရသည်။

ဖြူနွဲ့ကို မေ့ထားမိတာ သနားလိုက်တာ။

"ဟေး ... ဖြူနွဲ့"

ဖြူနွဲ့နားသို့ ပြေးကပ်လိုက်သည်။

"ချမ်းချမ်းစီးစီးဟယ်၊ ဧည့်ခန်းမှာပဲ နေကြပါလား"

"မချမ်းပါဘူးဟာ"

ရှင်မင်းထွန်းက ရိုးရိုးသားသား ပြောပေမဲ့ ရဲသွေးနောင်၏ စပ်ဖြဲဖြဲ အမူအရာကြောင့် ဖြူနွဲ့ ပြုံးမိ၏။ ပြီးတော့ ချက်ချင်းကြီးပင် ညှိုးနွမ်းသွားရသည်။ အချစ်သည် အနွေးဓာတ်ကိုလည်း ထုတ်လွှတ်၏။ မိမိဘဝကတော့ မီးလင်းဖိုမှ မကူညီနိုင် နွေးဖွယ်ရာ မမြင်။

ရက်စက်တယ် မောင်ရယ် ...

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့ မေမေတို့လည်း ရန်ကုန်မှာ မရှိတော့တာ သိရင် ဘယ်လောက်စိတ်ပူနေကြလဲ၊ သမီးမိုက်ကို ခွင့်လွှတ်ပါတော့။

အတွေးမျှင်ကြောမှာ မျောဆဲ၊ ဗိုက်ထဲက ဆတ်ခနဲ တိုးလှုပ်သွားသည်။

"အမေ့"

"ဟ ... ဖြူနွဲ့ ဘာဖြစ်လဲ"

"ဗိုက်ထဲက"

"နာပြီလား"

"မဟုတ်ဘူး၊ ဘာကြီးလဲမသိဘူး၊ လှုပ်ပြီး ထသွားတယ်"

"ဟော ... ဘာဖြစ်တာလဲ၊ အစောကြီး မွေးမလို့လား"

သားသမီး မွေးဖွားခြင်းကိစ္စနှင့် ပတ်သက်သည့် ဗဟုသုတဆိုလျှင် သုညမှာပြသည့် အမျိုးသမီးနှစ်ဦး မျက်လုံးမျက်ဆန် ပြူးကုန်သည်။

"ဖြူနွဲ့ ကိုယ်ဝန်က ဘယ်နှလလဲ"

ရဲသွေးနောင်က ဝင်မေး၏။

"ငါး ... ငါးလကျော်ပြီ ကိုနောင်"

"ကလေး တိုးတာပါ။ ကလေးက အသက်ဝင်လာတော့ ခြေဆန့်လက်ဆန့် တိုးတာလှုပ်တာပေါ့၊ ဒီထက်စောစောကတည်းက တိုးချင်တိုးနေမှာ၊ ဖြူနွဲ့ သတိမထားမိလို့နေမယ်"

"ကိုကိုက ဘယ်လိုသိတာလဲ"



ရဲသွေးနောင် မျက်နှာကွက်ခနဲပျက်၏။ ဘာကြောင့်မှန်း မသိပေမဲ့ ခံစားချက်တစ်စုံတစ်ရာ ဖြစ်ထွန်းသွားမှန်း သိသာသည်။ အပြင်မှ ဝင်လာကတည်းက မတ်တတ်ရပ်ဆဲမို့ နီးရာကုလားထိုင်မှာ ဝင်ထိုင်လိုက်လေသည်။

"ဟဲ ... ဟဲ ... ရှင်မင်း၊ မမရှင် ဗိုက်ထဲမှာ ဆောင့်နေတုန်းကတည်းက ကိုကို ချောင်းကြည့်ခဲ့တာလေ"

"သွား ... သူ့ စကားကောင်းကို မပြောဘူး"

ဖြူနွဲ့က သူ့ဗိုက်ကို လက်ဂါးနှင့် သာသာလေး အုပ်ထားဆဲက ရဲသွေးနောင်ကို အာရုံစူးစိုက်လျက် ကြည့်မိ၏။ ကိုနောင့် အဖြေသည် ပါးစပ်ထဲ တွေ့ကရာ ကောက်ပြောလိုက်ခြင်းသာ ဖြစ်ရမည်။ ကိုနောင့်မှာ လျှို့ဝှက်ချက် ဒါမှမဟုတ် ဖွင့်မပြောဖြစ်သေးသည့် ကိစ္စတစ်ခုခုတော့ ရှိပြီ။ သည်ကိစ္စကလည်း မိန်းမသားတို့ ကိုယ်ဝန်ဆောင်ခြင်းနှင့် ပတ်သက်ရမည်။

မောင့်ကို ချစ်မိစဉ်က အချစ်မှောင်ဖုံးသည်မို့ မောင့် မလုံမလဲ အမူအရာတို့ကို စဉ်းဇယ်မျှ သတိမထားမိခဲ့ပါ။ မောင့် ရက်စက်မှုများ အထင်းသား ပေါ်လေမှ ပြန်စဉ်းစားကြည့်တော့ ...

ချစ်သူချင်းရယ်လို့ တရင်းတနှီး နောက်ပြောင်မိစဉ် မောင်က မိန်းမတွေ ဘယ်နှယောက် ယူထားလို့လဲဟု၍ ဘာနှင့် ဘယ်လို စကားစပ်ပြီး မေးမိသည်မသိ။ ထိုစဉ်က ပျက်သွားသည့် မောင့်မျက်နှာ၊ ယခု ကိုနောင့် ပုံစံမျိုးပဲ ထင်သည်။ မျက်ချင်း ဣန္ဒြေဆည်လိုက်ပုံကလည်း ကိုနောင်နဲ့ တစ်ချိုးတည်း။

www.burmeseclassic.com

www.burmeseclassic.com



သည်တုန်းက ဖြူနွဲ့ မရိပ်မိပဲ ရယ်နေခဲ့သလို ယခု ရှင်မင်းထွန်း ရယ်နေသည်။ ကျေးဇူးရှင် သူငယ်ချင်း ရှင်မင်း။ သူ့အတွက် အများအယွင်း တစ်စုံတစ်ရာ ရှိမည်ဆိုလျှင် ဖြူနွဲ့ကိုတင်တားဆီးရပါမည်။

ငါက လူရည်လည်လွန်းလို့တော့ မဟုတ်ဘူး ရှင်မင်း ရယ်၊ အလုပ်မရှိတိုင်း အားတိုင်း မောင့်အကြောင်းချည်း တွေးနေရတော့ ယောကျ်ားတစ်ယောက်ဟာ တစ်စုံတစ်ခုကို ဖုံးဖိချင်ရင် မျက်နှာအမူအရာက ဘယ်လို၊ သိပ်ချစ်နေရင် ဘယ်ပုံ၊ အချစ်မှုန် ပြီဆိုရင် ဘယ်နည်း ...

ရုပ်ရှင်ပြန်ကြည့်ရသလို အပြန်တလဲလဲ တွေးမိတိုင်း ကွင်းကွင်းကွက်ကွက် ပေါ်တာမျိုး ရှင်မင်းရေ၊ နင့်ကိုနောင်မှာ လျှို့ဝှက်ချက် တစ်ခုခုတော့ ရှိပြီ။

စူးစူးစိမ်းစိမ်း အကြည့်နှင့် ဖြူနွဲ့ကို ရဲသွေးနောင် အားတိုက်ထိုင်ကာ မျက်လွှာချနေပါလေသတည်း။

* * *

"ဒါဆို ဖြူနွဲ့ မော်တော်ဆိုင်ကယ် ဆင်းယူကတည်းက ရှင်မင်း မဟုတ်မှန်း ကိုကို သိတာပေါ့နော်"

"လာပို့တဲ့သူတွေ သိတာပေါ့၊ ကိုကိုက လိုက်မှမလာတာ ပဲ"

"ဘာဖြစ်လို့ လိုက်မလာတာလဲ"



"ယောကျ်ားလျာမလေးကို ဘယ်လို ပိုးရပါ့ဆိုပြီး အကြံတွေ ထုတ်နေရလို့"

"သွား ... သူ့မမကြီး စကားကို နားထောင်ချင်တာနဲ့ ရှင်မင်းကို ချစ်ချင်ယောင် ဆောင်တာများ"

"မယုံဘူးလား"

"ဟာ ... ဟော့ ... ယုံတယ် ... ယုံတယ်"

မြောက်တက်လာသည့် ရဲသွေးနောင်၏ လက်တံရှည်ကြီးများကို ရှင်မင်းထွန်းက ပုတ်ထုတ်ပစ်သည်။

"ထဘီဝတ်ဆိုပါကွာ၊ ကိုယ့်ချစ်သူက ဘောင်းဘီကြီးနဲ့ ဆိုတော့"

"ဘာဖြစ်လဲ"

"ယောကျ်ားလေးထင်ပြီး ဖီလင်အောက်တယ်"

"ရှက်တယ် ကိုကိုရာ"

"မိန်းကလေး ထဘီဝတ်တာ ရှက်စရာလားကွ"

"ဝတ်ပါ့မယ်၊ ကိုကို ဝယ်လာတာတွေကလည်း အများ ကြီးပဲ"

"အဲဒါတွေ အကုန်ဝတ်၊ အနွေးထည်ဆိုလည်း ဆွယ်တာ လှလှလေး ရှိနော်၊ ဂျာကင်ကြီး ရာကားကားနဲ့ လုပ်မနေ နဲ့ဦး"

"ဂျာကင်ဝတ်လည်း ဒီရှင်မင်းပဲဟာ"

"ဖီလင်အောက်ပါတယ်ဆို"

"ဒါဆို မချစ်နဲ့ပေါ့"

*"မချစ်ပဲများနေနိုင်ရင် ဒီလောက် အပင်ပန်းခံပြီး ပိုးမနေဘူး"*

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာ အပင်ပန်းခံပြီး ပိုးလို့လဲ"

"ရင်ထဲမှာ ဘယ်လောက် ခိုက်တယ်ဆိုတာ မယ်မင်းကြီးမ လေးမှ မသိပဲ"

"မသိပေါင် ... ရှင်မင်းတို့က ရည်းစားထားဖူးတာမှ မဟုတ် တာ၊ ကိုကိုကတော့ နောကြေနေမှာပေါ့"

"သဝန်တိုတယ်လား"

"တိုတာပေါ့"

"သဝန်တိုမှ အချစ်စစ်တဲ့"

"ဒေါက်တာနန်းကေသီက သူ့ယောက်ျားနဲ့ ဘယ်လိုကွဲ တာလဲ၊ ပြောပါဦး"

"သူ့ယောက်ျားက သူ ယူဆသလို အားကိုးလောက်တဲ့ သူပဲ၊ တကယ်လည်း အားကိုးရပါတယ်၊ သူ့ကိုလည်းချစ် တယ်၊ ဒါပေမဲ့ နောက်ဆုံးပေါ်ရောဂါ စွဲကပ်လာတော့ ဆရာဝန်ရင့်မကြီး ကိုယ့်ကိုယ်ကိုယ် မကုနိုင်တော့ဘူး"

"နောက်ဆုံးပေါ် ရောဂါဆိုတာ ဘာလဲ ကိုကို"

"အဲဒီ ဒေါက်တာကျော်ဇောထွန်းက နိုင်ငံခြားကို ဘွဲ့သွား ယူရတယ်ကွ၊ ကေသီနဲ့ လက်ထပ်တော့ ပြန်ရောက်ကာစ လေး၊ အဲဒီလူကလည်း လူတစ်မျိုး"

"ဘယ်လို တစ်မျိုးတာလဲ"

"ဟိုနိုင်ငံမှာ ဘယ်လောက် ပျော်ခဲ့တယ် မသိဘူး၊ မြန်မာ ပြည်မှာ မပျော်နိုင်တော့လောက်အောင်ကို ရောဂါသည်း တာ"

"ဒါဖြင့် ဘာလို့ ပြန်လာသေးလဲ"



"ပြန်တော့ လာရမယ်လေ၊ တိုင်းပြည်ရဲ့စရိတ်နဲ့ သွားတာ"

"ဪ"

"နောက်ပြီး သူ ယူတော့ မြန်မာပြည်က အမျိုးသမီးမှ ယူချင်သတဲ့၊ အဲဒါမှ သဲလဲစင်၊ ဟိုနိုင်ငံမှာ ဘယ်လောက် အသေးစိတ် ပျော်ခဲ့တယ် မသိဘူး၊ အဲဒီနိုင်ငံမှာ နေချင် ပေမဲ့ အဲဒီနိုင်ငံက မိန်းမတော့ လုံးဝမယူချင်ဘူး"

"အင်း ... ကိုယ့်ကိုယ်ကိုယ် ထိန်းတဲ့နေရာမှာတော့ မြန်မာ ပြည်က မိန်းမသားတွေကို ဘယ်နိုင်ငံ မီမလဲနော်"

"ပြန်ရောက်ပြီး မိန်းမရပြီးကတည်းက ပြန်သွားချင်တော့ တာလေ၊ အဲဒါပေါ့ နောက်ဆုံးပေါ်ရောဂါဆိုတာ"

"ဒါနဲ့ သွားရောလား"

"သွားတာပဲ၊ ကေသီကို ခေါ်တော့ ကေသီက မလိုက်ဘူး၊ ကျန်ခဲ့တယ်"

"ဘာဖြစ်လို့လဲ"

"ကေသီက ပြတ်တယ်၊ ဆုံးဖြတ်ချက် တစ်ခုကို ပိုင်ပိုင် နိုင်နိုင် ချနိုင်တယ်"

"ဪ ... သိပ်တော်တာပေါ့"

"အကောင်းပြောတာ၊ သူ ယောက်ျားရမှ ချစ်မယ်လို့ ဆုံးဖြတ်ခဲ့တဲ့အတိုင်း သူ့ယောက်ျားကို သူ သိပ်ချစ်ပါတယ် တဲ့၊ သူ သွားလိုက်ရင် သူ့ကို ကောင်းကောင်းမွန်မွန်ထားမယ်၊ ဟိုမှ လူနေမှုအဆင့်အတန်း မြင့်မယ်ဆိုတာလည်း သိတယ်၊ ဒါပေမဲ့ မြန်မာပြည်ကတော့ တစ်ဖဝါးမ မခွာ နိုင်ဘူးတဲ့"

www.burmeseclassic.com



"တိုင်းပြည်ချစ်စိတ် ရှိသားပဲ"

"အဲဒီနိုင်ငံမှာ တစ်နေ့ကို စိန်တစ်လုံး ရမယ်ဆိုရင်တောင် မလိုက်ဘူးတဲ့၊ သူက မြန်မာပြည်သူတဲ့"

"မဆိုးပါဘူး"

"ကေသီသာ လိုက်ရင် ကေသီ့မိဘတွေကပါ လိုက်ကြမှာ"

"ဪ ... မိဘတွေ ရှိသေးတယ်လား"

"ရှိတယ် ... မိဘကျန်ခဲ့မှာဆိုတဲ့ ပြဿနာလည်းမဟုတ်ဘူး၊ ကိုယ့်တိုင်းပြည်မှာပဲ ကိုယ်နေမယ်တဲ့၊ ကိုယ်တတ်ထားတဲ့ ပညာနဲ့ ကိုယ့်လူမျိုးတွေကိုပဲ ဆေးကုမယ်တဲ့"

"သူက မလိုက်ချင်လို့သာနော်၊ သူ လိုက်သွားရင် သူ့အတွေးအခေါ်တွေကလည်း ခေတ်မီပါဘိသနဲ့၊ ဟိုမှာအံဝင်ခွင်ကျ ဖြစ်မှာ"

"ကချင်၊ ကရင်၊ ကယား၊ မွန်၊ မြန်မာ၊ ရှမ်း၊ ရခိုင်ဆိုတဲ့ ပြည်ထောင်စုသား တိုင်းရင်းသားတွေအပေါ်မှာ ချစ်တဲ့အချစ်ကို သူ့ယောကျ်ားအပေါ် ချစ်တဲ့အချစ်နဲ့ မလဲနိုင်ဘူးတဲ့လေ"

"ဒီလိုဆိုလည်း ဟိုဆရာဝန်ကပါ မသွားပဲ နေပါတော့လား"

"ဟိုကလည်း ဟိုနိုင်ငံမှာ နေချင်စိတ်နဲ့ မိန်းမကိုချစ်တဲ့စိတ် မလဲနိုင်ဘူး ထင်ပါရဲ့"

"အဲဒီလူရဲ့ မိဘတွေရော"

"တောင်ကြီးမှာ"

"ဒါနဲ့များ ဘာလို့ သွားချင်ရတယ် မသိ"

"သူ့စိတ်ကူးနဲ့ သူပေါ့လေ၊ ဟိုမှာ ပျော်လို့နေမှာပေါ့"



"သူတို့ တရားဝင် ကွာရှင်းသွားသလား"

"အင်း ... ကေသီ့ကို သိပ်ချစ်လို့ ညာတာစွာ ကွာရှင်းပေးခဲ့ပါတယ်တဲ့"

"နောက်အိမ်ထောင် ပြုချင်ပြုဖို့ပေါ့နော်"

"ဒါပေါ့ ... ဒီအကြောင်းတွေကို ဒေါက်တာကျော်ဇောထွန်း မသွားခင်ကတည်းက ကေသီက ကိုကို့ကို လာပြောပြတယ်၊ အဲဒီတုန်းက ကေသီ တအားငိုတာပဲ၊ သူ့ယောကျ်ားကို လေဆိပ်လိုက်ပို့တော့ မျက်ရည်တစ်စက် မကျတော့ဘူး"

"ရန်ကုန်ထိ လိုက်ပို့သလား"

"ဟင့်အင်း ... ဟဲဟိုးတင်ပဲ"

"ကိုကိုရော ပါလား"

"ပါတယ်"

"ဪ ... ဪ ..."

"ဟောကြည့် ... ကောင်မလေး သဝန်တိုပြန်ပြီ"

"ဒေါက်တာနန်းကေသီက ဒီအိမ်ကို အမြဲဝင်ထွက်နေတာပဲလား"

"အပျိုတုန်းကတော့ မေမေကြီးက ကြည်မရလို့ မလာဘူး၊ အိမ်ထောင်ကျပြီးတော့ လာပါတယ်၊ မေမေကြီးကလည်း ဘာမှမပြောတော့ဘူး၊ သူ့ယောကျ်ား သွားပြီးကတည်းက တစ်ခေါက်မှ မလာတော့ပါဘူး၊ ဆင်ခြင်ရမယ်တဲ့"

"ဒါတောင် ခြံထဲထိ ရောက်သွားတယ်နော်"

"အဲဒါ ခြံထဲက အလုပ်သမားတွေဆီ လာတာပါ၊ ခြံထဲတော့ တစ်လတစ်ခေါက် ကျန်းမာရေးအတွက် လာကြည့်

www.burmeseclassic.com



ပေးတယ်၊ ကိုကို ဖျားနေတာနဲ့ကြုံလို့ တင်ခေါ်လာတော့ ဒီအိမ်ကို ပထမဆုံး ရောက်တာပဲ"

"ဒါပေါ့လေ၊ ခြံထဲဆိုတော့ ပိုလွတ်လပ်တာပေါ့"

"ဟော့ ... ဘယ့်နှယ်၊ သဝန်ချည်း တိုနေရတာလဲ"

"တိုတဲ့လူ အပြစ်လား၊ တိုစရာလုပ်တဲ့လူ အပြစ်လား"

"ကိုကို့ကို မေမေကြီးက ရှင်မင်းနဲ့ ယူရမယ်လို့ မှာထားခဲ့တာ သူ သိပါတယ်ကွ"

"ဒါပေမဲ့ သူသိတဲ့ ရှင်မင်းက ဖြူဖြူနွဲ့နွဲ့လေး၊ အိမ်ထောင်သည် ကိုယ်ဝန်ကြီးနဲ့"

"ကိုကို ပြောပြီးပါပြီ"

"ဘယ်တုန်းကများ အချိန်ရပြီး ပြောလိုက်ပါလိမ့်"

"ရှင်မင်းတို့ရောက်တာ နှစ်လပဲကျော်ပြီတာ၊ ကိုကိုမဖျားခင် ပထမအခေါက် ခြံထဲလာတုန်းကတည်းက ကိုကို ပြောတာ"

"ဒါနဲ့များတောင် မသိသလို လုပ်နေတယ်"

"ရှင်မင်းက ညာထားတော့လည်း ယဉ်ကျေးမှုအရ မသိဟန်ဆောင်တာ နေမှာပေါ့"

"ဩော် ... ဩော် ... တော်တယ်နော်"

"ဒီကောင်မလေး နာကစ်နေတယ်ဟော့"

"စကားလွှဲမပစ်နဲ့နော်"

"ကိုကို့ကို မယုံဘူးလား"

"မယုံဘူး"

"ဒါဖြင့် ခုချက်ချင်း လက်ထပ်မယ် ... [illegible]"

"ဟင့်အင်း ... ထဘီဝတ် ကျင့်ရဦးမယ်"

"မှုတင်း ပဲတင်းတွေ သိပ်လုပ်မနေနဲ့၊ အချိန်ဆွဲရင် ဒီကကောင် စိတ်သိပ်မရှည်ဘူး"

"ဒီလိုဆိုလည်း ဟိုမှာ လွတ်လပ်နေတာ ယူချည်"

"မယူနိုင်ပါဘူး၊ ဒီကောင်မလေးကို ယူမလို့၊ လက်ထပ်ကြစို့ကွာ၊ ထဘီဝတ်ကျင့်ရင်လည်း ကျင့်ပါတော့လား၊ မနက်ဖြန်ကစပြီး"

"ရှက်သေးတယ်"

"လုပ်ပြန်ပြီ"

"ကိုကိုရာ ... ရှင်မင်း အဲသက်နှစ်ဆယ်ပြည့်အောင် နေချင်သေးတယ်"

"ဘာကိစ္စ"

"ဖြူဖြူနွဲ့နွဲ့ မေးဖွားပြီးတဲ့အထိလည်း စောင့်ချင်သေးတယ်"

"ဘာဆိုင်လို့လဲ"

"ယောကျ်ားတစ်ယောက်ကို မချစ်ဖူးပဲ ချစ်မိတော့ လက်ထပ်ရမှာ ဝန်လေးသလိုပဲ"

"ဟော့ ... အဲဒီလို ညာတာပါတော့ လုပ်မလာနဲ့၊ ထဘီလည်း ဝတ်တတ်ရော နောက်ထပ်ရည်းစားတစ်ယောက် တွေ့သွားရင် ဘယ့်နှယ်လုပ်မလဲ"

"မေမေဆိုလည်း ဆုံးဖြတ်ချက် စောသွားတော့ အိမ်ထောင်ရေးမှာ သိပ်အဆင်မပြေဘူးလေ၊ အကြောင်းကြောင်းတွေပေါ့ ကိုကိုရယ်၊ ရှင်မင်းက အသက်နှစ်ဆယ်ပြည့်အောင် နေချင်တယ်"

www.burmeseclassic.com



"ကိုကို့ကို မယုံဘူးလား"

"ကိုကို့ကို ယုံပါတယ်၊ ကံကို မယုံတာ၊ ရှင်မင်း ဘဝမှာ ပဲကြည့်၊ မမျှော်လင့်တဲ့ အပြောင်းအလဲတွေ ဘယ်လောက် ဖြစ်ခဲ့သလဲ၊ ကံဆိုတာ ကြိုမမြင်နိုင်ဘူး ကိုကိုရဲ့"

"ဒါ သက်သက်သွေးကြောင်တာ"

"မဟုတ်ပါဘူး"

"ရှင်မင်းနော် ... အချိန်ဆွဲဖို့ မလိုပဲ ဆွဲနေရင် ကိုကိုက စောင့်မှာမဟုတ်ဘူး"

"မစောင့်လို့ ရမလား၊ မေမေကြီးရေးခဲ့တဲ့ စာထဲမှာ ဘာ ပါသလဲ"

"ကြည့်စမ်း ... အဲဒီစာတစ်စောင် ဖွက်ထားတာ ဘယ်က တွေ့တာလဲ"

"ဦးစိုင်းလုံက မီးခံသေတ္တာသော့ အပ်ပြီလေ၊ မီးခံသေတ္တာ ထဲက တွေ့တာပေါ့"

ဒေါ်မြလေးနွယ်က ကိုနောင်နှင့် မြေးမလေးသို့ဟူ၍ ခေါင်းစဉ်တပ်ကာ စာတစ်စောင် သပ်သပ်ရေးထားခဲ့ပါသည်။ စာထဲတွင် ရှင်မင်းထွန်း အသက်နှစ်ဆယ် ပြည့်သည့်အခါ အသိ ဉာဏ် အတွေးအခေါ်လည်း အစစပြည့်စုံပြီမို့ မေမေကြီး စီမံသမျှ ကို နားလည်စွာ လက်ခံနိုင်လိမ့်မည်ဟု ယူဆကြောင်း၊ ရှင်မင်းထွန်း အသက်နှစ်ဆယ် မပြည့်သေးလျှင် ဆုံးဖြတ်ချက် မခိုင်မြဲမှာစိုးရိမ် ကြောင်း၊ တစ်ဦးနှင့်တစ်ဦး တစ်နှစ်ကျော်ကျော် အချိန်ယူလေ့လာ ကာ စိတ်ချင်းသဘောချင်း မတိုက်ဆိုင်သည့် အချက်များရှိလျှင် လည်း ညှိယူစေချင်ကြောင်းများ။



"ရှင်မင်းကို သိပ်ချစ်လို့ အမြန်ဆုံး လက်ထပ်ချင်တာနဲ့ အဲဒီစာကို ဖွက်ထားတာ"

"ကိုကိုလည်း မေမေကြီးစကားကို နားထောင်ချင်မှာပဲ၊ ရှင်မင်းလည်း မမြင်ဘူးလိုက်တဲ့ ကိုယ့်အဘွားရဲ့ ကျေးဇူးကို ဆပ်တဲ့အနေနဲ့ အသက်နှစ်ဆယ်ပြည့်အောင် နေလိုက်ချင် တယ်၊ စောစောက ပြောခဲ့တဲ့ အကြောင်းတွေလည်း ပါတာ ပေါ့လေ"

"ဟူး ... မေမေကြီးတို့များကွာ ဗိုက်ဆာနေတဲ့သူ ရှေ့မှာ ဒံပေါက်ထုပ်ကြီး ပစ်ချပေးပြီးမှ နောက်တစ်နေ့မှစား ဆိုတာမျိုး ကျနေပြီ"

"ရှင်မင်းက ဒံပေါက်ထမင်းလို နောက်တစ်နှစ်ကြာရင် သိုးမဲ့ဝစ္စည်းမှ မဟုတ်တာ"

"ဗိုက်ဆာတယ်ကွ"

"ရေသောက်ထား"

"မောကျော ... တကယ့်မောကျောပဲ၊ ဒီတစ်ချက်တော့ နားမထောင်ကြစို့နဲ့ကွာ နော်"

"မလောပါနဲ့ ကိုကိုရယ်၊ ရှင်မင်းလည်း တကယ်နေချင် သေးလို့ပါ။ ခုလည်း ဘာထူးလဲ၊ ကိုကိုနဲ့ တစ်အိုးတည်း တစ်အိမ်တည်းဟာ"

"ဒါပေမဲ့"

"ဟင့်အင်း ... ရှင်မင်းကို ကိုကို တကယ်ချစ်ရင်စောင့်ရ မယ်"

"သွားပြီ... ရဲသွားနောင် ရေရေလည်လည်သွားပြီ အမေရေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ကိုနောင် ဘာဖြစ်လို့လဲ"

မေးခွန်းနှင့်အတူ ဝင်လာသူက ရဲသွေးနောင် မိခင်ရင်းနှင့် ညီမများ။

"ဟာ ... မေမေ ဘယ်တုန်းက ရောက်လဲ"

"ခုပဲ၊ မင်းညီမတွေက မမရှင်မင်းဆီ လာလည်ချင်ကြလို့တဲ့"

လက်စသတ်တော့ ခြံထဲမှာ ရှင်မင်းထွန်းနှား ဝိုင်းနေကြသည့် အုပ်စုထဲမှ မိန်းကလေးနှစ်ယောက်ပါလား။

"ဒါ ကိုကို့ ညီမလေးတွေလား"

"အင်း"

"မင်း စောစောက အမေ့ကို ဘာဖြစ်လို့ အော်ခေါ်တာလဲ"

"ဟာဗျာ"

ရဲသွေးနောင် မျက်နှာကြီး ရဲရာက်သွားသည်။ ရှင်မင်းထွန်းက တခစ်ခစ်ရယ်၏။

"မေးနေတာ ပြောလေ"

"ရှင်မင်း အသက်နှစ်ဆယ်ပြည့်ပြီးမှ လက်ထပ်မယ် ပြောလို့ပါ"

ရှင်မင်းထွန်းက စစ်ကူတောင်းသည့်အနေနှင့် ပြောပြ၏။

"ဘာလဲ ... မင်းက မနေနိုင်ဘူးလား"

"ဟာဗျာ ... မေမေကလည်း"

ညီမတွေရှေ့ဆိုတော့ ထပ်ရှက်ရပြန်သည်။



"မေမေကလည်း လုပ်မနေနဲ့၊ မေမေကြီးက ဒီအတိုင်းမှာခဲ့တာ၊ မနေလို့ ဖြစ်မလား၊ မစောင့်နိုင်ရင် လဲသေ"

ညီမတွေကပါ ဝိုင်းရယ်သောကြောင့် ရဲသွေးနောင် ထပြေးတော့သည်။

"သမီးကိုကိုက အဖြစ်သည်းပုံကလေ၊ ရန်ကုန်က ပြန်လာကတည်းက တစ်အိမ်လုံးမှာ မြေဖြူခဲတွေနဲ့ လျှောက်ရေးတာ နေရာအနှံ့ပဲ၊ ရှင်မင်းထွန်း ... ရှင်မင်းထွန်းနဲ့"

ရှင်မင်းထွန်း ခေါင်းငုံ့ကျသွားရသည်။ ရှက်ရမဲ့ ကြည်နူးမိပါ၏။

"ရှင်မင်းထွန်းက ကိုယ်ဝန်ကြီးနဲ့လာပြီး ခိုလှုံပါရစေဆိုတဲ့ စာရတဲ့နေ့ကများ၊ ဒေါပွလိုက်တာ၊ ရုပ်ပျက်ဆင်းပျက်၊ ကုန်းမြင့်ပေါ် ပြေးတက်ပြီး ထင်းရှူးပင်ကြီးကို လက်သီးနဲ့ချည်း ဗွပ်ဗွပ်ထိုးလို့ လက်တွေဆိုတာ ယောင်ကိုင်းပေါက်ပြဲကုန်ရော၊ အိုက်ခမ်းတို့ ဝိုင်းဆွဲလို့ပေါ့"

"နန်းအိတို့လည်း နေစရာ မရှိဘူးတဲ့၊ တစ်အိမ်လုံးကို ဝုန်းဒိုင်းကြဲနေတာ၊ ရှင်မင်းထွန်း ယောကျ်ား ပါလာရင် ဆီးသတ်မလို့တဲ့လေ"

ရဲသွေးနောင် ညီမတစ်ယောက်က ဝင်ပြောပြီး ရယ်နေသည်။

"မမရှင်မင်းကို တွေ့လိုက်ရမှ သူငယ်ချင်းကို ကူညီချင်လို့ ညာတာနေမှာပဲဆိုတာ သဘောပေါက်သွားသတဲ့"

"သူကတော့ ခပ်သည်းသည်းထဲကပဲ သမီးရေ၊ ကိုယ့်ကျေးဇူးရှင်ကြီးရဲ့ မှာစကားကိုတော့ သေပြီးတဲ့နောက်ပိုင်းမှာ

www.burmeseclassic.com



လည်း နားထောင်ရမှာပေါ့။ သူ မရှိတော့တာနဲ့ သူ့စကားကို နားမထောင်ရင် ဘယ်ဖြစ်မလဲ"

"ဟုတ်ပါတယ်၊ ရှင်မင်းလည်း ဒီလိုပဲ တွေးမိလို့ပါ"

ရဲသွေးနောင် မိခင်ကြီး ကျေးဇူးသိတတ်ပုံ၊ သစ္စာရှိစွာ နာယူတတ်ပုံများကို ရှင်မင်းထွန်း ရင်ထဲမှ ချီးကျူးမိလေသည်။

"ကဲ ... ညီမတွေနဲ့ စကားပြောဦး၊ ရောက်တဲ့အခိုက် ရှင်မင်း စားဖို့ ရှမ်းစာတွေ ဝင်ချက်လိုက်ဦးမယ်"

"အို ... နေပါစေ၊ ကိစ္စမရှိပါဘူး"

"ရတယ်၊ သမီးညီမတွေနဲ့ စကားပြော"

ပြောပြောဆိုဆို ထသွားသည်။

"လာ ... ညီမလေးတို့ အပေါ်မှာ ဖြူနွဲ့ တစ်ယောက်တည်း ဖြစ်နေတာ ကြာပြီ။ သူနဲ့ပါ ဝိုင်းဖွဲ့ပြီး စကားပြောကြရအောင်"

အပေါ်ထပ်သို့ရောက်တော့ အခန်းထဲမှာ ဖြူနွဲ့ အိပ်ပျော်နေသည်။ ပါးပြင်ပေါ်မှာ မျက်ရည်စလေး တစ်စက်နှစ်စက် စွန်းထင်နေ၏။

"အင်း ... ဖြူနွဲ့ရယ်၊ နင့်ကို တွေ့ပြန်တော့လည်း ငါ ယောက်ျားယူချင်စိတ် မရှိပြန်ဘူး"

သက်ပြင်းမောကို ချမိ၏။ ရဲသွေးနောင့် ညီမများက မမရှင်မင်း မိန်းမအင်္ကျီဝတ်ပြပါ ဟူ၍ အလိုက်ကန်းဆိုးမသိ ပူဆာသောကြောင့် ရှင်မင်းထွန်း အားနာနာနှင့် ဝတ်ပြရသည်။ ဖြူနွဲ့ အိပ်ရာမှ နိုးလာသည့်အခါ ဘယ်ကအမျိုးသမီးပါလိမ့်ဟု၍ မှတ်ပင်မမှတ်မိ။



"လှလိုက်တာ ရှင်မင်းရယ်၊ ငါ ရုတ်တရက်တောင် မမှတ်မိဘူး"

ရှင်မင်းထွန်း ရှက်ကိုးရှက်ကန်းနှင့် ခေါင်းငုံ့နေသည်။ မတော်ရသေးသည့် ယောက်မလေးများမို့သာ အလိုလိုက်ရသည်။ ရှက်စိတ်မွှန်လှသည်မို့ ထိုင်၍ပင် ငိုချင်မိတော့သည်။

"ကဲ ... တော်ပြီနော်၊ ရှင်မင်း အခန်းမှာပြန်ပြီး အဝတ် လဲတော့မယ်"

သူ့အခန်းမှာ မိန်းမအင်္ကျီများ သွားလဲစဉ်က ရဲသွေးနောင်ညီမများကို ဖြူနွဲ့ အခန်းမှာ ထားခဲ့သည်။ ဖြူနွဲ့ အခန်းမှာပင် လာပြ၏။ ယခု သူ့အခန်းသို့ သူပြန်တော့ ...

"ဟော ... ငါ့အဝတ်အစားတွေလည်း မရှိတော့ပါလား"

သွားရှာပြီ။ စုစုပေါင်းမှ ရှပ်အင်္ကျီနှင့် ဘောင်းဘီလေး ငါးစုံလောက်။ ဂျာကင်က တစ်ထည်၊ တစ်ခုမှ မရှိတော့ပါ။ ဗီရို ဟောင်းလောင်း ပွင့်နေသည်။ အခန်းတိုင်းမှာ ဗီရိုရှိတော့ ရှင်မင်းထွန်း အဝတ်အစားများကို ဗီရိုထဲမှာပင် ထည့်ထားသည်။

ဗီရိုကကြီး၊ အဝတ်ကနည်းမို့ ချောင်ချောင်ချိချိကြီး။ အထားများ မှားလေသလားဟူ၍ ရှာဖွေနေစရာမလို။

"ဘယ်လိုဖြစ်တာပါလိမ့်"

ဖြူနွဲ့ကို လာမေးရန် အခန်းမှပြန်အထွက် ...

"ဟော ... ကိုကို၊ ရှင်မင်း ... ရှင်မင်း အဝတ်အစားတွေ ပျောက်နေလို့"

"သူမိုး ယူသွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်မှာ သူခိုးရှိလို့လား"

"ရှိတယ်၊ သူခိုးနာမည်က ရဲသွေးနောင်တဲ့"

"ဟင် ... ကြည့်စမ်း၊ ပြန်ပေး ... ပြန်ပေးပါ ကိုကိုရဲ့"

"အောက်က မီးလင်းဖိုထဲ အကုန်ထည့် မီးရှို့ပစ်လိုက်ပြီ၊ ရှင်မင်းတို့ အပေါ်တက်လာကတည်းက ကိုကိုလည်း နောက်က ကုပ်ချောင်း ကုပ်ချောင်း ပါလာတာ၊ ရှင်မင်း အဝတ်လဲပြီး ထွက်လာတာမြင်တော့ ဝင်ခိုးတာပေါ့"

"ဒုက္ခပါပဲ၊ ရှင်မင်း ဘာသွားဝတ်ရမှာလဲ"

"ခုဝတ်တာတွေပဲ ဝတ်ပေါ့၊ ရှင်မင်းက ကိုကို ဝယ်ပေးထားတဲ့ မိန်းမအဝတ်အစားတွေကို ဗီရိုထဲတောင် မထည့်သေးဘူး၊ သားရေအိတ်ကြီးနဲ့ ဒီတိုင်း၊ အဲဒါတွေ ဗီရိုထဲ ပြောင်းထည့်လိုက်တော့နော်"

"ခက်တော့တာပဲ ကိုကိုရာ၊ ရှင်မင်း မနေတတ်ဘူး"

"မနေတတ်ရင် လာခဲ့၊ ကိုကို့နားမှာ လာကပ်နေလိုက်၊ နေတတ်သွားလိမ့်မယ်"

"အို ... ဟိုဘက်ခန်းမှာ ညီမလေးတွေနဲ့"

"အဲဒီကောင်မလေးတွေကို ရှုပ်တယ်"

ရဲသွေးနောင် မျက်နှာကြီး ရှုပုပ်ပြသည်။ ပြီးတော့ အားရပါးရ ပြုံးကာ ...

"သိပ်လှတာပဲ ရှင်မင်းရယ်"

"ဟာ ... သွား ... သွား ... ရှင်မင်း ရှက်တယ်"

ရှင်မင်းထွန်း အတင်းတွန်းလွှတ်တော့သည်။



"မျက်နှာက အလိမ်းအခြယ်မရှိ ပြောင်သလင်းကြီး ထားတာ ဒီလောက်လှပေမဲ့ ကိုကို့ရှင်မင်းကို သနပ်ခါး ပါးကွက်ကြားလေးနဲ့ မြင်ချင်သေးတယ်"

"သွားပါတော့ဆို"

"သွားမယ်၊ ကိုကို မေမေ့ဆီပြေးပြီး ကျောက်ပြင်နဲ့ သနပ်ခါး ရှာခိုင်းဦးမယ်၊ မိတ်ကပ်တို့ နှုတ်ခမ်းနီတို့တော့ တောင်ကြီးသွားဝယ်မှ ဖြစ်မယ်"

"တော်ပါပြီ ... သွားပါတော့ ကိုကိုလူဆိုးရဲ့"

လှေကားထိပ်ထိ တွန်းလွှတ်တော့မှ ဆင်းသွားသည်။ ဖြူနွဲ့၏ အခန်းသို့ ပြန်ဝင်ကာ အဝတ်အစားတွေ မရှိတော့ကြောင်း ပြောပြတော့ ဝိုင်းရယ်ကြပါလေတော့သည်။

"ခတ်ပုံရိုက်ပြီး ဂျက်စမင့်ဆီ ပို့ရအောင်"

"မရိုက်ဘူး၊ နင် စာထဲလည်း ထည့်မရေးနဲ့နော်၊ နင်ရေးရင် ငါတစ်ယောက်တည်း ရန်ကုန်ပြန်ပြေးမှာ"

"အေးပါဟယ်၊ နင့်တော့ ကြောက်ပါတယ်"

တကယ်ရေးလျှင် တကယ် ပြန်ပြေးချင် ပြေးမှာမို့ ဖြူနွဲ့ မရေးရဲရှာပါ။

ရဲသွေးနောင် ညီမများက ပြန်ကာနီးမှာ ...

"အဲဒါ အစ်ကိုနောင်က အဲဒီလို ဝတ်ခိုင်း၊ ငါလစ်ရင် လစ်သလို လာခိုးပြီး ဒီအဝတ်တွေ မီးရှို့ပစ်မယ်ဆိုလို့ လုပ်ရတာ"

ဟူ၍ ဖော်ကောင်လုပ်သွားသောကြောင့် ညီမသည်များ ပြန်သွားပြီးနောက် ရှင်မင်းထွန်း ကိုကို့ကို လာဗုန်းဗုန်းထုပါလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဉာဏ်များဦး၊ အဲဒါ ဉာဏ်များပြီး သူများကို စိတ်ညစ်အောင်လုပ်ဦး"

"ကြောက်ပါပြီဗျာ... အမယ်လေး၊ မယူရသေးဘူး အရိုက်ခံနေရပြီ၊ ရဲသွေးနောင် ကံဆိုးလှချည်ရဲ့ အမေရေ"

အော်ငိုနေပြန်သည်မို့ ရှင်မင်းထွန်း တခစ်ခစ် ရယ်ကာ အရှက်တွေ ပြေကုန်ရပါတော့သည်။

"သိပ်ချစ်တာပဲ ရှင်မင်းရယ်"

"ယုံပစ်လိုက်ပြီ ကိုကိုရေ"

* * *



ရင်မောစိုတဲ့ အဖြစ်ကလေးတွေ

အချစ်အကြောင်း ဆိုတာတွေရယ်...

စာစာတုန်းက မေ နားမလည်...

ချစ်တယ် ကြိုက်တယ် ဆိုတာတွေရယ်...

စာစာတုန်းက မေနားမလည်...

သူ့ကိုတွေ့လာမှကွယ်...

မောင်ကိုတွေ့လာမှကွယ်...

ချစ်စိတ်တွေရယ်... တားဆီးမရတော့တယ်...

ရှင်မင်းထွန်း သီချင်းကလေး တအေးအေးနှင့် မှန်ရှေ့မှာ ထိုင်နေသည်။ ခုတော့ မှန်တင်ခုံက အသုံးဝင်နေသည်။ စင်စစ် အသုံးဝင်ခဲ့သည်မှာ ကြာပါပြီ။ မိန်းမအဝတ်အစားပြန်ဝတ်ကတည်းက မှန်တင်ခုံပေါ်တွင် အလှပြင်ပစ္စည်းမျိုးစုံတင်ကာ သုံးစွဲဖြစ်တော့သည်။

ရဲသွေးနောင် မိခင်နှင့် ဦးစိုင်းလုံထူးတို့က ရှင်မင်းထွန်း အသက်နှစ်ဆယ် ပြည့်သည့်အထိ စောင့်ရန် ပြောကြသောကြောင့် ရဲသွေးနောင် မကြည်မသာနှင့် အလျှော့ပေးရသည်။

www.burmeseclassic.com



ဒီပါချမ်းမြစ်အိမ်သို့ ရဲသွေးနောင်၏မိခင်က လာနေပေးကာ ရဲသွေးနောင်က ခြံထဲမှ အိမ်မှာပင် နေသည်။

ခါတိုင်း အလုပ်လုပ်ခဲ့သလို ပုံမှန်ပြန်ဖြစ်သွားတော့သည်။ ရဲသွေးနောင်က တစ်ပတ်မှ တစ်ခါလာ၏။ ဖြူနွဲ့ကို အိမ်မှာပင် ဆရာဝန်ခေါ်၍ မွေးဖွားစေခဲ့သည်။ ဖြူနွဲ့ မိခင်ထံလည်း အကြောင်းမကြား၍ မဖြစ်တော့သောကြောင့် လှမ်း၍ အကြောင်းကြားရပါသည်။

ရောက်စကတော့ ဖြူနွဲ့ မိခင်က တင်းတင်းခံ၏။ မြေးဦး သားယောကျ်ားလေး မျက်နှာကို မြင်ရတော့လည်း အငိုစဲသွားရသည်။ ယခုဆိုလျှင် ဒီပါချမ်းမြစ်အိမ်မှာ လူကြီးသူမနှင့် ကလေးငိုသံနှင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်နေလေတော့၏။

"ရှင်မင်း"

"ဟော ... ဖြူနွဲ့၊ သား အိပ်နေသလား"

"အေး"

ဖြူနွဲ့သည် ကောင်းမွန်စွာ အနားယူလိုက်ရသောကြောင့် ပြည့်ပြည့်ဖြိုးဖြိုး ဖြစ်နေပါသည်။

"နင်ကလည်း သားသည်အမေ ဖြစ်လာမှ ပိုလှလာပါလားဟ၊ တစ်သားမွေး တစ်သွေးလှ"

ဖြူနွဲ့ နာကျင်စွာ ပြုံးရသည်။ သည့်အလှအပတွေ တိုးလာတော့ကော ဘာလုပ်မလဲ။ ခုတော့ဖြင့် မစိုပြည် ... အပျိုရည်ပျက်ယွင်းခဲ့လေပြီ။ ပန်ဆင်သည့်သူက အစာဝပြီမို့ ဌာနပြန်ခဲ့ပြီ မဟုတ်လား။

"နင် စာစဉ်တွေ ဖြေပြီးပြီလား"



"အေး ... ပြီးသွားပြီ"

အစကတော့ ရှင်မင်းထွန်း ကျောင်းပြန်တက်ဖို့ပါပဲ။ ရဲသွေးနောင်က မလွှတ်နိုင်။ စိတ်မချဟု အကြောင်းအကန်ငြင်း၏။ အဖြစ်ကတော့ ခပ်သည်းသည်းပါပဲ။ ဦးစိုင်းလုံထူး၏ အကြံပေးချက်ဖြင့် ရှင်မင်းထွန်း မြန်မာစာအဓိကနှင့် စာပေးစာယူ ပထမနှစ်သို့ စာရင်းသွင်းပါ၏။

"ငါလည်း စာပေးစာယူ ပြောင်းမယ်"

ဖြူနွဲ့သည် အလုပ်တစ်ဖက်နှင့် လုပ်သားကောလိပ် တက်ခဲ့သူပါ။ ခုတော့ ... အိုးမကွာ အိမ်မကွာ လက်တွေ့သင်တန်းများလည်း သွားမလုပ်ရသည့် ဝိဇ္ဇာဘာသာတွဲ တစ်ခုခုနှင့်စာပေးစာယူ ပြောင်းရန်သာ စိတ်ကူးမိရှာ၏။

"ကောင်းသားပဲ၊ သားနဲ့လည်း မခွဲရဘူးပေါ့"

"ဘွဲ့တစ်ခုတော့ ရမှဖြစ်မယ်ဟယ်၊ ငါ့မိဘတွေ မစားရက် မသောက်ရက်နဲ့ ချွေတာပြီး ငါ့ကို ရန်ကုန်လွှတ်တာ ငါ မိုက်လုံးကြီးလို့ အလုပ်ကလည်းထွက်ရ၊ ပညာရေးမှာလည်း ခါးကျိုး"

"ပြီးတာတွေ ပြီးပစေတော့လေဟာ၊ ဘာဖြစ်လို့ စိတ်ရှုပ်ခံနေမလဲ"

"ငါ ... ငါ သားနဲ့တော့ ခွဲရဦးမယ်"

"ဟင် ... ဘာဖြစ်လို့လဲ"

"အမေက ငါ ရန်ကုန်မှာ နေမကောင်းလို့ ပြုစုဖို့ပြီး ရွာက ထွက်လာတာ"

"အေးလေ ... ခု နေကောင်းသွားပြီ ပြောရုံပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ငါက အမေနဲ့ ရွာပြန်လိုက်ရမယ်"

"နင်နဲ့သား ငါနဲ့အတူနေခဲ့ပါလား"

"သိပ်နေချင်တာပေါ့၊ အမေက မထားဘူး"

"သားကိုရော ခွဲရမယ်ဆိုတော့ ဒီမှာထားခဲ့မလား၊ ငါမေးမယ်လေ"

"ဟင့်အင်း ... အမေက ငါတို့အမျိုးတွေဆီ ခဏပို့ထားမယ်တဲ့၊ ဒီတော့ ခွဲရမှာပဲ ရှင်မင်းရယ်"

"ဒီမှာထားခဲ့လေ၊ အမျိုးတွေဆီ ပို့မဲ့အတူတူ"

"ပြန်ခေါ်ချင်တော့ ခရီးက သိပ်ဝေးတယ်"

"ဒါလည်း ဟုတ်တာပဲ"

"ငါ နေကောင်းပြီဆိုတဲ့ အနေနဲ့ ရွာပြန်လိုက်သွားရမယ်၊ လေးငါးခြောက်လကြာမှ သားကို တစ်နေရာရာက မွေးစားသလို အမေ ခေါ်မွေးစားမယ်တဲ့"

"ဪ"

"ဒုက္ခရယ်လို့ ဖြစ်လာမှတော့ အရှက်ကွဲ အသက်သာဆုံးနည်းကို ရွေးရမယ်တဲ့"

"နင် ... နင် အဲဒီလို လုပ်ချင်ရဲ့လား **ဖြူနွဲ့**"

"ဟင့်အင်း"

ရှင်မင်းထွန်း ခုတင်ပေါ်တွင် **ထိုင်နေရာမှ ဖြူနွဲ့**လှဲချသည်။ မျက်ရည်များ ကသီကရီ စို့ဝဲ၏။

"မလုပ်ချင်ဘူး၊ ငါ့သားနဲ့ တစ်စက္ကန့်တောင် **မခွဲနိုင်ဘူး၊** ဒါကြောင့် နင့်ဆီမှာပဲ တို့သားအမိ မှီခိုပြီး **နေချင်တယ်**"

"ရတယ်လေဟာ ... နေပေါ့"



"အမေက ရှေ့ရှည်ကြည့်တဲ့"

ဟုတ်တော့ ဟုတ်၏။ ကလေးနောင်ရေးက ရှိသေးသည်လေ။

"နင့်စေတနာကို နားလည်ပါတယ်၊ ကျေးဇူးလည်း အရမ်းတင်တာပဲ၊ အမေက နင့်ကို ကျေးဇူးရှင်အဖြစ် တစ်သက်လုံး ကျေးဇူးသိသွားရမယ်တဲ့"

"မလိုပါဘူးဟာ၊ တို့တတွေဟာ ဆိုးတူကောင်းဖက် သူငယ်ချင်းတွေပဲ"

"သားအမိနှစ်ယောက်ကို တစ်သက်လုံး ကျွေးနိုင်ပေမဲ့ စားတဲ့သူက ဘယ့်နှယ်မျိုးကျမလဲ"

"ကျအောင်မျိုး၊ နင် အားနာရင် နင်လည်း အလုပ်တစ်ခု ဝင်လုပ်နိုင်တာပဲ"

"ငါ့ကို အမေက အဝေးမှာ မထားတော့ဘူးတဲ့၊ ကလေးပညာရေးဘာညာနဲ့ဆိုတော့ အမေပြောတဲ့နည်းကအကောင်းဆုံးပဲလေ၊ ဒါပေမဲ့ သားနဲ့ခွဲနေရတဲ့ ရက်တွေမှာ ငါနေ့တိုင်း ငိုမိမှာ"

"အင်း ... နင့်အမေလည်း နင့်ကို ဒီလိုပဲ ချစ်မှာပေါ့ ဖြူနွဲ့"

"ဟုတ်ပါတယ်၊ မိဘမေတ္တာဆိုတာ ကိုယ်တိုင်မိဘနေရာကို ရောက်မှ သိတယ်"

"နောက် **တူတူပြန်နေရမှာ**ပဲ၊ ခဏခွဲရတာ၊ စိတ်ကိုဖြေပေါ့ဟာ၊ တကယ်တော့ နင့်အမေပြောတဲ့နည်းဟာအကောင်းဆုံးပဲလေ"

www.burmeseclassic.com

www.burmeseclassic.com



"ငါက အေးတီအေးစက် နေတတ်ပေမဲ့ တစ်ခါတစ်ခါ တစ်ဖွတ်ထိုး မိုက်တတ်တော့ ခုဆို အမေ့စကားအတိုင်းပဲ နေတော့မယ်လို့ ရင်ထဲမှာတော့ သားကို ခုထဲက သိပ်လွမ်းနေပြီ"

"နင့်ရွာကနေ စာပေးစာယူဖြေလို့ ဖြစ်မလား"

"မြို့တက်ပြီး မြို့နယ်ပညာရေးမှူးနဲ့ ဆက်ရင်ရပါတယ်"

"အေးလေ ... ပညာရေးဆုံးခန်းတိုင်တော့လည်း ကောင်းတာပေါ့"

"နောင်တစ်ချိန် ဘာဖြစ်လာမယ်မှန်း မသိဘွဲ့တော့ ငါ့သားကို ငါရှာကျွေးနိုင်ဖို့ ဘွဲ့တော့ ရအောင်ယူထားရမယ်"

"ကောင်းပါတယ်"

"အမေက ဒီစနေ ကိုနောင် လာရင် ရထားလက်မှတ် လုပ်ပေးဖို့ ပြောမလို့တဲ့"

"လုပ်မနေနဲ့၊ ဟဲဟိုးကို ကားနဲ့သွား၊ အဲဒီကနေ လေယာဉ်ပျံနဲ့ ရန်ကုန်ဆင်း၊ ရန်ကုန်ကမှ နင်တို့ရွာကို ပြန်ပေါ့"

"ပိုက်ဆံကုန်မယ်"

"ကိုကို စီစဉ်ပေးမှာပေါ့ ဖြူနွဲ့ရယ်"

"ငါ့အတွက် သိပ်ကုန်နေပြီ၊ မီးဖွားစရိတ်တင် နည်းတာမဟုတ်ဘူး၊ အရမ်းအားနာတာပဲ"

"ငါ့ကိုချစ်ရင် အားနာတဲ့စကား မပြောနဲ့"

"အေးပါ"

ရှင်မင်းထွန်းက မုန့်ရှေ့ခုံပုကလေးမှ ထလာကာ ဖြူနွဲ့ဘေး ခုတင်စွန်းမှာ လာထိုင်သည်။



"နင် တအားလှတာပဲ ရှင်မင်းရယ်၊ ကိုနောင် ချစ်မယ့်ဆိုလည်း ချစ်စရာ၊ နင် ကံကောင်းပါတယ်၊ ကိုနောင်က နင့်ကို တအားချစ်ပုံပဲ"

"ထင်ရတာပဲလေ"

"တကယ်ချစ်ရှာမှာပါ၊ ငါ တစ်ခုတော့ ပြောချင်တယ်၊ နင် စိတ်မဆိုးနဲ့နော်"

"ပြောပါဟာ ... ရပါတယ်"

"နင် ... ဒီမှာ တစ်ယောက်တည်း နေခဲ့ရမှာ၊ မိန်းမဖော်ရှိတယ်ဆိုပေမဲ့ ကိုနောင့်အမေနဲ့ အလုပ်သမားတွေ"

"အဲဒီတော့ ဘာဖြစ်လဲ"

"ကိုနောင်က မကောင်းတဲ့စိတ်နဲ့ အနိုင်ယူမဲ့သူတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ယောကျ်ားဆိုတာ သူ့ကိုယ်သူ မထိန်းနိုင်ရင်ခက်မယ်၊ နင်က သူ့မြူးထဲကငါးလို နေရတာ"

"အေးပါ"

"လက်မထပ်ခင် ငါ့လိုအဖြစ်မျိုး မဖြစ်စေရအောင်တော့ ရှောင်ပါ။ သတိထားပါ ရှင်မင်းရယ်၊ ငါ့ဘဝကိုကြည့်"

"ငါ နားလည်ပါတယ်"

"ဖြစ်သွားလည်း လက်ထပ်ရုံပေါ့လို့ လွယ်လွယ်မတွေးနဲ့၊ ကံဆိုတာ ကြိုမမြင်ရနိုင်ဘူး"

"အေးပါ ... ငါ သတိထားပါ့မယ်"

"ဘယ်သူ့ကိုမှ အထင်သေးလို့ ပြောတာ မဟုတ်ဘူးနော်၊ စိတ်မဆိုးနဲ့ဦး"

www.burmeseclassic.com

www.burmeseclassic.com



“မဆိုးပါဘူးဟ၊ အကောင်းပြောတာပဲ”

“ငါ့သဘောသာဆို နောက်လည်း ယူရမဲ့အတူတူ ချစ်လည်း ချစ်နေကြပြီဟာ စောစော လက်ထပ်ရင် ပြဿနာရှင်းတယ်”

“မေမေကြီးဆန္ဒလည်း ပြည့်စေချင်ကြတယ်လေ”

“အချိန်သိပ်မဆွဲစေချင်ဘူး ရှင်မင်းရဲ့၊ ကံကြမ္မာဆိုတာ မြင်ရတာ မဟုတ်ဘူး၊ ငါက ပြန်ကာနီးမို့ နင့်ကိုမှာချင်တာတွေ အကုန်မှာနေရတာ”

“နေပါဦး၊ နင့်စကားတွေက ဆန်းသလိုလိုပဲ၊ နင် တစ်ခုခုကို တွေးထင်ထားတာများ ရှိသလား”

“ရှိတော့ မရှိပါဘူး”

“ဒါဖြင့် ဘာရှိလဲ၊ တစ်ခုခုတော့ တစ်ခုခုပဲ”

“ပူလို့ပါ”

“ဘာကိုလဲ”

“ကိုနောင်က လူပျို၊ ဒေါက်တာနန်းကေသီလည်း လွတ်လပ်နေတယ်ဆိုတော့ သူတို့ ကိုယ်စီကိုယ်င အသိတရားလေးတွေနဲ့ ဆင်ခြင်ကြတယ်လေ”

“အေးလေ”

“ခုံ ... ကိုနောင်နဲ့ နင်နဲ့ လက်ထပ်ကြဖို့ကိစ္စ၊ လူသိနတ်ကြားလည်း ဖြစ်တယ်၊ နင်လည်း ဒီအိမ်မှာ ရှိနေတယ်ဆိုပြီး ဒေါက်တာနန်းကေသီက ပြန်ဝင်ထွက်တယ် မဟုတ်လား”



“ဘာလဲ ... သူတို့နေပုံထိုင်ပုံ မဟုတ်ဘူးလား”

“လက်ပွန်းတတီး နေတတ်တာ သူ့ဗီဇပဲ၊ နောက်ပြီး သူက အင်မတန် ခေတ်ရှေ့ပြေးတဲ့ အတွေးအခေါ်နဲ့။ သူ့အတွေးနဲ့သူတော့ သိပ်မှန်နေတယ်လေ”

“ဘေးလူ အမြင်မတော်ဘူးလား”

“ငါတော့ မျက်စိမနောက်ပါဘူး၊ သူ ရိုးသားတာကို သိနေတာပဲ”

“ဘယ်သူက နောက်သလဲ”

“သဘာဝတရားကြီးက နောက်သွားမှာ စိုးတယ်”

“အမယ်လေးဟဲ့၊ နင်ကလည်း ကြီးကြီးကျယ်ကျယ်”

“သူ ဒီကို ဘယ်အချိန်တွေ လာတတ်သလဲ”

“ဟုတ်တယ်၊ ကိုကိုရှိတဲ့အချိန်ပဲ လာတယ်”

“ကိုနောင်ကို သူ ခင်တာ၊ တော်တော်ခင်တာနော်၊ နင့်အပေါ် ကိုနောင့်ကို ခင်သလောက်မခင်တာ အသိသာကြီး၊ နင့်ကို တွေ့ချင်လှတယ် မရှိဘူး ကိုနောင့်ကိုတော့ တွေ့ချင်တယ်”

“ဒါ တရားပါတယ်၊ ငါ့ကိုတော့ ခုမှသိရတာ၊ သူ ဘယ်သိပ်ခင်မလဲ”

“မှန်တယ်လေ၊ ဒါပေမဲ့ လူလွတ် အပိုနဲ့အမဟာ [illegible]ဝင်တာ အကောင်းဆုံးပဲ ရှင်မင်း၊ သဘာဝချင်း [illegible]ဟာ ခပ်ဝေးဝေးပဲ ကောင်းတယ်၊ သဘာဝတရားကြီးက မျက်စိနောက်လာပြီး ရှုပ်ကုန်နိုင်တယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ ဟုတ်တယ်၊ စကားပြောကြရင် ငါက ရှက်နေသေးတယ်၊ မှမကေသီကဆို ကိုကို့ကို ဆွဲလွဲယမ်းခါနေတာပဲ၊ ဒါပေမဲ့ ငါ နင်တွေးသလို မတွေးခဲ့မိဘူး"

"အကောင်းဆုံးက အဲဒီ ဒေါက်တာနန်းကေသီ ယောကျ်ားရသွားရင် အေးရော"

"သူ့ယောကျ်ားက သူ့လို ခေတ်မီဦးမှကိုး၊ ဒေါက်တာကျော်ဇောထွန်းက အမေရိကန်ပြန်မို့ ကြည့်လို့ရတာနေမှာ၊ တို့မြန်မာ့ပြည်မှာတော့ ကိုယ့်မိန်းမက တခြားယောကျ်ားနဲ့ အနေအထိုင် ရဲတင်းရင် လူသတ်မှုပဲ"

"ဟုတ်တယ် ရှင်မင်း၊ နင် ပြောတာလည်း မှန်တာပဲ"

"သူပြောလေ့ရှိတဲ့ စကားလုံးလေးကတော့ သိပ်လှတယ်၊ သူစိမ်းတွေထဲမှာ နောင့်ကို အချစ်ဆုံးဆိုတာ၊ ငါလည်းနည်းနည်းတော့ မကြိုက်ချင် ဖြစ်မိတယ်။ နေရာတကာလိုက်ပြီး မနာလိုဝန်တိုနေရမှာကို ရှက်လို့"

"ကိုနောင့်ကို ရန်သွားမတွေ့နဲ့ဦး၊ အလကားနေရင်း သဝန်တိုပြနေတာဟာ ကိုယ့်ချစ်သူကို ကိုယ့်ဆီက တွန်းလွှတ်တာနဲ့ အတူတူပဲတဲ့"

"အေးပါ"

"အစစ သတိမပေါ့နဲ့ ရှင်မင်းရယ်၊ ငါရှိရင် ငါမျက်စိပါပိုကြည့်နိုင်သေးတယ်၊ ငါက ပြန်တော့မှာ၊ ပြီးတော့ ... နင်ကလည်း စိတ်တိုဒေါသထွက်တတ်တာကလွဲလို့ သဘောကောင်းတာ၊ တစ်ဖက်သားကို မကောင်းမထင်တတ်တာတွေကြောင့် သတိပေးခဲ့တာ"



"အင်း ... ဒီအတိုင်းဆို၊ ငါပြောခဲ့တဲ့စကား ငါပဲပြန်ဖျက်ပြီး လက်ထပ်ဖို့ လောရမလို၊ မဖြစ်သေးပါဘူး၊ ခုနေသာ ငါ ကြည့်နေနိုင်မှာ အိမ်ထောင်ကျပြီး ဒီလိုပဲ လက်ပွန်းတတီး ဖြစ်နေရင် ငါ ကြည့်နိုင်မှာ မဟုတ်ဘူး"

"မနေတတ်တာလေး တစ်ခုပဲ ခက်နေတာလေ"

"ဟုတ်တယ် ... သူ့ သဘောလည်း သိပ်ကောင်းတယ်၊ ဘွင်းဘွင်းကြီးနဲ့ ပေါင်းလို့လည်း ကောင်းတယ်၊ စိတ်ပုပ်လည်း မရှိဘူး၊ သူ တွေးလိုက်ခေါ်လိုက်ရင်လည်း အမှန်ချည်းပဲ"

"ဒါပေါ့လေ ... လူပဲ၊ လူဆိုတာ စွယ်စုံတော့လည်း ဘယ်ပြည့်ပါ့မလဲ"

"အိမ်ထောင်ဖက် ရွေးတဲ့အခါ၊ သူ့တွေးခေါ်မှုနဲ့ သူ့နည်းကို မိန်းကလေးတွေ တကယ်အတုယူသင့်တယ်၊ သူ့လို အသိဉာဏ်မျိုးချည်းသာဆို ဒုက္ခရောက်တဲ့ မိန်းမတောင် ရှိမှာမဟုတ်ဘူး"

"အကောင်းဆုံး လုပ်ခဲ့တာတောင်၊ ကံအကျိုးပေး မလှတော့ တစ်ခုလပ် ဖြစ်ရသေးတယ်၊ အဲဒါပဲ၊ ကံကို မယုံနိုင်ဘူးဆိုတာ"

"အေးဟယ် ... တကယ်တော့လည်း သူ့ဘဝက သနားစရာ"

"ဟော ... သား နိုးပြီထင်တယ်"

ကလေးပေါက်စ ငိုသံလေး တအုံအုံ ထွက်လာသောကြောင့် ဖြူနွဲ့ အိပ်ရာထက်မှ ကျုံးထသည်။ တစ်ဖက်ခန်းသို့

www.burmeseclassic.com

www.burmeseclassic.com



အပြေးသွား၏။ ရှင်မင်းထွန်းလည်း နောက်မှလိုက်သွားတော့ မြန်လိုက်သည့် မချွေဖြူနွဲ့၊ သူ့သားကို ရင်ခွင်မှာပွေ့၍ နို့တိုက်နေပြီ။

ဩော် ... မိဘမေတ္တာပေပဲ၊ ခြေတစ်လှမ်းနှင့် တစ်လှမ်းကို စဉ်းစားပြီးမှ လှမ်းတတ်သည့် ဖြူနွဲ့၊ ခုတော့လည်း လွှားခနဲ၊ ဝုန်းခနဲ။

"ကိုဟန်မော်ဆီ နင် စာမရေးဘူးလား"

ဘာကြောင့်မှန်းမသိ လွှတ်ခနဲ မေးလိုက်မိ၏။ သူ့အဖေ သူ့အမေနှင့် သူ့သား၊ စုဝေးမြိုင်ဆိုင်စွာ တွေ့ချင်သည်လေ၊ ဖြူနွဲ့ ဆတ်ခနဲ မော့ကြည့်၏။

"မိန်းမသားတွေ မယားငယ် ဖြစ်ရတော့၊ အစစအခွင့်အရေး ဆုံးရှုံးတယ်ဆိုပြီး တန်းတူခံစားခွင့်၊ မယားပြိုင်စနစ်ဟာ မိန်းမသားတွေအတွက် ဆိုပေမဲ့ ငါတို့ မိန်းမသားတွေ နှလုံးကွဲမှ သေဆေးပဲ ရှင်မင်းရယ်၊ မရေးတော့ပါဘူး"

ဖြူနွဲ့ မျက်ရည်မဝဲပဲ ပြန်ပြောသည်။ သားကို နို့ချို တိုက်ကျွေးချိန်မို့ သတ္တိများ ပြည့်နေဟန် တူ၏။

"ငါမပိုင်ရင်လည်း ပိုင်ချင်တဲ့သူက ပိုင်သွားပါစေ၊ အပြိုင် တော့ မနေချင်ဘူး၊ အရှုံးပေးလိုက်ချင်သေးတယ်၊ အသည်း နာတာ ခံနိုင်တယ်၊ အသည်းကွဲရင် သေလိမ့်မယ်"

ရှင်မင်းထွန်း စကားပြန်မပြောဖြစ်လိုက်ပါ။

ဂ ဂ ဂ



## တိုယ့်အသည်းလေးတွေ တစ်စစီ ကြွေခဲ့တယ်

ဖြူနွဲ့တို့ မြေးအဘွား သားအမိတစ်တွေ ပြန်သွားပြီမို့ ဒီပါချမ်းမြစံအိမ်ကြီးသည် ခြောက်သွေ့တိတ်ဆိတ်၍ ကျန်ရစ်၏။

"မနေတတ်လိုက်တာများနော်၊ သိပ်ပျင်းတာပဲ"

ပျင်းသည့်ရောဂါသာ သေတတ်လျှင် ရှင်မင်းထွန်း ဆယ်ဘဝလောက် ပြောင်းပြီးပြီ။ ရဲသွေးနောင် လာသည့်ရက်များ ဆိုလျှင်တော့ ပျော်သလို အရှိသား။ ဖြူနွဲ့ ရှိစဉ်က ဖြူနွဲ့ကိုညာ တာသည့်အနေဖြင့် ဘယ်မျှမလည်မပတ်ခဲ့ရသမျှ ယခုမှ လည်ဖြစ်သွား၏။ ချစ်သူနှင့်အတူသွားရသည့် ခရီးဟူသည် တောကြိုအုံကြားပင် ဖြစ်စေ၊ သာယာကြည်နူးဖွယ် ဖြစ်သင့်သည်။

သို့ပေမဲ့ ... ပျော်သင့်သလောက် ပျော်ခွင့်မရဟုဆိုချင်သည်။ ရဲသွေးနောင်နှင့် ရှင်မင်းထွန်းတို့ သွားတိုင်း နန်းကေသီက ကန့်လန့် ကန့်လန့် ပါသည်။ ရဲသွေးနေင်ကို "နောင်" "နောင်" နှင့် နှုတ်ဖျားမှ မချသလို၊ ရှင်မင်းထွန်းကိုလည်း "ညီမလေး" "ညီမလေး" နှင့် အလွန်အရေးပေးပါ၏။

www.burmeseclassic.com

www.burmeseclassic.com



သည်နှစ်ယောက်သာ သူမ၏အရင်းအချာဆုံး ဆွေမျိုးသားချင်းနှယ် ဆက်ဆံသည်။ မည်သို့ပင်ဆိုစေ ... ချစ်သူနှစ်ဦး၏ လွတ်လပ်မှုကတော့ ဆုံးရှုံးရပါသည်။

"ဟော"

ခြံထဲသို့ ကားတစ်စီး ဝင်လာသံ ကြားရသည်။ ရှင်မင်းထွန်းက လသာဆောင်ဘက် ပြေးထွက်ကြည့်တော့ ...

"အို"

ဂျစ်ကား ... ဂျစ်ကား ဆိုကတည်းက နန်းကေသီ။

"ကိုကိုများလားလို့"

စိတ်တော့ ပျက်သွားမိပါသည်။ သို့ပေမဲ့ အိမ်ရှင်တို့ဝတ္တရားကို ကျေပွန်စွာ ညှော့ခံရပါဦးမည်။

"မမကေသီ ... လာ ... လာ"

"နောင် ဒီနေ့ ပြန်မလာဘူးလား"

"လာမလားလို့ မျှော်နေတာပဲ၊ ခုထိ မလာသေးဘူး၊ ဒီနေ့ လာမှ လာပါတော့မလား မသိ"

နန်းကေသီက ဆိုဖာဆက်တီတစ်လုံးပေါ် ဝင်ထိုင်၏။

"မနက်ဖြန် မန္တလေးဆင်းမလို့ကွ၊ အဲဒါ နောင့်ကို လိုက်ပို့ခိုင်းမလို့"

ညနေစောင်းမို့ အအေးဓာတ်က လွှမ်းခြုံစပြုသည်။ ကေသီ အသားဖွေးဖွေးနှင့် ဆွယ်တာရဲရဲတောက်ကလေးက အလွန်လိုက်၏။ ဆွယ်တာအောက်မှ ဖော့ရုံအနက်အကျီလက်ပြတ်



ဖြစ်ကောင်းဖြစ်မည်။ လုံချည်က အနက်ခံများများပေါ်တွင် အနီရဲရဲ ခရေပွင့်ကျဲကျဲလေးများပါသော ရှုံလုံချည်။

ပင်ကိုယ်က အမို့အစွင့် ထွားရသည့်အထဲ အဝတ်အစား ဆင်ယင်မှု ခေတ်ဆန်သည်မို့ အဖွံ့အထွားများ ပိုမိုပေါ်လွင်၏။ မျက်နှာဝိုင်းဝိုင်းပေမဲ့ ပြည့်ဖောင်းသည့် အလှတစ်မျိုးအဖြစ် ကြည့်၍ကောင်း၏။ နှာတံက သဘာဝအတိုင်း ပုဝန်းအေးစွာလှ၏။ မျက်ခုံးမွေးတော့ ပါးရှားသည်။

သည်ခေတ်မှာ မျက်ခုံးမရှိသူများအတွက် ပြဿနာမရှိပါ။ အချို့ဆို ပြောင်စင်အောင် ရိတ်ပစ်ကာ၊ မိမိလိုရာ မှုန်ဆွဲကြသေးသည် မဟုတ်လား၊ မျက်ခုံးမရှိသည့်လူဆိုလျှင် အမိုက်ရတောင် သက်သာသေးသည်။

စေ့စေ့ကြည့်တော့ နန်းကေသီ၏ အလှသည် အေးချမ်းကာ ကျက်သရေရှိခြင်းမျိုး မဟုတ်ပါ။ တပ်မက်ဖွယ်ညှို့ငင်သည့် အလှမျိုးဖြစ်ပါ၏။

"နောင် မလာရင် ဘယ်သူ့ခေါ်သွားရမယ်တောင် မသိဘူး ဒက်ဒီအတွက် မန္တလေးဆေးရုံကြီးက မမကေသီ ဆရာနဲ့ သွားတိုင်ပင်မလို့လေ"

စကားပြောတိုင်း မျက်စတစ်ဖက် ဝင့်တတ်၏။ ကေသီ့ အလှက ကြာကြာကြည့်မိသူတိုင်း မျက်စိစွာချင်တော့မည် မဟုတ်။ ဆန့်ကျင်ဘက် အမျိုးအစား ယောကျ်ားသားများ၏ မျက်ဝန်းအစုံများသည် ပိုးကောင်လေးများသဖွယ် နန်းကေသီ၏ မျက်နှာပြင် အလှပင့်ကူအိမ်တွင် တွယ်ငြိကြမည်သာတည်း။

www.burmeseclassic.com

www.burmeseclassic.com



"ဒက်ဒီက ခုတလော ပရက်ရှာ သိပ်များနေတယ်။ ဘလဒ်ရှူးဂါးလည်းတွေ့တော့ စိတ်မချချင်ဘူး"

ဖော့ရှ်အနက် လည်ပင်းဟိုက်ဆိုတော့ အင်္ကျီအနက်သားနှင့် ရည်ညွန့်ဝင်းဝင်းတို့ ဆုံရာမှာ ကြည့်လို့ကောင်းပါဘိခြင်း။

"နောင်လာရင်တော့ နောင်နဲ့ပဲသွားမယ်၊ ဝယ်စရာလေးတွေလည်း ရှိသေးတယ်"

အင်္ကျီရင်ဘတ် သည်လောက်ဟိုက်လွန်းတော့ အေးသောရာသီဥတုရှိသည့် အရပ်မှာ အဆုတ်တွေ အသည်းတွေ အအေးမိ(ပ)ုန်တော့မှာပဲ။

"ညီမလေးရော ... လိုက်ဦးမလား"

"ဟင် ... ရှင် ... မမကေသီ"

နန်းကေသီ ပြောချင်ရာပြော၊ ကိုယ်တွေးချင်ရာတွေးမို့ လုံးစေ့ပတ်စေ့ မကြားမိပါ။ ညီမလေးရော လိုက်ဦးမလားဆိုတာကျမှ ကြားသည်။ ပထမဆုံး နားထဲဝင်လာသည့် ဝါကျက ကိုကို့ကို ခေါ်သွားမလို့တဲ့၊ ခုကြားသည့် ဝါကျက ညီမလေးရော လိုက်ဦးမလားတဲ့။

ဟင့်အင်း ... မလိုက်ဘူးဆိုရင် မခေါ်တော့ဘူးလား၊ ကိုကို၊ မမကေသီနှင့် ရှင်မင်းထွန်း သည်သုံးယောက်အနက် ခွဲထွက်၍ မဖြစ်သူများက ကိုကိုနှင့် ရှင်မင်း မဟုတ်ဘူးလား၊ တစ်ယောက်ယောက် ပွဲကျန်ခဲ့ရမည်ဆိုလျှင် နန်းကေသီ ကျန်သင့်သည်။ သို့မဟုတ် ... ကိုကို။



နန်းကေသီနှင့် ရှင်မင်းထွန်း။ မိန်းမဖော်ချင်း တွဲတွဲသွား၊ ကိုကို နေခဲ့။ ကိုကိုနှင့် မမကေသီတို့က စုံတွဲခုတ်ပြီး ရှင်မင်းထွန်းက ကျန်နေခဲ့ရမည်ဆိုလျှင် သဘာဝကျနိုင်တော့မည်လား။

ရှင်မင်းထွန်း မျက်နှာ ကွက်ခနဲပျက်သည်။

"ညီမလေး လိုက်ဦးမလားလို့ မေးတာ"

"မလိုက်တော့ပါဘူး"

စိတ်ကူးမရှိပဲ နှုတ်ကထွက်နှင့်သည်။ နန်းကေသီတစ်ယောက်တည်းသာ ဘွင်းဘွင်းသမား မဟုတ်ပါ။ ရှင်မင်းထွန်းကလည်း ရင်ထဲမှာရှိတိုင်း မျက်နှာတွင် ပေါ်တတ်သည့် အမျိုးအစားပဲလေ၊ ဒေါက်တာနန်းကေသီ မမြင်ပဲ မသိပဲ ရှိပါ့မလား။ ဆရာဝန်ရင့်မကြီး၊ ပြီးတော့ သူ့အသက်က ရဲသွေးနောင်နှင့်တွဲတွဲဆိုတော့ ရှင်မင်းထွန်းထက် ခုနစ်နှစ်ခန့် ကြီးသည်လေ။

"မလိုက်တာ ကောင်းတယ်၊ ပျင်းနေမှာစိုးလို့သာ ခေါ်ရတာ၊ ကိစ္စတွေက အများကြီး၊ ညီမလေး ပင်ပန်းနေမယ်၊ ပြီးတော့ အပျော်ဘုရားဖူးလည်း မဟုတ်ဘူးလေ"

ကြည့်တော့ ... ပြောပုံကိုက။

ပိုင်စိုးပိုင်နင်း ရှိလှချည်လား ဒေါ်နန်းကေသီ။

ရင်ထဲမှာ "အထင်" တစ်ခု ရှိမနေလျှင်တော့ စေတနာစကားပါပဲ။ ဆိုကြပါစို့ ... နန်းကေသီက ရှင်မင်းထွန်း မိခင်။ "မေမေ အကောင်းပြောတာပဲလေ" ဟု မှတ်ယူနိုင်၏။ လူ့လောကမှာ နေရာဌာနတွေက အရှုပ်သား။ သည်စကားဟာစ်ခွန်းတည်းပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ရသည့်သူ၊ ပြောလို့မရသည့်သူ ကွဲပြားခြားနားသလို အပြောခံရသူကလည်း သူ့နေရာနှင့်သူ စိတ်ဆိုးခြင်း၊ သဘောကျ လက်ခံခြင်းဟူ၍ ခြားနားခြင်း ရှိတတ်ပါ၏။

"ဟော ... နောင် လာပြီ ထင်တယ်"

ကားသံကို ဖြိုင်တူကြားကြပါလျှက် သူကပင် ဦးအောင် ပြောပြန်သည်။ ရှင်မင်းထွန်း ငုတ်တုတ်ထိုင်နေတော့သည်။ ပါးစပ်ကိုလည်း လုံအောင်စေ့ထားသည်။

"ရှင်မင်းရေ"

ထုံးစံအတိုင်းပါပဲ။ အိမ်ပေါ်မတက်မီက နာမည်ကို အရင်အော်ခေါ်သည်။

"ရှင်မင်းရေ ... ကိုကို လာတာတောင် ထွက်မကြိုဘူးလား ကွ"

ခါတိုင်းက ကားသံကြားသည်နှင့် အိမ်ဝသို့ ရောက်မြဲလေ။ ရဲသွေးနောင် ဧည့်ခန်းထဲသို့ ဝင်လာသည်။

"ဟော ... ကေသီ ရောက်နေသလား၊ ရှင်မင်းက ကိုကို့ကိုတောင် ထွက်မကြိုပဲ ထိုင်ဧည့်ခံနေတာကိုး။ ဟင် ... ဘာမှလဲ မကျွေးရသေးပါလား၊ နန်းအိတို့ကို တစ်ခုခုလုပ်ခိုင်းဦးလေ"

ရင်မှာသာ အမျက်တစ်ခု အခုအခံမရှိလျှင် သည်စကားလည်း စကားကောင်းပါပဲ၊ စော်ကားမော်ကား ဆဲရေးတိုင်းထွာခြင်း မဟုတ်။ သို့ပေမဲ့ ရှင်မင်းထွန်း ရင်မှာ နာသွားရသည်။ တော်တော်လည်း အရေးကြီးတဲ့ ဧည့်သည်ပုဂ္ဂိုလ်ကြီးပေကိုး။



ထိုင်တာကတော့ ရှင်မင်းထွန်း ဘေးမှာပါပဲ။ ပခုံးကို လှမ်းဖက်ကာ "အောက်မေ့လိုက်တာကွာ၊ တစ်ပတ်လုံးကြီး"ဟု နဖူးချင်း ထိ၍ ဆိုပါသေးသည်။

"မျက်စိနောက်တယ်ဟော့၊ အဖြစ်ကလည်း သည်းပါ့"

နန်းကေသီ ရယ်၍ပြောသည်ကို သွားဖြဲပြသည်ဟု ရှင်မင်းထွန်း အသိအမှတ် ပြုလိုက်သည်။ ဒီမှာ ... ကျုပ်တစ်ယောက်လုံး မျက်နှာပျက်၊ နှုတ်ခမ်းစူ၊ စကားတစ်ခွန်း ပြန်မပြောပဲ နေတာ၊ ရှင်ကြီး မသိတော့ဘူးလား၊ ဘာတွေ မွှန်နေသလဲ။

"နက်ဖြန် မန္တလေးဆင်းဖို့ နောင့်ကို လာပြီး ချော့ဆွဲတာ"

"ဟာကွာ ... တစ်နေ့တလေ ရှင်မင်းနားမှာ နေရတာ"

ကြိတ်ပေးကွ ... ရှင်မင်း ရင်ထဲမှာ လက်ခုပ်တီးလိုက်မိသည်။

"တစ်သက်လုံး ပေါင်းသွားရမှာမျိုး အဖြစ်ကိုသည်းတယ်"

"တစ်ပတ်မှာ တစ်ရက်၊ တစ်ခါတလေ အလုပ်ပါးမှ နှစ်ရက်လောက် နေရတော့လည်း ကျန်တဲ့ငါးရက် ငါးကမ္ဘာမှာ လွမ်းနေရတာဟ"

"ဒါဖြင့် မလိုက်ဘူးလား"

"ရှင်မင်းနဲ့ အတူတူ လိုက်ခဲ့မယ်၊ သွားလေရာ ပူးကပ်နေမှာပဲ၊ မျက်စိနောက်တယ်သာ မပြောနဲ့"

တကယ်ဆို ပြတ်ပြတ်ငြင်းပါတော့လား ဦးရဲသွေးနောင်။

www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ပင်ပန်းမှာစိုးလို့ နောင်ရဲ့ ကိစ္စတွေကများတယ်"

"ဘာတွေမို့လို့လဲ"

"ဒက်ဒီ့ကိစ္စ ကေသီ့ ဆရာကြီးတွေနဲ့ သွားတိုင်ပင်ရမယ်၊ မာမီကလည်း ခေတ်သာဆန်တယ်၊ ဗေဒင်ယတြာတော့ အယုံသား၊ ဘုရားကြီးမှာ ဗေဒင်သွားမေး၊ ယတြာချေ ခတ်ရိုက်ခဲ့တဲ့၊ နောက်ပြီး သူရိန်ကလေးက သွေးလွန် တုပ်ကွေးတဲ့"

"ဟင်"

ရဲသွေးနောင် မျက်စိမျက်နှာ ပျက်သွားသည်။ သူရိန်ကလေးဆိုတာ ဘယ်သူပါလိမ့်။

"ကေသီ ဘယ်လိုသိသလဲ"

"ဖုန်းလှမ်းဆက်ကြတာ"

"ဒီကိုဆက်လည်း အရသားနဲ့"

"နောင်က ခြံထဲမှာ အနေများတယ်လေ"

"ဒါဆို မနက်ဖြန်ထိ ဆိုင်းနေလို့ ဖြစ်မလား"

"အချိန်ကိုကြည့် မှောင်နေပြီ၊ ဒီအချိန် သွားလို့မကောင်းတော့ဘူး၊ နောင်သာ စောစောရောက်လာရင်တော့ သွားဖြစ်တာပေါ့"

စိုးရိမ်ပူပန်ခြင်းတို့က ရဲသွေးနောင် မျက်နှာပေါ်မှာ ထင်ထင်ရှားလွန်းသည်။ ရှင်မင်းထွန်း ထိုင်နေသည့် နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင်ထိုင်ကာ ရှင်မင်းထွန်း ပခုံးပေါ် ဖက်ထားသည့်လက်ကို ပြန်ရုပ်၏။ ကိုယ်ကိုရှေ့သို့ကိုင်းပြီး စိတ်ပါဝင်စားမှု အတိုင်းအတာကို ပြသည်။



"အခြေအနေ သိပ်ဆိုးသလား"

"သိပ်ကြီးတော့လည်း မဟုတ်ဘူး၊ ဒါပေမဲ့ ဆေးရုံတင်မှ ဖြစ်မှာပေါ့၊ သွေးလွန်တုပ်ကွေးဆို အိမ်မှာထားလို့ ဖြစ်မလား"

"စောစောစီးစီးကတော့ မပြောဘူး"

"ခုတော့လည်း ပူထူနေပြီ"

"ဘယ်သူလာဆက်သလဲ၊ ထရေစီလား"

ထရေစီ ... သည်နာမည်ကို ရှင်မင်းထွန်း ပထမဆုံး ကြားဖူးခြင်းပါ။

"အင်း ... သူတို့အိမ်မှာလည်း ဖုန်းက မရှိတော့ စာတိုက်ကနေ လာဆက်တာတဲ့"

မန္တလေးဆိုသည်မှာ မြန်မာပြည်၏ ဒုတိယအကြီးဆုံးမြို့တော်ပဲ။ တယ်လီဖုန်း တပ်ဆင်ထားနိုင်သည့် အိမ်တွေမှ အများကြီး။ စာတိုက်ထိအောင် သွားဆက်နေရသည်တဲ့လား။ ဘယ်လိုတွေလဲ၊ တစ်ခုသိလိုက်ရသည်က သူရိန်ဆိုသောသား၊ သူ့အမေက ထရေစီ ဖြစ်ရမည်။

"အန်တီတို့ဆီကော အကြောင်းမကြားဘူးလား"

"ကြားမယ်တဲ့၊ ရောက်ရင်တောင် ရောက်နေမှာ၊ မန္တလေးကလူက ချက်ချင်းထသွားလို့ ဖြစ်တာပဲ"

ဒါဖြင့် အန်တီ ဆိုသည့်သူက မန္တလေးမှာ ထရေစီနှင့် သူရိန်တို့ သားအမိက မန္တလေးမြို့ပေါ်မှာ မဟုတ်ဘူးပေါ့။

"ဒေါ်လေးနဲ့တောင် မတွေ့ရသေးဘူး၊ ဒေါ်လေးကို ပြောပြဦးလေ"

www.burmeseclassic.com

www.burmeseclassic.com



နန်းကေသီက ရဲသွေးနောင် မိခင်ကို "ဒေါ်လေး"ဟု ခေါ်သည်။

"မေမေသိရင် ချက်ချင်းလိုက်ပို့ခိုင်းမှာ၊ နေပစေ၊ မနက်ကျ သွားကာနီးမှ ပြောမယ်"

"ဒီလိုဆို ကေသီ ပြန်မယ်၊ မနက် ဘယ်နှနာရီ လာခေါ်မလဲ"

"ငါးနာရီ

"ကောင်းပြီ၊ စောင့်နေမယ်၊ သွားမယ်နော် ညီမလေး"

ရှင်မင်းထွန်း ခေါင်းညိတ်ပြလိုက်သည်။ မနက်မိုးမလင်းခင်ကြီးများ ထလွှားရမည်ဆိုတော့ ဟိုက ကလေးလူနာလေးက ကိုကိုနှင့် ဘယ်လောက်များ ပတ်သက်နေသလဲ၊ ကိုကို့မေမေ သိရင်လည်း ချက်ချင်း ထသွားမှာဆိုပဲ။

ရဲသွေးနောင် မျက်မှောင်ကြုတ်၍ ကျန်ရစ်သည်။

"သူရိန်က ဘယ်အရွယ်လဲ ကိုကို"

"ခုနစ်လလေ၊ ဒီကလေးက ကြီးခဲလိုက်တာ၊ အခါလည်ဆိုရင် ကေသီ ခေါ်မွေးစားတော့မှာ၊ ငယ်တော့လည်း ကရိကထ များတယ်လေ၊ ကေသီကလည်း ဆေးရုံတစ်ဖက်နှင့်မို့"

ရှင်မင်းထွန်းကို ဖြေသည့်အဖြေပေမဲ့ သူ့ရင်ထဲက သူ့ဘာသာ မြည်ကြွေးသည့်နှယ်ပါ။ ချစ်လှချည်ရဲ့၊ လွမ်းလှချည်ရဲ့ဆိုသည့် ရှင်မင်းထွန်း တစ်ယောက်လုံး ဘေးမှာကိုင်နေသည့်ကိုမှ သတိရပါသေးရဲ့လား ဦးရဲသွေးနောင်ရှင့် ...။



ရှင်မင်းထွန်း ရင်ထဲမှာ ဝင်းခနဲလက်၍ ကျင်ခနဲ နာသွားရသည်။

စိတ်ဆိုသည်က အလွန်လျှင်မြန်သည့်အရာ မဟုတ်လား၊ စိတ်ကို စကားလုံးတို့ အသံတို့နှင့် တင်ပြရပါလျှင် အချိန်ကြာသည်။ စိတ်ကတော့ တစ်စက္ကန့်အတွင်းမှာ မိုင်ပေါင်းများစွာ ပြေးလွှားနိုင်သည်။

အတွေးတစ်ခုက လျှပ်စီးလက်သည့်နှယ် ...

ဖြူနွဲ့ မိခင်ကြီး ပြန်ကာနီးတုန်းက ...

"ကျေးဇူးတွေ အထပ်ထပ် တင်ခဲ့တယ်နော်၊ သမီးအရွယ်လေးမို့သာပဲ၊ နို့မို့ဆို ကြီးကြီးက ထိုင်ကောင်ကန်တော့ချင်တာ"

"ဟာ ... မဟုတ်တာ ကြီးကြီးကလည်း"

"ကြီးကြီးသမီး မိုက်လုံးကြီးတဲ့ကိစ္စမှာ သမီးရှင်မင်းထွန်းတို့က ဝိုင်းဝန်းကူညီကြတာ၊ နည်းတဲ့ကျေးဇူးမဟုတ်ပါဘူးကွယ်၊ မောင်ရဲသွေးနောင်ကိုလည်း သိပ်ကျေးဇူးတင်ပါတယ်၊ ပြောပြပါနော် သမီး"

"ဟုတ်ကဲ့ ပြောပြပါ့မယ်၊ ဒီလောက်ဟာကို ကျေးဇူးကြီးတစ်ခု သဘောမထားပါနဲ့ ကြီးကြီးရဲ့"

"ကျွေးမွေးစောင့်ရှောက်ထားတာတွေရော၊ နောက်ပြီး ... ကြီးကြီးလည်း ထူပူပြီး မလုပ်တတ် မကိုင်တတ်၊ ငိုနေမိတာ၊ မောင်ရဲသွေးနောင်က အကြံကောင်းဉာဏ်ကောင်း ပေးနိုင်လို့သာပေါ့"

"ဩော် ... ကိုကိုက ဘာပြောလို့ပါလဲ ကြီးကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ကလေးကို အမျိုးတွေဆီ ခဏပို့ထားဖို့ ကိစ္စလေ၊ ဒီမှာ ထားချင်လည်း ထားခဲ့ပါတဲ့၊ နောက်တော့မှ ကြီးကြီးက ပြန်မွေးစားဖို့ဆိုတာ၊ အရှက်ကွဲသက်သာတာပေါ့ သမီးရဲ့၊ မဟုတ်ရင် ရွာမှာဘယ်လိုမျက်နှာပြရမလဲ"

"ဟုတ်လား၊ အဲဒါ ကိုကိုပေးတဲ့ အကြံဉာဏ်လား"

"အေးကွယ့်၊ ခဏတော့ မတတ်သာလို့ ခွဲနေရမယ်၊ နောက်ကျတော့မှ အတူတူပြန်ဖြစ်မယ်၊ အကောင်းဆုံး နည်းလမ်း မဟုတ်လား"

"ကိုကိုကဖြင့် ပြောတတ်ပါပေရဲ့"

"လူကသာ လူငယ်၊ ခြံကြီးလုပ်ငန်းကြီးမှာ လူပေါင်းများစွာ အုပ်ချုပ်စီမံနေရတော့ အင်မတန် စိတ်ကူးကောင်းပါပေတယ်၊ ဒါမျိုးဆိုတာ ကာယကံရှင်က မှန်နေတတ်တာလေ၊ သားလူကမှ အကောင်းဆုံးနည်းလမ်းကို အကြံဉာဏ်ပေးနိုင်တာ ... တဲ့"

ကိုကို့ စိတ်ကူး၊ လက်တွေ့တစ်ခုကို ဆောင်ရွက်ဖူးသည့်ကိစ္စမို့ အလားတူ အကြံဉာဏ်ကို ပေးနိုင်ခြင်းများလား။ ထရေစီ ဆိုတာ သူရိန့်အမေမှ ဟုတ်ပါ့မလား။

မမကေသီက ခေါ်မွေးစားမယ်ဆိုတော့ မမကေသီ ကလေးလား။ သူ့ယောကျ်ား နိုင်ငံခြားကို ထွက်သွားတာ တစ်နှစ်ခွဲတော့ မကြာတော့ဘူး ထင်တယ်။ မမကေသီ ကျောင်းမပြီးခင် လက်ထပ်ကြတာပဲ။

မမကေသီ ကလေးဆိုရင် ကလေးအဖေက ဘယ်သူလဲ။



ကိုကိုက ပတ်သက်မှုကို ဘာဖြစ်လို့ ဒီလောက်ပြနေရသလဲ။

ကိုကို့မေမေသာသိရင် ချက်ချင်း လိုက်ပို့ခိုင်းမှာဆိုတာကကော သူ့မြေးမို့လို့လား။ ဒီလိုဆို ကလေးအဖေဟာ ...

နောက်ပြီး ဖြူနွဲ့ ကိုယ်ဝန် လေးငါးလလောက်တုန်းက ဗိုက်ထဲက လှုပ်တယ်ဆိုပြီး ထအော်ပါရောလား၊ ဒီတော့ ကိုကိုက ကလေးတိုးတာပါတဲ့၊ မကြောက်ပါနဲ့တဲ့။

လူပျိုတစ်ယောက်က ကိုယ်ဝန်ကိစ္စကို သည်လောက် သိနိုင်မတဲ့လား။ ငါ ဒီကိုရောက်လာပြီး ဒီမှာနေရတာ သူတို့ပြောသလောက်သာ သိရတာပဲ။ **စာချုပ်စာတမ်း ဆိုတာ**ကလည်း အတုလုပ်ထားလို့ ရတယ်လေ။

တကယ်တော့ ငါဟာ **ဒီနေရာမှာ လာနေတာ** မျက်ကန်းတစ္ဆေမကြောက် ဖြစ်နေပါပေါ့**လား။**

နောက်လှည့်ကြည့်လို့တောင် **ကိုယ့်အရိပ် ကိုယ်မမြင်**ရဘူး၊ ဂျက်စမင်လည်းမရှိ၊ ဖြူနွဲ့လည်း မရှိ။

ရန်ကုန်မှာ တစ်ယောက်တည်းနေတယ် **ဆိုတာ**က ကိုယ့်ပတ်ဝန်းကျင်နဲ့ မိတ်ဆွေနဲ့ အပေါင်းအသင်းနဲ့ ...

ဒီမှာက တစ်ယောက်တည်း သူများအသိုင်းအဝိုင်းကြားမှာ။ ကိုကို ချစ်နေရင်တော့လည်း တကယ့် အားကိုးရာကြီးပေါ့လေ၊ စိတ်ထားမမှန်ဘူး ဆိုရင်တော့ အနီးကပ်ဆုံးရန်သူဖြစ်ပေလိမ့်မည်။

ငါ တစ်ယောက်တည်း ... ငါတစ်ယောက်တည်း ...

ငါ ဘာလုပ်ရမလဲ ... လုပ်သင့်သလဲ ...

www.burmeseclassic.com

www.burmeseclassic.com



"ထရေစီ ဆိုတာ ဘယ်သူလဲ ကိုကို"

"နာနီပါ"

ဩော် ... နာနီတဲ့။ ကလေးအမေ မဟုတ်ဘူးပေါ့။

"သူတို့က ဘယ်မှာနေတာလဲ"

"အင်းဝမှာ"

ဟင် ... ဝေးသားပဲ။ မန္တလေးနဲ့တော့ နီးတယ်ပေါ့လေ။ အောင်ပန်းကနေ မန္တလေးအထိ ဆင်းလာပြီးရင်လည်း အင်းဝ ဆိုတာ ဘာဝေးတာမှတ်လို့။

မေးတော့လည်း မေးခွန်းတွေကို အဖြေသား။ သို့ပေမဲ့ မှုပန်လှုပ်ရှားနေကြောင်းက ထင်ရှားသည်။ သူရိန် ဘယ်သူ့ကလေး လဲလို့ မေးချလိုက်ရင် ကောင်းမလား။

ဖြေပါ့မလား၊ အဖြေမှန်ကို သိခွင့်ရပါ့မလား။

"မနက်ဖြန် ရှင်မင်း လိုက်ဖို့လိုသေးလား ကိုကို"

"နေခဲ့တာ ကောင်းမယ်ထင်တယ်၊ ရှင်မင်း ပင်ပန်းမယ်"

ဩော် ... ထားခဲ့ပြီပေါ့လေ၊ မလိုက်တော့ပါဘူး ကိုကိုရယ်။

"ဟူး ... ရောက်ရောက်ချင်း ကိစ္စတွေ ရှုပ်နေတာနဲ့ ရှင်မင်းကိုတောင် မပေးရသေးဘူး"

သူ့ခြေရင်းနားမှာ ချထားသည့် လက်ဆွဲသားရေ အိတ်ကို ဆွဲယူသည်။ ဩော် ... ပိုက်ဆံသိမ်းနိုင်းမလို့ ထင်ပါရဲ့။

ခြံလုပ်ငန်းနှင့် ပတ်သက်သည့် ဝင်ငွေထွက်ငွေ အားလုံးကို ရှင်မင်းအား လုပ်နိုင်းခဲ့သည်မှာ ကြာပါပြီ။ တစ်ခါ တစ်ရံ စာရင်းရှင်းပြတတ်ပေမဲ့ ရှင်မင်း စိတ်မဝင်စားပါ။



"ရှင်မင်းရေ ... ရော့"

ဟူ၍ ပေးလာလျှင် ကောက်သိမ်းကာ မီးခံသေတ္တာ ထဲ သွားထည့်ထားလိုက်သည်။ ကိုကိုက ရေကြည့်ပါဦးတော့လား ဟုဆိုလျှင် ရှင်မင်း ပြုံး၍ခေါင်းခါမြဲပါ။ ကိုကို့အပေါ် မယုံကြည် ရာ ရောက်မှာစိုးသည်။ ကိုကို တစ်သက်လုံး ပင်ပန်းကြီးစွာလုပ် ကိုင်ခဲ့ရသည့် အလုပ်မဟုတ်လား၊ ကိုကို့အာသာ သွန်လိုသွန် မှောက်လိုမှောက်။

ကိုကို သုံးပါစေ၊ ပြီးတော့ ရှင်မင်း ဘဝတစ်ခုလုံး ကိုတောင် ပုံအပ်ရဦးမှာပဲ။ ငွေလောက်ကတော့ သာမညပဲ ကိုကို ရယ်။

"ရှင်မင်းရေ ... ကိုကို့ကို ငွေတစ်သောင်းလောက်"

ဆိုလျှင် မီးခံသေတ္တာဖွင့်၊ ရေတွက်ယူကာ ထုတ်ပေး လိုက်သည်။ ဘာအတွက် သုံးဖို့လဲ ကိုကို ဟူ၍ တစ်ခွန်းမျှ မမေး ခဲ့ပါ။ ချစ်သူချင်း ငွေရေးကြေးရေး အတွက်နဲ့တော့ မတင်းမာ ချင်ဘူးလေ ကိုကိုရယ်၊ ရှင်မင်းမှာလည်း ဘယ်သူ့အားကိုးရှိတာ လိုက်လို့။

"အီးစူးဇူးကားတစ်စီး ကောင်းကောင်းတွေ့ထားတယ်၊ အဲဒါ ကိုဝယ်မလို့၊ ဒေါ့ဂျစ်ကို ရောင်းခဲ့တယ်၊ 'က'နံပါတ်ကြီးနဲ့ မို့ ဟောင်းလှပြီလေ၊ ကိုယ့်ကုန်ကားနဲ့ကိုယ် သယ်တော့ ခရီးတွင်တယ်"

ကိုကိုက ပိုက်ဆံအိတ်ကို ဖွင့်ပြပြီး ပြုံးပိတ် သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဒေါ်ဂျစ်ရောင်းရငွေတွေ၊ နက်ဖြန်သန်ဘက် ကားပြန်ဝယ်မှာမို့ ဘဏ်အပ်မနေတော့ဘူး၊ ရှင်မင်း ခဏသိမ်းထားလိုက်ဦး"

"ဟုတ်ကဲ့"

ရှင်မင်းထွန်းက အိတ်ကိုဆွဲယူသည်။

ရဲသွေးနောင်က ရှင်မင်းထွန်း နားသို့ တိုးကပ်လာသည်။ ကိုယ်ကိုလျှော့ချကာ ရှင်မင်းထွန်း ပခုံးကို ခေါင်းတင်၍ မှီသည်။

"ပင်ပန်းတယ် အချစ်ရယ်"

သည်လိုဆိုတော့လည်း ကိုကို့ကို သနားသွားရပြန်၏။ ကိုကိုသည် သိက္ခာပိုင်းနှင့် ပတ်သက်လာလျှင် အလွန်လေးစား အထင်ကြီးဖွယ်ရာပါ။ ရှင်မင်းထွန်းတို့ အိပ်ခန်းရှိသည့် အဆောင်အပေါ်ထပ်တွင် ဘယ်သောအခါမှ နှစ်ယောက်တည်း မနေတတ်။

အများမြင်ကွင်းကျယ် ဖြစ်နေသည့် ဧည့်ခန်းမှာပင် နေတတ်သည်။ ခြံထဲသို့ ဆင်းသည့်အခါ ဆင်းသည်။ သို့ပေမဲ့ လူရှေ့သူရှေ့ မည်သူ့ရှေ့မှုမရှောင် ပူးကပ်ကာ နေထိုင်လေ့ရှိသည်။ တစ်ခါတစ်ရံ နဖူးချင်း ထိတတ်၏။ ပခုံးတစ်ဖက်ကို ဖက်ချင်ဖက်ထားတတ်သည်။ ဒီလောက်ပါပဲ။

"ကိုကိုရယ် ... လူတွေနဲ့"

ဤသို့ပြောလျှင် ...

"ဘာဖြစ်လဲ၊ ချစ်လွန်းလို့ ပူးကပ်နေတာ လူလယ်ခေါင်မှာ ဘာဖြစ်တာလိုက်လို့၊ ကိုကိုက ရိုးရိုးသားသား"ဟု



ပြောတတ်သည်။ စင်စစ် ... လူလယ်ခေါင်မှာ နဖူးချင်းထိခြင်းက ဆိတ်ကွယ်ရာတွင် နှစ်ယောက်တည်း ရှိခြင်းထက် အန္တရာယ်ကင်းသည်လေ။

"ဟဲ့ ... ကိုနောင့် ဘယ်တုန်းက ရောက်နေလဲ"

ကိုကို့မေမေ ထွက်လာ၏။ ရှင်မင်းထွန်းက ကိုယ်ကို မသိမသာရို့ကာ ကိုကို့ပခုံးကို တွန်းသည်။

"ခုပဲ မေမေ"

ကိုကိုက ပုံစံမပျက်မှီမြဲ ...

"နေမကောင်းတာလား၊ ချွဲတာလားဟော့"

မေမေက ရယ်၍ပြောကာ ဆိုဖာတစ်ခုတွင် ဝင်ထိုင်သည်။

"နှစ်ခုလုံးပဲ မေမေ"

ပြုံးဖြဲဖြဲနှင့် ဖြေ၏။

"ချွဲတာတော့ မတတ်နိုင်ဘူး၊ နေမကောင်းတာက ဘာဖြစ်လို့လဲ၊ ကိုယ်ပူသလား"

မေမေ ထလာကာ နဖူးစမ်းသည်။

"မပူပါဘူး ... အလကား၊ လွှမ်းဖျားလွှမ်းနာ နေမှာပေါ့၊ ဒီရောဂါတော့ မေမေ မကုတတ်ဘူး၊ သမီး ရှင်မင်း ကုမှ ရမဲ့ရောဂါ"

ပြောပြောဆိုဆို ဧည့်ခန်းမှ ပြန်ထွက်သွားတော့သည်။

"လူကြီးက ရှောင်သွားရတယ်လို့ ကိုကိုရယ်၊ အနေအထိုင် ဆင်ခြင်မှပေါ့၊ သိပ်ခယ်ဟာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"မတတ်နိုင်ဘူး၊ ဒီလိုပဲ နေချင်တာကို၊ သိပ်ချစ်တာဖဲ ရှင်မင်းရယ်၊ လက်ထပ်ကြပါစို့ ဆိုတော့လည်း ဂျိုဂျောင်"

"လက်ထပ်တော့လည်း ဘာထူးလဲ ကိုကို၊ ဒီလိုပဲ ခြံထဲက တစ်ပတ်တစ်ခါ ပြန်လာနိုင်မှာ"

"ဟ ... အဲဒီအခါကျတော့ ခြံထဲခေါ်သွားမှာပေါ့"

ကိုယ်ကို ပြန်မတ်ကာ မျက်နှာချင်းဆိုင်၍ စူးစိုက်စွာ ကြည့်၏။

"ခုလည်း ခေါ်သွားလေ"

"ဘယ်သင့်တော်ပါ့မလဲကွယ်၊ ဒီအိမ်ကြီးမှာနေတော့ တင့်တယ်တာပေါ့၊ အပျိုမလေး ဂုဏ်သိက္ခာညှိုးနွမ်းမှာ စိုးတယ်"

ဩော် ... ကိုကိုရယ်၊ ရှင်မင်း အရည်ပျော်ပါပြီ၊ ချစ်တတ်တဲ့ ကိုကိုရေ၊ စကားတတ်တိုင်းပြော၊ ရင်ထဲမှာအတိုင်း အဆမဲ့ ကြည်နူးရပါဘိခြင်းလေ။

"ခက်နေပြီ၊ မှီနေတော့လည်း မျက်နှာလှလှလေးကို မတွေ့ရဘူး၊ မြင်ရအောင် ကြည့်တော့လည်း လူချင်းက ကွာသွားပြီ"

"ပိုကိုပိုတယ် ... ကိုပို၊ လက်နှစ်လုံးလောက် ဝေးတာကို"

"အဲဒီလက်နှစ်လုံးကြီး၊ နည်းသလား"

"စကားတတ်တိုင်း ချွဲပါ ကိုကိုရယ်၊ အပြင်မှာတစ်မျိုး၊ ရင်ထဲမှာ တစ်မျိုးတော့ မလုပ်လိုက်ပါနဲ့"

"အပြင်မှာရော၊ ရင်ထဲမှာရော၊ ဗိုက်ထဲမှာပါ ရှင်မင်းမှ ရှင်မင်း၊ ဘယ်က သေမင်းမှ မရှိဘူး"

"ကြည့် ... သူများကို ပြောလိုက်တာ သေမင်းတဲ့"



"ချစ်ကို ပြောတာမှ မဟုတ်တာ၊ ကိုကို့ အချစ်က ရှင်မင်း တခြားကောင်မလေးတွေက သေမင်း"

"မမကေသီကရော"ဟု မေးပစ်ချင်သည်။ မမေးရဲပါ။ သေမင်း မဟုတ်ဘူး၊ နတ်မင်းဆိုလျှင် ရှင်မင်းက ခံစားရဦးမယ် ကိုကိုရဲ့။

"ချမ်းတယ်နော်"

"မီးလင်းဖို မွှေးလိုက်မယ်လေ ကိုကို"

"တုံးတယ်ကွာ၊ ဖက်ထားလို့ ပြောတာ"

"မဖက်ပါဘူး၊ စောင်ခြုံနေ၊ သွားယူပေးမယ်"

"ကောင်းတယ်၊ စောင်ခြုံအိပ်တာ ကောင်းတယ်၊ ရှင်မင်း နားသိပ်ကပ်နေရင် ကိုကို ခိုးပြေးမိလိမ့်မယ်"

"ကြံကြံဖန်ဖန် ပြောပြန်ပြီ၊ ခိုးပြေးမယ်လို့ပဲ"

"ထ ... အိပ်ကြစို့၊ ကိုကိုလည်း မနက်အစောကြီး ထရဦးမှာ၊ ရှင်မင်း အခန်းကို၊ ကိုကို လိုက်မပို့တော့ဘူးနော်၊ လှေကားရင်းက စောင့်ကြည့်နေမယ်၊ ဟုတ်လား"

ရှင်မင်းရဲ့ချွေးနှောင်၏ အိပ်ခန်းက အောက်ထပ်မှာပင် ရှိပါ၏။ ရှင်မင်းကို လက်ကမ်း၍ ဆွဲထူသောကြောင့် အားယူ၍ ထရပ်သည်။ လှေကားရင်းထိ လျှောက်လာတော့ ရှင်မင်း ပခုံးကို ဖက်ထားသည်။ ရှင်မင်းထွန်း လှေကားထစ်များကို ဖြည်းညင်းစွာ လှမ်းတက်တော့ စောင့်ကြည့်နေသည်။

လှေကားထစ် တစ်ဆစ်ချိုးမှ ရှင်မင်းရပ်၍ ကိုကို့ကို ပြန်လှည့်ပြုံးပြသည်။

"အိပ်မက်ထဲမှာ ကိုကို့ကို ထည့်မက်နော်"

www.burmeseclassic.com

www.burmeseclassic.com



ရှင်မင်း ပြုံး၍ ခေါင်းညိတ်ပြခဲ့သည်။ ရင်ထဲမှ အကြိတ်အခဲကလေးက ကိုကို့ရှေ့မှာတော့ ကျေညက်နေသည်။ ဘေးနားတွင် ကိုကို မရှိတော့သည့်အခါ ပြန်လည်ဖြစ်တည်၏။

"ကိုကိုလည်း မနက်အစောကြီး ထရဦးမှာတဲ့၊ သူရိန် ဆိုတဲ့ ခုနှစ်လသားလေးဆီ မမကေသီနဲ့ အတူတူသွားကြဖို့ပေါ့နော် ကိုကို၊ ဒီကလေး တစ်နှစ်ပြည့်ရင် မမကေသီက ခေါ်မွေးစားမယ် ဆိုပဲ။ နောက်ပြီး ဖခင်အမည်မဖော်ပြနိုင်ပဲ သားသမီး မွေးလာခဲ့ရင် တခြားမှာ ခဏထား၊ နည်းနည်းကြာတော့မှ ခေါ်မွေးစားတာ အကောင်းဆုံးတဲ့၊ ကိုကို့ အကြံဉာဏ်တွေလေ၊ ဘယ်လိုလဲ ကိုကိုရယ်၊ ရှင်မင်း ရင်ကွဲရတော့မှာလား"

⁂ ⁂ ⁂

ကိုကို မရှိခိုက်ဆိုလျှင် ကိုကို့ အခန်းထဲမှာ ဝင်နေခြင်းဖြင့် ကိုကိုနှင့် နီးကပ်နေသလို နွေးထွေးစွာ ခံစားရပါသည်။ ထို့ကြောင့် သည်အခန်းထဲသို့ ဝင်မိသည်။ ကိုကို့ ပစ္စည်းကလေးများကို ကိုင်တွယ်ကြည့်ရှုလျှင် ကိုကို့ အငွေ့အသက်ကလေးများ လွှမ်းခြုံသလို ခံစားရမိသည်။

ရှိမ်းမြဖို့လှိုက်ကာ ရင်ထဲမှာ နွေးတတ်ပါ၏။ သိပ်ချစ်ရတဲ့ ကိုကိုရယ်၊ ရှင်မင်း ရှူးတော့မယ်၊ ကိုကို့ကို ချစ်တာ ရှူးမတတ်ပါပဲရှင်။



"ကြည့် ... ဒီပုဆိုးတွေကလည်း အပုံပျက်နေပြန်ပြီ"

မီးပူတိုက်ပြီးလျှင် ပုဆိုးခေါက်လေးများကို ရှင်မင်းက လှပစွာ ထပ်ပေးထား၏။ ရဲသွေးနောင်က ကြိုက်ရာတစ်ထည် ဆွဲယူဝတ်သည့်အခါ ပုဆိုးထပ်ကလေး ပြိုကျကျန်ခဲ့တတ်သည်။ ရှင်မင်း ရှင်းပေးရမြဲ။ ရှင်မင်းနှင့် ချစ်မိကြပြီးသည့်နောက်ပိုင်း ရှင်မင်း သည်သို့ပြုစုနေကျမို့ သူ့ဗီရိုကို သော့ခတ်လေ့ မရှိတော့ပါ။

သည်နေ့တော့ အလုပ်ကလည်း မရှိ။ အိမ်ကြီးကလည်း တိတ်နေသည်။ ကိုကို့မေမေ ဆိုသည်က မီးဖိုချောင်မှာ နန်းအိတို့ကို စီမံပေးပြီးလျှင် ခြံထဲဆင်း၊ ပန်းပင်တွေကြည့်၊ ဘုရားရှိခိုးလိုက်၊ ပုတီးစိပ်လိုက်သာ နေတတ်သည်။ ရှင်မင်း ပျင်းလှသည်မို့ ဗီရိုတစ်ခုလုံး ဖွင့်ရှင်းနေတော့သည်။

"ဟင် ... စာတစ်စောင်"

စာအိတ်ကလေးက ကြာပြီထင်သည်။ ဗီရိုအံဆွဲတွင်း ရှုပ်ရှုပ်ပွေပွေ ... ခဲမှာ တွန့်ကြေနေသည်၊ စာအိတ်ကတော့ ရိုးရိုးစာအိတ်က ... ပဲ။ ရှင်မင်းထွန်း ဖွင့်မဖတ်ကြည့်ပဲ နေနိုင်မတဲ့လား။

**နောင်**

**မိန်းကလေးတစ်ယောက်ရဲ့ အရှက်နဲ့ သိက္ခာကို ကာကွယ်ဖို့က လက်ထပ်စာချုပ်တစ်ခုမှာ လက်မှတ်ထိုးလိုက်တာ အကောင်းဆုံးပဲ မဟုတ်လား၊ နောင်ခါလာနောင်ခါရေး။ ခုတော့ ဒီနည်းပဲရှိတယ်။ မေမေကြီး မသိစေချင်ဘူးဆိုလို့ တို့မလာတော့ဘူး၊ သေသေချာချာ ပြောရအောင် နောင်လာခဲ့လေ၊ ဆေးရုံချိန်ကလွဲရင် အိမ်မှာရှိမယ်။**

**ကေသီ**

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးသည် နှစ်ဆယ့်သုံး နှစ်ပိုင်းတစ်ပိုင်း ဒီဂရီ တိမ်းစောင်းရာမှ အရှိန်လွန်ကာ ဖောက်ထိုးမိုးမျှော် ဖြစ်ပြီး လျှင် အိုးထိန်းစက်သို့ လည်ပါလေသတည်း။

❀ ❀ ❀

"ရှင်မင်း ... မင်းဟာ ရှင်မင်း မှုဟုတ်ဘူး၊ သေမင်းကွ၊ ငါ့ကို အသေသတ်သွား"

ရဲသွေးနောင် ကျုံးအော်ရာမှ ခေါင်းငိုက်စိုက် ကျသွားသည်။ မသောက်စဖူး အရှိုင်းမို့ အသည်းတွေ၊ အစာအိမ်တွေ ကျွမ်းလောင်ကုန်ပြီထင်သည်။ ဒီပါချမ်းမြစ်အိမ်ကြီး တစ်ခုလုံး အရက်စော်တွေ ထောင်းထောင်းထနေတော့၏။

စားပွဲပေါ် ခေါင်းတင်၊ လက်တစ်ဖက်က ဘေးသို့ကျ။ ဖြစ်ကတတ်ဆန်းကြီး လဲကျနေပေမဲ့ သူ့လက်ထဲမှာတော့ စာလေး တစ်စောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားနိုင်သေးသည်။ ရဲသွေး နောင် မိခင်က သားအဖြစ်ကို မကြည့်ရက်၊ ဘာဖြစ်မှန်းလဲ မသိ။ မန္တလေးမှအပြန် ရှင်မင်း ... ရှင်မင်း ခေါ်ကာ အိမ်ပေါ် တက်လာတုန်းက အကောင်း။

"ကိုနောင် ... မမရှင်မင်း ပျင်းလို့ နန်းထွေးတို့ဆီ ခဏ သွားမယ်တဲ့၊ ပြန်လာရင် အဆူခံရမှာစိုးလို့ စာရေးပြီး ခွင့် တောင်းခဲ့တယ်တဲ့"



နန်းအိက စာတစ်စောင် လာပေးသည်။ ဖွင့်ဖတ် သည်။ ပြီးတော့ ဝုန်းဒိုင်းကြဲကာ ဆင်းသွားတော့သည်။ ပြန်လာ တော့ လူက ဒယီးဒယိုင်၊ အရက်ပုလင်းတွေကလည်း လက်ထဲ မှာ နိုင်သလောက် ဆွဲတက်လာသည်။

"ဟဲ့ ... မသောက်စဖူး"

မိခင်ကို နီရဲသည့် မျက်ဝန်းနှင့်သာ မော့ကြည့်သည်။ ပုလင်းလိုက်မော့ ... ကျုံးအော်ကာ စိုက်ကျသွားခဲ့ပြီ။

"ကိုနောင် ဘာဖြစ်တာလဲ အစ်မ၊ ရှင်မင်းထွန်းလည်း ပြန်မလာဘူး"

အိုက်ခမ်းက ခြေမကိုင်မိ လက်မကိုင်မိပုံစံနှင့် စိတ်ပူစွာမေး

"ပြေ ဘူး၊ ကြည့်ရတာ ရှင်မင်းထွန်း ထွက်သွားပြီနဲ့ တူတယ ရေးထားပေးခဲ့တယ်၊ ဟိုဟာ ... စာမဟုတ် လား"

အိုက်ခမ်းက ရဲသွေးနောင်လက်ထဲမှာ ကျစ်ကျစ်ပါနေ သည့်စာကို ဆွဲယူဖြန့်ဖတ်၏။

**ကိုကို**

**သိပ်ချစ်ခဲ့ပါတယ်၊ ချစ်နေဆဲပါ။ နောင်လည်း အမြဲချစ်သွားမှာ ပါပေမဲ့ သားတစ်ယောက်အဖေ အိမ်ထောင်ရှင်ကို လက်ထပ်ရဲတဲ့အထိ ရှင်မင်း မမိုက်မဲပါဘူး။**

**သွားရေးလာရေး အဆင်ပြေစေဖို့ ကိုကို ဝယ်ပေးထားတဲ့ ခတ်ဆန်း လော်ရဲကို ယူသွားပါတယ်။ တစ်နေ့နေ့ပြန်ပို့ပေးပါ့မယ်။ ရှင်မင်း လက်ထဲမှာ ပိုက်ဆံသိပ်မရှိလို့ မီးခံသေတ္တာထဲက လွှဲသုံးထောင်လည်း ယူ**

www.burmeseclassic.com



**သွားပါတယ်။ ဒီလောက်ပါပဲ ကိုကို။ သူ့ရိန်ကလေးကို ပြန်ခေါ်ပြီး မမကေသီနဲ့ အတူတူ သားမိသားဖသုံးယောက် အတူတူနေကြပါ။**

**ရှင်မင်းထွန်း**

"ဟောတော့၊ ဖြစ်မှဖြစ်ရလေ"

"ဒုက္ခပဲ၊ အစ်မ ကားမောင်းလိုင်စင် ရကာစရှိသေးတာ၊ ဒတ်ဆန်းလော်ရဲ့ အကြောင်းလည်း သိပ်သိသေးတာ မဟုတ်ဘူး၊ လမ်းမှာ တစ်ခုခုဖြစ်ရင် ဒုက္ခပဲ"

အိုက်ခမ်း မျက်စိမျက်နှာ ပျက်သည်အထိ စိတ်ပူလေ၏။

"ကိုနောင်ကလည်း၊ ကားတစ်စီးနဲ့ နောက်ကလိုက်ရမဲ့ဟာ မူးလဲနေရသေးလားဟယ်၊ ဒုက္ခ ... ငါ့နှယ်"

ရဲသွေးနောင်ကို အတင်းဆွဲနှိုးမိပြန်သည်။

"ဘယ်သွားမှန်းမှ မသိတာ ဘယ်လိုက်ရမှာလဲ အစ်မရဲ့"

"ဟဲ့ ... ရန်ကုန်ပြန်ဆင်းဖို့ကလွဲလို့ ဘယ်သွားမှာလဲ၊ ဒါပဲရှိတာ၊ ကိုနောင် ... ကိုနောင် ... ထစမ်း၊ မင်းကလည်း အရေးထဲမှာများ"

သူ့သားကို အတင်းဆွဲခါတော့ ရဲသွေးနောင် မျက်စိနည်းနည်းပွင့်လာသည်။

"ကားတစ်စီးနဲ့ နောက်ကလိုက်မှပေါ့၊ လမ်းမှာ ဒုက္ခဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ မိန်းကလေး တစ်ယောက်တည်း"

ရဲသွေးနောင် ခေါင်းထောင်ထကာ လက်ခါ၍ပြသည်။ ပြီးတော့ ပြန်ခွေကျသွားပြန်သည်။ သည်တစ်ခါကျတော့ ကြမ်းပြင်ပေါ်မှ ကော်ဇောဆီသို့ ရောက်၏။



"အစ်ကို စိုင်းလုံ့ဆီ ဖုန်းဆက်စမ်းပါဦးဟာ အိုက်ခမ်း"

အိုက်ခမ်း ပြေးဆက်သည်။ အကျိုးအကြောင်း ပြောပြပြီး၊ ဟုတ်ကဲ့ ... ဟုတ်ကဲ့ တွင်တွင်ဆိုကာ ပြန်ပြေးလာ၏။

"ဦးလေးစိုင်းလုံ့ဆီ ဝင်သွားတယ်တဲ့၊ ရှပ်အကျႌနဲ့ ရှမ်းဘောင်းဘီနဲ့ ပင်နီတိုက်ပုံ ဝတ်လို့ ယောက်ျားလေးလို ဝတ်သွားတယ်တဲ့၊ ဒတ်ဆန်းလော်ရဲ့ဟာ "သူ့ပိုင်လားလို့ မေးတယ်တဲ့"

"ပိုင်တာပေါ့"

"ဦး စိုင်းလုံက ပိုင်တယ်ဆိုတော့ ယူသွားတော့မယ်တဲ့၊ သူ ဒင်ကို သွားမယ်၊ လိုက်လာရင် ကိုယ့်ကိုယ်ကိုယ် သတ်သေ သ်လို့ ပြောသွားတယ်တဲ့၊ ကိုနောင်လည်း ဦးလေး စိုင်းလုံ့ဆီ ရောက်ပြီးပြီ၊ ပြောပြီးပြီတဲ့၊ ဒါကြောင့် ကိုနောင် မလိုက်တော့တာနေမှာ"

"ငါတော့ သေသာ သေလိုက်ချင်တော့တာပဲ၊ သူ့ရိန့် အကြောင်း ဘယ်လိုသိသွားပါလိမ့်ဟယ် ... နန်းအိ ... နန်းအိရေ"

"ရှင် ... လာပါပြီ ဒေါ်လေး"

နန်းအိ ရောက်လာ၏။

"နင့် မမရှင်မင်း ဘယ်အချိန်က ထွက်သွားတာလဲ"

"မနက်စာ စားတော့ ဆယ့်တစ်နာရီလောက် ထမင်းစားပြီး ကိုနောင့် အခန်းထဲ ဝင်သွားတာ၊ ပြန်ထွက်လာတော့ ကိုနောင့် ရှမ်းဘောင်းဘီဝတ်လို့၊ အပေါ်ထပ်တက် အိတ်

www.burmeseclassic.com



တစ်လုံးဆွဲပြီး ဆင်းလာတယ်၊ စာတစ်စောင်ပေးပြီး နန်းထွေးဆီ သွားမယ် ပြောသွားတာပဲ၊ ဆယ့်နှစ်နာရီလောက်ရှိမှာပေါ့"

"ငါ့များ လာပြောရောပေါ့အေ"

"ဒေါ်လေးက ခြံအနောက်ထဲမှာ ရှိနေသားပဲ၊ သိမယ်ထင်လို့"

"မသိလို့ပေါ့ဟဲ့၊ အင်း ... ဒုက္ခ၊ ဒုက္ခ၊ ကဲ ... အိုက်ခမ်း၊ ကေသီ့ကို ဖုန်းဆက်ခေါ်ချေဦး၊ ဒီအမူးကို ငါလည်း မလုပ်တတ်ဘူး"

အိုက်ခမ်း ပြေးဆက်ရပြန်သည်။ ရဲသွေးနောင်ကတော့ ကြမ်းခင်းကော်ဇော၏အနံ့ ဘယ်လိုရှိလေသလဲဟူ၍ ရှူရှိုက်လေ့လာနေသလား မဆိုနိုင်ပါ။ ကော်ဇောပေါ် မျက်နှာအပ်လျက်သား ပုံစံမှ မယှင်းမပျက် ရှိချေ၏။

❀ ❀ ❀



## အလွမ်းသည်မယေား ငိုနေတယ်

"ကလွန်နီလာ" သို့ ပြန်ပြောင်းလာပြီဖြစ်ကြောင်း ဖြူနွဲ့ထံ စာရေးရပါဦးမည်။ ဂျက်စမင်ထံတော့ စာပြန်ရန် စိတ်မကူးမိပါ။ ပြန်လျှင် အတိတ်ဆွေးများကို တူးဆွရဦးမည်။

လိုက်လာလျှင် ကိုယ့်ကိုယ်ကိုယ် သတ်သေမည်ဟု မှာခဲ့ပါလျက် လိုက်လာသည်ဆိုတော့ သေချင်လည်း သေပါဟု ဆိုလိုချင်သလား၊ ဂျက်စမင်နှင့်တွေ့တော့ သူ့ကို အထင်လွဲသွားသည်ဟု ပြောခဲ့သည်တဲ့လေ။

ဖြေရှင်းချင်သေးလို့လား၊ မထူးတော့တဲ့ ကိစ္စတွေကို ဘာလို့ ထပ်ပြောချင်နေသလဲကွယ်၊ ရှိပါစေတော့လား၊ ရှင်မင်းဘ၀ကလေးကို အနည်ထိုင်ဖို့ ရှင်မင်း ကြိုးစားနေပါတယ်ရှင်။

ကိုကိုနှင့် တွေ့သည့်နေ့က တောင်ငူဆောင်မှအသိ ဆရာမတစ်ဦးထံ သွားခဲ့ခြင်းပါ။ ဗိုလ်ချုပ်ဈေးမှ ရှင်မင်း ရောင်းခဲ့ဖူးသည့် ဆိုင်ရှင်၏အစ်မက ရှင်မင်း ဆယ်တန်းတုန်းက အတန်းပိုင်ဆရာမ။

www.burmeseclassic.com

www.burmeseclassic.com



စာပေးစာယူပထမနှစ် တိုးလိုးတန်လန်းနှင့် ရန်ကုန်ပြန်ပြေးလာခဲ့သည်မို့ ဘာဆက်လုပ်ရမှန်း မသိ။ အတန်းပိုင်ဆရာမနှင့် သွားတိုင်ပင်တော့ ...

"တီချာလည်း မပြောတတ်ဘူး၊ မြန်မာစာဌာနမှာတော့ သူငယ်ချင်း ကျူတာတစ်ယောက် ရှိတယ်၊ သူကစာပေးစာယူလည်း စာပြရတယ်ဆိုလားပဲ၊ သူ့သွားမေး"

ဟူ၍ ပြောလိုက်သောကြောင့် သွားမေးခဲ့ခြင်းပါ။

"တောင်ကြီး ပြန်ပြီး ဖြေချင်ဖြေ၊ မဖြေချင်ရင်တော့ တစ်နှစ်ကျလို့ သတ်မှတ်ခံရတယ်၊ နောက်နှစ် ရန်ကုန်မှာ ပြောင်းတင်ပေါ့တဲ့"

သြော် ... ငါနှယ်၊ ပညာပါရမီ နည်းလိုက်တာ၊ ဆယ်တန်းကို နှစ်ချင်းပေါက် အောင်ခဲ့ပါလျက်၊ ပညာသင်စရိတ်ဝေးလို့ ဝမ်းရေးတောင် အနိုင်နိုင်မို့ ကျောင်းဆက်မတက် ဖြစ်ခဲ့ပါ။

ခုပုံဆိုလျှင်ဖြင့် ဘွဲ့လေးတစ်ခုရဖို့အတွက် တစ်နှစ်ထပ်ပုပ်ရပြန်ပြီ။ ဘွဲ့ရဖို့သာ စိတ်ကူးနေသည်။ ငွေသုံးထောင်ကငါးရာကျော် ချောသွားခဲ့ပြီ။ ဒီပိုက်ဆံကုန်လျှင် ဘာလုပ်ရမလဲ။

ကိုကို့ အကြောင်းနှင့် ပတ်သက်လို့ကတော့ မေ့ထားတာ အကောင်းဆုံးပါပဲလေ။

"ရှင်မင်း"

မမမျိုးက အခန်းထဲ ဝင်လာသည်။

"ဘယ်သွားမလို့လဲ"

"မမသီရိတို့ဆီ သွားမလားလို့၊ အလုပ်ပြန်ပေးနိုင်မလား မေးမလို့ပါ"



"ဟေး ... ဟေး ... ကိုယ်ပိုင်ကား နောက်ဆုံးပေါ်စီးပြီး အကူဈေးသည် လုပ်မလို့ပေါ့လေ"

မမမျိုးက ရယ်၏။

"သြော် ... မမမျိုးရယ်၊ အလုပ်မရှိရင် ဘာနဲ့စားမလဲ"

"ပိုက်ဆံလေး ဘာလေး မရခဲ့ဘူးလား၊ အမွေတွေ ရမယ်ဆို"

"ကားတစ်စီးနဲ့ ငွေသုံးထောင်ပဲ ယူခဲ့ပါတယ်"

"လက်ဝတ်လက်စားကော"

"ဟင့်အင်း"

မီးခံသေတ္တာထဲမှ ငွေသားသေတ္တာလေးထဲတွင် ဖျစ်ဖျပ်ခါနေသည့် စိန်ထည်များကို မြင်ယောင်၏။

"နားပေါက် ဖောက်ပါလားကွယ်၊ ကိုကို့အချစ်က စိန်နားကပ်လေးနဲ့ဆို သိပ်လိုက်မယ်"

အို ... ဒီအသံတွေ ပြန်မကြားမိတဲ့ကိုယ် ဖြစ်ပါရစေ။

"သွားတော့မယ် မမမျိုး"

"အေး ... အေး"

စကားကို အမြန်ဆုံးဖြတ်ကာ ဆင်းလာခဲ့သည်။ အောက်ထပ်ဧည့်ခန်းသို့ အရောက်မှာ ...

"ဟင် ... ကိုဇော်ပြေအေးပါလား"

အဆောင်နေ မိန်းကလေးတစ်ဦးကို ခန့်ညား ပြန်ရောက်ပြီလားလို့ မေးနေသည်။

"မရှိပါဘူး"

"မဖြူဖြူနဲ့ရော"

www.burmeseclassic.com

www.burmeseclassic.com



"သူလည်း မရှိပါဘူး"

"ဒုက္ခပဲ"

ဇော်ပြေအေး ခေါင်းကုတ်နေသည်။

"ခန့်ညားတို့ ဖြူဖြူနွဲ့တို့က ဒီအဆောင်မှာပဲ နေတာခင်ဗျ၊ ဟိုတစ်ခါ လာမေးတုန်းက ခရီးထွက်သွားကြတယ်ဆိုလို့ အဲဒါ ပြန်ရောက်ပြီလား သိချင်လို့ပါ၊ ပြန်မရောက်သေးတာလား၊ ပြောင်းသွားကြတာလား"

"ကျွန်မတို့ တစ်ဆောင်လုံးမှာ အဲဒီနာမည်မျိုး ဆင်တူတောင် မရှိပါဘူးရှင်၊ ဟိုတုန်းက နေသွားသလားတော့ မပြောတတ်ဘူး"

"အဲဒါ ပြဿနာပဲ၊ ဘယ်လိုက်ရှာရပါ့"

ဇော်ပြေအေးက ရှုံ့မဲ့ကာ ညည်းညူ၏။

"ဟို ... ဟို မမကို မေးပါလား၊ သူက အလျင်ကလည်း ဒီမှာ နေသွားဖူးတယ်တဲ့"

မိန်းကလေးက ပြောတော့ ဇော်ပြေအေး ရှင်မင်းထွန်းကို လှမ်းကြည့်၏။ တွေ့ဖူးပါတယ် ထင်မိသည်။ ဟုတ်ပြီ ... သူက ဖြူနွဲ့တို့ ရှိတုန်းက နေခဲ့သူ ဖြစ်ရမည်။

"ခန့်ညားတို့ ဖြူဖြူနွဲ့တို့နဲ့ တွေ့ချင်လို့ဗျာ၊ ဒီမှာ မနေတော့ဘူး ထင်ပါရဲ့၊ လိပ်စာလေးများသိရင် တဆိတ်ကျေးဇူးပြုပြီး ညွှန်ပေးပါ"

"ဘာကိစ္စရှိလို့ပါလဲ"

ဇော်ပြေအေး မမှတ်မိကြောင်း သေချာ၏။



"တွေ့ချင်လို့ပါဗျာ၊ ကိစ္စက နည်းနည်းအရေးကြီးလို့ ပြောစရာရှိတယ်"

"ခန့်ညားကိုလား ဖြူနွဲ့ကိုလား"

"အဓိက,ကတော့ မဖြူဖြူနွဲ့ပဲ၊ ဒါပေမဲ့ ခန့်ညားပါ ပါမှ ကိစ္စပြီးမယ် ထင်တယ်၊ သူတို့နှစ်ယောက်က တစ်ယောက် ဆန္ဒပါမှ နောက်တစ်ယောက်က လုပ်တယ်ဆိုလို့"

"ခန့်ညား တစ်ယောက်တည်းနဲ့ တွေ့ရင်ကော ဖြစ်မလား"

"ဖြစ်တယ်၊ သူကပဲ ဖြူနွဲ့ကို စောင့်ရှောက်ထားတယ်လို့ သိရတာပဲ"

"ဒါဖြင့် ရှင့်ကိစ္စကို ပြောတော့"

"ဗျာ ... ခင်ဗျားကိုလား"

"ဟုတ်တယ်"

"ခန့်ညားနဲ့ တွေ့ချင်တာ"

"ကျွန်မ ခန့်ညားပဲ ကိုဇော်ပြေအေး"

"ဟာ ... ဟာဗျာ ... ဟုတ်ပါရဲ့၊ အင်း ... အစစ်သေး မမှတ်မိဘူးဗျာ ... ဟား ဟား ဟား ဟား"

ဇော်ပြေအေး လှိုက်လှဲစွာ ရယ်သည်။

"ထိုင်ဦးလေ"

ခုမှ ကုလားထိုင်များတွင် ဝင်ထိုင်ဖြစ်၏။

"ခင်ဗျား ... ဗျာ ... တကယ်ပဲ"

"ထားပါလေ၊ ကိစ္စသာ ပြောပါ"

"လေယူလေသိမ်းနဲ့ မာကျောကျောပုံကတော့ မပြောင်းလဲ သေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာရှိတာသာ ပြောပါလေ"

"ဟန်မော့်ဆီက စာလာတယ်ဗျ"

"ဘာတဲ့လဲ"

"သူ ပြန်ရောက်တော့မယ်"

"ဒီတော့ ... ဘယ်လိုထူးခြားမှု ရှိမလဲ"

"မဖြူဖြူနွဲ့ဆီ လာမှာပေါ့၊ နေပါဦး၊ ကလေးက ဘာလေးလဲ"

"ယောက်ျားလေး"

"သူသိရင် ဝမ်းသာရှာမယ်ဗျာ၊ သူ ပြန်လာတော့မယ်၊ မဖြူဖြူနွဲ့ဆီကိုပဲ လာခဲ့မယ်တဲ့၊ ဟိုအမျိုးသမီးဆီ မသွားဘူးတဲ့"

"ခွင့်ပြုဦးမှာကိုး၊ ဟိုကလည်း တရားဝင် လက်ထပ်ထားတာပဲ၊ ကလေးတွေ ဘာတွေတောင်"

"ရှိတယ်ဗျ၊ သမီးလေး"

"ဖြူနွဲ့က အပြိုင်မနေနိုင်ဘူး"

"ဟိုအမျိုးသမီးကို ကွာမယ်တဲ့၊ ပြီးတော့ ... အဲ၊ ကလေးက သူ့ကလေး မဟုတ်ပါဘူး၊ ကျေးဇူးဆပ်တဲ့အနေနဲ့ လက်ထပ်ပေးခဲ့ရတယ်၊ သူ့လခတွေလည်း တရားဝင်ဇနီးအဖြစ် တစ်နှစ်ကျော် အပ်ခဲ့ပြီးပြီလေ၊ ပြန်လာရင် ကား ပါလာမယ်၊ ဗီဒီယို၊ တီဗီလည်း ပါဦးမယ်၊ အဲဒါတွေက မဖြူဖြူနွဲ့ အတွက်တဲ့"

ဇော်ပြေအေးက ဝမ်းသာအားရ ရှင်းပြသည်။

"ကိုဇော်ပြေအေးက သိလှချည်လား"



"သူ့ဆီ စာလှမ်းရေးပြီး မခန့်ညားတို့ အကြောင်း ပြောပြတယ်လေဗျာ၊ စာချင်းက အဆက်အသွယ်ရှိတယ်"

"မခန့်ညား"ဆိုသည့် အမည်ကြောင့် ရှင်မင်းထွန်း မျက်နှာလေး မဲ့သွားမိ၏။

"ဟိုအမျိုးသမီးကကော ကွာပေးမှာလား"

"ကွာပေးမယ်၊ သူကလည်း ဟန်မော့်လောက်ကောင်နဲ့ တစ်သက်လုံး မနေနိုင်ဘူးတဲ့"

"ကလေးကကော"

"သူ့ကလေး သူ့ဘာသာ ယူသွားမှာပေါ့၊ ဘာလဲ မခန့်ညားက သားနဲ့သမီးဆိုတော့ ပေးစားမယ်၊ စိတ်ကူးသလား ဟား ဟား"

ဇော်ပြေအေး ပျော်နေပုံရသည်။ သူငယ်ချင်းကိစ္စ အစစ ပြေလည်တော့မည် မဟုတ်လား။ ရှင်မင်းထွန်းမှာတော့ မခန့်ညား တစ်ခွန်းခေါ်တိုင်း တစ်ခါမဲ့ ဖြစ်၏။ ဖြူနွဲ့အတွက် တော့ စိတ်ချမ်းသာလိုက်မိပါသည်။

"မဖြူဖြူနွဲ့က စိတ်တွေ ဘာတွေ ဆိုးနေဦးမှာလား"

"မပြောတတ်ဘူး၊ ဒါပေမဲ့ သူက သိပ်ခေါင်းမမာတတ် နောက်ပြီး ... အမြဲသတိရပြီး ချစ်နေတဲ့သူပဲ၊ ပြေလည်

"ဝမ်းသာတယ်ဗျာ ... တကယ်ပဲ"

ပြေလည်မှာပါ။ ရာနှုန်းပြည့်နီးပါးလောက်

ဖြူနွဲ့က စိတ်နာနေသူမှ မဟုတ်ပဲ။ အပြိုင်မနေနိုင်

ပြောခဲ့သည်။ တစ်သက်လုံး ဝေးကြပြီဟု မဆိုခဲ့ပါ။

ရှင်မင်းကတော့ ခေါင်းမာပါတယ် ကိုကို၊ အမြဲသ

www.burmeseclassic.com

www.burmeseclassic.com



တာချင်းကျတော့ သွားတူပေမဲ့ ရင်ထဲမှာ မွန်းသိပ် ကျင်နေအောင် နာမိတယ် ကိုကိုရယ်။

ရှင်မင်းထွန်း ငေးငေးကလေး ဖြစ်သွားရပါသည်။

"ဖြူဖြူနွဲ့က ဘယ်မှာလဲ"

"မိဘရပ်ထံကို မျက်နှာငယ်စွာ ပြန်ပါသွားရတာပေါ့၊ ကျွန်မ လှမ်းစာရေးပေးမယ်၊ ကိုဟန်မော် ဘယ်တော့ရောက်မှာလဲ"

"ကျွန်မ"ဆိုသည့် အသုံးအနှုန်းကြောင့် ဇော်ပြေအေး ရယ်ချင်မိ၏။ စင်စစ် ... ရယ်စရာတော့လည်း မဟုတ်ပါ။ အခု အဝတ်အစားနှင့်ဆိုလျှင် လိုက်ဖက်သည့် အသုံးအနှုန်းပါပဲ။

မိန်းမအဝတ်အစားများကို အချိုးကျစွာ ဆင်ယင်၍ အလှကလေးတွေ ပြင်ထားသည့် မျက်နှာကိုကြည့်ကာ ယခင်ပုံစံကြီးကိုပဲ မြင်ယောင်သည်မို့ အလိုလိုနေရင်း ရယ်ချင်နေခြင်း ဖြစ်ပါ၏။

"ရှေ့အပတ်ထဲမှာ သောကြာနေ့၊ စာရေးလို့ မီပါဦးမလား၊ လိုက်ခေါ်မှ ထင်တယ်"

"မိန်းမသားတစ်ယောက်ကို ဒီလောက်ထိ လျှော့မတွက်ပါနဲ့ ကိုဇော်ပြေအေး"

"ဟာဗျာ ... ကျွန်တော် ဘာပြောမိလို့လဲ"

"အကျိုးအကြောင်း စာလှမ်းရေးပေးထားမယ်၊ ကိုဟန်မော် ပြန်ရောက်မှ သွားခေါ်ပေါ့။ သူ့ကို လေဆိပ်မှာ သားချီပြီး ဆီးကြိုရဖို့ကတော့ ဖြူနွဲ့ဘက်က အညှဲခံလွန်းရာ ရောက်မယ်။ ကိုဟန်မော့် အစီအစဉ်က ဖြစ်ချင်မှလည်း ဖြစ်လာဦးမှာ၊ ဘုမသိ ဘမသိ အဖြစ်နဲ့ ငမ်းငမ်းတက်လာအောင် နေလို့ ဖြစ်မလား၊ သူ့မိဘတွေကကော လွှတ်မလား၊ တစ်ခါမှားခဲ့ပြီးပြီ"



"ဟုတ်သားပဲ၊ ကျွန်တော် မတွေးမိလိုက်လို့ပါ၊ ဟုတ်တာပေါ့၊ မခန့်ညား ပြောတာ မှန်တယ်"

ဒီလူ လွန်ပြီ။ မခန့်ညား ခေါ်တာ သုံးကြိမ်ရှိပြီ။ စိတ်ဆိုးပစ်ရအောင် နာမည်ရင်းကိုမှ မသိပဲလေ။

"ကျွန်မနာမည် ရှင်မင်းထွန်း"

"ဟာ ... ဆန်းလည်းဆန်း၊ လှလည်းလှတယ်ဗျ။ ပြောင်းလိုက်ပြီ၊ ဟုတ်လား"

"အမေ မွေးကတည်းက နာမည်ပဲ"

"ဒါနဲ့များဗျာ၊ မထော်မနန်းတွေ ခန့်ညားတဲ့"

"ခန့်ညား ဆိုတဲ့ နာမည်က မထော်မနန်းလား"

"သူ့ဟာနဲ့သူတော့ ကောင်းမှာပေါ့၊ ခင်ဗျားနဲ့တော့ ဘယ်လိုက်ပါ့မလဲ"

"ဒါဆိုလည်း ရှင်မင်းထွန်းပဲ ခေါ်ပါ"

"ကောင်းပါပြီ၊ ရှင်မင်းထွန်းက အပြင်သွားမလို့နဲ့တူတယ်၊ ကျွန်တော်လည်း ပြန်ပါဦးမယ်"

"ဟုတ်ကဲ့၊ ကျွန်မ ဖြူနွဲ့ဆီ စာရေးထားလိုက်မယ်၊ စိတ်ချသွားပါ၊ သူတို့ချင်း ပြေလည်စေချင်တယ်"

"ကျေးဇူးပဲ၊ ဟန်မော့် ကိုယ်စား ကြိုပြောထားတာ"

ဇော်ပြေအေး ထရပ်ကာ ပြန်ရန်ပြင်၏။ ရှင်မင်းထွန်းလည်း ဗိုလ်ချုပ်ဈေးသို့ သွားမည်မို့ မတ်တတ်ထရပ်ခိုက် ...။

www.burmeseclassic.com

www.burmeseclassic.com



*ဟင် ... ဟိုမှာလာနေတာ ကိုကို၊ လာပြန်ပြီလား* ကိုကိုရယ်၊ ရှင်မင်းကို ဒီလောက်နှိပ်စက်ချင်တယ်နော်၊ ရှင်မင်းလေ သားအမီ သားအဖတွေ ဥမကွဲသိုက်မပျက် နေစေချင်သူပါရှင်၊ ဖြူနဲ့တို့မိသားစု ပြန်ဆုံဖို့လည်း ရှင်မင်း ကြိုးစားဦးမှာ၊ ကိုကိုလည်း ကိုကို့ဇနီးနဲ့ သားနဲ့ ပျော်ပျော်ကြီး နေပါတော့။

သည်စကားတွေကို ကိုကိုနှင့် မျက်နှာချင်းဆိုင်ကာ ပြောပြချင်မိ၏။ သို့ပေမဲ့ ... မဝံ့ရဲပါ။ ကိုကို့ အကြည့်တွင် အရည်ပျော်မှာ ကြောက်မိ၏။ မဖြစ်နိုင်ကြတော့ပါဘူး ကိုကိုရယ်။

ရဲသွေးနောင်က အိမ်ဝသို့ပင် ရောက်လာပြီ။ ဇော်ပြေအေးလည်း ပြန်ရန်အလှည့် ရဲသွေးနောင်က ယှဉ်ရပ်သလို ဖြစ်နေသော ဇော်ပြေအေးနှင့် ရှင်မင်းထွန်းတို့ကို စူးစူးရဲရဲ လှမ်းကြည့်သည်။

"ကိုဇော်ပြေအေး"

ရှင်မင်းထွန်း တိုးတိုးလေး ခေါ်၏။ ဇော်ပြေအေးက လှည့်ကြည့်သည်။

"ကျွန်မကို တစ်ခုကူညီပါရှင်"

"ဘာလုပ်ပေးရမလဲ"

ရှင်မင်းထွန်းက လေသံနှိမ့်ထား ဇော်ပြေအေးကလည်း သိတတ်စွာ တိုးတိုးပဲ ပြောသည်။

"ဘာမှ လုပ်ပေးစရာ မလိုပါဘူး၊ ကျွန်မ တစ်ခုခုလုပ်ရင် တစ်ခုခုပြောရင်၊ ရှင်က ဘာမှပြန်မပြောပဲ နေပေးဖို့ပါပဲ၊ အခုလောလောဆယ် ခဏ ... ခဏလေးပါ"



ပြောပြောဆိုဆို တံခါးဝသို့ မသိမသာ မေးငေါ့ပြသည်။ သေစေတတ်သည့် အဆိပ်ငွေ့မျိုးကို ထုတ်လွှတ်တော့မလောက် စူးဝါးစွာ ကြည့်နေသည့် ရဲသွေးနောင်၏ မျက်ဝန်းများနှင့် တန်းခနဲ တိုးသည်။

ခေတ်လူငယ်ပဲလေ၊ မရေလည်ပေမဲ့ ခြိုင့်၍ သဘောပေါက်သွားသည်။ ရှင်မင်းထွန်းကို လိုက်နေသည့်လူ၊ ရှင်မင်းထွန်းက မကြည်။

"အိုကေ ... ရတယ်"

ရှင်မင်းထွန်း ဇော်ပြေအေး လက်မောင်းကို လှမ်းဆွဲသည်။ ကိုယ်ကိုပါယိမ်းနွဲ့၍ ထိလုနီးပါး နွဲ့ပစ်သည်။ ပြီးတော့ အချိုသာဆုံးပြုံးကာ ဇော်ပြေအေးကို မော့ကြည့်နေတော့သည်။ ရဲသွေးနောင်က ချောက်ချားစွာ ရပ်နေဆဲ။

"ခင်ဗျား ပြုံးမဲ့သာ ပြုံးတာ၊ မျက်ရည်တွေ ဝဲလို့ပါလား"

အပြုံးနှင့် ငိုနေသည့် မိန်းကလေးတစ်ယောက်ကို ဇော်ပြေအေး သနားသွားမိတော့သည်။ ဩော် ... ဖြစ်ရပ်က ငါထင်ထားတာထက်တော့ ပိုပြီးလေးနက်မယ်။

ရှင်မင်းထွန်း ရင်ထဲမှာ ဆို့လှိုက်လာသည်။ ငိုချင်စိတ်ကို အနိုင်နိုင်ထိန်းရင်း ကြိုးစားပမ်းစား ပြုံးနေမိသည်။ လှိုက်ခုန်သည့်ရင်ကို ထိန်းဖို့ မကြိုးစားလိုတော့ပါ။ ကြေကွဲဆို့နင့်ခြင်းတို့သည် ရင်နှင့်အမျှ သည်းထန်ကြပါ၏။

"သွားမယ်လေ မောင်"

"ဗုဒ္ဓေါ" ဇော်ပြေအေး ခမျာ ကြိုးဆွဲရုပ်သေး တစ်ရုပ်နှယ် ဆတ်တောက် ဆတ်တောက် ပါလာ၏။ ဤသို့နှင့်

www.burmeseclassic.com

www.burmeseclassic.com



တံခါးဝသို့ ရောက်သည်။ ဖိနပ်စီးကြစဉ် သုံးယောက်သား နီးကပ်စွာ တည်ရှိခိုက်မှာ ...

"လက်ထပ်တာဖြင့် တစ်လတောင် မပြည့်သေးဘူး၊ သူ့အဆောင်က ကောင်မလေးတွေကို ငန်းနေလိုက်တာ၊ ဒါပဲနော် မောင်၊ နောက်တစ်ခါဆို ရှင်မင်း လူလယ်ကောင်မှာ အော်ငိုမှာပဲ သိလား"

ငိုမဲ့မဲ့ ပုံစံလေးနှင့် မူနွဲ့၍ ပြောတော့သည်။ ငိုမဲ့မဲ့ မျက်နှာလေးက ချစ်ခင်ပွန်းအတွက် တကယ်ဝမ်းနည်းသည့် ပုံစံမျိုး ဖြစ်သွားရ၏။ စင်စစ် ... တမင်တကာ ဖန်တီးယူရသည့် မျက်နှာထား မဟုတ်ပါ။ ရှင်မင်းထွန်း တကယ်ငိုချင်နေပါသည်။ ကြိုးသိုင်းချာမြင့်ဖိနပ်ကလေးကို ငုံ့၍စွပ်နေသည့် ရှင်မင်းထွန်းကို ဇော်ပြေအေး ဘာပြန်ပြောရမှန်း မသိ။ အူကြောင်ကြောင် နိုင်လိုက်ပါဘိခြင်း။ ဟိုလူကလည်း စစ်ကြော့ြဉသည့် မျက်နှာပေးနှင့်။

"ရှင်မင်းက မောင့်ကို သားလေးမွေးပေးမှာပါ မောင်ရယ်၊ ရှင်မင်း စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့နော်"

ဇော်ပြေအေး ယောင်ရမ်း၍ ခေါင်းညိတ်သည်။ မျက်ရည်စတို့ ကျလုနီးပါး ဖြစ်နေသည့် ရှင်မင်းထွန်းကို အားပေးသည့်အနေဖြင့် သနားလွန်းစွာ ပြုံးမိသေးသည်။

ဖိနပ်စီးရသည်ကိုပင် ရှင်မင်းထွန်း အဆင်ပြေပြေ မစီးနိုင်ရှာ။ ဒူးတွေက ညွတ်ခွေကျချင်ပြီး လက်ချောင်းကလေးများ တုန်ယင်နေသည်။ ကိုကို့ရှေ့မှာ ကြေကွဲဖွယ် အကောင်းဆုံးနှင့် အရက်စက်ဆုံး စကားတွေကို ဆိုနေရသည်လေ။



ကိုကို ရင်ကွဲပက်လက် ဖြစ်ရှာပါလိမ့်မည်။ ရှင်မင်း ရင်ထဲမှာလည်း မရှိပါဘူး ကိုကို။ ဖိနပ်စီးပြီး ကိုယ်ကိုအလှည့် ...

"အမေ့"

မခိုင်သည့်ဒူးက ညွတ်အကျ အနားတွင်ရှိသည့် ဇော်ပြေအေးကိုပဲ လှမ်းဆွဲမိသည်။ ဇော်ပြေအေးကလည်း လဲကျပြိုဟှသည့် အသိဖြင့် ကျုံးပွေ့လိုက်မိ၏။

"ဘယ် ... ဘယ်နား နာသွားသေးလဲ"

ခွေခွေလေး ဖြစ်နေသည့် ရှင်မင်းထွန်းကို ပွေ့လျက်သားက ဆက်ပွေ့ထားရမလား၊ လွှတ်ချလိုက်ရမလား၊ မဝေခွဲနိုင်အောင် ဖြစ်မိရသည်။

"ကောင်းသွားပါပြီ မောင်၊ ခြေလိမ်သွားလို့ ဒူးက ခွင်ကျသွားတာ"

ဇော်ပြေအေးကိုပင် မှီတွဲကာ လျှောက်လှမ်းလိုက်သည်။ ညှော်ခန်းထဲတွင် မည်သူမျှ ရှိမနေ၍သာ တော်တော့သည်။ ဇော်ပြေအေး စောစောက မေးနေသည့် မိန်းကလေးကလည်း အခန်းထဲ ဝင်သွားပြီး ဖြစ်နေသည်။ သို့မဟုတ်လျှင် ရှင်မင်းထွန်းသည်အဆောင်မှာ ဆက်နေလို့ ဖြစ်မှဖြစ်ပါ့မလား မသိ။

"ရှင်မင်း"

ဒေါသသံကြီး ဟိန်းထွက်လာ၏။ ရှင်မင်းဟု ခေါ်သံထွက်လာပေမဲ့ လှည့်ကြည့်သူက ဇော်ပြေအေး။

"ရှင်မင်းလို့ ခေါ်နေတယ်"

မာထန်သော ဝါကျတို့ နောက်ဆက်တွဲ ထွက်လာပြန်သည်။ ရှင်မင်းထွန်း လှည့်မကြည့်ပဲ လျှောက်နေ၏။ ဇော်ပြေအေး

www.burmeseclassic.com

www.burmeseclassic.com



က ယောင်ယမ်းကာ ရပ်နေသည်။ ဘာလုပ်ရမှန်း မသိ။ တွဲခေါ်သွားရမလား၊ ရပ်နေရမလား။ ရဲသွေးနောင်ကို ကြည့်ရာမှ ရှင်မင်းထွန်းကို ငုံ့ကြည့်ပြန်သည်။ ရဲသွေးနောင့် ရှေ့တစ်လှမ်းတိုးကာ ရှင်မင်းထွန်းနှင့် မျက်နှာချင်းဆိုင်ရပ်သည်။

ရှင်မင်းထွန်း ခေါင်းကို ငုံ့ချလိုက်တော့ အောက်ခံသမိတလင်းပေါ်သို့ မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက် စီးကျကုန်တော့သည်။

"လူတစ်ယောက် အသက်ကို သတ်ပြီးမှ မင်းကို ခေါ်လို့ရမယ် ဆိုရင်လည်း ဒီအချိန်မှာ ဝန်မလေးဘူး သိလား"

ပြတ်သားမာကျောစွာ ပြောဏ်။ ရဲသွေးနောင် မေးရိုးကြီးများ တင်းနေသည်။ ဇော်ပြေအေးက ရဲသွေးနောင်ကို အရမ်းမလုပ်နဲ့ဟု တားချင်ပုံဖြင့်ကြည့်၏။ ရဲသွေးနောင်က ဇော်ပြေအေးကို အမှန့်ကြိတ်ပစ်တော့မလောက် ခက်ထန်စွာ ပြန်ကြည့်သည်။

"ဒီမှာ ခင်ဗျား ဘယ်သူဘယ်ဝါပဲဖြစ်ဖြစ် ရှင်မင်းနဲ့ ဘယ်လိုပဲပတ်သက် ပတ်သက်၊ လောလောဆယ် ရှင်မင်းကို ကျုပ်ခေါ်သွားမယ်"

အံကြိတ်၍ ပြောဏ်။

"ကာယကံရှင်ရဲ့ ဆန္ဒကို မေးဦးလေ"

သည်ဝါကျတစ်ကြောင်းကို ထိန်းထိန်းသိမ်းသိမ်း ပြောခြင်းပါ။ ရှင်မင်းထွန်း ဆန္ဒမရှိပဲ အကြမ်းဖက်လာလျှင်တော့ အားနွဲ့သူ မိန်းကလေးဘက်မှ ကူညီသင့်သည် မဟုတ်လား။



"သူ့ဆန္ဒ ဘယ်လိုရှိရှိ၊ ကျုပ်ပြောချင်တာကို ပြောရမယ်၊ အဲဒီလိုပြောဖို့ ခေါ်သွားမှာ၊ မှဲ့တစ်ပေါက် မစွန်းစေရပဲ ခင်ဗျားဆီ ပြန်ပို့မယ်"

ဤနေရာတွင် ဇော်ပြေအေးသာ ရှင်မင်းထွန်း၏ ချစ်သူ၊ သို့မဟုတ် ခင်ပွန်းဆိုလျှင် ပွဲကြီးပွဲကောင်းပေပဲ။ ချစ်သူမဟုတ်ပေမဲ့ တစ်ဖက်သားက ခက်ထန်လွန်းတော့လည်း ဇော်ပြေအေး မခံချင် ဖြစ်မိသည်။ သူပြောပုံက ဇော်ကားမော်ကားနိုင်၏။ ယောကျ်ားချင်းပဲ သူ့ မိုက်တော့ကော ကိုယ်က မမိုက်ရဲပဲ ရှိပါ့မလား။

"ဘယ်သူက ထည့်လိုက်မှာလဲ၊ ခင်ဗျား အရူးလား"

"ဟုတ်တယ် ... အရူး၊ မိန်းမတစ်ယောက်ကို ချစ်လွန်းလို့ ရူးနေရတဲ့ အရူး၊ ဒီအချိန်မှာ တရားလာမှောက်ဟောရင်လည်း အဆန်းမဟုတ်ဘူး၊ ရှင်မင်း ... လာခဲ့"

ဆောင့်ခနဲဆွဲရာတွင် ရှင်မင်းထွန်း ကော့ခနဲ ပါသွားရ၏။

"ဟေ့လူ ... ခင်ဗျား မတရားမလုပ်နဲ့"

ရဲသွေးနောင် လှည့်၍ပင် မကြည့်။

"သွား ... ကားပေါ်တက်"

ဖယ်မလီယာ တူးဒိုးနက်ပြာလေးက အဆင်သင့်။ ရှင်မင်းထွန်းကို တွန်းထိုးကာ ကားတံခါးဖွင့်၍ ထည့်လိုက်... ဇော်ပြေအေး ကားဆီသို့ ကမန်းကတန်း လိုက်လာသည်။

"ရှင်မင်းထွန်း"

စိတ်ပူစွာ ခေါ်မိ၏။ ကျွန်တော် ဘာလုပ်... ခင်ဗျား လိုက်သွားမှာလား၊ ဒီလူ့ဆီက သင်ပုတ်ပြီး ပြန်...

www.burmeseclassic.com

www.burmeseclassic.com



ပေးရမလား မေးချင်မိ၏။ မျက်လုံးနှင့်သာ မေးဖြစ်သည်။ ရဲသွေးနောင်က ကားခေါင်းပိုင်းမှ ကွေ့ပတ်ကာ တစ်ဖက်တံခါးကို ဖွင့်၍ စတီယာရင်နောက်မှာ ဝင်ထိုင်သည်။

"ရှင်မင်းထွန်း"

နောက်တစ်ခါ ထပ်ခေါ်တော့ ရှင်မင်းထွန်း မျက်ရည်ပြည့်သော မျက်နှာဖြင့် မော့ကြည့်သည်။

ရှင်မင်းထွန်း နှုတ်ဖျားမှ ဝါကျတစ်ကြောင်း ထွက်ကျ၏။

"သူ ... သူ ... သတ်ပစ်ရင်လည်း သေပစေတော့"

"ဪ"

ဇော်ပြေအား အောင့်သက်သက် ကျန်ခဲ့တော့သည်။ ကားက ဂူးခနဲ မောင်းထွက်ပါပြီ။

❀ ❀ ❀

အင်းလျားသည် လှပသာမောဖွယ် တည်ငြိမ်နေ၏။ တည်ငြိမ်သည့် ပန်းချီအလှကားချပ်တွင်းသို့ ဝုန်းဒိုင်းဆောင့်ကာ ဝင်လာသည့်ကားက ဖယ်မလီယာ တူးဒိုးနက်ပြာရောင်။ ကားပေါ်မှာ လူသားနှစ်ဦး၊ တစ်ဦးက အခက်ထန်ဆုံးသော မျက်နှာ၊ ပေါက်ကွဲလုလု မျက်ဝန်းများနှင့် ကျန်တစ်ဦးက သည်းထန်စွာ ငိုကြွေးလျက်။

"ယောက်ျားယူပစ်လိုက်ပြီ ဟုတ်လား"



အံကိုကြိတ်၍ မချိတင်ကဲ မေးပေမဲ့ ရှင်မင်းထွန်းကို လှည့်မကြည့်။

"ဟုတ်တယ်"

"ကောင်းတယ်၊ သိပ်ကောင်းတယ်"

ရဲသွေးနောင်၏ မျက်စိအစုံမှာ မီးဝင်းဝင်းတောက်နေသည်။

"မင်းက မလိုက်ခဲ့နဲ့ဆိုလို့ အဲဒီညက မလိုက်ဘူး၊ မင်းစကားကို အဓိပ္ပာယ်မရှိ နားထောင်မိတာလေ၊ နောက်တစ်နေ့မှာ သံတောင်ကို လိုက်သွားတယ် ...

"မင်း မရှိဘူး၊ ဒါနဲ့ ဖြူနွဲ့ရွာကို လိုက်ရပြန်တယ်၊ မတွေ့ဘူး ...

"ရန်ကုန်ရောက်လာတော့ မင်း ယူနီဗာစီလာမှာ မရှိတော့ပြန်ဘူး ...

"မိုလ်ချုပ်ဈေးဆိုင်ကို ရောက်တယ် ...

"မင်း ဆရာမအိမ်ကို ရောက်တယ် ...

"မင်းနေတဲ့ အဆောင်ကို ရောက်တယ်၊ ရွာရှုးထဲသွားတယ်ဆိုလို့ လိုက်လာတယ်၊ မင်း ရက်ရက်စက်စက်ပြောပြီး ချန်ခဲ့လို့ ကျန်ရစ်ခဲ့ရတယ်၊ မင်း မကြိုက်ရင် ဘာတစ်ခုမှ မလုပ်ဝံ့တဲ့ လူညံ့ ...

"မင်း အဆောင်ကို လိုက်တယ်၊ မင်း ပြန်မလာဘူး ...

"စိတ်ဆင်းရဲမှုကို မခံနိုင်လို့ အရက်ဆိုင်ထဲ ဝင်တယ်၊ မူးချင်တိုင်းမူးပြီး ကားမောင်းလို့ ငါ နှစ်ဆယ်လေးနာရီ အချုပ်ခံရတယ် ...

www.burmeseclassic.com

www.burmeseclassic.com



"တစ်ရက်ခြားပြီး မင်း အဆောင်ကို ထပ်လာတော့ မင်း မရှိတော့ဘူး၊ ပြောင်းသွားပြန်ပြီ ...

"ငါ ဘယ်လိုက်ရမလဲ၊ ခုနစ်ရက်လုံးလုံး ရန်ကုန် တစ်မြို့လုံး ရှာတယ် ...

"ဒီနေ့ ဣန္ဒနီလာကို ပြန်လာကြည့်တယ် ...

"မင်း ငါနဲ့ ရာဇူးမှာတွေ့ပြီးတဲ့နောက်ပိုင်း ကိုးရက် အတွင်းမှာ ယောကျ်ားယူပစ်တယ်၊ ရှင်မင်း ... မင်းဘယ် လိုမိန်းမလဲ"

ရှင်မင်းထွန်း ခေါင်းငုံ့ကာ တအားငိုတော့သည်။

"မင်း လုပ်ချင်တာကို လုပ်ပေမဲ့ ငါ့အကြောင်းကိုတော့ ငါ ပြောဖြစ်အောင် ပြောရမယ်၊ သူရိန်ဟာ ငါ့တူအရင်း၊ မင်းထင်သလို ငါနဲ့ ကေသီနဲ့ ရတဲ့သား မဟုတ်ဘူး"

"ရှင်"

ရှင်မင်းထွန်း ခေါင်းမော့လာသည်။ ရဲသွေးနောင် လှည့်မကြည့်ပါ။

"ငါတို့က မောင်နှမရှစ်ယောက်၊ အကြီးဆုံး အစ်ကိုက စန်းပြုး၊ သူ့ကြောင့် မိန်းကလေးတစ်ယောက် ပြဿနာ ဖြစ်တော့ ကေသီဆီကို သွားတယ် ...

"ဖျက်ခိုင်းတယ်၊ ကေသီက လုပ်မပေးဘူး၊ လက် ထပ်ဖို့ တိုက်တွန်းတယ် ...

"ငါ့အစ်ကိုက ငြင်းတယ်၊ မိန်းကလေးက သူ့အရှက် မကွဲရုံလေး ရုံးတက်လက်မှတ်ထိုးပေးဖို့ ကေသီ့ရှေ့မှာ ငိုငိုပြီး တောင်းပန်တယ် ...



"ယူရင်လည်း ကွဲမှာပဲလို့ ပြောတယ်၊ ဒီကိစ္စကို ကေသီက ငါ့ဆီဖုန်းဆက်တိုင်တယ် ...

"မေမေကြီးက ဘာပြဿနာတွေ ရှုပ်သလဲဆိုပြီး ဆူတယ် ...

"ငါနဲ့ကေသီနဲ့ မရှင်းမရှင်း အထင်ခံရတယ်၊ ငါ့ မှာက အစ်ကိုကြီးအကြောင်းလည်း ဖွင့်မပြောရဲဘူး ...

"ငါ့ကို နှင်ချမှာ ကြောက်လို့မဟုတ်ဘူး၊ ငါ့တစ်ဝမ်း တစ်ခါးက အကြောင်းမဟုတ်ဘူး ...

"မေမေကြီး စိတ်ဆိုးပြီး မိသားစုတစ်ခုလုံး မောင်း နှင်ထုတ်ရင် တစ်လှေကြီး ငတ်မှာစိုးလို့ ...

"ကေသီ့ကို ဖုန်းမဆက်နဲ့လို့ စာလှမ်းရေးတယ်၊ ကေသီက မင်းတွေ့ခဲ့တဲ့ စာကို ပြန်ရေးတယ် ...

"မင်း ငါသိစေချင်လို့ အဲဒီစာကို ငါ့ခေါင်းအုံးပေါ် တင်ပစ်ခဲ့တာ ...

"ငါ့အစ်ကိုက ရှောင်ထွက်သွားလိုက်တာ၊ ခုထက်ထိ ပြန်မပေါ်လာဘူး၊ သေသလား ရှင်သလားတောင် မသိရ ဘူး ...

"မိန်းကလေးမိဘတွေက မန္တလေးမှာ ကျောင်းဆရာ နဲ့ဆရာမ၊ ဘယ်လောက် အားနာမျက်နှာပူပြီး ရှက်ဖို့ကောင်း လိုက်သလဲ ...

"ကလေးကို အင်းဝမှာ သွားမွေးတယ်၊ မိန်းကလေး သူ့မိဘအိမ် ပြန်တယ် ...

www.burmeseclassic.com

www.burmeseclassic.com



"ကလေးကို နာမည်နဲ့ထားပြီး အဲဒီစရိုက် အကုန်လုံး ငါ တာဝန်ယူရတယ် ...

"ဒီကလေးကို ဘွားအေက တစ်ခါတစ်ခါ ကြည့်တယ်၊ သူ့အမေက ဝမ်းကကျွတ်ပြီးကတည်းက ပြန်မကြည့်ဘူး၊ ကလေးအဖေကို စိတ်နာလို့ ...

"မိန်းကလေးဘက်က ဘယ်နည်းနဲ့မှ ယူမမွေးဘူး၊ ငါတို့ကိုလည်း မေးခွင့်မပြုဘူး ...

"အဲဒီ မိန်းကလေးနဲ့ ငါ့အစ်ကို တွဲနေတာ မန္တလေး တစ်မြို့လုံး သိတယ် ...

"အစ်ကိုကြီးလည်းပျောက်၊ မိန်းကလေးလည်း ခဏပျောက်၊ မကြာခင် တစ်ဖက်ဘက်က ကလေးမွေးစားတယ် ဖြစ်လာရင် အကျိုးနဲ့ အကြောင်းနဲ့ ဆက်စပ်တွေးတတ်တဲ့ သူတိုင်း သိမှာပဲ ...

"သူတို့ အရှက်မရအောင် ခေါ်မွေးပါနဲ့ဆိုလို့ ညှာရတယ် ...

"အဲဒီမိန်းကလေးဟာ မေမေ့မြေးဦး၊ ငါ့တူ၊ ငါ့အစ်ကိုရဲ့ မိုက်လုံးကြီးမှုနဲ့ လူ့ပြည်ရောက်လာတဲ့ အပြစ်မဲ့သား

"ငါတို့သားအမိ ဒီကလေးအပေါ် သံယောဇဉ် ဘယ်လောက်ဖြစ်ရမလဲ၊ မင်း စဉ်းစားကြည့် ...

"ကေသီက သက်သက်မဲ့ စေတနာနဲ့ ခေါ်မွေးမှာ...

"သူ့မှာလည်း ယောက်ျားမရှိ၊ ကလေးမရှိ၊ သူ့ဘဝ အတွက် အဖော်လိုတယ် ...



"ဘာလို့ ချက်ချင်းခေါ်မမွေးသလဲဆိုတော့ သူလည်း တစ်ခုလပ် လူ့ပါးစပ်တွေက ပြောချင်ရာ ပြောကြဦးမယ် ...

"မင်းတောင် ထင်ချင်ရာထင်သေးတာပဲ ...

"အစက ဘာလို့မပြောခဲ့သလဲလို့ မင်း တွေးချင်တွေးမယ်၊ ဒါဟာ အပျော်တမ်း ပြောရမဲ့ ဒဏ္ဍာရီလား ...

"အိပ်ရာဝင်ပုံပြင်လို ပြောပြီး ချော့သိပ်လို့ကောင်းတဲ့ ဇာတ်လမ်းလည်း မဟုတ်ဘူး ...

"တမင်ဖုံးထားတာလည်း မဟုတ်ဘူး၊ မင်းရှေ့မှာ ဒီကိစ္စ ပြောကြတယ်၊ မင်းမေးသလောက် ဖြေခဲ့တယ် ...

"သူရိန်နဲ့ ငါ ဘာတော်သလဲလို့ မင်း ဘာဖြစ်လို့ ဖွင့်မမေးခဲ့သလဲ ...

"မင်း ဒီလောက် အတွေးတိမ်ပြီး ဦးနှောက်နုမယ် မထင်လို့ ငါကလည်း ချက်ချင်း ထမရှင်းဖြစ်ဘူး ...

"အဲဒါ အားလုံးအဖြစ်မှန်တွေပဲ၊ မင်း ယုံချင်ယုံ မယုံချင်နေ၊ ကဲ ... မင်းကို ဘယ်ပြန်ပို့ရမလဲ"

ရဲသွေးနောင်က တစ်ချက်ကလေးမျှ လှည့်မကြည့်ပဲ ပြောစရာများကို သံပြတ်နှင့် ဆက်တိုက်ကြီး ပြောချသွားသည်။ ရှင်မင်းထွန်းမှာသာ ငုံ့၍ ငုံ့၍ ရှိုက်နေရတော့သည်။

မှားပြီ ... ရှင်မင်းထွန်း မှားသွားပြီ ကိုကိုရယ်၊ ဆိုနှင့်လွန်းတော့လည်း စကားသံက ထွက်မလာပါ။

ရဲသွေးနောင် စက်နှိုးသည်။ ကားကို မောင်းမထွက်သေးပဲ ရှေ့တူရူသို့သာ ကြည့်မြဲ။ ရှင်မင်းထွန်း ကိုကို့ကို မော့အကြည့် ...

www.burmeseclassic.com



"ဟင်"

ကိုကို ... ကိုကိုလေ မျက်နှာပြင်တစ်ခုလုံး ရှပ်ပျက်ဆင်းပျက် တွတ်တွတ်ရဲကာ နှုတ်ခမ်းကိုတင်းတင်းစေ့လျက် အံကိုခဲထားလျက်က ကိုကို့ မျက်ဝန်းမှာ မျက်ရည်စတွေနဲ့ပါလားရှင်။ ပျော့ညံ့တဲ့ယောက်ျား ဖြစ်မှာစိုးလွန်းလို့ ဒီမျက်ရည်တွေ စီးကျမလာအောင် ဘယ်လောက်များ မချိတင်ကဲ ထိန်းထားရမလဲ ကိုကိုရယ် ...

"ကိုကို"

ကိုကို့ကို တအားကျုံးဖက်လိုက်မိတော့သည်။ ကိုကို့အသားစိုင်များက ပျော့ပျောင်းမနေပါ။ ကျောက်ဆောင်ကျောက်သားကြီးများနှယ် ခက်ထန်မာကျော၏။ မုန်းတီးခြင်းရဲ့ သင်္ကေတတွေလား ကိုကိုရယ်။

"ငါ့ကိုလွှတ်၊ ငါဟာ ကိုယ်ကျင့်တရားကို အင်မတန်စောင့်ထိန်းတာ မင်း သိတယ်၊ မင်း စိတ်ကောက်တဲ့အခါတွေမှာ မင်း အသားကို မထိပါနဲ့ဆိုရင်တောင် ငါ ထိခဲ့သလား"

"ကိုကိုရယ်"

"မင်းကို ဖွတ်ထိရင် မားပြတိုက်သလိုပဲဆို"

"ရှင် ... ရှင်မင်း မှားပါပြီ ကိုကိုရယ်"

"ငါ့ကိုလွှတ် ရှင်မင်းထွန်း"

"အို ... ကိုကို၊ ဘယ်လိုခေါ်လိုက်တာလဲ"

"လင်ရှိမိန်းမတစ်ယောက် ငါ့ကို လာဖက်ထားတာ ငါ့ရဲ့ ကိုယ်ကျင့်တရားကို ထိခိုက်တယ်၊ မင်း ... မင်း ... ငါ့ကို မားပြမတိုက်နဲ့"



"ကိုကိုရယ် ... ရက်စက်လိုက်တာရှင်။ ပြောရက်လိုက်တာ"

ရှင်မင်းထွန်း သူ့လက်များကို ပြေလျော့သည်။ ကားကူရှင်နောက်မှီကို အရိုးအကြောမဲ့နှယ် မှီတွယ်ကာ ရှိုက်ကြီးတငင် ငိုမိပါ၏။ ကိုကို လှည့်၍ပင် မကြည့်ပါ။

ပြောစရာတွေကများ။ ပြောချင်တဲ့ စကားတွေက လုံနေရတော့ လည်ချောင်းဝကနေ တက်မလာနိုင်ပါလား ကိုကိုရယ်။

"မင်း ထင်ရာလုပ်ပေမဲ့ မင်း ရသင့်ရထိုက်တာတွေအကုန် ခံစားခွင့်ရအောင် ငါ လုပ်ပေးမှာပါ"

"တော် ... တော်ပါတော့ ကိုကိုရယ်"

"မင်းကို ဘယ်ပြန်ပို့မရလဲ"

"ကိုကို ... ရှင်မင်းကို ချစ်သေးရင် ဒီပါချမ်းမြကိုပဲ ပြန်ခေါ်သွားပါတော့ရှင်"

"ဘာပြောတယ်"

"ရှင် ... ရှင်မင်း လက်မထပ်ရသေးပါဘူး ကိုကို"

"ဟာ် ... ရှင်မင်း"

ရဲသွေးနော်င် ချာခနဲလှည့်ကာ ကျုံးပွေ့လိုက်ပါတော့သည်။

"ကိုဇော်ပြေအေးက ရှင်မင်းရဲ့ မိတ်ဆွေပါ၊ သူ့ခမျာ မားစာခံ လုပ်ရရှာတာ"

"အို ... ဒါတွေ ရှင်းပြမနေနဲ့တော့၊ နောက်မှပြော၊ ရှင်မင်း တကယ် လက်မထပ်ရသေးဘူးနော်၊ တကယ်နော်"

www.burmeseclassic.com



ဖြေလျော့စွာ ဖက်မိလျှင်တောင် လွတ်ထွက်သွားမှာ စိုးမိသည့်နှယ်၊ ခွန်အားရှိသရွေ့ ကျုံးညှစ်ကာ ပါးချင်းအပ်ထားပါသည့် ကိုကို့ ရင်ခွင်အလယ်မှာ ရှင်မင်းထွန်း တစ်ကိုယ်လုံး မြုပ်နေရတော့သည်။

"ကိုကို့ကို သိပ်ချစ်၊ သိပ်လွမ်းနေလို့ နေ့တိုင်းငိုနေရတဲ့ ရှင်မင်းပါ ကိုကိုရယ်"

"ကိုကို ဝမ်းသာလိုက်တာ ရှင်မင်းရယ်၊ အောင်ပန်းကိုပဲ ပြန်မယ်၊ မခွဲနိုင်တော့ဘူး၊ တစ်ခါတည်း လက်ထပ်မယ်"

ယောကျ်ားတန်မဲ့ စို့ဝဲလာသည့် မျက်ရည်စများကို အံကြိတ်၍ ထိန်းထားရာမှ စိတ်ကိုလျှော့ချလိုက်ပါပြီမို့ မျက်ရည်များက ဖိတ်ကျကုန်တော့သည်။ ကိုကို့ပါးပြင်မှသည် ရှင်မင်း ပါးပြင်ဆီသို့ ...

ရှင်မင်း ပါးပြင်မှ မျက်ရည်များကလည်း ကိုကို့ ပါးပြင်သို့ ...

"သိပ်ချစ်တာပဲ ရှင်မင်းရယ်"

"ယုံပစ်လိုက်ပြီ ကိုကိုရေ"

**စာချစ်သူတိုင်းကို ချစ်တဲ့**

**နေနွယ်ဇော်မြင့်**

BURMESE CLASSIC .com

www.burmeseclassic.com